www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရတနာမဉ္ဇူဘုရားရုပ်ပွားတော်

[မင်းတဲရပ်၊ မန္တလေးမြို့]





နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏(၃၁)နှစ်ပြည့် ကုသိုလ်စေတနာ

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်









## သုရှစ်ချက် ဂါထာတော်

သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတော လောကနာယကော။
သုဂတော နာထော လောကေ၊ သုဂတော မာရဝိဇယော။
သုဂတော သုဂတံ ဌာနံ၊ သုဂတော သုန္ဒရံ ပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတော နာမ တေ နမော။

အနက်

**သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့၊ **ယာတိ၊** ကြွသွားတော်မူကုန်၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **လောကနာယကော၊** လောက၏ ရှေ့ဆောင်နာယက ဖြစ်တော်မူ၏။ **လောကေ၊** လောက၌။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နာထော၊** ကိုးကွယ်ရာဖြစ်တော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သုဂတော၊** မြတ်စွာဘုရားသည်။ **သုဂတံ၊** ကောင်းသောသူတို့၏ကြွသွားရာ ဖြစ်သော။ **ဌာနံ၊** နိဗ္ဗာန်အရပ်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **သုန္ဒရံပိစ၊** ကောင်းသောနိဗ္ဗာန်သို့လည်း။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတောနာမ၊** သုဂတမည်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

(၃၁)နှစ်ပြည့် အမှတ်တရ အထူးထုတ်

## နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း



ဥက္ကာသ ရောင်လုံချွန်
သွယ်သွယ်လျလျရှိသည်
စကျွန်ရွှေဖွင့်လျက် ပြုံးတော်မူဟန်မှာ...

● ၈၇–၁၀၈


စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
မွေ့ဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
✱ ဦးစံတင်
(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ မွေ့ာစရိယ)
✱ ဦးသန်းအောင်ရွှေ
[မွေ့ာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းဝိန်
B.A(Myanmar), H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S(Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကယား ဖြန့်ချိရေး
မီလျံနာစာပေ (တောင်ကြီး)၊
ဂဂ်ါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
☎-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၆၈၀၀၄၁၉၂။

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ


၂၀၁၇ ခုနှစ်၊ ဇူလိုင်လ
အမှတ် ၃၇၂
တန်ဖိုး – ၂၃၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်သုံးရာကျပ်]
အုပ်ရေ
၁၀၀၀
☎- ၀၉ ၇၇၆၃၄၉၇၈၅၊
၀၉ ၉၆၈၀၀၄၁၉၂။




www.burmeseclassic.com


www.burmeseclassic.com





စုဒ္ဒရှစ်ဖွားတော်၏ ဦးခေါင်းထက်၌ မိုးနေသော ငါးကြီး၏ ညာဘက်တွင် ကြာပွင့်ကြီးတစ်ခုကို…
စာ-၉၁

ထိုခဉ်ကြ (၆) လကြာ အုတ်ဂူသွင်းကာ ခြံစည်းရိုးခတ်၍ မှုန်ထားရှိပုံကို…
စာ-၇၅




## တွေ့ဆုံခြင်းရောင်ခြည်

တိမ်ခွာ ထိန်ဝါလင်းစေသူ [မိုးမြေသင်း] ၃၆
သံပတ်ဘုရားကိုယ်တော်နှင့် တွေ့ဆုံခြင်း [လွှယ်ကောင်းအောင်] ၁၆၉

## ပညာပေးရောင်ခြည်

တစ်နှစ်တာ စမ်းစာ,ဓာတ်စာ [မျိုးမြင့်ဆွေ-မျက်မှန်] ၁၅၁
အကျွတ်အလွတ်ပွဲအတွက် ဖိတ်ကြားနည်း [မနှင်းဆီ-ရေဆင်း၊ နေပြည်တော်] ၂၈၅

## လက္ခဏာရောင်ခြည်

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးများများ ရနိုင်သော လက္ခဏာ ၁၃
ရာထူးဩဇာ တိုးတက်မြင့်မားတတ်သော လက္ခဏာ ၁၆၇
လက္ခဏာပဟေဠိ အဖြေညှိကြစို့ [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၈၀
ငွေစာရင်းမှူးတစ်ဦး၏ လက္ခဏာ [သန်းပညာ] ၃၀၄

## လမ်းညွှန်ရောင်ခြည်

စစ်တောင်းရေအလျဉ် ဦးတင်ပူဖော်လာသည့် ရွှေဂူကုန်းတော် သာသနာ့မြေ(၁) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၉
ပုပ္ပါးတောင်မှ ပလ္လင်ကုန်းတော် ခုနစ်ဌာန ခရီးစဉ်(၁) [ဇင်ညိုငယ်] ၅၇
ဇင်းကျိုက်ဆံတော်ရှင် တောင်ခြေရင်းမှ သတ္တဌာနကုန်းတော်မြေ(၁) [ခရီးသည်သုတေသီ] ၈၁
စင်မြင့်ရွာ လေးကျွန်းမြင့်မိုရ်ဝိဇ္ဇာစိုရ်ဘုရား အနီးမှ ရောဂါမျိုးစုံ ပျောက်စေသော သိဒ္ဓိဝင် ကျောက်မြင်း ရှိရာသို့ [ဓာတ်ပုံတင်အောင်-ဆည်တော်ကြီး] ၂၄၁

## အထူးကဏ္ဍရောင်ခြည်

ဖဲ့ဖွယ်ထွင့်ခေါင် ဗောဓိတစ်ထောင် သဒ္ဓမ္မဇောတိကာဓဇ အရှင်ဝိမလ(ရေဆွမ်းဆရာတော်) [ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၅
ရှင်အရဟံ သမုတ်ခဲ့သော နေဝင်သိမ်နှင့် သီတင်းသုံးတော်မူခဲ့သော ဂူကြီး [ရေနံမြေ-လွှမ်းစု] ၃၃
မြဝတီမြို့မှ ကောင်းကျိုးနိမိတ် ဝေဆာစေသည့် မိကျောင်းကုန်း သာသနာ့မြေသို့(၂) [ထက်မင်းကျော်စွာ] ၄၉
သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ အလင်းရောင်ထွန်းပြောင်စေသော မိုးအိမ်ရှင် မဟာရင် ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်ကြီး(၃) [ခင်ခင်ဝင်း-မောရဝတီ] ၁၂၁
ပေါ်တော်မူ ဘုရားပုံသဏ္ဌာန်ပေါ်နေသော ထူးခြားသောသစ်ပင် [သက်ဦးမောင်-နမ့်စန်] ၁၄၅




www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်တွေ့ရောင်ခြည်


ကြီးပွားချမ်းသာလိုသလား ချမ်းသာကြီးကိုသွားနှင့်...
လွန်ခဲ့သော(၂၁)နှစ်ခန့်က အဝိုင်းမင်းကျောင်းမှ
ထူးခြားအံ့ဖွယ်ရာများ(၁) [(စာသင်)သန့်စင်] ၄၁
နေပြည်တော်မှ တောင်ညိုရွာကြီး
[အီကင်း ဦးမြမောင်-မန္တလေး] ၂၂၈
နတ်ငါး နိုးဖမ်းသူကို ရုက္ခစိုးနတ် သတိပေးသည့်
ကိုယ်တွေ့ဖြစ်ရပ်ဆန်း [မောင်ကံ-တံတားရွာ] ၂၅၄
ဘာဘပြောသော မြွေအလမ္ပာယ်ဆရာ
[စလင်း ဦးကျော်] ၂၆၂
မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ပွားခြင်းကြောင့်
အန္တရာယ်ကို ကြိုတင်သိမြင်နိုင်ခြင်း စွမ်းအား အစွမ်း
[စကြိုတောင်သူတော်-စဥ့်ကူးမြို့နယ်] ၂၆၅


## ကျင့်စဥ်ရောင်ခြည်



အရာရာအောင်မြင်စေမည့် မေတ္တာရေစင်
လုပ်ဆောင်နည်းကျင့်စဥ်
[ပိုရှယ်မေ-အင်ငါးခွ သကြားစက်] ၁၁၈
ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းတစ်နည်း
[ရွှေထွန်းဦး-ရေကြည်] ၁၈၅
ကိုးနဝင်းအဓိဋ္ဌာန် ပြီးပြည့်လျှံ (၄၅)ရက်
အဓိဋ္ဌာန် ပုတီးစိပ်နည်း [စရဏ ဦးအောင်] ၂၀၁


## အစီအရင်ရောင်ခြည်


ဏာဘရံ ဘေးမရှိ [ဦးစိန်-ခေတ္တ မြိတ်] ၂၁
အကြွေးပြန်ရစေသော ယတြာအစီအရင်
[ဂါမဏိဇော်-ဝိဇ္ဇာရေ စစ်ကိုင်း] ၄၅
ဂဝံမျက်နှာဖုံးအစီအရင် [သုတေသီတစ်ဦး] ၅၅
ဈေးရောင်းကောင်းလိုလျှင် စွန်ရုပ်ကိုဆင်
[ဆန်းထွန်းနိုင်-မြစ်သား] ၁၀၂
နို့ညှပ်ကို ကာကွယ်နည်း [ဦးတင်အေး-တိုင်းရင်းဆေး] ၁၈၁
မြင်သိခဲ့ရ၍ ယုံကြည်မိပါသည် [သားဖွားမန္တန်နှင့်
အစီအရင်] [နေမဝင်ကြယ်လေး-နတ်မောက်] ၂၇၀


## အဂ္ဂိရတ်ရောင်ခြည်


လူတိုင်းအတွက် သိဒ္ဓိဝင် ပြဒါးဘုရား
[ဆရာဦးကျော်လင်း-နေလဝိဇ္ဇာ] ၆၂
ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော(၃) [ဦးမနောမယ-ပြည်] ၁၉၉
ဥ-ဩ-သံ-ကြွတ် စီးပွားတက် [မောင်သုတ] ၂၀၇
တက်တတ်လျှင် အပေါ်ရောက်၏ [သောင်းမြင့်-သထုံ] ၂၁၅
သွပ်ဖမ်းဝိဇ္ဇာ အပိုင်း (၃) [ဦးမင်းဇင်-ရွှေနဝင်း] ၂၂၃

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်
နမ့်ဆွယ်ကျေးရွာ သစ်ပင်တစ်ပင်မှ
ဘုရားပုံတော်များ ပေါ်နေပုံမှာ... ➡ စာ-၁၄၉

အိမ်ရှေ့ဝင်းမြို့ပျက်
လက်ရှိအား ဒေါင်းသုံးဒေသကိုလားပြီး
အိမ်ခြံရာ ဟိုညာပျင်... ➡ စာ-၁၇၇





www.burmeseclassic.com

www.burmeseclassic.com





မိုးကုတ်ဆရာတော်ကြီး၏
ဝိပဿနာ အားထုတ်နည်းကို
တိုတိုကျဉ်းကျဉ်း မှတ်သားနာယူ၍... ◆ ၈၁-၁၁၃

ဟားဂမုန်းအပြဲအမ
ပိတ်လိုက်နေပါန် ဖြစ်ပါတယ်
ပါယသိဒ္ဓိအဆောင်အဖြစ်... ◆ ၈၁-၉၈





**✱ ဂါထာ၊မန္တန်ရောင်ခြည် ✱**

ခွေးဆိုးကို ယဉ်ကျေးအောင် ရွတ်ဆိုသောဂါထာ
*[မောင်လှကြိုင်-လက်ခုပ်ပင်ရွာ]* ၄၆
အစွမ်းထက်မြက် စိန္တာမဏိမန္တန်တော်ကြီး *[ဖိုလ်မင်း-မင်းလှ]* ၁၄၁
မြဲစေ,ရှည်စေ,တည်စေ ထူးမြတ်သည့် ဂါထာတွေ
*[အုံကြွယ်]* ၁၆၁
မျက်စိနာပျောက်ကင်းသည့် ရေမန်းမန္တန်
*[မောင်ဗဟိန်း-အင်းတော်]* ၂၂၄

**✱ ဆေးနည်းတိုရောင်ခြည် ✱**

သင်၏ ဒူးနာပျောက်လိုပါသလား *[ဝင်းထွန်းဦး-မကွေး]* ၁၀၃
သက်ကြီးရွယ်အိုများအတွက် အုန်းတစ်လုံးဆေး
*[အောင်ဇ-LL.B]* ၁၄၈
အရေပြားရောဂါအတွက် ကေရာဇ်မြစ်ခေါက်စားဆေး
*[ခင်ထွန်း]* ၂၂၂

**◆ ဆေးဗေဒရောင်ခြည် ◆**

သက်တမ်း(၂၀၀) သက်ရှည်ဆေးတော်ကြီး
*[သီတာဆန်း-မော်လမြိုင်]* ၂၃
ဒူးနာရောဂါ ကိုယ်တွေ့ပျောက် ဆေးနည်း
*[ဦးငွေအောင်မွန်]* ၁၉၀
ထူးဆန်းသောရသေ့ကြီး၏ အသီးသုံးမျိုး ဆေးတော်မြတ်
*[ရဲမျိုးသူ-ဖောဓိမြိုင်၊ တောင်ငူ]* ၁၉၃
မျက်မှန် အဆောင်လွှတ်စေသော ဆေးနည်း
*[ကြည်မြိုင်]* ၂၀၆

**✳ ဂမ္ဘီရဝတ္ထုရောင်ခြည် ✳**

လူလား မြွေလား နဂါးလား *[ကောင်းသုခ]* ၂၃၃
ထူးထူးဆန်းဆန်း သပိတ်ဆွမ်း
*[အောင်ချစ်ကြည်-ကြို့ပင်ကောက်]* ၂၄၉
ထူးဆန်းသော ဆေးဆရာနှင့် အဖြေမရှိသော ပုစ္ဆာ
*[အောင်ဆန်းလင်း-ဘီအေ]* ၂၁၇
ပြဒါးပြာ တစ်ကွမ်းစား *[ရောင်နီဦး]* ၂၆၈

**❁ စိတ်ရွှင်းအင်ရောင်ခြည် ❁**

ဗုဒ္ဓရှုပ ရှင်ရသေ့
*[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး]* ၂၉၇

**▲ ထူးခြားသစ်ဝင်ရောင်ခြည် ▲**

ကုမုဒြာကြာပင်နှင့် အပွင့်အစွမ်း *[ဆုရှင်မိုး]* ၁၇၂
ဂမ္ဘီရဆန်ပြီး စီးပွားလာဘ်ရှင် ဆေးဖက်ဝင်
ဂမုန်းကမြင်းပင် *[ဇော်ရဲနိုင်]* ၁၉၂
ခြံလုံဆေးဖက်ဝင်(ဘီလူးဂမုန်း)ခေါ်
မင်းသားလေးဂမုန်းပင် *[သန်းထွန်းသိန်း-ဘားအံ]* ၁၉၇



www.burmeseclassic.com

www.burmeseclassic.com



## ဗဟုသုတရောင်ခြည်


ပုဂံဘုရားများ အကြိမ်ကြိမ် ဖူးရလေအောင် [သံသရာစရီးသည်တစ်ဦး] ၁၄၃

မမြင်ဘူးသေးသူများ မြင်ဖူးစေချင်[သစ်ဖောက်နွယ်] [ဖိုးကုန်းဩဘမော်] ၁၄၇

အင်ကြင်းပင်သို့ အပြန်လမ်း [ဝမ်း-စက်မှုတက္ကသိုလ်] ၂၇၆


## ထူးခြားပစ္စည်းရောင်ခြည်


တစ်ခါက စိတ်ဝင်စားခဲ့ရသော အထူးအဆန်းများ [ဆရာစု] ၉၇

ကျွန်ုပ်၏ ထူးဆန်းသော ရှေးဟောင်းလက်စွပ် [ကိုသိန်းလွင်ဟိန်း-ပန်းသခင်၊ စဥ့်ကူး] ၁၇၇


## ကိုယ်ခံပညာရောင်ခြည်


သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏ ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၉) [ဆရာကြီးမင်းယက္ခ-တိုက်ပွဲဝင်] ၂၀၉


## ကုယုံးရောင်ခြည်


ဖက်ခိုင်၊ဖက်စောင်း မနိုပ်ကောင်း [အောင်ဇ-LL.B] ၂၁၃


## အမျိုးသမီးအထူးရောင်ခြည်


ကြက်သွန်ဖြူနီကြောင့် ခံတွင်းအနံ့ ဆိုးခဲ့သော် [ခင်ဇာနည်ကျော်-ကောလင်း] ၂၀၅

အိမ်ရှင်မများ သိမှတ်ဖွယ်[အမဲသားနှင့် ကုလားပဲဆန်ဟင်း နူးနပ်လိုသော် ] [ယိမ်းဝသုန်-န.တ.က] ၂၀၆


## သုတေသနရောင်ခြည်


စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၆


## ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည်


မုန့်စိကာမ်းခြေမှ ရခိုင်ဓလေ့သုံး ဆေးပင်များ [ခွန်စိုင်းဝမ်း] ၁၅၃

ဂမုန်းတိမ်ပြာနှင့် သူ၏ဆေးအသုံး[ဂမ္ဘီရမောင်စိမ်း-ဖန်းမော်] ၁၈၂


## ပါရချွန်ရောင်ခြည်


ခိုင်းနွား ဝေးဝေးမသွားအောင် လုပ်ထားပါ[ကဿာ သင်းမွှေး] ၂၀၈


## ကြည်ညိုခြင်းရောင်ခြည်


ထူးထူးခြားခြား ငါးရုံသော ဘုရား(သို့မဟုတ်) ကပ်ကျော်လာဘ်ခေါ် ဆုတောင်းပြည့်ရုပ်ပွားတော် [မင်းရဲထွန်းမြင့်-မြစ်သား] ၈၉

အောင်ချမ်းသာကျောင်းမှ ရုပ်ပွားတော်ကြီးနှင့် ထူးခြားဖြစ်စဉ် [ခွန်စိုင်းဝမ်း] ၁၀၈


## အောင်မြေရောင်ခြည်


ကြီး(၄)ကြီးတောင်တန်းမှ အဓိဋ္ဌာန်အောင်စခန်းတစ်ခု [မင်းကုဒ္ဒိ-ဂမ္ဘီရတောင်တန်း] ၁၇

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၅၃)[ရတနာဒီပံ ဘိုးဘိုးအောင်စေတီ] [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၆၅




အဘဘိုးမင်းခေါင် အသက်ထင်ရှားရှိစဉ်က တည်ထားခဲ့သော ကမ္ဘာ့မကျိုင် ကပ်ကျော်စေတီ ဖြစ်သည်… စာ-၁၀၆

ကျွန်ုပ်တို့က ဒီဇတာဒီတောင်ကို စောင့်ရတဲ့ ပုဂ္ဂိုလ်ကြီးပါ… စာ-၃၁



ရတနာဒီပံ ဘိုးဘိုးအောင်စေတီမှ ဒကာ၊ ဒကာမ အတွေ့ယူဉ်တွဲ အဓိဋ္ဌာန်ပုတီးစိပ်ရသော အောင်မြေဖြစ်သည်… စာ-၆၇





www.burmeseclassic.com


www.burmeseclassic.com





အင်းဝမြို့ မားကရာကျောင်း၏ အရှေ့တောင် အနီးမှ အဘ ဘိုးဘိုးအောင်၏ တစ်ဝဋ္ဋခေတ် မှ ဆေးကြူး ရုပ်ပွားတော် ဖြစ်သည်...

◀ စာ-၆၀



မုဒုံရှိ ဦးတင့်တယ် နတ်နန်း မှ ဦးတင့်တယ် နှင့် သားများ ရုပ်တု ဖြစ်သည်...

◀ စာ-၅၇



အတိုက်အခိုက် များကြောင့် ခံစားရသူများ လာရောက် အဓိဋ္ဌာန် ပြု၍ ပြေပျောက် စေသည့် ခြင်္သေ့ ဖြစ်သည်...

◀ စာ-၆၉

## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ထီအတွက် ရွေးချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၂၇၅
၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၈၈

## ✻ စိုက်ပျိုးရေးရောင်ခြည် ✻

အုန်းပင် သီးချိန်တန် မသီးလျှင်
[ဦးကိုကိုကြီး-စစ်ဆေးရေး၊ (၂)မ.တ.ယ၊ ထုံးဘို] ၃၉
မခါးသော တမာ စိုက်ပျိုးနည်း [တင်မောင်-ရွှေမင်းဂံ] ၁၄

## ❐ အောင်မြင်ကျန်းမာရေးရောင်ခြည် ❐

ရှိုသားကြီးစားသော ရဟန်းတော်လေးတစ်ပါးရဲ့
ထူးခြားဆန်းပြား ကိုယ်တွေ့ဖြစ်ရပ်များနှင့်
တရားအောင်မြင်ရေးနည်းလမ်းများ(၁)
[ကောင်းမြင့်မြတ်စိန်] ၁၃၇

## ✪ အင်းအမရောင်ခြည် ✪

အပူဟူသမျှ ငြိမ်းစေသော မီးမလောင်သော
အင်းကျော် [ဦးကြည်မောင်-ကျောက်ပန်းတောင်း၊
နေလကမ္ဘာဆေးတိုက်] ၆၂
နဝင်းသတ်အင်း အစီအရင် [မျိုးချစ်ဇော်-မဲဇာ] ၁၇၄
ကြောင်းကျိုးဆင်ခြင် ပညာခွင် [ဇော်မြင့်-မြင်းခြံ] ၁၃၃

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းမှ ဆုထူးပန်
ဆရာတော်ဦးကေသရ(၂) [ထက်မင်းကျော်စွာ] ၇၃
ရုပ်ကလာပ်တော်မှ ဓာတ်တော်ကြွင်းသည့်
မိုးကုတ်စက်ဝိုင်းဆရာတော်(၁) [ဇင်ညိုငယ်] ၁၁၃

## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

အင်္ဂလိပ်လက်ထက် ကျွန်တော့်အဘိုး၏
အောက်လမ်းပညာသည်များနှင့် ထူးခြားဆန်းကြယ်
ဖြစ်ရပ်ဆန်းများ(၁) [လမ်းမပော် ကိုမျိုး] ၁၂၉
ချစ်လက်ဆောင် ကက်ဆက်လေးမှ အလိုအလျောက်
သီချင်းသံကြားရပြီး ယိမ်းထိုးလှုပ်ရှားခုန်ကာ
နိမိတ်ပြခြင်း ဖြစ်ရပ်ဆန်း [ချို-အမရပူရ] ၂၃၉
ဝဠ်မြစ်အတွင်းမှ ထူးဆန်းသည့် အဆောင်အယောင်
ဖြစ်ရပ်မှန် [ကျော်ဝေ-ရောမြေ] ၂၄၅
အဖေပြောသော ကျောက်မဆင်(ကျောက်ဆင်)
[ကျော်မင်း-ပခုက္ကူ] ၂၄၇
လူချောက်ကလေး ထူးထူးအောင် [မောင်ငြိမ်းဆွေ-မုံရွာ] ၂၆၁
ဝန်ထမ်းဘဝတွေ့ကြုံရ[အောက်လမ်းပညာသည်နှင့်
ပယောဂဆရာ] [ဒေါ်တင်အေး-မလှပင်] ၃၀၂



www.burmeseclassic.com

www.burmeseclassic.com




**❁ အမေးအဖြေရောင်ခြည် ❁**

ထူးဆန်းသော ရဲတင်းကလေး ပဟေဋ္ဌိသိသူများမှ
ဖြေကြားပေးကြပါရန် [မောင်သုသီ] ၂၃၈

**✣ ဝိဇ္ဇာစရုရောင်ခြည် ✣**

ရတနာသိုက်များနှင့် ဘိုးမင်းခေါင်၏
ဓာတ်ပန္နက်တစ်နေရာ [သာဂဒ္ဒး–ကသာမြေ] ၁၀၅
ဝိဇ္ဇာရှင်းစာမ်း(၁) [စရဏ ဦးအောင်] ၂၂၅

**✂ နေ့စဉ်သုံး အဝလစ်းညွှန်ရောင်ခြည် ✂**

၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစ်–ကျိုက်လတ်] ၁၁၀
၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၈၃
၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း
လာဘ်လာဘ ရှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၂၃၂
၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၂၉၆

**✲ မြန်မာ့ရိုးရာပညာရောင်ခြည် ✲**

ခရီးယာယီ ရှိမရှိနှင့် ယာယီရှိရာအရပ် တွက်နည်း၊
ဟောနည်း [ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၁၉၆

**◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆**

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၂၇
(၁၂)လရာသီ နက္ခတ်ဓာတ်စာ (2017-Mayလအတွက်)
ကဆုန်လ ပြိဿရာသီ(Taurus) နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
[ဆရာ မင်းချမ်းသာ] ၁၅၉

**● ဗဟုသုတရောင်ခြည် ●**

ဦးလေးပြောတဲ့ ဖြစ်ရပ်ဆန်း [နေလင်းကျော်–ထူးကြီး] ၂၅၇
မြင်ဖူးခဲ့သည့် ကရင်ဂမ္ဘီရကျား
[စောထေပိုးထိုး–ကျောက်တံခါး] ၂၇၃
ကြုံခဲ့ဆုံခဲ့ရ ဘုမ္မိရတ်သူလေးလား
[ဓာတ်ပုံ မောင်မောင်အေး] ၂၇၈
အိမ်တွင်းနတ် တကယ်ရှိလား [ခင်ညို] ၂၈၁
လပြည့်ညရဲ့ ကြေးစည်သံ [နေမျိုးအောင်–နတ်ဝင်း] ၂၈၃
လူဝင်စားမှ ပြောပြသော သူ့ကိုယ်တွေ့
ပေတာဘဝ ဇာတ်လမ်းများ [ဦးစိုး–မဏ္ဍရာ] ၂၈၉
ပရလောကသားများနဲ့ ရွှားချင်းလဲသော အဘိုး
[သတ္တညီ–နတ်မောက်] ၂၉၃
သေလွန်ပြီး အခြားမဲ့၌ [မြင့်] ၂၉၄
ကျွန်ုပ်နှင့် လူဝင်စား ဆင်အုပ်ကြီးဦးစောမောင်
[တင်အောင်မိုး–သစ်အုပ်၊ ဖန်းမော်သစ်ထုတ်ရေး] ၃၀၅




ရှင်အရဟံ
မထေရ်
သမုတ်တော်
မူသော
သိမ်များအနက်
နှောင်း
သိမ်တော်
ဖြစ်သည်...
➧ စာ-၃၃



ရွှေ
အဘိက
ဆရာတော်ကြီး
များ
အမှုအခင်း
ဆုံးဖြတ်ရာတွင်
ထိုင်တော်
မူသည်
ရွှေပေါင်း
သလွန်တော်
ဖြစ်သည်...
➧ စာ-၄၄



ရတနာ
ဒီပံ
ဘိုးဘိုးအောင်
စေတီ
မှ
အနီးကပ်
မြင်ရသော
ရွှေ
ရေတာကောင်း
များ
ဖြစ်သည်...
➧ စာ-၆၇



www.burmeseclassic.com

www.burmeseclassic.com







(၂)ကျောင်းတွင်းဘုရားခန်း

(၁)ထေရာတော်အရှင်နန္ဒမာလာ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

စစ်တောင်းရေအလျဉ် ဦးတင်ပူဇော်လာသည့်

# ရွှေဂူကုန်းတော် သာသနာမြေ (၁)

**"ရွှေဂူကုန်းတော်"** ကား စစ်တောင်းမြစ် အရှေ့ဘက်ကမ်းခြေ သိမ်ဇရပ်မြို့ကလေးမှ (၁၀)မိုင်ခန့်အကွာ တောင်ယွန်းယွန်း၌ တည်ရှိလေသည်။

ကျိုက်ထိုမြို့နယ်အတွင်း ပါဝင်၍ ယခင်က ဝင်းပဒေါကျေးရွာအုပ်စု၊ ထန်းတောရွာတွင် အရှေ့ တစ်မိုင်သာသာခန့်တွင် တည်ရှိခဲ့သည်။

လွန်ခဲ့သော လေး,ငါးနှစ်(၂၀၁၀ ပြည့်နှစ်ခန့်)တွင် စစ်တောင်းမြစ်ရေ တိုက်စားသဖြင့် ဝင်းပဒေါရွာ,ထန်းတောရွာတို့သည် မြစ်ရေပြင်အောက်သို့ ရောက်ရှိသွားကြလေသည်။

အဆိုပါ ကျေးရွာများနှင့်အတူ ရန်ကုန်–မော်လမြိုင် မီးရထားလမ်းသည်လည်း တိုက်စားခံရသဖြင့် အရှေ့ဘက်ကုန်းမြင့်ထက်တွင် အသစ်ဖောက်လုပ်ထားသည့် ရထားလမ်းသစ်ကို တွေ့မြင်ရသည်။

သိမ်ဇရပ်မှ ဆိုင်ကယ်ဖြင့် ထွက်ခဲ့ရာတွင် ထိုရထားသံလမ်းသစ်နှင့်အပြိုင် ဖောက်လုပ်ထားသော မြေသား ကားလမ်းအတိုင်း မောင်းနှင်ခဲ့ရသည်။ မိနစ်(၂၀)ခန့်အကြာတွင် လမ်း၏ လက်ယာဘက်(အနောက်ဘက်)၌ လမ်းခွဲတစ်ခုတွေ့ရကာ **"ရွှေဂူကုန်းတော်"** ဟူသည့် ကမ္ပည်းကို လှမ်းမြင်ရသည်။

ရက်ပိုင်းမျှသာ ရှိသေးသည့် ဆောက်လက်စ မုခ်ဦးကိုလည်း ထည်ဝါစွာ မြင်တွေ့ရသည်။ ဖြတ်သန်းလာရာ လမ်းဘေး ဝဲ,ယာတစ်လျှောက်တွင် လူနေအိမ်ခြေများ မတွေ့ခဲ့ရပေ။

## ကုန်းတော်တွင်

ဆောက်လက်စ မုခ်ဦးကို ကျော်လွန်ကာ မိနစ်အနည်းငယ်မျှ ခရီးဆက်မိသောအခါ ရွှေရောင်တဝင်းဝင်းနှင့် စေတီကြီး,ငယ် အဆူဆူကို ဖူးမြင်ရသည်။ အကြီးမားဆုံးသော စေတီတော်ကား ရွှေတိဂုံကိုယ်ပွားစေတီဖြစ်ကြောင်း သိရပေသည်။

ကုန်းတော် တောင်ဘက်အခြေ၌ **ကျောင်းဆောင်တစ်ဆောင်** ရှိ၍ ဘုရားဖူးကားအချို့ကို တွေ့ရသည်။

ကျိုက်ထီးရိုးဘုရားဖူး အပြန်တွင် ဝင်ရောက် ကြည်ညိုကြခြင်းဖြစ်ကြောင်း သူတို့အချင်းချင်း ပြောစကားအရ သိရသည်။ ဘုရားဖူးပရိသတ်ကား များပြားစည်ကားလှပါသည်။

ကျောင်းဆောင်အတွင်း ဝင်ရောက်စုံစမ်းကြည့်ရာ သီလရှင်ကလေးများက ထမင်းပွဲ ပြင်ဆင်ရှေးနေသည်။





www.burmeseclassic.com

www.burmeseclassic.com



◆ (၃)မဟာရာဂုဏ်ပွားတော်ကြီး



◆ (၄)ရွှေကြေးဘုရား

ကျောင်းသို့ ရောက်လာသူတိုင်းကို တည်ခင်းလှူဒါန်းခြင်း ဖြစ်သည်ဆို၏။

''စားပြီးခဲ့ပြီ''ဟု ကျေးဇူးစကားဆို၍ ''ဆရာတော် ရှိသလား''ဟု မေးမြန်းရာ ဘုရားခန်းသို့ လိုက်ပို့ပေးကြသည်။

ဆရာတော်က မိမိ သိလိုသမျှကို ဖြေကြားပေးတော်မူသည်။

## ဂူကုန်းကျောင်း

ဤနေရာကို ရှေးက **''ဂူကုန်းကျောင်း''**ဟု ခေါ်တွင်ခဲ့ကြသည်။ ၁၂၆၉ ခုနှစ်တွင် ဇလွန်မြို့၌ ပျံလွန်တော်မူခဲ့သည့် ဘုန်းတော်ကြီးဦးသီလ ကျင့်ကြံအားထုတ်ရာ လိုဏ်ဂူကို အစွဲပြု၍ ကုန်းထက်ရှိ ကျောင်းကို ''ဂူကုန်းကျောင်း''ဟု ခေါ်တွင်ခြင်းဖြစ်သည်။

လက်ရှိဆရာတော် **အရှင်နန္ဒမာလာ[ပုံ–၁]**က ဤသို့ မိန့်တော်မူသည်။

'တို့ ဒီမှာ သီတင်းသုံးတာ (၅၅)ဝါ ရှိပြီ။ ဒီအရင်ကတော့ ကိုရင်ကြီးဘဝနဲ့ သုသာန်တကာ၊တောတောင်တကာ လှည့်လည်ပြီး အားထုတ်ခဲ့တာပဲ၊ တစ်နေ့တော့ ဆွမ်းခံကြွလာတဲ့ မုပ္ပလင်တောရဆရာတော် "ဦးသုမနာဘိဝံသ"နဲ့ တွေ့ကြတယ်။

''ကိုယ်တော် ဘယ်မှာ သီတင်းသုံးသလဲ''

''ဂူကုန်းကျောင်းမှာပါ ဘုရား''

"အေး...ကိုယ်တော်နဲ့ သင့်လျော်ပါတယ်။ အမြဲသီတင်းသုံးပါလား"

'တောရဆရာတော်က အလုံးစုံ သိတယ်။ ဂူကုန်းကျောင်းဆိုတာ ပရလောက အခြောက်အလှန့်များလွန်းလို့ ဘယ်ရဟန်း,သာမဏေမှ ကြာရှည်မနေနိုင်ဘူး။

မကြာခင်မှာပဲ တို့ဆရာလဲဖြစ်၊ ဦးလေးလဲဖြစ်တဲ့ ဘုရားပြို(ကျေးရွာ၊ ဝေါမြို့နယ်) သရက်တောကျောင်း ဆရာတော် ဦးဇော်တိန္ဒကြွလာ ရဟန်းဘောင် တက်ပေးတယ်။ ဥပဇ္ဈာယ်ကတော့ မရန်းကျောင်းဆရာတော် ဦးသီလဝန္တပါ။

တို့ဆရာနဲ့ တောရဘုန်းကြီးတို့က သူငယ်ချင်းတွေပဲ။ တောရဘုန်းကြီး အကြောင်း ကြားလိုက်ရလို့ လိုက်လာကြတာပါ။ တောတောင်ထဲမှာ ဖြစ်သလိုနေပြီး တရားရှာရတော့ ဝိနည်းမထိခိုက်စေချင်လို့ ကိုရင်ကြီးဘဝနဲ့ နေခဲ့တယ်။


ဆရာက **''အချိန်တန်သင့်ပြီ''** ဆိုပြီး ရဟန်းတက်ပေးခဲ့တာ ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ်၊ တို့အသက် (၃၄)နှစ်အရွယ်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com



(၅)ရွှေတိဂုံကိုယ်ပွားစေတီတော်

တို့ကို အမြဲလမ်းညွှန် သွန်သင်တာက မန္တလေးမဆိုးရိမ်တိုက်က ရွှေရောင်ဆရာတော် မုံရွာသားပါ။ သူ့အသားအရေက ရွှေရောင်လို ဝင်းနေလို့ **"ရွှေရောင်ဆရာတော်"**လို့ ခေါ်ကြတယ်။ **အခု ပုံလွန်တော်မူပေမယ့် ငါတို့ကို လိုအပ်တဲ့အချိန်မှာ အိပ်မက်ပေး မိန့်ကြားလေ့ရှိတယ်။**

ဒါကြောင့် ဆရာ့ကို အလေးအမြတ်ထား ဂါရဝပြုတဲ့အနေနဲ့ **"ရွှေဂူကုန်းတော်"**လို့ ဖြစ်လာတယ်။ မူလနေရာက **ဆရာတော်ဦးသီလရဲ့ တရားကျင့်လိုဏ်ဂူရှိတဲ့ ကုန်းတော်** ဂူကုန်းတော်ပေါ့။ ကျောင်းကတော့ ပြိုပျက်သွားပြီး လိုဏ်ဂူနားက သိမ်ကလဲ မြေပြိုလို့ ဦးသီလကျောင်းနေရာမှာ သိမ်သမုတ်ထားတယ်။

ဦးသီလ ရှိစဉ်ကလဲ ကျောင်းသားရှိတယ်။ ဆွမ်းဘုဉ်းပြီးတာနဲ့ လိုဏ်ဂူထဲဝင်ပြီး အားထုတ်နေတတ်တယ်လို့ အဲဒီတုန်းက ကျောင်းသားဖြစ်ခဲ့တဲ့ ဦးမောင်ဖဲက ပြောပြပါတယ်'

ဦးမောင်ဖဲသည် ရွှေတိဂုံကိုယ်ပွားစေတီတည်ဆောက်သော **၁၃၃၈ ခုနှစ်တွင် အသက်(၈၉)နှစ် ရှိပြီဖြစ်ကာ ဘုန်းတော်ကြီးဦးသီလရှိစဉ်က (၁၈)နှစ်အရွယ်** ဘုန်းကြီးကျောင်းသားအဖြစ် ဝေယျာဝစ္စပြုလုပ်ပေးခဲ့ကြောင်း သိရပါသည်။

သို့ဖြစ်လေရာ ၁၂၆၇ ခုနှစ် ဦးသီလ ပျံတော်မမူမီ နှစ်,နှစ်အလိုတွင် ဤဂူကုန်းတော်၌ သီတင်းသုံးခဲ့ကြောင်း မှန်းဆရပေသည်။

## ဖူးမြော်ရသမျှ

ယင်းနောက်တွင် ဆရာတော်က **"ဘုရားတွေ ဖူးသွားပါဦး"**ဟု မိန့်ကြားတော်မူသဖြင့် ဆရာတော်အား ဦးချကန်တော့၍လိုက်သံကြည်ညိုသည်။

## မဟူရာဘုရား

ကျောင်းဘုရားခန်းတွင်းရှိ [ပုံ–၂] တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးမှာ **"မဟူရာဘုရား"**[ပုံ–၃]ဟု ခေါ်၏။ မဟူရာရုပ်ပွားတော်ကို **စိန်သက်န်းကပ်(စိန်စီခြယ်)၍** ပူဇော်ထားသည်။

ထိုင်းနိုင်ငံမှ နတ်ရွာစံလွန်လေပြီးသော ဘုရင်ဘူမိဘောကိုယ်တိုင် ပေးပို့လှူဒါန်းသော ရုပ်ပွားတော်ဖြစ်သည်။

ဆရာတော်သည် ထိုင်းဘုရင် ပင့်ဖိတ်သဖြင့် ထိုင်းနိုင်ငံသို့ လေးကြိမ်တိုင်အောင် ကြွရောက်ခဲ့သည်။ နောက်ဆုံးတစ်ကြိမ်တွင်ကား နတ်ရွာစံသဖြင့် သွားရောက်ခဲ့ရခြင်း ဖြစ်ကြောင်း မိန့်ကြား၏။ **လွန်ခဲ့သော (၂၅)နှစ်ကျော်ခန့်က ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရ၏။**

**ဤရုပ်ပွားတော်ကြီးအား ဒါန,သီလ, ဘာဝနာကုသိုလ်ပြုကာ မိမိတို့ နေထိုင်ကျင်လည်နေရသော အိုးအိမ်, အလုပ်နေရာဌာနများနှင့် ခရီးလမ်း သွားလာရာတိုင်း၌ အဆိပ်ရှိ သတ္တဝါဆိုး ကင်းဝေးစေရေး၊ ဆုတောင်းပြည့်ဝကြသည်ဟု ယုံကြည်ကြသည်။**

မြန်မာ့ကျောက်မျက်ဆိုင်ရာ ဂန္ဓာရီအယူအဆများအရ အဆိပ်ရှိသတ္တဝါမြွေများ၏ အမျိုးဖြစ်သော နဂါးမင်းကြီးသည် **"မဟူရာ"** **လိုဏ်ဥမင်**အတွင်းရှိ **"နဂါးသွဲ့ပလ္လင်"**ထက်တွင် စံမြန်းတော်မူသည်။

ထို့ကြောင့် မဟူရာနှင့် နဂါးသွဲ့ကို တွဲဖက်၍ အဆောင်ပြုပါက မြွေများအစ အဆိပ်ရှိ ပိုးမွှားသတ္တဝါများဘေးရန်မှ ကာကွယ်ပေးသည်ဟု မိုးကုတ်မြို့ အုတ်အင်းရပ်ကွက်နေ ရေးဖော်တစ်ဦးဖြစ်သူ "ပညာစက္ကုမင်းလက်ယာအောင်"က ပြောပြဖူးသည်။

မဟူရာနှင့်နဂါးသွဲ့ ကျောက်အချို့ကိုလည်း အဆောင်ပြုရန်၊ လှူဒါန်းရန်ဟူ၍ လက်ဆောင်ပေးခဲ့လေသည်။

ရွှေဂူကုန်းတော်ကား ဆရာတော်ကြီးဦးသီလ သီတင်းသုံးစဉ်က **နဂါး(မြွေကြီး)များ** ကျက်စားရာ နဂါးတွင်းရှိ၍ ယနေ့တိုင်ပင် နဂါး(မြွေကြီး)များ မပြတ် နေထိုင်လျက်ရှိသည်ကို မြင်တွေ့ရဆဲဖြစ်သည်။ ***(နဂါးတွင်းနှင့်စပ်လျဉ်း၍ နောက်ပိုင်း၌ ဖော်ပြပါမည်။)***

သို့ဖြစ်လေရာ သမိုင်းအစဉ်အလာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသော၊ ဌာနဗလအင်အား ပြည့်စုံမှုနှင့်အတူ အတုမရှိသော ဘုရားရှင်၏ ဘုန်းတော်ရိပ်ကို ခိုလှုံကာ မဟာ့ရာရုပ်ပွားတော်အား တောင်းသည့်ဆုတို့ ပြည့်ဝကြခြင်း ဖြစ်သည်ဟု ယူဆမိပေသည်။

တစ်နည်းအားဖြင့်လည်း **"မဟာ့ရာ"** ဟူသော ဗုဒ္ဓဟူးပညတ် ဘွဲ့နံတော်က စနေ မြေနဂါးကို **"လံတေ"** စတုရန်း ခတ်ဖြင့် ထိန်းချုပ်ထားသည်ဖြစ်ရာ အောင်လံတေဇသကျမ်းအုံး နန္ဒီသေန ထုံး(ဝေဒရှုထောင့်)အရလည်း အောင် ခတ်ဆင် အားဖြည့်ထားသည်ကို တွေ့ရပေသည်။

## ရွှေကြေးဘုရား[ပုံ–၄]

ကျောင်းခန်းမအပြင်ဘက် ဘုရားခန်းအတွင်း၌ ပူဇော်ထားသည်။ ရွှေနှင့်ကြေးကို စပ်၍ သွန်းလောင်းထားသော တင်ပျဉ်ခွေ ရုပ်ပွားတော်ဖြစ်သည်။ ဝေါဟာရအားဖြင့် **"ရွှေကြေးဘုရား"**ဟု ခေါ်ကြသည်။

ရွှေကြေးသည် ဒည့်များခြင်းကို ရည်ညွှန်းဖော်ဆောင်သည်။ သို့ဖြစ်၍ ဤကုန်းတော်သို့ ရေစက်၊ ပဋ္ဌာန်းဆက် ရှိသူ သာဝကများ၊ အမျိုးအဆွေ ဟောင်းများ စည်ကားစွာ လာရောက်နေကြသည်ဟု တွေးမိသည်။

ကုန်းတော်တွင် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ စည်ကားစွာ ရှိသော်လည်း ပြင်ပ–ရုပ်ရှာဒေသများသို့ အလှူခံထွက်ခြင်းမရှိပါ။

ကိုယ်စားလှယ် စေလွှတ်ခြင်း၊ အလှူခံဖြတ်ပိုင်း မြေစာပြုလုပ်ထားခြင်း မရှိပါဟု သိရသည်။ ကုန်းတော်သို့ ရောက်လာသူများ၏ စေတနာသဒ္ဓါ စွမ်းအားအလျောက် ဖြစ်တည်လာခြင်း ဖြစ်သည်ဆို၏။

## ရွှေတိဂုံကိုယ်ပွားစေတီ[ပုံ–၅]

မြန်မာနိုင်ငံအနှံ့အပြားတွင် ရွှေစေတီနှင့်ပတ်သက်၍ ယုံတမ်းပုံပြင်များစွာရှိခဲ့သည်။ ရွှေစေတီပေါ်လျှင် ခုနစ်ရက်သားသမီး လူအများတို့ အေးချမ်းသာယာ၍ ဘေးဘယာ ဝေးကွာကြလိမ့်မည် ဆိုသည်။

ရွှေစေတီဆိုရာ၌ ရွှေစေတီ၊ ရွှေရုပ်ပွား စသည်တို့ ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသော **"ရွှေဘုရား"**ဟု ရည်ညွှန်း၏။

**ဥပမာ...**

- စစ်ကိုင်းမြို့ ပတ္တမြားစေတီကုန်းတော်တွင် လည်းကောင်း...
- ကျောက်တန်းမြို့ မိအံတန့်နှင့် မိအဲတန့်ရှေ့ ကောင်းမှုစေတီ၌ လည်းကောင်း...
- ပေါ်ဝိမြို့ ဇင်းကျိုက်ဆံတော်ရှင် ကုန်းတော်တွင် လည်းကောင်း...
- ပျော်ဘွယ်မြို့ မြင်းဘက်ရပ်၊ ရွှေစေတီ ကုန်းတော်တွင် လည်းကောင်း...

ထို ယုံတမ်းပုံပြင် သို့မဟုတ် ပါးစပ်ရာဇဝင်ကို ကြားသိခဲ့ရဖူးသည်။

ယင်းတို့အနက် **ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်၊ ရွှေစေတီကုန်းတော်မှ ရွှေဘုရားနှင့်ပတ်သက်၍ ဤသို့ ကြားသိရသည်။**

ထိုစေတီမှာ ပုဂံအနော်ရထာမင်း လက်ထက်တွင် သုဝဏ္ဏဘုမ္မိပြည့်ရှင် မနူဟာမင်းသည် နေရာဒေသပယောဂ အခြေအနေအရ ပေါ်ဏ္ဏရာမသို့ ရွှေ့ပြောင်းစံမြန်းရသည်။ ထိုအခါ သူ ကြွရောက်ရာ လမ်းတစ်လျှောက် စေတီများစွာ တည်ထားခဲ့သည်။

ပျော်ဘွယ်နေရာသို့ အရောက်တွင် မြင်းတပ်စခန်းချရာအရပ်သည် **"မြင်းဘက်အရပ်"**ဟု ယခုတိုင် ခေါ်တွင်ကြ၏။

ထိုနေရာ၌ မနူဟာမင်း အစိဋ္ဌာန်ပြုကာ ရွှေဆင်းတုတော်တစ်ဆူကို ဌာပနာပြု စေတီတည်ခဲ့သည်။

နောင်လူတို့ ဖူးတွေ့ရလျှင် လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးထူး ပွားများစေမည်ဆို၏။ ရွှေဆင်းတုအား သာမန်လူတို့ ဖူးတွေ့ရခြင်း မရှိပါ။

ဘုရားထူး ပေါက်မြောက်သော သမထကမ္မဋ္ဌာန်းအောင်မြင်ပေါက်မြောက်သော သူတို့သာ တွေ့မြင်ရ၏။

အာရုံတွင် ဖူးမြင်ရခြင်းဖြစ်ကာ ဉာဏ်တော်အမြင် တစ်ပေမီးပါလန့် ရှိကြောင်း ရွှေစေတီကျောင်းဆရာတော်က မိန့်တော်မူခဲ့သည်။

ကိုယ်တိုင်ကျင့်ကြံ အားထုတ်၍ ရရှိသော ဓမ္မသုခ၊ ဓမ္မပီတိကို ခံစားနိုင်ကြစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဆို၏။

ဤသို့ ကိုယ်တိုင် ကျင့်ကြံအားထုတ်ခြင်း မပြုနိုင်သေးသော်လည်း ပြုနိုင်ကြသော ရဟန်း လူသူတော်စင်တို့က ရွှေအမည်ပါ ဘုရားစေတီ ကိုယ်စားတော်များ တည်လုပ်ကိုးကွယ်၍ အများကုသိုလ်ပွားနိုင်ကြသည်။

သို့ဖြစ်၍ ရွှေဘွဲ့အမည်ပါ ကိုယ်စားစေတီဘုရားများ ပေါ်ပြီး၊ ပေါ်ဆဲ ထပ်မံလည်း ပေါ်ပေါက်လိမ့်မည်ဖြစ်ကြောင်း မိန့်တော်မူသည်။ ပါရမီကျင့်စဉ်စခန်း ပေါက်မြောက်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ မိန့်ကြားချက်ဖြစ်ကြောင်း သိရ၏။

ရွှေဂူကုန်းတော်မှ ရွှေတိဂုံကိုယ်ပွားစေတီကို **၁၃၃၈–၃၉ ခုနှစ်တွင် စတင်** တည်ထားခဲ့ခြင်းဖြစ်၍ မကြာမတင်ကာလအတွင်း **"ရွှေကြေးဘုရား"**ခေါ် ရုပ်ပွားတော်ကြီး ကြွရောက်တော်မူလာသည်ကို သတိပြုမိသည်။ ရွှေပညတ်၊ ခတ်သက်အင်အား ကောင်းမွန်လာခြင်းဖြစ်သည်။

**ရွှေ့လ ဆက်ဖော်ပြရန်**

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

**၁။ နဂ္ဂဏ္ဏရောင်ခြည်မထွက်**

www.burmeseclassic.com



# တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင်

## ဂုဏ်ထူးများများရနိုင်သော လက္ခဏာ


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ





အသက်(၁၈)နှစ်အရွယ် တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦး၏ ညာလက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါသည်။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းထိပ်ဖျားမှ စတင်ထွက်သော ရည်မှန်းချက်လမ်းတို(၂)ကြောင်း ဖြစ်ပါသည်။

* * *




ထိုအမှတ်အသားကြောင့် ပညာရေး ရည်မှန်းချက်မြင့်မားသူ၊ ပညာရေး ရည်မှန်းချက်အောင်မြင်နိုင်သူဖြစ်သည်။

**"ခ"အက္ခရာဖြင့်** ညွှန်ပြထားသည်မှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခွင် မျဉ်းမတ်တို(၁)ကြောင်း ထင်ရှားရှိခြင်းဖြစ်သည်။ ထို့ပြင် အနီးအနားတွင် မျဉ်းကြောင်းတိုလေးများနောက်ထပ်(၄)ကြောင်းခန့်ရှိနေသည်။


* * *




ထိုအမှတ်အသားကြောင့် ဖြေဆိုမည့် (၁၀)တန်းစာမေးပွဲမှာ ဂုဏ်ထူးများများရနိုင်သည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခွင်တွင် အောင်မြင်ရေးလမ်း ထင်ရှားပေါ်လွင်နေခြင်းဖြစ်သည်။

* * *





www.burmeseclassic.com

www.burmeseclassic.com

ထိုအမှတ်အသားကြောင့် ယခုအချိန်တွင် အောင်မြင်မှု အထူးရရှိတတ်သည်။

**"ယ"အက္ခရာဖြင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ရင်းတွင် ထောင်လိုက် မျဉ်းပြိုင်တိုလေး (၂) ကြောင်း ရှိခြင်းဖြစ်သည်။


* * *




ထိုအမှတ်အသားမှာ ထီပေါက်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ ဗီဇာမဲပေါက်ခြင်း၊ နိုင်ငံခြားပညာသင် စလောလားရှစ်ရခြင်း စသည်တို့ ဖြစ်တတ်သည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းပေါ်တွင် တြိဂံပုံငယ်များရှိခြင်းဖြစ်သည်။


* * *




ထိုသင်္ကေတကြောင့် ကျက်ဉာဏ်၊ မှတ်ဉာဏ်တွက် ဉာဏ်ကောင်းခြင်း ဖြစ်စေသည်။ တက္ကသိုလ်ဝင်တန်းပညာ ထူးချွန်သူများ၊ ဂုဏ်ထူးများများရသူများတွင် တွေ့ရှိရသည်။

**"စ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းအဆုံးမှာ တြိဂံပုံဖြစ်ပေါ်နေခြင်းဖြစ်သည်။

* * *




ထိုအမှတ်အသား ပါရှိသူတို့မှာ ခက်ခဲနက်နဲသော ပညာရပ်များကို သင်ယူတတ်မြောက်နိုင်ကြသည်။ ပညာရေးတွင် ပါရဂူတွဲမျိုးအထိ ရှိကြသူအချို့တွင် ထိုအမှတ်အသား တွေ့ရှိရပါသည်။

ဤကျောင်းသားမှာ ၂၀၁၆ ခုနှစ်၊ **မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဂုဏ်ထူး(၅)ဘာသာဖြင့်** အောင်မြင်ပြီး ဆေးတက္ကသိုလ်ဝင်ခွင့် ရရှိထားသူ ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်/၂၀၁၈ ခုနှစ် (၁၀)တန်း ဖြေဆိုပြီးသော (၁၀)တန်းဖြေဆိုကြမည့် ကျောင်းသား/ကျောင်းသူများ အနေဖြင့် အထက်တွင် ဖော်ပြထားသည့် လက္ခဏာအမှတ်အသားများနှင့် တိုက်ဆိုင်ကြည့်ပါ။

နီးစပ်တူညီနေလျှင် ကိုယ်လည်း ဂုဏ်ထူးများများ ရရှိအောင် အောင်မြင်နိုင်သူဟု ကြိုတင်သိထားပါ။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေတွဲ)*
**(လက္ခဏာဗေဒင်ပညာသုတေသီ)**




**မခါးသော တမာ စိုက်ပျိုးနည်း**

မခါးသော တမာရွက်စိုက်ပျိုးနည်းမှာ တမာစေ့၊ တမာပင်ပေါက်ကလေးများကို ကြံပင်ရဲ့အခြေနားကပ်ပြီး စိုက်ထားလိုက်ပါ။

ကြံပင်ဆိုသည်မှာ ဘေးက သားတက်ထွက်တဲ့ အပင်မျိုးပဲ၊ အဲဒီကြံပင်ရဲ့ရုံနားမှာ ကပ်စိုက်ထားခြင်းဖြင့် ကြံပင်ရဲ့အချိုဓာတ် ဆက်စပ်မှု၊ ကူးစက်မှုဖြင့် တမာရွက် မခါးသော စိုက်ပျိုးနည်းဖြစ်တယ်။ ဒါဟာ ရှေးဗေဒ နည်းပညာအရလဲ ဖြစ်ပါတယ်။

**တင်မောင်(ရွှေပြင်းဂ်)**

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

## (၃၁)နှစ်ပြည့်

## စာတည်းချုပ်၏ အမှတ်တရစကား

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖြတ်သန်းလာခဲ့ရသည့်ခရီးမှာ (၃၁)နှစ်တိုင်ခဲ့ပါပြီ...။ အစဉ်အဆက် အားပေးလျက်ရှိသော ပရိသတ်ကြီးကို ကျေးဇူးတင်လျက်ပါ။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖြတ်သန်းသည့် ခရီးစဉ်အတွင်း စာဖတ်ပရိသတ်ကြီးအတွက် စွမ်းနိုင်သမျှ ကြိုးစားအားထုတ်ခဲ့ပါသည်။

**ဥပမာ။** ။ ဆောင်းပါးများတွင် ပါဝင်သော **ဂါထာ၊ မန္တန်များ၏ ပါဠိများ မှန်ကန်အောင် ပါဠိပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။** အနက်အဓိပ္ပာယ်များကိုလည်း တတ်နိုင်သမျှ ပြန်ဆိုထည့်သွင်းခဲ့ပါသည်။

အချို့သော မန္တန်များသည် ယုံကြည်မှုနှင့် ရွတ်ဆိုရပြီး အစွမ်းရသည်ဖြစ်သော်လည်း တတ်နိုင်သမျှ အနက်အဓိပ္ပာယ်များသိအောင် ကြိုးစားပေးခဲ့ပါသည်။ အသံထွက်များလည်း တပါတည်း ဖော်ပြပေးခဲ့ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ နှစ်ပေါင်းများစွာက ရောက်ရှိနေသော်လည်း ဖော်ပြခွင့်မရခဲ့သော ဂမ္ဘီရပညာရပ်များ၊ ဂါထာမန္တန်၊ ဖြစ်ရပ်ဆန်းကိုလည်း ပြန်လည်ထည့်သွင်း ဖော်ပြပေးလျက်ရှိပါသည်။

ယခုဖော်ပြချိန်တွင် ပြုစုရေးသားခဲ့သူ စာမူပညာရှင်များမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်ကို သိရ၍လည်း ဝမ်းနည်းကြေကွဲရပါသည်။ ယခုမှ ဖော်ပြရခြင်းကိုလည်း လေးစားစွာ တောင်းပန်အပ်ပါသည်။

အချို့သော ရှေးဟောင်းတိုင်းရင်းဆေးပညာများ၊ ပညာရပ်များ ထပ်မံဖော်ပြခြင်းမှာလည်း ရှေးတို့ဘိုးဘွားတွေလက်ထက်မှာ ဒီပညာမျိုးတွေ ရှိနေပါလားဟု မှတ်တမ်းအဖြစ် ဖော်ပြပေးခြင်းဖြစ်ပါသည်။

ထို့ပြင် ယခုလ အထူးထုတ် အမှတ်တရတွင် **မွေ့ဒါနပြုသော ဘုရားရှပ်ပွားတော်မှာ ၂၀၁၇ ခုနှစ်၊ ဖွန်လထုတ်၊ စာမျက်နှာ(၄၁)မှ စာရေးဆရာ ရေနံ့မြေလွင်မိုးစု ရေးသားသော သမိုင်းဝင် ရတနာမဥ္ဇူဘုရားနှင့်ကျောက်စာဆောင်းပါးမှ ဘုရားပုံတော်ကို မွေ့ဒါနပြုထားခြင်း** ဖြစ်ပါသည်။ သမိုင်းတော်ကို ထိုဆောင်းပါးတွင် ဖတ်ရှုမှတ်သားနိုင်ပါသည်။

***စာဖတ်ပရိသတ်ကြီး ကျန်းမာ ချမ်းသာပါစေ...***

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

**ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့**

# သမားအို့ဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးများ၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အမြေကျော်လေဆေးလုံးများ**



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး**

ဝရ၁၁ ၇၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

---

**ဒေါ်စင်စင်ဌေး၏**

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရ၁၁ ၇၀၀၉၀၇၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန်စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

---

**ဒေါ်အေးအေးစု၏**

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝဒ၁၂ ၇၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

---

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရ၁၁ ၇၀၀၉၀၇၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သင့်ဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးယို၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

---

**ဦးသန်းဇော်၏**

**သမားအို အမှတ်တံဆိပ် အမြေကျော်လေဆေးလုံးတော၊ ဝရ၁၁ ၇၀၀၉၀၇၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်တခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၈) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအို့ဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com





▲ ကော့ဖြိုင်တောင် အရှေ့ဘက်ခြမ်း တောင်ခြေရှိ ကော့ဖြိုင်ဂူလမ်းဟောင်းလမ်း




▲ ကော့ဖြိုင်ဂူတွင်းမှ ဂူဝရှုခင်း

# ကြီး(၄)ကြီးတောင်တန်းမှ

## အစိတ္တနိုဒေါင်စခန်းတစ်ခု

ဤတောင်တန်းသည် လေးဖက်လေးတန် သုံး,လေးမိုင်အကွာမှ လှမ်းကြည့်လျှင် "**က၊ ဃ၊ ဏ၊ ဋ**"ဟူသော ကြီး(၄)ကြီး အက္ခရာစာလုံးများနှင့် ဆင်တူပုံသဏ္ဍာန်မျိုး မြင်ရသဖြင့် ဂန္ဓာရီပုဂ္ဂိုလ်များက **ကြီး(၄)ကြီးတောင်တန်း**ဟု အသိအမှတ်ပြုခေါ်ကြသည်။

ဒေသခံ ရွာသူရွာသားများကတော့ "**ကော့ဖြိုင်တောင်တန်း**" ဟုသာ ခေါ်ကြသည်။

**ထိုတောင်တန်း၏ တည်နေရာမှာ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံလွင်မြစ်အနောက်ဘက်ကမ်းဖြစ်သည်။**

ဤတောင်တန်း၏ အရှေ့ဘက်ကပ်လျက်တွင် မြောက်မှ တောင်သို့ စီးဆင်းနေသော သံလွင်မြစ်ရှိသည်။ ထိုသံလွင်မြစ်၏ ရေလယ်တွင် သောင်ထွန်းရာမှတစ်ဆင့် ရေလယ်ကျွန်းကြီး ဖြစ်ပေါ်ခဲ့ရာ လူနေအိမ်များ စည်ကား လာပြီး ရေပေါ်သောင်ရွာဟု ခေါ်နေကြသည်။

သံလွင်မြစ်၏ အနောက်ဘက်ကမ်းနဖူး၊ ကော့ဖြိုင်တောင်တန်း၏ အရှေ့ဘက်ကပ်လျက် တောင်ခြေတွင် လူနေအိမ်ခြေများရှိသည်။ ထိုနေရာကို "**ကော့ဖြိုင်ကျေးရွာ**"ဟု ခေါ်ကြသည်။

ကော့ဖြိုင်ကျေးရွာမှာ ဝတ်ကြီးကျေးရွာအုပ်စုတွင် ပါဝင်သည်။ ဝတ်ကြီးရွာမှာ ကော့ဖြိုင်တောင်တန်း၏မြောက်ဘက်၊ သံလွင်မြစ်ကမ်းနဖူးတွင် တည်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ရှေးအခါက "**သိမ်ပန်မြို့**" ဟူသော မြို့ဟောင်းတစ်ခု ဖြစ်ခဲ့ဖူးသည်။





www.burmeseclassic.com

www.burmeseclassic.com





▲ သံလွင်မြစ်အနောက်ဘက်ကမ်း မဲ့ကရင်တောင်စောင်းမှ မြောက်ဘက်သို့ လှမ်းမြင်ရသော "က" အက္ခရာပုံ ကော့ဖြိုင်တောင်နှင့် သံလွင်မြစ်ရှုခင်း

◀ ကော့ဖြိုင်ဂူအလယ်အတွင်းရှိ အပေါက်ခန်းငယ်

ကော့ဖြိုင်ရွာ၏ မြောက်ဘက် (၂)မိုင်ခန့်တွင်ရှိသည်။ ကော့ဖြိုင်တောင်တန်း၏ တောင်ဘက် (၁)မိုင်ခန့်တွင် **မဲ့ကရင်ရွာကြီး**ရှိပြီး ကော့ဖြိုင်ရွာမှ (၁)မိုင်ခန့် ကွာဝေးသော သံလွင်မြစ်ကမ်းနဖူးတွင်ပင် တည်ရှိသည်။

ဝတ်ကြီးရွာမှာတော့ မဲ့ကရင်ရွာ၊ မုက္ကဒိရွာ စသည်ဖြင့် သံလွင်မြစ်ကမ်းနံဘေးအတိုင်း မြိုင်ကလေးရွာအထိ မော်တော်ဆိုင်ကယ်ဖြင့် သွားနိုင်သောလမ်းရှိသည်။

ထို့ပြင် ဝတ်ကြီးမှ လည်းကောင်း၊ မဲ့ကရင်မှလည်းကောင်း **ပါးဘိုးတော–ကမမောင်း–ဖာပွန်** ဆက်သွယ်ဖောက်လုပ်ထားသည့် ကတ္တရာကားလမ်းမကြီးသို့ ဆက်သွယ်ထားသော မြေသားလမ်း ကောင်းစွာ ရှိကြပါသည်။

ကော့ဖြိုင်တောင်တန်း၏ အနောက်ဘက်မှာ **ကြာအင်းပေါ်တော်မူတောင်တန်းကြီး** ရှိပါသည်။ ကော့ဖြိုင်တောင်တန်း၊ ကြာအင်းပေါ်တော်မူတောင်တန်း၊ မဲ့ကရင်+မုက္ကဒိတောင်တန်းများပေါ်တွင် ရှေးဦးလူသားများ နေထိုင်ခဲ့ကြသော အထောက်အထားများ တွေ့ရှိရပါသည်။

ထို့ပြင် မုတ္တမမိဖုရား ဦးဆောင်သော အဖွဲ့တစ်ဖွဲ့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤသံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ လိုဏ်ဂူကြီး၊ငယ်များတွင် စစ်ဘေး ရှောင်ပုန်းရင်း စေတီဘုရား၊ ရုပ်ပွား၊ ရုပ်တုများစွာ တည်ထားကိုးကွယ်ခဲ့ကြသည်။

သံလွင်မြစ် အနောက်ဘက်ကမ်းတွင် ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဘားကပ်ဂူ၊ ဘုရင့်ညီဂူ၊ ဓာတ်ကျိုက်ဂူ၊ ဝါးသိုးဂူ၊ ကော့ဖြိုင်ဂူ၊ မြိုင်ဂူ၊ ဝဲပျံဂူတို့မှာ ရှေးဟောင်း စေတီဘုရား ရုပ်ပွားရုပ်တု အထောက်အထားများစွာ ကျန်ရှိပါသည်။

အချို့ ဂူကြီး၊ဂူငယ် အချို့မှာတော့ ရှေးဟောင်း စေတီဘုရား ရုပ်ပွားရုပ်တု လုံးဝ မကျန်တော့လောက်အောင် မသမာသူများ၏ ခိုးယူဖျက်ဆီးခံထားရပြီဖြစ်သည်။

မဲ့ကရင်ကျေးရွာရှိ မဲ့ကရင်တောင် မြောက်ဘက်စွန်း တောင်စောင်းပေါ်မှ မြောက်ဘက်သို့ လှမ်းကြည့်လျှင် သံလွင်မြစ်အနောက်ဘက် ကမ်းနဖူးကမ်းမှ **"က" ပုံသဏ္ဌာန် ကော့ဖြိုင်တောင်တန်း**ကို တွေ့မြင်ရပါသည်။

ထိုတောင်တန်းတွင် ရှေးဟောင်းလိုဏ်ဂူများစွာရှိသည်။ ဘုရားရုပ်ပွားရုပ်တု များစွာရှိသော ကော့ဖြိုင်ဂူကြီးနှင့် ရှေးဟောင်း ဘုရားရုပ်ပွားရုပ်တုများ မရှိတော့သော်လည်း ရှေးဦးခေတ်လူသားများ ဂူတွင်းမှာ ကျောက်တုံးများကို စေတီကဲ့သို့ စုပုံကိုးကွယ်သည်ဟု ယူဆရသော ဖွဲ့ဂူတို့ကိုသာ ကျွန်ုပ်ရောက်ရှိဖူးပါသည်။

၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင်မှ ကျွန်ုပ်တစ်ကြိမ်မျှပင် မရောက်ဘူးသော၊ ရှိမှန်းပင် မသိခဲ့သော ရှေးဟောင်းလိုဏ်ဂူငယ်တစ်ခုသို့ ရောက်ရှိခဲ့ပါသည်။

ရှေးက ဤနေရာမှာ လုံခြုံငြိမ်းချမ်းမှု မရှိခဲ့သော နေရာဖြစ်၍ ကျွန်ုပ် မသွားရဲခဲ့ခြင်းကြောင့်လည်း ဖြစ်ပါ

www.burmeseclassic.com





◆ ကော့ဖြိုင်ဂူလေးအတွင်းရှိ အိပ်ဆောင်နားနေရန်နေရာ

◆ ကော့ဖြိုင်ဂူလေးအတွင်းရှိ ဘုရားခန်းနေရာ

သည်။ ယခုတော့ လုံခြုံငြိမ်းချမ်းနေပါပြီ။

မဲ့ကရင်ရွာမှ ကော့ဖြိုင်ရွာသို့ မော်တော်ဆိုင်ကယ်လမ်း အတိုင်း (၇)မိနစ်ခန့်သာ မောင်းရသော်လည်း ခြေကျင် လမ်းလျှောက်လျှင်တော့ မိနစ်(၂၀)ကျော်နာရီဝက်ခန့်ကြာပါသည်။

သံလွင်မြစ် အနောက်ဘက်ကမ်း နံဘေးအတိုင်း သွားရခြင်းဖြစ်၍ ရှုခင်း အလွန်ကောင်းပါသည်။ ကော့ဖြိုင် တောင်တန်း၏ အရှေ့ဘက် အစွန်ဆုံး တောင်ခြေမှာ သံလွင်မြစ်ကမ်းထိပ်နှင့် ပေ(၁၀၀)ခန့်သာ ကွာဝေးသည်။ လူသွားခြေကျင်လမ်း၊ ဆိုင်ကယ်လမ်းနှင့် သံလွင်မြစ်ကမ်းရေစပ်မှာ ပေ(၅၀)ခန့်သာ ကွာဝေးသည်။

ကော့ဖြိုင်ရွာသို့ ရောက်ခါနီး (၃)ဖာလုံခန့်အကွာတွင် လူသွားလမ်း၏ အနောက်ဘက် ပေ(၅၀)ခန့်အကွာမှ တောင်စောင်း၌ လိုဏ်ဂူဝင်ပေါက်တစ်ခုကို တွေ့ရှိရသည်။ လူသွားလမ်းဘေးမှ ထိုလိုဏ်ဂူဝရှိရာသို့ အင်္ဂတေလှေကားထစ်များ ပြုလုပ်ထားသည်။

ထိုလိုဏ်ဂူဝမှာ အဝိုင်းပုံဖြစ်ပြီး အရှေ့အရပ်သို့ မျက်နှာပြုထားသည်။ ဂူဝအမြင့်မှာ ပေ(၂၀)ခန့်သာရှိပြီး အကျယ်မှာလည်း ပေ(၂၀)ခန့်သာရှိသည်။ ဂူဝမှ ဂူတွင်းသို့ ပေ(၃၀)ခန့်မျှသာ အနက်ရှိသဖြင့် ဂူတွင်းမှာ အလင်းရောင် ရှိပါသည်။ ဂူတွင်းမှာ ခြောက်သွေ့သန့်ရှင်း အနံ့အသက်ကောင်းမွန်သည်။ မြေညှိပြုပြင်ထားသည်။ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ တရားထိုင်ခန်းဟူ၍ ခွဲခြားနိုင်အောင် ပြုပြင်ထားသည်။

ဘုရားခန်းမှာ ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတစ်ဆူ ပူဇော်ထားပါသည်။ ထိုနေရာမှာ ကျောက်စက်ပန်းဆွဲ အလှအပများရှိသည်။

ဤလိုဏ်ဂူငယ်ကို ကော့ဖြိုင်ဂူလေးဟုခေါ်သည်။ အကြောင်းမှာ ဤလိုဏ်ဂူ၏တောင်ဘက် (၂)ဖာလုံခန့်အကွာ တောင်စောင်းမှာ ရှေးဟောင်းဘုရားများနှင့် ကော့ဖြိုင်ဂူကြီး ရှိခြင်းကြောင့် ဖြစ်သည်။

ကော့ဖြိုင်ဂူလေးအတွင်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ယခုတိုင် အောင် ရသေ့၊ ရဟန်း၊ ယောဂီ၊ ဂန္ဓာရီပုဂ္ဂိုလ်ထူးများ မကြာခဏ လာရောက် သီတင်းသုံးကာ တရားအားထုတ် အဓိဋ္ဌာန်ဝင်ခဲ့ကြောင်း သိရသည်။ အဓိဋ္ဌာန်အောင်မြင်ကြောင်း သတင်းကောင်းများလည်း ရှိခဲ့သည်။

နှေခင်းဘက်တွင် ဤလိုဏ်ဂူရှေ့၌ တစ်ရွာနှင့်တစ်ရွာ ဖြတ်သန်းသွားလာသူများ အမြဲမပြတ် ရှိခြင်းကြောင့် လိုဏ်ဂူတွင် တရားအားထုတ်ခြင်းမရှိဘဲ လိုဏ်ဂူနှင့် မနီးမဝေး တောင်စောင်းတောအုပ်ထူရာ နေရာများတွင်သာ သွားရောက်တရားအားထုတ်ကြသည်။

ဆွမ်းအလို့ငှာ ဤဂူ၏ တောင်ဘက် (၂)ဖာလုံခန့်တွင် တောင်ယာတဲစုများ၌ သွားရောက်ဆွမ်းခံခြင်း၊ မြောက်ဘက် ကော့ဖြိုင်ရွာဖျားတွင် ဆွမ်းခံခြင်းများ ပြုကြသည်။

ညဘက်ရောက်မှသာ ဤလိုဏ်ဂူငယ်တွင် လာရောက်တရားအားထုတ်ခြင်း၊ ကျိန်းစက်ခြင်း ပြုကြသည်။ ထို့ကြောင့် ဤကော့ဖြိုင်ဂူလေးမှာ အမြဲသန့်ရှင်းသပ်ရပ်နေခြင်း ဖြစ်ပေသည်။

ကော့ဖြိုင်ဂူလေး၏ မြောက်ဘက် (၁)ဖာလုံခန့် တောင်စောင်း

www.burmeseclassic.com






◆ ကော့ဖြိုင်ဂူလေး မြောက်ဘက်တောင်စောင်းပေါ်ရှိ စေတီငယ်များ

ကော့ဖြိုင်ဂူတောင်စောင်းရှိ စေတီတော်တစ်ဆူ အောက်ခြေမှ အမိဋ္ဌာန်ဂူငယ် ▶

ကြီး(၄)ကြီးတောင်တန်း ကော့ဖြိုင်ဂူလေးသို့ လမ်းညွှန်မြေပုံကြမ်း




ကျောက်တုံး ကျောက်ခေါင်များပေါ်တွင်စေတီငယ်များကို ဖူးတွေ့ရပါသည်။

အချို့သော စေတီတော်များ၏ အောက်ခြေမှာ သဘာဝကျောက်တုံးကြီးများ စီထပ်လျက် အမိဋ္ဌာန်လိုဏ်ဂူငယ်များ ပြုလုပ်ထားကြသည်။ ထို အမိဋ္ဌာန် လိုဏ်ဂူငယ်များတွင်လည်း နေ့ခင်းဘက် သွားရောက်အမိဋ္ဌာန်ဝင်ကြောင်း သိရသည်။

ဤစေတီတော်များမှာ အမိဋ္ဌာန် အောင် သူတော်စင်များက အောင်စေတီတော်များအဖြစ် အမှတ်တရ တည်ထားခဲ့ကြသည့် ရှေးစေတီတော်များ ဖြစ်ပေသည်။

အမိဋ္ဌာန်အောင်စခန်းမှာ လူနေအိမ်ခြေတို့နှင့် မနီးလွန်း မဝေးလွန်းဖြစ်၍ ဆွမ်းမရှား၊ သံလွင်မြစ်ရေချိုအရင်းအမြစ်နှင့် နီးကပ်သဖြင့် ရေမရှား။ လေကွယ်မိုးကွယ် အနှောင့်အယှက် အဆူအညံမရှိ၊ ဆိတ်ငြိမ်အေးချမ်းသင့်တင့်လျောက်ပတ်သော နေရာထူးတစ်ခု ဖြစ်ပါသည်။

ကြီး(၄)ကြီးတောင်တန်းမှ အမိဋ္ဌာန်အောင်စခန်းတစ်ခုဖြစ်သော ကော့ဖြိုင်ဂူလေးသို့ ဂန္ဓာရီပုဂ္ဂိုလ်လောင်းများ လာရောက်စေချင်ပါသည်။ တရားထူးရှာပုဂ္ဂိုလ်များ သိရှိနိုင်ကြစေရန် လမ်းညွှန်ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

**မင်းကျော်ဦး (ဂရိုမြစ်တောင်တန်း)**

www.burmeseclassic.com



# ဏဘရုံ ဂါထာရဲ့ ဘေးမရှိ

မှူးစိန် (ခေတ္တ-မြိတ်)

စာရေးသူတို့ငယ်စဉ်အခါက အိမ်များ၊ ဘတ်စ်ကားများ၊ ကုန်တင်ကားကြီးများနှင့် အခြားကြီးငယ် အဆောက်အအုံများတွင် ဤကဲ့သို့(ဏ္ဍ) **ဏဘရုံ**ဟု ရေးသားထားကာ အိမ်ဝင်ပေါက် မြင့်မြတ်သောနေရာ၊ ကားများ၏ ဦးခေါင်း ရှေ့မှန်အထက်တွင် ယုံကြည်လေးစားသောသူများက ချိတ်ဆွဲထားကြောင်း တွေ့မြင်နေရပါသည်။

လူကြီးမိဘများ အဆိုရ(ဏဘရုံ) ဆိုသည်မှာ ဘေးမရှိဟုသာ ပြောဆိုကြသဖြင့် စာရေးသူမှလည်း ဘေးမရှိဟုသာ သိရှိထားပါသည်။

ယခုအခါမှာတော့ (ဏဘရုံ) အစား (ဏ္ဍ)အရဟံဟု ရေးသားချိတ်ဆွဲထားကြောင်း မြင်တွေ့နေရပါသည်။

တစ်နေ့သော် စာရေးသူ၏ဖခင်သို့ ဏဘရုံစာတမ်း ရေးဆွဲထားခြင်း အကြောင်းကို မေးမြန်းကြည့်ရာ ဤစာတမ်းလေးကို ယုံကြည်စွာ ရေးဆွဲချိတ်ထားခြင်းအားဖြင့် အန္တရာယ်ဘေးအပေါင်းမှ ကာကွယ်နိုင်ကြောင်း၊ လောကီအစီရင်သာဖြစ်ကြောင်း ရှင်းပြပါသည်။

ထို့ပြင် မည်ကဲ့သို့ ပေါ်ပေါက်လာရသည်ကိုလည်း ပုံပြင်လေးဖြင့် ရှင်းပြပါသည်။ သို့ပါ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အပေါင်းတွင်းမှ ကြားဖူးသူလည်း ရှိပါလိမ့်မည်။ မကြားဘူးသူလည်း ရှိပါလိမ့်မည်။

မမေ့မပျောက် ဗဟုသုတရစေခြင်း အလို့ငှာ ဖခင်ပြောပြခဲ့သော အကြောင်းအရာ ပုံပြင်လေးအား ထပ်ဆင့် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ဖခင်ပြောပြခဲ့သော ပုံပြင်လေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တစ်ခါတုန်းက ဗာရာဏသီပြည်ကြီး



မှာ ဒိသာပါမောက္ခဆရာကြီးတစ်ဦး ရှိသတဲ့။ အဲဒီဆရာကြီးထံမှာလဲ မင်းညီမင်းသားသုံးဦး ပညာသင်ကြားနေသတဲ့။

ဒီလိုနဲ့ ပညာလဲစုံလို့ တိုင်းပြည်ပြန်ရတော့မယ့်အချိန် ရောက်တော့ ဆရာကြီးထံ ခွင့်ပန်ကြားရတာပေါ့။

ဒိသာပါမောက္ခဆရာကြီးက...

'အေး...မင်းသားတို့ပြန်ရာ ခရီးလမ်းကြောင်းမှာ တောအုပ်တစ်အုပ်ရှိတယ်။ ဒီတောအုပ်ကို ဖြတ်ပြီး ပြန်မှ တိုင်းပြည်ကို ရောက်မှာပဲ။

ဒါပေမယ့် ဒီတောအုပ်ကိုပိုင်တဲ့ ဘီလူးသုံးဆယ်လဲ ရှိတယ်။ တောအုပ်ထဲရောက်ရင် ဒီဘီလူးသုံးဆယ်က ဖမ်းပြီး တိရစ္ဆာန်တွေကို တော့ သတ်စားကြတယ်။ လူတွေကိုတော့ ပညာစမ်းကြတယ်။

သူတို့စမ်းတဲ့ပညာကို ဖြေရှင်းနိုင်ရင် အသက်ဘေးက ကင်းအောင် ကာကွယ်ပေးတယ်။ မရှင်းနိုင်ရင်တော့ စားပစ်တာပဲ။ သူတို့မေးတဲ့ ပုစ္ဆာကိုလဲ ဆရာကြီး သိထားတယ်။

ဒီတော့ မင်းသားတို့ ဒီတောအုပ်ကို ဖြတ်ရင် ဘီလူးတွေအန္တရာယ်က ကင်းအောင် ဆရာကြီးက ပညာပေးလိုက်မယ်ဆိုပြီး မင်းသားသုံးယောက်ကို တိုးတိုးတိတ်တိတ် ပညာသင်ပေးလိုက်သတဲ့။

ဒီလိုနဲ့ ပြန်ရမယ့် အချိန်ရောက်တော့ မင်းသားသုံးယောက်က ဆရာကြီးကို ဝတ်ဖြည့်ဆည်းပြီး ပြန်လာကြသတဲ့။

ဆရာကြီးပြောတဲ့ တောအုပ်ရောက်တော့ ဘီလူးသုံးဆယ်က အလျှိုအလျှို ပေါ်လာကြသတဲ့။ ဒီတော့ ခေါင်းဆောင်ဘီလူးကြီးက...

'ဟေ့...ငါတို့ရဲ့ ပိုင်ရာဆိုင်ရာ တောအုပ်ထဲကို ဖြတ်လာတဲ့ သတ္တဝါတွေ အားလုံးကို ငါတို့က ဖမ်းစားကြတယ်ဆိုတာ မသိကြဘူးလား။

မောင်မင်းတို့လို လူသားတွေကိုတော့ ချက်ချင်း မစားဘူး။ ပုစ္ဆာမေးပြီးမှ မဖြေရှင်းနိုင်ရင်တော့ ခွင့်မလွှတ်ဘူး၊ စားမှာပဲ။

www.burmeseclassic.com

ဖြေရှင်းနိုင်ရင်တော့ လမ်းတစ်လျှောက်လုံး အန္တရာယ်ကင်းအောင် ဘေးကင်းအောင် ငါတို့က စောင့်ရှောက်မယ်'

လို့ ပြောဆိုသတဲ့။

ဒီတော့ မင်းသားသုံးယောက်ကလဲ...

'အသင်ဘီလူးကြီး... ကျွန်ုပ်တို့သည်ကား သာမန်လူသားများမဟုတ် ပညာတတ်သော လူသားများသာ ဖြစ်တယ်။ သူတို့ ပညာစမ်းချင် စမ်းလော့'

လို့ ရဲရဲဝံ့ဝံ့ တုံ့ပြန်လိုက်တယ်။

ဆရာကြီးက ပညာကို တိုးတိုးတိတ်တိတ် သင်ပေးထားတယ်မဟုတ်လား။

ဒီတော့ ခေါင်းဆောင်ဘီလူးကြီးက...

'တို့ ဘီလူးသုံးဆယ်ရှိတယ်။ ပတ်ချာလည်ဝိုင်းပြီး တန်းစီလိုက်'

လို့ အမိန့်ပေးလိုက်တော့ ဘီလူးတွေက မင်းသားသုံးယောက်ကို ဝိုင်းပြီး တန်းစီရပ်လိုက်ကြသတဲ့။

ဒီတော့ ခေါင်းဆောင်ဘီလူးကြီးက ဘီလူးတစ်ယောက်ကို မှတ်ထားပြီး...

'ဟောဒီဘီလူးက အစပြီး တစ်၊ နှစ်၊ သုံး၊ လေး တစ်ဆယ်အထိပဲ ရေတွက်မယ်။ တစ်ဆယ်ကျတဲ့ နေရာတိုင်းက ဘီလူးဖြစ်ရင် ဘေးထွက်ထိုင်၊ လူဖြစ်ရင်တော့ ချမ်းသာမပေးဘူး စားပစ်မယ်။

ကဲ...မင်းသားတွေ ကြိုက်ရာနေရာမှာ ဘီလူးတွေအကြား ဝင်ရပ်ပေတော့၊ ရေတွက်တိုင်း ရေတွက်တိုင်း တစ်ဆယ်ကျရင် စားမှာပဲ'

လို့ ပြောသတဲ့...

ဒီတော့ မင်းသားသုံးယောက်ကလဲ ဒိသာပါမောက္ခဆရာကြီး သင်ပေးလိုက်တဲ့အတိုင်း ဘီလူးတွေအကြား ဝင်ပြီး နေရာယူကြသတဲ့။ နေရာမှန်ယူလဲ ပြီးရော...


'ကဲ...ဘီလူးခေါင်းဆောင်ကြီး သင် သတ်မှတ်ပေးထားတဲ့ ဘီလူးက စတင်ရေတွက်ပေတော့ သင်တို့သာ ကတိစကား တည်ပါစေ'

လို့ ပြောပြီး ရေတွက်ခိုင်းသတဲ့။

ဒီနေရာမှာ စာရေးသူဖခင်က ဒိသာပါမောက္ခဆရာကြီး သင်ပေးလိုက်တဲ့ အဖြေကို ထုတ်ပြတယ်။

**ဘီလူးက (၃၀) သုံးဆယ်၊ မင်းသားက (၃)သုံးယောက်ဆိုတော့ အားလုံးပေါင်း (၃၃)ဦးရှိတယ်။ တို့မြန်မာစာထဲမှာလဲ "က""ကနေ""အ""အထိ ဗျည်းသုံးဆယ့်သုံးလုံးရှိတယ်။ အဲဒီဗျည်းသုံးဆယ့်သုံးလုံးကို အောက်ပါအတိုင်း စက်ဝိုင်းပုံနဲ့ ရေးဆွဲပြတယ်။**

***



အဲဒီ ရေးဆွဲထားတဲ့ ဗျည်းသုံးဆယ့်သုံးလုံးထဲမှာ **(ဏ.ဘ.ရ)**ဆိုတဲ့ နေရာတွေမှာ မင်းသားသုံးယောက်က ဝင်ပြီး နေရာယူရပ်ကြတာပဲ။

ခေါင်းဆောင်ဘီလူး စတင် သတ်မှတ်တဲ့နေရာက **"က"** နေရာပဲ။ အဲဒီ "က"နေရာကစပြီး တစ်ကနေ တစ်ဆယ်အထိ ရေတွက်ကြည့်ရင် တစ်ဆယ်ကျတဲ့ နေရာတိုင်းဟာ ဘီလူးတွေချည်း ဖြစ်နေမှာပဲ။

ဒါကြောင့် ဘီလူးတွေအားလုံး ထွက်ပြီး နောက်ဆုံး မင်းသားသုံးယောက်ပဲ ကျန်နေလိမ့်မယ်။ ကဲ...မင်းလက်တွေ့ ရေတွက်ကြည့်စမ်း။

မှန်ပေသည်။ လက်တွေ့ ရေတွက်ကြည့်ရာ **(ဏဘရ)**နေရာ သုံးနေရာသာ ကျန်နေပါသည်။

**ဒါကြောင့်(ဏဘရ) ဆိုတဲ့နေရာတွေဟာ ဘေးမရှိဘူးလို့ သတ်မှတ်ပြီး လောကီပညာရှင်ကြီးတွေက (ဏဘရ) ရယ်လို့ စီရင်ပြီးသုံးစွဲကြတာပေါ့လို့ ပြောဆိုသွားကြောင်းပါ ခင်ဗျာ။**

ကဲ...စာဖတ်သူ ပရိသတ်အပေါင်းမှလည်း လက်တွေ့ ရေတွက် စမ်းသပ်ကြည့်စမ်းပါ။ ဏဘရ ဘေးမရှိကြောင်း တွေ့ရှိပါလိမ့်မည်ခင်ဗျား။

စာရေးသူမှ ထပ်ဆင့် အကြံပြုလိုသည်မှာ ဤစက်ဝိုင်းတွင်အား စက္ကူပေါ်တွင် ရေးဆွဲ၍ မကြာခဏ ရေတွက်ကြည့်စမ်းပါ။

မူလပထမအကြိမ် စမ်းသပ်စဉ်က မကြာခဏ မှားယွင်းတတ်သလို တဖြည်းဖြည်း စိပ်လာလေ မှားယွင်းလေ ဖြစ်တတ်ပါသည်။

ဒီတော့ စိတ်ပျံ့လွင့်မှု နည်းလာပြီး နောက်ဆုံး စိတ်တည်ငြိမ်လာကာ သမာဓိအား ပိုမို ကောင်းမွန်လာပါလိမ့်မည်။


အိမ်၌ ကလေးသူငယ်များရှိပါကလည်း ဤပုံပြင်လေးအား ပြောပြပြီး ဤနည်းဖြင့် ကလေးငယ်များအား လက်တွေ့ ရေတွက်ခိုင်းပါက ကလေးငယ်များလည်း ဗဟုသုတတိုးပွား၍ ကစားစရာ ပဟေဠိကဲ့သို့ စိတ်ဝင်စားလာနိုင်ပါသည်။

ကြာလျှင် စိတ်တည်ငြိမ်လာ၍ ဉာဏ်ရည်၊ ဉာဏ်သွေးများ ထက်မြက် ရှင်သန်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုလိုက်ပါသည်။

ဦးစိန်(ခေတ္တ-ပြတ်)

www.burmeseclassic.com

www.burmeseclassic.com



▲ သက်တမ်း(၂၀၀)ရှည်ဆေးနည်းပေးသော ဦးပဍ္ဍင်းအရှင်ဝါသေဌ ချောင်းကြီးကျောင်းတိုက် တနင်္သာရီမြို့.



▲ သက်တမ်း(၂၀၀)ရှည်ဆေးများ လုံးထားပုံ

# သက်တမ်း(၂၀၀) သက်ရှည်ဆေးတော်ကြီး

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့သို့ ပူဇော်မှုအခမ်းအနားတစ်ခုသို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရပါသည်။

အလွန်လှပသော နန်းမြို့ဟောင်းကြီးတစ်မြို့အဖြစ် အံ့သြစွာ တွေ့ရှိရပြီးနောက် တနင်္သာရီမြို့ တစ်မြို့လုံးသို့ လှေ့လာကြည့်ရှုရင်း ချောင်းကြီးကျောင်းတိုက်သို့ရောက်ရှိသွားပါသည်။

ထူးခြား ဘုရားသိမ်ကျောင်းတို့ကို လှေ့လာဖူးမြော်ရင်း ဆေးပင်၊ ဂမုန်းပင်များ အစုံစိုက်ထားသော အရံကျောင်းငယ်လေးရှေ့သို့ ရောက်လာသောအခါ လိုက်ပြသော ဆရာတော်အား မေးမြန်းမိပါသည်။

ဦးပဍ္ဍင်းအရှင်ဝါသေဌ၏ မြန်မာတိုင်းရင်းဆေးဝါသနာ သုတေသနပြုခြင်း၊ တိုင်းရင်းဆေးများ ဖော်စပ်ခြင်း၊ ဝေဒနာတစ်ခုဖြစ်ပါက ဦးပဍ္ဍင်းအရှင်ဝါသေဌအား မေးမြန်းလျှင် ဆေးနည်းများပေးတတ်ကြောင်း သိရှိရသဖြင့် ကျွန်မသည်လည်း တိုင်းရင်းဆေးဝါသနာပါသည့် အားလျော်စွာ ဦးပဍ္ဍင်းအရှင်ဝါသေဌထံမှ နည်းနာခံ၍ ဆေးနည်းများ ရေးမှတ်ခဲ့ပါသည်။

ထိုဆေးနည်းများမှ အလွန် စိတ်ဝင်စားစရာကောင်းသော သက်တမ်း(၂၀၀)ရှည်ကြာ သက်ရှည်ဆေးနည်းကို ရရှိခဲ့ပါသည်။

**လက်တွေ့ဆေးနည်းပေးသော အတိုးမှာ အသက်(၉၀)နှစ်ရှိပြီ ဖြစ်သော်လည်း တောင်တက်ခြင်း၊ ဆေးပင်များရှာဖွေခြင်း သစ်မြစ် ကရမက်၊ တောတောင်ထွက် ပစ္စည်းများ ရှာဖွေလုပ်ကိုင်ဆဲ၊ ကျန်းမာသန်မာ ဖျတ်လတ်ဆဲဟု သိရပါသည်။**

ဦးပဍ္ဍင်းအရှင်ဝါသေဌက သူ ကိုယ်တိုင် ဖော်စပ် သုံးစွဲလျက်ရှိကြောင်းနှင့် ဖော်စပ်ပြီးသား ဆေးပုလင်းကို ယူထုတ်ပြပါသည်။

ဆေးဖော်စပ်နည်းကို ဦးပဍ္ဍင်းအရှင်ဝါသေဌထံမှ စွန့်လှူပါသဖြင့် ဆေးသုတေသီများ ဖော်စပ်စားသုံး လှေ့လာနိုင်ပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသား မျှဝေ လှူဒါန်းလိုက်ပါသည်။

## အသက်(၂၀၀)ရှည် ဆေးနည်း လိုအပ်သော ဆေးမည်များ

၁။ ဆေးဒန်း (၁၀)ကျပ်သား
၂။ နနွင်းတက်အစို (၃၀)ကျပ်သား
၃။ နွားနို့စစ်စစ် (၅)ပိဿာ

**ဖော်စပ်နည်း**

ဆေးဒန်း(၁၀)ကျပ်သားနှင့် နွားနို့(၅၀)ကျပ်သားကို နေပူမှာ နေနှင့်ချက်ပါ။ (မီးဖြင့် မချက်ရပါ) နွားနို့ တစ်နေ့(၅၀)ကျပ်သားနှုန်း နေ့စဉ် နေဖြင့် ချက်ရပါသည်။

နွားနို့(၅၀)ကျပ်သားစီ နေ့စဉ်ရောထည့်၍ နေဖြင့် ချက်ပါ။ နွားနို့(၅) ပိဿာပြည့်အောင် နေ့စဉ် နေဖြင့် ချက်ပြီးသော်၊ နနွင်းတက်အစိုကို ကြိတ်၍သော်ဖြစ်ဖြစ်၊ ထောင်း၍သော် ဖြစ်ဖြစ် နောက်ဆုံးမှ ထည့်၍ နေဖြင့် ချက်ရပါသည်။

ဆေးလုံးလို့ရသော အနေအထားသို့ရောက်မှ ဆေးလုံးကလေးများ လုံးကာ တစ်နေ့ သုံးလုံး မှန်မှန်စား သွားရပါသည်။ ဦးပဍ္ဍင်းအရှင်ဝါသေဌ ကိုယ်တိုင် စားပြပါသည်။ အမြဲစားသုံးနေပြီဖြစ်ကြောင်း မိန့်ပါသည်။

ဦးပဍ္ဍင်းအရှင်ဝါသေဌမှာ သက်တော်(၄၀)ခန့်ရှိမည်ဟုခန့်မှန်းရပါသည်။

ဤအသက်ရှည်ဆေးသည် ဓာတ်ဆေးလည်း ဖြစ်ကြောင်းနှင့် ဝိဇ္ဇာလိုင်းလိုက်သူများနှင့် အထူး သင့်တော်ကြောင်း၊ ဝိဇ္ဇာပညာ၏ အထောက်အပံ့ကိုလည်း ဖြစ်စေကြောင်း မိန့်တော်မူပါသည်။

ဆေးကောင်းလေးတစ်ဖုံ ဖော်နည်းနှင့် သိဒ္ဓိထူးကြောင်း သိရသည်မို့ ဦးပဍ္ဍင်းအရှင်ဝါသေဌထံ ခွင့်တောင်း ရေးသားလိုက်ရပါသည်။

***သက်ရှည်ကျန်းမာ သာသနာပြုနိုင်ကြပါစေ။***

**သီတာဆန်း(မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျန်းမာရွှင်လန်း အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသား အားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှော်သည်လဲပါလာတာကိုး၊ ဟဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ဟဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ တိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း အက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မှန်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com




အံ့ဖွယ်ထွန်းခေါင် ဇောတိတစ်ထောင်

# သဒ္ဓမ္မဇောတိကဓဇ အရှင်ဝိမလ

(ရေဆွမ်းဆရာတော်)

ရွှေဇော်မြ
မောင်ကြည်သိန်း



သဒ္ဓမ္မဇောတိကဓဇ အရှင်ဝိမလ (ရေဆွမ်းဆရာတော်)

မြူနှင်းတို့ဝေသည့် ဆောင်းလခါ သမယ နေ့ရက်က (၂၄-၁၂-၂၀၁၆) နံနက်စောစော လမ်းလျှောက်ထွက်ရင်း ရွာသစ်လမ်းထဲက အစ်ကိုကြီး အောင်ချစ်ကြည်(ကြို့ပင်ကောက်) အိမ်ဝင် နှစ်ဦးသား တာလမ်းကြီးရှိ "စမ်းသီတာကဖေး"အရောက်သွားခဲ့ကြသည်။

ထိုစဉ်...

'စာရေးဆရာ ရှာလိုက်ရတာ၊ အိမ်ဝင်မေးတော့ အပြင်ထွက်သွားတယ်တဲ့'

'ဟုတ်ပဲ့ဗျာ'

'စာရေးဆရာ အားရင် ပြည်သွားမယ် လိုက်မလား'

'လိုက်ရတာပေါ့ဗျာ'

လက်ဖက်ရည်ဆိုင်က လူတွေနှုတ်ဆက်၊ နှစ်ယောက်သား ဆိုင်ကယ်တစ်စီး နှစ်ယောက်စီးလို့ ခရီးနှင်နေတာက ခေတ္တရာ အသရေမချို့တဲ့ ပြည်မြို့၊ ဒီကနေ့ မြို့သစ်။

'ဒီပါအေးမြဆရာတော် ဝင်ဖူးမယ် ကိုကြည်သိန်း'

'ဟုတ်ကဲ့ပါဗျာ'

ကျောင်းဝင်းကြီးကလဲ ကျယ်လှပါဘိ ခန့်မှန်း(၅)ဧကလောက်ရှိမည် ဆောက်လုပ်ဆဲကျောင်းကြီး အလှူရှင်က (Lucky Dragon)တဲ့။

'ဆရာတော် ရွာပြန်ကြွသွားတယ်။ ညနေမှရောက်မှာ ကျောင်းဆရာ'

ဦးပဥ္စင်းတစ်ပါး ထွက်လာပြီး ပြောပြခဲ့လေသမျှ သဲရေကျပေါ့။ လိုက်ပို့ရှာတဲ့ ကိုသက်လွင်က ဟိုယခင်က B.A ကျောင်းဆရာ၊ ခုတော့ ဟသ်ာဆန်စက် မန်နေဂျာ၊ စာရေးသူအိမ်ရှေ့ လှမ်းခေါ်ရင် ကြားရသလား မမေးနဲ့။

'ကဲ... စာရေးဆရာ ထမင်းတော့ တံတားထိပ်က ကြက်ကာလသား ကြက်သောက်ဆမ်းဆိုင် ဝင်စားမယ်၊ ပြီးရင် ရွှေဘုံသာမုနိသွားမယ်'

'ကောင်းပါလေ့ဗျာ'


ရွှေဘုံသာမှာ နှစ်နာရီကြာ ပြောကြဆိုကြ၊ လူတွေဆိုနည်းပါရိုးလား။ များ






www.burmeseclassic.com

www.burmeseclassic.com





◆ ဗောဓိတစ်ထောင်ဘုရား ကောင်းကင်မြင်ပုံ အလှ

အုံ့မှိုင်းလွှမ်းခြုံခြင်း ဗောဓိတစ်ထောင် စေတီတော်မြတ် [illegible] ◆

မှာပေါ့။ **"မပြစိမ်း မွေးနေ့ပွဲတော်"**တဲ့။

'လာဗျာ ပန်းတောင်းဘက်သွားကြမယ်'

တဖြည်းဖြည်း မောင်းလာခဲ့ပြီ။ ဆီး(ဖီး)တောကြီးကလဲ ရေတွက်မကုန်များလှပါဘိ၊ တောင်ကတုံးတွေတောင်သျှောင်ထုံးနေပါပေါ့လား။

'ကိုယက်လွင် ဟိုမှာ ဗောဓိတစ်ထောင်သို့... တဲ့ သွားလိုက်ရအောင် ခင်ဗျားရော ကျွန်တော်ပါ မရောက်ဖူးဘူး'

'ကောင်းပါပေ့ဗျာ'

'တစ်တောဝင်ထွက်၊ တစ်ကုန်းတက်၍ တစ်နေဝင်လျှို၊ တစ်မိုးသောက်သော်ဆိုတဲ့ တောလားထဲကလို၊ တောင်ကြောလမ်းလေး ပြေးတက်လိုက်၊ ပြန်ဆင်းလိုက်၊ ဝဲယာမှာက သက်နုကျောက်တောင်၊ မြေကမြေနီ ကျောက်စရစ်မြေ သနပ်ခါးများစိုက်လိုက်ရလိုက်တော့ကောင်းမှကောင်း။

သွားနေတာက **ကံမ၊ သရက်ဆီလမ်းကြီးက** ကတ္တရာလမ်းဖြူးလို့ အဆင်းများ လှိုင်းစီးရသလို သိမ့်ခနဲတုန်... နဝဒေးတံတားကြီးထိပ်ကနေ ဘာဝေးလို့လဲ (၇)မိုင်တည်းရယ်ပါ။ မိနစ်(၃၀)ခန့်နဲ့ ရောက်ပြီ။

တောင်ပေါ်တက်မယ့်လမ်းက နည်းနည်းမတ်တော့...

'စာရေးဆရာက လှေခါးထစ်ဖြတ်လမ်းကတက်၊ ကျွန်တော်က ဆိုင်ကယ်နဲ့ တက်မယ်။ နှစ်ယောက်ဆို ရုန်းမယ်မထင်လို့ပါ'

"ရပါတယ်ဗျာ ကျွန်တော်က တောသားပါဗျ" ဒီလိုသာ ဆိုရတယ် လှေကားထစ်(၇၀)ကျော် တစ်ဝက်ရောက်တော့ ညာဒူးက မျက်ခနဲဖြစ်၊ တတ်နိုင်ဘူးလေ၊ ဘုရားဖူးချင်လို့ လာတာ ယောကျ်ားတို့ လုံ့လသေခါမှ လျှော့ရမယ်ပေ့ ဆိုပြီး တက်လာလိုက်တယ် ပေါ်ရောက်ပြီ သောက်ရေအိုးက အေးမြကြည်လင်တဲ့ ရေကြည်တစ်ခွက် အဝသောက် အမောဖြေ။

'ရော့ စာရေးဆရာ အမောပြေ ဆီးသီးနှစ်လုံးစားပါဦး' တဲ့။

'သမီးလေး ဘုန်းဘုန်းဝင်ဖူးလို့ရလား'

'ရပါတယ်လေးလေး ဟိုတံခါးပေါက်က ဝင်သာသွားပါ'

ကျောင်းကြီးထဲဝင်၊ ဖျာလေးပေါ် ထိုင်ကြည့်လိုက်တော့ ဗုဒ္ဓမြတ်စွာဘုရား၊ ပြီးတော့ သာမညတောင်ဆရာတော်ကြီးပုံတော် ရုပ်တုကြီးဘေးနားက အဘဘိုးမင်းခေါင်။ ဖူးထိုက်လို့ ဦးခိုက်မိပါတယ်။ ဘာလို့ဆို စာရေးသူ သာမညဆရာတော်ကြီးတစ်ခါမှ မဖူးဘူးလို့ပါ။

ထိုစဉ် ဆရာတော်ကြီး ကြွလာခဲ့ပါပြီ။ အရပ်(၅)ပေခန့် အင်မတန် ပိန်သွယ်နေပါတယ်။ ရေချိုးထွက်လာသည့် ထင်ပါတယ်။

'ဆရာတော်ဘုရားက ဒီဓာတ်ပုံထဲက ရေဆွမ်းဆရာတော်ဦးဝိမလလားဘုရား'

'ဟုတ်တယ် ဒကာတော်'


'ပုံတော်ထဲကနဲ့ ကွာခြားနေလို့ပါ'

'ကျန်းမာရေးမကောင်းလို့(၁၃)ရက် ဆေးထိုး၊ ဆေးစားနေရတယ်။ ပြန်ကောင်းလာတာ (၇)ရက်ပဲ ရှိသေးတယ် ဒကာ'

'တင်ပါ့ဘုရား ရာသီဥတုကလဲ အေးမြလှပါတယ်။ ပြီးတော့ တောင်

www.burmeseclassic.com





တောင်ဘက်ဆောင် အဝင်လမ်းမှ မုခ်ဦးကြီးပုံ

ဒီပါအေး ရှေးဟောင်းဆိုင်တော်ကြီး

ပေါ်ဆိုတော့ လေတဟူးဟူးနဲ့ ကျန်းမာရေး ဂရုစိုက်ပါဘုရား။ တပည့်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းမှာ ပင်တိုင်ရေးနေပါတယ်ဘုရား။ အရှင်ဘုရား ထေရုပ္ပတ္တိရေးချင်လို့ပါ ရေးခွင့်ပြုပါဘုရား'

'ရေးပါ ဒကာတော် ဒါလဲ သာသနာပြုခြင်းတစ်မျိုးပေါ့ ဒကာတော်'

ဆိုပြီး အလျား(၁၄)လက်မခန့်၊ အနံ(၇)လက်မခန့် လက်စင်းရာပါ အုတ်ခဲကြီး မ,လာပြတယ်။

'ဒါ ဒီဘုရားအုတ်ပုံကြီးက တစ်ခဲပေါ့'

'တင်ပါ့ဘုရား'

ထိုစဉ် ကိုသက်လွင်က...

'စာရေးဆရာ ဆရာတော် ရေချိုးပါစေဦး၊ အအေးမိနေဦးမယ်။ ရေချိုးပြီး တစ်ခါ ပြန်ဝင်ကြတာပေါ့'

'အင်းပါဗျာ'

ဆရာတော်ကြီးက မဆိုင်းမတွ ပုံတော်သေး (၁)ခု၊ (၂၇)လုံး သလင်းပုတီး(၁)ကုံးစီနဲ့ ဒီပါအေးစေတီပုံတော်တစ်ချပ်စီ ကြည်သာရွှင်ပျ ဝေငှပေးရှာတယ်။

ပဋ္ဌာန်းဆက်များလားမသိ၊ စာရေးသူတို့ကို ညီအစ်ကိုများသဖွယ် ပျူငှာရွှင်ပျ ရှင်းပြနေသည်မှာ...

**ဆရာတော်ကြီး**

**ခမည်းတော်၊ မယ်တော်အမည်**

ဘုန်းဘုန်း ခမည်းတော်က ဦးမောင်တင်၊ မယ်တော်ကြီးက ဒေါ်ကြိုင်။ **သက်တော်က (၅၂)နှစ် မွေးသက္ကရာဇ်က ၁၃၀၆ ခုနှစ်၊** ဇာတိက ရန်ကုန်မြေနီကုန်း ရတနာပုံရုံအနီး။ ခမည်းတော်ကြီး ဦးမောင်တင်(၁၉၈၀)ပြည့်နှစ်မှာ ကွယ်လွန်ပြီး မယ်တော်ကြီး ဒေါ်ကြိုင်က (၁၉၈၂)ခုနှစ်မှာ ကွယ်လွန်ခဲ့ပြန်ပါသည်။

**သာမညတောင်မဟာ ထွက်ခွာလာ**

'အရှင်ဘုရား သာမညရောက်တော့ ဘယ်လိုတာဝန်ယူပါသလဲ'

'ဘုန်းဘုန်း သာမညတောင် ရောက်တော့ လမ်းရှင်းရတဲ့ ရဟန်းပေါ့ ဒကာတော်။ သာမညဆရာတော်ကြီးဆီ ပို့ပေးရတယ်။ ဒီတော့ ဝတ္ထုငွေကြေးနည်းနည်းရတာပေါ့'

ဆရာတော်ကြီးက ဟိုရှေးက အဖြစ်အပျက်တွေ ပြန်တွေးမိပြီး ပြုံးရယ်ပြတယ်။

အဲ...၁၉၈၅၊ ၈၆၊ ၈၇ ဒီသုံးနှစ်လဲ ရောက်ရော **သာမည ဆရာတော်ကြီး** က...

'ဟဲ့ ဝိမလ...နင် ဆွမ်းပုပ်ဆွမ်းသိုး စားနိုင်လား'

'စားနိုင်ပါတယ် ဘုရား'

'အေး... ဒါဆိုကောင်းပြီ နင့်ကို ငါ အကျင့်ကောင်းတစ်ခု ပေးမယ်၊ ယူနိုင်မလား'

'ပေးရင် ယူပါတယ်ဘုရား'

'ဟုတ်ရဲ့လား ဝိမလ'

'ဟုတ်ပါ့ဘုရား'

'အေး... ဒါဆို **ဆွမ်းမစားဘဲ ရေဆွမ်း**နဲ့ ပြီးနိုင်မလား'

'ပြီးနိုင်ပါတယ်ဘုရား'

'ကဲ...ဒါဆိုရင် အရဟ်လား နေ့ဆွမ်းလား'

'အရုဏ်ပါဘုရား'

'အေး... ကောင်းပြီ ဆိုပြီး မနက်အရုဏ်လဲရောက်ရော မှတ်ခွက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ခွက် လာချပေးတယ်။ ပြီးရင် **မေတ္တာသုတ်(၁၀၈)ခေါက်ရွတ်'**

''တင်ပါ့ဘုရား'' ဆိုပြီး ရေဆွမ်း မတ်ခွက်ကြီးတစ်လုံး မော့ပြီး ရွတ်ပွားတော့တာပေါ့။

ဘုန်းဘုန်းက နေ့လယ်မှာ ဆွမ်းဖြစ်ဖြစ်၊ သစ်သီးဖြစ်ဖြစ် ဘုဉ်းပေးရမယ်ထင်ပြီး လွယ်လွယ်နဲ့ ကတိပေးမိတာ မှားမှန်းသိတယ်'

'ဘာပြုလို့လဲဘုရား'

'တစ်နေ့လုံးမှ ဒီရေဆွမ်းတစ်ခွက်ပဲ ဘုဉ်းပေးရတာကိုး ဒကာရဲ့၊ တစ်နပ်ဆွမ်း ''ကေသနိတ်'' ဆိုတဲ့ သဘောပါ'

## ဒုက္ခလှလှ တွေ့ရပြီ

'ပထမ(၁)ရက်၊ (၂)ရက်၊ (၃)ရက် ဘာမှမဖြစ်သေးဘူး ဒကာကြီး၊ အဲ... (၄)ရက်လဲ ရောက်ရော မခံမရပ်နိုင်တော့ဘူးဒကာ။ (၅)ရက်မှာတော့ နားထဲက လေတွေထွက် မျက်စိတွေပြာ (၇)ရက်ပြည့်တော့ ခဏနားရတယ်။ နောက်ထပ်(၉)ရက်ကျင့်တဲ့။

အရှုံအစား နေ့ရေဆွမ်းပေးပါ ဘုရားဆိုပြီး ပြောပြီး အချိန်ပြောင်း (၁၄)ရက်မှာတော့ ''ဆေးရုံ'' တက်ရရော ဒကာရေ'

ပြုံးရယ်ပြရှာတယ်။

'နောက်တော့ ထမင်းကို ရေဆမ်းဆားဖြူးပြီး (၂၇)ရက်၊ စတီးဇွန်းနဲ့ (၂၇)ဇွန်း ဘုဉ်းပေးခိုင်းတယ်'

'ဝိမလ ခံနိုင်သေးရဲ့လား'

'မရတော့ဘူးဘုရား'

## နင့်ဩဖီး နင်လျှောက်တော့ ဝိမလ

တစ်နေ့ သာမညဆရာတော်ကြီးက...

'ဝိမလ... နင် ငါ့လက်အောက်မှာ နေလို့ကတော့ တရားမရ၊ ဒီဘဝဒီမျှနဲ့ ကုန်ဆုံးတော့မယ်။ ငါ့အရိပ်အောက်ကနေ ထွက်ခွာပြီး သာသနာပြုချေတော့'



ဘုန်းဘုရားဦးဝိမလ၏ ကျေးဇူးတော်ရှင် သာမညဆရာတော်ကြီး [illegible]



[illegible] ရှင်ဝိမလပုံတော်

ဝမ်းသာဝမ်းနည်း ရှိခိုးဦးခိုက်လို့ ခေါင်းငိုက်စိုက်ချပြီး သပိတ်တစ်လုံး၊ သင်္ကန်း(၁)စုံနဲ့ ပြည်မြို့ကို စွန့်ခဲ့ရှာပြီ။

## သရေခေတ္တရာ ရောက်ခဲ့ရှာ

လေးဆူဓာတ်ပျော် ရွှေဆံတော်ဘုရားကြီး ဝတ်ပြုဆုတောင်းပြီး ဂေါပကလူကြီးတွေထံသွား ''ဒကာတော်တို့ ဦးပဥ္စင်း ဒီမှာ (၁)ပတ် ကျိန်းခွင့်ပြုပါ'' ဆိုတော့...

'မဖြစ်ဘူးဘုရား (၃)ညတော့ တည်းခိုခွင့်ပြုပါတယ်'

နောက်နေ့လဲရောက်ရော...

'ဘုန်းဘုရား (၇)ရက် နေခွင့်ပြုပါတယ်ဘုရား'

'သာဓု...သာဓု...သာဓု'

## ရှင်အဖွဲ့ဂေါဏ ကြွလို့လာ

(၇)ရက် ပြည့်တဲ့ ည(၁)ချက်တီးမှာ ''ဒေါက်...ဒေါက်...ဒေါက်'' ဘုန်းဘုန်း တံခါးဖွင့်ပေးလိုက်တော့ ရဟန်းတစ်ပါး ဖြစ်နေတယ်။ သက်တော်(၄၀)ခန့်ပေါ့။ ဘုန်းဘုန်းလဲ ဝတ်ပြုပြီး မော့မကြည့်မိဘူး။

'ဝိမလ...နင်ဒီကမကြွသေးဘူးလား'

'ဘယ်ကို ကြွရမှာလဲ ဘုရား'

ပြတင်းတံခါး ဖွင့်ပြီး...

'ဟိုးက စေတီပျပျ မြင်ရတဲ့တောင် သိလား'

'မသိပါဘူး ဘုရား'

"အမယ် ဒီကောင် တော်တော် အ,သားလား။ အဲဒါ ဖိုဦးတောင်ကွ"

ဘုန်းဘုန်းလဲ တော်တော် ဒေါသထွက်သွားတယ်။ ငါထက်ငယ်တဲ့ ဦးပဥ္စင်းက ''မင်းနဲ့ငါနဲ့'' ဆိုတော့ သေချာ မော့ကြည့်ပြီး ပြန်ပြောမယ် လုပ်တော့...

'မျက်လုံးက ဘယ်တစ်လုံး၊ ညာတစ်လုံး တစ်လုံးနဲ့တစ်လုံး အရွယ်အစား မတူဘူး။ ဒကာ မျက်လုံး(၂)မျိုးနဲ့'

'ဟာ...ဒါဆို ရှင်မဟာခေါ် ရှင်အဖွဲ့ဂေါဏပေါ့ဘုရား'

'ဟုတ်တာပေါ့ ဒကာ'

ပြောလို့မှ (၁၀)မိနစ်မရှိဘူး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်စွာဘုရားနှင့် ရဟန္တာများစွာ ကြွချီလာဟန်



◆ မှိုင်းထွေပြောင် သမ္ဗုဒ္ဓမြတ်စွာဘုရားရုပ်တော်

အောက်က ပျောက်သွားတယ်။

ကိုသက်လွင်ရော၊ စာရေးသူ တအံ့တသြ ဘာပြောရမှန်းတောင် မသိတော့ဘူး။

## ဖိုးဦးတောင်မဟာ ထွက်ချာလာ

ဖိုးဦးတောင်ဆိုတာ မြတ်စွာဘုရား ရှင်ကြွရောက်ပြီး "ပွေးဖို့ပွေးမ" ကိုဗျာဒိတ် တော်ပေးခဲ့စဉ်က "ပွေးဖို့ပွေးမ" တို့ဟာ ဒီတောင်တော်တစ်ပိုက်မှာ ကျက်စားခဲ့ ရရှာပါတယ်။

'အရှင်ဘုရား... ဖိုးဦးတောင် ဘယ်လိုသွားရမလဲ'

'မပူနဲ့ နင့်လာကြိုတဲ့သူ ကမ်း နဖူးမှာ စောင့်နေတယ်'

ဆိုတဲ့ ရှင်အဖွဲ့ဂေါဏ စကားကြား တော့ အားတက်သရော ကမ်းနဖူးမှာ ဆိုက်ဆိုက်မြိုက်မြိုက် လှေနဲ့ လာကြို သူတွေ့တယ်။

'အရှင်ဘုရား... လှေပေါ် ကြွပါ၊ တပည့်တော် ဖိုးဦးတောင်ဆီ ပို့ပေးပါ မယ်'' တဲ့။ ဒီလိုနဲ့ ဖိုးဦးတောင်ရောက်လို့ မကြာဘူး ဆွမ်းကွမ်းကိစ္စကလဲ မနက် (၈)နာရီဆွမ်းခံဆင်း (၁၁)နာရီမှ တောင်ပေါ်ရောက် တောင်တော်က မြင့်လဲ မြင့်တော့ ကြာတော့ မခံနိုင်ဘူး။

ဒီမှာတင် တောင်ပေါ်က ဦးပဥ္စင်း တွေက "ကိုယ်တော်...ဟိုးက မြင်ရတဲ့ တောင်ပေါ်မှာ သီတင်းသွားသုံးပါလား ဘုရားပျက်ကြီး၊ စေတီပျက်ကြီး ရှိ တယ်'' အဲဒီမှာသွား သီတင်းသုံးပေါ့။

## ဝဋ်ကြွေးရှိရင် ခံရမယ်

'ဘုန်းဘုန်း ဒီတောင်ပေါ် ရောက် တော့ သပိတ်တစ်လုံး၊ သင်္ကန်း တစ်ထည်ပဲပါခဲ့တယ်။ လူသူမရှိ၊ လမ်း မရှိဘူး။ ခက်ခဲပင်ပန်းတယ်၊ သပိတ် တစ်လုံးနဲ့ ဆွမ်းခံထွက်၊ သစ်ပင်ခြေရင်း မှာ ကျိန်းပေါ့ဒကာ။ ဘုန်းဘုန်း တောင် ပေါ်ရောက်တဲ့နှစ်က (၁၉၉၆) ခုနှစ်၊ ဧပြီလပေါ့။ ရန်ကုန်ကနေပြီး လမ်းပြင် ဖို့ဆိုပြီး ဒကာတွေက ငွေသိန်း (၆၀) လာလှူတယ်။

အလှူခံရပြီးလို့ မကြာဘူးမောင် (၁၉၉၆) ခုနှစ် နိုဝင်ဘာလ(၁၃/၁၄)မှာ ဓားပြတွေ တောင်ပေါ်တက်လာပြီး ဒီ ငွေသိန်း(၆၀)ကို လုတယ်။ လုရုံ ဘယ် ကမလဲ ဘုန်းဘုန်းကို ရိုက်တာ သွား တွေ ကျိုးကုန်တယ်။ ဒီမှာကြည့်ရှု့ သွားတော်တော်များများ မရှိတော့။

ဒါတင်ဘယ်ပြီးမလဲ ဒကာ၊ ရှိတာ

www.burmeseclassic.com



▲ ဦးရွှေစမြော် နဂါးရုံမြတ်ဘုရားပုံတော်



▲ ပဲခူးလေး တော့ကြာမြတ်ကျောင်းအလှနှင့် ဗောဓိတစ်ထောင်ဘုရားများ



▲ မုံရွှေရုံတောင် သစ္စာရှင်မြတ်ဘုရား ဝင်ပွားမှုတော် နတ်သမီးကြီးပုံတော်

လေးတွေ မီးရှို့တယ်။ (၁၉၉၉)ခုနှစ် တစ်ခါ လာပြန်ရောက် ရိုက်တယ်။ အုတ်ခဲနဲ့ပစ်လို့ နံရိုး(၂)ချောင်း ကျိုးသွားရတယ် ဒကာတော်'

'ဖြစ်မှဖြစ်ရလေ ဘုန်းဘုန်းရယ်'

'ရှင်မောဂ္ဂလန်တောင် ခိုးသား (၅၀၀)ရိုက်လို့ ပျံလွန်တော်မူ သေးတာပဲလေ။ ဝဋ်ကြွေးရှိရင် ကျေပါစေတော့'

## ထူးထူးခြားခြားမြေအဘိုး

## လှမ်းကြွလို့လာ

ဘုန်းဘုန်း ရှိတာလေးနဲ့ သာသနာပြုတယ်။ တောစောင့်နတ်၊ တောင်စောင့်နတ် ပိုင်ရာဆိုင်ရာတွေ မေတ္တာပို့တယ်။ မေတ္တာသုတ် တစ်ပုဒ်ဆုံး တစ်လုံးချန်နဲ့ (၁၀၈)လုံး ပုတီးစိပ်တယ်။ ဒါက သာမညဆရာတော်ကြီး ခိုင်းတဲ့နည်းလေ။

'ဘုရားစကားကလွဲရင် ဘယ်စကားမှ မယုံလေနဲ့ဝိမလ၊ ကိုယ့်လမ်းကိုယ်ဖော် နင့်နောက်မှာ မှတ်တမ်းတစ်ခု ကျန်ရစ်အောင် အမြဲဆောင်'

'ဒါဆို ဘယ်သို့ပြုရမှာလဲ ဘုရား' ဆိုတော့...

'ဗောဓိတစ်ထောင်ဘုရားတည်မယ်။ တစ်ဆူ ဗောဓိတစ်ပင်နှုန်းနဲ့ သာသနာပြုမယ်'

'တပည့်တော်မှာ ငွေကြေးမရှိပါဘူး ဘုရား'

'ဒီတွက်ဖြင့် မပူနဲ့၊ ကူညီမစမယ့်သူ ပေါ်လာလိမ့်မယ်'

'တစ်ညပေါ့ ဒကာ... ဘုန်းဘုန်း သစ်ပင်အောက် ကျိန်းနေတုန်း အသက်(၆၀)ရွယ် ပုဆိုးကွက်တုံးနဲ့သူရယ်၊ (၁၄)နှစ်အရွယ် ဆံတောက်ဖားဖားနဲ့ ကလေးမတစ်ဦးရောက်လာပြီး...

''အရှင်ဘုရား မနက်တောင်ခြေက တပည့်တော်တို့တဲမှာ ဆွမ်းဘုဉ်းပေးဖို့ လာပင့်တာပါဘုရား''

''ကောင်းပါပြီ ဒကာကြီး''

သူတို့တွေတောင်အောက် ဆင်းသွားတယ်။ ဘာတော်လဲမေးတော့ မြေးအဘိုးတော်တယ် ပြောတယ်။ မနက်ကျတော့ ဆွမ်းစားဖို့ ကြွပြီး လိုက်ရှာတာ ဘာ တဲတစ်လုံးမှ မတွေ့ဘူး ဒကာတော်'

'အဲဒါ ဘာတွေလဲ ဘုရား'

'တောင်စောင့်ဘိုးဘိုးကြီးနဲ့ မြေးတော်ပေါ့'

'တစ်ပတ်လဲပြည့်ရော ဤမြေး အဘိုးနှစ်ဦးနဲ့ တွေ့ခွင့်ကြုံရင် ဆုံပါရစေဆိုပြီး မေတ္တာသုတ် ရွတ်ပွားတယ်။ (၁)ပတ်ပြည့်တော့ တောင်ပေါ်တက်လာတယ်။

''ဒီမှာ သာသနာပြုမှာလား ပြုမယ်ဆို လိုလေသေးမရှိ ကူညီမစမယ် ကတိပေးနိုင်လား''

''ကတိပေးပါတယ် သင်တို့က...''

''ကျွန်ုပ်တို့က ဒီတောင် ဒီတောစောင့်ရတဲ့ ပုဂ္ဂိုလ်ကြီးပါ''

ဆိုပြီးပျောက်သွားရှာတယ်ဒကာတော်'

'အင်မတန် ထူးဆန်းအံ့ဩဖွယ် ကောင်းလှပါတယ် ဘုရား'

## တောပိုင်တောင်ပိုင်ကူညီပြီ

'ဘုန်းဘုန်း မောင်းတစ်လုံး၊ ကြေးစည်(၁)ခုထားပြီး သစ္စာပြုတယ်။ ဒီနေရာ ဒီဌာနမှာ သာသနာပွင့်လင်းတော့မယ်၊ ပြီးမြောက်အောင်မြင်မယ်ဆိုပါက မောင်းသံ၊ ကြေးစည်သံ ပေးပါဆိုပြီး ချိတ်ထားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



◆ မြစ်ချွန်တောင်ခြေ သနပ်ခါးပင်ကြီးနှင့် ဗောဓိတစ်ထောင်ဘုရားများ



◆ ရွှေသုံးဆောင်ပြင် ဤသို့သော ဘုရားရှင်အကာမြစ်ပိုင်

◆ ဆရာတော်ဦးဝိမလထုံလာသွားသည့် မြေအတိုး (တောင်ဝေးကို ကျူညီစောင့်ရှောက်သည့် ပုဂ္ဂိုလ်ကြီး)



မကြာဘူး ဒကာတော် မောင်းတီးသံတွေည် ကြေးစည်သံလွင်လွင် ကြားရတယ်။ အလိုလျောက် မြည်ဟည်းကြတယ်။ သာသနာစည်ပြောတော့မယ်ပေါ့'

## ဗောဓိတစ်ထောင်အလင်းဆောင်၍ ဒီပါအေးစေတီတည်ခဲ့ပြီ

(၂၇)တောင် အမြင့်ဆောင်သည့် ဒီပါအေးစေတီတော်ကြီးကို (၂၀၁၃) ခုနှစ်မှာ ပြီးစီး အောင်မြင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှာတော့ ဗောဓိတစ်ထောင် တည်ထားခဲ့ပြီး ယနေ့ဆိုလျှင် **အဆူပေါင်း (၂၁၀၀)** ရှိခဲ့ပါပြီ။

မူလ ဘုရားကြီး အလှူရှင်ကတော့ ဆရာတော်ကြီး ပြောကြားချက်အရ ဆင်ဖြူရှင် မင်းတရားကြီး ဖြစ်ကြောင်း၊ မွန်တွေကို သိမ်းပိုက် အောင်မြင်ခဲ့လို့ ဒီတောင်ပေါ်မှာ မင်းညီမင်းသားအားလုံး ဘုရားတည် ရသေ့ရဟန်းပြုခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

## ဘုရားဒကာဖြစ်ချင် ဒီပါအေးစေတီဝင်

ယခုအခါ ဗောဓိတစ်ထောင်မှသည် (၂၁၀၀)အဆူ ရှိခဲ့ပါပြီ။ ထပ်မံ လှူဒါန်းမည့်သူများအတွက် ဘုရားတစ်ဆူ (၃၀၀၀၀) သုံးသောင်းနှုန်းဖြင့် အဆူ (၅၀၀၀) ငါးထောင်တည်ပါဦးမည်။ ကုသိုလ်ပါဝင်ကြပါဦးလို့။

ဘုရားတည် ကျောင်းဆောက် ရေတွင်းရေကန် တူးဖော် တံတားပြုပြင် ဘုရားပြုပြင်သူပင် အပါယ်ငရဲ ဘယ်သောအခါမှ မကျရောက်ပါဘူးလို့ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်မှလဲ ဆရာတော်ကြီး ဦးဝိမလကို (သဒ္ဓမ္မဇောတိက ဓဇ)ဘွဲ့ (၂၀၁၃)ခုနှစ်မှာ အပ်နှင်းခဲ့ပြီးဖြစ်ပါတယ်။ ဆရာတော်ကြီးလဲ ယခုအခါ သက်တော်(၇၂)နှစ်အရွယ် ရောက်လို့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ရှောင်လွှဲမရတဲ့လမ်းအများသူငါ လျှောက်လှမ်းလို့နေပါပြီ။

သို့ပါ၍ ကိုယ့်ဘဝ အပြန်ခရီး "ရေဘူးနဲ့ ဖိနပ်မပါ နွေခါမှသိ"၊ "ဒါနနဲ့ သီလမပါ သေခါမှသိ"ဆိုစကားအရ ကျန်းမာတုန်း လှူကြတန်းကြပါဦးလို့ ငွေ(၃)သောင်းနဲ့ ဘုရားဒကာဖြစ်တော့မှာမို့ **ပြည်မြို့ နဝဒေးတံတားကြီး** လွှားကျော် ကမ်-သရက်လမ်း ကတ္တရာကြောမှာ မဟောမပန်း(၇)မိုင် ခရီးမြန်းပြီး လှူဒါန်းကြပါဦးလို့ လူသားအားလုံး ဘေးဘယာဝေးကွာ၍ မြန်မာနိုင်ငံကြီး စည်တီး၍ အန္တရာယ်ဘေးကင်းဝေးစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

***စာဖတ်သူများ ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမော်မြေ မောင်ကြည်သိန်း**

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

ပုံနှိပ်တင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၂၂၀၁၁၊ တအာယလ၊ကိုး (၁၃၁၂)




"ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး"

"ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ"

"နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး"

"နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ"

"ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ"

"ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့"

"ကျွန်တော်ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်"

"သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး"

"သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

"ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ"

"ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့"

"ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ"

"အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၅၂/၃၅၆)ပေဒါလီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၃


**ဖြောင်းမြဲ အောင်ယဉ်တင့်**

www.burmeseclassic.com





▲ (ပုံ-၁) မူလ နေဝင်သိမ်တော်ပုံ အနီးကပ်မြင်ကွင်း



▲ (ပုံ-၁) မူလ နေဝင်သိမ်တော်ပုံ အဝေးမှ မြင်ရပုံ

ရေနံမြေ-လှဗိုရ

ရှင်အရဟံ သမုတ်ခဲ့သော

# နေဝင်သိမ် နှင့်

သီတင်းသုံးတော်မူခဲ့သော

# ဂူကြီး

အနော်ရထာမင်းကြီး လက်ထက် အေဒီ(၁၁)ရာစုတွင် ရှင်အရဟံ မထေရ်မြတ်သည် ပုဂံညောင်ဦးအရပ်တွင် လည်းကောင်း၊ မန္တလေးနှင့် မနီးမဝေး ဒေသတို့တွင် လည်းကောင်း၊ မိတ္ထီလာနယ်တစ်ဝိုက်တွင်လည်းကောင်း သိမ်တွေအမြောက်အမြား သမုတ်တော်မူခဲ့ကြောင်း လေ့လာသိရှိရသည်။


ထိုထိုသော သိမ်တို့အနက် မန္တလေးမြို့ ပြင်ဦးလွင်ကားလမ်းဘေး ဘိုတက်ကုန်းရွာအနီးတွင် တည်ရှိသော **"နေထွက်သိမ်"**၊ မန္တလေးမြို့ (၃၅)လမ်း အောင်ပင်လယ်ကန်ကောက်ရွာအနီးရှိ **"မွန်းတည့်သိမ်"**၊ မန္တလေးမြို့ (၁၁)လမ်း ညောင်ကွဲအရပ်တွင်တည်ရှိသော **"နေဝင်သိမ်"**၊ မန္တလေးမြို့ တံခွန်တိုင်အရပ် ပြည်ကျောင်းတိုက်အတွင်းရှိ **"သန်းခေါင်ယံသိမ်"**တို့သည်လည်း ထင်ရှားသည့် သိမ်များ ဖြစ်ပါသည်။


ရှင်အရဟံမထေရ်သည် **ရှင်အရဟံဂူ(ရတနာဂီရိဂူ)**ကြီးတွင် သီတင်းသုံးတော်မူရင်း အထက်ဖော်ပြပါ မန္တလေးမြို့ပေါ်ရှိ သိမ်တို့ကို သမုတ်တော်မူခဲ့ပါသည်။

[ရှင်အရဟံဂူကြီးကို သက္ကရာဇ် **၅၂၀ ပြည့်နှစ်တွင် အလောင်းစည်သူမင်းကြီး၏သားတော် မင်းရှင်စောက မထေရ်မြတ် သီတင်းသုံးတော်မူရန် အတွက် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။**

**ထိုအချိန်က မင်းရှင်စောသည် ဖခမည်းတော်မင်းကြီး၏ ရာဇမာန်ရှ**

www.burmeseclassic.com





◆ (ပုံ-၂) ပြုပြင်မွမ်းမံထားသော သိမ်တော်

(ပုံ-၃) ရှင်အရဟံဂူကြီး ▶

**မှကြောင့် ပြည်နှင်ဒဏ်ပေးခြင်း ခံရသဖြင့် ထွန်တုံးပုတက်အရပ်တွင် မြို့ပြတည်ထောင် မင်းပြုလျက်ရှိစဉ် ပုဂံပြည်မှ မန္တလေးဖြစ်လာမည့် အရပ်သို့ သာသနာပြုရန် ရောက်ရှိတော်မူလာသည့် ရှင်အရဟံနှင့်တွေ့ဆုံကြခြင်းဖြစ်သည်။** *စကားချပ်]*

တကယ်တော့ ရှင်အရဟံသည် ပုဂံပြည် အနော်ရထာမင်းလက်ယက်မှစ၍ စောလူးမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ မင်းရှင်စောစသော မင်းဆက်တို့တွင် နှစ်ပေါင်း (၆၀)ကျော်တိုင် သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါ၏။

ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော သိမ်နှင့် တံခွန်တို့မှာ မထေရ်မြတ်၏ သာသနာတံခွန်များပင် ဖြစ်ပေသည်။

ယခု စာရေးသူ ရေးသားတင်ပြမည်မှာ ရှင်အရဟံမထေရ် သမုတ်ခဲ့သော "**နေဝင်သိမ်**"နှင့် မထေရ်မြတ် သီတင်းသုံးတော်မူခဲ့သော "**ရှင်အရဟံဂူကြီး**"၏ အတ္ထုပ္ပတ္တိအကျဉ်း ဖြစ်ပါ၏။

## နေဝင်သိမ်

နေဝင်သိမ်သည် မန္တလေးမြို့ (၁၁)လမ်း တာရိုးအဟောင်းနှင့် တာရိုးအသစ်ကြား ညောင်ကွဲရပ်တွင် တည်ရှိ၍ သမိုင်းဝင် ရတနာမဥ္ဇူဘုရား၏ မြောက်ဘက်အရပ်တွင် တည်ရှိ၍ အဆိုပါ ကိုက်(၉၀၀)ကျော် (၆၀၀)ခန့် ဝးပေသည်။

ပထမ မူလသိမ်တော်ကား **ပုံ(၁)တွင် မြင်ရသည့်အတိုင်း** သိမ်ငယ်သိမ်ဘောဖြစ်သော်လည်း မျက်မှောက်ကာလတွင် ဘက်စုံပြုပြင်မွမ်းမံမှုကြောင့် **ပုံ(၂)တွင်မြင်ရသည့်အတိုင်း** ပုံကြွားကြီးမားလျက် နေ့စဉ် အမိဌာန်ဝင် ပုတီးစိပ်သူတို့ဖြင့် စည်ကား၍နေပါသည်။

ယခုအခါ ရှင်အရဟံ ဆုတောင်းပြည့်ဘုရား တည်ထားပြီး ဂန္ဓကုဋိရှေ့တွင် ရှင်အရဟံ၏ ရုပ်တုတော်ကို ထုလုပ်ကိုးကွယ်ထားပါသည်။

သိမ်သမုတ်ကျောက်တိုင် (သိမ်တိုင်)နှင့် သိမ်တံတိုင်းအကာအရံများ ပြုလုပ်စိုက်ထူထားပြီး ဘုရားအတွင်း၌ ရှင်မထီး(အဇ္ဖဂေါဏ)ရုပ်တုနှင့် မယ်သော်တာရုပ်တုတို့ကို တွေ့ရသည်၊

တစ်ခါတလေ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ လာရောက် ပုတီးစိပ်သည်ကို တွေ့မြင်ရသည်ဟု ဆိုပါသည်။ အမိဌာန်ဝင်ကာ ပုတီးစိပ်ပါက လိုအင်ဆန္ဒ ပြည့်ဝ၍ ကောင်းကျိုးချမ်းသာကို လက်တွေ့ ပေးစွမ်းသော နေဝင်သိမ်ပင် ဖြစ်ပါသည်။

## ရှင်အရဟံဂူ

ရှင်အရဟံဂူသည် နေဝင်သိမ်၏ မြောက်ယွန်းယွန်း သိမ်တော်မှ ကိုက် (၃၀၀)ခန့်အကွာတွင် တည်ရှိသည်။ ဂူကြီးသည် **ပုံ(၃)တွင် မြင်ရသည့်အတိုင်း** အတော်အတန် ကြီးမားမြင့်မောက်ပြီး ဂူပေါ်တွင် စေတီတစ်ဆူနှင့် ရုပ်ပွားဆင်းတုတစ်ဆူ တည်ထားလျက် သက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် ဂူကြီးကို တည်ထားခဲ့ကြောင်း ကမ္ပည်းစာ ရေးထိုးထားပေသည်။





www.burmeseclassic.com

www.burmeseclassic.com



ရှင်အရဟံရုပ်တုတော်

ဂူကြီးကုန်း၏ အတွင်းပိုင်းတွင် လိုဏ်ခေါင်းရှိ၍ တစ်ပေါက်တည်းသာ ရှိသော 'တံခါးပေါက်ကို အမြဲတစေ သော့ခတ်ထားပြီး ခွင့်ပြုချက်မရသော သူစိမ်းတစ်ရံဆံတို့အား ဝင်ခွင့်မပြုပါပေ။ သိမ်တော်ကျောင်းမှ ခန်းနေဆရာတော် (ဒုတိယကျောင်းထိုင်ဆရာတော်) ဦးပဏ္ဍိတ၏ မိန့်ဆိုချက်အရ ဂူတွင်းရှိ ဘုရားဆင်းတုတော်တို့အား ခိုးယူကြသဖြင့် သော့ခတ်လျက် ပိတ်ထားရကြောင်း သိရသည်။

စာရေးသူနှင့် စာရေးဆရာ သံတင်းထောက် ရွှေကျေး(မြစ်ငယ်)တို့သည် ဆရာတော်ဦးပဏ္ဍိတ၏ ခွင့်ပြုချက်ဖြင့် လိုဏ်ဂူအတွင်းသို့ ဆရာတော်နှင့် အတူတကွဝင်ကာ လေ့လာခဲ့ကြသည်။

ဂူအတွင်း၌ ရုပ်ပွားဆင်းတုတော် တစ်ဆူရှိ၍ အခြားသော ရုပ်ပွားတော်တို့အား သိမ်တော်ကျောင်းပေါ်တွင် ပင့်ဆောင်ထားသည်ဟု ဆိုပါသည်။

လိုဏ်ဂူသည် အလျား(၂၀)ပေ၊ အနံ (၁၅)ပေခန့် ကျယ်ဝန်း၍ လျှပ်စစ်မီး မရှိသောကြောင့် အလင်းရောင် ဖျော့ဖျော့သာ ရှိပေသည်။ ရှင်အရဟံသည် ထိုဂူအတွင်း၌ သီတင်းသုံးတော်မူခဲ့ပါသည်။ သို့ရာတွင် မည်သည့်ထောင့်၊ မည်သည့်နေရာတွင် လဲလျောင်းကျိန်းစက် သီတင်းသုံးခဲ့သည်ကိုတော့ မသိရပါပေ။

**ဂူအတွင်းပိုင်း၌ သံပြားဖြင့် ပိတ်ထားသော ခပ်ကျဉ်းကျဉ်းအပေါက်တစ်ခု တွေ့ရသော ဂူအထက်သို့ တက်သော လမ်းကြောင်းဟု သိရသည်။ ဘို မင်းကြီး ကြံ့ခိုင်မှု မရှိတော့သော ဂူကြီး၏ အခြေအနေအရ အန္တရာယ်ဖြစ်နိုင်သော ကြောင့် အဆိုပါ အပေါက်ကို ပိတ်ထား သည်ဟု ဆိုပါသည်။**

တကယ်တော့ သက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် ပြုလုပ်တည်ဆောက်ခဲ့သော ဂူကြီးသည် မျက်မှောက်ကာလ ၁၃၇၈ ခုနှစ်တွင် သက်တမ်း(၈၅၈)နှစ် ရှိပေပြီ။

သို့ကြောင့် အိုမင်းဟောင်းနွမ်းလျက်ရှိသော ဂူကြီး၏ အထက်ပိုင်း အချို့နေရာတို့တွင် ကျိုးပဲ့ပြိုပျက်နေသည်ကို တွေ့ရသည်။ ပြုပြင်မွမ်းမံမှု မရှိပါက သာသနာ့အမွေအနှစ်လည်းဖြစ်၊ ရှေးဟောင်း အမွေအနှစ်လည်းဖြစ်သော ရှင်အရဟံဂူကြီးကား တိမ်ကောပပျောက်သွားနိုင်ပါသည်။

**ရေနံမြေ-လွမ်းဆု**

**မှီငြမ်း**

၁။ မင်းရှင်စော၊ ရှင်အရဟံမထေရ်နှင့် နေထွက်ဂူ၊ နေဝင်သိမ်(နတ်မောက် ထွန်းရှိန်)

၂။ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်သုတ)

၃။ သိမ်တော်ကျောင်း ဆရာတော် ဦးပဏ္ဍိတ မိန့်ဆိုချက်

၄။ စာရေးသူ၏မှတ်စု

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ


ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နဂါးတက္ကရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com






◆ ဆရာကြီး ဦးတင်အောင် တိမ်ခွာနေစဉ်

◆ တိုင်းရင်းဆေးဆရာကြီး ဦးတင်အောင်

မိုးမြသင်း

# တိမ်မြှာ
# တိမ်နှင့်ဓါးလင်းစေသူ

စာရေးသူနဲ့ အမရပူရမြို့ ဆက်သွယ်ရေးစခန်း(စာတိုက်)မှ ကိုသက်ဆွေတို့ **တိုင်းရင်းဆေးဆရာကြီး ဦးတင်အောင်အိမ်သို့** ရောက်ရှိသွားတဲ့အခါ ဆရာကြီး ဦးတင်အောင်က သူ့အိမ်အပေါ်ထပ်သို့ ခေါ်လိုက်ပါတယ်။

အပေါ်ထပ်မှာ မျက်စိတိမ်ချဖို့ လူနာနှစ်ယောက်လဲ ရောက်နေတယ်။ နောက်ပြီး ဆရာကြီးရဲ့ဇနီး ဒေါ်တင်လှ အသက်(၆၁)နှစ်ကိုလဲ တွေ့ရတယ်။

ဆရာကြီးက ဒေါ်တင်လှကိုလဲ မျက်စိ ကုသပုံကုသနည်းတွေကို သင်ကြားပေးထားတယ်လို့ သိရပါတယ်။

လူနာတစ်ဦးကို စာရေးသူ မေးကြည့်တော့ အမရပူရမြို့ တောင်ယဉ်ပုံရပ်က ဦးသော် (အသက် ၄၈ နှစ်)။ ဘယ်မျက်စိရေတိမ် (အတွင်းတိမ်)ဖြစ်တာ တစ်နှစ်ခန့်ရှိပြီး မျက်စိရောဂါ ဘယ်ကစဖြစ်လာသလဲလို့ မေးကြည့်တော့ သူ့ဘာသာသူ တိမ်စွဲလာတာ။ ဒါပေမယ့် အမှုမဲ့ အမှတ်မဲ့ နေလာလိုက်တာ မျက်စိက ကြည့်လို့မကောင်းတာနဲ့ ဆရာကြီးနဲ့ လာကုတာတဲ့။ ဦးသော်ရဲ့ မျက်စိတိမ်ကိုတော့ ဆရာကြီ ိတိုင် တိမ်ချမယ်တဲ့။

နောက် ာတစ်ဦးက အမရပူရမြို့ မရမ်းခြံရွာက ဦးတင်ရွှေ (အသက် ၆၂ နှစ်) ဘယ်မျက်လုံးက မီးရောင်ကို ကြည့်လိုက်ရင် အရောင်တွေ ဘေးကို ဖြာကျနေတာ မြင်နေရတယ်တဲ့။

လွန်ခဲ့တဲ့ တန်ခူးလလောက်က ဖြစ်နေတာ။ ဒါကို ဆရာကြီးဦးတင်အောင်က အတွင်းတိမ်ဖြစ်စပြုနေပြီလို့ ပြောပြပါတယ်။ ဦးတင်ရွှေရဲ့ မျက်စိကိုတော့ ဆရာမကြီး ဒေါ်တင်လှကကုသမယ်လို့ သိရပါတယ်။

ဆရာကြီး ဦးတင်အောင် (အသက် ၆၃ နှစ်)မှာ မျက်စိရေတိမ်၊ အတွင်းတိမ်၊ ဒဏ်တိမ်၊ မျက်စိနာ၊ မျက်စိစူး၊ မျက်ရိုးကိုက်၊ မျက်စိပလုံးရောင်နေတာတွေကို ကုသနေသူပါ။

'တိမ်ဖြစ်ခါစလူဟာ နောက်ကြောတက်၊ ဖက်ထိုး၊ မျက်စိဝါး မျက်ရိုးကိုက်၊ ခေါင်းလေးဖက်လေးလာပါတယ်။ ဒီအချိန်မှာ ကုလို့ရှိရင် အမြန်ဆုံးပျောက်ပါတယ်။

မျက်စိအနက်အိမ်အတွင်းက အဖြူရောင်အကွက်ပေါ်လာရင်တော့ကုရတာ ကြာပါတယ်။ တချို့က မြန်မြန်ကု မြန်မြန်ပျောက်ချင်ကြတယ်။

မျက်စိတိမ်စွဲရောဂါက ရင့်သွားရင် ကုရတာ ခဲယဉ်းတယ်။ ဒါပေမယ့် ပျောက်ပါတယ်။ တစ်ခါတလေ လေး,ငါး,ခြောက်လ ကြာအောင် ကုရတယ်'

ဆရာကြီးက စာရေးသူနဲ့ ကိုသက်ဆွေအား ရှင်းပြသည်။

'ရက်ရှည်လရှည်ကုရင် ဆရာကြီးဆီ နေ့တိုင်းလာကုရသလား'

ကိုသက်ဆွေက မေးကြည့်တော့...

'နေ့တိုင်းမလာဘဲ သုံးရက်ခြား



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာမကြီး ဒေါ်တင်လှက ဆီမန်းနှင့်တိမ်ချ

◀ ဆရာမကြီး ဒေါ်တင်လှ

လာကုလဲ ရပါတယ်'

'ဘယ်လိုနည်းနဲ့ တိမ်ချပေးပါသလဲ'

လို့ စာရေးသူက မေးလိုက်ပါတယ်။

'ဆီနဲ့မန်းပြီး ကုသနည်းပါ။ မန်းပြီးရင် စားဆေးလဲ ပေးလိုက်ပါတယ်၊ ဆီနဲ့မန်းလို့ တိမ်များများကျရင် ရောဂါရင့်ပြီး၊ နည်းနည်းကျရင် ရောဂါနုပါတယ်။

မျက်စိလာကုသူက ပဲဆီဖြစ်ဖြစ်၊ နှမ်းဆီဖြစ်ဖြစ် သုံးကျပ်သားလောက် ယူလာရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့ တိမ်ချပုံချနည်းကို ဆရာတို့ သေသေချာချာ ကြည့်သွားပေါ့ဗျာ'

ဟု ဆရာကြီးက ပြောပြသည်။

ဆရာကြီးနဲ့ ဆရာကြီးဇနီး ဒေါ်တင်လှတို့မှာ လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးစီထဲ ပဲဆီကို တစ်ဝက်ခန့်ထည့်၊ ပန်းကန်လုံး နှစ်လုံးပေါ်မှာ အဝတ်စအဖြူနဲ့ တင်းတင်းရင်းရင်း စည်းနှောင်လိုက်ပါတယ်။

ဆရာကြီးက ဦးသော်ရဲ့ ဘယ်မျက်လုံးအပေါ်ကို ဘယ်လက်နဲ့ အသာဖြဲလိုက်ပါတယ်။ ညာလက်က ပဲဆီပန်းကန်ကိုင်ပြီး ဦးသော်ရဲ့ ဘယ်မျက်လုံးအောက်နားကို ကပ်ထားလိုက်ပါတယ်။

ဆရာကြီးက ဆီပန်းကန် နှုတ်ခမ်းနား ပါးစပ်ကပ်ပြီး မန်းနေပါတယ်၊ မန်းပြီး လက်ဖက်ရည်အကြမ်းပန်းကန်လုံးပေါ်က အဝတ်ဖြူစကိုလှန်ပြီး စာရေးသူတို့အား ပြပါတယ်။

ဆရာမကြီး ဒေါ်တင်လှကလဲ ဦးတင်ရွှေရဲ့ ဘယ်မျက်လုံးကို တိမ်ချဖို့ အထက်ပါအတိုင်း ဆီပန်းကန်နဲ့ မန်းပါတယ်။ ဆီပန်းကန်ပေါ်က အဝတ်အဖြူစကိုလှန်ပြီး စာရေးသူတို့အား ပြပါတယ်၊

ပန်းကန်ထဲက ပဲဆီမျက်နှာပြင်ပေါ် ကြည့်လိုက်တဲ့အခါ တိမ်ခိုးတိမ်ငွေ့လေးတွေကို တွေ့ရပါတယ်။ ဆရာကြီးနဲ့ ဆရာမကြီးတို့က ဆီပန်းကန်ထဲက တိမ်ခိုး၊ တိမ်ငွေ့ ဖြူဖြူမှုင်လေးတွေကို စက္ကူစလေးနဲ့ ဖယ်ပစ်ပါတယ်။

ဒီလိုနည်းနဲ့ သုံးကြိမ်မန်းပါတယ်။ သုံးပြီးသားပဲဆီကို ပြန်သုံးတာတွေ့ရပါတယ်။ ဆရာကြီးက တိမ်ချပြီးသူ နှစ်ဦးကို စားဆေးများ ပေးပါတယ်၊

တက်စာတွေဖြစ်တဲ့ ကြက်သား၊ အမဲသား၊ ဘဲဥ၊ ကြက်ဥ၊ 'စားတော်ပဲ၊ ပဲကြီး၊ ငရုတ်သီးတွေကို မစားဖို့ ရော်ဘာပိနပ်မစီးဖို့နဲ့ အအေးစာတွေဖြစ်တဲ့ဝက်သား၊ ဝက်အသည်း၊ အဆုတ်၊ ဟင်းနုနယ်၊ ကန်စွန်းရွက်ကြော်တွေ မစားဖို့ မှာကြားနေပါတယ်။

'ခုနက ဆရာကြီးနဲ့ ဆရာမကြီးတို့ မန်းတဲ့ တိမ်ချဂါထာကိုလဲ ပြောပြပါဦး'

ဟု စာရေးသူက ပြောပြောဆိုဆို မှတ်စုစာအုပ်ကို ထုတ်လိုက်ပါတယ်။

## မန်းတဲ့ဂါထာက

'ဥ...သိဒ္ဓိ...သိဒ္ဓိ
နတ်အပေါင်း ရှစ်သောင်းလေးထောင်
ပြေစရာပြေ
ကြေစရာကြေ
ကျစရာကျ'

ကို (၇)အုပ်မန်းရပါတယ်။

ဟု ဆရာကြီးက ရွတ်ပြသဖြင့် မှတ်စုစာအုပ်ထဲ လိုက်မှတ်သားရသည်။

'ဆရာကြီး ခင်ဗျာ... မျက်ရိုးကိုက်၊ မျက်စိမကြည်၊ နောက်ကြောတက်၊ ခေါင်းကိုက်၊ ဇက်လေး၊ ထိုင်းမှိုင်းတဲ့အခါ အသုံးပြုတဲ့ ဆေးနည်းကို နဂါးမြွှာ ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ပြောပြစေချင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုသက်ဆွေက မေးလိုက်သည်။

'ကိုသက်ဆွေ ပြောခဲ့တဲ့ မျက်ရိုးကိုက်၊ မျက်စိမကြည်၊ နောက်ကြောတက်၊ ခေါင်းကိုက်၊ ဖက်လေးနေသူတွေအတွက် **မီးနှာတော်ကြီးဆေးနည်း**ကို မှတ်ယူပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ထည့်ပေးစေချင်ပါတယ်။ ဒီဆေးနည်းက မည်သူမဆို ရှိနိုင်ပါတယ်။ မီးနှာတော်ကြီးဆေးနည်းက…

| | |
|---|---|
| ကွမ်းရွက်ရိုး | ၁၀ ကျပ်သား။ |
| ပရုတ်လုံး | ၁ ကျပ်၊ ၅ မူးသား။ |
| နံ့သာနီ | ၁၀ ကျပ်သား။ |
| နံ့သာဖြူ | ၂ ကျပ်၊ ၅ မူးသား။ |
| နနွင်းအစစ် | ၁၀ ကျပ်သား။ |

အဲဒါတွေကို စုပြီးထောင်း၊ ဆေးလိပ်ထဲက ဆေးရိုးစတွေကိုခွာ။ မီးနှာတော်ကြီးဆေးကို ဆေးလိပ်ထဲထည့်။ အပေါ်က မီးကျီခဲတစ်ခဲထည့်။ ထွက်လာတဲ့အခိုးအငွေ့ကိုနှာခေါင်းနဲ့ကပ်ရှူ။

ဒါမှမဟုတ်ရင်လဲ မြေစလောင်းဖုံးထဲ မီးကျီခဲထည့်။ မီးကျီခဲပေါ် အဲဒီမီးနှာတော်ကြီးဆေးကို ဖြူးထည့် ထွက်လာတဲ့အခိုးကို ရှူရင်လဲရပါတယ်။

မျက်စိလဲကြည့်ကောင်း၊ ကိုယ်လက်သွက်လက်ပေါ့ပါးလာပြီး ခေါင်းကိုက် ဖက်လေးဘာတွေလဲ မရှိတော့ဘူးပေါ့ဗျာ။

'မျက်စိတိမ်ချနည်းနဲ့ မျက်စိနဲ့ပတ်သက်တဲ့ ရောဂါအမျိုးမျိုး ကုသနည်းကို ဆရာကြီးအနေနဲ့ ဘယ်သူ့ဆီက ဘယ်လို သင်ကြားခဲ့ရပါသလဲ'

ဟု စာရေးသူက မေးလိုက်သည်။

'အမရပူရမြို့ မြို့ပြင်ကြီးရပ်က ကွယ်လွန်သွားရှာပြီဖြစ်တဲ့ သမားတော်ကြီး ဗေဒင်နက္ခတ္တဆရာကြီးဦးမြင့်သိန်းဆီက သင်ကြားလာခဲ့တာ(၆)နှစ်ကြာပါတယ်။

ဆရာကြီးက ဆေးပညာကို လွယ်



▲ ဆီးမျက်နှာပြင်ပေါ်က တိမ်ခိုးမျှင်လေးများကို ဆရာမကြီးကာပြ

လွယ်ကူကူ မပေးပါဘူး။ ဆရာကြီး ဦးမြင့်သိန်း ဆေးကုသွားလေရာမှာ ဆေးအိတ်ကိုဆွဲလိုက်ပြီး ဆေးပညာ သင်ခဲ့ရပါတယ်။ ဆရာကြီး ကွယ်လွန်ခါနီးမှ မျက်စိကုဆေးနည်းတွေကို ပေးခဲ့ပါတယ်။

ဆရာမကြီး ဒေါ်တင်လှက ဆေးလွယ်အိတ်ထဲ ဆေးပုလင်းတွေ ထည့်နေတာ တွေ့ရပြီး မန္တလေး မာလကာခြံရပ်ကိုသွားပြီး မျက်စိကုသွားရမယ်လို့သိရပါတယ်။

ဆရာကြီးနဲ့ ဆရာမကြီးတို့မှာ စစ်ကိုင်း၊ သပိတ်ကျင်းမြို့၊ စဥ့်ကူးမြို့၊ မန္တလေးမြို့တွေကို သွားရောက်ကုသကြရပါတယ်။ လူနာကလာပင့်လို့ ဆရာမကြီးကထွက်ပြီးကုရင် ဆရာကြီးက အိမ်မှာ လာကုတဲ့လူနာတွေကို ကုသပေးရပါတယ်။

'တိမ်ချခနဲ့ ဆေးဖိုးကို တစ်ခါကုရင် ဘယ်လို ယူပါသလဲ'

ဟု ကိုသက်ဆွေက မေးပြန်သည်။

'တိမ်ချခနဲ့ ဆေးဖိုးက မိမိစေတနာအလျောက် သဒ္ဓါသရွေ့ပေးတာကိုပဲ ယူပါတယ်'

'ဆရာကြီးရဲ့လိပ်စာကိုလဲ အမိန့်ရှိပါဦး'

စာရေးသူက မေးလိုက်ပြီး မှတ်စုစာအုပ်ကို အသင့်ပြင်လိုက်သည်။

**'မြောက်ယဥ်ပုံရပ်၊ ငယ်တိုးတိုက်နယ်၊ အမရပူရမြို့**လို့ဆိုရင် စာထည့်တဲ့အခါ ရောက်ပါတယ်။ လူကိုယ်တိုင်လာရင်လဲ အမရပူရမြို့၊ ဥန္နဲပုတ်ရပ်၊ မန္တလေး – စစ်ကိုင်းကားလမ်းမကြီး တောင်ဘက်အနီးရှိ မေဝသန် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကျော်တင့်၊ ဒေါ်သိုက်တို့ဆီဝင်ပြီး စုံစမ်းရင်လဲ ရပါတယ်။

ငယ်တိုးရပ် အမှတ်(၈) ကားဂိတ်ဆုံးရှိ ကရုဏာဆေးခန်းမှ မန္တလေး– မြစ်ကြီးနား ရထားလမ်းအတိုင်း အနောက်သို့ လမ်းလျှောက်လာရင်လဲ ရောက်ပါတယ်။

'ဟုတ်ကဲ့ခင်ဗျာ အခုလို အမှောင်မှ အလင်းသို့ ငွေကြေးအဓိကမထားဘဲ စေတနာနဲ့ ပို့ဆောင်နေကြတဲ့ တိမ်ခွာ ထိန်ဝါလင်းစေသူ တိုင်းရင်းဆေးဆရာကြီး ဦးတင်အောင်နဲ့ ဆရာမကြီး ဒေါ်တင်လှတို့ကို ကျေးဇူးအထူး တင်လျက်ပါဗျာ'

**မိုးမြေသင်း**

စာရှုသူ သုတေသီ...

ပညာရှင်တို့ ခင်ဗျာ...

ယခုဆောင်းပါးမှာ ၁၄–၇–၉၇ နေ့ စွဲဖြင့် ရောက်ရှိလာသောစာမူ ဖြစ်ပါသည်။ ဖော်ပြခွင့်မသာခဲ့ပါ။ ယခု ဖော်ပြရခြင်းကို ခွင့်လွှတ်ပါရန် ပန်ကြားအပ်ပါသည်။ မြန်မာ့ တိုင်းရင်းဆေးပညာရှင်ကြီးများ၏ ပညာရပ်များကို မှတ်တမ်းတင် ဖော်ပြခြင်းဖြစ်ပါသည်။

လေးစားစွာဖြင့်...

ဦးဇော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# အုန်းပင်

# သီးချိန်တန် မသီးလျှင်

၂၀၀၁ ခုနှစ်တုန်းက စက်ရုံမှ အနားပေးချိန် ရောက်တိုင်း ဦးမောင်စိုး တစ်ယောက် ကျွန်တော့်ထံသို့ လာရောက်စကားပြောလေ့ ရှိပါသည်။ စကားပြောသည့်အခါ ဗဟုသုတဖြစ်စရာ စကားလေးများအား ကျွန်တော် စိတ်ဝင်တစား နားထောင်မိပါသည်။

ဒီလိုနှင့် စကားပြောရင်း ဦးမောင်စိုးမှ...

'ကျွန်တော့်မှာဗျာ... အိမ်က အုန်းပင်ကြီး လှပြီးတော့ သီးချိန်တန် လျက်နဲ့ မသီးဖြစ်နေလို့ စိုက်ပြီး အလကား ဖြစ်နေသလို ကြုံခဲ့ဖူးတယ်'

ဦးမောင်စိုး စ,လိုက်သည့် စကားကို စိတ်ဝင်တစား ဖြစ်သွားပါသည်။

သို့ပါ၍ သူ ဆက်ပြောလာမည့် စကားကို အာရုံစိုက်စွာဖြင့် နားစွင့်မိပါသည်။

'အုန်းပင်ကလဲ အုန်းကင်းလေးတွေတော့ ထွက်ပါတယ်။ ဒါပေမယ့် မတင်ဘူး ကြွေကျတယ်။ ကျွန်တော်လဲ အုန်းစိုက်တဲ့သူတွေဆီ သွားမေးတော့ တချို့ကလဲ ဆားပုံရတယ်ဆိုလို့ ဆားပုံတယ်။

ဆားပုံတော့လဲ အဲဒီနှစ်လဲ မသီးဘူး။ ဒါနဲ့ မိတ်ဆွေတစ်ဦးက အုန်းပင် အပင်ခြေကနေ တစ်တောင်အကွာမှာ အုန်းပင်ပတ်လည်ကို ဓားနဲ့ထစ်လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်လဲ ထစ်တယ်။ ဒါလဲ အဲဒီနှစ်မှာ အုန်းကင်းလေးတွေ သီးတာပဲရှိတယ်။ အုန်းသီး အဖတ်မတင်ဘူး။

ကျွန်တော်လဲ စိတ်ပျက်ပျက်နဲ့ အုန်းပင်ကို အရေးမစိုက်ဘဲ ထားလိုက်မိတယ်။

ဒီလိုပဲ နေလာရင်းက 'အသက် (၁၀)ကျော် အဘွားကြီးတစ်ဦး အိမ်လာသည်ပါတယ်။ စကားပြောကြရင်း အုန်းပင်အကြောင်း စမိတော့ အဘွားကြီးက...

''အုန်းသီးတင်အောင် သီးအောင် လုပ်ချင်ရင် ဒီလိုလုပ်''

ဆိုပြီးတော့ ကျွန်တော့်ကို ပြောတယ်။ အဘွားကြီးပြောပုံက...

"အင်သားကိုရှာ အင်သားအနှစ်ဖတ် ရရင် ပိုကောင်းတယ်။ တစ်ထွာသာသာလောက်ဖြတ်၊ အင်သားကို တစ်ကျပ်လုံးရလောက်အောင် ဓားနဲ့လုံး။ အဖျားတက်ကို ခဲတံချွန်သလို ချွန်ထား၊ ပြီးရင် အုန်းပင်အောက်ခြေကနေ အပေါ်ကို တစ်ထွာသာသာခန့်နေရာမှာ အကုန်ဝင်သွားအောင် ရိုက်သွင်း၊ အဲဒီ လာမယ့်နှစ် အုန်းသီး သီးပြီ"

လို့ ပြောတာနဲ့ ကျွန်တော်လဲ လက်တွေ့လုပ်ကြည့်တော့တာပဲ စိုက်ပြီးလို့ အုန်းသီး သီးချိန်ရောက်တော့ ဦးကိုကြီးရေ သီးလိုက်တဲ့အုန်းသီး အံ့မခန်းပါပဲဗျာ'

ဟု ဝမ်းပန်းတသာ ပြောလိုက်ပါတော့သည်။

ဦးမောင်စိုး ဝမ်းသာမည်ဆိုလည်း ဝမ်းသာစရာဖြစ်ပါသည်။ သူ့အုန်းပင်မှာ အင်သားရိုက်သွင်းပြီးနောက်ပိုင်း နှစ်စဉ် အုန်းသီးအလုံး(၃၀)ကျော်ထိ သီး၍ အုန်းသီးများ ရောင်းချရသည့်အတွက် မိသားစု အပိုဝင်ငွေ ရရှိခြင်းသည် ပျော်ရွှင်စရာလေးတစ်ခု မဟုတ်ပါလားခင်ဗျာ။

ဦးမောင်စိုး ပြောသလို အုန်းပင်ကို ဓားနှင့်ထစ်ခြင်း၊ အပင်ခြေ၌ ဆားပုံ



ခြင်း၊ အုန်းပင်ကို အဖိုဓာတ်များ၍ အမဖြစ်သွားရန်အတွက် ထဘီဝတ်ပေးခြင်းတို့သည် တချို့အပင်များ သီးတာမျိုးကိုလည်း တွေ့ဖူးပါသည်။

သို့ပေမယ့် ဦးမောင်စိုးအပင် သီးပုံမျိုးတော့ ထူးထူးဆန်းဆန်းလေးဖြစ်လို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာဖတ်သူပြည်သူများ အုန်းပင်စိုက်၍ သီးချိန်တန် မသီးတာမျိုး ကြုံခဲ့ကြပါလျှင် ဒီနည်းကို သုံးပြီး စိုက်ပျိုးကြည့်လျှင် အောင်မြင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နည်းပြောပြသော ဦးမောင်စိုးအား ကျေးဇူးတင်ပါကြောင်း ဒီစာဖြင့် ဂါရဝပြုလိုက်ပါသည်။**

**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**(၂)မ.တ.ယ၊ ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြွင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




မှတ်ပုံတင် ၁၁၁၈ (ပိုင်) ၀၁၂၄၇၇ လိုင်စင် ၁၁၇၈ (ထိုး)

အမှတ်တံဆိပ်

တစဝတ (တနင်္သာရီ) ၀၂၁/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . ."
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ . . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများစွာ နည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . ."
"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲများပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြွင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .**"

မင်ရင်း **'ဝင်း'** ဆေးတိုက်
ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်
၃/၁၁၀/ဒေဝယန္တာအိမ်ယာ
၈/တောင်ရပ်ကွက်၊ သယ်မီးကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၃၃၀၃၃၄၁၀၊ ၀၉ ၅၁၉၈၀၃၃၊ ၀၉ ...

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားချမ်းသာလိုသလား ချမ်းသာကြီးကိုသွားနှင့်...လွန်ခဲ့သော (၂၁)နှစ်က

# အဝိုင်းယင်းကျောင်းမှ

ထူးခြားအံ့ဖွယ်ရာများ (၁)

(စာသင်)သန့်စင်

ကျွန်ုပ်သည် အထက်တန်းအောင်သည်နှင့် ဟံသာဝတမှ ထွက်ခွာ၍ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်တာဝန် ထမ်းဆောင်နေရခြင်းသည် အောက်ပါ ထူးဆန်းလှသည့် ဖြစ်ရပ်များကို ဂဃနဏ မသိရခြင်း၏ အကြောင်းရင်း ဖြစ်ခဲ့ပါသည်။

ဟံသာဝတမြို့တွင် ဆယ်ထပ်ကြီးဘုရား၊ ကျောက်တော်ကြီးဘုရား မြို့သူကြီးဘုရားဟူသော ကြီးလေးကြီးဘုရားတို့ အပါအဝင် ဘုရားစေတီပေါင်းများစွာ ကိန်းဝပ်စံပယ်လျက် ရှိပါသည်။


ထို ကြီးလေးကြီးဘုရားတို့အနက် **ချမ်းသာကြီးဘုရား၏ တည်ရာကို** လူသိနည်းလှသည်။ ရှင်းရှင်းဝန်ခံရလျှင် ကျွန်ုပ်ကိုယ်တိုင် မသိခဲ့ပါ။

ဆရာဦးခင်မောင်သန်း (စာရေးဆရာခင်မောင်သန်း အ.မ.က၊ ပခန်းတန်း)၏ ဦးဆောင်မှုဖြင့် ကြီးလေးကြီး အဓိဋ္ဌာန်ဝင်ခဲ့သည့်အခါမှ ချမ်းသာကြီးဘုရား တည်ရာကို သိတော့သည်။

စင်စစ် ထိုစေတီကြီးမှာ ကျွန်ုပ်နေထိုင်သော ညောင်ပင်ရပ်ကွက် အတွင်း၌ တည်ထားခြင်းဖြစ်၍ ငယ်စဉ်ကပင် စေတီကြီး အနီးအပါးမှ ကြိမ်ဖန်များစွာ အမှတ်မဲ့ ဖြတ်သန်း သွားလာဖူးသည်။

သို့သော် စေတီကြီး၏ဘွဲ့တော်ကို ပင် မသိခဲ့။

ထို့ပြင်မက စေတီကြီးတည်ရာ **အဝိုင်း**



(ပုံ-၁) ဓာတ်ပုံဆရာ ကိုမြင့်သိန်း ရိုက်ကူးသည်


ချမ်းသာ စိတ်ကြည်ချမ်းသာစေသည့် ချမ်းသာကြီးဘုရား





www.burmeseclassic.com

www.burmeseclassic.com





◆ (ပုံ-၃) အိမ်မက်ဝေး ဆောင်တော်မှ သစ်တစ်လုံးဘုရားကြီးကို နောက်မှ မြင်ကွင်း [သစ်တစ်လုံးတည်း ထုလုပ်မှုတော်အကြောင်း ထင်ရှားစေရန်]

◆ (ပုံ-၂) အိမ်မက်ဝေး ဆောင်တော်မှ သစ်တစ်လုံးဘုရားကြီး [တိုက်ပုံအင်္ကျီ နှင့် လူမှာ ဘုရားကြီး၏ အကြောင်း ရှင်းပြသူ ဦးသန်းအောင်နှင့် အခြားလူမှာ လက်ထွေ့သမား ဟင်္သာတမြို့ ခတ္တာစာပေမှ ဦးမောင်မောင်(ခေါ်) ဦးအုန်းမြင့်ဖြစ်သည်]

**မင်းကျောင်းသည်လည်း** ရှေးဟောင်းကျောင်းကြီးဖြစ်ကြောင်း မသိခဲ့။

ထိုမျှမက ထိုကျောင်းကြီးတွင် သီတင်းသုံးသွားသော ဆရာတော် အဆက်ဆက်တို့၏ သီလ၊ သမာဓိ၊ ပညာစွမ်းတို့ အံ့မခန်း ထက်မြက်ခဲ့သည်ဟု မသိခဲ့။

ထို့ထက် ဆရာတော် အဆက်ဆက်တို့သည် ယခုတိုင် ခွေးရှူးကိုက်ခံရသည့် ဝေဒနာရှင်ပေါင်း များစွာကို ပျောက်ကင်း ချမ်းသာစေခဲ့ကြောင်း မသိခဲ့ခြင်းသည် အဆိုးဆုံး ဖြစ်လေ၏။

ညောင်ပင်ရပ်ကွက်တွင် နေထိုင်သူ တစ်ဦးဖြစ်လျက် ဤမျှ ထူးခြားဆန်းပြားလှသော စိတ်ဝင်စားဖွယ်ရာကောင်းလှသော ရင်သပ်ရှုမော အံ့သြဖွယ်ရာကောင်းလှသော ဖြစ်ရပ်များကို သေချာစေ့ငုစွာ မသိခဲ့ခြင်းမှာ ကျွန်ုပ်တူမျှ၍ ဗဟုသုတနည်းပါးသူ၊ မိုက်မဲသူနှင့်ရှိမှ ရှိပါလေစဟုပင် တွေးထင်မိပါတော့သည်။

ကိုယ်လည်း ချမ်းသာ၊
စိတ်လည်း ချမ်းသာသည့်
ချမ်းသာကြီးဘုရား


ဟင်္သာတမြို့၊ ဘောဂဝင်း၊ ခတ္တာစာပေမှ ဦးမောင်မောင်(ခေါ်) ဦးအုန်းမြင့်နှင့် ဟင်္သာတမြို့ ပဒေသာဈေးကြီး

F.6B. July, 2017.



www.burmeseclassic.com

www.burmeseclassic.com




◆ (ပုံ-၄)အိုင်းမင်းကျောင်းကြီးမှာ တုပ်၊ လျှောက်၊ နိုင်၊ မြွေတို့သည် ရုပ်လက်ရာပေါက်လျှံများသော မြင်ကွင်း။
[မျက်နှာကြက်အပေါက်မှ အတွင်းပိုင်းကို ဓါတ်ရိုက်ထားသည်။]

(ပုံ-၄-ခ)အိုင်းမင်းကျောင်း၏ အနောက်ဘက်ကျောင်းဆောင်ကြီးကို ခန်းမ၊ စနုန်း ပြာသာဒ်ဟူ၍ သုံးပိုင်းခွဲထားသည် ◆

◆ (ပုံ-၅)ခန်းမမျက်နှာကြက်တွင် နေဝန်းထိပ်၊ လဝန်းထိပ်နှင့်တကွ နက္ခတ်တာရာများ၏ ပုံကို မှန်စီထွင်းထားသည်





အတွင်းရှိ ပြည့်စုံဦးစာပေမှ ဦးမောင်ဦး၊ ဒေါ်သီတာတို့က ချမ်းသာကြီးဘုရား အကြောင်း ဆောင်းပါးရေးရန် တိုက်တွန်းကြရာမှ ဤပရိဝုဏ်အတွင်းသို့ ဆိုက်ရောက်ခဲ့ရသည်။

အဓိဋ္ဌာန်ဝင်ခဲ့စဉ်က မသိခဲ့လိုက်ရသည့် ထူးထွေဆန်းပြားသော ဖြစ်ရပ်များကို သိခွင့်၊ ကြားခွင့်၊ မြင်ခွင့် ရခဲ့လေပြီတည်း။

ဤပတ်ဝန်းကျင်သည် ရက်ပိုင်းအတွင်း အလွန်ထူးခြားစွာ ပြောင်းလဲသွားခဲ့ရလေပေပြီ။

ချမ်းသာကြီးဘုရားသည် ဟင်္သာတမြို့၊ ညောင်ပင်ရပ်ကွက်၊ အဝိုင်းမင်းကျောင်း ပရိဝုဏ်အတွင်း၌ ရှေးနှစ်ပေါင်း နှစ်ရာခန့်က တည်ထားခဲ့သော စေတီတော်မြတ်ဖြစ်သည်။ ဉာဏ်တော်အမြင့်(၃၅)တောင်ရှိ၍ အချိုးကျ သပ္ပါယ်လှသည်။

မပြုပြင်ဘဲ မည်မျှ ကြာကြာထားစေကာမူ ညောင်ပင် စသော အပင်တို့ လုံးပတ်တော်တွင် တစ်ခါမျှ မပေါက်ဘူးခဲ့ချေ။(ပုံ-၁)

## ထူးဆန်းစွာ ဒိဗ်မက်ပေးသော
## အောင်တော်မူ
## သစ်တစ်လုံးဘုရားကြီး

ချမ်းသာကြီးဘုရား၏ အာရုံခံ တန်ဆောင်းကြီးအတွင်း၌ အလွန်လက်ရာကောင်းလှသော ဉာဏ်တော် ဆယ့်နှစ်တောင်ခန့် ရှိသည့် မတ်ရပ် အောင်တော်မူ ရုပ်ပွားတော်ကြီးတစ်ဆူကို ဖူးမြင်ရသည်။(ပုံ-၂,၃)

ရုပ်ပွားတော်ကြီးသည် ကြည်ညိုဖွယ်ကောင်းသကဲ့သို့ နောက်ကြောင်း ရာဇဝင်က ပို၍ အံ့ဩဖွယ်ကောင်းသည်။

ရှေးနှစ်ပေါင်း (၁၅၀)ကျော်ခန့်က ဧရာဝတီမြစ်အတွင်း၌ မြစ်ရေကြီးချိန်တွင် သစ်လုံးကြီးများ မျောပါလာတတ်သည်။ တစ်ခါသော် ဟင်္သာတမြို့မှ သစ်ဆယ်ခေါင်းတစ်ဦး ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

သော သစ်ဆယ်အဖွဲ့သည် မြစ်တွင်းမှ အလွန်ကြီးမားသော သစ်တုံးကြီး တစ်လုံးကို ဆယ်ယူမိသည်။

ထိုအခါ သစ်ဆယ်ခေါင်းက ဤတုံးကြီးသည် အလွန်ကြီးသည်။ ဘုရားထု၍ ကိုးကွယ်မည်ဟု ဟင်္သာတဘက် မြစ်ဆိပ်တွင် ဆွဲတင်ထားသည်။

နှစ်များစွာကြာ၍ ဘုရားထုရန် မေ့နေသော် သစ်ဆယ်ခေါင်းကို သစ်တုံးကြီးက ထူးဆန်းစွာ အိပ်မက် ပေးသည်။

'ငါ့ကို ဘုရားထုမယ်ဆိုပြီး ဆယ်ထားတာ ခုထိလဲ မထုသေးပါလား။ ခုတော့ ဆိပ်ကမ်းမှာ ငါ့အပေါ်ကလေးတွေက တက်ကစား မိန်းမတွေက အဝတ်လျှော်နဲ့ ကိုယ့်အလုပ်ကိုယ်ပြီးအောင် လုပ်မှပေါ့'


ဟု…

ထိုအခါမှ သစ်ဆယ်ခေါင်းက ပန်းပု အကျော်အမော်တို့ကို ခေါ်ယူ၍ ဘုရားထုစေရသည်။ အဆက်အစပ်မရှိဘဲ သစ်လုံးကြီးတစ်ခုတည်းမျှ ထုလုပ်သဖြင့် **"သစ်တစ်လုံးအောင်တော်မူ ဘုရားကြီး"**ဟု ဘွဲ့အမည်တွင်သည်။

ဘုရားကြီးကို ထုလုပ်ပြီးသော် ဟင်္သာတမြို့၊ ညောင်ပင်ရပ်အလယ်လမ်းရှိ ယခု ဦးအေးကျော်၊ ဒေါ်သန်းစိန်တို့၏ အိမ်ခြံခြေရင်း လှည်းလမ်းဘေး မြေကွက်လပ်တွင် တန်ဆောင်းဆောက်၍ ကိုးကွယ်သည်။

သို့သော် ပန်းပုဆရာတို့အား ငွေအကျေ မပေးနိုင်သဖြင့် မူလဒါယကာ သစ်ဆယ်ခေါင်းခမျာ လွန်းဆေး(ယခု မြန်အောင်)ဘက်သို့ ပြေးရှောင်နေရသည်။ မကြာပါ။ သစ်ဆယ်ခေါင်းကို အိပ်မက်ပေးပြန်သည်။

'လူတွေက ငါ့ကို ရှိခိုးပြီးရင် ပြောကြတယ်။ အဲဒီဘုရားကြီးပေါ့ မူလဒါယကာကြီးက ပန်းပုဆရာတွေကို ငွေအကျေမပေးနိုင်လို့



▲ (၄-၆)ရာစုအခါက ဆရာတော်ကြီးများ အမှုအခင်းစုံမြွက်ရာတွင် ထိုင်တော်မူသည့် ရွှေဖောင်းသလွန်တော်

ရှောင်ပြေးတယ်ဆိုပြီး ခဏခဏပြောကြတယ်။ ငွေရှာပြီး ခပ်မြန်မြန်ချေလိုက်'

ဟူသတည်း။

ထိုအခါမှ သစ်ဆယ်ခေါင်းက ငွေကြေးစုဆောင်းပြီး အကျေဆပ်ရသည်ဟူ၍ **အဝိုင်းမင်းကျောင်း ဆရာတော်ဦးပညာ၏ မယ်တော် ဒေါ်စိန်မှုန်က** ပြောပြခဲ့ကြောင်း ဤကျောင်းတွင် ငယ်စဉ်က ကျောင်းသားအဖြစ် နေခဲ့ဖူးသူ အဘဦးသန်းအောင်က ရှင်းပြလေ၏။

မူလတန်ဆောင်းတွင် သီတင်းသုံး၍ ကာလကြာသော် တန်ဆောင်းတို့ ပျက်စီးယိုယွင်းသည်တွင် နှောင်းလူတို့က ရုပ်ပွားတော်ကြီးကို ယင်းရပ်ကွက် ဘိုးသိန်းတန်ကျောင်းသို့ ပင့်ကြသည်။ ထိုမှတစ်ဆင့် ချမ်းသာကြီးဘုရား အာရုံခံတန်ဆောင်းအတွင်း ပြောင်းရွှေ့ပင့်ဆောင်ကာ သီတင်းသုံးစေခြင်း ဖြစ်ပါသည်။

ရှေ့လဆက်ဖတ်ပါရန်

(တာလင်)သန့်စင်

www.burmeseclassic.com

www.burmeseclassic.com

# အကြွေးပြန်ရစေသော

ဂါမဏိဇော်
(ဝိဇ္ဇာဓရ)စစ်ကိုင်း

## ယတြာအစီအရင်



လူ့လောက ပတ်ဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံကြသည်မှာ ဓမ္မတာသဘောသာ ဖြစ်ပါလိမ့်မည်။

ဤသို့ နီးနွယ်ဆက်ဆံကြရာတွင် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းခြင်း၊ ဖေးမထောက်ကူခြင်း စသည်တို့ကား မလွဲမသွေ ရှိရပေလိမ့်မည်။

ထိုသောအခါတွင် ငွေကြေးဥစ္စာတို့ကို ချေးငှားခြင်း၊ ကူညီခြင်းတို့မှာ ပြဿနာများစွာ ကြုံကြရပေသည်။

အချို့ကား သူတစ်ပါးထံမှ ငွေကြေးဥစ္စာကို ချေးငှားပြီး မိမိအဆင်ပြေသောအခါတွင် လွယ်ကူချောမွေ့စွာ ပြန်ဆပ်တတ်ကြ၏။

အချို့မှာ ချေးငှားပြီး၍ မိမိအဆင်မပြေသော်လည်း အကြွေးကို သေရာအထိ ယူမသွားနိုင်ဟူသော စိတ်ဓာတ်မျိုးဖြင့် ဖြစ်သည့်နည်းဖြင့် ပြန်လည်ပေးဆပ်တတ်ကြပါသည်။

ထိုသူမျိုးတို့ကား လေးစားထိုက်သော ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်ကြသူများ ဖြစ်ပေသည်။

အချို့သော သူများတွင်မူ သူတစ်ပါးအကြွေးအား ပြန်ဆပ်လိုသော်လည်း ဆင်းရဲနွမ်းပါး ကံတရား မရှိသဖြင့် ပြန်မဆပ်နိုင်ကြပေ။ ဤသို့သော သူများကို ခွင့်လွှတ်နိုင်ဖွယ်ရာ ရှိပေသည်။


အချို့သောသူများကား သူတစ်ပါးတို့၏ ငွေကြေးဥစ္စာတို့ကို ချေးငှားယူငင်ပြီး၍ မိမိတွင် ပြန်ပေးဆပ်နိုင်သော စီးပွားဥစ္စာလက္ခဏာ ပြည့်စုံပါသော်လည်း ပြန်လည်၍ မဆပ်လိုကြပေ။

ထိုသို့သော သူများကို ရည်ညွှန်း၍ ဤ အကြွေးပြန်ရစေတတ်သော ယတြာအစီအရင်ကို ဖော်ပြလိုက်ပါသည်။

**ယူငင်ထားသော အကြွေးအား ပြန်လည်ပေးဆပ်နိုင်ပါလျက်နှင့် မပေးဆပ်သော ကြွေးယူထားသူများကို အောက်ဖော်ပြ အကြွေးပြန်ရစေရန် ယတြာအစီအရင်ကို ပြုလုပ်၍** အဆင်ပြေနိုင်ကြပါစေ။

### ယတြာအစီအရင်

၁။ သန့်ရှင်းလတ်ဆတ်သော **ကြက်ဥအစိမ်းတစ်လုံး**ကို ယူပါ။ ယင်းကြက်ဥပေါ်တွင် အကြွေးရမည့်သူ၏ နာမည်နှင့် လိုရာစာ ရေးပါ။ **ဥပမာ...**





ပတ်လည် အဆင်ပြေသလို ရေးပါ။

၂။ **ရေးပြီးလျှင် ယင်းကြက်ဥကို ကျက်အောင်ပြုတ်ပါ။ ကျက်လျှင် အခွံခွာပြီး သုံးစိတ် စိတ်ပါ။**

၃။ ပြီးလျှင် **အကြွေးရစရာရှိသူ၏ မွေးနံ (သို့မဟုတ်) အမည်၏ ဌာနအရပ်တွင်ရှိသော** တွေ့သော ခွေးတစ်ကောင်ကို ကျွေးပါ။ နှုတ်မှလည်း ပြောဆို၍ ကျွေးမွေးပါ။

### ဌာနအရပ်ယူပုံ




အကြွေးယူထားသူ၏ နေ့နံသည် **တနင်္ဂနွေဖြစ်မူ** (သို့မဟုတ်) **နေ့နံမသိ၍ နာမည် အောင်ဝင်း, အောင်သူ** စသည်ဖြစ်မူ **တနင်္ဂနွေအရပ်မှစ၍ "ပရိဝါရ, အာယု, နဂရ, ဘုမ္မိ, ဂုဏသိ, တေဇ, ဌာန, သိရီ"**ဟု ရေတွက်ပြီး ဌာနအရပ်ကို ယူပါ။

## နေ့အလိုက် ဌာနအရပ်ကို

## လွယ်ကူစွာ ယူနည်း

- **တနင်္ဂနွေသားသမီးတို့၏ ဌာနအရပ်သည် အနောက်မြောက်ထောင့် ရာဟုအရပ် ဖြစ်၏။**
- **တနင်္လာသားသမီးတို့၏ ဌာနအရပ်သည် မြောက်အရပ် သောကြာအရပ်ဖြစ်၏။**
- **အင်္ဂါသားသမီးတို့၏ ဌာနအရပ်သည် အရှေ့မြောက်ထောင့် တနင်္ဂနွေအရပ် ဖြစ်၏။**
- **ဗုဒ္ဓဟူးသားသမီးတို့၏ ဌာနအရပ်သည် အရှေ့အရပ် ဖြစ်၏။**
- **ကြာသပတေးသားသမီး တို့၏ ဌာနအရပ်သည် တောင်အရပ် ဖြစ်၏။**
- **သောကြာသားသမီးတို့၏ ဌာနအရပ်သည် အနောက်အရပ် ကြာသပတေးအရပ်ဖြစ်၏။**
- **စနေသားသမီးတို့၏ ဌာနအရပ်သည် အရှေ့တောင်ထောင့် အင်္ဂါထောင့်ဖြစ်၏။**

ကြွေးယူထားသူ၏ နေ့နံ(သို့မဟုတ်)နာမည် အစကို ယူ၍ ပြုလုပ်ပါ။

**ပြုလုပ်ရမည့်နေ့ရက်** = တနင်္လာနေ့တွင် ပြုလုပ်ပါ။

**ပြုလုပ်ရမည့်အချိန်** = ညနေပိုင်း အချိန်တွင် ပြုလုပ်ပါ။

**မှတ်ချက်** ။ ။(၇)ရက် တစ်ပတ် အတွင်း တစ်ကြိမ်သာ ပြုလုပ်ရပါမည်။

*အဆင်ပြေနိုင်ကြပါစေ...*

**ဂါမဏီဇော်(ဝိဇ္ဇာဓရ)**
**စစ်ကိုင်း**

# ခွေးဆိုးကို ယဉ်ကျေးလာအောင်

### ရွတ်ဆိုသောဂါထာ

မိမိတို့ကျေးရွာတွင် လွန်စွာ အကိုက်ဆိုးသော ခွေးဆိုး(ဝါ) ခွေးကိုက်တတ် တစ်ကောင် ရှိပါသည်။ ခွေးကိုက်ရာတွင် မတ်တတ်ရပ်နေသူကို မြေပေါ် လဲကျအောင် ကိုက်ပြီး မျက်နှာစုတ်ပြတ်အောင် ကိုက်သဖြင့် ဆေးရုံတက်၍ ကုသရသည်ထိ အကိုက်ဆိုးသောခွေး ဖြစ်ပါသည်။

ထိုခွေးကိုက်တတ်သော နေအိမ်သို့ မြန်မာဆေးဆရာ ကိုမြင့်စိုး ဝင်ထွက်သွားလာနေသောအခါ ကိုက်တတ်သော ခွေးမှ ရန်ပြုခြင်း၊ ဟောင်ခြင်းမလုပ်ဘဲ အမြီးတနန့်နန့်နှင့် လုပ်နေသည်ကို တွေ့ရ၏။

'ဆရာကိုမြင့်စိုး... မင်း အဲဒီအိမ်သွားတာ ခွေးကိုက်မှာ မကြောက်ဘူးလား။ အရင်လလောက်က အဲဒီအိမ်က ခွေးကိုက်လို့ ဆေးရုံတက်ရတာ မကြားမိဘူးလား ကောင်လေးရေ'

'ကျွန်တော့်ကို အဲဒီခွေး မကိုက်ပါဘူးဗျာ။ သူများတွေက ခွေးဆိုးတာခင်အောင် ထန်းလျက်ကို တံတွေးဆွတ်ပြီးကျွေးသတဲ့၊ ကျွန်တော်ကတော့ အဲဒီနည်း မသုံးပါဘူးဗျာ'

'ဒါဖြင့် ဆရာသုံးတဲ့ ခွေးဆိုးကို ယဉ်ကျေးအောင် ဘယ်လိုနည်းသုံးတာလဲ ပြောပါဦး'

'ကျွန်တော်ကတော့ ခွေးကိုက်တတ်တဲ့ အိမ်ဝင်ရင် ခွေးကို ကြည့်ပြီး...

"ဥုံသာရဋ္ဌိ ဥုံသာရဋ္ဌိ"

လို့ (၃)ကြိမ်လောက် နှုတ်ကရွတ်ပြီး ဝင်သွားလိုက်တာပါပဲ။ ရိုင်းတဲ့ခွေး ယဉ်လာစေတဲ့နည်းပေါ့ဗျာ'

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များ ခွေးဆိုးများနှင့် ရင်ဆိုင်တွေ့ရပါက



ခွေးကို ကြည့်၍ "ဥုံသာရဋ္ဌိ" ဂါထာကို (၃)ကြိမ်ရွတ်ဆို စမ်းကြည့်ကြပါဟု စေတနာ ရှေ့ထား၍တင်ပြလိုက်ရပါသည်။

**မောင်လှကြိုင်**
**(လက်ခုပ်ပင်ရွာ)**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဪ ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ့၊ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'


'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ ၊ရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဥါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း-ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ / ၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုန္ဒာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၃၀၉၃၊ ၇၂၂၈၃


www.burmeseclassic.com



မြဝတီမြို့မှ ကောင်းကျိုးနိမိတ် ဝေဆာစေသည့်

# မိကျောင်းကုန်းသာသနာ့မြေသို့ (၂)

ထက်မင်းကျော်စွာ





(ပုံ-၁၄) တောထွက်ရန် ကြံရွယ်လျက်ကြည့်ပုံ

(ပုံ-၁၅) အရပ်ရပ်သို့ သာသနာပြုရန် ရွှေဝင်ကဲ့များ စေလွှတ်ခန်း

## ယခင်လမှ အဆက်

၁၃၆၂ ခုနှစ်မှ စတင်၍ ရွှေမြင်းဝန် စေတီတောင်ဘက် (၄)ဖာလုံအကွာရှိ တောင်ကုန်းထက်တွင် **မိဋ္ဌာန်အောင် စေတီတော်နှင့် သာသနာမြေ**ကို ကြိုးပမ်းဖော်ထုတ်ပေးခဲ့သည်။

၁၃၇၇ ခုနှစ်တွင် ပထဝီဘာသာရေး မြေပုံကို ရုပ်လုံးရုပ်ကြွများဖြင့် သရုပ်ဖော်ထားသော အောင်သိဒ္ဓိစေတီ ဗုဒ္ဓဝင်ပြခန်းကို တည်ဆောက်ခဲ့ရာ အထက်ရှိ စေတီတော်ကို ထီးတင်ပူဇော်မှု ပြီးစီး၍ အောက်ထပ် ရုပ်လုံးရုပ်ကြွများ ဆက်လက်တည်ဆောက်နေဆဲဖြစ်လေသည်။

## ကုန်းတော်တစ်ခွင်

နောက်နေ့ နံနက်တွင် မိကျောင်းကုန်းသာသနာမြေသို့ သွားရောက်လေ့လာကာ ဓာတ်ပုံမှတ်တမ်းပြုခဲ့သည်။

ကုန်းတော်အဝင် အရှေ့ဘက်မုခ်မှ ဝင်ရောက်ပြီးနောက် ဦးစွာ ဖူးတွေ့ရသည်ကား ဖိနမာရ်အောင် စေတီတော်ဖြစ်သည်။[ပုံ-၃]

လွန်ခဲ့သည့် နှစ်ပေါင်း(၂၀၀၀)ကျော်က မြဝတီမြို့စား မြစန္ဒီမင်းသမီး ကောင်းမှုစေတီ ပြိုပျက်သွားသော နေရာ၌ အသစ် တည်လုပ်ခြင်းဖြစ်၍ ၁၃၄၉ ခုနှစ်တွင် ပြီးစီးသည်ဟု သိရ၏။

ယင်းမှ မလှမ်းမကမ်းတွင် ကိုးတောင်ပြည့်စေတီနှင့် သိဒ္ဓိရှင်ခန်းဆောင်တို့ တွေ့မြင်ရသည်။[ပုံ-၄]

သိဒ္ဓိရှင်ခန်းဆောင်၌ အဘဘိုးဘိုးအောင်နှင့် ရက္ခန်းစင်တောင် ဆရာတော် ရုပ်တုများ ပူဇော်ထားသည်။[ပုံ-၅]

ထိုမှအထွက် မြောက်ဘက်တွင် ဗောဓိညောင်ပင်ကို ဝန်းရံလျက် တန်ဆောင်းတစ်ခု ပြုလုပ်ထားကာ တန်ဆောင်းအတွင်း၌ ဂြိုဟ်ရှင်ခွင် ရုပ်ပွားတော်များနှင့် နတ်မင်းလေးပါး ရုပ်တုများမြင်တွေ့ရသည်။[ပုံ-၆]

ထိုမှ မြောက်ဘက်ကုန်းမြင့်အထက်တွင် အောင်သိဒ္ဓိစေတီ၊ ဗုဒ္ဓဝင်ပြခန်း(ဆောက်လုပ်ဆဲ)တို့ တည်ရှိသည်။[ပုံ-၇]

အောင်သိဒ္ဓိစေတီ အောက်ခြေအနီး အနောက်ဘက်အဝင် မုခ်အနီးတွင် မင်္ဂလာရေသိမ်တော်ကို တွေ့ရ၏။[ပုံ-၈]

သိမ်အနီး၌ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့၌ မိကျောင်းကုန်းကျောင်းတိုက် ပဓာန နာယက ဦးစီးဆရာတော် အရှင်ဝိရောမနေ ဦးဆောင်၍ တပည့်ဒါယကာများ ကုသိုလ်ပြု တည်ဆောက်ကြောင်း ကမ္ပည်းကျောက်စာ





www.burmeseclassic.com

www.burmeseclassic.com

(ပုံ-၁၆) သာမညဆရာတော် တန်ဆောင်း




စိုက်ထူထားသည်။

ဟံသာဝတီပြည့်ရှင် ဘုရင်မရှင်စောပုနောက် ဆက်ဆံသော ဓမ္မစေတီမင်းလက်ထက် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ရှိ ရေသိမ်သို့ သံဃာများ စေလွှတ်၍ ကံဆောင် သိက္ခာထပ်ကြသည်ကို အကြောင်းပြု၍ မြန်မာနိုင်ငံ အရပ်ရပ်တွင် ရေသိမ်များ ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ယင်းမှ မြောက်ဘက်ကုန်းမြင့်ထက် ပြန်တက်လာသောအခါ မိကျောင်းရုပ်တုကြီးနှင့် မိကျောင်းကန်တော်ကို မြင်တွေ့ရ၏။



(ပုံ-၁၇) သာမညဆရာတော်ရုပ်တု



(ပုံ-၁၈) သာမညဆရာတော်၏ အသုံးအဆောင်များ

ကန်ရေပြင်၌ ဘေးမဲ့ငါးများ လွှတ်ထားသဖြင့် အစာကျွေး ဒါနပြုသူများ စည်ကားနေသည်ကို မြင်ရ၏။[ပုံ-၉]

ကန်တောင်ဘက် မိကျောင်းပါးစပ်အနီး ကန်စပ်တွင် ရှင်ဥပဂုတ္တကျောင်းဆောင် တည်ရှိ၏။[ပုံ-၁၀]

မိကျောင်းကျောထက်၌ ဝတ်ကျောင်းတစ်ဆောင် ဆောက်လုပ်ထားသည်။ ဝတ်ကျောင်းအတွင်းသို့ "အမျိုးသမီးမဝင်ရ"ဟု ထိုင်း၊ မြန်မာနှစ်ဘာသာဖြင့် ကမ္ပည်းစာတန်း ချိတ်ဆွဲထားသည်။

တူးဖော်၍ အထ မမြောက်ခဲ့သော မြစန္ဒီမင်းသမီးကောင်းမှု မူလစေတီဌာပနာတိုက် အထက်တွင် ဖြစ်သောကြောင့် ဤသို့ တားမြစ်ခြင်းဖြစ်သည်ဟု သိရ၏။


မိကျောင်းကန်၏ လက်ဝဲဘက် (အနောက်ဘက်)တွင် မဟာဗုဒ္ဓဝင်ပြတိုက် အခန်း(၃၂)ခန်းရှိသည်။






www.burmeseclassic.com

www.burmeseclassic.com



◆ (ပုံ-၂၀) ကယ်တော်ရှင်တန်ဆောင်း





◀ (ပုံ-၁၉) ဆောင်မောင်း

ပစောက်ပုံသဏ္ဌာန် တည်ဆောက်ထားသည်။[ပုံ-၁၁]

ဂေါတမဘုရားရှင် သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံယူပုံမှစ၍ ဖွားတော်မူခန်း၊ နိမိတ်ကြီးလေးပါးမြင်ခန်း၊ တောထွက်ခန်း၊ တရားဦးဟောခန်း၊ ပရိနိဗ္ဗာန်ပြုခန်းအထိ အသက်ဝင်လှသော ရုပ်လုံးရုပ်ကြွများဖြင့် သရုပ်ဖော်ကာ မြန်မာ၊ အင်္ဂလိပ်၊ ထိုင်းသုံးဘာသာဖြင့် ကမ္ပည်း စာတန်းများလည်း ရေးထိုးထားသည်။[ပုံ-၁၂၊ ၁၃၊ ၁၄၊ ၁၅]

ပစောက်ပုံ ဗုဒ္ဓဝင်ပြခန်း အဆောက်အအုံအလယ်တွင် သာမညဆရာတော် တန်ဆောင်းတည်ရှိသည်။
[ပုံ-၁၆]

တန်ဆောင်းအတွင်း၌ သာမညဆရာတော်ရုပ်တု[ပုံ-၁၇]နှင့် ဆရာတော်၏ အသုံးအဆောင်ပစ္စည်းများ [ပုံ-၁၈] ထိန်းသိမ်းထားသည်။

သာမညဆရာတော်ကြီး ဦးဝိနယ သက်တော်ထင်ရှားရှိစဉ်က မြဝတီ၊ မဲဆောက်မြို့များသို့ ကြွသည့်အခါ မိကျောင်းကုန်းကျောင်းတိုက်သို့ ဝင်၍ ဤနေရာတွင် သီတင်းသုံး နားနေလေ့ရှိသည်ဟု သိရသည်။


ထို့ကြောင့် အထိမ်းအမှတ်ရုပ်တုနှင့် အသုံးအဆောင် ပစ္စည်းများ ပူဇော်ပြသထားခြင်း ဖြစ်သည်ဆို၏။

## သာမညဆရာတော်နှင့် မိကျောင်းကုန်း


မိကျောင်းကုန်း ဆရာတော်သည် သာမညဆရာတော်ကြီးအား ဥပဇ္ဈာယ်ဆရာတော် ဦးဝိလာသနှင့် ခေပ်တူ

◀ (ပုံ-၂၁) အဂ္ဂိကာရာမ သုံးဆောင်ကျောင်း

www.burmeseclassic.com



◆ (ပုံ-၂၂) သုံးထပ်ကျောင်းအပေါ်ထပ်မှ ရုပ်ပွားတော်ကြီး



(ပုံ-၂၃) မိကျောင်းကုန်းဆရာတော်
ဆေးရုပ်ပွားကျောက်စာတိုင် ◆

ကြည်ညိုလေးစားသူဖြစ်သည်။

မိကျောင်းကုန်းသာသနာမြေ စတင်ဖော်ထုတ်သောအချိန်က အသားငါးဟင်းလျာများ ယူလာပါက အချင်းချင်း ကတောက်ကဆတ်ဖြစ်ခြင်း၊ အဆင်မပြေမှုများ ကြုံရခြင်း စသည့် ကြုံဆုံရလေမှ သက်သတ်လွတ်ကုန်းမြေဖြစ်ကြောင်း သိရှိ ရှောင်ကြဉ်လာကြသည်။

ဆရာတော် ဦးဝိရောစနသည်လည်း ကုန်းတော်၌ သက်သတ်လွတ်သာ ဘုဉ်းပေးတော်မူသည်။ မြို့တွင်းနှင့် အခြားနေရာဒေသများသို့ ကြွရောက်သည့်အခါ၌သာ ကြုံသလိုသင့်သလို (ကပ်လှူသမျှကို) ဘုဉ်းပေးတော်မူလေသည်။

ထို့ကြောင့် မိကျောင်းကုန်းသာသနာမြေသည်လည်း ညွှန်ပြဖော်ထုတ်စေသည့် သာမညဆရာတော်ကြီး၏ အတိတ်ပဋ္ဌာန်းဆက်နေရာ ဖြစ်ဖွယ်ရှိသည်ဟု ယူဆကြသည်။

မိကျောင်းကုန်းနှင့် ပတ်သက်၍ သာမညဆရာတော် တင်ကူး မိန့်ကြားသမျှ မှန်ကန်ဖြစ်တည်လာသည် ကြုံတွေ့ကြရ၏။

## အောင်မောင်း

သာမညဆရာတော် တန်ဆောင်းအနီးတွင် ကြီးမားထုထဲလှသော မောင်းကြီးတစ်လုံးကို အမိုးတန်ဆောင်းဖြင့် ချိတ်ဆွဲလှူဒါန်းထားသည်။[ပုံ-၁၉]

ထိုင်းနိုင်ငံမှ ဒါယကာများ ကောင်းမှုဖြစ်သည်ဆို၏။ မောင်းလက်ခတ်ကြီးကို ကြိုးဖြင့် ဆိုင်းထားသည်။ တီးခတ်ကြည့်ရာ လွန်စွာ ကျယ်လောင်မှုမရှိဘဲ အောင်မြင်လှသော မောင်းသံထွက်ပေါ်၏။

ထို့နောက် ထိုင်းဘုရားဖူးအုပ်စုမှ အမျိုးသားတစ်ဦးက လက်ခတ်ကို အသုံးမပြုဘဲ လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သပ်နေသည်။

**မကြာမီ တော်လည်းသံကဲ့သို့ ကျယ်လောင်သော အသံထွက်ပေါ်လာသဖြင့် ရေ့ကြည့်ရာ ထိုမောင်းကြီးမှ ထွက်လာသော အသံဖြစ်နေသည်။ မှတ်သားဖွယ် နည်းစနစ် တစ်ခုဖြစ်ပေသည်။**

## ကယ်တင်ရှင်တန်ဆောင်း

ဗုဒ္ဓဝင်ပြခန်းမှ ပြန်ထွက်၍ မြောက်ဘက်အရောက်တွင် နှစ်ထပ်အုပ်တိုက်တစ်ဆောင်ကို တွေ့ရသည်။[ပုံ-၂၀]

ကယ်တင်ရှင်တန်ဆောင်းဟု ဆိုကြသည့် ဆရာတော်အား မေးလျှောက်ကြည့်သောအခါ အုပ်ချုပ်ရေး အကူးအပြောင်းကာလတွင် ရုပ်ပွားတော်များ ခိုးဝှက်ကုန်ကူးခြင်းများ ပေါ်များလှသည်။

ထိုစဉ်ကာလ လူသူအရောက်အပေါက် နည်းပါးသေးသည့် ဤနေရာ၌ လာရောက် လှို့ဝှက်ထားသော ရုပ်ပွားတော်များကို ပြုပြင်မွမ်းမံ ရောင်တော်ဖွင့်ကာ ပူဇော်ထားသည့် တန်ဆောင်းဖြစ်ကြောင်း သိရပေသည်။


## ဒက္ခိဏာရာမသုံးထပ်တိုက်ကျောင်း

ထိုမှ မြောက်ဘက် အစွန်းတောင်ကုန်းအစွန်းတွင် ဒက္ခိဏာရာမ သုံးထပ်တိုက်ကျောင်း ရှိသည်။[ပုံ-၂၁]




www.burmeseclassic.com

www.burmeseclassic.com



◆ (ပုံ-၂၄) မြတ်စွာဘုရားရှင် နတ်ပြည်မှ ကြွဆင်းလာဟန်

◆ (ပုံ-၂၅) မြတ်စွာဘုရားဖြစ်တော်စဉ်




ဒုတိယထပ် (အပေါ်ဆုံးထပ်)နှင့် ပထမထပ်(အလယ်ထပ်)ကိုသာ မြင်ရသည်။ တောင်ကုန်းမြောက်ဘက်တွင်သာ သုံးထပ်မြင်ရလေသည်။

ဒုတိယထပ်၊ ဘုရားခန်းတွင် ထင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ စံပယ်တော်မူ၍ အနီးဝန်းကျင်၌ ဆော်ရုပ်တော်များ၊ နဂါးရုံဘုရားများကို ဖူးမြင်ရသည်။[ပုံ-၂၂]

ရှမ်း(ထိုင်း)လက်ရာ ဖြစ်သောကြောင့် မေးမြန်းကြည့်ရာ ထိုင်းနိုင်ငံ၌ သွန်းလုပ်ခြင်းဖြစ်ကြောင်း သိရ၏။

ထိုင်းလူမျိုးများသည်လည်း ဘာသာရေးကိုင်းရှိုင်းကြသည့် အလျောက် မိကျောင်းကုန်းနှင့် အခြားသော (မြဝတီမြို့ရှိ) သာသနာမြေများသို့ အစဉ်မပြတ် လာရောက်ဝတ်ပြုလှူဒါန်းကြလေရာ လမ်းညွှန်ကမ္ပည်းစာများ၌ ထိုင်းဘာသာကို ထည့်သွင်းဖော်ပြလေ့ ရှိကြသည်။

ကျောင်းဆောင်ကြီး၏ အောက်နှစ်ထပ်တွင် ပစ္စည်းပစ္စယများနှင့် အသုံးအဆောင်များ သိုလှောင်ထားကြောင်း သိရ၏။

## ကမ္ပည်းစာတိုင်

ယင်းနောက်တွင် နိဗ္ဗာန်ဆော်များနားနေရာကမ္ပည်းစာ တန်ဆောင်းအတွင်းသို့ ခေတ္တ ဝင်ရောက်သည်။ မိုးသားတိမ်ရိပ် ကင်းစင်သဖြင့် နေ့ခင်းနေအပူရှိန် ပြင်းပြလေရာ အရိပ်ခိုလျက် ကမ္ပည်းစာကို လေ့လာဖြစ်သည်။

မိကျောင်းကုန်း ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်၊ မြန်မာ၊ ထိုင်းဘာသာများဖြင့် ကမ္ပည်းထိုးထားလေသည်။[ပုံ-၂၃]

***(ဤဆောင်းပါးအစတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။)***

## ဘေးရန်ကင်းကျွင့်စဉ်

နိဗ္ဗာန်ဆော်များက အနီးရှိ ခန်းမတွင်းသို့ ဝင်ရောက်လေ့လာရန် အကြံပေးကြသဖြင့် ဝင်ရောက်ကြည့်ရာ ဘုရားရှင် တာဝတိံသာနတ်ပြည် ဆင်းကြွလာဟန် ရုပ်ပွားရုပ်လုံးများကို ဖူးမြင်ရသည်။[ပုံ-၂၄]

ဝါတွင်း သုံးလပတ်လုံး နတ်ပြည်၌ အဘိဓမ္မာ(၇)ကျမ်းကို ဟောကြားပြီးနောက် လူ့ပြည်သို့ ပြန်လည်ဆင်းသက်တော်မူ ရာ အဦးဆုံး ဖူးတွေ့ရသူမှာ လက်ယာတော်ရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာဖြစ်ကြောင်း သိမှတ်ရလေသည်။ ယင်းခန်းမနံရံတွင် **"မြတ်စွာဘုရား ဖြစ်တော်စဉ်"** ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါတို့ကို ကမ္ပည်းတင်ထားသည်။[ပုံ-၂၅]

'အစကြိုးကြာ(၁၆)ခါတည်း။ ဟင်္သာ (၉)ဖြစ်၊ (၆)ဖြစ်ကာဆို၊ ကျေးညို(၃)ခါ၊ သံသာကျူးမိန့် ကရဝိက်(၅)၊ (၄)ပါးကိန္နရာ၊ စာမရီ(၁၅)၊ မျောက်ကား(၁၀)၊ ဆင်ဝယ် (၁၁)၊ နွားဖြစ်(၁၄)၊ ဓေက(၁) သိန္ဓဝ၊ ကျွဲအဖွဲ့နှစ်ပုံ သံသာမြည်ဟောင်း၊ ဥဒေါင်း(၂)ခါ၊ သာလိကာသတ္တ၊ ဒွါဒသကြက်၊ ဝက်ဖြစ် (၁၃)၊ ပေါင်းစုရုံးကာ၊ သံသရာဝယ်၊ အန္တရာယ် တင်စီး၊ ဘေးမရှိသည်၊ မှန်ထွက်ထား၊ မြတ် ဘုရားကို အဟံအကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင် ဘုရား'

ဤဘုရားရှိခိုးဂါထာကို ဘေး အန္တရာယ် တစ်စုံတစ်ရာ ကြုံဆုံရင်ဆိုင် ရသောအခါတွင် သက်စေ့ ရွတ်ပွား ပူဇော်ခြင်းဖြင့် ဘေးခပ်သိမ်း ကင်းငြိမ်း စေနိုင်သည်ဟူ၍ သိမှတ်ရသည်။

ခန်းမနံရံတစ်လျှောက်၌ အလောင်း တော်ဘဝ ဘေးရန်ကင်းပခဲ့သည့် ဖြစ် စဉ်တော်များကို သရုပ်ဖော်ရေးဆွဲထား လေသည်။**[ပုံ – ၂၆]**


---

## နိဂုံးဂါရဝ

---

မိကျောင်းကုန်း သာသနာမြေရှိ စည် ကားဖြစ်တည်လာသော သာသနိက အဆောက်အအုံ စေတီပုထိုးများ ကြည်ညိုလေ့လာပြီးနောက် နိဂုံး ကောက်ချက်အနေဖြင့် ဤသို့ မှန်းဆ၍ ဂါရဝပြု ပူဇော်အပ်ပါသည်။

မွန်တိုင်းရင်းသားနှင့် မိကျောင်း သည် ယှဉ်တွဲနေလေ့ရှိသည်။ မွန်တို့၏ အိုးအိမ်ဟောင်းများဖြစ်ခဲ့သော နေရာ ဒေသများ၌ **"ကြဲခင်း"** ဟူသော ဝေါဟာရဖြင့် အရပ်ဒေသအမည် များ စွာရှိခဲ့သည်။ **"ကြဲ"** သည် မွန်ရေးထုံး အရ **"ကျာံ"** ဖြစ်သည်။ **"မိကျောင်း"** ဟု အဓိပ္ပါယ်ရသည်။ **"ခင်း"** သည်



▲ (ပုံ-၂၆) ဘုရားလောင်းဘဝ အန္တရာယ်ကင်းပခဲ့သော ဖြစ်စဉ်တော်အချို့

**"ကင်"** ဟု ရေး၏။ ကင်းစောင့်ခြင်းဟု ဆိုလို၏။

**ကြဲခင်း**=ကျာံကင် ဟူသော မွန်ရေး ထုံးကို အသံဖလှယ်ထား၍ **"မိကျောင်း တို့အား စောင့်ကြည့်သော နေရာ"** ဟု အနက်ရှိလေသည်။

ထို့အပြင် မိကျောင်းတူရိယာသည် ယနေ့တိုင် မပျောက်မပျက် တည်ရှိ သော မွန်ရိုးရာတူရိယာ ဖြစ်သည်။

ထို့ကြောင့် မိကျောင်းနိမိတ်ပေး သော ဤမိကျောင်းကုန်းသာသနာမြေ သည် မွန်မြို့ပြ နိုင်ငံငယ်ဖြစ်သည့် မြဝတီအတွက် ကာရကဖလ ထောက်ပံ့ မှု စွမ်းအင်များစွာ ဖြစ်ပေါ်စေလေ သည်။

မွန်ရေးဆိုရိုးအရ **"မိကျောင်းကို သတ်နိုင်လျှင် ရွှေအိုးရမည်"** ဆိုကြ ၏။ ပြင်ပသဏ္ဌာန်၊ ရုပ်ဝတ္ထု အင်အား ဖြင့် သတ်ပုတ်ရခြင်း မဟုတ်ပါ။ စိတ် အတွင်းသန္တာန်မှ ခံယူချက် သဘော ထားကို ရည်ညွှန်းပါသည်။

မွန်ရေးထုံးတွင် မိကျောင်း"ကျာံ" ကို အသတ်တင်ပါက "ကျာ်" ဟူ၍ ဖြစ် လေ၏။ ယင်းသည် **"ကျိုက်"** ဟု အသံထွက်၍ မြတ်စွာဘုရားကို ရည်ညွှန်းပါသည်။

တစ်နည်းအားဖြင့် ဘုရား၊ တရား၊ သံဃာ ဟူသော ရွှေအိုးသုံးလုံးကို ဖော်ပြလိုခြင်းဖြစ်၏။

သို့ဖြစ်လေရာ မိကျောင်းကုန်း ဖုန်းဆိုးတောကို သုတ်သင်ခြင်းအားဖြင့် ရတနာသုံးပါး အလေးအမြတ်ထားရာ သာသနာမြေ ထွက်ပေါ်ပွင့်ထွန်းလာ သည် ဖြစ်သောကြောင့် မိကျောင်းကို သတ်နိုင်သဖြင့် ရွှေအိုးရခြင်းဟု ဆို နိုင်ပေသည်။

မိကျောင်းကုန်းမြေမှ ရတနာရွှေအိုး များ ပေါ်ထွက်လာခြင်းအတွက် ဝမ်းမြောက်စွာဖြင့် သာဓုအနုမောဒနာ ပြုရပေသည်။

*[မိကျောင်းကုန်း ဆရာတော်အား ဦးခိုက်ပူဇော်လျက်...]*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ဘုတလင်မြို့နယ်၊ မြို့ပေါ်ကျေးရွာရှိ ရှေးဟောင်းစေတီများ လေ့လာပူဇော်မှုခရီးတွင် အားကြိုးမာန်တက် ကူညီပေးသူ **မုံရွာလယ်တီရစ်မှ မိတ်ဆွေကြီးကိုမြဟန်က** သံဘူးငယ်ဖြင့် ဆောင်ထားသော **ဂဝံရှစ်တုကလေး**ကို ထုတ်ပြသည်။

အမြင့် (၆)မူး ( လက်မ) အလွယ်ရှိကာ သံပင်၊ လက်မချောင်း၊ ခြေချောင်း စသည့် အင်္ဂါစုံ အသေးစိတ် ထုလုပ်ထားသည်။ နံ့သာနီရုပ်တုဖြစ်၍ မျက်နှာပွင့် ကောင်းလှသည်ဟု ပြောပြသည်။

ဤအစီအရင်နှင့် ပတ်သက်၍ **ဆရာဦးသက်ရှည်၏ လက်တွေ့မဟာဒီပံကျမ်းအတွေ့တွေ့ အစီအရင်များကဏ္ဍ စာမျက်နှာ(၁၅၉)**တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ဆင်မာန်စွယ် (သို့မဟုတ်) နံ့သာဖြူနီ အဖိုးထိုက်သစ်သားဖြင့် ဂဝံမျက်နှာဖုံးနေ ဟန်ထု၊ တနင်္ဂနွေကြီးဘုရား၌ ဆွမ်းသက်စေ့၊ မီးသက်စေ့၊ ရေသက်စေ့၊ ကြက်လျှာ၊ တံခွန်ပါစေ။

ကွမ်း,လက်ဖက်စုံ ကပ်လှူ၍ ငါးပါးသီလ ဆောက်တည်ပြီး သမ္ဗုဒ္ဓေတစ်ထောင်စုတ်၊ ထို့နောက် ဟောတုပစ္စယော ၂၄ ပစ္စည်း တစ်ထောင်စုတ်၊ နောက်ဆုံး ဣတိပိသော ဂုဏ်တော်ကိုးပါး တစ်ထောင်စုတ်၊ ပြီးလျှင် အသက်သွင်းလေ။

ဂဝံအသက်သွင်းဂါထာ

ဥုံ ဂဝံပတိ လာခဲ့လာခဲ့ ပြောင်း မင်းဆရာ မင်း ထဆရာထ။ ပြောင်း သိဒ္ဓိအပေါင်း ရှစ်သောင်းလေးထောင် ထင်ဆရာထင်။


ဤဂါထာ တစ်ထောင်နှင့် အသက်သွင်း၍ ရွှေကြုတ်၊ ငွေကြုတ်တွင် ဆောင်ထားလေ။

အကျိုးသွား

နှုတ်ငုံသွားလျှင် တရားတပေါင်



ဂဝံမျက်နှာဖုံး ရှေ့မြင်ကွင်း



ဂဝံမျက်နှာဖုံး ဘေးမြင်ကွင်း

# ဂဝံမျက်နှာဖုံး

## အစီအရင်

အခက်အခဲ အောင်မြင်၏။ လည်တွင်ဆွဲသွားသော် ရန်သူမမြင်နိုင်။ ခရီးသွားသူ၊ ပျောက်သောသူအတွက် တိုင်တည်လျှင် တွေ့၏။

ဂဝံရုပ် စိမ်ထားသော ဆီကို သောက်လျှင် ကာယ အကာအကွယ်ကောင်း၏။ နံ့သာရည်တွင် စိမ်၍ သောက်လျှင် လိမ်းလျှင် မျက်နှာပွင့်လန်း၏။ အိမ်ခေါင်တွင် ထားသော် မီးကွင်း၏။

လည်ဆွဲအမြဲဆောင်လျှင် ရေကြောင့် ဥပဒ်မဖြစ်ပါ။ တောလည်သွားလျှင် သားရဲများအန္တရာယ်ကင်း၏။ ဝိဇ္ဇာဓရဝေဒနာရှင်များအား ဂဝံရုပ် ခုနစ်ရက်စိမ်ထားသည့် ရေနှင့် ပက်ဖျန်းကုသနိုင်၏။

လင်ကွဲမယားကွဲ ပြန်ပေါင်းလိုလျှင် မိမိခေါင်းရင်းတွင်ထား၊ အိမ်ထောင်ဖက်အမည်ကိုခေါ်၍ အမြန်ရောက်ပါစေဟု ဆိုကာ ဆန်,ပန်းပေါက်ပေါက်များဖြင့် ပူဇော်လျှင် ရေမြေခြားသော်လည်း အမြန်ရောက်လာစေသည်ဟု ဆိုသည်။

*[မုံရွာ လယ်တီရစ်မှ ကိုမြဟန်အား ကျေးဇူးတင်လျက် ရှိပါသည်။]*

သုတေသီတစ်ဦး



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်း တို့ဟာ သိတနဲ့ညာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၃၂)၊ ဈေး(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၁၅၂၂၅၊ ၀၉ ၂၈၀၁၅၀၈၇။

**မြောင်းမြ မောင်ယဉ်တင့်.**

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပါးတောင်မှ

# ပဏ္ဏောင်ကျွန်းတော် ခုနစ်ဌာန

ခရီးစဉ် ( ၁ )

စင်သိုက်



◆ ဦးမင်းမှဲ့တော်ဦးသိုဝ်ေသာမြွား ရုပ်ပွား

ပုပ္ပါးတောင်ကြီးသည် ဂေါတမဘုရားရှင်ကိုယ်တိုင် ဗျာဒိတ်ပေးညွှန်ပြလျက် ပေါ်ပေါက်လာခဲ့သော တောင်ဖြစ်ကာ ထူးခြားသော နိမိတ်များ ဖြစ်တည်လျက် ရှိသည်ဟု ဆိုသည်။

## နိမိတ်ပုံ

ပုပ္ပါးတောင်အား အရပ်လေးမျက်နှာမှ ကြည့်ပါက ပုံသဏ္ဌာန်လေးမျိုး ထွက်ပေါ်လျက် သက်ဆိုင်ရာ နိမိတ်ပုံများအတိုင်း ဒေသခံ လူသားများအတွက် အကျိုးဖြစ်ထွန်းစေသည်။

အရှေ့အရပ်မှကြည့်လျှင်...

နွားလပို့အသွင် မြင်ရသဖြင့် ထိုအရပ်နေ လူသားများသည် နွားကို အမှီပြု၍ အသက်မွေးကြရသည်။ နွားနှင့် ဆက်နွှယ်၍ ကြီးပွားတိုးတက်နိုင်ကြသည် ဆို၏။

တောင်အရပ်မျက်နှာမှ နေ၍ ကြည့်လျှင်...

စပါးကြီးပုံသဏ္ဌာန် မြင်ရသောကြောင့် ဤအရပ်တွင် လယ်ယာလုပ်ငန်းဖြင့် ကြီးပွားတိုးတက်နိုင်ကြသည်။

အနောက်ဘက်မှ ကြည့်ပါက...

ဆင်ကြီး ဝပ်တွားနေဟန် တွေ့ရသည်။ ဆင်ခြင်တုံတရားရှိသူ ပညာရှိပေါ်များမည်။

မြောက်အရပ်မှမူ...

ကော်ကန်းလက်ခတ်ပုံစံ မြင်ရသဖြင့် ထိုဒေသ အထည်အလိပ်, ရက်ကန်းလုပ်ငန်းများဖြင့် ကြီးပွားချမ်းသာနိုင်ကြသည်ဟု ဆိုလေသည်။

ထို့အတူ ပုပ္ပါးတောင်တစ်ပိုက် အရပ်မျက်နှာအစုံတွင် ရှိနေကြသော ပလ္လင်ကုန်းတော်များသို့ သွားရောက်လျက် ရုပ်ပွားစေတီများ တည်ဆောက်ပူဇော်ခြင်း၊ သွားရောက်ကြည့်ရှုအဓိဋ္ဌာန် ပြုခြင်းတို့ဖြင့် တောင်ဘက်မှ စပါးပုံကဲ့သို့ ဆန်ရေစပါး စားသောက်ဖွယ် ဖူလုံခြင်း၊

မြောက်အရပ်မှ လက်ခတ်ကဲ့သို့ အဝတ်တန်ဆာ ပြည့်စုံခြင်း၊ အရှေ့အရပ် နွားလပို့ကဲ့သို့ စည်းစိမ်ဥစ္စာ ပြည့်ဝခြင်း၊ ခွန်အားလာလုပ်ရာမှ လွယ်ကူခြင်း၊ အနောက်အရပ်မှ ဆင်ကြီးဝပ်တွားသကဲ့သို့ ဆင်ခြင်ဉာဏ်





www.burmeseclassic.com

www.burmeseclassic.com



▲ ဦးတင့်တယ်နန်း

ပညာရှိခြင်း ထင်ရှားအောင်မြင်ခြင်း စသော အကျိုးသွားများ ခံစားနိုင်ကြသည်ဟု မှတ်သားရပေသည်။

သို့ဖြစ်ရာ ပုပ္ပါးတောင် အရပ်မျက်နှာ အနှံ့ တည်ရှိသော **ပလ္လင်ကိုးခုနှင့် ကုန်းတော်ကိုးခုတို့အား** လေ့လာကြည့်ရာ အချို့နေရာများမှာ အမည်သာရှိ၍ မှတ်တမ်းပြု တင်ပြနိုင်သည့် ထူးခြားပုံသဏ္ဌာန်၊ ဘုရားစေတီ စသည် မရှိသဖြင့် ထင်ရှားလွယ်ကူသည့် **ခုနစ်နေ့**ကို ရွေးချယ်တင်ပြရခြင်း ဖြစ်ပါသည်။

### ပလ္လင်ကိုးခု

**၁။ ရွှေစည်တိုင်ပလ္လင်**

အနော်ရထာမင်း လူသူစုဆောင်းစဉ် စည်တော်အမှုထမ်းများ နေထိုင်ခဲ့သော ကုန်းမြေဖြစ်သည်။ **ပုပ္ပါးတောင် အနောက်ဘက် ဖူတွပန်းဆက်လမ်း နံဘေး တည်ရှိသည်။**

**၂။ မုမ္မါးမြို့ပလ္လင်**

အနော်ရထာမင်းသား စံရာနေရာ ဖြစ်သည်။ ယခု **ပြည့်အောင်စံစေတီတော် ကိန်းဝပ်တော်မူသည့် နေရာ** ဖြစ်သည်။

**၃။ မောင်တော်နန်းပလ္လင်**

**ဦးတင့်တယ်နတ်နန်း တည်ရာ** ကုန်းမြေဖြစ်သည်။

**၄။ နှာရောင်တွင်းပလ္လင်**

မောင်တော်နတ်ကွန်း အထက်တွင် ရှိ၍ အဝေးမှကြည့်လျှင် ချေသူငယ်၏ နှာရောင်နှင့် တူသဖြင့် နှာရောင်တွင်းပလ္လင်ဟု ခေါ်သည်။

**၅။ သပြေပင်ပလ္လင်**

နှာရောင်တွင်းပလ္လင်၏ အရှေ့ဘက် လျှိုတစ်ခုခြား၍ တည်ရှိသော လွင်ပြင် ဖြစ်သည်။

သစ်ပင်ချုံနွယ်များ ပေါက်ရောက်၍ နေရာသီးခြား ဖော်ပြ၍ မရသည့် လွင်ပြင်ကျယ်ဖြစ်သည်။

**၆။ တက်မနားပလ္လင်**

သပြေပင်ပလ္လင်၏ အရှေ့ဘက်တွင် ရှိသည်။ သပြေပင်ပလ္လင်ကဲ့သို့ပင် နေရာဒေသအမည်ဖြစ်၍ ထူးခြားသော ဝိသေသများ မရှိချေ။


**၇။ ကျင်းရေကန်းပလ္လင်**

တက်မနား၏ အရှေ့ဘက် တစ်ခေါ်သာသာတွင်ရှိသည်။ ရှေးအခါက ချင်းလူမျိုးများသည် ပုပ္ပါးဒေသတွင် နေထိုင်ခဲ့ကြဖူးသည်။

ချင်းဘာသာအရ ပုတ်,ပါး(အမေနှင့်အမေ) တို့ကို တမ်းတအောက်မေ့ခြင်းကြောင်း ပုတ်ပါး (ပုပ္ပါး)ဒေသဟု ခေါ်တွင်သည်ဆိုသော အဆို လည်း ရှိလေသည်။

သူတို့သည် အကြောင်းတစ်ရပ်ကြောင့် ရောဝတီမြစ်အနောက်သို့ ထွက်ပြေးကြရာ လူဦးရေကို စုဆောင်း ရေတွက်ရာနေရာ ဖြစ်ခြင်းကြောင့်

www.burmeseclassic.com



လှပသည့် မောင်တော်ရေတွက် ကမ်းပါး

ချင်းရေကုန်း၊ ကျင်းရေကုန်းဟု တွင်လာသည်ဆိုသည်။

**၈။ မောင်တော်ငုတ်တုတ်ပလ္လင်**

တောင်ထိပ်မှ သွယ်တန်းကျဆင်းလာသော တောင်နှာမောင်းသည် ဤနေရာတွင် ငုတ်တုတ်ပြတ်သွားသဖြင့် **မောင်တော်ငုတ်တုတ်ပလ္လင်**ဟု ခေါ်ခြင်းဖြစ်သည်။ တောင်မကြီးအလယ်လျှိုကြီးအနီးရှိ၍ ထူးခြားသော ဝိသေသ မရှိပါ။

**၉။ ရေတွင်းတောင်**

ညီညွတ်သော တောင်ထိပ်လွင်ပြင်ဟုသာ ဖော်ပြလျက် နေရာအတိအကျ ညွှန်းဆိုခြင်း မရှိချေ။

ကုန်းတော်ကိုးခု

**၁။ မောင်တော်ကုန်း**

ဦးတင့်တယ်နတ်ကွန်းကို ခေါ်ခြင်းဖြစ်သည်။

**၂။ မင်းမရေကုန်း**

မောင်တော်,နှမတော် နတ်ကွန်းအထက် တောင်ကုန်းထိပ်၌ရှိသည်။ စေတီငယ်တစ်ဆူ ကိန်းဝပ်တော်မူသည်။

**၃။ ကျင်းရေကုန်း**

ပလ္လင်အမှတ်(၇)ကိုခေါ်ခြင်း ဖြစ်သည်။ နေရာအမည်သာဖြစ်၍ ဝိသေသ ထူးခြားမှု မရှိပါ။

**၄။ အနော့တွေးကူးကုန်း**

ကျင်းရေကုန်းမြောက်ဘက် တစ်အိုင်ခြားတွင်ရှိသည်။ နေရာအမည်သာရှိ၍ အမှတ်အသား မရှိပါ။

**၅။ နွားမသေကုန်း**

ပုပ္ပါးလွင်ရှာ အရှေ့ဘက်တွင်ရှိသည်။ နွား မြက်မပေါက်သော တောင်ကုန်းဖြစ်သည်။ ထူးခြားသော ကျောက်ပေါက်များရှိသည်။

**၆။ ကြက်မောက်တောင်ကုန်း**

နွားမသေကုန်း အထက်၌ တည်ရှိ၍ ကြက်အမောက်သဏ္ဌာန် တောင်ကုန်း ဖြစ်သည်။ သစ်ပင်ချုံနွယ် ထူထပ်သည်။ ၁၂၉၄ ခုနှစ်တွင် **ကဝိကျော်ဘာကြီး ဦးစိုးမင်းခေါ် ရသေ့ကြီးဦးခန္တီ**သည် ကြက်မောက် တောင်ကုန်းထက်၌ စေတီငယ်တစ်ဆူ တည်ခဲ့သည် ဆိုသော်လည်း ပြိုယွင်း ပျောက်ပျက်၍ မှတ်တမ်းပြုစရာ မရှိတော့ပေ။

**၇။ နွားတပ်ကုန်း**

နွားသတ်ကုန်းဟုလည်း ခေါ်ကြသည်။ တောင်ကလပ် အရှေ့တောင်ဘက် ယွန်းတောင်တွင်ရှိသည်။ တောင်မြောက် နှစ်ခုတန်းနေသည့် တောင်ကုန်းဖြစ်သည်။ ထူးခြားဝိသေသ မရှိပါ။

**၈။ စဲကြီးကုန်း**

တောင်ကလပ် အနောက်ဘက်ကပ်လျက် တောင်ကုန်းဖြစ်သည်။ ယခုအခါ ဘုရားစေတီ စည်ကားစွာ တွေ့မြင်ရသည်။

**၉။ ရေမြို့ကုန်း**

မြောက်ဘက် သီလတောင်၏ တောင်ဘက်၌ရှိသည်။ **သီလတောင် နှစ်တောင်ရှိရာ ပုပ္ပါး၏မြောက်**



www.burmeseclassic.com

www.burmeseclassic.com

**ဘက်ရှိ သီလတောင်ကို ဆိုလို သည်။**

အောင်မြေကိုးဌာနတွင် ပါဝင်သော ပထမ သီလတောင် မဟုတ်ပါ။ မှတ်တမ်းပြုစရာ ထူးခြားချက် မရှိပေ။

ထို့ကြောင့် ထူးခြားသော ဝိသေသ ဘုရားစေတီများ တည်ရှိရာ **ပလ္လင်အမှတ် (၁),(၂),(၃),(၄)နှင့် ကုန်းအမှတ် (၁),(၂),(၅),(၈)**တို့အား လမ်းညွှန်တင်ပြပါမည်။

**ပလ္လင်(၃)နှင့်ကုန်း(၁)** တို့မှာ တစ်ဌာနတည်း ဖြစ်သောကြောင့် စုစုပေါင်း ခုနစ်ဌာန ဖြစ်ပါမည်။

***ကျွန်းတော်မှာ ထင်ရှားမြင့်မားခြင်း၊ အနက်သောင်၍ ပလ္လင်မှာ အောင်မြင် အထွတ်အထိပ်ရောက်ခြင်း၊ ကျော်စော ခြင်း၊ နေရာထိုင်ခင်း အလုပ်အကိုင် တည်တံ့အထင်ပေါ်ခြင်း နိမိတ်တို့ ဆောင် ယူသဖြင့်...***

***ဤသို့စင်အား စိတ်နှလုံးကောင်း ထား ရှိခြင်း၊(အကျင့်သီလ စောင့်ထိန်းခြင်း)၊ သုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဝေနေယျတို့အား မေတ္တာပို့သ အမျှဝေ ခြင်းဖြင့် အဓိဋ္ဌာန်ပြု သွားရောက်ကာ အဆိုပါ အကျိုးထက်များ ခံစားရရှိနိုင်ကြ ပေသည်။***

ထို့အပြင် ပုပ္ပါးတောင်၏ လေးမျက်နှာ နိမိတ်ပုံအရ အကောင်း များလည်း ဖြစ်တည်နိုင်ကြလေသည်။

---

## မောင်တော်ပလ္လင်ကုန်းတော်

---

ပုပ္ပါးမှ ဝိသေသ ထူးခြားသော သတ္တဌာနခရီး ရှေးဦးအစီအစဉ်အဖြစ် ဦးတင့်တယ်နတ်ကွန်းရှိရာ မောင်တော် ပလ္လင်ကုန်းတော်သို့ ကိုဝင်းဖေ်နှင့် အတူ သွားရောက်ခဲ့သည်။

တောင်ကလပ်သွား ကားလမ်း နံဘေးတွင် ဦးတင့်တယ်နတ်ကွန်းသို့ ထင်ရှားသည့် လမ်းညွှန်ဆိုင်းဘုတ် စိုက်ထူထားသဖြင့် လွယ်ကူစွာ သွား ရောက်နိုင်ပါသည်။

***ရှေးဦးစွာ နမတော် မဖြတ်လှ၏ နတ်ကွန်းကို တွေ့ရှိရကာ ထိုမှအထက် တွင် မောင်တော်နတ်ကွန်း တည်ရှိ သည်။***

နတ်နန်းအနီးမှ အနောက်ဘက်တွင် မြေစိုင်ခဲများ ဖွာကြဲနေသည့် **"မောင်တော်ရေထွက် ကမ်းပါး စောက်ကြီး"**ကို မြင်တွေ့ရသည်။ မိမိမှာ မီးခါတ် ဦးဆောင်သည့် ဇာတာရှင် ဖြစ်ရာ မြေခါတ်နှင့် ပတ်သက်၍ စိတ်ကူးဉာဏ်များ ကွန့်မြူးဖန်တီးမှု အားကောင်းလာလေ့ ရှိသဖြင့် တောင် ကမ်းပါးယံကြီးနှင့် မြေအနေအထား အလှကို ကြာမြင့်စွာ ကြည့်ရှုခံစားမိရ သည်။

စိမ်းစိုသော သစ်ပင်များနှင့် ညိုညစ် သော မြေသားနံရံတို့မှာ နက်မှောင် သော ဆံကေသာထက် ပန်းများဝေနေ အောင် ပန်ထားသော မိန်းမပျိုတစ်ဦး ကဲ့သို့ ပန်ရလှပေသည်။

မြေကြီးအယူအဆအရ အနောက် ဘက်တွင် ဤသို့ လှပသော ကမ်းပါး ယံများ တည်ရှိပါက **သတ္တုခါတ်၏ သရုပ်ဖြစ်သော စားနပ်ရိက္ခာများ ပေါကြွယ်ပေသည်။** နတ်ဒေဝတာများ ဖြစ်သောကြောင့် ပူဇော်ပသသူ မပြတ် ရှိခြင်းကို မှန်းဆနိုင်သည်။

မောင်တော်နတ်ကွန်းသည် အုတ် တိုက် အခိုင်အမာဖြင့် တည်ဆောက် ထားကာ အတွင်း၌ ဦးပေါင်း၊ တောင် ရှည်ပုဆိုးဖြင့် **ဦးတင့်တယ်နတ်ရုပ်** ကို တွေ့ရသည်။

တကောင်းခေတ် သင်းတွဲစိန့်ပြည် တွင် နတ်စိမ်းဖြစ်ရသော ဦးတင့်တယ် သည် စစ်ကိုင်းခေတ် နှောက်ပိုင်း အဆင်တန်ဆာများဖြင့် တွေ့မြင်ရ သည် ဖြစ်ရာ နှောင်းခေတ် ပြင်ဆင်မှု ဖြစ်ပေမည်။

အဓ်ယာစောယွမ်း လက်ထက်တွင် သိုရင်းအကျီ ဝတ်ဆင်သော ဓလေ့ မရှိသေးသဖြင့် အပေါ်ဝတ်ရုံ တဖားဖားဖြင့် ရှေ့မှလျှောက်သွားသော ရာဇသကြံနိအမတ်၏ ဝတ်ရုံလက်နား ကို ကွမ်းသွေးဖြင့် ထွေးခဲ့ရာမှ ပညာရှိ အမတ်တစ်ဦး ဆုံးရှုံးခဲ့ရသည့် မြန်မာ့ ရာဇဝင်အဖြစ်ကလေးကို ထောက်ရှု နိုင်ပါသည်။

ရှေးက ရှိရင်းစွဲ ဦးတင့်တယ်ပုံမှာ ဘီလူး ခုံခံ အထက်တွင် ဆံဦးခေါင်းသုံးလုံး အထက်မှ ကြာပွင့် ထိုအထက်မှ အရပ် ခုနစ်တောင်ရှိ နတ်ရုပ်ခြေစုံရပ်ဟန်၊ ပုဆိုး တောင်ရှည်နှင့် အနံ့တစ်မိုက်ခန့် အနား သတ်ထားသော ဘဲရန့်ဝန့်လုံ အကျီရှည် ခေါင်းပေါင်းဖြူနှစ်စထောင် စံကားဝါသစ်ကို ပြုလုပ်ထားသည်ဟု အရှင်ကာဝိန္ဒမှ မှတ်တမ်း ပြုခဲ့သည်။

ဤသို့ ပုံဟန်ပြောင်းလဲခြင်းမှာ ဘိုးတော်ဗဒုံမင်းတရား လက်ထက် ၁၁၄၅ ခုနှစ်၊ ဦးတန်ခူးလဆုတ်(၃)ရက် နေ့တွင် နတ်မောင်နှမ ရုပ်တုများအား ရွှေချိန်(၅၆)ပိဿာနှင့်တကွ အပ်နှံ၍ ပုဂံမြို့ဝန်က ထပ်မံ မွမ်းမံပြင်ဆင်စေ၊ **"အစောင့်အနေ ချထားစေ"**ဟူသော အမိန့်တော်မြွက်ကို အတွင်းတော်က သံတော်ဆင့်ရာ နန္ဒကျော်ထင် ရေးမှတ် သည်ဟု ကုန်းဘောင်ဆက် ရာဇဝင် တွင် တွေ့ရသည်။

ထို့ကြောင့် ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်မှုများကို လေ့လာနိုင် သော ပြယုဂ်လည်း ဖြစ်ပေသည်။

နံဘေးနှစ်ဖက်ရှိ ပျိုမျစ်သော ပုံသွင် ဖြင့် ရုပ်တုနှစ်ခုမှာ မာန်လည်အရပ်၌ ပုန်းအောင်းနေစဉ် အဆင်းအင်္ဂါနှင့် ပြည့်စုံသော နဂါးမ ရွှေနဒေ(ခေါ်) မေမေဘွားနှင့် သင့်မြတ်သော မောင်ဖြူ၊ မောင်ညို သားနှစ်ဦးကို ရည်ညွှန်းခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




▲ “အဝင်အထွက် အေးချမ်းပါစေ”ဟူသော တရုတ်စာတန်း

ယခုအခါ စဉ့်ကူမြို့အနီး တောင်မင်းကြီး မြောက်မင်းကြီးဟု ထင်ရှားကြသည်။

## ဦးတင့်တယ်နတ်နန်းမှ

## နိမိတ်ကောင်းတစ်ခု

ဦးတင့်တယ်အား ဝယဝုတ္တိ အလေး အနက်ပြု၍ ရှိခိုးကန်တော့ကာ မေတ္တာ ပို့သပြီးနောက် ကြမ်းပြင်ကော်ဇောကို သတိပြုမိရာ “**အဝင်အထွက် အေးချမ်းပါစေ**”ဟူသော တရုတ် စာတန်းကို တွေ့မြင်ရသည်။ ခရီးအစ မှ အဆုံးတိုင် အေးချမ်းသာယာမည့် နိမိတ်ကောင်း ဖြစ်လေသည်။

ထို့နောက်တွင် အောက်ဘက်ရှိ နှမတော်မမြတ်လှနန်းသို့ ဝင်ရောက်၍ အရွယ်အားဖြင့် ကြီးရင့်မှုကို အလေး အနက်ဂါရဝပြု မေတ္တာပို့သလျက် ခရီး ဆက်ခဲ့သည်။

**နှမတော်ဦးထိပ်ခေါင်အား တင်ထားသည့် သင်္ချိုင်းမှာ မြိတ်မြို့တွင် ချောင်းပိုက်သော ရှုလ စံကားသား သင်္ချိုင်းမြေ၌ တစ်နိုင် ကို ဦးတင့်တယ်နတ်ရုပ် ထုထားသည်ဟု သိရသည်။ အဆောင်ပင် ထွေးမြည့်နေသည် ကို တွေ့ရသဖြင့် ဥာဏ်ဆို မှန်ကောင်း သည်ဟု တွေးမိသည်။**

## ဦးတင့်တယ်နှင့် ပတ်သက်သမျှ

ဦးတင့်တယ်အား အိမ်တွင်း မင်းမဟာဂီရိဟု ခေါ်တွင်ကြသည်။ ပုဂံခေတ် သေဉ်လည်ကြောင်မင်း လက်ထက်မှစ၍ အနော်ရထာ နန်း တက်ချိန်တိုင်အောင် နတ်ကိုးကွယ်မှု အကြီးအကျယ် ထွန်းကားခဲ့သည်။

ရှင်အရဟံ၏ ဟောဖော်ညွှန်ကြားမှု ကြောင့် ထေရဝါဒသာသနာတွင် သက် ဝင်ကိုးစားလာသော အနော်ရထာ သည် မင်းအာဏာဖြင့် ပြည်သူလူထု အား ထေရဝါဒ သာသနာကို ခံယူစေခဲ့ သည်။

ထိုသို့ နတ်ကွန်းနတ်နန်းများ မြင်ကွင်းတွင် ပေါ်ပေါ်ထင်ထင် မထား ရတော့သဖြင့် အိမ်တွင်းထား၍ ကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် “**အိမ်တွင်းမင်းမဟာဂီရိ**”ဟု အမည် ရခဲ့သည်ဟု သိရလေသည်။

## ပုပ္ပါးတောင်မှ သားငါးဓလေ့

ပုပ္ပါးတောင် အချို့နေရာ (အထူး သဖြင့် တောင်ကလပ်)တွင် ဝက်သား များကို ရှောင်ကြဉ်လေ့ ရှိကြသည်။ ဤဓလေ့ကို စိတ်ဝင်စားစွာ လေ့လာ ကြည့်သောအခါ အရိမဒ္ဒပုဂံပြည်တွင် စိုးစံကြသော မင်းများသည် သက္ကရာဇ် ၉၁၃ ခုနှစ် တိုင်အောင် မဟာပိန္နဲနတ်ပွဲ ဆင်နွဲသော နတ်တော်လတွင် ပုပ္ပါး တောင်သို့ တောကစားလာကြသည့် နတ်မောင်နှမအားလည်း ပူဇော်ပသ ကြသည်ဟု ဆိုသည်။

ထိုအခါ သားကြီးငါးကြီးများ တင်လှူ ပသလေရာ သားငါးကြီးများ ကြော်ချက် တင်လှူပသသော ရှေး အစဉ်အလာကို ဟံသာဝတီ ဆင်ဖြူရှင် မင်းလက်ထက် ရောက်မှသာ ပယ်ဖျက် တားဆီးခဲ့သည်ဟု သက္ကရာဇ် ၉၁၈ ခုနှစ်တွင် ပူဇော်သည့် ရွှေစည်းခုံဘုရား အတွင်း ခေါင်းလောင်းစာတွင် မှတ်တမ်းပြုထားသည်။

**သို့ဖြစ်ရာ ၉၁၈ ခုနှစ် မတိုင်မီ ပုပ္ပါး တောင်အရပ်သို့ သားငါးမ တင်လှူ ပသသော ဓလေ့ ထွန်းကားခဲ့ကြောင်း သိရှိရသည်။**

**ရွှေလ ဆက်လက်ဖော်ပြပါရန်**

**ခင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

ပြဒါးကို ဗုဒ္ဓဆင်းတုတော် သွန်းလုပ်ကြမည်ဆိုလျှင် ပြဒါးကို သိဒ္ဓိဝင်၍ တန်ခိုးထက်မြက်စေရန် တေဇောဓာတ်နှင့် ဝါယောဓာတ် (ခေါ်) အန္တောစရေ နာမ်နဝင်းကျေ ဓာတ်ဖိုဓာတ်မ ပြည့်စုံသော ပါပဓာတ်လေးလုံးနှင့် ပြဒါးကို ဆောင်ရွက်ရလေ၏။

ရုပ်လောက၌ တေဇောနှင့် ဝါယော ဟူသော ပါပလေးလုံး ဓာတ်နာမ်နဝင်းသည် မြေလျှိုးမိုးပျံနိုင်သော တန်ခိုး သိဒ္ဓိအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သည့် စွမ်းအား အပြည့်ရှိလေသည်။

ထိုပါပလေးလုံးတို့တွင် ရှေးဦးစွာ တနင်္ဂနွေ နံခေါ်သော ခဲဓာတ်(၁)ပိဿာနှင့် ပြဒါး(၃၀) ကျပ်သားကို အင်္ဂါနံဖြစ်သော ပါပဓာတ် သံဒယ်အိုးတွင် ခဲပြဒါးကိုထည့်လျက် ထမင်းချက်သော မီးသွေးမီးဖိုအသစ်မှာ တင်၍ ရောမွှေပြီး ရောနှော သမသွားသောအခါ ပါပဓာတ်ဖြစ်သော အိမ်သုံးဆား(၃၀) ကျပ်သားနှင့် သံပရာသီး အရည်ကောင်းကောင်း အလုံး(၁၅၀) အရည်ဖြင့် ရောမွှေပြီး အရသာ ချဉ်ငန် ဖြစ်လာသောအခါ သံဒယ်အိုးအတွင်း အရည်ပျော်နေသော ခဲပြဒါး အပေါ်သို့ ငွန်းနှင့်ခပ်၍ ဓာတ်သား ခဲမသွားရုံ အနည်းငယ်စီ လောင်းထည့်၍ မွှေပေးရလေ၏။

ထိုအခါ ခဲရုပ်ကြမ်းများ အထပ်လိုက် အထွေးလိုက် ထွက်လာပြီး ပြဒါး အလေးချိန်သာသာ ကျန်ရှိသော ခဲအဆီ(ခေါ်)နာနှင့် ပြဒါးဘော်သား ဆိုက်၍ ကျန်လေ၏။

ထို စင်ကြယ်လာသော နာပြဒါး ဓာတ်သားကို ရင့်မာလာစေရန် ပါပဂြိုဟ်လေးလုံးတွင် နှစ်လုံးကျန်သော **ဒန်+ကြေး(၉)မတ်၊ ဘော်(၉)မတ်** ပူးပေါင်း၍ **ဆုံလောက်သော ချောင်လောက်သောလုံ့တွင်ထည့်ကာ တစ်သားတည်းဖြစ်လာစေရန်** မီးပြင်းပြင်းနှင့် **လုံ့တစ်နိုင် သုံးလုံ့ခန့်** ထိုးရလေ၏။

**ပါပဂြိုဟ်လေးလုံးဓာတ်မှာ တနင်္ဂနွေ**

လူတိုင်းအတွက်

# သိဒ္ဓိဝင် ပြဒါးဘုရား

**ခဲဓာတ်၊ အင်္ဂါနံ သံဓာတ်၊ စနေနံ ကြေးဓာတ်၊ ရာဟုနံ ဘော်ဓာတ်တို့ အများမြင်လွယ်သော အခြေခံ ဓာတ်ဆောက်နည်းကို မှတ်ကြလေကုန်။**

**ကြေးနှင့်ဘော်**သည် ဓာတ်အနီနှင့် ဓာတ်အဖြူဖြစ်၍ "**နေဓာတ် လဓာတ်**" ဟု ရှေးပညာရှင်များ ယူဆ၍ ဆိုလာခဲ့သည်မှာ စာရေးသူ ဘုန်းတော်ကြီး ကျောင်းသားဘဝက ဥက္ကံမြို့၊ လမ်းချိုးရပ်, စိတ္တသုခကျောင်းဆရာတော် ဦးဝရထံတွင် ဖိုဆွဲပေးခဲ့ရစဉ်က ကြေးနှင့်ဘော်ကို...

"နေဓာတ် လဓာတ် နှစ်ပါးဆိုင် သိကြား ကိုယ်တိုင် မယယ့် ဓာတ်သား"

ဟု ဆိုကာ အဂ္ဂိရတ်ဝါသနာရှင်များ ထိုဓာတ်နှစ်ပါးကို ပေါင်းဖက်၍ ဓားပြုသူခိုး ထုပြောသောအခါ၊ ရောဂါများ ကျရောက်လာသော အခါတို့၌ အဆောင်ဓာတ် ပြုလုပ်၍ ကိုယ်နှင့်မကွာ ထားကြလေ၏။

"ဓာတ်မြင်ဘော်ဒန် အန္တောမှန်၊ နိဗ္ဗာန်ဝင်လမ်း လက်တစ်ကမ်း" ဟု လာသောကြောင့်လည်း ထိုဒန် အပေါင်း ကြေးနှင့်ဘော် ဓာတ်နှစ်ပါး အန္တောသားကို **ရွှေငွေကြိတ်သော နေရာတွင် ပြားနိုင်သလောက် အပြားကြိတ်ခတ်ပြီး ကတ်ကြေးနှင့် အစ သေးသေးညှပ်လျက် သံဒယ်တွင် ပြုလုပ်ခဲ့သော နာပြဒါးအရည်ထဲသို့ ထည့်ပြီး ပြဒါးပျော်မီးနှင့် ထားခဲ့လျှင် တရိပ်ရိပ်နှင့် ပြဒါးစား၍ ကုန်ပျောက်ပြီး ပြဒါးဓာတ်မှာလည်း ရင့်မာလာလေ၏။**

ထိုအခါ လည်လည်ပတ်ပတ်ဖြစ်အောင် မွှေပေး၍ တစ်သွေးတစ်သားတည်းဖြစ်လာလျှင် လိုအပ်သော ဗုဒ္ဓ



ရုပ်ဆင်းတုတော်ကို သွန်းလောင်းလျက် ကိုးကွယ်နိုင်ကြလေသည်။

တစ်နေ့လျှင် ခဲ(၂)ပိဿာနှင့် ပြဒါး (၆၀)ကျပ်သားကို နားနားနေနေ ပြုလုပ်လျှင် ပြီးလေသည်။ ခေတ်အဆက်ဆက်တို့၌ ဘုန်းရှင် ကံရှင် ဘုရင်များ ပြုလုပ်ကိုးကွယ်ကြသည့် **ဝိဇ္ဇာပညာ ဓာတ်ဘုရားသည် နတ်သိကြားများ စောင့်ရှောက်ရလေသောကြောင့်**နောက်နောက်က အန္တရာယ် ဘေးဥပဒ်တွေ ကုန်ပျောက်ပြီးလျက်အသက်ရှည်သည်၊

ထို့ပြင် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံ၍ စီးပွားတက်ပြီး မီးပွားစက်ပမာ အိမ်တိုက်၊ ကျောင်းတိုက်၊ မြေတိုက်၊ လူတိုက်ပါ မကျန် တန်ပြန်စေလျက် အမှန်မသွေ ရန်ပြေကာ ဉာဏ်ရည်ထက်တာကြောင့် (ကံရွေကြာ) ဗုဒ္ဓဆင်းတုတော်အား ကျောင်းတိုင်း၊ အိမ်တိုင်း၊ မြို့တိုင်း၊ ရွာတိုင်းမှာ ကိုးကွယ်ထားကြလျှင် အကျိုးဘယ်မျှ အနန္တမှာ စံပြစရာ အတုမရှိသော ကြောင့် သမ္မုတိဘုံသား လူအများတို့ ကပ်ရောဂါဆိုး အမျိုးမျိုး ကင်းလွတ်ကြလျက် နဝင်းအထွက် ဓာတ်ဘုရားကို မှတ်သား၍ ကိုးကွယ်နိုင်ကြစေရန် ဖော်ပြလိုက်ရပါသည်။

**ဆရာဦးကျော်လင်း(မုလဝိဇ္ဇာ)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂)　(တဆ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံး၀ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။


ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံး၀ပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြိုးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံး၀ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ''ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်''ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ ''ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး''လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ''ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ''ဆိုမှ ''ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ'' ''ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ'' ''ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ'' ''ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ'' ''အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး''

''ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ ''ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ'' ''ဖော်မြူလာဆရာက ပေးမှာလား၊'' ''ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်'' ''မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အံရမ်းလေးစားပါတယ် ဆရာ''

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ ၆/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၃၊ ၀၉ ၇၃၂ ၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆ ၂၉၃၊ ၀၉ ၄၇၃ ၃၂၂၃ ။

www.burmeseclassic.com

www.burmeseclassic.com



# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ (၅၃)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ရတနာဒီပံ ဘိုးဘိုးအောင်စေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃-ကြိမ် ရွတ်ဆိုပါ။]***

ပူဇယာမိ စေတီယဿ၊
ဥဒ္ဒိဿ လောကနာယကံ၊
ဣမိနာ ပုညကမ္မေန၊
အန္တရာယော ဝိနဿန္တု။

မြန်မာပြန်

**အဟံ**–“...”ဟုနာမည်မှတ် အကျွန်ုပ်သည်၊

**လောကနာယကံ** – လောကရှေ့ဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားကို၊

**ဥဒ္ဒိဿ** – စိတ်မှရည်ရော် မှန်းဆမျှော်၍၊

**စေတီယဿ**–ဆုတောင်းပြည့်လှျံ ရတနာဒီပံ စေတီမြတ်အား၊

**ပူဇယာမိ** – ကြည်နူးကော်ရော် ပူဇော်ရှိခိုးပါ၏။

**ဣမိနာ ပုညကမ္မေန**–ဤသို့ ရှိခိုးမြတ်နိုးရှင်ပျော် ပူဇော်ပါရ မြတ်ပုညကြောင့်၊

**အန္တရာယော**–အန္တရာယ်အပေါင်းမကောင်းဟူသမျှတို့သည်၊


**ဝိနဿန္တု** – ဝေးစွာကင်းကွာ ချမ်းသာကြရပါစေသား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၁၄၅ ခုနှစ်။

ဘုရားဒါယကာ

ဘိုးတော်ဗဒုံမင်းခေါ် ဦးဝိုင်း။



အဘဘိုးဘိုးအောင်၏ ရတနာဒီပံစေတီတော်အား ရွှေကိုယ်လုံးပြည့်ဖြင့် ရှုမြင်ကွင်း

တည်နေရာ

ဆွမ်းဦးပုညရှင် စေတီတော်၏ စနေထောင့်လျှိုအတွင်း၊ စောင်းတန်းအတက် လက်ဝဲဘက်ကုန်းတော်။


ပွဲတော်ရက်


သီးခြားမရှိပါ။ (ဝါဆိုလပြည့် ဆွမ်းဦးပုညရှင်ပွဲတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးစသည်တို့ဖြင့် အနွယ်တော်များမှ ပူဇော်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com






◆ ရတနာဒီပံဘိုးဘိုးအောင်စေတီတော်မှ ရုန်ပယ် ဓနအကျွရာအတွင်းမှ ပန်းမာလာလျှားပုံ

◀ ရတနာဒီပံဘိုးဘိုးအောင်စေတီ အဝင်မုခ်ဦး

◆ ရတနာဒီပံဘိုးဘိုးအောင်စေတီတော်၏ အဓိဋ္ဌာန်အောင်မြေ



အောင်မြေဌာန

စေတီတော်၏ မြောက်ဘက်။

အစောင့်အရှောက်

တောင်စောင့် ဘိုးဘိုးကြီး။

ထူးခြားချက်

ရတနာဒီပံဘိုးဘိုးအောင် စေတီတော်မှာ ဘိုးဘိုးအောင်အား အခြေခံပါသည်။

အဘဘိုးဘိုးအောင်နှင့် ဘိုးတော်ဦးပိုင်းတို့၏ ဆက်နွယ်နေသောကြောင့် စုံစေ့စွာ လေ့လာရေးသားရပါသည်။

ဗဒုံမင်းသား မောင်ဝိုင်းနှင့် ဘိုးဘိုးအောင်တို့မှာ ငယ်စဉ်ကပင် လွန်စွာချစ်ခင်ရင်းနှီးသော ငယ်သူငယ်ချင်းများဖြစ်ကြ၍ အဂ္ဂိရတ်ပညာကို ဆည်းပူးလေ့ရှိ၏။

ဘိုးဘိုးအောင်သည် တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာ ကြေးနီကျောင်း၌ ပညာသင်ကြားနေစဉ်ကပင် အဆွေခင်ပွန်းကောင်းများ ဖြစ်ခဲ့ကြလေ၏။

မောင်ဝိုင်းကား အလောင်းမင်းတရားကြီး၏တတိယမြောက်သားတော်ဖြစ်သည်။ သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် မင်းအဖြစ် ရရှိ၍ **"ဗဒုံမင်း"**ဟု ကျော်ကြားလာခဲ့လေ၏။ ဘုရင်အဖြစ်အုပ်ချုပ်နေရသော်လည်း ဝါသနာအတိုင်း ဖိုထိုးနေတတ်သည်။

**ဖိုထိုးတဲ့ ဗဒုံမင်း**

ဗဒုံမင်းနန်းတက်စတွင် **"ခရစ်ယာန်သာသနာပြု ဒီတလီပြည်သား ဆန်ဂါမာနို"**က သူရေးသားသော **"မြန်မာအင်ပိုင်ယာ စာအုပ်"**တွင် ဗဒုံမင်းလိုက်စားသော **"အဂ္ဂိရတ်နည်းပညာ"သည် ထွက်ရပ်လမ်းပညာ ဖြစ်ကြောင်း** ဖော်ပြထားလေ၏။


ခရစ် ၁၇၉၆–ခုနှစ်တွင် ဗဒုံမင်းထံ ရောက်ရှိလာသူ **"ဟီရမ်ကော့"**၏ မှတ်တမ်း၌ ဗဒုံမင်းသည် အဂ္ဂိရတ်ကို အချိန်ရတိုင်း လုပ်နေသည်ဟု မှတ်တမ်းတင်ထားလေ၏။

ဗဒုံမင်းသည် နေပြည်တော်အတွင်း အဂ္ဂိရတ်အကျော်အမော်များကို အမိန့်



www.burmeseclassic.com

www.burmeseclassic.com





◆ ရတနာသိမ်ဘိုးဘိုးအောင်စေတီတော်မှ အကာ၊ အကာမ အတူယှဉ်တွဲ အစီအခိုနိုင်သော အောင်ခမြန်နှင့် ကုသိုလ်ပြုရာ သင်္ချိုင်း ရတနာသိမ်ဘိုးဘိုးအောင်စေတီတော်၏ အနီးကပ်မြင်တွေ့ရသော ဗုဒ္ဓရုပ်ပွားတော်များ ◆

◆ ရတနာသိမ် ဘိုးဘိုးအောင်စေတီတော်သို့ သွားရာ အကြိုတော် ဇေရပ်



တော်ဖြင့် ဆင့်ခေါ်ခိုင်းလေသည်။

သက္ကရာဇ် ၁၁၂၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက်၊ အင်္ဂါနေ့တွင် **"ပြိုင်းဆက်သည်"(ရွှေတလုပ်ဆေး)**ကို ဝန်ထောက်နေမျိုးကျော်ထင်နှင့် မြို့ဝန် ရဲထွတ်ကျော်တို့ကို အပ်၍ ကြပ်မတ် လုပ်ဆောင်စေ၊ အင်္ဂရိတ်သမား ငမြတ်ညိုတို့ကို ရန်ကုန်မှ ရွှေဖဝါးတော်အောက်ခေါ်စေ ဟူ၍ ပါရှိလေသည်။

စိတ်ဝင်စားဖွယ်အချက်မှာ ဘိုးတော်ဦးပိုင်း(ခေါ်)ဗဒုံမင်းသည် ဘိုးဘိုးအောင်နှင့် လွန်စွာ ရင်းနှီးသော ဝါသနာတူ သူငယ်ချင်းများ ဖြစ်ကြ၏။ တစ်ဦးကောင်းစားပါက တစ်ဦးကစောင့်ရှောက်ကူညီပေးဖို့ သစ္စာပြုထားကြခြင်း ဖြစ်သည်။

သို့ရာတွင် ဗဒုံမင်းအား ဘိုးဘိုးအောင်က ဘာကြောင့် ကူညီစောင့်ရှောက်ခြင်းမပြုပါသနည်းဟု ဆရာမောင်သန်းဆွေ (ထားဝယ်)စာအုပ်တွင် အမေးစကား ပါရှိလေ၏။

**"ကဝိဘာဏီ ဆရာအောင်"**၏ ပထမံစမဝိဇ္ဇာ သိဒ္ဓိပေါက်ကျင့်စဉ် စာအုပ်တွင် ရဟန်းပြုသွားသော သူငယ်ချင်း မောင်မြတ်ကြည်အား ကတိအတိုင်း ''လုပ်ရတ်လမ်းယညာ'' ကို သင်ပြပေးခဲ့ကြောင်း ရေးသားထားလေသည်။

ထို့အပြင် **"လက်ယာအောင်မြေ" ရတနာလုပ်ရတ်လက်ာကြီး** ရေးသားပေးအပ်ခဲ့ကြောင်း ပါရှိလေသည်။ ဘိုးတော်ဦးပိုင်းမှာလဲ စိုးရိမ်ဖွယ် အခြေနေများဖြင့် ရင်ဆိုင်နေရချိန်ဖြစ်လေ၏။

ဘိုးဘိုးအောင်၏ သိဒ္ဓိလမ်းစဉ်များမှာလဲ အထူးကျော်ကြား ပျံ့နှံ့ထင်ရှားနေလေရာ တိုင်းပြည်အရေး ရင်လေးဖွယ်ရာဖြစ်ပေါ်နေသောကြောင့် မြို့ဝန်အသီးသီးတို့က လျှောက်ထားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com





◆ အဘဘိုးဘိုးအောင် အားထုတ်ခဲ့သော သက်တော်ရှည် အာရုံခံမှ

သက်တော်ရှည် ရုပ်ပွားတော် (ဆွမ်းဦးပုညရှင်)

◆ အင်းဝမြို့၊ တာကာရာကျောင်း၏ အရှေ့တောင်အနီးမှ

အဘဘိုးဘိုးအောင်၏ တစ်လူ့ဘဝကို လိုက်ဖူးမှ

ထေးကြူးရုပ်ပွားတော်ကြီး

သဝဏ်လွှာများ၊ သတင်းစကားများလည်း ရွှေနန်းတော်သို့ အဆက်မပြတ် ရောက်ရှိနေသောကြောင့် မိမိ၏ ထီးနန်းစည်းစိမ်အတွက် စိုးရိမ်ဖွယ် အဆင့်တိုင် ရောက်လေတော့သည်။

မောင်းထောင်ဦးကျော်လှ၏ သံချိုတွင် "**ဘိုးဘိုးအောင်သည် ဗိုအောင် သဖြင့်ဂေါ်တမနောက်ဂေါ်တမောက်**" ဟု ကြွေးကျော်ခဲ့သည်ဟူ၍ ဖော်ပြထားလေ၏။

ထိုသတင်းပေါက်ကြား၍ ဗဒုံမင်းတရားကြီး အမျက်ထွက်သဖြင့် ဘိုးဘိုးအောင်အား အဖမ်းခိုင်းသည်ဟု ရေးသား ပါရှိလေ၏။

'သူ့လိုသိဒ္ဓိရှင်တစ်ဦးက ငါ့ထီးနန်းကို လုပ်ကြံခဲ့သော် ထီးနန်းစည်းစိမ် ပျက်ရချေတော့မည်'

ဟု ထင်မိ၍ ပြည်မြို့ဝန်အား သွားရောက်ဖမ်းဆီးရန် စေခိုင်းလေသည်။

ဘိုးဘိုးအောင်က...

'ဗဒုံမင်းကား သူကပင် စပြီး ကတိပျက်ချေပြီ၊ ငါ့သူငယ်ချင်း ကတိဖောက်ဖျက်သကိုး'

ဟု ဆို၍ ကြည်သာစွာ အဖမ်းခံလေ၏။

## ဘိုးဘိုးအောင်၏အာစွမ်း

'ကိုရင်ဝိုင်းက ဘာမဟုတ်တဲ့ မင်းစည်းစိမ်ကို လုယူမယ် ထင်နေသကိုး၊ ဒီစည်းစိမ်လောက်တော့ လက်ဖြောက်တစ်ချက်နဲ့ တစ်သက်စာ ရနိုင်ပါရဲ့'

ဟု ပြောဆိုကာ လက်ညှိုးညွှန်လိုက်ရာ ဓါး၊ လှံ၊ လေးမြှား လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည့် ရဲမက်ကြီးများ နန်းတော်ရင်ပြင်အပြည့်မျှ ရောက်ရှိလာကြလေသည်။

ဗဒုံမင်းကြီး အံ့အားသင့်ကာ ထိတ်လန့် တုန်လှုပ်သွားလေ၏။

'ကိုရင်ဝိုင်း စိုးရိမ်သွားသလား၊ ဒီမှာ ကြည့်စမ်းပါဦး'

လို့ ပြောပြီး နန်းရင်ပြင်ထက်မှာ ဝ,တစ်လုံး ရေးပြလိုက်တယ်။ "**ဒီဝ,တစ်လုံးကိုဖျက်အောင်ဖျက်ကြည့်ဦး**" ဆိုတော့ ဘယ်လောက်တောင် ဖျက်ဖျက် ဝ,အက္ခရာတွေက တစ်နန်းတော်လုံး နေရာမလပ် ပေါ်ထွက်လာတော့တယ်'

ဒီတော့မှ ဗဒုံမင်း လက်လျှော့တော်မူ၍ နောင်တသတိကြီးစွာရရှိပြီး...


'မောင်အောင် ငါအထင်မှား ပစ်မှားမိတာ မှားပါတယ်၊ မင်းကို အွန့်ရာယ်လုံးဝမပြုတော့ပါဘူး။ လွတ်လပ်စွာ လိုရာသွားပါတော့၊ အလိုရှိတာလဲ တောင်းပါတော့'

လို့ အမိန့်ရှိလိုက်တယ်။

'ကိုရင်ဝိုင်းရဲ့ ထီးနန်းစည်းစိမ်အာဏာ တွယ်တာမှုကာ အကုသိုလ်များလှပါပြီ၊ ထီးနန်းစည်းစိမ်အတွက် ဇွဲကူစားကိုလဲ သုတ်သင်ခဲ့တယ်။ မင်းဆွေ မင်းမျိုးများစွာ အမှုထမ်းများကိုလဲ ကွပ်မျက်ခဲ့ရတယ်။ ညီတော်ပင်တလဲစားကိုလဲ သတ်ခဲ့ပြန်တယ်။

အကုသိုလ်အဖျက်တရားဆိုးတွေကို နောင်တရပြီး ပြည်သူပြည်သားများအပေါ် အန္တရာယ်ပြုခြင်းကို ရှောင်ပြီး သာသနာတော်ကြီးရဲ့ အထောက်အပံ့ ပံ့ပိုးမှုတွေ ပြုပါတော့'

www.burmeseclassic.com





ရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်၏ စနေထောင့်မှ ပုဗ္ဗိုလ်များအတွက် ထူးခြားနေရာတစ်ခု အတိုက်အခိုက် အကြံအစည်များကြောင့် ခံစားရသူများက လာရောက်အဓိဋ္ဌာန်ပြု ထီးမိုးတော်၍ ပြေပျောက်စေသော စနေထောင့်မှ ခြင်္သေ့

လို့ မေတ္တာပြု သြဝါဒပေးခဲ့ပါတယ်။

အခြားသော တိုင်းရေးပြည်ရွာ တိုးတက်ရေးများကို ပြုပြင်စေခဲ့လေသည်။

ဘိုးတော်ဦးဝိုင်းသည့် ငယ်စဉ်က စစ်ကိုင်းတောင်ရိုး တောရဆရာတော်ကြီး၏ထံပါးတွင် အင်္ဂလိပ်ပညာသင်ယူစဉ် **ဆရာတော်ကြီး၏ ဖိုနေရာတွင် အမှတ်တရရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်ကို** တည်ထားတော်မူလေသည်။

စစ်ကိုင်းမြို့အတွင်း ၃-မည်ရအောင်မြေလောကစေတီ၊ **မင်းကွန်းပုထိုးတော်ကြီး၊ မြသိန်းတန်စေတီ၊ ရွှေဂူကြီးစေတီတော်**တို့ကို တည်ထားပူဇော်ပါ၏။

ထို့ပြင် ရွှေဂူကြီးဘွဲ့အမည်နှင့် စေတီပေါင်း (၂၃၀)ကိုလည်း စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ ပုဂံနှင့် ရွှေဘိုမြို့တို့တွင် တည်ဆောက်၍ သာသနာတော်ဖွံ့ဖြိုးရန် ကြိုးပမ်းတော်မူပါသည်။

ကြေးချိန် (၅၅၅၅၅)ပိဿာရှိသော ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းတော်ကြီးကိုလည်းကောင်း၊ ကမ္ဘာ့အံ့ဖွယ်ခြင်္သေ့ကြီးများကို ရင်သပ်ရှုမောဖွယ် ကသိုလ်တော်များအဖြစ် တွေ့မြင်ရပါလိမ့်မည်။

အင်းဝရွှေမြို့တော်အတွင်း၌ ရွှေဘွဲ့တော်အမည်များဖြင့် ရွှေစံကား၊ ရွှေလင်းပင်၊ ရွှေပြာသာဒ်၊ ရွှေကွန်အုပ် စသော စေတီများစွာ တည်ဆောက်ခဲ့ပါ၏။ အကျယ်ကို ရွှေဂူကြီးစေတီ သမိုင်းတွင် ဖော်ပြထားခဲ့ပြီး ဖြစ်ပါသည်။

အဘဘိုးဘိုးအောင်ကား ယင်းသို့သောအချိန်မှစ၍ မင်း၏အနှောင့်အယှက်မှ ကင်းရှင်းပြီဖြစ်သောကြောင့် **စစ်ကိုင်းတောင်၊ ပတ္တမြားတောင်၊ လှိုဏ်မြောင်များတွင် "ထွက်ရပ်" ကိစ္စများ** အားထုတ်နေခဲ့လေတော့၏။

လူသူ အတော်များများတို့အား မရောနှောဘဲနေထိုင်အားထုတ်နေသော်လည်း မိမိနှင့် ပါရမီလမ်းအဆက်ရှိသူများ၊ ကိုးစားသူများ၊ ကယ်သင့်ကယ်ထိုက်သူများကို ကယ်ဆယ်ခြင်း လမ်းညွှန်မှုပေးခြင်းတို့ကို မြန်မာနိုင်ငံဒေသများတွင် ကြိမ်ဖန်များစွာ တွေ့နိုင်ကြလေ၏။

**ဇမ္ဗူမင်းကြီး၏ပြစ်စဉ်တွင် ထူးခြားချက်များကို တွေ့ရှိကြပါသည်။**

**ဘိုးဘိုးအောင်နှင့် ကျောင်းနေဖက်ဖြစ်ခဲ့ခြင်း။**

**ဘိုးဘိုးအောင်နှင့် ဆက်နွယ်၍ ဘုရားစေတီပေါင်းများ တည်ထားခြင်း။**

**ပတ္တကြီး သံဃရာဇာ၏ ကူညီစောင့်ရှောက်မှု ရရှိခြင်း။**

**အယူတော်မင်္ဂလာ မောင်နိုးတို့ သော ပညာရှင်ကြီး ပေါ်ထွက်လာခြင်း။**

ဆရာတော်ကြီး ဦးဩဘာသ

**(စာတော်ကြီးဆယ်တွဲ)**

**မဲဇာတောင်ခြေရတုရေး လက်ဝဲသုန္ဒရအမတ်ကြီး။**

**ရာမရကန်ရေး စာဆိုကြီး ဦးတိုး။**

**အဲဒါတော်ပြု အမတ်ကြီး ဦးပေါ်ဦး။**

**ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေ။**

**မုံရွေးဆရာတော် ရှင်အာဒိစ္စရံသီ (ရှင်ဘွဲ့ အဓိပ္ပာယ်သ)**

အစရှိသော ပညာရှင်ကြီးများ၊ ဆရာတော်ကြီးများ၊ စာဆိုတော်ကြီးပေါင်းများစွာတို့ ထွန်းပေါက်ပေါ်ပေါက်ခဲ့ခြင်းမှာ လွန်စွာ ထူးခြားလှပါ

www.burmeseclassic.com

www.burmeseclassic.com

ပေသည်။

ရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်၏ဘွဲ့တော်အား ပေးထားရခြင်း၏ ရည်ညွှန်းချက်မှာ ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ၏အဆိုမှာ...

၁။ ဗုဒ္ဓရတနာတည်းဟူသော အလင်းဓါတ်၊
၂။ ဓမ္မရတနာတည်းဟူသော-အလင်းဓါတ်၊
၃။ သံဃရတနာတည်းဟူသော အလင်းဓါတ်၊
၄။ အမိရတနာတည်းဟူသော အလင်းဓါတ်၊
၅။ အဘရတနာတည်းဟူသော အလင်းဓါတ်၊
၆။ ဆရာသမားရတနာတည်းဟူသော အလင်းဓါတ်၊
၇။ ဝိဇ္ဇာမဟိဒ္ဓိ ရတနာတည်းဟူသော အလင်းဓါတ်တို့ အချည်တည်တံ့ဖို့ ဖြစ်လေ၏။

တစ်နည်းအားဖြင့် မိမိ၏ မှားယွင်းစွာ ပြုကျင့်ခဲ့မှုများကို အပြစ်မှ သက်သာလျော့ပါးရန်အတွက် ဘိုးဘိုးအောင်၏ အမှာစကားကို ထုတ်ဖော်ဆောင်ရွက်ခြင်း ဖြစ်လေသည်။

နောက်တစ်ချက်မှာ အမရပူရ ရွှေနန်းတော်သစ်ကြီး၏ အရပ်ရှစ်မျက်နှာတို့တွင် သာသနာ့အလင်းရောင် ထွန်းပြောင်စေဖို့ ရည်ရွယ်ခြင်းပင်။

အချို့သောပုဂ္ဂိုလ်များက အပြစ်များ ပြေပျောက်စေခြင်းကြောင့် **“အပြစ်တော်ပြေ” စေတီတော်**ဟု လမ်းညွှန်လေ့ ရှိကြပါသည်။

**စင်ကိုင်းတောရ ဆရာတော်ကြီး နေထိုင်ရာဌာနဖြစ်၍ အဘဘိုးဘိုးအောင်နှင့် ဘိုးတော်ဦးမိုင်းတို့ လုပ်ရတ်ပညာသည်များ ရာအောင်မြေလည်း ဖြစ်လေ၏။**

စေတီတော်ကြီး တည်ရှိရာ ကုန်းတော်မြတ်၏ ထူးခြားချက်မှာ ကုန်းတော်ပတ်ဝန်းကျင်တွင် ဘယဆေးပင်နှင့် အင်္ဂါရတ်သုံးဆေးပင်များ ပေါက်ရောက်ရှင်သန်သော **“အဘယအောင်မြေ”**ဖြစ်ကြောင်း မွက်ကြားခဲ့ပါသည်။



◆ ၁၉၉၀ ပြည့်နှစ်က ရိုက်ထားသော အဘ ဘိုးဘိုးအောင်၏ ပုံတော်



◆ အဘဘိုးဘိုးအောင်ပုံအား ၁-၁၂-၂၀၀၀ ပြည့်နှစ်က မှတ်တွေ့ရပုံ

## ပေါက်ရောက်သော ဆေးပင်များ

ကန့်ချုပ်နီ/နက်၊ ဂမုန်းလက်ဆက်၊ ဆူးကောက်နက်၊ ဆီမီးတောက်၊ ဆူးလေဖို၊ ဆီးဖြူ၊ ရွှေနွယ်ရိုး၊ ပဒိုင်းသုံးဆင့်၊ တောင်ဇလပ်၊ တောင်ကြာပင်၊ နဂါးမ၊ သမုန်းကြီး၊ အောင်မဲဖြူ၊ အောင်မဲညိုနှင့် အခြားစားသောက်ဖွယ် အပင်များကို မိုးဦး၊ မိုးနှောင်းကာလများတွင် တွေ့ရှိနိုင်ကြလေ၏။

ဆွမ်းဦးပုညရှင် စေတီတော်သို့ ခြေကျင် အတက်လမ်းဖြစ်သော ကနီကျေ့ခြသေ့တစ်ကောင်စောင်းတန်းမှ တက်ရောက်ပါက **“ရွှေရင်အေးဇရပ်”** အနီး လက်ဝဲဘက်ဘေး တောင်စွယ် မြေပြန့်တွင် တည်ရှိနေပါသည်။

ရတနာဒီပံကုန်းတော်ကြီးမှာ ယခုအခါ စိမ်းစိုနေသော သစ်တောသစ်ပင်များဖြင့် အုပ်ဆိုင်းနေသောကြောင့် သတိမမူမိကြပါ။ ခြေကျင်တက်ရောက်ဖူးမြော်ကြသူများအတွက် အခွင့်ကောင်းတစ်ရပ်ပင် ဖြစ်လေတော့၏။

အကျယ်အဝန်းမှာ ပေ(၆၀)ခန့်မျှသာ ဖြစ်လေ၏။ ခိုင်မာသော မီးတားတံတိုင်းကြီးများဖြင့် အရပ်လေးမျက်နှာကို လုံခြုံစွာ ကာရံထားပါ၏။

စေတီတော်၏ ကမ္ဗည်းဆိုင်းဘုတ်မှာ အဝေရာပင်များ၊ ရွှေတံတိုင်းပင်များ၊ တောကြက်မောက်ပင်များက လွှမ်းခြုံ အုပ်မိုးနေကြသောကြောင့် တစ်ပိုင်းတစ်စသာ မြင်နိုင်လေ၏။


ရင်ပြင်တော်၏ မြောက်ဘက်တွင် တောင်ရိုးပျော်ကျေးငှက်များ၊ ချေသငယ်များစားသောက်နိုင်ဖို့ သင်ပုတ်တစ်ခု ပြုလုပ်ထားရှိပါသည်။

ထို အစာစွန့်လှူရာ သင်ပုတ်၏ အရှေ့ဘက်နှင့် အနောက်ဘက်နေရာမှာ “အောင်မြေ”ဌာန ဖြစ်လေရာ အမျိုးကောင်းသားအတွက်အရှေ့ဘက်၊ အမျိုးသမီးအတွက် အနောက်ဘက် တရားအားထုတ်နိုင်ကြလေ၏။

စေတီတော်သို့ အဝင်မုခ်ဦးမှာ စောင်းတန်းသို့ မျက်နှာပြုထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com





▲ ရှေ့စေတီအနီးမှ အဓိဋ္ဌာန်စခန်း
[အဘဘိုးဘိုးအောင် ဂမ္ဘီရစခန်းတစ်ခုမှ လိုဏ်ဂူတော်]

◆ အင်းဝမြို့၊ တားကရာကျောင်း အရှေ့တောင်ရှိ
အဘဘိုးဘိုးအောင်၏ မွေးရပ်ကျွန်းရာအတွက် တစ်ဆူစေတီတော်။
[အဘ၏အနွယ်တော်များက အင်းနှင့်အဆောက်ကြီးများ စီရင်ခဲ့ကြသော
အောင်မြေစေတီတော်ဖြစ်သည်]

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၄၅)ခန့်ရှိကြောင်း မှန်းဆကြည့်ရ၏။ နှစ်ပေါင်း (၂၃၀)ကျော်ပြီဖြစ်လေရာ လူ့သက်တမ်း သုံးဆယ်မျှ ရှည်ကြာနေသောကြောင့် ပျက်စီးယိုယွင်းခြင်းများဖြစ်တိုင်း အဘ၏ အဆက်အနွယ်များမှ ကုသိုလ်ပြုကြမြဲဖြစ်လေ၏။

နောင်သောအခါတွင် ရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်ကို ဥတ္တရတိုင်း သစ်တောမင်းကြီး သီရိပျံချီ သီဟဗလတွဲ့ရ ဦးစောလင်းနှင့် တပည့်သားမြေး အနွယ်တော်များက ထီးတော်အသစ်နှင့်တကွ မူလလက်ရာမပျက် မွမ်းမံပူဇော်ခဲ့ကြလေသည်။

ယခုအချိန်၌ ဆွမ်းဦးပုညရှင် ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် တင့်တယ်ကြည်နူးစွာ ကိုယ်လုံးပြည့် ရွှေသင်္ကန်းဖြင့် ဖူးမြော်နိုင်ကြလေ၏။

ဆွမ်းဦးပုညရှင်စေတီတော် စောင်းတန်း၏ အပန်းဖြေနားနေရာ "သဟပုညကာရီ" အေးဇရပ်အနီးမှ အနောက်ဘက်တွင် **"ရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်ကို** ဝါးတစ်ပြန်မျှအတွင်း မျက်ဝါးထင်ထင် ဖူးမြင်ကြရမည်။

ခြေကျင် တက်ရောက်သူတိုင်း ဝင်ရောက် ဖူးမြော်ပူဇော်ခြင်းဖြင့် အဘဘိုးဘိုးအောင်၏ အောင်မြေကို နင်းပြီး ဖြစ်လေတော့၏။

**အဘဘိုးဘိုးအောင်၏ စေတီတော်များမှာ စစ်ကိုင်းတောင်တွင် တစ်ဆူ နှင့် အင်းဝမြို့ တားကရာကျောင်းတော်ကြီး၏အရှေ့တောင်ထောင့်တွင် "အမြင်တစ်ဆူ" ဘွဲ့တော်ဖြင့် ဖူးမြင်နိုင်ကြပါသည်။ တောင်တွင်းကြီးမြို့တွင်လည်း တည်ရှိကြောင်း သိမှတ်ရပါ၏။**

စေတီတော်ကြီး၏ပုံဟန်မှာ ဗိနပ်တော်ပလ္လင်ကို မြှင့်တင်ထားပြီး ထောင့်စွန်းများ၌ **ရွှေခြင်္သေ့ရုပ်များ** ခြံရံထားပါသည်။ ယခုခေတ်တွင် ပြန်လည်ဖြည့်ဆည်းထား ပုံဟန်များသာ ဖြစ်ကြပါသည်။

စိန်တော်များ၏ ခါးစည်းတွင် ဝ, အက္ခရာအတွင်း ကုံကော်ပွင့်ဖြင့် ထင်ဟပ်၍ မျက်နှာစာတစ်ဖက်လျှင် (၁၃)ပွင့်ဖြင့် တန်ဆာဆင်ထားလေ၏။ ရန်မာတ်ကို ပယ်ဖျောက်၍ မိတ်ဖက်ဖြစ်စေဖို့ သဘောယုတ္တိကို ဆောင်နေလေသည်။

စေတီတော်၏ ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့၏ အနားသင်များ၌ **"ရွှေတဝါင်း"**များက ကျန်းမာချမ်းသာစွာ ချမ်းမြေ့ခြင်းကို ပေးဝေနေလေ၏။

တတိယမြောက် အထက်ပစ္စယံတွင် ပြည့်ဝလုံလောက်ခြင်းကို ဖော်ပြထားသောဟန်ဖြင့် **"ရွှေမြူတာအိုး"**တစ်အိုးစီဖြင့် ပူဇော်ထားရှိလေ၏။

ပစ္စယံများ၏အပေါ်တွင် ပဒုမ္မာကြာရွက်များကို သုံးဆင့်ထပ်၍ ပတ်ရံထားပြီး ရွှေခေါင်းလောင်းတော်ကို ပင့်တင်ထားပုံမှာ ထူးခြားမှု ဖြစ်နေပါသည်။

ရွှေခါးစည်းတော်၏ အောက်တွင်း

 (စာမျက်နှာ (၇၈) သို့)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

●●●●●●●● ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ ●●●●●●●

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၄ YR ၃ဝ၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆက်စပ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဓါးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၅၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းမှ

# အထူးပန့်ဆရာတော် ဦးကောသလ (၂)

ထက်မြင့်ကျော်စွာ



◆ တရားဟောပလ္လင်ထက်မှ ဦးကောသလ

## ယခင်လမှ အဆက်

ရွှေဘုန်းပွင့် ကုန်းတော်သည် ကျောက်တံခါးမြို့၏ အရှေ့တောင်ထောင့် နှစ်မိုင်ခန့်အကွာ၌ တည်ရှိ၍ မြေသားလမ်းဖြင့် ဆက်သွယ်ထားသည်။ အဝေးပြေးကားလမ်းအတိုင်း သုဓွေးကုန်းကျေးရွာမှ သွားနိုင်သကဲ့သို့ ဖြတ်လမ်း၊ မြေလမ်းမှလည်း သွားရောက်နိုင်လေသည်။

ရွှေဘုန်းတိုး စေတီတော်ကား ကျောက်တံခါးမြို့နှင့် တစ်မိုင်ခန့်ကွာဝေး၍ ရွှေဘုန်းပွင့်ကုန်းတော်သွား၊ မြေလမ်းထက်ဝက်ခန့်တွင် ကိန်းဝပ်တော်မူသည်။

## ရွှေဘုန်းတိုးကုန်းတော်

ရှေးအခါက ဤနေရာသည် ချုံနွယ်များ ပိတ်ဖုံးလျက်ရှိကာ အနီးမှ ဖြတ်သန်းသွားလာကြသော နွားများသည် ကြောက်လန့်တကြား ရုန်းကန်လှေ့ရှိကြသဖြင့် လှည်း၊ နွား၊ ခရီးသွားများက အဝေးမှ ကွင်းကာ သွားလာခဲ့ကြသည်။

စစ်ကြိုခေတ်ကာလက ကြီးမားသော တင်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူ စံပယ်တော်မူခဲ့၍ ပခုံးတစ်ဖက်စလွယ်သိုင်း၊ အထက်ပိုင်းပြတ်လျက် ပျက်စီးနေခဲ့သည်။

အနီးတွင် အရိပ်အာဝါသကောင်းလှသော မန်ကျည်းပင်တစ်ပင်ရှိ၍ အခြောက်အလှန့် ပေါများသဖြင့် နေ့ခင်းအချိန်တွင်ပင် ထိုကုန်းမြေသို့ သွားရောက်ဝံ့သူ၊ ထင်းရှာ မျှစ်ချိုးသူပင် မရှိကြပေ။

၁၃၂၈ ခုနှစ် ဝါပကာလတွင် ဆရာတော်ဦးကောသလ တောရဆောက်တည် အဓိဋ္ဌာန်ဝင်ကာ ဝေနေယျများ

www.burmeseclassic.com

အား တရားဟော ချေချွတ်တော်မူသည်။

ထို့နောက် ကုန်းတော်အား ချုံနွယ်များ ရှင်းလင်းစေကာ မန်ကျည်းပင်ကြီးပတ်လည်တွင် ကြီးထွားမှုနှုန်းမြန်ဆန် (ကြီးလွယ်)သည့် ညောင်ပိန္နဲပင် (၄)ပင်ကို စိုက်ပျိုးစေသည်။

ထိုအပင်များ အရွက်ဝေဆာ၍ ကောင်းစွာ အရိပ်ရသောအချိန် ၁၃၃၀ ပြည့်နှစ်တွင် စေတီဟောင်းအုတ်ပုံကို ရှင်းလင်းကာ မန်ကျည်းပင်ကြီးကို လွှများ၊ ပုဆိန်များဖြင့် တိုက်ဖြတ် ရွေ့ခုတ်ကြသည်။

အပင်ခြေပြတ်၍ တစ်ဖက်သို့ တိုးလျှိုပေါက်အခြေအနေ ရောက်သော် မန်ကျည်းပင်ကြီးမှာ မလဲမပြို ရှိနေသဖြင့် ဆရာတော်အား သွားလျှောက်ကြသည်။

'အေး...အေး၊ ငါမေ့သွားလို့ အခုပဲ လာခဲ့ပါ့မယ်'


ဟု ဆိုကာ ချက်ချင်းပင် လိုက်ကြွတော်မူသည်။ အပင်ခြေသို့ ရောက်သောအခါ...

'ကဲ မောင်ကား မောင်ခါ၊ မောင်ဂတို့က အရှေ့ဘက် သစ်ပင်မှာနေကြ။ မဝါ၊ မနီ၊ မပြာတို့က အနောက်ဘက်သစ်ပင်မှာနေ'

စသည်ဖြင့် ဝေနေယျတို့အား အမည်နှင့်တကွ ခေါ်ယူ နေရာပေးသည်။

အားလုံးစုံ စေ့သောအခါ မန်ကျည်းပင်ကြီးမှာ ဆရာတော် ညွှန်ပြသည့် နေရာသို့ သူ့အလိုအလျောက်ပင် တအိအိ လဲကျသွားလေသည်။

ထိုမန်ကျည်းပင်အမြစ်များအား တူးဆွသောအခါ ဓာတ်တော်များ၊ ဆင်းတုတော်များ ရွှေငွေကျောက်မျက်ရတနာ အချို့ကို တွေ့ရသည်။ အမြစ်ငုတ်များ ကုန်သောအခါ ကျောက်ဖျာတစ်ချပ်



ဦးဃောသရ အထိမ်းအမှတ်တန်ဆောင်း

က ညီညာစွာ ကာဆီးထားလေသည်။

ထိုကျောက်ဖျာကို မ,ယူ ဖယ်ရှားလိုက်သောအခါ ရွှေငွေရတနာများစွာနှင့် ရုပ်ပွားစေတီငယ်များ၊ ဓာတ်တော်မွေတော်များကို မြင်ကြရသည်။ ယင်းပစ္စည်းများကို ကြီးမားသော မြွေကြီးတစ်ကောင်က ပတ်ခွေလျက် ငြိမ်သက်နေသည်။

ဆရာတော်က မေတ္တာပို့သ၍ ဆုံးမသြဝါဒ မြွက်ကြားပေးပြီးနောက် ကျောက်ဖျာကို မူလအတိုင်း ပြန်ဖုံးထားစေသည်။ မူလစေတီ အထက်ဌာပနာတိုက်ဖြစ်ကာ အောက်ပိုင်းကို ဆက်၍ မတူးရန် တားမြစ်လိုဟန်ရှိကြောင်း မိန့်ကြားတော်မူလေသည်။


အဓိဋ္ဌာန်အုတ်

စေတီဌာပနာတိုက်အနီးမှ အလျားရှည်၊ အနံကျယ်သော ရှေးဟောင်းအုတ်တစ်ချပ်တွေ့ရှိရကာ ၁၃၃၀



F.10B. July, 2017.

www.burmeseclassic.com



▲ ပုံရှမ်းမှိုပြီးနောက် ရုပ်ကလာပ်ကို ဂူသွင်းထားစဉ်

ဟူသော ဂဏန်းခြေ ရေးထွင်းထားသည်။ ဆရာတော်က နှစ်ခြိုက်စွာ ပြုံးတော်မူ၍ **"ဒါ အဓိဋ္ဌာန်အုတ်ကွ၊ မပျောက်မပျက်အောင် ထိန်းသိမ်းထားကြ"** ဟု တပည့်ဒါယကာများအား မိန့်မှာတော်မူသည်။

၁၃၃၀ ပြည့်နှစ်တွင် အသစ်တစ်ဖန် မွမ်းမံမည်ကို ရည်ညွှန်းဟန်ရှိသည်ဟု ယူဆကြသည်။

တူးရှင်းမိသဖြင့် ထက်ပိုင်းကျိုးသွားရာ သွပ်နန်းကြိုးများ တည်းနှောင်၍ စေတီတော်နောက်ဘက်၌ ပူဇော်စိုက်ပျိုးထားသော ဗောဓိညောင်ပင်တွင် လူအများ လေ့လာနိုင်ရန် ပြသထားရှိသည် ဆိုလေသည်။

## ကုန်းတော်တွင်

ရွှေဘုန်းတိုးစေတီ ကုန်းတော်သို့ အနောက်ဘက်မြေလမ်းမှ ဝင်ရောက်ရသည်။ ကျောက်တံခါးမြို့မှ လာသော မြေလမ်းသည် ကုန်းတော်အနီးတွင် ရွှေဘုန်းပွင့်စေတီ ကိန်းဝပ်တော်မူရာ ဘုရားကြီးကုန်းကျေးရွာသို့ လက်ယာဘက်အတိုင်း ချိုးကွေ့သွားကာ လက်ဝဲဘက်လမ်းအစတွင် ခြသေ့်နှစ်ကောင်နှင့် မနီးမဝေးတွင် စေတီကုန်းတော် အဝင် မုခ်ဦးကြီးရှိလေသည်။

• မုခ်ဦးအပြင် လက်ဝဲဘက်၌ ဘုရားရှင်နှင့် ရဟန္တာငါးရာ ဒေသစာရီ ကြွချီဟန် မတ်ရပ်တော်များ သွန်းလုပ်ထားသည်။

ကုန်းတော်တွင်းသို့ ဝင်ရောက်သွားသောအခါ ဉာဏ်တော်မြင့်မား ထည်ဝါလှသည့် ရွှေဘုန်းတိုးစေတီတော်ကို အလယ်ဗဟို ကုန်းမြင့်ထက်၌ ဖူးတွေ့ရသည်။

အနောက်တက် အာရုံခံတန်ဆောင်းပါ ရှိသည်။ ပစ္စယံအခြေတွင် မုခ်ငယ်ဖြင့် ကျောက်ဖြူသား တင်ပျဉ်ခွေ ရုပ်ပွားတော်ငယ်တစ်ဆူ ပူဇော်ထားသည်။

ရင်ပြင်တော် အရှေ့ဘက်စွန်းတွင် ဆရာတော်ဦးကေသရ ရုပ်တုတော်ကို တန်ဆောင်းနှင့်တကွ ဖူးမြင်ရသည်။ သပိတ်လွယ်၊ ယပ်ထမ်း၊ တောင်ဝှေးကိုင်လျက် မတ်တတ်ရပ်နေပုံဖြစ်သည်။


ရင်ပြင်တော်အရှေ့ဘက် မြေပြင်တွင် သိမ်တစ်ဆောင်နှင့် ညောင်ပိန္နဲပင်ကြီးများကို တွေ့ရသည်။

သိမ်မှာ ဆရာတော်ဦးကေသရ ပျံလွန်တော်မူပြီး နှောင်းပိုင်းကာလတွင်မှ သမုတ်၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ညောင်ပိန္နဲပင်ကြီးများကား ကုန်းတော် ရှင်းလင်းစဉ် မန်ကျည်းပင်ကြီး၌ မှီခိုနေထိုင်ကြသော ဝေနေယျများအတွက် အစားထိုး စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ပြန်လည် နေရာချထားရေး သစ်ပင်များဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com





▲ ညောင်ပိန္နဲပင်တစ်ပင်

◀ မဟာဗောဓိညောင်ပင်

## အထိမ်းအမှတ် ကမ္ဗည်းတိုင်

ညောင်ပိန္နဲပင်ကြီး နှစ်ပင်ကြားတွင် အုတ်တန်ဆောင်းငယ်တစ်ခု ရှိ၏။ အမိုးအနီးတွင် ဆိုင်းဘုတ်တင်ထားသော်လည်း ဆေးများ လုံးဝကွာ၍ သွပ်ပြားချပ်သာ မြင်ရသည်။

အတွင်း၌ အုတ်ခုံငယ်နှင့် **ဆရာတော်ဦးကောသရ သက်တော်(၇၃)၊ ဝါ တော်(၅၃)[၁-၁၀-၈၉] ဟူသော ကမ္ဗည်းပါရှိ၏။**

ဤနေရာသည်ကား (၁-၁၀-၁၉၈၉)ရက်နေ့ ၁၃၅၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂)ရက်နေ့ ညနေ (၃း၁၅)နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည့် ဆရာတော်ဦးကောသရ၏ အထိမ်းအမှတ် ကမ္ဗည်းတိုင် တည်ရာဌာန ဖြစ်လေသည်။

ဆရာတော်သည် ရန်ကုန်၊ ပြည်သူ့ဆေးရုံးကြီးတွင် ပျံလွန်တော်မူရာ ရှပ်ကလာပ်တော်ကို ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းသို့ ပြန်လည် ပင့်ဆောင်ခဲ့ကြသည်။

ထို့နောက် ဆရာတော်ကြိုတင် မိန့်မှာသည့်အတိုင်း ဤနေရာတွင် အုတ်ဂူပြုလုပ်ကာ ခေါင်းရင်း၌ (၆)လက်မပတ်လည် အပေါက်ဖောက်လျက် ရှပ်ကလာပ်တော်ကို ထားရှိသည်။

မဇ္ဈိမာရုံကျောင်းမှာ တစ်မိုင်ခန့် ဝေးကွာသော ဤနေရာသို့ ရှပ်ကလာပ်တော်အား လက်ဆင့်ကမ်း ပင့်ဆောင်ခဲ့ရာ ပရိသတ်များပြားလှသဖြင့် လူစေ့ငှအောင် ပင့်ဆောင်နိုင်ခြင်းမရှိ၊ မထိမကိုင် မပူဇော်လိုက်သူ သာဝကများစွာ ကျန်ရစ်သည်ဆို၏။

ရှပ်ကလာပ်တော်ကို (၆)လ ကြာအောင် ပူဇော်ထားရာ ပုပ်ပျက်၊ အနံ့ထွက်ခြင်းမရှိဘဲ ဆံပင်များ ရှည်ထွက်လာသည်။ (၆)လပြည့်သောအခါ မိန့်မှာခဲ့သည့်အတိုင်း တေဇောဓျာပနာသဘင် ကျင်းပပူဇော်ကာ အရိုးပြာများကို စစ်တောင်းမြစ်အတွင်း မျှောခဲ့ကြသည်။

ရှပ်ကလာပ်တော် (၆)လကြာ ပူဇော်ထားရာ ဤနေရာကို အထိမ်းအမှတ် ကမ္ဗည်းရေးထိုးထားကြောင်း သိရသည်။ ထိုစဥ်က (၆)လကြာ အုတ်ဂူသွင်းကာ ခြံစည်းရိုးခတ်၍ ပူဇော်ထားရှိပုံကို ဒေါ်ရှုဟန်ထံတွင် တွေ့ရှိရသဖြင့် မှတ်တမ်းပြု တင်ပြပေးလိုက်ပါသည်။

## နောက်ဆုံးကာလ


ဆရာတော် ပျံတော်မူခါနီးအထိ ပြုစုခွင့်ရခဲ့သော ဒေါ်ရှုဟန်ထံမှ သိရှိရခြင်းဖြစ်သည်။ ၁၃၁၅ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်နေ့တွင် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ပြီးနောက် ဝါဝင်သောအခါ ဆရာတော်သည် ချောင်းဆိုးရင်ကျပ်ဝေဒနာကို သိသာစွာ ခံစားရ၏။

ဆေးဝါးကုသသော်လည်း သက်သာခြင်းမရှိဘဲ တော်သလင်းလပြည့်ကျော်သောအခါ နှလုံးရောဂါ ထပ်ဆင့်တိုး၍ ရင်တုန်မောပန်းလာသဖြင့် တပည့်ဒါယကာများက ရန်ကုန်မြို့သို့ ပင့်ဆောင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ မဟူရာရုံကျောင်းမှုဦး

ကျောင်းမှ စတင်ထွက်ခွာသောအခါ ဆရာတော်က"**မဟူရာရုံကျောင်းတော့ ရေနစ်ပြီကွယ်**"ဟု မိန့်တော်မူသည်။

ရန်ကုန်မြို့၊ စလင်းကျောင်းတွင် တည်းခိုကာ ဆေးကုသမှုခံယူစဉ် ဝေဒနာတိုးလာသဖြင့် တော်သလင်းလဆုတ် (၁၄)ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသ၏။

ထိုစဉ် ကျောက်တံခါးမြို့တွင် ကျန်ရစ်သော ဒေါ်ရှုပ်ဟုန်သည် နေအိမ်ဘုရားခန်းတွင် ပဋ္ဌာန်းပူဇော်နေခိုက် ပခုံးကို အသာအယာ ပုတ်လိုက်သည်ဟု ခံစားရသည်။

ဆရာတော်နှင့်အတူ ရွှေစက်တော်စသည့် အဓိကရ တောတောင်စေတီများသို့ ဘုရားဖူးလိုက်ပါရစဉ်ကာလများ၌ ပဋ္ဌာန်းပူဇော်စေကာ အရေးအကြောင်းရှိပါက ဤသို့ပင် အသာအယာ ပုတ်ခတ် သတိပေးလေ့ရှိသည်ကို သတိရမိသည်။

မိခင်အား ပြောပြ၍ ခွင့်တောင်းကာ ရန်ကုန်သို့ လိုက်သွားရာ ဆေးရုံမတင်မီ တစ်ရက်အလိုတွင် ရောက်ရှိပြုစုခွင့်ရလေသည်။

ကွေကာအုပ်၊ ဆန်ပြုတ်များ ပြင်ဆင်ကာ နေ့ခင်း (၁၁)နာရီတွင် ဆွမ်းကပ်ရသည်။ ဖွန်းဖြင့် ခွံ့ပေးရခြင်းဖြစ်သည်။ ကျန်သည့်အချိန်များတွင်း ညည်းညူခြင်းမရှိဘဲ ဝေဒနာကမ္မဋ္ဌာန်းကိုသာ ရှုမှတ်နေတော်မူသည်။

ဆေးရုံတွင် လေးရက်မြောက်သော သီတင်းကျွတ်လဆန်း (၂)ရက်နေ့တွင် ဆရာဝန်များ စမ်းသပ်၍ အကြောမှ တစ်ဆင့် အားဆေးသွင်းရန် ဆုံးဖြတ်ကြသည်။ ဆရာမများက ဆန်ပြုတ်ဆွမ်းကပ်သောအခါ ကောင်းစွာ ဘုဉ်းပေးသည်။

ယင်းနောက် အခြေအနေကို စောင့်ကြည့်နေစဉ် မွန်းလွဲ နှစ်နာရီထိုးသောအခါ ပြတင်းပေါက်တွင် စာကလေးများ လာနားကြသည်။ ဆရာတော်က ဒေါ်ရှုပ်ဟုန်အား "**စာကလေးတွေကို ဆန်ကွဲကျွေးလိုက်ပါ**"ဟု မိန့်တော်မူသည်။

ဆရာတော် သွားလေရာတွင် ဆန်ကွဲများ ယူဆောင်သွားကာ ငှက်ကလေးများ ပုရွက်ဆိတ်များကို အစာကျွေးလေ့ရှိသည်။ ဆေးရုံတက်ရသောအခါတွင်လည်း ဆန်ကွဲထုပ်ကို မမေ့မလျော့ ယူဆောင်လာစေလေသည်။

ထို့နောက် ဆရာမများက ဆေးသွင်းရန် ဆေးထိုးအပ် ဝယ်ခိုင်းသည်။ ဆရာတော်က မျက်လုံးဖွင့်၍ "**သူက ရန်ကုန်ကို မကျွမ်းကျင်ဘူး။ သူ့ကို အဝယ်မခိုင်းပါနဲ့**"ဟု တားမြစ်၏။ ကပ္ပိယဦးအောင်စိန်မှာလည်း အိပ်ပျော်နေသဖြင့် ဒေါ်ရှုပ်ဟုန်ကပင် ဆရာတော်မသိအောင် သွားကာ အပ်ဝယ်ခဲ့သည်။

ဆေးသွင်းရန် ပြင်ဆင်သောအခါ အကြောရှာ၍ မရ၊ အပ် မဝင်တော့ပြီ။ ၁၃၅၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂) ရက်နေ့ ညနေ (၃)နာရီထိုးသောအခါ ကုဋီသုံး(ကျင်ကြီးကျင်ငယ်စွန့်)၍ (၃) နာရီ(၁၅)မိနစ်အချိန်တွင် ငြိမ်သက်စွာ ပျံလွန်တော်မူလေသည်။

## ဆရာတော်နှင့်

## ကျေးငှက်တိရစ္ဆာန်များ

ဆရာတော် ပျံလွန်တော်မူခါနီးတွင် ငှက်ကလေးများ လာရောက်ခြင်းသည် ဆရာတော်အား နှုတ်ဆက်ပူဇော်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ဆရာတော် တောရဆောက်တည်သောအခါ ကျေးငှက်တိရစ္ဆာန်များသည် ဆရာတော်အနီးသို့ လာရောက်၍ နေထိုင်လေ့ရှိကြသည်။

ရွှေဘုန်းတိုးစေတီ ပြန်လည် ပြုပြင်တည်ဆောက်၍ ဌာပနာသွင်းသောအခါ ချိုးငှက်များက ဆရာတော်၏ ပခုံးထက်၌ နှစ်ကြိမ်တိုင်အောင် လာရောက်နားနေကြသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်မွှာ**

www.burmeseclassic.com

စာမျက်နှာ (၇၁)မှ အဆက်



◆ အဘတိုးဘိုးအောင်စေတီတော်သို့ အသွားလမ်းကလေးအား အောင်ရွှေမြတ် စစ်ကိုင်းတောင်မှ ကုသိုလ်ပြုထားပုံ



◆ အဘတိုးဘိုးအောင်၏ ရတနာဒီပံစေတီတော်သို့ "တောလေးထဲ"မှ တက်ရာလှေကား

ဘီလူး၊ ဂုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ နှစ်ဦးစီဖြင့် နတ်ဘီလူးကြီးရှစ်ဦးက စောင့်ကြပ်နေကြဟန် ပြုလုပ်ထားပါ၏။

ရွှေခါးစည်းတော်၏ အထက်ဝယ် ဝ,အက္ခရာပန်းဝန်းအတွင်း မဟာဗောဓိ ရွှေညောင်တော်များ သွတ်သွင်းပူဇော်ထားခြင်းကို ဖူးမြင်နိုင်ကြလေ၏။

ရွှေဖောင်းရစ်များမှာ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို အထူးပြုပူဇော်သောအားဖြင့် ကိုးဆင့် စီမံထားပါသည်။

ကိုးနဝင်းကိုခြံရံ၍ ထုပိကာ၏အပေါ်တွင် ရောင်လျှံတော် ရွှေထီးကြီးဖြင့် အထွတ်တင် အောင်မြင်တော်မူပုံမှာ ရှားပါးလှသော ပူဇော်မှုပင်ဖြစ်လေတော့၏။

ရတနာဒီပံဘိုးဘိုးအောင် စေတီတော်ကြီး၏ တည်ရာအောင်မြေဌာနသည်ကား မြောက်ဘက် ရွှေဖားတောင်ထိပ်တွင် ဆွမ်းဦးပုညရှင်စေတီနှင့် ရှင်ပင်မြသိန်းဦးစေတီတော် အရှေ့ဘက်အရပ်တွင် ဝိဇ္ဇာမိုရ်စေတီတော်၊ တောင်ဘက်အရပ်တွင် အဘအောင်မင်းခေါင်ကြီး၏ ဓာတ်ပန္နက်ကျောက်စေတီတော်တို့၏ အလယ်ဗဟိုတွင် တည်ရှိပါသည်။

စေတီတော်ကြီး၏ အနောက်ဘက်သို့ ရှုမျှော်ကြည့်ပါက ကမ္ဘာကျော်ဆရာတော်ကြီးအား ရှင်ဉာဏိဿရထေရ်၏ သီတဂူ ဗုဒ္ဓတက္ကသိုလ်ကြီးကို သာသနာ့အောင်လံများ တလူလူဖြင့် အားရကြည်နူးဖွယ် တွေ့မြင်နိုင်ကြလေ၏။

ရတနာဒီပံ ဘိုးဘိုးအောင်စေတီတော်၌ အဓိဋ္ဌာန်ဝင် အားထုတ်လိုပါလျှင် "အဘဘိုးဘိုးအောင်"၏ ဝ,ကိုးလုံးဂါထာဖြင့် ဆန္ဒရှိသလောက် ဝမ်းမြောက်နိုင်ကြပါလိမ့်မည်။

ဝ,ကိုးလုံးဂါထာ

* ဝရဗုဒ္ဓေါ ဝရဓမ္မော

ဝရသံဃော ဝရိသရော။

* ဝရစေတော ဝရံဒေတု

ဝရဟိမေ ဝရံဝရံ။ ။

**အနက်**

**ဝရိသရော** – မြတ်တရားတို့ကို အစိုးတရရှိတော်မူသော၊ **ဝရစေတော** – မြတ်သောတရားတို့နှင့် ယှဉ်သော စိတ်ရှိတော်မူသော၊ **ဝရဗုဒ္ဓေါ** – မြတ်လှစွာသော ဘုရားရှင်သည် လည်းကောင်း၊ **ဝရဓမ္မော** – မြတ်သောတရားတော်သည် လည်းကောင်း၊ **ဝရသံဃော** – မြတ်သောသံဃာတော်သည်လည်းကောင်း၊ **ဝရံ** –မြတ်သော အကျိုးကို၊ **ဒေတု** – ပေးတော်မူပါစေသတည်း၊ **မေ** –အကျွန်ုပ် အား၊ **ဝရံ** – အလိုရှိအပ် မြတ်လှစွာသော၊ **ဝရံ** – ဆုကို၊ **ဝရဟိ** – ပေးတော်မူပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ့ မွှေ့ာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဂါထာတော် တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ ပုတီးတစ်ပတ်စိပ်၍ အောင်မြင်နိုင်ကြလေ၏။

*ကျန်းမာချမ်းသာ ဗုဒ္ဓါတာ လိုရာဆန္ဒ ပြည့်ဝကြပါစေ...*

**အောင်ရွှေမြတ်**

***(စစ်ကိုင်းတောင်)***

စာကိုး

**မှန်နန်းရာဇဝင်၊**

**ဦးဖိုးကျားရာဇဝင်၊**

**ဦးသန်းဆွေ (ထားဝယ်)၏ကြာမင်း ရှင်းတမ်း။**

**ဆရာအောင်၏ ပထမံ စမပိဋ္ဌာကျင့်စဉ်။**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆတက(တနယ်ဝင်း)(၁၂/၁၂၂)

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **ကြောမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၅၈၃၀၉၁၊ ၀၉၇၃၁၉၇၅၄။



www.burmeseclassic.com

www.burmeseclassic.com





▲ ထောင်မှန်မှ ရတနာလာဘအမှိ ပလိပ်ခြေဘုရားပုံတူ



▲ အနောက်ထောင်ထောင့်မှ ကျိုက်ခမီးပုံတူရုပ်ပွားတော်

# ဇင်းကျိုက်ဆံတော်ရှင် တောင်ခြေရင်းမှ

ခရီးသည်ဘုတေသီ

## သတ္တဗျာနုကူနှုန်းတော်မြေ (၁)

ဇင်းကျိုက်ဆံတော်ရှင်စေတီ တောင်ဘက်ကားလမ်းအစ **ခြသေ့်နှစ်ကောင်မုခ်ဦးမှ** ဝင်လာပါက လမ်း၏ **လက်ယာဘက် မင်းတက်ကျောက်ချာ၏ အရှေ့ဘက်တွင် သတ္တဗျာနကုန်းတော်** တည်ရှိသည်။

### ဖြစ်စဉ်တော်အကျဉ်း


မြန်မာသက္ကရာဇ် ၁၃၅၃ ခုနှစ် (ခရစ်နှစ် ၁၉၉၂ ခုနှစ်)တွင် ဇင်းကျိုက်ဆံတော်ရှင်စေတီ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများနှင့် စေတီဂေါပကအဖွဲ့များ၊ သံဃနာယကအဖွဲ့များက စုပေါင်း ပါဝင် လုပ်ဆောင်ခဲ့ကြသည်။

ထိုအခါ မင်းတက်ကျောက်ချာ အနီးရှိ နှစ်စဉ် ညောင်ရေသွန်းပွဲတော် ကျင်းပလေ့ရှိသော နှစ်ရှည် တောစိုး ညောင်ပင်ကြီးဝန်းကျင်၌ ဘုရားရှင်

www.burmeseclassic.com



▲ အနောက်မျက်နှာ ပုဂံအာနန္ဒာ ပုံတူရုပ်ပွားတော်



▲ အရှေ့မျက်နှာ မဟာမုနိရုပ်ရှင်တော်(မန္တလေး) ပုံတူရုပ်ပွားတော်

ပွင့်ထွန်း၍ (၇)ရက်စီ စံပယ်သီတင်းသုံးတော်မူခဲ့ရာ သတ္တဋ္ဌာနရုပ်ပွားတော်များ တည်ဆောက်ပူဇော်ကြရန် စဉ်းစားကြသည်။

သို့ဖြစ်၍ ပေါင်မြို့နယ်အတွင်းရှိ သာသနာရေး စိတ်ပါဝင်စားကြသော ရဟန်းရှင်လူအပေါင်း စုပေါင်း၍ ထိုနှစ် (၁၃၅၃ ခုနှစ်)တွင်ပင် စတင် တည်ဆောက်ဖြစ်ခဲ့လေသည်။

အာဏာပိုင်အဖွဲ့အစည်းများ၊ သံဃနာယကအဖွဲ့များနှင့် စေတီဂေါပကအဖွဲ့တို့ ညှိနှိုင်း၍ ဗောဓိညောင်ပင် အနီးဝန်းကျင် မြေနေရာ သတ်မှတ်ကာ အများစုပေါင်း လှူဒါန်းမှုဖြင့် စတင်ခဲ့ရာ သုံးနှစ်တာအတွင်း လုပ်ငန်းပြီးစီး၍ ၁၃၅၆ ခုနှစ်တွင် သတ္တဋ္ဌာန ခုနစ်ဌာန စလုံးအတွက် ရေစက်သွန်းချ လှူဒါန်းနိုင်ခဲ့သည်။

## ဘုရားရှင်

## သတ္တဋ္ဌာန စံပယ်တော်မူခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အလောင်းတော်သည် အလုံးစုံသော တရားအပေါင်းကို သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်ကို ရရှိ၍ သယမ္ဘူစစ်စစ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ပွင့်ထွန်းတော်မူသစည့် ဗောဓိပလ္လင်မှ အစပြုကာ နေရာဌာန (၇)ခု၌ (၇)ရက်စီ စံပယ်တော်မူသည်။


ထိုသို့ စံပယ်တော်မူသော ဌာနခုနစ်ခုကိုယ်စား သဏ္ဌာန်တူ နေရာဌာနနှင့် ရုပ်ပွားတော်များကို ဗုဒ္ဓသာသနာထွန်းကားရာ နေရာဒေသများ၌ အထိမ်းအမှတ်ပြု ပူဇော်လေ့ရှိကြရာ ဖင်းကျိုက်တောင်ခြေမှ သတ္တဋ္ဌာနလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

၁၊ **ပလ္လင်သတ္တာဟ** ။ ။ ကုန်းတော်အတွင်း အဓိကရ တောစိုးသစ်ပင်ကြီးဖြစ်သော ဗောဓိညောင်ပင် အရှေ့ဘက်ခြေရင်းတွင် ပထမသတ္တာဟဖြစ်သော ပလ္လင်သတ္တာဟ တည်ရှိ၏။

ဤညောင်ပင်ကြီးသည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ကာ နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်းတွင် ဆံတော်ရှင်စေတီအဖွဲ့က ကြီးမှူး၍

www.burmeseclassic.com





◆ ဝင်းကျိုက်ဆံတော်ရှင်တောင်တက် စောင်တန်းအစပိုင်း

◆ အရှေ့တောင်ထောင့်နှင့်မှ ရန်အောင်မြင်အလှူပြည်တော်ပြန်ပုံတူ ရုပ်ပွားတော်

◆ သတ္တဋ္ဌာနသာသနာ့ဝန်ကြီးကျွန်း



ညောင်ရေသွန်းပွဲတော် ကျင်းပပူဇော်လေ့ ရှိခဲ့သည်။

သတ္တဋ္ဌာနရုပ်ပွားတော်များ ပွင့်ထွန်းလာပြီးသည့်နောက် နှစ်နှစ် (နှစ်ကြိမ်)မြောက်သည်တွင် သတ္တဋ္ဌာနဋ္ဌာန သာသနာ့ပြုအဖွဲ့လည်း ဦးဆောင်မှု အတည်တကျ ပေါ်ထွန်းပြီဖြစ်၍ ဤ(သတ္တဋ္ဌာန)အဖွဲ့ကသာ ရှေ့ဆက်၍ ညောင်ရေသွန်းပွဲတော်ကို မိမိတို့အစီအစဉ်ဖြင့် ကျင်းပပူဇော်ရန် စေတီဂေါပကအဖွဲ့က ခွင့်ပြုခဲ့လေသည်။

ဗောဓိညောင်ပင် ပတ်လည်တွင် ပွင့်ထွန်းတော်မူပြီးသော ကကုသန္ဓ၊ ကောဏာဂမဏ၊ ကဿပနှင့် ဂေါတမဟူသော မြတ်စွာဘုရားရှင်လေးဆူ၏ ရုပ်ပွားလေးဆူကို ပူဇော်ထားသည်။

စမွခဏ်တွင် ဘွဲ့တော်များ ကမ္ပည်းတင်ထားရာ ဂေါတမမြတ်စွာဘုရားကို အရှေ့ဘက် အခြေ၌ ဖူးတွေ့ရသည်။

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် (၆)နှစ်တာ ကာလပတ်လုံး ဒုက္ကရစရိယာ ကျင့်ကြံပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့သို့ ရောက်သောအခါ ဗောဓိညောင်ပင်ရှိရာသို့ ကြွသွားတော်မူသည်။

အလောင်းတော်သည် မဟာဗောဓိပင်ကို နောက်ခံပြု၍ အရှေ့အရပ်သို့ မျက်နှာပြုတော်မူလျက် တင်ပျဉ်ဖွဲ့ခွေထိုင်တော်မူသည်။ ယင်းနောက်...

'ငါ၏တစ်ကိုယ်လုံး အသွေးအသားအားလုံး ခန်းခြောက်သွားပါစေ။ အရေမျှ အကြောမျှ အရိုးမျှ ကျန်လိုလျှင် ကျန်ပါစေ။ ငါသည် ဘုရားမဖြစ်သရွေ့ တင်ပျဉ်ခွေကို မဖြုတ်မဖျက်ပြီ'

ဟု အဓိဋ္ဌာန်ပြုတော်မူကာ တရားကို သုံးသပ်တော်မူပါသည်။

လာရောက်နှောင့်ယှက်သော မာရ်နတ်နှင့် စစ်သည်တော်များ၏ ရန်ကို နေမဝင်မီ အောင်နိုင်တော်မူသည်။

ညဉ့်ဦးယံအချိန်တွင် **ပုဗ္ဗေနိဝါသဉာဏ်**ဟုခေါ်သည့် အတိတ်ကိုသိလိုကသိနိုင်သောဉာဏ်ကိုရတော်မူသည်။

သန်းခေါင်ယံအချိန်တွင် **ဒိဗ္ဗစက္ခု**

www.burmeseclassic.com

www.burmeseclassic.com





▲ သဗ္ဗညုဉာဏ်ရနေမြေမှ လှမ်းမြင်ရသော ဇင်းကျိုက်တောင်ထွတ်

သဗ္ဗညုဉာဏ်ရသောနေရာအကျိုးဆောင် ဦးရန ▶

**ဉာဏ်**ခေါ် အရာခပ်သိမ်းကို မြင်လိုက မြင်နိုင်သည့် ဉာဏ်ကို ရတော်မူသည်။

မိုးသောက်ယံတွင် လောဘ, ဒေါသ, မောဟ စသည့် ကိလေသာ အာသဝေါတို့ကို အမြစ်ပါမကျန် သုတ်သင်ရှင်းလင်းပစ်နိုင်သည့် **အာသဝက္ခယဉာဏ်တော်**ကို ရရှိပြီး တစ်ခဏာ၌ အလုံးစုံသော တရားအပေါင်းကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ သယမ္ဘူစစ်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ **"အနေကဇာတိသံသာရ"** အစရှိ ဥဒါန်းကို စိတ်တော်ဖြင့် ကျူးရင့်တော်မူသည်။

ဘုရားဖြစ်ပြီးနောက် ထိုပလ္လင်ထက်တွင်ပင် ဆက်လက်၍ ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှ (၇)ရက်နေ့အထိ (၇)ရက်တာပတ်လုံး သီတင်းသုံးတော်မူသည်။

ဤသတ္တာဟ၏ ပထမနေ့ နေ့အခါ၌ ဖလသမာပတ်ကို ဝင်စား၍ ညအခါ ဘုရားအဖြစ်သို့ ရောက်အောင် ထောက်ပံ့သည့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ,ပဋိလုံ အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူပြီးလျှင် **"ယဒါဟဝေ"** ဟူသော ဥဒါန်းပဌမဂါထာကို ညဦးယံ၌ ကျူးရင့်တော်မူသည်။

မဇ္ဈိမယံ၌ **"ယဒါဟဝေ"** ဒုတိယဂါထာကိုလည်းကောင်း၊ ပစ္ဆိမယံ၌ **"ဟဒါယဝေ"** တတိယဂါထာကိုလည်းကောင်း ဥဒါန်းကျူးရင့်တော်မူလေသည်။

နောက်(၆)ရက်တွင်မူ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာဖြင့် စံတော်မူသည်။ သတ္တမမြောက်နေ့ ညဦးယံ ပထမယံအစ၌ ဖလသမာပတ်မှ ထတော်မူပြီးနောက် ညဦးသုံးယံ ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ,ပဋိလုံ အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူသည်။

ဤသို့ (၇)ရက်ပတ်လုံး စံတော်မူသဖြင့် အပရာဇိတပလ္လင်တော်ကို **"ပလ္လင်္ကသတ္တာဟ"** ဟုခေါ်၏။

၂။ **အနိမိသ သတ္တာဟ** ။ ။ ထို့နောက် ပလ္လင်ပေါ်မှ သက်ဆင်းတော်မူပြီး ဗောဓိပင်၏ အရှေ့မြောက်ထောင့် ယွန်းယွန်း (၁၄)လံအကွာ နေရာ၌ ကဆုန်လပြည့်ကျော် (၈)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၇)ရက်တာ သီတင်းသုံးတော်မူသည်။

'ဖိသည် ပါရမီတော်များ ဖြည့်ခဲ့သဖြင့် ဤပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်ကာ ဘုရားဖြစ်ခဲ့ပြီတကား'

ဟု ဆင်ခြင်တော်မူကာ ဖြောင့်ဖြောင့်မတ်မတ် ရပ်တော်မူ၍ အပရာဇိတပလ္လင်ကို မမှိတ်သော မျက်စိဖြင့် (၇)ရက်ပတ်လုံး ရှုတော်မူသည်။

ဤသတ္တာဟကို **"အနိမိသသတ္တာဟ"** ဟုခေါ်သည်။ (**နိမိသ**=မျက်တောင်ခတ်သည်ဟု အဓိပ္ပါယ်ရလေရာ၊ **အနိမိသ**=မျက်တောင်မခတ်၊ မျက်စိမမှိတ်ဟု အဓိပ္ပါယ်ရပေသည်။)

ဤသတ္တာဟကို ဗောဓိပင်၏ အရှေ့မြောက်ထောင့်အရပ် ဖင်းကျိုက်တောင်တက်လမ်းနံဘေး အုတ်တံတိုင်းအနီး၌ ဖူးတွေ့ရသည်။

၃။ **စင်္ကမသတ္တာဟ** ။ ။ ကဆုန်လဆုတ် နေ့မှ နယုန်လဆန်း(၆)ရက်နေ့အထိ ဗောဓိပင်၏ မြောက်ဘက်၌ အရှေ့အနောက် သွယ်တန်းလျက် အတောင်(၆၀)ရှိသော နတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ပထမသတ္တာဟ



ဒုတိယသတ္တာဟ



တတိယသတ္တာဟ

ဖန်ဆင်းသည့် ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက် စင်္ကြံကြွကာ သီတင်းသုံးတော်မူသည်။

အနိမိသ သတ္တာဟ၌ စံမြန်းတော်မူစဉ် နတ်ဗြဟ္မာတို့၏ စိတ်တွင်း၌...

"ရှင်ဂေါတမသည် ပလ္လင်တော်၌ တပ်မက်ခြင်း ရှိနေသေးသည်။ ဘုရားအဖြစ်သို့ ဆုံးခန်းတိုင် ရောက်တော်မမူသေး"ဟု ယုံမှားသံသယ ဖြစ်ကြသည်။ ယင်းကို သိတော်မူ၍ ထိုယုံမှားသံသယကို ပယ်ပျောက်စေရန် ရေအစုံ မီးအစုံ ယမကပြာဋိဟာကို ပြတော်မူသည်။

မြတ်စွာဘုရားသည် စင်္ကြံကြွလျက်တွင်ပင် တရားဆင်ခြင်တော်မူ၍လည်းကောင်း၊ အရဟတ္တဖလသမာပတ်ဝင်စား၍လည်းကောင်း စံပယ်တော်မူသည်။ ဤသတ္တာဟသည်လည်း ဖင်းကျိုက်စေတီတောင်တက်လမ်းနံဘေး အုတ်တံတိုင်းအနီး၌ပင် ဖူးတွေ့ရသည်။

**၄။ ရတနာဃရသတ္တာဟ** ။ ။ ထို့နောက် ဇောဝိပင်၏ အနောက်မြောက်ထောင့်(၁၀)လံ အကွာ၌ နတ်တို့ဖန်ဆင်းသော ရတနာဃရ ရွှေအိမ်သို့ ကြွတော်မူ၍ နယုန်လဆန်း(၇)ရက်နေ့မှ (၁၃)ရက်နေ့အထိ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည်။

ဘုရားရှင်သည် ဤရတနာဃရ ရွှေအိမ်တွင် အဘိဓမ္မာ(၇)ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဆင်ခြင်တော်မူပြီးနောက် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြဝဠာသို့ ပျံ့နှံ့ထွန်းလင်းလွှမ်းမိုးလာတော့သည်။


ရှင်တော်မြတ်ဘုရား၏ ဉာဏ်တော်၊ တန်ခိုးတော်သည် အတုမဲ့ ပြိုင်ဘက်ကင်းသည့် အထွတ်အထိပ်သို့ ရောက်ချေပြီဟု မရေတွက်နိုင်သော နတ်ဗြဟ္မာအပေါင်းတို့သည် ကြည်ညိုသဒ္ဓါလွန်ကဲစွာဖြင့် ခြေတော်ဦးခိုက် ပူဇော်ကြလေသည်။


ဤကဲ့သို့ ရတနာဃရရွှေအိမ်တွင် စံပယ်တော်မူဟန် ရတနာဃရ သတ္တာဟကို ဆံတော်ရှင် တောင်တက်လမ်းအနီး၌ ဖူးမြော်ရ၍ အလှူရှင်မှာ ဦးကျော်မိုးသိန်း၊ ဦးအောင်မင်း ညီအစ်ကိုနှစ်ဦးက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း စာဖတ်သူများကိုယ်စား လှူဒါန်းကြောင်း သိရသည်။

ကျန် သတ္တာဟ စံပယ်တော်မူဟန် ရုပ်ပွားတော်များတွင်လည်း အလှူရှင်ကမ္ပည်းများ အသီးသီး ရှိသော်လည်း ယခုကာလသည် ပြန်လည်မွမ်းမံပြုပြင်ခိုက် ဖြစ်သောကြောင့် ခေတ္တ ဖယ်ရှားထားပါသည်။

ဤအလှူရှင်နှစ်ဦးမှာ မှတ်မှတ်ရရ သတိပြုမိသောကြောင့် ပြောပြခြင်းဖြစ်သည်။ မူလ လက်ရာများမှာ နှစ်ကာလ ကြာသဖြင့် ယိုယွင်းနေရာ ယခု(၁၃၇၈ ခုနှစ်)တွင် အသစ်တစ်ဖန် ထိန်းသိမ်းမွမ်းမံရကြောင်း သတ္တဌာနသာသနာ့အကျိုးဆောင် "**အား[illegible]နု**" က ပြောပြသည်။

www.burmeseclassic.com






▲ စတုတ္ထသတ္တာဟ

ပဉ္စမသတ္တာဟ ▶

▼ ဆဋ္ဌမသတ္တာဟ



၅။ **အဇပါလသတ္တာဟ** ။ ။ ထို့နောက် ဘုရားရှင်သည် ဗောဓိပင်၏ အရှေ့ဘက် (၃၂)လံကွာ နေရာ၌ နယုန်လဆန်း(၁၄)ရက်နေ့မှ နယုန်လပြည့်ကျော်(၅)ရက်နေ့ အထိ သီတင်းသုံးတော်မူသည်။

ထိုသို့ သီတင်းသုံးတော်မူစဉ်အခါ တဏှာ၊ အရတိ၊ ရာဂါ အမည်ရှိသော မာရ်နတ်မင်း၏ သမီးတော်(၃)ပါး လာရောက်ကာ မြတ်စွာဘုရားကို မြူဆွယ်ဖြားယောင်းကြသည်။ ဘုရားရှင်သည် တရားကို ဆင်ခြင်၍သော်လည်းကောင်း၊ ဖလသမာပတ် ဝင်စား၍သော်လည်းကောင်း သီတင်းသုံးတော်မူ၍ မာရ်နတ်သမီးတို့သည် ဘုရားရှင်၏ ဖြူစင်သောအကျင့်ကို ညစ်ညူးစေရန် မစွမ်းဆောင်နိုင်ကြချေ။

ဤသတ္တာဟကို အရှေ့ဘက်တွင် ဖူးတွေ့ရ၏။

၆။ **မုစလိန္ဒသတ္တာဟ** ။ ။ ထို့နောက် ဘုရားရှင်သည် ဗောဓိပင်၏ အရှေ့မျက်နှာ (၅)လံအကွာရှိနေရာ ကျီးပင်ရင်းတွင် နယုန်လပြည့်ကျော် (၆)ရက်နေ့မှ (၁၂)ရက်နေ့အထိ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ထိုခုနစ်ရက်ပတ်လုံး စကြဝဠာတိုက်အလုံး နှံ့အောင် အခါမဲ့ မိုးကြီးရွာသွန်းသည်။ သို့ရှိစဉ် မုစလိန္ဒနဂါးမင်းသည် ဘုရားရှင်အား ရစ်ခွေပတ်၍ ဦးခေါင်းတော်အထက်၌ ပါးပျဉ်းမိုးလျက် ပူဇော်လေသည်။

ဤသတ္တာဟကိုလည်း အရှေ့အရပ်၌ ဖူးမြော်ရ၏။

၇။ **ရာဇာယတနသတ္တာဟ** ။ ။ ယင်းနောက် ဘုရားရှင်သည် ဗောဓိပင်၏တောင်ဘက် အလံ(၄၀)ကွာ နေရာ၌ နယုန်လပြည့်ကျော်(၁၃)ရက်နေ့မှ ဝါဆိုလဆန်း(၅)ရက်နေ့အထိ ဖလသမာပတ်ကို ဝင်စားကာ စံပယ်တော်မူ၏။ ယင်းကို "**ရာဇာယတနသတ္တာဟ**"ဟု ခေါ်တွင်၏။


ဤသတ္တာဟကို ဗောဓိပင်တောင်ဘက်၊ လောကချမ်းသာရွှေစေတီ၏ ရာဟုထောင့်၌ ဖူးတွေ့ရသည်။

ဘုရားရှင်သည် ဤသို့လျှင်




www.burmeseclassic.com

www.burmeseclassic.com



◆ သတ္တမသတ္တာဟ



◆ လောကချမ်းသာရွှေစေတီ

သတ္တာဟတစ်ခုတွင် (၇)ရက်စီ စုစုပေါင်း(၄၉)ရက် စံပယ်တော်မူပြီးနောက် အနောဝတတ်ရေအိုင်မှ သိကြားမင်းယူဆောင်ဆက်ကပ်သော ရေဖြင့် မျက်နှာသစ်တော်မူပြီးနောက် ရာမညဒေသ ဥက္ကလာပတိုင်း၊ ပေါက္ခရဝတီမြို့မှ ကုန်သည်ညီနောင် တပုဿနှင့် ဘလ္လိကတို့ ဆက်ကပ်သည့် မုန့်ဆွမ်းများ ခံယူဘုဉ်းပေးတော်မူသည်။

ယင်းနောက်တွင် ကုန်သည်ညီနောင်တို့သည် ဘုရားရှင် သျှီးမြှင့်တော်မူသည့် ဆံတော်များကို ပင့်ဆောင်ကာ ဥက္ကလာပတိုင်း၌ ရွှေတိဂုံစေတီ တည်လျက် ပူဇော်ထားကြလေသည်။

## လောကချမ်းသာရွှေစေတီ

ရွှေတိဂုံ ပုံစံတူစေတီဖြစ်၍ သတ္တဌာနများ၏ တောင်ဘက်တွင် ကိန်းဝပ်တော်မူသည်။ ဘုရားရှင်သည် သတ္တဌာနများ၌ သီတင်းသုံးတော်မူပြီးနောက် ဆွမ်းဦးလှူခွင့်ရကြသော ရာမညဒေသမှ ကုန်သည်ညီနောင်တို့အား ဆံတော်ရွှန့်လှူတော်မူခဲ့သည်။

ကုန်သည်ညီနောင်က နေရပ်ပြန်၍ ဥက္ကလာပတိုင်း၌ ရွှေတိဂုံစေတီတည်၍ ဆံတော်များကို ဌာပနာပြုပူဇော်ကြသည်။ ဤဖြစ်စဉ်တော်အရ သတ္တဌာနများနှင့်အတူ ရွှေတိဂုံပုံစံတူစေတီ တည်လုပ်ဖြစ်ကြခြင်းဖြစ်သည်။

ထို့အပြင်လည်း ပါရမီကျင့်စဉ်စခန်း ပေါက်မြောက် ဓအောင်မြင်တော်မူပြီးသော အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင် စသော ပုဂ္ဂိုလ်များကလည်း ခေတ်စနစ်တစ်ခု အပြောင်းအလဲ ဖြစ်ခဲ့သော ၁၃၅၀ ပြည့်နှစ်မှ နောက်(၁၂)နှစ်အကြာ ၁၃၆၂ ခုနှစ် (ခရစ် ၂၀၀၀ ပြည့်နှစ်)မှ အစပြု၍ ရွှေစေတီများ အနယ်နယ် အရပ်ရပ်တွင် ပွင့်ထွန်းတော်မူလိမ့်မည်။

သို့သော် ဝိမုတ္တိခေတ်ကာလ ဖြစ်သောကြောင့် ပကတိ ရွှေစေတီအစား နိမ္မိတစေတီ ပညတ်သွား ရွှေစေတီသာ ပေါ်ထွန်းမည်ဟု မိန့်မှာတော်မူကြသည်။

ဆိုသကဲ့သို့ပင် ရွှေတိဂုံ စသော ရွှေပညတ်ပါ ပုံစံတူ စေတီများစွာ ပွင့်ထွန်းတော်မူခဲ့ရာ ဇင်းကျိုက်တောင်ခြေ သတ္တဌာနမှ ရွှေစေတီသည်လည်း တစ်ဆူ 'အပါအဝင် ဖြစ်လေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ခရီးသည်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅


www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ငါးရုံသောဘုရား (သို့မဟုတ်)

# ကပ်ကျော် ကေဘ်ဒေါ် ခုမောင်းမြဲရုပ်ပွားတော်

မင်းရောင်လွန်းမြင့် (မြစ်သား)



◆ ရုပ်ပွားတော်အား ရှေ့တည့်တည့်မှ ဖူးတွေ့ရပုံ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် အိမ်တို့ ကိုးကွယ်ရာ ဘုရားစေတီများ ရုပ်ပွားတော်များအား တည်ထား ထုလုပ် ကိုးကွယ်ကြရာ၌ အများအား ဖြင့် **ဆင်ခံဘုရား၊ နဂါးရုံဘုရား** စသည့် အများမြင်တွေ့နေကျ ပုံစံများ ဖြင့်သာ ထုလုပ်ကိုးကွယ်ကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြရပေသည်။

ဤသို့သော ဆင်ခံဘုရား၊ နဂါးရုံ ဘုရားတို့ကို နေရာအနှံ့တွင် တွေ့မြင် နေကြရသည်ဖြစ်၍ ထူးဆန်းသည်ဟု ဆိုနိုင်သော်လည်း ဘုရားရုပ်ပွားတော် ၏အပေါ်မှ **ငါးကြီးတစ်ကောင်က အုပ်မိုးထားသော ငါးရုံဘုရားဟု ခေါ် ဆိုရမည့် ရုပ်ပွားတော်မျိုး**ကိုတော့ တွေ့ဖူးမြင်ဖူးသူ နည်းကြလိမ့်မည်ဟု ကျွန်ုပ်အနေနှင့် ယူဆမိ၏။

**၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင် ဖြစ်၏။** မြစ်သာမြို့ ရွှေမုဋ္ဌောဘုရား၏ နှစ်စဉ်ကျင်းပမြဲ ဖြစ် သော ဗုဒ္ဓအခါတော်နေ့တွင် ကျောင်း ထိုင် သံဃာတော်(၂၈)ပါးအား ပင့်ဖိတ် ၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစု တို့အား လှူဒါန်းသော အခမ်းအနား အား ပြုလုပ်ခဲ့၏။

ယခုနှစ် အခမ်းအနားတွင် ရှေးယခင် က ပြုလုပ်မြဲဖြစ်သော အခမ်းအနား အစီအစဉ်အပြင် ထိုစဉ်က မြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဆွေ၏ အစီအစဉ် ဖြင့် ပင့်သံဃာ(၂၈)ပါးအား တစ်ပါး လျှင် သံသပိတ်(တစ်)လုံး၊ ဆန်(တစ်) ပြည်နှင့် ဝတ္ထုငွေများအား ဆက်ကပ် လှူဒါန်းနိုင်ခဲ့၏။

ဤသို့ဘာသာရေးကိုအထူး အလေး အနက်ထားသောထိုစဉ်က မြို့နယ်အုပ် ချုပ်ရေးမှူး ဦးမင်းဆွေ၏ လှူဒါန်းပွဲသို့ ရောက်ရှိလာခိုက် ရွှေမုဋ္ဌောဘုရား ဂေါပကရုံးခန်းသို့ ခေတ္တဝင်နားစဉ် ကျွန်ုပ်အား တွေ့မြင်သည်နှင့် ပြုံးရွှင် စွာဖြင့် နှုတ်ဆက်စကား ဆိုတော့၏။

'ဟယ်လို... စာရေးဆရာကြီး နေကောင်းတယ်နော်၊ ခင်ဗျားနဲ့ တွေ့ တာနဲ့ အတော်ပဲဗျ။ ခင်ဗျားကို ပြောဖို့ ကုန်ကြမ်းတစ်ခု ပါလာသေးတယ်၊ ရော့..,ရော့ ယူလိုက်ဦး'





www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်အုပ်ချုပ်ရေးမှူးက ပါးစပ်ကလည်း ပြောရင်း လက်ကလည်း သူကိုင်ဆွဲလာသော အိတ်အတွင်းသို့ တစ်စုံတစ်ခုကို နှိုက်ထုတ်၍ ကျွန်ုပ်အား လှမ်းပေးနေ၏။

ယခုလည်း ကြုံတုန်းကြုံခိုက်တွင် ကျွန်ုပ်အတွက် ကုန်ကြမ်းတစ်ခု ပေးနေပြန်၏။ သူပေးသည်မှာ Post Card အရွယ် ဓာတ်ပုံ(တစ်)ပုံဖြစ်၏။ ဓာတ်ပုံမှာ ရုပ်ပွားတော်တစ်ဆူ၏ ပုံတော်ဖြစ်၏။ သို့သော် သာမန်ရုပ်ပွားတော်ပုံမျိုးမဟုတ်ဘဲ ထူးခြားသော ပုံဟန်ရှိသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်၏။

'ဘယ့်နယ်လဲ စာရေးဆရာ'

'ဓာတ်ပုံတော့ရပါပြီ။ အချက်အလက်လေးတွေတော့ လိုဦးမယ် ထင်တယ်နော်'

'အဆင်သင့်ပါပဲဗျာ... ဒီဟာက အချက်အလက်တွေပါတဲ့ စာရွက်ပါဗျား'

ပြောပြောဆိုဆိုနှင့် စာရွက်ကို လှမ်းပေးနေသဖြင့် ကျွန်ုပ်လည်း လှမ်းယူလိုက်၏။ ဘာပဲပြောပြော ကျွန်ုပ်အတွက် စာတစ်ပုဒ်ဖြစ်ဖို့ကတော့ ရေကန်အသင့် ကြာအသင့်ဟု ဆိုရတော့မည်ဖြစ်၏။ သည်တော့ ကျွန်ုပ်ဘက်ကတာဝန်ကျေရန်သာရှိတော့၏။

မြို့နယ် အုပ်ချုပ်ရေးမှူးကြီးအနေဖြင့် ဤရုပ်ပွားတော်အား **ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နေ ပလောင်တိုင်းရင်းသားကြီး ဦးလှအောင်က** တကူးတကနှင့် ပေးပို့လိုက်၍ ပူဇော်ခွင့်ရခဲ့ခြင်းဖြစ်သည်ဟု သိရ၏။

''ကုသိုလ်ပြုသူကို ကုသိုလ်က တာဝန်ယူသည်''ဟု ဆိုစကားအတိုင်း ပင် မြို့နယ်တစ်ခုလုံးအတွင်းရှိ (၇) ရက်သားသမီးများအားလုံး ကပ်ကြီးသုံးပါးဘေးမှ ကင်းဝေးစေရန် ကပ်ကျော်အစီအရင်များ ပြုလုပ်၍ အဓိဋ္ဌာန်



ရုပ်ပွားတော်အား သောတိုက်အနေအထားဖြင့် ဖူးတွေ့ရပုံ

ဝင်နေစဉ် မမျှော်လင့်သောနေရာမှ မမျှော်လင့်သော ဤရုပ်ပွားတော်ကို ရခဲ့ခြင်းသည် ဦးမင်းဆွေအတွက် ထူးခြားချက် ဖြစ်နေ၏။

ဗုဒ္ဓရုပ်ပွားတော်သည် ကြာလှန်(၉) ဖတ်၊ ကြာမှောက်(၉)ဖတ်ဖြင့် ပုံဖော်ထားသော သစ်သားပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူပုံ ဖြစ်၏။

ဗုဒ္ဓ၏ ညာဘက်လက်တော်မှာ (၇) ရက်သားသမီးများအားလုံး ဘေးရန်ကင်းငြိမ်းစေရန် အသွင်ဖြစ်သော **'အဘယမုဒြာ''**ပုံဟန် ဖြစ်၏။

ဘယ်ဘက်လက်တော်မှာမူ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးသင့်သူတို့အား မျှော်ကြည့်ဟန်ရှိသော မုဒြာတစ်မျိုးဟု ခန့်မှန်းမိ၏။

ကျွန်ုပ်သည် ဗုဒ္ဓရုပ်ပွားတော်များ၏ မုဒြာပုံဟန်အသွင်သဏ္ဌာန်များနှင့် ပတ်သက်၍ အသိပညာ ဗဟုသုတနည်းပါးနေသေးသူဖြစ်၏။ ယခု ကျွန်ုပ်အမြင်နှင့် ဖော်ပြမိသော ဗုဒ္ဓ၏ မုဒြာပုံသဏ္ဌာန်သည် လွဲမှားကောင်း လွဲမှားနိုင်၏။

ဤသည်ကို ပညာရှင်များအနေနှင့်

www.burmeseclassic.com

အများကိုအမှန်ဖြင့် တည့်မတ်ပေး၍ ကျွန်ုပ်အပေါ် ခွင့်လွှတ်နားလည်ပေးရန် ကိုလည်းအနူးအညွတ်တောင်းပန်လိုပါ၏။

**ရုပ်ပွားတော်တွင် ရှေ့မျက်နှာစာရှိ ဒူးတော်နှစ်ဖက်၌ စို့(တစ်)ချောင်းစီနှင့် အလယ်တွင် ခြေနှစ်ဖက် ထိစပ်ရာ နေရာ၌ စို့(တစ်)ချောင်းပါရှိ၏။ နောက်ကျောဘက်ရှိ ပဆုံတော်၏ တစ်ဖက်တစ်ချက် တွင်လည်း စို့(တစ်)ချောင်းစီ ပါရှိရာ စုစုပေါင်း စို့(ငါး)ချောင်းပါရှိကြောင်း တွေ့ရ၏။**

ယင်းအပြင် ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းထက်၌ မိုးနေသော ငါးကြီး၏ ညာဘက်တွင် ကြာဖူးကြီးတစ်ခု ပါရှိသည်ကိုလည်း ထင်ထင်ရှားရှား တွေ့မြင်ရ၏။

ရုပ်ပွားတော်၏ ဥာဏ်တော်အမြင့်မှာ ကြာပလ္လင်အပါအဝင် အောက်မှ အထက်သို့ (၆)လက်မခန့် ရှိ၏။ ဗုဒ္ဓရုပ်ပွားတော်၏ မျက်နှာတော်မှာ ပြုံးနေဟန်ရှိ၍ ဖူးမြင်ရသူတို့အတွက် အင်မတန်မှ ကြည်ညိုဖွယ်ရာ ကောင်းနေ၏။

ရုပ်ပွားတော်နှင့်အတူ စာတန်းသုံးတန်းလည်း ပါရှိကြောင်း သိရ၏။ ဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ်၏။

ဥုံ-ဗုဒ္ဓ သိရှယ်၊
ဥုံ-ဓမ္မ သိလွှယ်၊
ဥုံ-သံဃာ့ သိဖယ်။

စာတန်း(၃)တန်းမှာ လောကီအစီအရင်များ ပြုလုပ်ရာ၌ အသုံးပြုလေ့ရှိသော ဂါထာဖြစ်နိုင်၏။ ရှေ့မှ ဥုံခံထားပြီး ရွတ်ဆိုရ၍ ဖြစ်၏။

**ဂါထာတော်၏ အနက်အဓိပ္ပါယ်နှင့် အကျိုးသွားကိုမူ ပညာရှင်များက ဖော်ပြပေးမှသာလျှင် သိနိုင်မည်ဖြစ်၍ ဤဂါထာအား မည်သည့်နေရာ၊ မည်သည့် အချိန်၊ မည်သည့်အတွက် အသုံးပြုနိုင်ပုံကို ဖော်ပြပေးနိုင်က ကောင်းမည်ဟု မျှော်လင့်မိပါ၏။**



ရုပ်ပွားတော်၏ နောက်ကျောဘက်မှ ငါးကြီးအား အနီးကပ်မြင်ရပုံနှင့် ငါးကြီးတောမှ ကြာပန်းပိုင်းအား မြင်တွေ့ရပုံ

မည်သို့ဆိုစေ ဤထူးခြားသော ဗုဒ္ဓရုပ်ပွားတော်နှင့် ဂါထာတော်ကို ကျွန်ုပ်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာဖတ်သူများအတွက် ဖူးမြင်စေလိုသော ဆန္ဒအပြည့်အဝနှင့် ကျွန်ုပ်အနေနှင့် တာဝန်ကျေစွာ တင်ပြလိုက်နိုင်ပြီဟု ထင်ပါ၏။ ကံထူးသူတိုင်းလည်း ဖူးတွေ့နိုင်ပါစေဟု ဆုတောင်းလိုက်ပါ၏။

ထို့အတူ **ဤစာမူဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သော ထိုစဉ်က မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဆွေသည်လည်း** ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် ဆုတောင်း မေတ္တာပေးပို့ပါကြောင်း ဤစာဖြင့် မှတ်တမ်းတင်အပ်ပါ၏။

**မင်းရဲထွန်းမြင့်(မြစ်သား)**


www.burmeseclassic.com

www.burmeseclassic.com





ဦးကြည်မြင့်
(ကျောက်ပန်းတောင်း)
နေလကမ္ဘာဆေးတိုက်

အပူဟူသမျှ ငြိမ်းစေသော

# မီးမလောင်စေသော အင်းကောက်

ဘုရားရှင်၏ သာသနာတော်မြတ်ကြီးအား ဂန္ထဓူရ၊ ဝိပဿနာဓူရတို့ဖြင့် ကျင့်ကြံပွားများ အားထုတ်လျက် ရှိကုန်သော သီလဝန္တ၊ ဂုဏဝန္တ၊ ပညာဝန္တတို့နှင့် ပြည့်စုံတော်မူကြကုန်သော ပရမတ္ထ သံဃာတော် အရှင်မြတ်များနှင့် သမ္မုတိသံဃာတော် အရှင်မြတ် အပေါင်းတို့အား ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ် လှူဒါန်းနေကြကုန်သော သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမများအနေဖြင့် မိမိတို့တရားသဖြင့် စင်ကြယ်စွာ ရရှိထားသော လောကီစီးပွား ဥစ္စာရတနာများသည် မမျှော်လင့်သော မီးဘေးကြောင့် ပျက်စီးဆုံးရှုံးကြရပေသည်။

မီးဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ် စည်းစိမ်ချမ်းသာများ ရုတ်တရက် ဆုံးရှုံးရသဖြင့် ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် တွေ့ကြုံရသကဲ့သို့ နေ့စဉ် လှူဒါန်းနေကြသော အာစိဏ္ဏကံ အလှူဒါနများ မလှူဒါန်းနိုင်တော့သဖြင့် ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်းပင်ပန်းလှ၍ ဒါနပန်းကိုလည်း မဆင်မြန်းနိုင်တော့ပါ။

ရှေးအခါသမယ ကာလများ၌ ကြီးကျယ်ခမ်းနားသော သာသနိက အဆောက်အအုံကြီးများ ဆောက်လုပ်ရာတွင် လည်းကောင်း၊ လူနေတိုက်တာ အဆောက်အအုံကြီးများ၊ ဆောက်လုပ်ရာတွင် လည်းကောင်း၊ မီးဘေးအန္တရာယ် တားဆီး ကာကွယ်ရန် အတွက် မီးကွင်းအစီအရင်များ စီရင် အသုံးပြုခဲ့ကြလေသည်။

ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးများ ဆောက်လုပ်ရာတွင် လည်းကောင်း၊ မီးမလောင်စေသော အစီအရင်များဖြင့် လောကီပညာရှင်၊ ဆရာသခင်များ စီရင်ထားတော်မူခဲ့ပေသည်။

စာရေးသူအနေဖြင့် ကြီးကျယ်ခမ်းနားသော စက်ရုံ၊ အလုပ်ရုံကြီးများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေတိုက်တာ အဆောက်အအုံများ မီးဘေးအန္တရာယ် ကင်းရှင်း၍ အဖိုးတန်အရင်းအနှီး ပစ္စည်းဥစ္စာများ ဆုံးရှုံးမှု မရှိကြစေရန် ရှေးလောကီပညာရှင်ကြီးများ၏ မီးဘေးအန္တရာယ် ကင်းဝေးစေသော အစီအရင်များကို တင်ပြလိုက်ပါသည်။

---

### မီးမလောင် အင်းကျော်

---

#### အင်းသွားရန်လင်္ကာ

'သေနပထဝီချ၊ ဒက္ခိဏာတက်အာပေါ၊ နရတိတေဇော၊ ပါရုပ်ပေဝါယော၊ တက်လေးဖော်ယူသော်နံ့သွတ်၊ မဇ္ဈေသီတီခွင်၊ တက်မင်းအသက် လေးချက်ကွယ့် မြင်းလှန်ချုံ့မှန် ကေန်မှန်ဘိ၊ မူညီညီ အင်းသက်မျိုးကိုးဆယ်အတိ ဂဏ္ဍတဲ့အမှုံး ကမ္ဘာပါရာလျှင်ရှိပါလိမ့် တွေ့မိတိုင်းယုံ သံတံခါး ထပ်ရှားတဲ့ အင်းရာဇာ ကျောင်းအိမ် မလောင်မီး အပြီးမှတ်ပါ'

ဟူ၍ ဖြစ်ပါသည်။

အထက်ပါ လင်္ကာအတိုင်း အလျား×အနံ ငါးကွက်အင်း၌ ဆိုင်ရာဂဏန်းများကို ရေးသွင်းရပါသည်။

#### ရှင်းလင်းချက်

"**သေနပထဝီ**" ဆိုရာတွင် အရှေ့မြောက်အရပ် တနင်္ဂနွေထောင့်၌ ပထဝီဓာတ်(၁)တစ်ဂဏန်းကို စ၍ချပြီး၊ ယင်း တနင်္ဂနွေထောင့်မှစ၍ လေးကြိမ်ဆက်တိုက် လက်ယာရစ် မြင်းသွားသော် ရာဟုထောင့်၌ (၁) ဂဏန်းဆုံး၏။ အစမှ အဆုံးထိ တစ်ဂဏန်း ငါးလုံး ရေးသွင်းပြီး ဖြစ်တော့၏။

"**ဒက္ခိဏာတက်အာပေါ**" အရ အဂ္ဂိထောင့်၌ **အာပေါဓာတ်ဖြစ်သော**

www.burmeseclassic.com

(၂)ဂဏန်းစ၍ ချပါ။ မြင်းသွားအတိုင်း လေးကြိမ် ဆက်တိုက်သွားလျှင် တနင်္ဂနွေထောင့် အရှေ့မြောက်အရပ်၌ ပြီးဆုံး၏။

**"နရတိတေဇော"**အရ စနေထောင့်မှစ၍ တေဇောဓာတ်ဆိုင်ရာ (၃)သုံးဂဏန်းစ၍ ချပါ။ လက်ယာရစ် လေးကွက်ထိအောင် မြင်းသွားဆက်တိုက်သွားလျှင် အင်္ဂါထောင့်၌ ဆုံးပါသည်။

**"ပါရစ်ပေဝါယော"** အရ အနောက်မြောက်ထောင့်၌ ဝါယောဓာတ် (၄)လေးဂဏန်းကို စ၍ ချပါ။ လက်ယာရစ် လေးကြိမ်ဆက်တိုက် မြင်းကွက်သွားလျှင် စနေထောင့်၌ ဆုံးပါသည်။

**"မဓွေသီတိခွင်း။ ဓာတ်မင်းအသက်လေးချက်ကွယ့် မြင်းလှန်"** ဟူသော အဓိပ္ပါယ်မှာ **ပါပ၊ သူရဇ္ဇ၊ အမြိတ္တ၊ ကောလီ ဟူသော အသီတိဓာတ်သက်(၈၀)**ကို ဆိုလိုပါသည်။

ပါပဓာတ်သက်(၂၂)၊ သူရဇ္ဇဓာတ်သက်(၁၂)၊ အမြိတ္တဓာတ်သက်(၁၆)၊ ကောလီဓာတ်သက်(၃၀) ဟူ၍ အသီးသီးရှိရာ အားလုံးပေါင်းလျှင် (၈၀)ရ၍ အသီတိဓာတ်သက်(၈၀) ဟူ၍ ဖြစ်လာပါသည်။


**"မဓွေသီတိခွင်း ဓာတ်မင်းအသက် လေးချက်တဲ့ မြင်းလှန်"** အဓိပ္ပါယ်အရ ငါးကွက်အင်း၏ အလယ်ဗဟိုကွက်၌ အသီတိဓာတ်သက်(၈၀)ကို ပထမဆုံး ရေးသွင်းရပါသည်။

ရှစ်ဂဏန်းရေးသွင်းရာ၌ ရှစ်ဂဏန်းသည် ဗျည်းအက္ခရာ(ဂ)နှင့် မှားတတ်ပါသည်။ (၈)ဂဏန်းရေးလျှင် အဆန်ပါမှ ရေးထုံးမှန်သည်ဟု ဆရာသမားများ အမှာစကားရှိပါသည်။

အလယ်တွင် အသီတိဓာတ်(၈၀) ရေးသွင်းပြီးလျှင် နောက်ဆုံး ကျန်နေသော အင်းကွက်(၄)ကွက်ရှိရာ တနင်္ဂနွေထောင့်ကို ရှေ့ဦးစွာ (၈၀)ရေး၍ အစဉ်အတိုင်း အင်္ဂါထောင့်၊ စနေထောင့်များ၌ ရေးသွင်းပြီး ရာဟုထောင့်တွင် (၈၀)ကို နောက်ဆုံး ရေးသွင်းရပါသည်။

အင်းဂဏန်းများကို အောက်ပါအတိုင်း ရေးသွင်းရပါသည်။

***



သုညကို ရေးလျှင် လက်ဝဲရစ် ရေးသွင်းရပါသည်။

ဂဏန်းရေးသွင်းလျှင် **"ဧကမေဝသိန္နေဟံ မြင်းမိုရ်တောင်ကဲ့သို့ တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"ဒွေစန္ဒာသူရိယာ နေလနှစ်ပါး တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"တြီဝိဋကတ္တယံ ပိဋကတ်သုံးပုံ တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"စတုသစ္စဘောဒေန သစ္စာလေးပါး တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"ပဥ္စဗုဒ္ဓါနုဘာဝေန ဘုရားငါးဆူ တည်တော်မူပါ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"ဆကာမာဝစရဒေဝတာ နတ်ပြည်ခြောက်ထပ် တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"သတ္တဗောဇ္ဈင်္ဂေါ ဗောဇ္ဈင်ခုနစ်ပါး တည်တော်မူပါ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"အဋ္ဌမဂ္ဂင်္ဂါနိ မဂ္ဂင်ရှစ်ပါး တည်ပါစေ"**ဟု အာရုံပြု ရေးပါ။

ဂဏန်းရေးသွင်းလျှင် **"နဝလောကုတ္တရဓမ္မံ လောကုတ္တရာကိုးပါး တည်ပါစေ"**ဟု အာရုံပြု ရေးပါ။


ဂဏန်းရေးသွင်းလျှင် **"သုညံ သုညံ သတ္တရှသွားဟုံဟုံ"**ဟု ရေးသွင်းပါ။ လက်ဝဲရစ်ရေးပါ။

ဤကဲ့သို့ အရပ်လေးမျက်နှာ ဂဏန်းများ ရေးသွင်းပြီးလျှင် ပုံတွင်ပြထားသည့်အတိုင်း အရှေ့အရပ်မှစ၍ **"ဂန္ဓအမုမှိ ဩကာသေ တိဋ္ဌာဟိ"** ဟူသော အက္ခရာစာသား(၁၁)လုံးကို အရှေ့၊ တောင်၊ အနောက်၊ မြောက် ဟူသော အစဉ်အတိုင်း လက်ယာရစ် ရေးသွင်းပါ။

အားလုံး ရေးသွင်းပြီးလျှင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ဖြင့် (၁၀၈)ကြိမ်စီ ရွတ်ဖတ် ပူဇော်ပါ။ ငုံးမင်းပရိတ် (၁၀၈)ကြိမ် ရွတ်နိုင်လျှင် ပို၍ ကောင်းပါသည်။

***

ဂန္ဓအမုမှိ ဩကာသေတိဋ္ဌာဟိ





www.burmeseclassic.com

www.burmeseclassic.com

**"ချရိုးမှန် ကေန်မှန်ဘိ မျှညီညီ အင်းသက်မျိုး ကိုးဆယ်အတိ"** ဟူသောအဓိပ္ပါယ်မှာ အထက်ပါ မီးမလောင် အင်းတော်တွင်ရှိသော အလျားလိုက်ဖြစ်စေ၊ ထောင်လိုက်ဖြစ်စေ တည်ရှိသော အင်းကွက်ငါးကွက်အတွင်းရှိ ဂဏန်းများကို ပေါင်းလျှင် (၉၀)စီ အညီအမျှရကြောင်း ဆိုလိုပါသည်။

ထောင်လိုက်ဖြစ်စေ၊ ဘေးတိုက်ဖြစ်စေ၊ ထောင့်ဖြတ်ဖြစ်စေ ငါးကွက်ပေါင်းလျှင် အသီးသီး (၉၀)ကိုးဆယ်ပင် ရရှိပါသည်။

တစ်ဆင့်တက်၍ ရှင်းလင်းတင်ပြရလျှင် ပါပထောင့်(၄)ထောင့်ရှိသော အင်းစောင့်ဂဏန်း ၁၊ ၂၊ ၃၊ ဂဏန်း (၄)လုံးပေါင်းလျှင် (၁၀)ရ၏။

**"တစ်ဆယ်ဂဏန်း"**ကို ဓာတ်ကြီးလေးပါးကောက်ယူရာ၌ **အန္တောမီးဓာတ်**ဟု ခေါ်ဝေါ်သမုတ်၏။ မီးဓာတ်ပြိုပျက်၍ မီးမလောင်လျှင် အပူငြိမ်း၍ အအေးဓာတ်ရရှိနိုင်၏။

စနေဂြိုဟ်သက်သည် (၁၀)နှစ် ဖြစ်၏။ ပါပဂြိုဟ် စနေ၏သဘောမှာ ပူလောင်စေသော သဘောဖြစ်စေ၏။ ထိုပူလောင်စေသော (၁၀) တစ်ဆယ်ဂဏန်းကို ဓာတ်ကြီးလေးပါး ညီညွတ်ပြီးသော အသီတိဓာတ်ပေါင်း (၈၀) ရှစ်ဆယ်နှင့် မိဿကပြု၍ (၉၀)ဖြစ်လာသောကြောင့် အန္တောသဘော(၁၀) ပျောက်၍ ပူလောင်ခြင်းသဘော ပျောက်၍ အအေးဓာတ်သဘောကို ဆောင်လာ၏။ လောင်စာသိမ်း၍ အပူငြိမ်းစေသောသဘော ဖြစ်ပေါ်စေ၏။

ကိုးနဝင်းလည်း ကျေသဖြင့် အရပ်လေးမျက်နှာမှလာသော အပူမီးဟူသမျှ အေးငြိမ်းစေသည်ဟု ရှေးဆရာကြီးများ အဆိုအမိန့် ရှိပါသည်။ ယင်းအင်းကို နေအိမ်၏ အရပ်လေးမျက်နှာတွင် ကပ်ထားပါက ဥစ္စာပစ္စည်းနှင့် နေအိမ်များ မီးမလောင်သကဲ့သို့ သောကဟူသမျှလည်း အေးငြိမ်းသွားကြောင်း ထပ်ဆင့် သိရှိရပါသည်။

အမြဲနေထိုင်ရာ အိမ်ရာတိုက်တာ အဆောက်အအုံများ၌သော် လည်းကောင်း၊ သာသနိက အဆောက်အအုံများ၌သော် လည်းကောင်း၊ စက်ရုံ အလုပ်ရုံကြီးများသော် လည်းကောင်း၊ အင်းချ၍ ကပ်ထားလျှင် မီးမလောင်နိုင်ခြင်း၊ အပူငြိမ်း၍ အေးချမ်းငြိမ်းသက် စီးပွားတက်ခြင်း စသော အကျိုးကျေးဇူးများ ရရှိခံစားရပါလိမ့်မည်။

စာရေးသူအနေဖြင့် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထောက်ပံ့၍ နေကြကုန်သော သပ္ပုရိသန္တယ်ဝင် သူတော်စင်အပေါင်းတို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ရပြီးသော စည်းစိမ်ဥစ္စာ ရတနာများ ဆုတ်ယုတ်ပျက်စီးခြင်း မရှိကြဘဲ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ကြပါစေခြင်း အကျိုးငှာသာလျှင် ဤမီးမလောင်အင်းကို ဆောင်ထားခြင်းဖြင့် လူမှုရေးစိုးရိမ်သောက အပူများ ကင်းစင် အေးငြိမ်းစေ၍ သမထဝိပဿနာ ဘာဝနာတရားများပွားများ အားထုတ်နိုင်ကြပါစေခြင်း အကျိုးငှာ ရေးသားတင်ပြလိုက်ပါသည်။

**တစ်စတစ်စ စွန့်ဝံ့ကြ၍ ဘဝနောက်နောင်း ဆက်တိုင်း ကောင်းကြပါစေ။**

**ဦးကြည်မောင်(ကျောက်ပန်းတောင်း)**
**နေလကမ္ဘာဆေးတိုက်**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့...**
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ဈေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉–မြေညီ၊
၂၉–လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉–၇၇၆၃၄၉၇၅
၀၉–၉၆၈၀၅၄၁၉၂




www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးထိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောဆွဲတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်နေရာကျ ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့ တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့် မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းက တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်း ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲ ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံ ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက် ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေ ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ်.(၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၃၀၈၁၊ ၀၉၇၃၁၉၅၂၄။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ဟာ မြန်မာနိုင်ငံအနှံ့အပြား ကို လစဥ် ခရီးသွားလေ့ ရှိပါတယ်။

ကျွန်ုပ် ရောက်ရှိရာ ဒေသတို့မှာ အထူးအဆန်းတွေ သိရတိုင်း ဓာတ်ပုံ ရိုက်ကူး မှတ်တမ်းတင်ပြီး နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားဖော်ပြခဲ့ ပါတယ်။

ယခု(၃၁)နှစ်ပြည့် အမှတ်တရ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အထူးထုတ် မှာ ကျွန်ုပ် စုဆောင်းမှတ်တမ်းတင် ခဲ့တဲ့ ပစ္စည်းများအနက် စိတ်ဝင်စား ဖွယ် အကောင်းဆုံး အထူးအဆန်း အချို့ကို ထုတ်နုတ် စုစည်းတင်ပြပေး လိုက်ပါတယ်။

### ၁။ အုန်းအမြှုတေ

အုန်းသီးလုံးထဲက အုန်းအမြှုတေ ကလေး ထွက်နေပုံဟာ ကလေးတစ် ယောက် လျှာထုတ်ပြနေသလိုပါပဲ။

ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေး ကန်ထဲက **ဖက်သကင်ကျောင်းမှာ** တွေ့ရှိခဲ့ရခြင်း ဖြစ်ပါတယ်။

### ၂။ ရေကူးတဲ့ခဲတတ်လုံးကြီး

ခဲတတ်လုံး အရွယ်အစားဟာ သက်သီးဆုပ်လောက် ပမာဏ ရှိပါ တယ်။ အလွန်လေးလံပါတယ်။ **ဒါပေ မယ့် ရေထဲချလိုက်ရင်တော့ ရေမှာ ပေါ်ပြီး လူပ်ရှားနေပါတယ်။**

အခုတော့ ဘုရားမှာ ဌာပနာလိုက် ပြီလို့ သိရပါတယ်။ ညောင်ရွှေမြို့နယ်၊ ဖက်သကင်ကျေးရွာမှာ တွေ့ရှိခဲ့ရခြင်း ဖြစ်ပါတယ်။

### ၃။ ဖားဂမုန်းဖိုမ

ဖားဂမုန်းဖိုမ မိတ်လိုက်နေဟန် ဖြစ်ပါတယ်။ ပီယသိဒ္ဓိအဆောင်အဖြစ် စီရင်အသုံးပြုကြောင်း သိရတယ်။

မန္တလေးမြို့က အထူးအဆန်း




နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၃၁)နှစ်ပြည့် အမှတ်တရ အထူးထုတ်

တစ်ခါက စိတ်ဝင်စားခဲ့ရသော

# အထူးအဆန်းများ

သရော



▲ ၁။ အုန်းအမြှုတေ

▼ ၂ ရေကူးတဲ့ခဲတတ်လုံးကြီး





www.burmeseclassic.com

www.burmeseclassic.com



◆ ၃။ ဟာဆနှစ်ဥ ပို့မ


◆ ၄။ ခရုသင်းကြီးထဲမှ ခရုသင်းကလေး(အမြုတေ)






www.burmeseclassic.com

www.burmeseclassic.com



▲ ၅။ လူအမြုတေ

▼ ၆။ နွားဦးခေါင်းထဲမှ အမြုတေ



စုဆောင်းသူတစ်ဦးထံမှာ တွေ့ခဲ့ရတယ်။

## ၄။ ဒူးရင်းသီးအမြုတေ

ဒူးရင်းသီးကြီးတစ်လုံးကို ဝယ်စားပြီး ဆက်ခြမ်းခွဲလိုက်တော့ အတွင်းက အလယ်ပိုင်းမှာ ဒူးရင်းသီးငယ်လေး တစ်လုံး ရှိနေတာတွေ့လို့ ဓာတ်ပုံရိုက် ယူထားတာကို တွေ့ရှိရခြင်းဖြစ်ပါတယ်၊ မန္တလေးမြို့မှာ တွေ့ခဲ့ရတာပါ။

## ၅။ လူအမြုတေ

ကုန်းဘောင်ခေတ် မင်းမှုထမ်း စစ်သူရဲကောင်းတစ်ဦး ကွယ်လွန်လို့ မီးသင်္ဂြိုဟ်တဲ့အခါ ရရှိခြင်းဖြစ်ကြောင်း သိရတယ်။

**အဲဒီပုဂ္ဂိုလ်ဟာ အသက်ရှင်စဉ်က ဓားနဲ့ခုတ်လို့ မပြတ်၊ လှံနဲ့ထိုးလို့ မထွင်း ကာယသိဒ္ဓိပြည့်စုံကြောင်း ကျော်ကြားခဲ့တယ်။**

အရွယ်အစားကတော့ **အိမ်မြှောင်ဥလောက်ရှိတယ်။** အမရပူရမြို့ပေါ်က မင်းမှုထမ်းမျိုးရိုး နေအိမ်တစ်အိမ်မှာ တွေ့ရှိခဲ့ရတယ်။

## ၆။ နွားဦးခေါင်းထဲက အမြုတေ

မန္တလေးမြို့က အမြုတေ စုဆောင်းသူတစ်ဦးထံမှာ တွေ့ရှိခဲ့ရခြင်း ဖြစ်ပါတယ်။ **ခုံညင်းအရွယ်လောက် ရှိပါတယ်။** ဘယ်လို အသုံးဝင်တယ်ဆိုတာတော့ မသိခဲ့ရဘူး။

## ၇။ တောဝက်စွယ်ခေါင်းပိတ်နဲ့ ခေါင်းပွ

**အမရပူရမြို့က တိုင်းရင်းဆေးဆရာကြီးအိမ်မှာ** တွေ့ခဲ့ရတယ်။ **ဝက်စွယ်နားပင်းပိတ်**ဆိုတာ ကာယသိဒ္ဓိပြီးစီးကြောင်း ကြားဖူးပါတယ်။

သူ့ရဲ့ ဘိုးဘွားမိဘ လက်ထက်ကတည်းက သိမ်းဆည်းထားခဲ့တဲ့ အမွေပစ္စည်းလို့ သိရတယ်။

## ၈။ ကျားစွယ်ခေါင်းပိတ်နဲ့ခေါင်းပွ

အမရပူရမြို့က တိုင်းရင်းဆေးဆရာကြီး အိမ်မှာတွေ့ခဲ့ရခြင်း ဖြစ်ပါတယ်။ မိဘဘိုးဘွား လက်ထက်က စုဆောင်းသိမ်းထားခဲ့တာလို့ သိရတယ်။

ရှားပါးတဲ့ ပစ္စည်းပါပဲ။ ကာယသိဒ္ဓိအတွက် အသုံးပြုခဲ့မယ်လို့ ထင်ပါတယ်၊ ဒီဆရာကြီးရဲ့ အမျိုးအနွယ်က **ရှေးခေတ်မင်းမှုထမ်းမျိုးရိုး** ဖြစ်ကြောင်း သိရတယ်။

## ၉။ သူယောင်ဂမုန်း

မန္တလေးမြို့က အထူးအဆန်း စုဆောင်းသူတစ်ဦးထံမှာ တွေ့ခဲ့ရတယ်။

**လူမျက်နှာနဲ့ တူအောင် ပုံဖော်ထားတဲ့ မျက်နှာနေရာကလွဲရင်** တခြား ခန္ဓာကိုယ်အစိတ်အပိုင်း နေရာများဟာ မိန်းမပျိုလေးတစ်ယောက်နဲ့ တူနေတယ်။

## ၁၀။ ကြက်ဂမုန်းဥ

ကြက်ပေါက်စလေး တစ်ကောင်နဲ့ အလွန်တူပါတယ်။ ဒီဂမုန်းမျိုးကတော့




www.burmeseclassic.com

www.burmeseclassic.com



▲ ၇၂။ တောဝက်စွယ်ထိပ်ပိတ်နှင့် ထိပ်ဖွ

▼ ၇၃။ ကျွဲစွယ်ထိပ်ဖွင့်နှင့် ထိပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



◆ ၉။ သူယောင်ကမ္မဇ



◆ ၁၀။ ကြက်ကမ္မဇ

◆ ၁၁။ ချေသဗ္ဗာဝီဦးခေါင်းသဏ္ဌာန် သစ်ကျိုးပေါင်း



ရွှေစက်တော်ဘုရားပွဲမှာ ဖြစ်စေ၊ ကျိုက်ထီးရိုးဘုရား ဈေးဆိုင်တန်းမှာ ဖြစ်စေ တွေ့မြင်နိုင်ပါတယ်။ လာဘ သိဒ္ဓိအတွက် စီရင်နိုင်ကြောင်း သိရပါတယ်။

## ၁၁။ ချေဦးခေါင်းသဏ္ဌာန် သစ်ကျိုးပေါင်း

မန္တလေးက အထူးအဆန်း စုဆောင်းသူထံမှာ တွေ့ခဲ့တာလို့ပဲ ထင်ပါတယ်။ ဒါမှမဟုတ် ဗန်းမော်မြို့နယ်က ကျေးရွာတစ်ရွာမှာ တွေ့ခဲ့တာလဲ ဖြစ်နိုင်တယ်။ သိပ်မမှတ်မိတော့ပါဘူး။

တောထဲက ချေသဗ္ဗဝါငယ်ရဲ့ ဦးခေါင်းနဲ့ အတော်တူပါတယ်။ သစ်ကျိုးပေါင်းရဲ့ သဘာဝ ထူးခြားမှု တစ်ခုပါပဲ။

**ဆရာစု**

စာမျက်နှာ (၁၀၂)မှ အဆက်

စွန်စာကျွေးတဲ့ နေရာမှာ အစာကို ဆန်စေ့(၇)စေ့အား အသုံးပြုကျွေးပေးရပါမယ်။ ဆန်စေ့(၇)စေ့ ကတော့ဗျာ မိမိအိမ်အနီး အိမ်ခြောက်အိမ်မှ ဆန်စေ့ခြောက်စေ့နဲ့ မိမိအိမ်မှ (၁)စေ့ ပေါင်း(၇)စေ့ပေါ့ဗျာ။

ပုလင်းကို အသုံးပြုရင် ပုလင်းထဲမှာ ဆန်စေ့(၇)စေ့ ထည့်ထားပြီး၊ ယောက်မမှာ ချိတ်ထားရင်တော့ အဝတ်သန့်သန့်ဖြင့် လည်ပင်းမှာ ဆန်စေ့များကို ထုပ်၍ ချည်ထားပေးပါ။

သေတ္တာထဲဆိုလျှင်တော့ ဆန်စေ့(၇)စေ့အား သေတ္တာထဲမှာ ထည့်ကျွေးပေးရမယ်လေဗျာ။ ဆန်စေ့ (၇)စေ့ ထက်တော့ မပိုစေရပါ။ ဒါဆိုရင် ဈေးရောင်းကောင်းရန်အတွက် ဆီးသားယောက်မအား စွန်ရုပ်ထုပြီး ဆောင်ရွက်စီရင်တဲ့ အစီအရင်ကောင်း တစ်ခု ဖြစ်သွားပြီလေဗျာ။

ဇီးသားယောက်မ, စွန်မ, စွန်ပျံ, ပုလင်း စတဲ့ အစီအရင်အားလုံးဟာ **နဝင်း(၅)ထပ်** မိထားတယ်လေဗျာ'

**ဆီး + သား**
၃ + ၆ = ၉
**ယောက် + မ**
၄ + ၅ = ၉
**စွန် + မ**
၈ + ၁၉ = ၂၇ = ၂+၇ = ၉
**စွန် + ပျံ**
၈ + ၁၉ = ၂၇ = ၂+၇ = ၉
**ပု + လင်း**
၅ + ၄ = ၉

ရောင်းလဲရောင်း၊ မလဲမ၊ စွန်လဲစွန် ရောင်းမစွန်ဓာတ်ကိုလဲ အသုံးပြုပြီး စီရင်ပေးထားတာပါဗျာ'

'ကဲ...ဆရာလေးလဲ ကျွန်တော့်ကို ရှင်းပြရလို့ အာခြောက်လောက်နေပြီ။ လာဗျာ... လမ်းထိပ်က နဝရတ် အအေးနဲ့ ကဖေးဆိုင်မှာ ဒီနေ့တော့ ကျွန်တော် ဒါနပြုပါရစေဗျာ'

**မရဏ မေရုဝံ၊ ဇီဝိတံ စေ အရုဝံ**
**ငါ၏ အသက်ရှင်ခြင်းသည် မမြဲ၊**
**ငါ၏ သေခြင်းသည်သာ မြဲ၏။**

**ဆန်းထွန်းနိုင်(မြစ်သား)**


www.burmeseclassic.com

# ဈေးရောင်းကောင်းလိုလျှင်

စွန်ရုပ်ကိုဆင်

သန်းထွန်းနိုင်
(မြစ်သား)





'ဆရာ…ကျွန်မကို ပြန်ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ခင်ဗျာ…ဟုတ်ကဲ့'

'ဩော်… ဦးအောင်ကျော် လာဗျာ၊ ကျွန်တော် ဘယ်လို အကူအညီပေးရဦးမှာလဲ'

'ကျွန်တော် အပြင်မှာ ရောက်နေတာ (၁၀)မိနစ်လောက် ရှိနေပြီ။ အိမ်က ထွက်လာစဉ်ကတော့ ဆရာလေးထံ အလည်သက်သက်ပါပဲ။

အခုတော့ ခုနက ဆရာ့ကို နှုတ်ဆက်ထွက်သွားတဲ့ အမျိုးသမီးအတွက် **ဈေးရောင်းကောင်းရန် စွန်ရုပ်ကိုဆင်ဆိုတဲ့ အစီအရင်အကြောင်း**ကို အစအဆုံးစီရင်ပုံ သိချင်ပြီး မရှင်းတာလေးတွေ မေးပါရစေ'

'ရပါတယ် ဦးအောင်ကျော်၊ ခုနက အမျိုးသမီး ဈေးရောင်းကောင်းအောင် ဆီးသားယောက်မကို စွန်ရုပ်ထုပြီး စီရင်နိုင်းတာပါ'

'ဆရာလေး ဆီး(ဇီး)သားယောက်မကိုပဲ အသုံးပြုရမှာလား၊ အခြားသော အသားယောက်မတွေကော အသုံးပြုလို့ မရဘူးလား'

'မရပါဘူး ဦးအောင်ကျော်၊ ဆီးသားယောက်မက ကိုးနဝင်းဓာတ် မိနေတယ်လေဗျာ။ ပြီးတော့လဲ **လက်ရှိအသုံးပြုနေတဲ့ ဆီးသားယောက်မလဲ ဖြစ်ရမယ်။**

**ဆီး + သား**

၃ + ၆ = ၉

**ယောက် + မ**

၄ + ၅ = ၉

စွန်ထီး,စွန်မ ပုံရှိရာ **စွန်မပုံ ထုပြီး စီရင်ရပါမယ်။** စွန်မက ကိုးနဝင်းဓာတ် မိနေတယ်'

**စွန် + မ**

၈ + ၁၉ = ၂၇ = ၉

'စွန်ထီး,စွန်မ ဘယ်လို ခွဲခြားသိနိုင်ပါသလဲခင်ဗျာ'

'စွန်ထီး,စွန်မ ခွဲခြားတဲ့နေရာမှာ သိဖို့ကတော့ **စွန်မရဲ့ အမြီးက လေးကိုင်းသဏ္ဌာန် အမြီးဖျား ခုံးမောက်နေရမယ်ဗျာ။**

စွန်ထီးအမြီးကတော့ ပတ္တလားပုံ အမြီးဖျား ခွက်နေတယ်လေဗျာ'

'စွန်ရုပ်တုတဲ့ နေရာမှာ စွန်ပျံပုံ ထုရမလား (သို့မဟုတ်) ရိုးရိုးစွန်ပုံပဲ ထုရမလား ဆရာလေး'

'စွန်ပျံပုံ ထုရပါတယ် ဦးအောင်ကျော်။ စွန်ပျံကလဲ ကိုးနဝင်းဓာတ် မိနေတယ်လေဗျာ'

**စွန် + ပျံ**

၈ + ၁၉ = ၂၇ = ၉

'စွန်ရုပ်ထုပြီးရင် ဘယ်လို ဆောင်ရွက်ရပါမလဲ ခင်ဗျာ'

'စွန်ရုပ်ထုပြီးရင်တော့ဗျာ စွန်မ စွန်ပျံအား သိဒ္ဓိတင်ပေးရပါမယ်။ သိဒ္ဓိတင်ရာတွင်…

"ဥုံ…ရွှေစွန်ညို ဘာကို လိုလို့ ဝဲပါတယ်၊ မထွေးလိုလို့ ဝဲပါတယ်"

(၃၇)အုပ် စုတ်ပေါ့ဗျာ။ ပြီးတော့ သမ္ဗုဒ္ဓေဖြင့် (၇)အုပ်တင်ပြီး သိဒ္ဓိတင်ပါ'

'စွန်မပုံအား သိဒ္ဓိတင်ပြီးရင်တော့ အသုံးပြုလို့ရပြီပေါ့နော် ဆရာလေး'

'ရပါပြီ ဦးအောင်ကျော်၊ ပြီးတော့ စွန်မပျံပုံအား ပုလင်းထဲသို့ ထည့်ခြင်း (သို့မဟုတ်) ငွေသေတ္တာထဲသို့ ထည့်ခြင်း၊ ကြိုက်တဲ့နည်းကို အသုံးပြုပြီး စီရင်ထားပေးပါ။

ပုလင်းထဲသို့ ထည့်ပြီး စီရင်လျှင်တော့ ပုလင်းအား ငွေသေတ္တာအနီးမှာ ထားပေးရမယ်လေဗျာ။ ပုလင်းကလဲ နဝင်းဓာတ် မိနေတယ်ဗျာ၊ ပုလင်းအဖုံးကိုတော့ ဖွင့်ထားပါ'

**ပု + လင်း**

၅ + ၄ = ၉

'ဒီလိုဆိုရင် ပြည့်စုံသော အစီရင်ကောင်းတစ်ခု ဖြစ်သွားပြီး အသုံးပြုလို့ ရပြီပေါ့နော် ဆရာလေး'

'အရေးကြီးတဲ့ အချက်တစ်ချက် ကျန်နေသေးတယ်ဗျာ၊ စွန်ပျံပုံအား အသက်သွင်းထားပြီးသား ဆိုတော့ စွန်စာ ကျွေးပေးရမယ်လေဗျာ။ ဒါမှ အသက်ရှိနေပြီ။ နှုတ်မြိမ်းနေမယ်၊ ထက်မြက်နေမယ်၊ သက်ဝင်လှုပ်ရှားနေမယ်လေဗျာ။

စာမျက်နှာ (၁၀၁) သို့



www.burmeseclassic.com

www.burmeseclassic.com



# သင်၏ဒူးနာ

## ပျောက်လိုပါသလား

တစ်နေ့ မကွေးမြို့ ဆွမ်းလောင်းရုံ တိုက်တန်းက ''ပွင့်ထွန်း'' စက်ဘီးပြင်ဆိုင်မှာ စက်ဘီးပြင်နေတုန်း ဆိုင်ရှင် ဆရာဖုန်း(ကိုဖုန်းမော်)နဲ့ စကားစမြည် ပြောကြရာမှ အဆစ်အမြစ်ရောင်တာ၊ ဒူးရောင်တာနဲ့ပတ်သက်ပြီး လက်တွေ့ ပျောက်ဆေးနည်းတစ်လက်ကို သိရှိမှတ်သားခဲ့ရပါတယ်။ ဒီဆေးနည်းကို နှစ်သက်ပါက အသုံးချနိုင်ကြစေဖို့ စေတနာနဲ့ ရေးသားတင်ပြလိုက်ပါတယ်။

ဆရာဖုန်း ပြောပြချက်မှာ...

'ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော့်အဖေမှာ ဒူးခေါင်းကြီး ရောင်ရမ်း ဖောင်းကားနေတယ်။ အဲဒီရောဂါနဲ့ ဘယ်မှမသွားနိုင်ရှာဘူး။ တစ်နှစ်လောက် ခံစားနေရတာ။ ဆရာဝန်တစ်ယောက်က အစွမ်းထက်တဲ့ ဆေးတစ်မျိုး ထိုးပေးမယ်ပြောတယ်။ ဆေးက နည်းနည်းပြင်းတယ်။ ဈေးကြီးတယ်။ ထိုးမလားတဲ့။

ဒါနဲ့ အဖေကလဲ လူတိကျဆိုတော့ ရောဂါပျောက်မှာလားလို့ မေးတယ်။ ဟိုက ပျောက်ဖို့တော့ အာမ,မခံဘူး။ ခံစားနေရတဲ့ဝေဒနာ သက်သာမယ်ဆိုတော့ အဖေက အဲသလိုဆို မထိုးချင်ဘူးဆိုပြီး ငြင်းလိုက်တယ်။

အဲ...ပျောက်ချင်တော့လဲ သိကြားမတယ်ဆိုရမှာပေါ့ဗျာ။ ဒူးနာပျောက်ဆေးနည်းရသဗျို့'

'အင်း စိတ်ဝင်စားလာပြီ ဆက်ပြောဗျာ'

'ရောဂါကို ရွှေကျွေးတဲ့နည်းဗျာ့'

'ဗျာ... ဘယ့်နှယ်တုန်း ရွှေကျွေးရတယ်လို့'

'ဒီလိုဗျာ့ ရွှေကျွေးတယ်ဆိုလို့ ခွံ့ကျွေးတာမျိုး ပြောတာမဟုတ်ဘူး။

ပထမဦးစွာ ဒူးခေါင်းကို ဖန်ရည်ဆေးရတယ်။ အရက်ပြန်ကို ဂွမ်းမှာ ဆွတ်ပြီး ဒူးခေါင်းပေါ် သုတ်ပေးရတယ်။ အရေပြား သန့်စင်သွားအောင်ပေါ့ဗျာ။

ပြီးတော့မှ ရွှေဆိုင်းပြားကို ဒူးခေါင်းကို ကပ်ပြီး ခွာလိုက်။ ရွှေမှုန့်လေးတွေ ကပ်နေလိမ့်မယ်။

အဲဒီ ရွှေမှုန့်တွေကို ဂွမ်းဖတ်ကလေးနဲ့ ရွရွလေး ပွတ်ပေး။ စိတ်ရှည်လက်ရှည် ပွတ်ဖန်များလာတဲ့အခါမှာ ရွှေမှုန့်တွေဟာ အသားထဲ မြုပ်ဝင်သွားလိမ့်မယ်။

အဲဒီလို တစ်နေ့(၂)ကြိမ်၊ တစ်လလောက် လုပ်လိုက်တဲ့အခါမှာ ထူးထူးဆန်းဆန်းပဲဗျို့။ အဖေ့ရဲ့ ရောင်ကိုင်းနေတဲ့ ဒူးခေါင်းကြီးဟာ အရောင်လျော့လျော့သွားပြီး နောက်ဆုံးမှာတော့ ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားတော့တယ်။ အဲဒါ ကျွန်တော် ကိုယ်တွေ့ဖြစ်ရပ်ပဲ'

'အေးဗျာ... တော်တော် ထူးဆန်းတာပဲ။ ဆရာဖုန်း ဘယ်လိုသဘောရလဲ'

'ဘာ...ကို...လဲ...ဗျာ့'

''ဟိုဒင်းဗျာ... နွယ်မြက်သစ်ပင်တွေလို မဟုတ်ဘဲနဲ့'

'အာ... ဒါ ဒီလိုဖြစ်နိုင်တယ်ဗျာ့။ ရွှေမှာလဲ သူ့ဂုဏ်နဲ့ သူရှိပြီးသားပဲဗျာ့။ ရသာခြောက်ပါးထဲက ဥပမာ... အဖန်ဓာတ်ဆိုတဲ့ ဩဇာဂုဏ်ရှိတယ်ဆိုပါတော့။ အဲဒီဓာတ်သဘာဝတွေက အသွေးအသားထဲမှာရှိနေတဲ့ မှိုတွေ အရိအရွဲတွေကို စားပစ်တယ်။ ရောဂါဖြစ်စေတတ်တဲ့ ဗိုင်းရပ်စ်တွေကို ဖျက်ဆီးပစ်တယ်လို့ အဖေက ပြောပြတာ မှတ်သားဖူးတယ်။



သူ့ကိုလဲ ဗိန္ဒောဆရာကြီးတစ်ဦးက ဖြစ်နိုင်ချေကို ပြောပြလို့ သိရတာတဲ့။ ဘာပဲဖြစ်ဖြစ် အဖေ့ဒူးနာကတော့ သက်သာ ပျောက်ကင်းသွားခဲ့တာ အမှန်ပါပဲ'

**ဝင့်ထိန်ဦး**
**(မကွေး)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်ဘွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**


အမှတ်-၅၂/၁၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁၁၈၆၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com





▲ အဘဘိုးမင်းခေါင်၏ ညွှန်ကြားချက်ဖြင့်
ဘိုးမင်းခေါင်သက်ရှိထင်ရှားရှိစဉ်ကအစ တည်ခဲ့သော စေတီကို
အထင်သင့် မွမ်းမံပြင်ဆင် ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်များ၏
ဆောင်ရွက်မှုဖြင့် သပ္ပါယ်လှသော ကမ်းကားရွာမှ ကမ်းကျော်စေတီ



▲ ကမ်းကားရွာမှ ကမ်းကျော်စေတီမှ
ရောင်ခြည်တော် ကွန့်မြူးနေပုံ (၂၀၁၆+၂၀၁၇)

သာဂဒိုး
(ကသာမြေ)

ရတနာသိုက်များနှင့်

# ဘိုးမင်းခေါင်၏ ဓာတ်ပန္နက်တစ်နေရာ

မြန်မာနိုင်ငံတွင် ရတနာသိုက် အမျိုးမျိုးကို ရှာဖွေကြသော သိုက်ဆရာများ ရှိခဲ့ကြသည်ဟု လူတိုင်းသိကြသည်။ ရတနာသိုက်တို့တွင် အမျိုးအစားများ ရှိပါသည်။

နောက်ဘဝတွင် လူဖြစ်လာပါက အသုံးပြုရန် ကျိန်စာနှင့်တကွ မြှုပ်နှံထားသော၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့ဖြင့် အလွန်ကြွယ်ဝသော သူဌေးကြီးများက အများသူငါကို ပေးကမ်းခြင်း လှူဒါန်းခြင်းမပြုဘဲ နှမြောစိတ်ဖြင့် မြှုပ်ထားသော ပစ္စည်းဥစ္စာ၊ ရတနာများကို မိမိ ဘဝ ကူးသွားပြီးနောက် လူဖြစ်သောဘဝတွင် အသုံးပြုနိုင်ရန်အတွက် ကျိန်ဆို မြှုပ်နှံထားသော ပစ္စည်းများရှိသော နေရာကို "သိုက်" ဟုလည်း ခေါ်ကြသည်။

ထို့အပြင် တချို့ ချမ်းသာသော သူဌေးကြီးများက ပေးကမ်းစွန့်ကြဲ မကုန်နိုင်ဘဲ ဘုရားတည်၊ ကျောင်းဆောက်ကြသည်။ နီဗ္ဗာန်ကို မိမိ

www.burmeseclassic.com





◆ အဘဘိုးမင်းခေါင် အသက်ထင်ရှားရှိစဉ်က အဘဘိုးမင်းခေါင်၏ ဇာတိချက်မြှုပ်
ကသာမြို့မှ ဘုရားဒါယကာ လူမှုကြီး။ အမျိုးကြီးမောင်နှမ တည်ခဲ့သော
ကမ်းကျော်စေတီ ကသာမြို့ ဖေယျာချောင် တောင်ခေါင်ကျောင်းမှာ
တည်ထားခြင်းဖြစ်ပြီး(ကမ္ဘာမကျိုင်)ဟုလည်း အမည်တွင်သည် (၂၀၀၇)

◆ ဖေယျာချောင် တောင်ခေါင်ကျောင်းမှ
အဘဘိုးမင်းခေါင်၏ ဇာတိအိမ်မှ ထောက်ပြပါသည်
[ဆရာဦးသာဝေ ဓာတ်ပုံမှတ်တမ်း]

လျှို့ဝှက်ထားသော အကျိုးကြောင့် ရောက်ရပါလို၏။ မိမိတည်ထားသော ဘုရား,ကျောင်းများကိုလည်း ပျက်ယွင်းခဲ့သည်ရှိသော် သိကြား,သမာဓိနှင့်ပြည့်စုံသော လူပုဂ္ဂိုလ်၊ ရဟန်းစသူတို့ တွေ့ရှိ၍ မိမိပြုလုပ်ထားသော ဘုရား,ကျောင်းများကို ပြုပြင်နိုင်ရန်အတွက် အဓိဋ္ဌာန်ပြု မြှုပ်နှံထားသည်များလည်း ရှိသည်။ ထို ရတနာများထားရှိရာ နေရာကို ''သိုက်''ဟုပင် ခေါ်ကြပြန်သည်။

ထို့ပြင် နောင်ပွင့်မည့် ဘုရားလက်ထက်တွင် လှူဒါန်းနိုင်ရန်အတွက် ရည်မှန်းမြှုပ်နှံထားသော သိုက်များလည်း ရှိသည်။

သိုက်ဆရာ ဆိုသည်မှာ မိမိပစ္စည်းမဟုတ်ဘဲ သူများမြှုပ်နှံထားသော ပစ္စည်းများကို ရလိုသော လောဘဖြင့် လောကီပညာများကို လေ့လာဆည်းပူးပြီး ပိုင်ဆိုင်နိုင်လောက်သည့် ပညာများ တတ်ပြီးပါက ရတနာသိုက်ရှိရာအရပ်သို့သွားကာ ''သိုက်''တူးကြတော့သည်။

ရတနာတို့မှာ အများအားဖြင့် ရတနာကို ပိုင်ဆိုင်မြှုပ်နှံသူတို့က ကျိန်စာနှင့်တကွ အစောင့်များ ထားရှိခဲ့ကြသည်။

လိုချင်ရမက်ကြီးသော သိုက်ဆရာတို့ကလည်း သူတို့ တတ်ကျွမ်းသော ပညာဖြင့် သိုက်အစောင့်များကို အနိုင်ယူကြပြီး ပိုင်နိုင်ပါက ရတနာများကို မိမိ တစ်သက် စားမကုန်အောင် ရရှိသွားသူတို့ ရှိကောင်း ရှိကြပါလိမ့်မည်။

သို့ကြောင့်မို့လည်း သိုက်ဆရာတို့ အထူးတလည် ပညာများကို ဆည်းပူးကာ ရတနာသိုက်ကို တူးကြခြင်းဖြစ်သည်။

သိုက်ဆရာများ အကြောင်းကို စာရေးသူ၏ မိဘ,ဘိုးဘွား,လူကြီးသူမများမှ ယုံတမ်းပုံပြင်သဖွယ် ပြောပြသဖြင့် စာရေးသူ ငယ်စဉ်က နားထောင်ခဲ့ဖူးပြီး အလွန် စိတ်ဝင်စားစရာဇာတ်လမ်း၊ ပုံပြင်တစ်ပုဒ်သဖွယ် အမှတ်ရနေမိသည်။

* * *

ကသာမြို့နယ်၊ ကျောက်ထုံးကြီးရွာ၏ အရှေ့ဘက် **ဝေအင်းကြီး**၏နံဘေး အင်းနှုတ်ခမ်းတွင် ''**လှော်ကဆင်း**'' ဟု နာမည် ယခုတိုင်ခေါ်နေသော နေရာရှိခဲ့ပါသည်။ **မာဂရီရွာ** နှင့် **နွယ်နီရွာ**ကြား **ဇရပ်ကြီး**ဟု ခေါ်ဆိုသော နေရာအနီးတွင် ''**လှော်ကဆင်း**'' ရှိခဲ့ပါသည်။ ယခု ရွာကလေးပင် ဖြစ်နေပြီဖြစ်သည်။

သစ်များကို ရေထဲသို့ ချရန် နေရာဖြစ်ခဲ့သည်။ ဟိုယခင်က ''**သစ်ချသောဆိပ်**''၊ ယခုလည်း ပြေပြစ်သော သစ်ဆိပ်လမ်းမကြီး ဖြစ်သဖြင့် လှေ,မော်တော် ''**ဖက်**''ဟု ခေါ်သော

www.burmeseclassic.com

တဲ့တွန်းကြီးများ ဆိုက်ကပ်နိုင်ပြီး ကားကြီးများပင် ဆင်းနိုင်တက်နိုင်သော နေရာဖြစ်သည်။

ကျောက်ထုံးကြီးရွာအနီး ဝေဇွယ်ရွာကလေးမှာ ဝေအင်းကြီး၏ အင်းအဝဖြစ်သည်။ "အင်းထိုင်"များ အစိုးရထံမှ "လေလံ"ဆွဲယူကာ ရေကျချိန် အင်းပိတ်ကြပြီး ဧရာဝတီမြစ်နှင့် တစ်ဆက်တည်းဖြစ်သည်။

ကျောက်ထုံးကြီးရွာသည် တောမကျန်းဇွယ်ဖြစ်နေပြီး ထိုမှ ဝေဇွယ်ရွာကလေးမှ စကာ "ဝေအင်း"ကြီးမှ ရေလမ်းဖြင့်လည်း "လှော်ကဆင်း"ကို သွားလို့ရသလို ကျောက်ထုံးကြီးရွာမှလည်း ကားဖြင့် သွားနိုင်သော "လှော်ကဆင်း" ဆိုသော နေရာလေးမှာ ဟိုယခင်က "သိုက်"တူးသမားတို့ ရတနာသိုက် ရှာဖွေခဲ့သော "သိုက်" နေရာပင်ဖြစ်သည်။

"လှော်ကဆင်း"သိုက်ကို သိုက်ရိုက်သော၊ တူးသော သိုက်ဆရာတို့မှာ သိုက်ရိုက်တာ မအောင်မြင်သဖြင့် "မြေပြင်"ကို "ရေပြင်" ထင်ပြီး ကူးခဲ့သည်ဟု ရှေးလူကြီးများ ပြောစကားအရ ယခုတိုင် ပြောနေကြသေးသည်။

**သိုက်ဆရာတို့ သိုက်ရိုက်ကြရာတွင် မြွေလှောင်းကြီးနှင့် လှေလှော်သားများ ထိုးလာကာ အသေ့သုံးမှ လှေအရောက်သေး အောင်ဆရာ၏ အသွင်ကို သဘောကျ ပြီး တသည့်မြစ်သူက "ရယ်"လိုက်သည့် အတွက် စည်းကမ်းကျိုးပေါက်ကာ မြွေလှောင်းလှေကြီး မောင်းတီးအရောက် ဆေးကာ လှော်ထင်းသွားသော ဖွင် ကြောင်းကြီး ယနေ့တိုင် တွေ့မြင်နိုင်သေး သည်။ ထိုအကြောင်းသို့ လှော်ထင်းသွား သည်ဟု ဆိုခဲ့ကြပါသည်။**

"ဝေအင်းကြီး"ထဲမှ **"ကျောက်ဆည်အင်း"**ဟု ခေါ်တွင်သော နေရာတွင်လည်း ဥစ္စာစောင့်သိုက် ရှိသည်ဟု ဆိုကြသေးသည်။ ကျောက်ဆည်အင်းကြီးသည် သပြေပင်ရွာနှင့် မာဂရီရွာကြား တစ်ဖက်ကမ်းမှာ ရှိသည်။

အင်္ဂရိတ်သမားတို့ ဖိုထိုးစရာ "ရေဇယံ"သံလည်း ထွက်ရှိသော နေရာဖြစ်ပြီး၊ ရေအောက်အတောင် (၃၀)နက်ခန့်တွင် ကျောက်လိုဏ်ခေါင်း အဖြစ် တည်ရှိပြီး **ကျောက်နဂါးကြီး** များသဖွယ် ဖြစ်ပေါ်နေသည်ဟု ရေငုပ်သမားများ ပြောပြထား၍ သိရှိရသည်။ ထိုထိုသော ဥစ္စာစောင့်သိုက်များ နေရာတကာတွင် ရှိကြသည်။

ရွှေ့ငွေများ အလျှံပယ် ပြည့်စုံသော သူဌေးများသည် နောင်ဘဝ လူပြန်ဖြစ်လာပါက အလွယ်တကူ သုံးနိုင်ရန် ကျိန်စာများနှင့်တကွ မြှုပ်နှံထားရာတွင် သေဆုံးပြီး ပစ္စည်းအစွဲဖြင့် မကျွတ်မလွတ်ဘဲ ပြိတ္တာ(သို့မဟုတ်)ဥစ္စာစောင့် အဖြစ် ဖြစ်နေတတ်ကြပြီး မိမိပိုင်ပစ္စည်းများကို စောင့်ရှောက်လျက် ရှိတတ်ကြသည်။

သူတို့ မပေးချင်၍ မြှုပ်နှံထားသော ပစ္စည်းများ ဖြစ်၍လည်း မိမိပစ္စည်းများကို "ပညာရပ်" တစ်ခုခုနှင့် အနိုင်ယူသူတို့ကို သေသည်အထိ အပြစ်ပေးတတ်ကြသည်။ သိုက်ဆရာများကလည်း ပညာအရှိန်ဖြင့် အနိုင်ရလိုက်ပါက တစ်သက်စာ စားမကုန်သော ပစ္စည်းများဖြစ်လျှင် သူဌေးဘဝ အလွယ်တကူ ဖြစ်နိုင်သောကြောင့် စွန့်စားကြသည်။

စာရေးသူသည် ငယ်စဉ်ကပင် သိုက်ဆရာတို့ သိုက်ရိုက်သော ဇာတ်လမ်းအဖြစ် ကိုဖုန်းကြွယ်+မမြစိမ်း (ဥစ္စာစောင့်)၏. ဇာတ်ကြောင်းများကို နားထောင်ခဲ့ဖူးသည်။

လူအဖြစ် ဝင်စားကာ သားတစ်ယောက် ရကာ၊ ရှင်ပြုမည်အလုပ် သိုက်ဆရာနှင့်တွေ့ကာ ငိုပွဲဆင်ခဲ့ရသော ဥစ္စာစောင့် မမြစိမ်း သိုက်ဆရာမှန်း မသိဘဲ လှေပေါ်တင်ခဲ့သော မိမိလင်ယောကျ်ား၏ အပြစ်ကို ငိုချင်းချခဲ့သော မင်းသမီး၏ အသံကြောင့် မျက်ရည်ကျခဲ့ရသေးသည်။

"သိုက်ဆရာကို လှေပေါ်တင်ခဲ့တယ်၊ ဒုက္ခကင်းဝေးအောင် ဝေးဝေးရှောင်ပြေးရပါတော့မယ်" ဆိုသည့် အသံလေး နားထဲက မထွက်ဘဲ ရှိနေသေးသည်။

* * *

ယခုလည်း စာရေးသူ စာရေးဆရာ ကသာမြို့သား "ကလောင်" အမည် "သင်းမွှေး"(ကသာ)နှင့် စာရေးသူတို့ ကသာမြို့မှာ ထင်ပေါ်ကျော်ကြားခဲ့သော "ဘိုးမင်းခေါင်"၏ ရာဇဝင်သမိုင်းနှင့် "ဘိုးမင်းခေါင်" တည်ခဲ့သော ဘုရား,စေတီများကို ရှာဖွေစုံစမ်းခဲ့ပါသည်။

ကသာမြို့၊ ရပ်ကွက်(၅) ယခင်က ဇရစ်ချောင်၊ ယခု "ဇေယျာချောင်" တောင်ပေါ်မှာ တည်ထားခဲ့သော ဇေယျာချောင်တောင်ပေါ် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှာ ရှိနေသော "ဘိုးမင်းခေါင်"၏ ပဌာန်းဆက်တပည့်များ တည်ခဲ့သော ဘုရားကိုလည်း တွေ့ရသည်။ ငွေကြေး မပြည့်စုံသူ လူပျိုကြီး,အပျိုကြီး မောင်နှမ၏ ဦးဆောင် တည်ခဲ့သည်ဟု သိရသည်။

"ဘိုးမင်းခေါင်"သည် ကသာမြို့တွင်လည်း ဂန္ဓာရီစခန်း ကျင့်ကြံခဲ့သည်ဟု သိရသည်။ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံ အုပ်စိုးစဉ် အချိန်ကာလက ဖြစ်သည်။

**"ကပ်ကျော်စေတီ"** ခေါ် **"ကမ္ဘာမှန်တိုင်စေတီ"**ဟု အမည်တွင်ပါသည်။

လွန်ခဲ့သော (၁၅)နှစ်ခန့်က သူငယ်


စာမျက်နှာ (၁၀၇) သို့


www.burmeseclassic.com




# အောင်ချမ်းသာကျောင်းမှ

## ရုပ်ပွားတော်ကြီးနှင့် ထူးခြားဖြစ်စဉ်

အပိုင်း(၁)



အောင်ချမ်းသာကျောင်း ဘုရားဆောင်



အနီးကပ် ပုံဖြင့်ရစ်

**အောင်ပန်းမြို့၊ အောင်ချမ်းသာ စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးပညာဝံသ**သည် စစ်ကိုင်းတောင်ရိုးမှ သီတဂူဆရာတော်ကဲ့သို့ပင် ရေရှားသော အောင်ပန်းမြို့၏ ရေအခက်အခဲကို ဦးဆောင်စီမံ ဖြေရှင်းပေးတော်မူသော ဆရာတော်ဖြစ်သည်။

၂၀၀၅ခုနှစ်က တစ်ညနေတွင် ဆရာတော်အား ဝင်ရောက် ဖူးမြော်ရာ ကျောင်းဆောင် ဘုရားခန်းအတွင်း ထူးခြားသော ရုပ်ပွားတော်တစ်ဆူကို သတိပြုမိသည်။

**ရှေးဟောင်း ရှမ်းလက်ရာ တင်ပျဉ်ခွေ ဆင်းတုမြတ်၌ မကိုဋ်သင်းကျစ်၊ နားတောင်း၊ ရင်ဖွဲ့များ တန်ဆာဆင်ထားသည်။ ဥဏှီသ ရောင်လုံးမှ သွယ်လျလျရှိသည်။ စကြာခြေမှင့်လှုပ် ပြုံးထော်မူဟန် မျက်နှာတော်တို့ မှုရသည်။**

ဆရာတော်အား မေးလျှောက်ကြည့်သောအခါ...

'ပြောရရင် ဆန်းပြားတယ်ပဲ ဆိုပါစို့။ လွယ်ဟာက်ရွာဆိုတာ ကလောမြို့နယ် ပင်မိုအုပ်စုထဲမှာ ရှိတယ်။ ဘုန်းကြီးရောက်သွားတာက ၁၃၂၃ ခုနှစ်လောက်ကပါ။ အဲဒီရွာမှာ အိမ်စုစုပေါင်း ခုနစ်အိမ်ပဲ ရှိတယ်။

ဒါပေမယ့် ရွာဦးကျောင်းက ခံ့ခံ့ညားညားပါ။ ဘိုင်တွေထဲမှာ အငယ်ဆုံးက (၆) လက်မပတ်လည် ကျွန်းတိုင်ကြီးတွေပါ။ အဲဒီတုန်းက ခန့်မှန်းရတာ နှစ်ပေါင်းသုံးရာထက် မနည်းကြာပြီဖြစ်တဲ့ ရှေးကျောင်းကြီးပေါ့။

ကျောင်းဘုရားခန်းကလဲ အကျယ်ကြီးပဲ။ ပူဇော်ထားတဲ့ ဆင်းတုတွေက ဉာဏ်တော် အမျိုးမျိုး၊ ပုံဟန်အသွယ်သွယ်ပေါ့။ မှတ်မှတ်ရရ ရေတွက်ကြည့်တော့ စုစုပေါင်း (၁၆၂)ဆူ ရှိတယ်။ ဒီလောက်များတဲ့ ဆင်းတုကြီးငယ်တွေ တစ်အိမ်တစ်ဆူ ပင့်ဦးတော့ အိမ်ခြေရာကျော် ရှိရမှာပေါ့။

ကျောင်းနေသံဃာလဲ မရှိဘူး။ ဒါနဲ့ ရွာထဲ ဝင်စုံစမ်းကြည့်တယ်။ အသက်

www.burmeseclassic.com

(၈၅)နှစ်အရွယ် အဘိုးအိုတစ်ဦးက သူ လူမှန်းသိစကတည်းက ဒီကျောင်းမှာ ဘုန်းကြီး မရှိဘူး။ ကပ္ပိယပဲ ရှိတယ်။ ဝါဆိုလပြည့်လို အခါကြီးရက်ကြီးတွေမှာ တောင်ရွာဘုန်းကြီး ပင့်လိုက်၊ မြောက်ရွာဘုန်းကြီး ပင့်လိုက်နဲ့သီလယူဥပုသ်စောင့်ကြရတယ်လို့ ပြောပြတယ်။

ဒီလောက်များတဲ့ အိမ်ခြေတွေဟာ အလိုလိုနေရင်း တစ်အိမ်ပြီး တစ်အိမ်ပျောက်ဆုံး လျော့ပါးသွားတာ **ယခု (၁၃၂၃ ခုနှစ်ကာလ)အချိန်မှာ (၇)အိမ်သာ ကျန်တယ်လို့ သိရတယ်**။ တစ်ရပ်တစ်ကျေး ပြောင်းရွှေ့သွားတာ မဟုတ်လို့ တွေးရခက်ကြီးပါ။

ရုပ်ပွားတော်တွေက ရှေးဟောင်း ရှမ်းလက်ရာတွေမို့ ပင့်ဆောင်ချင်တယ် ပြောတော့...

"အရှင်ဘုရား ပင့်မယ်ဆိုရင် အားလုံး ပင့်သွားပါဘုရား။ ကျောင်းကြီးက အိုလဲအို တချို့နေရာတွေမှာ ပြိုပျက်နေတာမို့ ဖျက်ချင်နေတာ။ ဘုရားတွေ ပင့်သွားပြီးမှ ဖျက်လို့ရမှာမို့ တပည့်တော်တို့ ဝမ်းသာသဘောတူပါတယ်"

လို့ ပြန်ပြောတယ်။ ဒါနဲ့တို့လဲ ဘုရားတွေပင့်ပြီး နီးစပ်ရာ ကျောင်းတွေ၊ ဒါယကာအိမ်တွေမှာ ပူဇော်ဖို့ လှူတယ်။ ဒီကျောင်းမှာတော့ ဒီတစ်ဆူပဲ ပူဇော်ထားပါတယ်။ နောက်ပိုင်းမှာ ကျန်တဲ့ခုနစ်အိမ်လဲ လယ်ခြားရွာနဲ့ ပေါင်းပြီး လွယ်ဟက်ရွာ ပျောက်ကွယ်သွားတော့တာပါပဲ'

ထိုစဉ် အရေးကြီးသည့်သည်များ ရောက်ရှိလာသဖြင့် မပြန်မီ လာရောက်ဖူးတွေ့ပါမည်ဟု လျှောက်ထားကာ ပြန်လာခဲ့သည်။ အောင်ပန်းတွင် ရှိစဉ်ကာလ လွန်ခဲ့သော နှစ်(၃၀၀)ခန့်က **မြေလတ်နယ်မြေပုံကို** လေ့လာခွင့်ရခဲ့လေရာ ဆရာတော် မိန့်ကြားသည့် ပင်မှီအုပ်စုကျေးရွာများတွင် **အောင်သာ တောင်လွယ်ဟက်ဘုရား**ဟူ၍ ဖော်ပြထားသည်ကို တွေ့ရလေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ခန့်က ကျောင်းကန်ဘုရား စုံလင်စွာ ပွံ့ဖြိုးပွင့်လင်းခဲ့သော အောင်သာတောင် လွယ်ဟက်ဘုရားသည် ၁၃၂၃ ခုနှစ် ဝန်းကျင်တွင် ဘုရားလည်း ကွယ်ပျောက်ကာ လူနေအိမ်ခြေ (၇)အိမ်သာ ရှိသော ရွာသိမ်ရွာငယ်အဖြစ် ညှိုးမှိန်ခဲ့ရလေသည်။

ယခုအချိန်တွင်မူ လွယ်ဟက်ကျောင်းကြီးလည်း ကွယ်ပျောက်ကာ ပြောင်းလဲတတ်သော အနိစ္စသဘောကို လှစ်ဟလျက်ရှိသည်ကို ဝမ်းနည်းဖွယ် မြင်တွေ့ရသည်။

သို့သော် နှမြောစရာ ပတ္တမြားကဲ့သို့ ရှေးရှမ်းသူတော်စင်များ အဆက်ဆက် ကိုးကွယ်ခဲ့သည့် ဗုဒ္ဓကိုယ်စားတော် ရုပ်ပွားမှာ **အောင်ပန်းမြို့၊ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် သီတင်းသုံးရာ ကျောင်းဘုရားခန်းတွင် သပ္ပါယ်စွာ စံပယ်တော်မူလျက် ရှိပါသည်။** ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း ဖူးတွေ့ ကြည်ညို၍ ကုသိုလ်ယူနိုင်ကြပါစေ။

ဤရုပ်ပွားတော် ပူဇော်ခွင့်ရပြီးသည့် နောက်ပိုင်း အောင်ပန်းမြို့ ရေအလှူတော် အပါအဝင် ခုနစ်ရက်သားသမီးတို့ကို ဒုက္ခဆင်းရဲတွင်းမှ ကယ်တင်ရသော သာသနာပြု သတ္တဝါ ကယ်ဆယ်ရေးလုပ်ငန်းများ တစ်စတစ်စ တိုးတက်အောင်မြင် လာခဲ့သည်ကို အောင်ပန်းမြို့သူမြို့သား အားလုံးသိရှိ ပြောဆို သာဓုခေါ်မဆုံး ဖြစ်ရလေသည်။

ခွန်စိုင်းဝမ်း

စာမျက်နှာ (၁၀၇)မှ အဆက်

ချင်း မိတ်ဆွေတစ်ယောက်နှင့် သိုက်တူးကြသည့်အကြောင်း ပြောခဲ့ကြသည်ကို အမှတ်ရပါသည်။

ဤတောင်ဝန်းကျင်မှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့ ကျင့်ရာနေရာလည်း ဖြစ်ပြန်တော့ အထူးသဖြင့် "ဘိုးမင်းခေါင်" ကျင့်ကြံ "ဖို"ထိုးသည့်နေရာ ဖြစ်သည်။ သို့ဖြစ်၍ ထိုနေရာသည် ရတနာတွေ မြှုပ်နှံထားတာလား၊ ဝိဇ္ဇာတို့၏ အင်းသိုက်လား၊ မှတ်တမ်း ပုရပိုက်တွေလားဆိုတာ မဝေခွဲနိုင်ပါ။

သို့ဖြစ်၍ ဘာဆိုတာ မဝေခွဲနိုင်သော်လည်း စိတ်ဝင်စားစရာ သိုက်တစ်ခုအဖြစ် ဖေယျချောင်တောင်ပေါ် ဘုရားကုန်းတော်ပေါ်မှာ ရှိနေသည်ဟု လူတိုင်း သိနေကြသည်။

ပဖောဠိများနှင့် ပြည့်နှက်နေသော "ဘိုးမင်းခေါင်"သည် ကျင့်စဉ်စခန်းပြီးမြောက်သွားသော ပုဂ္ဂိုလ်ဟု ယနေ့တိုင် သိရှိပြီး ကိုးကွယ်ပသ ဆုတောင်းနေကြပါသည်။

"ဘိုးမင်းခေါင်"၏ အဓိဋ္ဌာန်နှင့် တည်ခဲ့သော ဘုရားများနှင့် "ဘိုးမင်းခေါင်"၏ ခေတ်ကျရာ နေရာများမှာ ကသာမြို့နယ်၊ ကပ်ကာရွာ၊ ကပ်ကာ ဘုန်းကြီးကျောင်းအနီး "ကမ်းပျို" တောင်ပေါ် ဖြစ်သည်ဟု ဆိုကြသည်။

မကြာသေးမီက ကျောင်းထိုင်ဆရာတော်(ယခုလက်ရှိဆရာတော်က) ထိုစေတီအား မွမ်းမံပြင်ဆင် အဆင်ပြင်ပြီး မကြာခင်က ဘုရား"ရောင်ခြည်တော်" လွှတ်သည်ကို လူအများ ဖူးတွေ့ကြရပြန်သည်။ ဟိုးယခင်ကလည်း ရောင်ခြည်တော် လွှတ်ခဲ့သည်ဟု ဆိုကြသည်။

သာဂဒ္ဒး(ကသာမြေ)

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ

ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လှုတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂနသိရှိစေရန် အလို့ငှာစေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * * ——→

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဇူလိုင်လ(၃)**ရက်နေ့ကို တွက်လိုသည်ဆိုပါစို့။ **(၃)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၂)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၅) ရ၏။ ယင်း(၂၅)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၅ = ၇ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဇူလိုင်လ(၃)ရက်နေ့တွင် (၇)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်ရမှုများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးရမှုများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လှလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည့် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**

**❖ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ❖**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 30 ၂ | 31 ၃ | | | | | 1 ၉ |
| 2 ၁ | 3 ၂ | 4 ၃ | 5 ၄ | 6 ၅ | 7 ၆ | 8 ၇ |
| 9 ၈ | 10 ၉ | 11 ၁ | 12 ၂ | 13 ၃ | 14 ၄ | 15 ၅ |
| 16 ၆ | 17 ၇ | 18 ၈ | 19 ၉ | 20 ၁ | 21 ၂ | 22 ၃ |
| 23 ၄ | 24 ၅ | 25 ၆ | 26 ၇ | 27 ၈ | 28 ၉ | 29 ၁ |



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကျ၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်၊ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၁၃ YR ၀၀၅၃၈၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထုံးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆၇ဝ၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊ လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အ‌ေနံပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)



www.burmeseclassic.com

www.burmeseclassic.com



စင်ဦးသိုင်း

ရုပ်ကလာပ်တော်မှ

# ဓာတ်တော်ကြွင်းသည့် မိုးကုတ်စက်ဝိုင်းဆရာတော်(၁)

**မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်**တွင် ရှိသော မိုးကုတ်စက်ဝိုင်းကျောင်းတိုက်ဆရာတော် ဦးအရိယဝံသသည့် မိုးကုတ်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း ပဋိပတ္တိသာသနာ ဖြန့်ဝေခြင်း၊ ပရိယတ္တိသာသနာတော်ကိုလည်း ရဟန်းသာမဏေများ သာမက လူဝတ်ကြောင်များအတွင်း သင့်လျော်စွာ ပျံ့နှံ့စေရန် အားထုတ်တော်မူခြင်းဖြင့် သာသနာအကျိုးကို ပြုစုဆောင်ရွက်တော်မူ၍ သက်တော်(၉၂)နှစ်တွင် ပျံလွန်တော်မူခဲ့သည်။

ရုပ်ကလာပ်တော်အား တေဇောဗျာပနသဘင် ကျင်းပပူဇော်ရာ ကြည်ညိုဖွယ် ဓာတ်တော်များ ကြွင်းကျန်ရစ်သည်ဟု သိရလေသည်။




(ပုံ-၄)မိုးကုတ်စက်ဝိုင်းကျောင်း ဆရာတော်ဦးအရိယဝံသ

## မိုးကုတ်စက်ဝိုင်းကျောင်း[ပုံ-၁]

မြဝတီမြို့သို့ ရောက်ရောက်ချင်းပင် မိတ်ဆွေဟောင်း ကိုခင်မောင်သန်းက မိုးကုတ်စက်ဝိုင်းကျောင်းသို့ ခေါ်ဆောင်ပြသပေးသည်။

ကျောင်းတွင်း သာသနိက အဆောက်အအုံများအတွက် သာသနာ့အကျိုးဆောင်တစ်ဦး ဖြစ်ရာ သူ သိရသမျှ နောက်ခံဖြစ်စဉ်ကို ပြောပြသည်။

၁၉၅၅ ခုနှစ် မတိုင်မီကာလက "မြဝတီ"သည် ကော့ကရိတ်မြို့နယ်တွင် ပါဝင်သော ရွာကြီးတစ်ရွာမျှသာ ဖြစ်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် သက်နိုးညီနောင်၌ တပ်စွဲထားသည့် ကူမင်တန် တရုတ်ဖြူများကို မြန်မာ့တပ်မတော်မှ မောင်းနှင်တိုက်ထုတ်၍ မြဝတီမြို့ကို ပြန်လည်တည်ဆောက်ခဲ့သည်။

မကြာခဏ ဓားပြတိုက်လေ့ရှိသည့် ပြည်တော်ဝင်တောင်ကုန်း အခြေရှိ ရွာငယ်ကို မြဝတီရွာကြီး၌ စုပေါင်း





www.burmeseclassic.com

www.burmeseclassic.com

နေထိုင်စေကာ ကျေးရွာကို အကွက်ရိုက်လျက် စနစ်တကျ ပြုပြင်ခဲ့သည်။

ရပ်ကွက် (၄)ရပ်ကွက် ပါဝင်၍ ဘုန်းကြီးကျောင်း (၃)ကျောင်းသာ ရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မြဝတီမြို့နယ်ခွဲအဖြစ် စတင်၍ ၁၉၆၂ ခုနှစ်၌ န.လ.ကဥက္ကဋ္ဌ ရုံးစိုက်ရာမြို့ ဖြစ်လာသည်။

မိုးကုတ်စက်ပိုင်း ကျောင်းကား ၁၉၆၆ ခုနှစ်တွင် စတင် ထူထောင်ခဲ့၍ အမှတ်(၁)ရပ်ကွက်တွင် တည်ရှိ၏။ ထိုစဉ်က ဘုန်းကြီးကျောင်း(၅)ကျောင်း ရှိရာ မိုးကုတ်စက်ပိုင်းကျောင်း အပါအဝင် ဖြစ်လေသည်။

ယခုအခါ သာသနိက အဆောက်အအုံ များစွာဖြင့် စည်ကားနေသော ကျောက်လုံးကြီးကျောင်း၊ တောရကျောင်း စသည်တို့မှ ဦးဆောင် ဆရာတော်များသည် ဤမိုးကုတ်စက်ပိုင်းကျောင်း၌ စတင် ကွန်းခိုသီတင်းသုံးတော်မူခဲ့ကြသည်ဟု သိရလေသည်။

## ကျောင်းဝင်း၌

ကျောင်းဝင်းအလယ်ခန့်တွင် ရှိသော သိမ်တော်ကြီး[ပုံ-၂]မျက်နှာစာ၌ ကုက္ကိုပင်ကြီးတစ်ပင်ရှိကာ ထိုအပင်မှ **သစ်ကွင်း ခေါ် သစ်တံခါး**ဖြစ်နေသည်ကို တွေ့ရ၏။[ပုံ-၃]

**သစ်ကွင်း၊ သစ်တံခါးတို့သည် ဘေးအန္တရာယ်ရန်စွယ် ကွင်းကွာခြင်း အနက်ဆောင်သည့် အားလျော်စွာ ပြည်တွင်း စစ်ဒဏ်ခံခဲ့ရသော မြဝတီမြို့၏ ဤအနီးဝန်းကျင်သည် ဘေးအေးသည့် အေးချမ်းရာနယ်မြေ ဖြစ်ခဲ့သည်ဟုဆိုလေသည်။**

သစ်ကွင်းတို့သည် ဘေးရန်ကွင်းသည့်နည်းတူ လာဘ်လာဘ အခွင့်အရေးများလည်း နည်းပါးစေသည် ဆိုကြ၏။



(ပုံ-၁)မိုးကုတ်စက်ပိုင်းကျောင်း မုခ်ဦး

ထို့ကြောင့်ပင် အထက်ဖော်ပြပါ ဆရာတော်အချို့သည် ဤကျောင်းမှ ဖယ်ခွာ၍ စည်ကားသော သာသနာမြေ အသီးသီးကို ထူထောင်နိုင်ကြခြင်း ဖြစ်သည်ဟု တွေးဆရလေသည်။

သိမ်အနီးရှိ ဓမ္မာရုံကြီးအတွင်း၌ ဆရာတော်ကြီးများ၏ ရုပ်ပုံကားချပ်များ ရှိ သဖြင့် ဝင်ရောက်လေ့လာကြ ည်။ ခေါင်းရင်းဘက်၌ ကျောင်းတိုက် စတင် ထူထောင်ခဲ့သူ ဆရာတော်အရှင် အရိယာဝံသ၏ ရုပ်ပုံကားချပ်ကြီး[ပုံ-၄]နှင့် ဆရာတော်၏ ဩဝါဒအချို့ကို ကမ္ပည်းတင်ထားသည်။

## သက္ကာယဒိဋ္ဌိ သံပေါက်

**သ**ကား ထင်ရှားရှိတရားပါ၊
**ကာယ**အပေါင်း ခေါ်ကြောင်းမြန်မာ၊
**ဒိဋ္ဌိ**ဟူကြား ယူမှားလေတာ၊ ငါမဟုတ်ငါလုပ်လေတော့တာ။

'ထင်ရှားရှိကြ ငါးဝခန္ဓာ၊ ဖွဲ့စည်းတည်ဆောက် ကံမင်းအောက်မှာ၊ ကံမင်းကောင်းကြောင်း လူသားပေါ်လာ၊ ကံမင်းဆိုး-ခွေးမျိုးပုံထွက်လာ'
[ပုံ-၅]

အရှိအရှိအတိုင်းကြည့် သမ္မာဒိဋ္ဌိ

- ❖ နာမ်ရုပ်သိအောင်လုပ်၊ သက္ကာယဒိဋ္ဌိပြုတ်။
- ❖ ကြောင်းကျိုးသိအောင်လုပ်၊ အလိုလိုနှင့် ဖန်ဆင်းဒိဋ္ဌိပြုတ်။
- ❖ ဖြစ်ပျက် သိအောင်လုပ်၊ ခိုင်မြဲပြီးသော ဒိဋ္ဌိထပ်ဆင့်ပြုတ်။
- ❖ သစ္စာသိအောင်လုပ် အပါယ်မျိုးစေ့ပြုတ်။[ပုံ-၆]

စသည်ဖြင့် သိမှတ်ခဲ့ရသည်။

## တပည့်အချို့

တောင်ဘက်နံရံတွင် ဆရာတော်၏ တပည့် သံဃာအချို့ကို မြင်တွေ့ရ၏။ ရှေးဦးစွာ လက်ရှိကျောင်းထိုင် ဆရာတော်ဦးကုန္ဒာစရိယ ပုံတော်ကို ဖူးမြော်ရကာ ဤဆရာတော်သည် မိုးကုတ်စက်ပိုင်းကျောင်းတိုက် ထူထောင်၍ နှစ်,နှစ်အကြာ ၁၃၃၀ ပြည့်နှစ်တွင် (၃)ဝါရ ရဟန်းငယ်အဖြစ် ဆရာတော်ကြီးထံ ခိုလှုံ၍ ပညာသောက်မှုခဲ့သူ ဖြစ်သည်။

ဆရာတော်ကြီး ပျံလွန်တော်မူချိန်တွင် ကော့ကရိတ်မြို့၊ နန်းဆွေမိတ်



F. 15B. July, 2017.

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူဆဲဖြစ်ရာ တပည့်ဒါယကာများ ညှိနှိုင်းလျက် မိုးကုတ်စက်ဝိုင်းကျောင်းထိုင်အဖြစ် ဆက်လက်တာဝန် ယူပါရန် တင်မြှောက်ခဲ့ကြသည်။

ထို့ကြောင့် ကျောင်းနှစ်ကျောင်းကို ပူးတွဲတာဝန်ယူလျက် ယခုအခါ ကော့ကရိတ်၌ သီတင်းသုံးနေကြောင်း သိရ၏။

ထို့နောက် ဖူးတွေ့ရသည်ကား ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ရေကန်ကျောင်းဆရာတော် ဖြစ်သည်။

ဘွဲ့မည်မှတ်တမ်း မရှိပါ။ ဆရာတော်ကြီးအား ကြည်ညို၍ ဝိပဿနာနည်းနိဿယ ခံယူအားထုတ်နေသည့် တပည့် သံဃာတစ်ပါးဖြစ်သည်။

တစ်ချိန်တွင် ယင်းဆရာတော်သည် ဝမ်းတွင်းအင်္ဂါ မြစ်ပွားနာ ခံစားရသဖြင့် ထိုင်းနိုင်ငံရှိ ဆေးရုံများ၌ ကုသမှု ခံယူရ၏။

သို့သော် ရောဂါအခြေအနေမှာ မျှော်လင့်ချက် မရှိတော့သည့် နောက်ဆုံး အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း ဆေးစစ်မှတ်တမ်းများအရ သိရသည်။

ထိုအကြောင်းကို ဆရာတော်ကြီးအား လျှောက်ထားသောအခါ နေရသမျှ ကျန်ကာလတွင် ဝိပဿနာ သတိပဋ္ဌာန်တရားကို အဖော်ပြုနေနိုင်ရန် နည်းပေးလမ်းပြသည်။

ကျန်နားနေချိန်များ၌ မြတ်စွာဘုရား၏ ဂုဏ်တော်ကွန်ချာကို မပြတ်ပူဇော်ပါဟုလည်း အကြံပေးတော်မူသည်။

ထိုသို့ အကြံပေးသည့်အတိုင်း လိုက်နာကျင့်ကြံခဲ့ရာ ရှိရင်း ဝေဒနာ ပျောက်ကင်းချမ်းသာရာရ၍ ယနေ့ တိုင် မဲဆောက်မြို့ ရေကန်ကျောင်း၌ သီတင်းသုံးလျက်ရှိကြောင်း သိရလေသည်။

ထို့အပြင် **ဆရာတော်ကြီးနှင့်အတူ (၉)နှစ်အရွယ် ကျောင်းသားငယ်အဖြစ် လိုက်ပါလာခဲ့သော မောင်အောင်သည်လည်း ယခုအခါ ရွှေကုက္ကိုကျောင်းထိုင် ဆရာတော်အဖြစ်** ပရိယတ်၊ ပဋိပတ် သာသနာပြုလျက်ရှိကြောင်းလည်း ပြောပြကြသည်။

## ဆရာတော်ကြီး၏

## ထေရုပ္ပတ္တိအကျဉ်း

မိုးကုတ်စက်ဝိုင်း ကျောင်းတိုက်တည် ဆရာတော် ဦးအရိယဝံသ လောင်းလျာကို ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ ဦးစံအေး၊ ဒေါ်အေးသွယ်တို့မှ **၁၂၈၁ ခုနှစ်၊ တပို့တွဲလဆုတ်(၁၂)ရက်၊ တနင်္ဂနွေနေ့ ည(၁၀)နာရီတွင်** မွေးဖွားခဲ့သည်။ ငယ်မည် မောင်အောင်ခင်ဟု တွင်သည်။

အသက်(၁၃)နှစ် အရွယ်တွင် အင်္ဂလိပ်အစိုးရလက်ထက် သတ္တမတန်းကို အောင်မြင်ခဲ့သည်။ အသက်(၁၅)နှစ်အရွယ် နဝမတန်းသို့ အရောက်တွင် ကျောင်းထွက်ကာ မိဘလက်ငုတ် လယ်ယာလုပ်ငန်းကို တာဝန်ယူလုပ်ကိုင်သည်။

(၁၉)နှစ်တွင် သာမဏေဝတ်၍ ပရိယတ္တိစာပေကို (၃)ဝါရအောင် သင်ယူသည်။ (၂၂)နှစ်တွင် လူဝတ်လဲကာ ကျောင်းဆရာတစ်ပိုင်း၊ လယ်သမားတစ်ပိုင်းဖြင့် အသက်မွေးသည်။

**ထိုအချိန်တွင် ကျောင်းမှ ရခဲ့သော ဂုဏ်တော်ကွန်ချာ ပူဇော်နည်းကို အမြဲဥဿုံဖြင့် မပြတ်ပူဇော်ခဲ့ရာ ပရလောကသားများနှင့် စိတ်တွေ့မြင်ခြင်း၊ သမာဓိရရှိခြင်း စသည့် အကျိုးများခံစားရသည်။**

ထို့ကြောင့် ပဋိပတ္တိလုပ်ငန်းကို တဖြည်းဖြည်း စိတ်သန်လာကာ အသက် (၃၂)နှစ်အရွယ် ၁၃၁၃ ခုနှစ်၌ ပဋိပတ္တိလုပ်နိုင်ရန် ပရိယတ္တိစာဝါများ ဆက်လက်သင်ယူသည်။

ထိုနှစ် ဝါဆိုလဆုတ်(၇)ရက်နေ့တွင် ရေတာရှည်မြို့၊ ရွှေကျင်ကျောင်းဆရာတော်ဦးကေတုကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ဒုတိယအကြိမ် ဝင်ရောက်ပြန်သည်။

ရဟန်း(၃)ဝါရသော် ပဲခူးမြို့




◆ (ပုံ-၂)မိုးကုတ်စက်ဝိုင်းကျောင်း သိမ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၃)ကျောင်းဝင်းတွင်းမှ ကုက္ကိုသစ်ပင်အိုး

ကြခတ်ပိုင်းကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုကျောင်း ပထမ ငယ်, လတ်, ကြီးတန်းများ အောင်မြင်၍ ၁၃၁၈ ခုနှစ်၌ အစိုးရ ဓမ္မာစရိယစာချတန်း အောင်မြင်လျက် "**သာသနဓဇ ဓမ္မာစရိယ**"ဘွဲ့လက်မှတ် ရရှိသည်။

ထိုစဉ်က ကြခတ်ပိုင်း စာသင်တိုက်၌ စာသင်သား ရဟန်းသာမဏေ (၅၀) ခန့်သာ ရှိသည်ဆို၏။ (နောက်ပိုင်း၌ စာသင်သား တစ်ထောင်ကျော် စာသင်တိုက်ကြီး ဖြစ်လာ၏။)

ယင်းနောက် ၁၃၂၀ ပြည့်နှစ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ် စာချဆရာတော်အဖြစ် သွားရောက်ရသည်။ ယင်းကျောင်း၌ ရှိစဉ် "**သီရိပဝရ ဓမ္မာစရိယ**"ဘွဲ့ကို ထပ်မံရရှိသည်။

၁၃၂၂ ခုနှစ်တွင် မန္တလေးသို့ စာသင်ကြွ၍ တိပိဋကတ် စာမေးပွဲအတွက် ထပ်မံကြိုးစားခဲ့သည်။ ထိုစဉ်အတွင်း ပဋိပတ္တိလုပ်ငန်းကို တွဲဖက်လုပ်ကိုင်၍ ၁၃၂၃ ခုနှစ်တွင် မော်လမြိုင်မြို့ **နတ်ရေတွင်းကျောင်းဆရာတော်**အဖြစ် စာချတာဝန် ယူရသည်။

၁၃၂၆ ခုနှစ်၌ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးတောရကျောင်းဆရာတော် ဦးဉာဏိန္ဒ၏ တောင်းပန်မှုကြောင့် **နဘူးတောရကျောင်းတွင် ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ်** ကြွရောက် သင်ပြပေးရသည်။ ထိုအခါ ဆရာတော်၏ နည်းနာကို ခံယူကျင့်ကြံရသူ ဦးမောင်နုက မြဝတီသို့ ကြွ၍ ပဋိပတ္တိ သာသနာပြုပါရန် လျှောက်ထားသည်။

သို့ဖြစ်၍ ၁၃၂၈ ခုနှစ်၊ ဂါဆိုလတွင် မြဝတီသို့ကြွ၍ မိုးကုတ်စက်ပိုင်းကျောင်းတိုက်ကို ထူထောင်ကာ ဝိပဿနာနည်းများ ပြသပေးသည်။

ဆရာတော်သည် မိုးကုတ်ဆရာတော်ကြီး ဦးဝိမလထံမှ ပဋိပတ္တိနည်းနိဿယများ ခံယူသင်ပြပေးသည် ဖြစ်၍လည်းကောင်း၊ မြဝတီမြို့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန် နယ်နိမိတ်တွင်ရှိသောကြောင့် လည်းကောင်း"**မိုးကုတ်စက်ပိုင်းကျောင်း**" ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်ဆိုလေသည်။

၁၃၆၀ ပြည့်နှစ်တွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ (ရွှေကျင်ဂိုဏ်း) အဖြစ် တာဝန်ယူရ၏။

၁၃၆၅ ခုနှစ်တွင် ရွှေကျင် သာသနာပိုင် ဆရာတော်က "**ရဋ္ဌညူမဟာနာယက**"အဖြစ် အသိအမှတ်ပြုလွှာ ဆက်ကပ်ခဲ့သည်။

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၃)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ **တစေဘောရှာပန ကျင်းပပူဇော်ရာ ဓာတ်တော်များ ကြွင်းကျန်ရစ်သည်ကို** ဗိမာန် ဆောက်လုပ်၍ ပူဇော်ထားကြောင်း သိရ၏။


## မိုးကုတ်ဆရာတော်ထံ
## နည်းခံယူခြင်း

၁၃၂၃ ခုနှစ် မှ ၁၃၂၆ ခုနှစ်အထိ




www.burmeseclassic.com

www.burmeseclassic.com




• (ပုံ-၅)

• (ပုံ-၆)




မော်လမြိုင်မြို့၊ နတ်ရေတွင်းကျောင်း ၌ စာချဆရာတော်အဖြစ် ဆောင်ရွက် ခဲ့ ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း ဘွဲ့ဖက်အားထုတ်ခဲ့သည်။

၁၃၂၂ ခုနှစ်၊ မန္တလေး၌ စာသင်စဉ် သောတုချောင်(ကျောက်ဆည်) ဆရာတော်ထံမှလည်းကောင်း၊ မင်းကွန်း ဇေတဝန်(သထုံ) ဆရာတော်ထံမှ လည်းကောင်း ပဋိပတ္တိနည်းနိဿယ များ ခံယူကျင့်ကြံခဲ့ဖူးပြီဖြစ်သည်။

၁၃၂၄ ခုနှစ်တွင် မန္တလေးသို့ ခေတ္တ ကြွ၍ ထူးမြတ်သော အခွင့်ကောင်း တစ်ရပ်ကို ကြုံဆုံရသည်၊ ရထားပေါ်၌ **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော် အလှူခံယူ၍ မန္တလေးသို့ ပြန်ကြွလာ သော မိုးကုတ်ဆရာတော် ဦးဝိမလနှင့် ဖူးမြော်လျှောက်ထားခွင့် ရခဲ့ခြင်း ဖြစ် သည်။

မိုးကုတ်ဆရာတော်၏ ဝိပဿနာ အားထုတ်နည်းကို တိုတိုကျဉ်းကျဉ်း မှတ်သားနာယူ၍ နောက်လာမည့် နှစ်တွင် ဝါတွင်းကာလ၌ ဆရာတော် ကြီး၏ အရိပ်အာဝါသကို ခိုလှုံကာ အနီးကပ်လမ်းညွှန်မှု ခံယူကာ အား ထုတ်ပါမည်ဟု လျှောက်ထားသည်။

မိုးကုတ်ဆရာတော်ကြီးက ပြုံး၍ သာ နေတော်မူသည်။ ထိုနှစ် သီတင်း ကျွတ်လဆုတ်(၄)ရက်(၁၇.၁၀.၁၉၆၂) တွင် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန် ချတော်မူသည်။

မန္တလေးမှ ပြန်လာသောအခါ မိုးကုတ်ဆရာတော်၏ နည်းနာအတိုင်း ဝိပဿနာတရားကိုသာ တစိုက်စိုက် မပတ်မတ်ရှုမှတ်၍ တပည့်များကိုလည်း နည်းပေးလမ်းပြတော်မူသည်။

စာချတာဝန် ဂန္ထဓုရထက် ဝိပဿနာဓုရကို ပို၍ အလေးပေးလာ ကာ ၁၃၂၆ ခုနှစ်တွင် ဝိပဿနာကို လုံးလုံးလျားလျား ပြောင်းလဲရန် ဆုံး ဖြတ်သည်။

ထိုအချိန်တွင် ကော့ကရိတ်မြို့နယ်၊ နဘူးတောရကျောင်းမှ အောင်သိဒ္ဓိ ဆရာတော်ဦးဉာဏိန္ဒ ပင့်ဖိတ်လျှောက် ထားသဖြင့်ဝမ်းမြောက်စွာ လိုက်ပါ ၍ ဝိပဿနာဓုရကို အားကြိုးမာန်တက် ဆောင်ရွက်နည်းပြတော်မူခဲ့လေသည်။

## ညောင်လွန့်ဆရာတော်

## ဥပမာထားကာ

ဆရာတော်သည် မိုးကုတ်စက်ဝိုင်း ကျောင်း စတင် ထူထောင်ကာ ဝိပဿနာနည်းနိဿယများ သင်ကြား ပြပေးသော အချိန်မှစ၍ ပျံတော်မူသည့် ၁၃၇၃ ခုနှစ်အထိ (၄၅)နှစ်တာ ကာလ ပတ်လုံးမိုးကုတ်ဆရာတော်၏ နည်းနာ ဖြင့်သာ နည်းပြတော်မူခဲ့သည်။

## ရွှေလ ဆက်ဖတ်ပါရန်

**ဇင်ညိုငယ်**

www.burmeseclassic.com



အရာရာအောင်မြင်စေမည့်

# မေတ္တာရောင် လွှတ်ဆောင်နည်း ကျင့်စဉ်

ပိုရှယ်မြေ
(အင်ဝါးခွ သကြားစက်)

တနင်္ဂနွေတစ်နေ့...။

ကျွန်တော်သည် ညနေစာစားပြီး ကတည်းက အိမ်ရှေ့ပက်လက်ထိုင်ခုံပေါ်တွင် သကြားစက်စာကြည့်တိုက်မှ ငှားရမ်းလာသော မဂ္ဂဇင်းစာအုပ်ဖြင့် စာကြည့်လိုက်၊ ရေနွေးကြမ်းသောက်လိုက်ဖြင့် စည်းစိမ်ယစ်လိုက်တာ နာရီကြည့်လိုက်တော့ ညနေ(၆)နာရီထိုးနီးမျှ ရှိနေပေပြီ။

'ဦးစိုး ဝင်လာခဲ့မယ်နော်'

ပြောပြောဆိုဆို ကျွန်တော့်နာမည်အဖျားဆွတ်ခေါ်ပြီး ဝင်လာသူကတော့ သကြားစက်ရုံတောင်ဘက်တွင်နေထိုင်သူ ကိုမြမင်းဆိုသူပင် ဖြစ်ပါသည်။

'ကိုမြမင်း ဘာအကြောင်းရှိလို့လဲ'

ကိုမြမင်း ထိုင်ထိုင်ခြင်းပင်ကျွန်တော်လာရင်းအကြောင်းမေးမိလိုက်ပါသည်။

မေးသာမေးရပေမယ့် သူလက်ထဲက အလင်းတိုင်(၅)တိုင်၊ ရေသန့်တစ်ဘူးတို့ကို မြင်ရုံမျှဖြင့် သူ့ သားငယ်လေး လွန်ခဲ့သော (၁)လခန့်ကအတိုင်း ညသန်းခေါင်းထငိုသည့်ကိစ္စ ပြန်ဖြစ်ပြန်ပြီဖြစ်ကြောင်း နားလည်ပြီး ဖြစ်ပေသည်။

'အရင်တစ်ခါ လုပ်ပေးလိုက်တဲ့ရေမန်းက ကုန်ပြီလား'

'ဦးစိုး အရင်တစ်ခါ လုပ်ပေးလိုက်တဲ့ရေမန်းကို ကျွန်တော် တစ်ခါတည်း အိမ်အနှံ့ပက်ဖျန်းလိုက်တာ ကုန်သွားပြီဗျ'

ကိုမြမင်းကို အပစ်မတင်ချင်တော့ပါ။ ကျွန်တော်ကိုယ်တိုင်ကပင် ရေမန်းဘူးကို မိမိအိမ်အနှံ့ အနည်းငယ်မျှပက်ဖျန်းပေးပြီး လျော့သွားသည့်ရေမန်းအစား ရေထပ်ထည့်ပြီး ပွားများယူရမည်ဟု မမှာကြားမိလိုက်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

'ဒီလိုရှိတယ် ကိုမြမင်းရဲ့ ခင်ဗျားသားငယ်လိုပဲ ကျွန်တော့်ဆီ ရေမန်းကုန်သွားလို့ (၂)ခါ ပြန်လာတောင်းရင် လုပ်မပေးတော့ဘူးဗျ'

ကျွန်တော့် အပြောကြောင့် ကိုမြမင်းမှာ ပျာပျာသလဲဖြစ်သွားပြီး...

'မလုပ်ပါနဲ့ ဦးစိုးရာ ကလေးငိုရင် ကျွန်တော် အသည်းခိုက်အောင် ခံစားရလို့ပါဗျာ'

ကိုမြမင်း၏ သူ့သားငယ်အပေါ် ဖခင်တစ်ယောက် ထားရှိအပ်သည့် မေတ္တာတရားကို ကြားသိ မျှဝေခံစားမိပြီးမှပင်...

'လုပ်မပေးဘူးဆိုတာက ကိုမြမင်းတို့လို ငါးပါးသီလလုံခြုံသူတွေအတွက် ကိုယ်တိုင်လုပ်လို့ရလို့ နှစ်ခါလုပ်မပေးဘူးလို့ ပြောတာပါ'

ကျွန်တော့်စကားကြောင့် ကိုမြမင်း၏ ညှိုးငယ်နေသောမျက်နှာသည် အတန်ငယ် ရွှင်လန်းလာပြီးမှပင်...

'အဲဒီရေမန်းက ကျွန်တော့် သားလေးလို အနှောင့်အယှက် ပယောဂကြောင့် ညည ထငိုတဲ့ကိစ္စ ပျောက်ရုံပဲ စွမ်းတာလားဗျ'

ကိုမြမင်း၏ အမေးစကားကြောင့် ကျွန်တော်၏ စိတ်အစဉ်သည် လွန်ခဲ့သော အတိတ်ကာလဆီသို့ ရောက်ရှိသွားပါတော့သည်။

အကြောင်းမှာ **လွန်ခဲ့သောနှစ်(၂၇)ခန့်က** ကျွန်တော်ကိုယ်တိုင် **မေတ္တာရောင် ကျင့်စဉ်မြတ်**ကို လက်ဆင့်ကမ်း အမွေပေးခဲ့သော**ကျွန်တော်၏အဘိုးဖြစ်သူ ဦးမြအေး**ကို မေးခဲ့သော မေးခွန်းဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပေတော့သည်။

* * *



လွန်ခဲ့သောနှစ်(၂၇)ခန့်က ဖြစ်ပါသည်။ ကျွန်တော်၏ မွေးရာဇာတိ အထက်အညာကျေးလက်တောရွာကြီး တစ်ရွာတွင် ကျွန်တော်၏ အဘိုးတော်စပ်သူ ဦးမြအေးဆိုသူ မြန်မာ့တိုင်းရင်းဆေးဆရာကြီးတစ်ဦး ရှိခဲ့ပါသည်။

အဘိုးဦးမြအေးမှာ မကျန်းမာသော ပုဂ္ဂိုလ်များကို သူ၏ တိုင်းရင်းဆေးပညာဖြင့် ကုသပေးသည်။ ထို့ပြင် မမြင်အပ်သော စုန်း,နတ်,ကဝေ,သရဲ,တစ္ဆေ,မြေဖုတ်ဘီလူးစသည့် ပုဂ္ဂိုလ်များမှ ပူးဝင်နှောင့်ယှက်တတ်သော ပယောဂများပါ အထက်ပါရေမန်းဖြင့်ပင် ကုသပေးကြောင်း အဘိုးနောက် တကောက်ကောက် လိုက်ပါတတ်သူ ကျွန်တော်သာလျှင်အသိဆုံး ဖြစ်ပေသည်။

ထို့အပြင် အဘိုးဖြစ်သူမှာ မြန်မာ့တိုင်းရင်းဆေးကုသ ပညာရပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ဘည်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသော်လည်း အများအကျိုး ဆောင်ရွက်ရာတွင် လုပ်အားဒါနသာမက ငွေအားဒါနပါ အများဆုံး ထည့်ဝင်လှူဒါန်းသော်လည်း အဘိုးဘဝတွင် ညေသည့်အခါမျှ ငွေအခက်အခဲမရှိဘဲ အမြဲတမ်း ပြည့်စုံနေတတ်သည်မှာ အများအသိပင်ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် အဘိုးဘဝကို အားကျသူများမှ…

'ဦးမြအေးတို့ကတော့ ဘာအဆောင် ကောင်းတွေ ရှိလဲမသိဘူး။ သူ့ဘဝမှာ ငွေဆိုလဲငွေ၊ ရွှေဆိုလဲရွှေ ပြီးပြည့်စုံတယ်ဟေ့'

ဟု ပြောသံတွေကြောင့် ကျွန်တော်သည် ထိုစဉ်က လူငယ်ပီပီ တစ်နေ့ အဘိုးနှင့် နှစ်ယောက်တည်း ဆေးကုသသွားစဉ်…

'အဘိုးကို မြေးတစ်ခု မေးရဦးမယ် ဗျ'

'ဘာများလဲ မြေးရဲ့'

'အဘိုးမှာ အဆောင်ကောင်းတစ်ခု ရှိရမယ်လို့ ထင်တယ်ဗျ။ ဘာလို့လဲဆိုတော့ အဘိုးဘဝမှာ ဘာမဆို ပြီးပြည့်စုံတယ်လို့ အများကလဲ ပြောနေကြတယ်'

ဟု မြေးအဘိုးပီပီ မေးမိတာကို အဘိုးဖြစ်သူမှာ ကျေနပ်အားရစွာ ပြုံးလိုက်ပြီးမှပင်…

'အဆောင်ကောင်းရှိတာပေါ့ မြေးရဲ့။ ပယောဂတွေ ကုသပေးနေတဲ့ မြေးတို့ ဘစ်တွေ အလွယ်ခေါ်နေကြတဲ့ ရေမန်း အဆောင်ပေါ့။

ဘကယ်က ရေမန်းလို့သာ အလွယ်ခေါ်နေကြပေမယ့် မေတ္တာရေစင်ဆိုရင် ပိုမှန် ပိမ့်မယ်။ ဘာလို့လဲဆိုတော့ မေတ္တာရေစင် လုပ်ဆောင်ရာမှာ လုပ်ဆောင်သူရဲ့ ကိုယ်ကျင့် သိက္ခာ၊ စိတ်စေတနာ၊ မေတ္တာတွေပါလို့ပဲ မြေးရဲ့

မေတ္တာဆိုတာ အရာရာကို အောင်မြင်စေရုံ သာမက အရာရာတိုင်းကိုလဲ ပြီးပြည့်စုံစေ နိုင်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တယ် မြေးရဲ့ မြတ်စွာဘုရား ဖြစ်စဉ်တစ်လျှောက်လုံးမှာလဲ ရန်စွယ်မှန်သမျှ တိုင်းကို မေတ္တာလက်နက်နဲ့ အောင်မြင်ခဲ့တာ အထင်အရှား မဟုတ်လား။

ဒါကြောင့် ဒီမေတ္တာရေစင်နဲ့ပဲ အဘိုးဘဝ မှာ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တွေရဲ့ မေတ္တာ ကို ရရှိစေပြီး ညစဉ် မေတ္တာပို့ မေတ္တာရေစင် ကို ဆောင်ရွက်၊ အဲဒီမေတ္တာရေစင်နဲ့ပဲ အဘိုးပတ်ဝန်းကျင်ကို အရံအတားပြုခဲ့တာ အဘိုးဘဝမှာ အရာရာပြီးပြည့်စုံစေခဲ့တာ အများအသိပဲ မဟုတ်လား။

ဒါကြောင့် မြေးတို့က ရေမန်းလို့ အလွယ် ခေါ်နေကြပေမယ့် တကယ်ကတော့ မေတ္တာ ရေစင်ဆိုတာက ပိုမှန်လိမ့်မယ်'

'ဒါနဲ့…အဘိုး မေတ္တာရေစင်ကို လူတိုင်းလုပ်နိုင်သလား'

'ငါးပါးသီလ လုံခြုံသူတွေ သတ္တဝါ တွေအပေါ်မှာ မေတ္တာစိတ်ထားရှိနိုင်သူ မှန်သမျှ လုပ်နိုင်တာပေါ့ မြေးရဲ့'

ဟု ရှည်လျားစွာ ပြောပြပေးခဲ့သည့် အဘိုးစကားကို ယနေ့တိုင် ကြား ယောင်မိနေတာကြောင့် ကျွန်တော်၏ စာမူပါခေါင်းစဉ်အား…

**'အရာရာ အောင်မြင်စေနိုင်မည့် ရေမန်းလုပ်ဆောင်နည်း ကျင့်စဉ်'**

ဟု အလွယ်ပေးရမည်ဖြစ်သော် လည်း…

**'အရာရာ အောင်မြင်စေနိုင်မည့် မေတ္တာရေစင် လုပ်ဆောင်နည်း၊ ကျင့်စဉ်'**

ဟု ပေးလိုက်မိပါတော့သည်။

### ၁။ ကျင့်စဉ်ဆောင်ရွက်သူ၏ ကိုယ်ကျင့်တရားနှင့် စိတ်သဘောထား

(က) ငါးပါးသီလ လုံခြုံရပါမည်။
(ခ) မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါ များအပေါ် မေတ္တာစိတ်ထားရှိနိုင် သူဖြစ်ရမည်။
(ဂ) ကျင့်စဉ်အပေါ် ယုံကြည်မှုအပြည့် ရှိရပါမည်။

### ၂။ ကျင့်စဉ်ဆောင်ရွက်စဉ် ပါဝင်ရမည့် ပစ္စည်းများ

(က) ရေသန့်တစ်ဘူး။
(ခ) မြတ်စွာဘုရားရှင်အား လှူဒါန်း ပူဇော်နိုင်ရန် အလင်း(၅)တိုင်။
(ဂ) ဒါနပြုနိုင်ရန် ကြိုက်နှစ်သက်ရာ မုန့်အနည်းငယ်နှင့်နွားနို့တစ်ခွက်။

### ၃။ ကျင့်စဉ်ဆောင်ရွက်ခြင်း

(က) မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော် မြတ်အား ရေသပ္ပာယ်ပါ။
(ခ) မြတ်ဘုရားထံတွင် ငါးပါးသီလ ခံယူဆောက်တည်ပါ။
(ဂ) ရေသန့်ဘူးနှင့် အလင်း(၅)တိုင် အား သတ္တဝါအားလုံးအတွက် ရည်စူးလှူဒါန်းပေးပါ။
(ဃ) ပရိတ်ကြီး (၁၁)သုတ်အား ရွတ်ဆို ပွားများပါ။
(င)မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါ များအား မေတ္တာပို့အမျှဝေပေးပါ။
(စ)ပြင်ပအနှောင့်ယှက်ရှိပါက မမြင် အပ်သော ပုဂ္ဂိုလ်များအတွက် ဒါနပြုရန် ရည်ရွယ်ထားသော မုန့်အား နွားနို့နှင့် ရောနှောပြီး မိမိအရိပ်လွတ်ရာ ခြံစည်းရိုးပြင်ပ တွင် စွန့်ကြဲပေးပါ။
(ဆ) အခြားအတွက် လုပ်ဆောင်ပါက ကြိုက်နှစ်သက်သလို ဒါနပြုနိုင်ပါ သည်။
(ဇ) မေတ္တာရေစင် ရေသန့်ဘူးအား ဘုရားရှင်ထံပါးမှ စွန့်ယူပြီး အိမ် အဝ၊ ခြံစည်းရိုးအနှံ့ အနည်း ငယ် ဖျန်းပက်ပေးရပါမည်။

***မေတ္တာရေစင်ကျင့်စဉ်ဖြင့် အရာရာ အောင်မြင်ကြပါစေ…။***

**ဝိုရှယ်မေ**
***(အင်ငါး၅ သကြားစက်)***

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၅၁၁ YR ၀၀၆၀၂၄)

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရေ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ''ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊ (စ)ရပ်ကွက်။ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၉၁

ကိုကြီးကောင်း

www.burmeseclassic.com

www.burmeseclassic.com



သာဝတာပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ အလင်းရောင် ထွန်းပြောင်စေသော

မိုးအိမ်ရှင် မဟာရင်ပိုက်းချုပ်ဆရာတော် အဘိဓမ္မမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်ကြီး (၃)

## ယခင်လမှ အဆက်

### မွေးရာဇာတိအစ ဘီလူးကျွန်းက

မြန်မာနိုင်ငံ၏ ပြည်နယ်တစ်ခု ဖြစ်သော မွန်ပြည်နယ်တွင် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး ဟူ၍ မြို့နယ်(၁၀)မြို့နယ်ရှိပါသည်။

မော်လမြိုင်မြို့သည် မွန်ပြည်နယ်၏ မြို့တော်ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ မြစ်ဖျားခံ၍ မြန်မာနိုင်ငံမြောက်ဘက်မှ စီးဆင်းလာသော သံလွင်မြစ်သည် တောင်ဘက်အရောက် မော်လမြိုင်မြို့၏ အနောက်ဘက်တွင် မြစ်ဝ ဖြစ်တည်လျက် ပင်လယ်ထဲသို့ စီးဝင်သွားသည်။

မော်လမြိုင်မြို့၏ အနောက်ဘက်၊ သံလွင်မြစ်ကြီး၏ အနောက်ဘက်တွင် လှပထူးဆန်းသော ကျွန်းကြီးတစ်ကျွန်း ရှိသည်။

ထိုကျွန်းကြီးကို ဘီလူးကျွန်းဟု ခေါ်သည်။ ထိုကျွန်းကြီးအား ရှေးအခါက **"ခမိုင်း"**ဟုခေါ်သော သစ်ပင်ကြီး တစ်ပင် ပေါက်ရောက်နေသဖြင့် မွန်ဘာသာဖြင့် **တကော့ခမိုင်း(တကာအ်ခ်မိုင်)**ဟု ခေါ်၍ မြန်မာဘာသာဖြင့် **"ဘီလူးကျွန်း"**ဟု ခေါ်ပါသည်။

**ယက္ခဒီပကျွန်း၊ ဘီလူးများ နေထိုင်သောကျွန်းဟု ဆိုကြပါသည်။ ဘီလူးဆိုသော်လည်း အသားစားမြို့ဘီလူးများ မဟုတ်ပါ။ သမ္မာဒေဝ ယက္ခဟန်ဆောင်** ဘီလူးများဖြစ်ကြပါသည်။



ဘဒ္ဒန္တအာဒိစ္စမဟာထေရ် မဟာရင်ပိုက်းချုပ်

မြန်မာနိုင်ငံတွင် အလွန် ရှေးကျသောအချိန်ကာလက ဘီလူးကျွန်းနှင့် ကပ္ပလီကျွန်းတို့တွင် နီဂရိုးအနွယ်ဝင်၊ စမင်း(ဆေးမန်း) လူမျိုးများသည် အဝတ်အစားမရှိ၊ နှုတ်ခမ်းထူ၊ ဆံပင်ကောက်၊ အသားမည်း၊ ရေကူးသန်၊ ခက်ထန်ကြမ်းတမ်းသော ဘီလူးနှင့်တူသည့် လူမျိုးများနေခဲ့သဖြင့် ဘီလူးကျွန်းဟု ခေါ်ခဲ့ဟန်တူသည်ဟု ပညာ

www.burmeseclassic.com

ရှင်များ ခန့်မှန်းကြပါသည်။

သုဝဏ္ဏဘူမိ သထုံပြည်သို့ သာသနာပြုရန် ကြွရောက်လာသော **အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်နှစ်ပါး** ရောက်ရှိချိန် ပင်လယ်မှ ဘီလူးရက္ခိုသ်များသည် ပြည့်ရှင်မင်း နန်းတော်၌ မိဖုရားခေါင်ကြီးက မင်းသားတစ်ပါး ဖွားမြင်တိုင်း နန်းတွင်း ဝင်၍ မင်းသားငယ်ကို စားလေ့ရှိသည်။

ထိုအခါ ရဟန္တာ အရှင်မြတ်နှစ်ပါးက တန်ခိုးတော်ဖြင့် ခြင်္သေ့ဦးခေါင်းနှင့် အောက်ပိုင်း ခြင်္သေ့ကိုယ်နှစ်ခုပါသော မနုသီဟပုံကို ဖန်ဆင်းခြောက်လှန့်သောကြောင့် ဘီလူးများ ထွက်ပြေးသွားကြသည်။


**ယနေ့တိုင် မွန်တိုင်းရင်းသားတို့၏ ဘုရားတန်ဆောင်းများနှင့် အဆောင်လက်ဖွဲ့တို့တွင် မနုသီဟရုပ်များ ထုလုပ်ဆောင်ထားကာ အန္တရာယ်ကင်း၊ မွန်တိုင်းရင်းသားတို့ သင်္ကေတဖြစ်ခဲ့ပါသည်။**

အထက်ပါ သုဝဏ္ဏဘူမိရာဇဝင်နှင့်လည်း ဆက်နွှယ်ကောင်းတန်ရာသည်ဟုလည်း သုံးသပ်ကြပါသေးသည်။

ဘီလူးကျွန်းသူ့သားများ ပြောပြချက်မှာ ဘီလူးကျွန်းသည် ပန်းစားယက္ခများ စေ ့ရောက်သဖြင့် ကမ္ဘာစစ်ကြီးများ ဖြစ်ခဲ့ချိန်များမှာလည်း အန္တရာယ်လွတ်ကင်း ရှောင်တိမ်း ပုန်းခိုရာနေရာဖြစ်ခဲ့သည်ဟု ဆိုစမှတ် ကြားဖူးခဲ့ရပါသည်။

မွန်တိုင်းရင်းသားတို့သည် ခရစ်မပေါ်မီ ဘီစီ ၂၀၀၀ ခန့်က ရာမညတိုင်းသို့ ရောက်ရှိစဉ် ဘီလူးနှင့်တူသော စမင်းလူမျိုးများနှင့် ရင်ဆိုင်တွေ့ဆုံ ဆက်ဆံခဲ့ရသည်မှာ ထင်ရှားကြောင်း ပညာရှင်များ မွန်သမိုင်း သုတေသန ပညာရှင်များ ယူဆကြပါသည်။

မော်လမြိုင်မြို့ အနောက်ဘက် ပင်လယ်ရေ ပတ်လည်ဝိုင်းနေသော



ဘဒ္ဒန္တအာသိန္နမဟာထေရ် မဟာရဝိတိုက်ချုပ် ပန်းချီကား

ဘီလူးကျွန်းသည် မြို့၊ ရွာ၊ လယ်ကွင်းများ တောင်တန်းများနှင့် ထူးခြားသော ရဟန်းတော်များ ပျော်မွေ့ထွန်းတောက်ရာ ကျွန်းကြီးတစ်ကျွန်း ဖြစ်ပါသည်။

တောင်တန်း တောင်စောင်းများတွင် ဘုရားစေတီကျောင်း ကန်ဇရပ်များ တည်ဆောက်ကြသော အစဉ်အလာရှိသည်။

နာမည်ဂုဏ်သတင်း အထူးကျော်ကြားလှသော **ဘုန်းတော်ကြီး ဦးသီလ၊ တေဇေက္ကီဆရာတော်ကြီး ဦးတေဇာလင်္ကာရ မရမ်းဆရာတော်ကြီး ဘဒ္ဒန္တဝိမလာစာရ** စသည့် ဆရာတော်ကြီးများ သီတင်းသုံး သာသနာပြုခဲ့ကြရာ သာသနာ့အောင်မြေလည်း ဖြစ်ခဲ့ပါသည်။

စက်မှုလက်မှု ထွန်းကားရာ ဦးလွယ်ဆေးတံ၊ မီးခြစ်၊ ကျောက်သင်ပုန်း၊ တုတ်ကောက်၊ ဝါး၊ ကြိမ်၊ သစ်လက်မှု အနုပညာပစ္စည်းများ နာမည်ကြီးသဖြင့် နိုင်ငံခြားဧည့်သည်များ လာရောက်လည်ပတ်ဝယ်ကြရာ လေ့လာစရာကျွန်းကြီးလည်းဖြစ်သည်။

ကျွန်းကြီး၏ ဧရိယာ အကျယ်အဝန်း





www.burmeseclassic.com

www.burmeseclassic.com

မှာ မြောက်ဘက်လားသော် မော်လမြိုင်မြို့၏ မြောက်ဘက်စွန်းနှင့် တစ်ဖြောင့်တည်းတည်ရှိပါသည်။ တောင်ဘက်လားသော် မုဒုံမြို့နှင့် အနောက်တည့်တည့်ရှိပါသည်။

တောင်နှင့်မြောက် အလျား(၁၉)မိုင်(၄)ဖာလုံ၊ အရှေ့နှင့်အနောက် အကျယ်ဆုံးနေရာသည် (၁၀)မိုင် (၂)ဖာလုံရှိသည်။ အကျဉ်းဆုံးနေရာသည် (၄)မိုင် (၂)ဖာလုံသာ ရှိသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း(၂၅၉.၀၈၉) စတုရန်းမိုင်ခန့် ကျယ်ဝန်းပါသည်။

ရှေးအခါက ဘီလူးကျွန်း(၆၄)ရွာဟု ပြောစမှတ်ရှိခဲ့သော်လည်း ယခုအခါ ကျေးရွာအုပ်စုအမည်ပေါင်း (၇၀)ကျော်ရှိသွားပြီဟု သိရပါသည်။

ယခင်က လှေသင်္ဘောများဖြင့် မော်လမြိုင်မြို့က သွားရသော်လည်း ယခုအခါ မော်လမြိုင် ဘီလူးကျွန်း မြစ်ကူးတံတားကြီး ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်၍ ကားဖြင့် လျင်မြန်ချောမွေ့စွာ သွားရောက်နိုင်တော့မည်ဖြစ်ပါသည်။

ကျွန်းနေလူမျိုးများမှာ မွန်၊ ဗမာ၊ ကရင်တိုင်းရင်းသားများဖြစ်ပြီး ပင်ရင်းမူလနေထိုင်သော မွန်တိုင်းရင်းသားများ အများစု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အထူးဆည်းကပ် ကိုးကွယ်ကြပါသည်။

ဘီလူးကျွန်း၏ မြို့တော်မှာ ချောင်းဆုံမြို့ဖြစ်ပါသည်။ ချောင်းဆုံမြို့နှင့် (၁၀)မိုင်ခန့်သွားလျှင် **ကွမ်ရိုက်ရွာ** ရှိပါသည်။ ထိုရွာသည် ဗုဒ္ဓဘာသာ မွန်တိုင်းရင်းသားများ နေထိုင်သော ရွာဖြစ်သည်။

ကွမ်ရိုက်တောင်ထိပ်နှင့် တောင်ခြေတို့တွင် စေတီပုထိုး၊ ဘုရားကျောင်းကန် ဇရပ်များရှိပါသည်။



▲ သီရိလင်္ကာတွင် ပညာသွားသင်စဉ် သင်ကြားပေးရာနှင့်အတူ ဦးပဏ္ဍိတဦးဇောတိက

သမိုင်းဝင်ထင်ရှားသော **ကျိုက်မော့လဲဘုရား**သည် ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ နှစ်စဉ် သင်္ကြန်တက်ပြီး နှစ်သစ်ဦး တန်ခူးလတွင် ဘုရားပွဲစည်ကားစွာ ကျင်းပလေ့ရှိပါသည်။

ပတ်ဝန်းကျင်ရွာများမှ ဘုရားဖူးလှည်းယာဉ်တန်းများ စဉ်ဆက်တန်းကြီးဖြင့် ရွာလုံးပြည့် အထူး စည်ကားလှသဖြင့် မော်လမြိုင်မြို့မှလည်း သွားကြပါသည်။ ရပ်ဝေးရောက် ရွာခံများလည်း လာရောက်ကြပါသည်။


လယ်ယာကိုင်းကျွန်း ဆန်စပါး ကောက်ပဲသီးနှံ စိုက်ပျိုးရေးလုပ်ငန်း အဓိကထား လုပ်ကိုင်ကြသည်။

ရွာ၏အနောက်ဘက် လယ်ကွင်းများသည် ပင်လယ်ကမ်းနားအထိ ပေါက်သည်။ တောင်ကျရေ႐ုံ ဆည်ကာထားသော တစ်ဘက်ဆည်ကန် နှစ်ကန်ရှိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား မွန်ပြည်နယ်ရှိ ထင်ရှားသော ဘီလူးကျွန်းကြီးအကြောင်းကို မိတ်ဆက်တင်ပြရခြင်းမှာ ယခု ကျွန်ုပ်မ ရေးသားတင်ပြသော မဟာရင်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်(သံဃရာဇာ) သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်မြတ်ကြီး၏ ဇာတိချက်ကြွေ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ရွာ တည်ရှိသော ကြောင့်

www.burmeseclassic.com

www.burmeseclassic.com




ဖြစ်ပါ၊ ည်။

သက်တော်ရှည် မွန်သာသနာ့အာဇာနည်ဆရာတော် လောင်းလျာကို ကွမ်းရိုက်ရွာတွင် မိခင်ဖခင်များဖြစ်သော နိုင်စိန်ဗင်+မိမျှားတို့က **သက္ကရာဇ် ၁၂၇၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၆)ရက်** တနင်္ဂနွေနေ့တွင် ဖွားသန္ဓေစင်ခဲ့ပါသည်။

သားထွေးလေး ကိုယ်လုံးကိုယ်ပေါက် လုံးဝန်းဖြူဖွေးသဖြင့် မောင်လုံးဟု ချစ်စနိုး ငယ်မည်တွင်ပါသည်။

ဆံပင်နှင့်မျက်ခုံးမွေးများ မည်းနက်ပြီး ပိတုန်းရောင်ကဲ့သို့ ဆံရစ်ဝိုင်းလေးနှင့် မျက်လုံးများ ကြည်လင်တောက်ပ

စူးရှ သွက်လက်ပေါ့ပါးသည်ဟု မှတ်သားရပါသည်။

## ဘုန်းကြီးကျောင်းသားဘဝမှာပင် ဖြောက်စားကြ

မိဘများသည် မိရိုးဖလာ ဗုဒ္ဓဘာသာ မွန်တိုင်းရင်းသားများဖြစ်သည့် အားလျော်စွာ မောင်လုံးလေးအသက်(၈)နှစ်အရွယ်တွင် ပထမ၊ ရွာလွတ် ဂူကျောင်းဆရာတော်ထံတွင် ဝတ်ကြီးဝတ်ငယ်ပြုတတ်ရန်နှင့် စာပေသင်ကြားရန် အပ်နှံသည်။

ဒုတိယ ကွမ်းရိုက်တော်ကနားရွာ ပဗ္ဗတမင်္ဂလာရုံကျောင်း ဆရာတော်ဦးနာဂသေနတို့ထံ အပ်နှံသည်။

ပါရမီရှင်လေးဖြစ်၍ အာသွက်လျှာသွက် ဉာဏ်ထက်လှသဖြင့် စာပေဆိုင်ရာများကို နှုတ်တိုက် အလွတ်အာဂုံ နှုတ်ငုံပြန်ဆိုနိုင်သည်။

ထို့ကြောင့် အခြားကျောင်းသားများထက် ဆရာတော်ကြီးများ၏ အရေးပေး မြှောက်စား ချီးကျူးခြင်းကို အထူးခံရပါသည်။

## ရှင်သာမဏေဘဝ

## ထူးခြားလှ နာမတွဲမည်တော်

ဘုန်းကြီးကျောင်းသား ဘဝဖြင့် (၇) နှစ်တိုင်တိုင် ပိဋကတ်အခြေခံစာပေများ တတ်မြောက်ပြီး (၁၆)နှစ်အရွယ် လူပျိုပေါက်လေး အရွယ်ရောက်သော အခါ မိဘများက သာမဏေအဖြစ် သာသနာ့ဘောင်သို့ သာသနာ့အမွေခံ ယူစေသည်။

ပဗ္ဗတမင်္ဂလာရုံ ... ... ဘိုက်နာယက ဆရာတော် ... ... သရမဟာထေရ်ကို ဥပဇ္ဈ..ယပြုစေ၍ ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်၊ အင်္ဂါနေ့တွင် **ရှင်အာဒိစ္စ**ဟု နာမပညတ်သတ်မှတ်ခေါ်တွင်စေလေသည်။

'ဤသာမဏေသည် နောင်အနာဂတ်တွင် ရောင်ဝါထိန်လင်း နေမင်းပမာ ဤသာသနာ၌ ထင်ရှားလိမ့်မည်'

ဟု အတိတ်နိမိတ်ယူခြင်းဟု ဥပဇ္ဈာယ်ဆရာတော်ကိုယ်တိုင် မိန့်တော်မူလေသည်။

ပိဋကတ်စာပေကို (၂)နှစ် ဥပဇ္ဈာယ်ဆရာတွင် သင်ကြားပြီး ကသုံးရွာ သုသာန်ကျောင်းသို့ ပြောင်းရွှေ့ကာ ဝိနည်း ပိဋကတ်ဆိုင်ရာစာပေများ သင်ကြားသည်။

ယခင်က သုသာန်ကျောင်း ယခု

www.burmeseclassic.com

www.burmeseclassic.com

မဟာရင်ကျောင်းဆရာတော် ဦးဝုမ္မပါလသည် ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သောဆရာတော် ဖြစ်သည်။

ရှင်အာဒိစ္စသည် ဘီလူးကျွန်းချောင်းဆုံမြို့နယ်၊ မဟာရင်ဂိုဏ်းလုံးဆိုင်ရာဝိနည်းစာပြန်ပွဲကြီးတွင် ဝင်ရောက် ပြန်ဆိုရာ အမှတ်အများဆုံး အာဂုံပြန်ဆိုနိုင်၍ သုံးနှစ်တိုင်တိုင် ပထမဖြင့် အောင်မြင်ခဲ့သည်။ ကတိုးပရိယတ္တိစာမေးပွဲတွင် ဒုတိယအဆင့်ဖြင့် အောင်မြင်ပြန်သည်။

ထို့နောက် အစိုးရ ပထမပြန်စာမေးပွဲ၌ ၁၂၉၈ ခုနှစ်တွင် ပထမငယ်တန်းကို အောင်မြင်သည်။ ၁၂၉၉ ခုနှစ်တွင် ပထမလတ်တန်းကို အောင်မြင်သည်။

## ပဌင်းပျိုဘဝ စာချတန်း
## ဆုံးခန်းပြီးမြောက် အောင်မြင်ခြင်း

ပထမလတ်တန်း အောင်မြင်သည့် ၁၂၉၆ ခုနှစ်တွင် မိဘများက ဘီလူးကျွန်းကွမ်ရိုက်ရွာသို့ ပြန်ခေါ်ကာ တော်ကနားရွာ ပဗ္ဗတမင်္ဂလာရုံကျောင်းဆရာတော် ဦးဉာဏိသသရမထေရ်ထံတွင် ဥပဇ္ဈာယ်ပြု၍ ပဗ္ဗတ မင်္ဂလာရုံကျောင်းသိမ်တော်တွင် ရဟန်းအဖြစ်...

ကွမ်ရိုက်ရွာနေ ဦးနှစ်+ဒေါ်လှရာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ၁၂၉၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၂)ရက်နေ့ နံနက်(၉)နာရီတွင် ဖြစ်ပါသည်။

ရှင်သာမဏေဘဝကပင် ဝိနည်းစာပြန်ပွဲကြီးများ၊ ပရိယတ္တိစာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့အောင် ကြိုးစားခဲ့သည်။

ဘဝတူ ရှင်သာမဏေများအားလည်း ဝိနည်း၊ ပိဋကတ်ဆိုင်ရာများ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဌကထာ၊ စာဝါများ



ဆွမ်းခံကြွရာ စည်းကမ်းတကျ ကတိုးမဟာရင်စာသင်တိုက်

သင်ကြားပို့ချပေးခဲ့ပါသည်။

မြတ်ဆရာဖြစ်ချင်သော အာသီသက သာမဏေဘဝမှာပင် အစပျိုးခဲ့လေရာ ဆရာတစ်ယောက်၏ အရည်အချင်းပြည့်ဝအောင် ပဌင်းပျိုဘဝမှာ အစွမ်းကုန် ကြိုးစားလေတော့သည်။

ရဟန်း၏ စည်းကမ်းဥပဒေ ကျင့်ဝတ် ပါတိမောက်ကို သုံးရက်နှင့် နှုတ်တက် အာဂုံဆောင်နိုင်အောင် ကျက်မှတ်သည်။

မုဒုံမြို့နယ်၊ ဖားအောက်တောရ ခေမိကသိပ္ပံကျောင်းတိုက်၌ ကျင်းပသော မွန်အမျိုးသားဝိနယစာမေးပွဲ အကျော်တန်း ဝိနည်းငါးကျမ်းကို ဝင်ရောက် ဖြေဆိုရာ ဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့လေသည်။

## ရန်ကုန်မြို့ မန္တလေးမြို့တို့တွင်
## စာပေသင်ကြားခြင်း

သက္ကရာဇ် ၁၃ဝ၇ ခုနှစ်တွင် ကတိုးရွာမှ ရန်ကုန်မြို့သို့ ကြွရောက်၍ ဘုရားကြီးကျောင်းတိုက် ပါဠိဘာသာ ပညာရေးနာယကအဖွဲ့ဝင် ဆရာတော် ဦးကောဏ္ဍညမထေရ်ထံတွင် ပါဠိနှင့် အဌကထာကျမ်းများ လေ့လာ သင်ကြားပါသည်။

၁၃ဝ၈ ခုနှစ်တွင် ပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့ပါသည်။ ၁၃ဝ၉ ခုနှစ်တွင် စာချတန်း ဂုဏ်ထူးဆောင် နှစ်ကျမ်းကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ထို့နောက် မန္တလေးသို့ ကြွရောက်တော်မူ၍ ဒက္ခိဏာရာမကျောင်းတိုက် **ဆရာတော်ဦးကြွယ်၊ ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တဥက္ကံ့**သတို့ထံတွင် စာချတန်းဆိုင်ရာကျမ်းစာများ လေ့လာ သင်ကြားပါသည်။

ထို့နောက် သက်တော်(၃၁)နှစ်အရွယ်တွင် စာချတန်းကို ဝင်ရောက်ဖြေဆိုရာ ၁၃၁ဝ ပြည့်နှစ်တွင် စာချတန်းကို ဆုံးခန်းတိုင် ပြီးမြောက်အောင်မြင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

### မွန်ဘာသာဖြင့် စာချတန်းကို ပထမဦးဆုံးအောင်မြင်တော်မူခြင်း

အရှင်အာဒိစ္စသည် စာချတန်းကို မွန်ဘာသာဖြင့် မြန်မာနိုင်ငံတွင် ဆုံးခန်းတိုင်အောင် ပထမဆုံး ထူးချွန်စွာ အောင်မြင်တော်မူသည်။

ထိုထူးချွန်မှုအတွက် နိုင်ငံတော်အစိုးရ၏ **သာသနဓဇ သိရီပဝရ ဓမ္မစရိယဘွဲ့တံဆိပ်တော်**ဖြင့် ဆက်ကပ် ချီးမြှောက် လှူဒါန်းတော်မူလေသည်။

### နိုင်ငံခြားသို့ ပညာတော် သင်ယူတော်မူခြင်း

**'အရွယ်ကောင်းတုန်း အချိန်မဖြုန်းနှင့်'** ဟူသော စကားအတိုင်း ရဟန်းတော်ဦးအာဒိစ္စသည် ဓမ္မာစရိယ အောင်မြင်ပြီး သွားသောအခါ သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံများသို့ သာသနာရေးဆိုင်ရာ ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတတို့ကို ရှာမှီးရန် ကြွသွားတော်မူလေသည်။

သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမကျောင်းတိုက်၊ ဘလန်ဂိုဒမြို့၊ ဘလန်ဂိုဒပရိဝေဏ ကျောင်းတိုက်တို့၌ သီတင်းသုံး၍ အာနန္ဒမေတ္တေယျ ကောလိပ်နှင့် အပြင်ကျောင်း၌ ပါဠိ၊ အင်္ဂလိပ်၊ သက္ကတ၊ ဟိန္ဒီဘာသန္တရ စာပေများ လေ့လာသင်ယူခဲ့ပါသည်။

### ဘုရားရှင်သာသနာတည်ထွန်းရာ သီဟိုဠ်သာသနာများလေ့လာခြင်း

ဘာသန္တရစာပေများ လေ့လာ သင်ကြားနေရင်း၊ အားလပ်ချိန်များတွင် ဘုရားရှင် သာသနာဆိုင်ရာ ထူးခြားသော ဘုရား၊ စေတီ၊ သိမ် စသည်တို့ကို လှည့်လည် ဖူးမြော်ခြင်းကို မပြတ်ပြုတော်မူခဲ့လေသည်။

နာမည်ကျော် ကလျာဏီစေတီ (ဓမ္မစေတီမင်းလက်ထက် ရာမညရဟန်းတော်များ ရဟန်းခံခဲ့သော ကလျာဏီမြစ်နားရှိ သိမ်)၊ မဟိန္ဒလေတောင် [သီဟိုဠ် (သီရိလင်္ကာ)ကျွန်းသို့ သာသနာရောက်စ ဒေဝါနံပိယ တိဿမင်းနှင့် မဟိန္ဒမထေရ်တို့ တွေ့ဆုံသောတောင်]...

သီရိပါဒ သမန္တကူဋတောင် (မြတ်စွာဘုရား၏ခြေတော်ရာ တည်သောတောင်ပေါ်)၊ ကန္ဒီစွယ်တော်တိုက်ခန်း၊ အာလောကလိုဏ်ဂူ (စတုတ္ထသင်္ဂါယနာတင်ရာ ကျောက်လိုဏ်ဂူ)...

တိဿမဟာရာမ၊ ဗလံဂိုဒ၊ အနုရာဓမြို့ဟောင်းရှိ မဟာစေတီ၊ လောဟပါသာဒခေါ် ကြေးပြာသာဒ်ကျောင်း၊ မဟာဝိဟာရကျောင်းတိုက်၊ ထူပါရာမ၊ ဒက္ခိဏာသာခါ မဟာဗောဓိပင် စသည်တို့ကို ဖူးမြော်မပြတ်လေ့လာခဲ့ပါသည်။

ဝေဒဂူဆရာတော် ရှင်သာမဏေဘဝဖြင့် သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ရောက်ရှိစဉ် အဆိုပါ နေရာထူးနေရာမြတ်များသို့ ဆရာတော်ဦးအာဒိစ္စ ကိုယ်တော်တိုင် လိုက်လံပြသဖူးမြော်ခဲ့ရကြောင်း မှတ်တမ်းပြုထားပါသည်။

### မြန်မာနိုင်ငံ ပြန်ခါနီး အိန္ဒိယနိုင်ငံသို့ လှည့်လည်ဖူးမြော်လေ့လာခြင်း

သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတွင် သုံးနှစ်သုံးမိုး ဘာသန္တရ ဗဟုသုတ ပညာရပ်များ ဆည်းပူးလေ့လာ သင်ကြားပြီး အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူသည်။

မဇ္ဈိမဒေသ ဗိဟာရ်ပြည်နယ်ရှိ ဒဿနီယဌာနနှင့် သံဝေဇနီယဌာနများသို့ ကြွရောက်တော်မူသည်။

**ဗုဒ္ဓဂယာ** (ဘုရားပွင့်ရာ မဟာဗောဓိပင်)၊ **ဗာရာဏသီ**(ဆာရ်နတ်-မိဂဒါဝုန်တော)၊ **သာဝတ္ထိဇေတဝန်ကျောင်း**၊ **ရာဇဂြိုဟ်**(ဝေဠုဝန်ကျောင်း)၊ **နာလန္ဒာ** (ယခင် မဟာယာနတက္ကသိုလ်)၊ **ကုသိနာရုံ** (ပရိနိဗ္ဗာန်စံရာ အင်ကြင်းတော) စသည့် ဒေသများသို့ ဖူးမြော်လေ့လာခဲ့ပါသည်။

ထို့နောက် အိန္ဒိယနိုင်ငံ၏ မြို့တော်များဖြစ်သော ကလကတ္တား၊ ဘုံဘေ၊ မဒရပ်၊ **လပ်ခနောင်း** (ဗိဟာရ်ပြည်နယ်၏ မြို့တော်) စသည်တို့သို့လည်း လှည့်လည် သုတရှာဖွေကြည့်ရှုခဲ့ပါသည်။ သက္ကရာဇ် ၁၃၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ကတိုးရွာသို့ ပြန်ကြွတော်မူလေသည်။

နေရင်းဒေသဖြစ်သော ကတိုးမဟာရင်စာသင်တိုက်ကြီးသို့ ပြန်ရောက်လာသော ဆရာတော်ဦးအာဒိစ္စအား ကတိုးမဟာရင်ကျောင်းတိုက် ဆရာတော် ဦးဝုပ္ပလသည် လွန်စွာ ချီးမြှောက်တော်မူသည်။

တက္ကသိုလ်မှ အတတ်ပညာ စုံလင်တတ်မြောက်လာသော သားတော်မင်းသားလေးကို အိမ်ရှေ့အရာ ချီးမြှောက်သော ခမည်းတော်ဘုရင်ကဲ့သို့ မိမိတပည့်ဦးအာဒိစ္စကို တိုက်အုပ် ရာထူးပေး၍ ပရိယတ္တိစာပေပို့ချစေ၏။

ရှေ့လ ဆက်ဖတ်ပါရန်

ခင်ခင်ဝင်း
(မာရဝတီ)

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ ဇူလိုင်လ

# ကျန်းမာရေး အတွက်

## အကြံပေးချက်များ

◆ **မိဿရာသီဖွား(မတ်လ ၂၁ ရက်မှဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို ရှောင်ကြဉ်ပါ။**

**❂ အာပေါဓာတ်စာများ**

ကျွဲသား၊ ကြွက်သား၊ ရေမြွေသား၊ ဝက်သုံးထပ်သား၊ ခရု၊ ကဏန်း၊ ကနကမာ၊ ချိုင်း၊ ဘဲငန်း၊ ဖား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးဂကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်၊ ကသပိုး၊ ငါးသလဲထိုး...

ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ပျစ်သီး၊ ဘူးသီး၊ သခွားသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သင်္ဘောသီးနု၊ ငှက်ပျောသီး...

ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ သပွတ်၊ ရေထိကရုံး၊ ကြက်သွန်နီ၊ မင်းကွတ်သီး၊ ကျောက်ပွင့်၊ ရေညှိ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ...

ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ ဖလံတောင်ဝေ့၊ (ရေ) သရက်ကင်း၊ မဲဇလီကြီး။

**❂ ပထဝီဓာတ်စာများ**

ကြက်၊ ချိုး၊ ခါ၊ ငုံး၊ ဆိတ်၊ သမင်၊ ဒရယ်၊ ဆိတ်၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဘဲ၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီးမြွေ၊ ပုရစ်၊ လိပ်၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးရွှေ၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ ကျွဲနို့၊ ထောပတ်...

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တည်င်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ စားတော်ပဲ၊ သစ်ကြားသီး၊ အုန်းသီး၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်။

◆ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

**❂ ဝါယောဓာတ်စာများ**

ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငှက်ဥ၊ ငုံးဥ၊ ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတက်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်၊ သပွတ်ခါး၊ ကြောင်လျှာ၊ သင်္ဘောသီးရင့်၊ တမာရွက်...

ခင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန်ညင်းခါး။

**❂ တေဇောဓာတ်စာများ**

ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ က,ကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်၊ မြွေပွေး၊ မြွေဟောက်၊ ကြောင်၊ ကြွက်၊ ရှဉ့်၊ ကြက်သား...

ဒူးရင်း၊ ဩဇာ၊ သင်္ဘောသီးမှည့်၊ ရဲယို၊ စောင်းလျား၊ မရန်း၊ သံပရာ၊ ရှောက်ချဉ်၊ ဆီးချဉ်၊ ကနစို၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မို့၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး၊ သစ်ကြပိုး၊ လေးညှင်း၊ ပတဲကော...

ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်၊ တောင်သလဲ၊ ကင်ပွန်း၊ ငုံ၊ ကြာဟင်း၊ ကုက္ကို၊ ထန်းရည်၊ ဝဥ၊ ပီလောပီနံဥ။

◆ **မေထုန်ရာသီဖွား (မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အားပြု၍ အာပေါဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

◆ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိကစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**

◆ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ) တို့သည် အာပေါဓာတ်စာကို အားဖြည့်သုံးစွဲ၍ ပထဝီဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**



◆ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ) တို့သည် တေဇောဓာတ်စာကို အားပြုသုံးဆောင်၍ ဝါယောဓာတ်စာကို ဆင်ခြင်စားသုံးပါ။**

◆ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အဓိကစားသုံး၍ အာပေါဓာတ်စာကို ချင့်ချိန်သုံးဆောင်ပါ။**

◆ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

◆ **ဓနုရာသီဖွား (နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့သည် အာပေါဓာတ်စာကို အဓိကသုံးစွဲ၍ ပထဝီဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**

◆ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

◆ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော် ဝါရီ ၁၈ရက် အတွင်းမွေးသူ) တို့သည် ပထဝီဓာတ်စာကို အဓိကအားပြု၍ အာပေါဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။**

◆ **မိန်ရာသီ (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို ဖြည့်ဆည်းသုံးဆောင်၍ တေဇောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**

*အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။*

**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝ၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန့်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန့်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၈၅၁

ဦးဇော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



ဤ သတ္တလောက ကြီးတွင် ကျွန်တော်တို့ မသိနိုင်သေးသော ထူးခြားဆန်းကြယ် ဖြစ်ရပ်တွေ ရှိနေခဲ့ပါသည်။ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအပြင် ဗေဒင်ပညာ၊ ကဝေပညာ၊ ပညာသည် အမျိုးမျိုး တို့နှင့် တွေ့ကြုံ မြင်တွေ့ခဲ့ရသော စာရေးသူ၏ အဘိုးအကြောင်းကို အောက်ပါ ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းအနေ ဖြင့် ရေးသားတင်ပြ လိုက်ရပါသည်။



အချိန်ကား ၁၉၃၂ ခုနှစ်၊ မြန်မာနိုင်ငံ အလယ်ပိုင်း ရေနံမြေ ဘီအိုစီ ကုမ္ပဏီ အင်္ဂလိပ်အစိုးရက အုပ်စိုးနေချိန် ချောက်ရေနံချက်စက်ရုံ တွင် တာဝန် ထမ်းဆောင် နေခဲ့ရသော မစ္စတာဂျွန်၏ ထူးခြား ဖြစ်ရပ်ဆန်းအမှန်ကို စာရေးသူ၏ မိခင်အိုကြီးထံမှ ကြားသိခဲ့ရပါသည်။

လမ်းမတော် ကိုညိုး

အင်္ဂလိပ်လက်ထက် ကျွန်တော့်အဘိုး၏

# အောက်လမ်းပညာသည်များနှင့်

ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းများ (၁)

မစ္စတာဂျွန် ဆိုသူမှာ တခြားသူ မဟုတ် စာရေးသူ၏အဘိုး ဖြစ်သည်။ အင်္ဂလိပ်လက်အောက်တွင် အင်္ဂလိပ် အမည်နှင့် အလုပ် လုပ်နေသော မြန်မာ လူမျိုး ဗုဒ္ဓဘာသာစစ်စစ် အင်ဂျင်နီယာ အရာရှိဖြစ်သည်။ အင်ဂျင်နီယာဘွဲ့များကို အိန္ဒိယ နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့တွင် ပညာသင် ယူခဲ့ပြီး ၁၉၃၀ ပြည့်နှစ်ဦးပိုင်းတွင် ရေနံမြေ၌ အလုပ် လုပ်နေခဲ့သူဖြစ်





www.burmeseclassic.com

www.burmeseclassic.com



သည်။

မစ္စတာဂျွန်မှာ ယခုလက်ရှိ ဝန်းပိုင်ရာထူးကို ရနေခဲ့ပြီး မစ္စတာဂျွန်၏ ဝါသနာနှင့် ထူးခြားချက်ကတော့ အမဲ ပစ် တော်သည်။ သေနတ် လက် ဖြောင့်သည်။

ချောက်, ရေနံချောင်းနှင့် နီးစပ်သော ရေနံမြေပတ်ဝန်းကျင် ပခုက္ကူ, ယော, စောနယ် တစ်ဝိုက်နှင့် ရိုးမတောင်ခြေ တစ်ဝိုက် အမဲမပစ်ဘူးသည့် နေရာမရှိ။

အလုပ်အားရက် အလုပ် ပိတ်ရက်ရှည်ရှိလျှင် တစ်တောဝင်၊ တစ်တောင်ထွက် အမဲပစ်လေ့ရှိသည်။

မစ္စတာဂျွန်၏ သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်တွေထဲမှ အင်္ဂလိပ်အရာရှိ၊ မြန်မာအရာရှိ မင်းမှုထမ်းများ၊ တပည့်များ အမဲပစ်တိုင်း လိုက်ပါကြသည်။

အမဲပစ်ရာတွင် လိမ္မာပါးနပ်ပြီး ကျွမ်းကျင်သူပီပီ အမဲလိုက်ဝတ်စုံ၊ အမဲလိုက်ပစ္စည်း၊ ဆေးဝါးအသုံးအဆောင်တွေ စနစ်တကျ အမြဲ အပြည့်အစုံ ပါရှိသည်။

မိတ်ဆွေ သူငယ်ချင်းများကလည်း အမဲပစ် တောလိုက်ဖို့ မစ္စတာဂျွန်ကို အမြဲဖိတ်ခေါ်သည်။ အကူအညီ တောင်းခဲ့ကြသည်။

နိုင်ငံခြားမှ အင်္ဂလိပ်ဧည့်သည်တွေ ရောက်တိုင်း မစ္စတာဂျွန်အကူအညီနှင့် အမဲလိုက်သည်။ အမဲလိုက်တိုင်း မစ္စတာဂျွန်ပါတိုင်း သားကောင်ရကြသည်။

သားကောင်ရလျှင် ညစာ စားပွဲတည်ခင်းကြသည်။ မစ္စတာဂျွန်က အင်ဂျင်နီယာအရာရှိပီပီ နေပုံထိုင်ပုံ စည်းစနစ် အလွန်ကြီးသည်။

ဘီအိုစီမှပေးထားသော အိမ်ဂေဟာတွင် မိသားစုတွေ နေထိုင်ရသည်။ သမီးလေးယောက် ဖခင်ဖြစ်၍ သမီးလေးယောက်စလုံးကို ကျောင်းအိပ်ကျောင်းစား အင်္ဂလိပ်ကျောင်း ဘော်ဒါထားသည်။

နွေရာသီကျောင်းပိတ်ကြမှ ဘီအိုစီ အိမ်မှာ မိသားစုတွေ စုံစုံညီညီ ပျော်ပွဲစားထွက်ခြင်း၊ အပန်းဖြေခရီးသွားခြင်း၊ ရေနံမြေတစ်ခွင် အပျော်ခရီးထွက်ခြင်းတွေကို ပိတ်ရက်တိုင်း မိသားစုတွေ သွားနေကျဖြစ်သည်။

မိမိအိမ်ခြံတွင် အိမ်လုံခြုံမှုအတွက် လေ့ကျင့်ပေးထားသော အင်းခွေးကြီးများ မွေးထားသဖြင့် မစ္စတာဂျွန်၏ အိမ်အနီးသို့ တော်တန်ရုံ မလာရဲကြ။

အင်္ဂလိပ်အရာရှိများနှင့် တန်းတူ လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်မှုကို ရရှိထားသူပီပီ လုပ်ငန်းကျွမ်းကျင်မှုကြောင့် ဝန်းပိုင်ရာထူးကို ရရှိခဲ့သည်။

ဒီနေ့ အမဲပစ်ရန် မစ္စတာဂျွန် အပါဝင် ကားသုံးစီး ရိုးမတောင်ခြေသို့ ဦးတည်မောင်းနှင်လာကြသည်။ ကားဆက်၍ မောင်းမရသော နေရာတွင် ကားများကို အစောင့်များနှင့် ထားခဲ့၍ တောထဲသို့ ခြေကျင်ခရီး နှင်ရမည်။

သက်လုံကောင်းမှု၊ သတ္တိရှိမှု၊ လက်နက်ပြည့်စုံမှုတို့ ရှိပြီးသားဖြစ်သည်။ မစ္စတာဂျွန်တို့အဖွဲ့ စိတ်အားထက်သန်စွာ တောထဲသို့ တိုးဝင်ခဲ့ပြီး သုံးနာရီလောက်အကြာ စိမ့်စမ်းစီးဆင်းသံနှင့်အတူ ရေသောက်ဆင်းနေသော ချေငယ် အုပ်စုတစ်စုကို တွေ့ရပြီ။

သို့နှင့် အားလုံး ခြေသံလုံလုံနှင့် စမ်းရေချောင်းစုံရာသို့ လေအောက်သို့ ပြောင်းရွှေ့နေရာယူပြီးသား ဖြစ်နေသည်။

ဒိုင်းခနဲ သေနတ်သံနှင့်အတူ နောက်ဆက်တွဲ သေနတ်သံတွေ တောတစ်ခုလုံး လွှမ်းသွားသည်။ သေနတ် ထိမှန်သွားသော ချေငယ် တစ်ကောင် တုံးလုံးလဲကျသွားသည်။ တစ်ကောင်က ချက်ကောင်း မထိသဖြင့် ထပြေးရန် ကြိုးစားနေသည်။

မစ္စတာဂျွန်က ပစ်ပြီးသား သေနတ်မောင်း အမြန် အသင့်တင်ပြီး ထပြေးရန် ကြိုးစားနေသော ချေငယ်ကို ပစ်ချလိုက်သည်။ ထိုချေငယ် ဇီဝိန်ချုပ်ငြိမ်သွားသည်။

မစ္စတာဂျွန်၏ အမဲပစ်ရာတွင် ကျွမ်းကျင်လိမ္မာပါးနပ်သည့် အတွေ့အကြုံအရ မုဆိုးကြီးများ လုပ်ဆောင်ချက်ဖြစ်သည့်အတိုင်း ကိုယ့်ကို ပြန်လည်တိုက်ခိုက်နိုင်မည့် သားကောင်ဖြစ်ပါက သွေးရှူးသွေးတန်း ကျားနာခဲ့သလို တရှူးထိုး တိုက်ခိုက်နိုင်သည်။ ဒါကို လက်မနှေးသင့်၊ မိမိကပြုံးအောင် အရင်နှိမ်နင်းနိုင်မှ တော်ရကျမည်။

သူငယ်ချင်းများ လက်ခုပ်တီး

www.burmeseclassic.com

www.burmeseclassic.com

ထောပနာပေး ချီးမွမ်းကြသည်။ ယနေ့ ည ညစာစားပွဲတစ်ခု အောင်မြင်စွာ တည်ခင်းကြဦးမှာ အမှန်ဖြစ်သည်။

သည်လိုနှင့် အချိန်အားလပ်ရက် မှန်သမျှ ရိုးမတောထဲမှာ မစ္စတာဂျွန်နှင့်အဖွဲ့ အမြဲ အမဲပစ်လေ့ ရှိနေကြသည်။ သွားနေကျ၊ လာနေကျ တောများဖြစ်၍ လူစုခွဲပြီး (၂)ယောက်တွဲ (၃)ယောက်တွဲ အမဲရှာဖွေ ထွက်ခဲ့ကြသည်။

မစ္စတာဂျွန်က အဖော်မလို၊ တစ်ဦးတည်း၊ တောကျွမ်းပြီးသား။ မိမိတို့ ဆုံမည့် စမ်းချောင်းအနီးသို့ နာရီကိုက်ပြီး ချိန်းလိုက်ကြသည်။

အချိန်ကလည်း နေ့လယ်(၁၂)နာရီလောက်ရှိမည်။ နေရောင်က သစ်တောအုပ်တွေကြောင့် မှောင်ရီပျိုး အချိန်လိုဖြစ်နေသည်။

မစ္စတာဂျွန်အနီးသို့ လူရိပ်လိုလို သားကောင်လိုလို ရိပ်ခနဲ တိုးဝင်လာသည်။ ဖြတ်သွားသည်။ လိုက်လာနေသည်ဟု ခံစားမိသည်။

မစ္စတာဂျွန် ခြေသံလုံလုံနှင့် သားကောင် ချောင်းသလို နားစွင့်ထားသည်။ ''ဘာပါလိမ့်''ဟု စိတ်ထဲတွင် အတွေးဝင်လာသည်။ တောကောင်တော့ မဟုတ်ပါ။

လေသံလည်းငြိမ်၊ ရေသံလည်းငြိမ်သည့်နေရာ။ သည်လိုနှင့် မိမိတို့ ဆုံနေကျ နေရာသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တဖွဲဖွဲ ရောက်လာကြသည်။

သေနတ်သံ တစ်ချက်ကြောင့် သားကောင်တစ်ကောင်တော့ ရလာကြသည်။ မစ္စတာဂျွန်ကတော့ သေနတ်တစ်ချက်မှ မပစ်ခဲ့ရ။

နေ့စဉ်ရက်ဆက် အားရက်တိုင်း အင်္ဂလိပ်ဧည့်သည်များ ရောက်တိုင်း သည်တောထဲ ရောက်ရပြန်သည်။



တစ်ယောက်တည်း (၂)ယောက်တွဲ သွားတိုင်း မိမိနောက်မှ လူတစ်ဦး အမြဲလိုက်နေသလို ခံစားနေရသည်။ အရိပ်အမည်းတစ်ခုကလည်း ကပ်ပါနေသည်။

သည် အကြောင်းတွေကိုတော့ မစ္စတာဂျွန်မှလွဲ၍ မည်သူမျှမသိ။ တောလိုက်မုဆိုးကြီးများ ခံစားရသလို တောခြောက်ခြင်းများလား၊ မဖြစ်နိုင်ပါ။

* * *

ဒီလ နွေရာသီ ကျောင်းပိတ်ရက် မိသားစုတွေ အိမ်မှာ စုံစုံညီညီ။ ဦးလေး၊ အဒေါ်တွေ ရောက်နေတယ်။ မွေးနေ့ပွဲ၊ ညစာစားပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ လုပ်ကြ။ ရေနံမြေတစ်ခွင် ကား အပျော်စီး ထွက်ကြတယ်။

မစ္စတာဂျွန်ကိုယ်တိုင် ကားမောင်းကာ တောင်ဆင်းတောင်တက် ပျော်စရာကောင်းတယ်။

စာရေးသူအမေရဲ့ ပြောပြချက်အရ ဒယ်ဒီက ကားမောင်းသိပ်တော်တယ်။ ချောက်၊ ရေနံချောင်း ရေနံမြေတွေဘက်သွားရင် ယခု ဒေါင်းသေချောင်း သဲချောင်းကို ဖြတ်ရတယ်။

သဲထဲမှာ ကားကို ဂီယာအမျိုးမျိုး ပြောင်းပြီး ဖြတ်သန်းရတယ်။ လူသူ အရောက်အပေါက်နည်းတဲ့ နေရာတွေဆိုတော့ အနီးတစ်ဝိုက် တစ်ခုခုဖြစ်ရင်တောင် အကူအညီတောင်းဖို့ မလွယ်။

ဒယ်ဒီက ဘယ်သွားသွား ကားနဲ့ သွားရင် သူ့ရဲ့ အမဲပစ်သေနတ်နဲ့ ခြောက်လုံးပြူး သေနတ်တစ်လက် အမြဲပါတယ်။ ဒီနေ့ မြို့ပြင်တစ်နေရာ အရောက် လက်ပံပင်ကြီးတစ်ပင်ပေါ်မှာ အသိုက်ကြီးတစ်ခုကို ဒယ်ဒီ တွေ့လိုက်တော့ ကားကို ဖြည်းဖြည်းလိုမ့်ပြီး သစ်ပင်ကြီးနား ကပ်လိုက်တယ်။

အသိုက်ကြီးကို သေချာကြည့်လိုက်တော့ ငှက်ကြီးဝန်ပိုအသိုက် ဖြစ်နေတယ်။ အသင့်ပါလာတဲ့ အမဲပစ်သေနတ်ကိုယူပြီး ဝဲပျံနေတဲ့ ငှက်ကြီးကို ချိန်ပြီး ပစ်ချလိုက်တယ်။

ငှက်ကြီးလဲ တောင်စောင်းဘက် ထိုးကျသွားတယ်။ ဘွိုင်ကုလားက ချက်ချင်း... တပည့်ကျော်ပီပီ ပြေးကောက်လာတယ်။

ဒယ်ဒီက ဒါ **Flying Shoot** ခေါ်တယ်။ လှုပ်ရှားနေတဲ့ ပစ်မှတ်ကို အလွယ်တကူ မှန်ဖို့ဆိုတာ မလွယ်ကြောင်း မိသားစုတွေကို ဝမ်းပန်းတသာ ပြောပြတယ်။

ဒယ်ဒီ တကယ်တော်တာပဲလို့ သမီးတွေက ပျော်နေတယ်။ အိမ်ရောက်တော့ ငှက်ကြီးဝန်ပိုသား ကြော်စားတာ တကယ်ကောင်းတယ်။ ပျော်စရာကောင်းတယ်လို့ စာရေးသူရဲ့ မိခင်ကြီးက ပြောပြတယ်။

သူတို့ညီအစ်မတွေ ကလေးပီပီ ဘာမှ မသိကြသေးပေ။ တကယ်တော့ မစ္စတာဂျွန်က ငှက်ကြီးဝန်ပိုရဲ့ အသိုက်အမြုတစ်ခုကို ဖျက်ဆီးလိုက်ခဲ့တယ်။

နောက်နေ့ ဒယ်ဒီက အဲဒီ လက်ပံပင်ကြီးဘက်ကို သွားသွားကြည့်ခဲ့တယ်။ သူ ပစ်ချလိုက်တဲ့ ငှက်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



အထီးကြီး ဖြစ်ပါစေလို့ သူ ဆုတောင်းခဲ့တယ်။

ဆုတောင်း မပြည့်ပါ။ ကျန်ခဲ့တဲ့ ငှက်ပေါက်ကလေးတွေနဲ့ ငှက်မကြီး မဟုတ်။ ငှက်အထီးကြီး အထီးကျန် ဖြစ်ခဲ့ရကြောင်း ဟင်းချက်ပေးတဲ့ ဘိုင်ကုလားထံက သိခဲ့ရတယ်။

သို့နှင့် အိမ်က ကလေးတွေ ကျောင်းပြန်ဖွင့်ပြီ။ အိမ်၌ အလုပ်အားရက် မိသားစု စုံစုံညီညီ မရှိသဖြင့် အမဲပစ်ရန် သူငယ်ချင်းများနဲ့ တောထဲကို ရောက်လာခဲ့ကြပြီ။ လမ်း၌ ကားဘီးပေါက်သဖြင့် သတ်မှတ်ချိန်ထက် (၃)နာရီလောက် နောက်ကျသွားတယ်။

ခါတိုင်းလို လူစုခွဲပြီးသွားရန်၊ အရေးကြုံရင် သေနတ်သံ အချက်ပေးရန် ပြောလို့ မိမိနဲ့ ဘိုင်ကုလားတပည့် (၂)ယောက်သား လူစုခွဲထွက်လာတယ်။

တောလဲ နက်လာတယ်။ စိမ့်စမ်း စီးဆင်းသံတွေ ကြားလိုက် ပျောက်လိုက်နဲ့ စုရပ်နေရာသို့ နီးလာကြပြီ။

ခေတ္တနားရန် နှစ်ယောက်သား ရပ်ပြီး သစ်ပင်ကြီးတစ်ပင်အောက်၌ သစ်မြစ်ဆုံကြီးကို ခေါင်းမှီလိုက်တယ်။ တပည့်ကျော် ဘိုင်ကုလားလဲ ပါလာတဲ့ ကျောပိုးအိတ်ကလေး ခေါင်းအုံးပြီး အိပ်ပျော်သွားတယ်။

တောနက်လာကတည်းက ခါတိုင်းလို အရိပ်မည်းတစ်ခု ကပ်လိုက်နေတာကိုတော့ မစ္စတာဂျွန် သိနှင့်ပြီးသား။ မှေးခနဲ အိပ်ပျော်သလို ဖြစ်သွားပြီး နားထဲမှာ "တောက်"ခနဲ တောက်ခေါက်သံနဲ့အတူ...

'မင်းလောက် မိုက်တဲ့သူ ရှိသေးရဲ့လား မင်းအလုပ်တွေ ရပ်ချိန်တန်ပြီ'

ပြောပြောဆိုဆိုနဲ့ "ပါးစပ်ဟာစမ်းမျိုးချလိုက်"ပြောပြီး ဖောက်ခနဲ အသံတစ်ခုနဲ့အတူ ရင်ဘတ်ကို ပုတ်နှိုးလိုက်သလို ခံစားလိုက်ရတယ်။

သူ့အထက်အရာရှိ တစ်ယောက်က အမိန့်ပေးနေသလိုလို၊ ဆူပူကြိမ်းမောင်းနေတာ ခံရသလိုလိုနဲ့ အိပ်ရာက လန့်နိုးခဲ့တယ်။

ဘေးအနီးနားကိုကြည့်တော့ **စိပ်ပုတီးလေးတစ်ကုံး(၉လုံး မြက်ပုတီးလေး)**ရင်ဘတ်ကို ပုတ်နှိုးသွားတာ စိပ်ပုတီးလေး ဖြစ်နေတာ သိရတယ်။

ပါးစပ်မှာ အမွှေးရနံ့တစ်ခု ရနေလို့ အနံ့ ခံနေတုန်း ဘိုင်ကုလားက...

'မစ္စတာဂျွန် this is blood'

လို့ အော်လိုက်တော့ လက်ကိုင်ပဝါ ထုတ်ပြီး ပါးစပ်ကို အမြန်သုတ်ပစ်လိုက်တယ်။

လက်ကိုင်ပဝါကို လုံးပြီး အိတ်ထဲကို ထည့်ထားလိုက်တယ်။ တကယ်တော့ ဝါးထားတဲ့ ကွမ်းတွေ ခွံ့ကျွေးသွားတာကိုတော့ မိမိပဲ သိလိုက်ရတော့တယ်။

ဒီနေ့ မိမိလက်ချက်နဲ့ သားကောင်မရ၊ သေနတ်တစ်ချက် မပစ်လိုက်ရ။ ညတစ်ည အိမ်ရောက်တော့ အိပ်ရာဝင် အိပ်မက်ထဲမှာ...

'မင်းလုပ်ရပ်တွေ ရပ်တန်းက ရပ်တော့၊ ငါမင်းဆီကို ဒုက္ခသည်တွေ၊ ဝေဒနာသည်တွေ လွှတ်ပေးမယ်။ မင်း (၇)ရက်သားသမီးတွေကို ကယ်တင်ပေတော့'

လို့ ပြောသလိုမျိုး၊ အိပ်မက် မက်သလို ခံစားရပြန်တယ်။ မှန်ပါတယ်။ ယနေ့ အလုပ်မှ အိမ်သို့ ပြန်လာခဲ့တယ်။

အိမ်ရှေ့တွင် လူတွေ စုရုံးစုရုံးနဲ့ ဘာတွေ ဖြစ်နေပါလိမ့်။

ရှေ့လ ဆက်ဖတ်ပါရန်

**လမ်းမတော် ကိုမျိုး**

**စာရှုသူ...သူတော်...**

**ပညာရှင်တို့ခင်ဗျာ...**

ဤဆောင်းပါးမှာ ၂၀၀၉ ခုနှစ်လောက်က ရှိခဲ့သော ဆောင်းပါးဖြစ်ပါသည်။

ထိုစဉ်က ဖော်ပြခွင့် မသာခဲ့ပါ။ ယခုမှ ဖော်ပြလိုက်ရသည့်ကို စာရေးသူမှ သည်းခံခွင့်လွှတ်စေချင်ပါသည်။

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**

**စာတည်းမှူး**

**နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်းကျိုးဆင်ခြင် ပညာခွင်

ဇော်မြင့် (မြင်းခြံ)



'ဆရာ...'

အိမ်ပေါ်သို့တက်လာပြီး ကျွန်ုပ်ကို နှုတ်ဆက်လိုက်သောအသံကို ကြားသဖြင့် လှည့်ကြည့်လိုက်သည်။

'ဟော့... အ,လေးလုံးတို့ မိသားစုပါလား'

ဟု ဝမ်းသာစကားဖြင့် ညှော်ဝတ်ကျေစကားဖြင့် ကြိုဆိုလိုက်ရ၏။

'လာ...လာ ထိုင်ကြဦး သိမ့်သိမ့်ကော ပါမလာဘူးလား'

ဟု ကျွန်ုပ်က မေးလိုက်သည်။

'သမီးက သူ့အဘွားအိမ် သွားနေတယ်ဆရာ့'

ဟု အိအိက ဖြေလိုက်သည်။

ကျွန်ုပ်သည်...

မတွေ့ရတာကြာပြီဖြစ်သော အောင်အောင်နဲ့ အိအိမိသားစုကို ချစ်စနိုးဖြင့် အ,လေးလုံးမိသားစုဟူ၍ ခေါ်ဆိုခြင်း ဖြစ်၏။

'ဘယ်က လှည့်လာကြတုံး'

ဟု ကျွန်ုပ်ကမေးလိုက်သည်။

'ဆရာ့ဆီကို သက်သက်လာခဲ့တာ'

ဟု အောင်အောင်က ဖြေလိုက်သည်။

'ဘာ အကြောင်းကိစ္စရှိလို့လဲ အောင်အောင်'

'ကျွန်တော့်ဇာတာကို စစ်ဆေးပေးပါဦးဆရာ'

ကျွန်ုပ်သည် အောင်အောင်၏ စကားဆုံးလျှင် သူ့ဇနီးအိအိဆီသို့ အကြည့်က ရောက်သွားသည်။

ကျွန်ုပ်၏ မျက်စိအကြည့်သည်...

'အိအိယောက်ျား ဘယ်လိုလဲ'

ဟု မေးချင်သော အဓိပ္ပါယ် ဖြစ်သည်။

'အောင်အောင် စိတ်ချမ်းသာအောင် ကြည့်ပေးပါဆရာ'

ဟု အိအိက တောင်းဆိုလိုက်သည်။

''ကဲ... အောင်အောင် ဘယ်လိုဖြစ်နေတယ်ထင်လို့ ဇာတာကို စစ်ချင်တာလဲ'

ဟု ကျွန်ုပ်က မေးလိုက်သည်။

'ဆရာ ပေးထားတဲ့ အင်းနဲ့ ဘုရားကို မနက်နဲ့ညတိုင်း အလင်းတိုင်ကို ပူဇော်ပါရဲ့။ ဒါပေမယ့် အလုပ်က ပါးတယ်။

အလုပ်ကပါးတော့ ငွေဝင်က မကောင်း၊ စိတ်ကမကြည်လို့ ဇာတာကို စစ်ဆေးပြီး ဆရာ့ဆီက ထိရောက်မယ့် အင်းဖြစ်ဖြစ်၊ ယတြာပဲဖြစ်ဖြစ် လုပ်ချင်တာ ဆရာ'

ဟု အောင်အောင် ပြောလိုက်သည်။

'ထိရောက်တယ် မထိရောက်ဘူးလို့ ဆိုတာက ဘာလဲ ပြောစမ်း အောင်အောင်'

ဟု ကျွန်ုပ်က မေးလိုက်ရ၏။

'လုပ်ငန်းကောင်းနေပြီး အဆင်ပြေမယ်၊ ငွေဝင်လေးက ကောင်းနေခဲ့ရင် ဆရာပေးထားတဲ့ အင်းအစီအရင်က စွမ်းနေတယ်၊ ထိရောက်နေတယ်လို့ ကျွန်တော့်စိတ်က မှတ်ထင်ထားတာ ဆရာ၊ လုပ်ငန်းမကောင်းတော့ မထိရောက်တော့ဘူးလား ထင်နေတာ ဆရာ'

ဆရာကြီးသည် အောင်အောင်၏ ပြောပြသော စကားတို့ကို ခပ်မဆိတ်နားထောင်ပြီး စဉ်းစားမိသည်မှာ မိမိ ဖြစ်ချင် လိုချင်သော ဆန္ဒတစ်ခုကိုသာ သိသောသူများကို ပြောရမည့်ကိစ္စမှာ လွယ်မယောင်နဲ့ ခက်ခဲသလို ရှိနေ၏။

ဤဇနီးမောင်နှံသည် သာမန် လုပ်ငန်းဖြစ်သော ကားမီးခွက်၊ ဘန်ကာ၊ ရှဲအမျိုးမျိုး ပြုပြင်လုပ်ကိုင်ရာက ကိုယ်ပိုင်ဆိုင်ခန်း၊ တန်ဖိုးကြီးသော ဆိုင်ကယ်၊ အိအိလည်ပင်းမှာလည်း ရွှေဆွဲကြိုးက နေရာယူထားနိုင်ပြီး ဖြစ်သော်လည်း ကျေနပ်သေးဟန် မတူ။

ကျွန်ုပ်သည် သူတို့ တိုးတက်သည်ကို ကြားသိထားပြီးဖြစ်သည်။ သူတို့ ကျေနပ်မည့် နည်းတစ်ခုခုကို ပေးရလိမ့်ဦးမည်ဟု စဉ်းစားမိသည်။

'ကျွန်တော့်ရဲ့ ဇာတာကို ဘယ်လို မြင်ရလို့ စဉ်းစားနေတုန်း ဆရာ'

ဟု အောင်အောင်က ကျွန်ုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လျက် နောက်တစ်ကြိမ် မေးလာပြန်သည်။

'အောင်အောင်'

ဟု ကျွန်ုပ်က ခေါ်လိုက်သည်။

'ဗျာ'

ဟု ထူးလိုက်ပြီး ကျွန်ုပ်ကို ကြည့်နေ၏။

'လောကီအင်း၊ ဂါထာ၊ မန္တရား၊ ယတြာအစီအရင်တိုင်း ကောင်းပါတယ်။ ဒါပေမယ့် အကြောင်းနဲ့အကျိုး ဆီလျော်မှုရှိမှသာ ကောင်းကျိုးက ဖြစ်လွယ်၊ ရလွယ်တယ်။

အကြောင်းနဲ့အကျိုး မဆီလျော်သေးရင်တော့ ဘယ်လိုလုပ်လုပ် ဖြစ်လွယ် ရလွယ်မှာ မဟုတ်ဘူး'

တို့ဆရာများက လူတစ်ယောက်အတွက် အကြောင်းအကျိုး ဆီလျော်မယ့် နည်းစနစ်ကို ဆင်ခြင်စဉ်းစားရွေးချယ်ပြီးမှ စီရင်ပေးတာပဲ။ ပေးတိုင်းဖြစ်မယ်လို့တော့ မမှတ်နဲ့။ အတိတ်၊ ပစ္စုပ္ပန် ကံတရားကလဲ ရှိသေးတယ်။ ကောင်းကျိုးပေးချိန်ရောက်မှလဲ ဖြစ်တတ်တာပဲ'

ဟု ပြောလိုက်ရာ...

'အကြောင်းအကျိုး ဆီလျော်မှုဆိုတာ ဘယ်လိုအဓိပ္ပါယ်ဆိုတာ ရှင်းပြပါဦး ဆရာ'


ဟု အောင်အောင်က မေးလိုက်သည်။

'ကြဲခင်းကို ပိုင်ပေမယ့် ကြဲကိုစားလို့မရတဲ့ ပြိတ္တာအကြောင်းနဲ့ ဥပမာထားပြီး ပြောပြရင် အောင်အောင် နားလည်လိမ့်မယ်လို့ ထင်တယ်'

ဟု ကျွန်ုပ်က စကားဦးသန်းလိုက်သည်။

'သမီးတို့ နားလည်အောင် ပြောပြပါဦးဆရာ'

ဟု အိအိက ပြောပြန်သည်။



'ဆရာ ဖတ်ဖူးထားတဲ့ **ဥဿုမေတ ဝတ္ထုမှာ** အမျိုးသားတစ်ယောက်သည် ကြဲစည်းကို ပခုံးထပ်၌ထမ်းပြီး ကြဲတစ်ချောင်းစုပ်လျက် သွားနေ၏။

အမျိုးသားတစ်ဦးကလဲ ကလေးငယ်လေးနဲ့အတူ နောက်မှ လိုက်သွားနေတယ်။ မလိမ္မာသော ကလေးငယ်သည် ကြဲကိုတောင်း၏။ ကြဲထမ်းထားသူသည် မကြားချင်ယောင်ဆောင်လျက် ရှေ့မှ မြန်မြန်သွား၏။

ကလေးငယ်သည် နောက်မှနေလျက် ငိုကြွေးပြီး ကြိမ်ဖန်များစွာ ကြဲကိုတောင်းသောအခါ ကြဲပိုင်ရှင်သည် မရှိသေသောစိတ်ထားဖြင့် ကလေးအား ကြဲတစ်ချောင်းကို နောက်ပြန် ပစ်ချပေးလိုက်တယ်။

ကလေးငယ်ကို နောက်ပြန်ပစ်ချပေးခဲ့သော ကြဲပိုင်ရှင်သည် ဆရာတို့ ဂေါတမဘုရား၏ လက်ထက်တော်မှာ ကြဲနောက်ပြန်ပစ်ပေးခဲ့သော ကုသိုလ်ကြောင့် **ရှစ်မင်းပယ်စာကြဲခင်း**ကို ရလေ၏။

ပြိတ္တာသည် ကြဲကို စုပ်လိုသောကြောင့် ကြဲကိုယူမယ်လို့ အနီးသို့ ကပ်သည်နှင့် ကြဲသည် ကွယ်ပျောက်သွားသည်ဖြစ်သောကြောင့် ပြိတ္တာသည် ကြဲကိုမရဘဲ မောပန်းပြီး အကြိမ်ကြိမ် လဲကျနေရတယ်။

အရှင်မောဂ္ဂလာန်သည် ပြိတ္တာကို သနားသဖြင့် သူ၏ အတိတ်အကြောင်းကို ဆင်ခြင်ပြီး သိတော်မူသဖြင့် ကြဲကို နောက်ပြန် နှုတ်ပြီး စုပ်ဖို့မိန့်ကြားတော်မူလေ၏။

အရှင်မောဂ္ဂလာန် မိန့်ကြားသော စကားအတိုင်း ပြိတ္တာသည် နောက်ပြန် နှုတ်လိုက်တဲ့အခါ ကြဲပင်တို့ ပါလာပြီး ဝလင်စွာ သုံးဆောင်ရတယ်လို့ ဖတ်ဖူးတယ် အောင်အောင်'

ဒီပြိတ္တာဝတ္ထုမှာ အကြောင်းကို ဆီလျော်အောင် မပြုပြင် မလုပ်တတ်လို့ အကျိုးတရားဖြစ်တဲ့ ကြဲကို မရဘူး။ အကြောင်းကို ဆီလျော်စွာ နောက်ပြန်လှူခဲ့တဲ့အတိုင်း နောက်ပြန် နှုတ်တော့ ကြဲကိုရတယ်။

ဒီတိုင်းပဲ အောင်အောင် တို့ပုထုဇဉ်ဆရာတွေက အကြောင်းနဲ့အကျိုးကို အရိယာပုဂ္ဂိုလ်များလို မသိမမြင်ဘူး။ သာမန်အတွေးလောက် - အမြင်လောက် လေ့လာမှတ်ဖူး၊ ဖတ်ဖူးပညာရပ်နဲ့ စီရင်ပေးကြတာဆိုတော့ ဖြစ်တဲ့အခါဖြစ်၊ မဖြစ်တဲ့အခါ မဖြစ်ပေ့ါ'

ဟု ပြောပြလိုက်ပြီး စကားကို ရပ်ထားလိုက်သည်။

အိအိက ခေါင်းကို ငုံ့ပြီး နားထောင်သော်လည်း အောင်အောင်စိတ်သည် ဟိုဟိုဒီဒီ ရောက်နေပုံရသည်။

'ဟေ့... အောင်အောင်'

'ဗျာ... ဆရာ'

'ဆရာပြောပြတာ သဘောကောပေါက်ရဲ့လား'

ဟု မေးလိုက်သည်။

'ဟုတ်ကဲ့ သဘောပေါက်သလို ရှိပါတယ် ဆရာ'

ဟု ဖြေလိုက်သည်။

'အေး... ပြိတ္တာက ဘာ[illegible]လုပ်ထားတဲ့ ကုသိုလ်အကြောင်းတရားကို ဆီလျော်

www.burmeseclassic.com

www.burmeseclassic.com

အောင် မယူတတ်လို့ ကြံကို မရဘူးမဟုတ်လား။

အကြောင်းတရားကို တည့်အောင်ယူတတ်တဲ့နည်းကိုသိလို့ ကြံကိုနောက်ပြန်ယူလို့ အရင်းမောဂ္ဂလာန်၏ မိန့်ကြားချက်နဲ့ ယူလိုက်တော့ ကြံတွေကို လိုချင်သလောက် ရတယ် မဟုတ်လား အောင်အောင်'

'ဟုတ်ပါတယ် ဆရာ'

ဟု အောင်အောင်က ဖြေလိုက်သည်။

'အင်းပဲဖြစ်ဖြစ်၊ ဂါထာမန္တန်ပဲဖြစ်ဖြစ်၊ ဓါတ်ယတြာပဲဖြစ်ဖြစ်၊ ဖြစ်နိုင်မဖြစ်နိုင် ဆင်ခြင်ရမယ်။ နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားရမယ်၊ သုံးသပ်ရမယ်၊ အကြောင်းနဲ့ အကျိုးကိုပါ ဝေဖန်ပိုင်းခြားထားရမယ် အောင်အောင်။

ဆရာတို့က အောင်အောင်ကို လုပ်ငန်းအဆင်ပြေအောင်၊ လာဘ်ရွှင်၊ မိတ်ဆွေတိုးအောင်၊ မီးထွန်းအင်းကို စီရင်ပေးထားတယ်။ ကိုယ်ဖြစ်ချင်သလို မဖြစ်လာတော့ ကောင်းတယ်၊ မကောင်းဘူး၊ ထိရောက်တယ်၊ မထိရောက်ဘူး၊ စိတ်ကဖြစ်ရောလား အောင်အောင်'


'ဟုတ်ပါတယ် ဆရာ'

'ဆရာပြောသလို စနိုးစနောင့်ဖြစ်နေတာ'

ဟု ဝန်ခံလိုက်သည်။

'လူတိုင်းက... စားဝတ်နေထိုင်ရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် တတ်သည့်ပညာနဲ့ ကျရာတာဝန်ကို ရုန်းကန်နေရတဲ့ဘဝမှာ အဆင်ပြေတာရှိသလို အဆင်မပြေတာတွေလဲ တွေ့ကြုံရင်ဆိုင်ကြရမှာ။

တကယ်တော့ ခုခေတ်မှာ ချမ်းသာဖို့ မလွယ်ဘူး။ ကြွေးမတင်ဘူး၊ စားဝတ်နေထိုင်ရေး အသင့်အတင့်ပြေသည်ရင် မိမိဘဝကို ကျေနပ်ရမယ်



အောင်အောင်။

လောဘမကြီးနဲ့ ဂုဏ်တုဂုဏ်ပြိုင်တွေကိုရှောင်၊ အပျော်အပါးကိစ္စတွေကိုလျှော့၊ သမ္မာအာဇီဝနဲ့ စီးပွားရှာ။ ကံကောင်းချင်ရင် ရတနာသုံးပါးကို ဆည်းကပ်ပေး။

ဆရာမိဘတို့ ဂုဏ်ကျေးဇူးကို မမေ့နဲ့။ နေ့စဉ်နေ့တိုင်း မိမိ စွမ်းအားရှိသလောက် ဒါန၊ သီလ၊ ဘာဝနာကို ပြုလုပ်ပေး။ ဒါဟာ ကံကောင်းအောင် လုပ်နေတာ၊ ကံကို မြှင့်နေတာ၊ ဇာတာစစ်ဆေးတာထက် ကောင်းသေး'

ဟု မေးဆတ်ပြီး ရှည်လျားသောစကားတို့ကို ပြောပြလိုက်သည်။

အိအိသည် ကျွန်ုပ်ကို အေးအေးဆေးဆေးကြည့်ရင်းက စားပွဲခုံကို လက်သည်းဖြင့် စိတ်ကူးပေါက်သလို ခြစ်နေ၏။

'တစ်ခုခုတော့ စီရင်ပေးလိုက်ပါဦး ဆရာ'

ဟု အောင်အောင်က တောင်းပြန်သည်။

'ဆရာ စီရင်ထားလိုက်မယ် နောက်ရက်များမှ လာခဲ့လေ'

'ခု ရောက်နေမှတော့ ရက်မရွှေ့ပါနဲ့ဆရာ။ အင်းစီရင်တာက ဆရာ့အနေနဲ့ လွယ်လွယ်လေးပါ။ အခက်အခဲမရှိဘူးဆိုတာ ကျွန်တော် သိပါတယ်'

ဟုအတင်းအကျပ်အောင်အောင်က ပြောပြန်သည်။

ကျွန်ုပ်သည် ငယ်စဉ်ဘဝကစပြီး လူတစ်ယောက်၏ နားပူနားဆာဒဏ်ကို ခံနိုင်စွမ်းမရှိသောသူဖြစ်သည်။ တစ်ဦးတစ်ယောက်က တောင်းဆိုဖန်များလာပါက ငြင်းပယ်တတ်သူ မဟုတ်သဖြင့် နေရာမှထလိုက်ပြီး အင်းစီရင်နေကြ ဘုရားစင်ရှေ့ စားပွဲခုံဆီသို့ ထသွားမိလေ၏။

'အောင်အောင် **ခု အသက်(၃၀) နှစ်အဝင် တနင်္ဂနွေသား ဟုတ်တယ် မဟုတ်လား'**

ဟု ထိုင်လျက်က လှမ်းမေးလိုက်ရ၏။

'ဟုတ်ပါတယ်ဆရာ တနင်္ဂနွေသားပါ'

ဟု အောင်အောင် ဖြေလိုက်သည်။

မိမိသည် စက္ကူပေါ်၌...

**'လုပ်ငန်းကောင်းပါစေ'**

ကို **နေ့နံသင့်အရ ၄+၂+၂+၅+၃** ပေါင်းလိုက်လျှင် **(၁၆)**ရသဖြင့် **(၁၆)**ကို တည်ပြီး ဂြိုဟ်(၈)လုံးဖြင့် စားလိုက်လျှင် **အကြွင်း(၀)ရသဖြင့် (၅)ကွက်ပတ်လည်အင်း၌အလယ်၌ တနင်္ဂနွေထောင့်မှစပြီး အကြွင်းသုညမှစပြီး လဒ်(၂)ခု တိုးကာချရမည်။ ထို့နောက် (၅)ကွက်အင်းအပြင်၌ ခရုပတ်နဲ့အောင်ပ၊ ကုလား။ ဆွေသား။ တော်ရင်း။ မိတ်ရန်ရမည်**ကိုတစ်အင်း ဟု ရေးမှတ်ထားပါသည်။ ထို့နောက် အသက်(၃၀)နှစ်ရှိသော တနင်္ဂနွေသားကို တနင်္လာဂြိုဟ်သက်မှစပြီး ဂြိုဟ်သက်များအရ အစဉ်တိုင်းတိုးကာ ရေးခြစ်ကြည့်ရာ တနင်္ဂနွေထောင့်ကွက်မှာ **(၁၃၈)**ရသည်။

ထိုနှစ်အင်းကို ကျောက်သင်ပုန်းဟိုဘက်နဲ့ ဒီဘက်မှာ ကညစ်နဲ့ အင်းကို ရေးသွင်းပြီးသောအခါ အောက်ပါအတိုင်း ဖြစ်လာသည်။

* * *


(စာမျက်နှာ (၁၄၃) သို့)
www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း၊ လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဥ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ သြောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဂု၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၁၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**
**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၇၂၂၅၆၁**

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားကြိုးစားသော


# ရဟန်းတော်လေးတစ်ပါးရဲ့

ထူးခြားဆန်းပြား

# ကိုယ်တွေ့ဖြစ်ရပ်များ

နှင့် တရားအောင်မြင်ရေး နည်းလမ်းများ (၁)

ကောင်းမြင့်မြတ်စိန်



ကျွန်တော့်ရဲ့ မွေးရပ်မြေ ကျောက်ပန်းတောင်းမြို့ဟာ ဘာသာ, သာသနာနဲ့ပတ်သက်ရင် အလွန်ထူးခြားပါတယ်။ မြို့ရဲ့ ပတ်ပတ်လည်မှာ ပရိယတ္တိကျောင်းတိုက်ကြီးတွေ၊ ပဋိပတ္တိတရားရိပ်သာတွေ အများအပြား ဝန်းရံနေပါတယ်။ မြို့လယ်မှာလဲ ပရိယတ္တိစာသင်တိုက်ကြီးတွေ အထင်ကရ ရှိပါတယ်။

ပိုပြီး ထူးခြားတာကတော့ မြို့ရဲ့ အရပ်လေးမျက်နှာမှာ "**ဂူကျောင်း**" တွေရှိနေတာပါ။ မြို့ရဲ့ တောင်ဘက်မှာ "**တောင်ဂူကျောင်း**"၊ မြောက်ဘက်မှာ "**မြောက်ဂူကျောင်း**"၊ အရှေ့ဘက်မှာ "**သဲအင်းဂူကျောင်း**"နဲ့ မြို့ရဲ့ အနောက်ဘက်မှာ "**မြတ်ရွှေဂူကျောင်း**" နဲ့နေပါတယ်။

ပဋိပတ္တိရော ပရိယတ္တိပါ သာသနာပြုနေတဲ့ မြို့မှာ ကျော်ကြားတဲ့ ကျောင်းကြီးတွေ ဖြစ်ပါတယ်။ နေ့စဉ် အလှူအတန်းပွဲတွေ၊ တရားပွဲတွေ၊ ပရိတ်ရွတ်ပွဲတွေနဲ့ ဝတ်ရွတ်ပူဇော်ပွဲတွေ မြို့အနှံ့ ရှိနေပါတယ်။

မြို့လူထုဟာ အလှူရေစက် လက်နဲ့မပြတ်ကြပါ။ ရပ်ကွက်တွေထဲမှာလဲ အာစိဏ္ဏကံ ဝိပဿနာတရား အားထုတ်တဲ့ ယောဂီတွေအတွက် ဓမ္မာရုံတွေလဲ ရှိပါတယ်။ နေ့ည အချိန်ပိုင်းတွေနဲ့ တရားအားထုတ်သူတွေလဲ များပါဘူး။

ကျွန်တော်ဟာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့က သဲအင်းဂူကျောင်း ရောက်ခဲ့ပါတယ်။ သဲအင်းရိပ်သာကျောင်းကို တည်ထောင်ခဲ့တာ ယခု ၂၀၁၆ ခုနှစ်မှာ **(၂၅)နှစ် ရှိပါပြီ။**

ယခုအခါ ကျောင်းတိုက်တွေ၊ ဓမ္မာရုံတွေ၊ သိမ်တွေ၊ စေတီတွေနဲ့ သစ်ပင်တောအုပ်တွေနဲ့ အလွန်တိုးတက်စည်ကားနေပါပြီ။

၁၉၉၁ ခုနှစ်က စတင် တည်ထောင်စဉ်အခါက ထန်းရွက်တဲက စ,ခဲ့ရတာပါ။ တည်ထောင်သူ ဆရာတော်ဟာ အဲဒီအချိန်က အသက်(၄၀)ကျော်ရုံမျှပဲ ရှိပါသေးတယ်။ အလွန်ရိုးသားကြိုးစားပါတယ်။ စိတ်အားထက်သန်ဖျတ်လတ် တက်ကြွပါတယ်၊ အဟောအပြောကောင်းတယ်။ တရားပြကောင်းပါတယ်။

ဆရာတော်ဟာ သူကိုယ်တိုင် အလွန်ပြင်းထန်စွာ ကြိုးစားအားထုတ်ပါတယ်။ ယောဂီတွေ၊ တပည့်တွေအပေါ်မှာလဲ အလွန် စေတနာထားပါတယ်၊ မေတ္တာလဲ ကြီးပါတယ်။

www.burmeseclassic.com

ဉာဏ်ပညာ အမြော်အမြင်လဲ ကြီးပါတယ်။

ဒါကြောင့်လဲ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းတွေဟာ တဟုန်ထိုး တိုးတက်အောင်မြင်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်က ကျောက်ပန်းတောင်းမြို့မှာ ဆရာတော် စတင် တရားဟောတရားပြစဉ်က ကျွန်တော်တို့ GTI ကျောင်းဆင်း သူငယ်ချင်းတစ်သိုက်လဲ သွားရောက်တရားနာ တရားအားထုတ်ခဲ့ကြပါတယ်။

ယခု ကျွန်တော် ကျောက်ပန်းတောင်း ပြန်ရောက်နေတုန်း ဆရာတော်ထံ ကျွန်တော် သွားရောက်ဖူးမြော်ပါတယ်။ ဆရာတော်က သဲအင်းဂူရိပ်သာ ကျောင်းတည်ထောင်တာ (၂၅)နှစ်ပြည့်ပြီဖြစ်လို့ ငွေရတုအထိမ်းအမှတ် စာအုပ် ထုတ်လိုပါတယ်။ အဲဒီကိစ္စအတွက်လဲ ဆရာတော်က ကျွန်တော့်ကို တွေ့ချင်နေပါတယ်။

ညနေ (၆)နာရီလောက်မှာ ကျွန်တော်ဟာ တပည့်ဟောင်း ကိုတင်ဝင်းအောင်(ကိုအေး)နဲ့ အတူ ဆရာတော်ကျောင်းသို့ ရောက်သွားခဲ့ပါတယ်။ ဆရာတော်က စာအုပ်ကိစ္စ မိန့်ပါတယ်။ ကျွန်တော်ကလဲ တတ်စွမ်းသမျှ ကူညီပါမယ်လို့ လျှောက်ပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ ဆရာတော်ဘဝအကြောင်း မေးလျှောက်ပါတယ်။ ဆရာတော်က အောက်ပါအတိုင်း ခရေစေ့တွင်းကျ မိန့်ကြားခဲ့ပါတယ်။

## ကလေးဘဝနှင့် သဲအင်းဂူခမ္မ

ဘုန်းကြီးဘဝက ငယ်ငယ်လေးကတည်းက မိဘတွေနဲ့ သေကွဲ ကွဲခဲ့ရပါတယ်။ အဖေက ဘုန်းကြီး လသားအရွယ်မှာ ဆုံးသွားတယ်။ အမေက ဘုန်းကြီး(၇)နှစ်သား အရွယ်မှာ ဆုံးသွားတယ်။ အဲဒီတော့ အစ်ကိုကြီးနဲ့ပဲ နေရတယ်။ အစ်ကိုကြီးက ရန်ကုန် တာမွေမှာ နေတယ်။ ဘုန်းကြီး (၈)နှစ်သားအရွယ် ၁၉၅၈ ခုနှစ်က စလို့ ရန်ကုန်ရောက်ခဲ့တယ်။

အစ်ကိုကြီးက ကျောင်းထားပေးပါတယ်။ (၇)တန်း,(၈)တန်းမှာ မူလ သဲအင်းဂူကျောင်း ဆရာတော်ကြီးရဲ့ တရားပွဲတွေနဲ့ ကြုံခဲ့တယ်။ တရားပွဲတွေ သွားပြီး နာကြားခဲ့တယ်။

သဲအင်းဂူ ဆရာတော်ကြီးဟာ မှော်ဘီက ကြွလာပြီး တာမွေတို့ ကျိုက္ကဆံတို့မှာ တရားတွေဟောရင် သွားပြီး တရားနာခဲ့တယ်။

အဲဒီတုန်းက သဲအင်းဂူဆရာတော်ကြီးရဲ့တပည့် သီလရှင်ကြီးတစ်ပါးကလဲ လာလာပြီး တရားပြတယ်။ အဲဒီအချိန်ကတည်းက ဘုန်းကြီးက အာနာပါန ရှုမှတ်ခဲ့တယ်။ သီလရှင်ကြီးကတော့ တရားရှုမှတ်ပုံတွေ၊ အသုဘကမ္မဋ္ဌာန်းတွေ ရှင်းပြတယ်။ ဒါပေမယ့် သဘောမပေါက်ခဲ့ဘူး။

ဘုန်းကြီးက ကလေးဆိုတော့ အာနာပါနပဲ ရှုမှတ်တယ်။ ရှုတယ်။ ထုတ်တယ်။ (၉)တန်း,(၁၀)တန်းမှာ ဆရာ့အိမ်မှာ ဆရာ့မိသားစုနဲ့အတူ တရားထိုင်ကြတယ်။

သဲအင်းဂူက အခုန သီလရှင်ကြီးက တရားပြပေးတယ်။ သဲအင်းဂူဆရာတော်ကြီးရဲ့ တရားခွေနာတယ်။ တရားထိုင်တယ်။ အာနာပါန ရှုမှတ်တယ်။ တစ်နေ့မှာ ဘုန်းကြီးဟာ တရားတွေ ရှုမှတ်ရင်း ခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာ ဘာဖြစ်သွားသလဲဆိုတော့ ထုံတာ, ကျဉ်တာတွေ အကုန်လုံး ပျောက်သွားတယ်။ "ဖျင်း"ဆိုပြီး ခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာ ပေါက်ကွဲသလို ဖြစ်သွားတယ်။

"လင်းခနဲ" အလင်းတန်းကြီး ပေါ်လာပြီး ခန္ဓာကြီးဟာလဲ အမှုန်အမွှားတွေလို ဖြစ်သွားတယ်။ အားလုံးဟာ ဟင်းလင်းပြင်ကြီး ဖြစ်သွားတယ်။ တရားထိုင်ချိန် (၂)နာရီ ကျော်နေပါပြီ။

"အဓိဋ္ဌာန်ချိန် ပြည့်သွားပြီ"လို့ သတိပေးတော့မှ ရှုမှတ်နေတာ ရပ်လိုက်တယ်။ နေဦး ကြားဖြတ်ပြောရဦးမယ်။ ဘုန်းကြီး လူငယ်ဘဝ (၉)တန်း, (၁၀)တန်းတုန်းက ဆံပင်ရှည်ကြီးထားတယ်။ လမ်းသရဲဟစ်ပီပုံစံပေါ့။ ဂျူဒို, ကရာတေးလဲ ကစားခဲ့တယ်။ ရှန်ပွဲတွေလဲ ဖြစ်ခဲ့တယ်။

အခုလို တရားတွေမှာ တရားတွေ အားထုတ်တဲ့အခါကျတော့ ခေါင်းတုံးတုံးလိုက်တယ်။ ခေါင်းတုံးနဲ့ တရားထိုင်တယ်။ လမ်းသရဲ မလုပ်တော့ဘူး။

## ဝဋ်ကြွေးတုံ့တင် သံဝေဂဝင်ရပြီ

အဲဒီလိုနဲ့ ဆက်ပြီး (၂)ပတ်, (၃)ပတ် အားထုတ်လိုက်တော့ တစ်နေ့မှာပေါ့ဗျာ ဝေဒနာတွေ သိပ်မခံစားရဘဲ ပေါ့ပါးနေတယ်။ အာရုံထဲမှာ အလင်းတန်းကြီး ပေါ်လာတယ်။

လူကြီးတစ်ယောက်ဟာ နွား(၂)ကောင် ဆွဲလာတယ်။ နွားမကြီးနဲ့ နွားငယ်လေးပေါ့။ နွားမကြီးက နွားလေးကို လှည့်ကြည့်အော်တိုင်း နွားငယ်လေးကလဲ အော်လိုက်နဲ့ မြင်နေရတယ်။

အဲသလို မြင်နေရပြီး တရားထိုင် အာနာပါန ရှုမှတ်နေရင်းနဲ့ ဘုန်းကြီး ကိုယ်တိုင် နွားပုံဖြစ်သွားတယ်။ နွားလို အော်နေမိတယ်။ နွားမကြီးလိုအော်လိုက်၊ နွားငယ်လေးလို အော်လိုက်နဲ့ ဖြစ်နေတယ်။ ပြီးတော့ အာရုံထဲမှာ

www.burmeseclassic.com

ဆူကြီးက နွားမကြီးရဲ့ လည်ပင်းကို ဓားနဲ့ခုတ်ဖြတ်လိုက်တယ်ဗျာ။

အဲဒီအချိန်မှာ ဘုန်းကြီးရဲ့လည်ပင်းကို လက်ဝါးစောင်းနဲ့ ခုတ်တာ ခံလိုက်ပြီး လဲကျသွားတယ်။ တရားဖြုတ်လိုက်ရတယ်။ အဲဒီတော့ ဘုန်းကြီးက စဉ်းစားမိသွားတယ်။

'အင်း… ငါဟာ သံသရာမှာ ဒီနွားသား အမိကို သေကွဲ ကွဲအောင် လုပ်ခဲ့မိလို့မယ်။ ဒါကြောင့် ဒီဘဝမှာ ယယ်ယယ်ရွယ်ရွယ်နဲ့ မိဘနဲ့ သေကွဲ ခွဲခဲ့ရတာဖြစ်မယ်'

အဲဒီလိုတွေးမိတော့ သိပ်ကို ထိတ်လန့်သွားတယ်။ ပြီးတော့ နောက်တရားထိုင်တဲ့အခါတွေမှာလဲ မုဆိုးကြီးတစ်ယောက်က သမင်တွေဖမ်း၊ ကြိုးနဲ့ချည်တုပ် သတ်ဖြတ်တာတွေ မြင်နေရပြန်တယ်။

တရားထိုင်နေရင်း ဘုန်းကြီးကို ကြိုးနဲ့တုပ်ထားသလို ခံစားနေရတယ်။ အဲဒီတော့ ဘုန်းကြီး တွေးမိပြန်တယ်။

'သံသရာမှာ ငါဟာ သမင်တွေ တိရစ္ဆာန်တွေကို ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ခဲ့တယ်။ ဒီဘဝလဲ ခံရလိမ့်မယ်။ သူများ အသတ်ခံရမယ်။ အသတ်ခံရရင် ထဲကျမယ်'

လို့ တွေးပြီး ကြောက်လာတယ်။

မယားကျွန်ခံရင် ကောင်းမလား၊

ဘုရားကျွန်ခံရင်ကောင်းမလား

အသုဘကမ္မဋ္ဌာန်းတွေ ရှုမှတ်တယ်။ ရှုမှတ်တော့လဲ အသားတွေ၊အရိုးတွေ၊ အကြောတွေ၊အူအသည်းတွေက အစ မြင်နေရပြန်တယ်။ ပြီးတော့ ပုပ်ပွပျက်စီးတာတွေ မြင်နေရပြန်တယ်။

ဘယ်လိုမှကို နေလို့ မရတော့ဘူး။ လူ့ဘဝကို မနေရဲတော့ဘူး။ သာသနာ့ဘောင်ထဲ ဝင်ချင်လာတယ်။ အဲဒါနဲ့ တစ်နေ့တော့ အစ်ကိုကြီးကို ပြောပြတယ်။ **"သာသနာ့ဘောင်ဝင်လို**



**ကြောင်း"** ပြောပြတော့ အစ်ကိုက သဘောမတူဘူး။

'မင်း သာသနာ့ဘောင်ထဲရင် ရဟန်းဝတ်ရင် ငါနဲ့ သေခန်းပြတ်ပဲ'

တဲ့။ ဘုန်းကြီးလဲ တွေဝေသွားတယ်။

အစ်ကိုက အားကိုးရာလေ။ အစ်ကိုက စေတနာနဲ့ပြောတာ။ ဒါပေမယ့် နားထဲက **"သာသနာ့ဘောင် ဝင်ရမယ်၊ သာသနာ့ဘောင် ဝင်ရမယ်"** လို့ ကြားနေရတယ်။ ရုတ်တရက် အစ်ကိုကြီးကို…

'အစ်ကို…မယားကျွန်ခံရင် ကောင်းမလား၊ ဘုရားကျွန်ခံရင် ကောင်းမလား'

လို့ ပြောမိသွားတယ်။

အစ်ကိုကြီးက ဘာမှ ပြန်မပြောဘူး။ ဒါနဲ့ ဘုန်းကြီးဟာ အစ်ကို့ကို ကန်တော့ပြီး အိမ်အပြင်ထွက်ခဲ့တယ်။

လမ်းပေါ်က ဓာတ်မီးတိုင်အောက်မှာ နွားဖြူတစ်ကောင် တွေ့လိုက်ရတယ်။ ဒါပေမယ့် အချိန်က ည(၁၀)နာရီရှိနေပြီ။ အံ့သြပြီး သေချာကြည့်လိုက်တော့ ပျောက်သွားတယ်ဗျာ။ ကျုပ်ရဲ့ အာရုံထဲမှာ တွေ့ဖူးတဲ့နွားဗျ။

နောက်နေ့မနက်မှာ ဆရာတို့မိသားစုဟာ မော်ဘီက သဲအင်းဂူဆရာတော်ကြီးကို ဖူးရင်း တရားအားထုတ်ဖို့သွားကြတယ်။ ဘုန်းကြီးလဲ ဆရာတို့နဲ့ လိုက်သွားတော့တာပေါ့။ မော်ဘီရောက်တယ်။ မော်ဘီကနေ မြင်းလှည်းနဲ့ ဆက်သွားရတယ်။ ညနေ (၃)နာရီလောက်မှာ မြင်းလှည်းနဲ့ သွားကြတယ်။

မော်ဘီ စိုက်ပျိုးရေးကွင်းနား ရောက်တော့ မြင်းလှည်းပေါ်မှာ အတူပါလာတဲ့ သူက "ဟော့ကောင် ငါ့ဆေးတံထဲ ဆေးထည့်ပေးစမ်း" တဲ့။ ကျုပ်လဲ ဘာမှ ပြန်မပြောနေတော့ဘဲ "ဟုတ်ကဲ့" ဆိုပြီး ထည့်ပေးတယ်။ မီးညှိခိုင်းပြန်တယ်။ ကျုပ်က ဆေးလိပ်မသောက်တတ်ကြောင်း ပြောတယ်။ သူက ဖွတ်ခိုင်းတယ်။

ပြီးတော့ ကျုပ်ဖက်ပိုးကို အုပ်ချလိုက်တယ်။ သုံးခါအုပ်တော့ ဆရာက မြင်သွားပြီး အဲဒီလူကို ထိုးမယ်ကြိတ်မယ်လုပ်၊ မြင်းလှည်းပေါ်က မောင်းချခဲ့တယ်။ ကျုပ်ကလဲ သည်းခံနေခဲ့ပါတယ်။

ဟိုတုန်းက လမ်းသရဲစိတ်နဲ့ဆိုဘယ်ရမလဲ၊ သူချကိုယ်ချပဲ။ ကျုပ်ကလဲ စိတ်ဆတ်တယ်။ မဟုတ်မခံဘူး။ ခုတော့ တရားအားထုတ်ဖို့ ရဟန်းဝတ်ဖို့ ထွက်လာတာဆိုတော့ အောင့်အည်းသည်းခံနေရတယ်။

အဲဒီတော့မှ သဲအင်းဂူဆရာတော်ကြီးထံ ရောက်ခါနီးမှ ဖက်ပိုးကို (၃)ခါ အအုပ်ခံခဲ့ရတယ်။ အဲဒီတုန်းက ဆရာတော်ကြီးဟာ မော်ဘီမြို့နယ်၊ နှောကုန်းရွာ ဒေသမှာ သီတင်းသုံး တရားပြနေခဲ့တယ်လေ။

အာရုံထဲက ရဟန်းဒကာမ

သဲအင်းဂူကျောင်း ရောက်တော့ ဆရာတို့နဲ့အတူ တရားအားထုတ်တယ်။ ရဟန်းခံမယ့် ဒကာတွေ အများကြီး ရှိခဲ့တယ်ဗျ။ အဲဒီမှာ တရားတောင်းနေတဲ့ ဒေါ်မြင့်မြင့်တို့၊ ဆရာတို့ကပဲ ရဟန်းခံပေးချင်တယ်။ ဒါပေမယ့် ကျုပ်က ဘယ်သူ့မှ လက်မခံခဲ့ပါဘူး။

www.burmeseclassic.com

ဘာလို့လဲဆိုတော့ ကျုပ်အာရုံထဲမှာ ရဟန်းဒကာမကြီးက ပေါ်ပြီးသားဗျ။ နောက်တော့ အဲဒီ ဒကာမကြီး ရောက်လာတယ်။ အရာရှိတစ်ဦးပါပဲ။ ကျုပ်တို့နေတဲ့ မိုးကောင်းဇရပ်မှာ သီလရှင်လေးတွေနဲ့ ဒကာမကြီးနဲ့ တွေ့တော့...

'ဒီကလေးက ရဟန်းဝတ်မှာ ရဟန်းဒကာမ ခံမလား'

„လို့ပြောတော့ အဲဒီ ဒကာမကြီးက ရဟန်းခံပေးခဲ့တယ်။ **၁၃၃၂ ခုနှစ်၊ နယုန်လမှာ ရဟန်းအဖြစ် သာသနာ့ဘောင် ရောက်ခဲ့တယ်။ ကျုပ် အသက်(၂၁)နှစ် ရှိပြီ။**

ရဟန်းဘဝနဲ့ ဆက်ပြီး ရဟန်းတရားအားထုတ်တယ်။ အပြင်ဓမ္မာရုံမှာ တစ်ချိန်ကို (၂)နာရီ အားထုတ်ရတယ်။ အဲ...ဝါတွင်းအထူးအဓိဋ္ဌာန်နဲ့ တရားစခန်းပွဲမှာတော့ တစ်ခါထိုင် (၃)နာရီ မထိုင်နိုင်ရင် လက်မခံဘူး။

ကျုပ်က အဲဒီအထူးအဓိဋ္ဌာန်ပွဲကို အားထုတ်ချင်တော့ အပြင်ဓမ္မာရုံမှာ (၂)နာရီ အားထုတ်လေ့ကျင့်ပြီးတော့ (၃)နာရီ ရအောင် လေ့ကျင့်ခဲ့တယ်။

ဝါတွင်းရောက်တော့ ဝါတွင်း(၃)လ အထူးအဓိဋ္ဌာန်ပွဲ စတယ်။ ဆွမ်းစရိတ်(၄၅)ကျပ် လှူရတယ်။ ရဟန်းဒကာမကြီးက လှူပေးပါတယ်။ သဲအင်းဂူဆရာတော်ကြီးကိုယ်တိုင်တရားပြတယ်။

အဲဒီလို အားထုတ်တော့ ကျုပ် သမာဓိတွေ ကောင်းလာတယ်ဗျ။ အလင်းရောင် မြင်ရတယ်။ တစ်နေ့ အာနာပါန ရှူသွင်းရှူထုတ် အားထုတ်နေတုန်း အာရုံထဲမှာ ကျုပ်ရဲ့ ရဟန်းဒကာမကြီးဟာ အိပ်ရာထဲ လဲနေတာ တွေ့ရတယ်။ ခေါင်းအုံး(၂)လုံးဘေးမှာ နာရီတွေ့ရတယ်။

ဒကာမကြီးက အင်္ကျီအဖြူ၊ လုံချည်





အညိုရောင် ဝတ်ထားတယ်ဗျာ။ အဲဒီရက်တွေမှာ ဒကာမကြီးက ရောက်မလာဘူး။ ကျုပ်ကလဲ မျှော်နေမိတာ။

နောက်နေ့ ဒကာမကြီး ရောက်လာတယ်။ ဒီလာခါနီးမှ ရုတ်တရက် နေမကောင်းလို့ မလာဖြစ်တာတဲ့။ ကျုပ်က မေးကြည့်တော့ ကျုပ် အာရုံထဲမှာ မြင်တဲ့အတိုင်း ဟုတ်,မဟုတ် သိချင်လို့ မေးကြည့်တာဟုတ်သတဲ့ဗျာ။

ဒကာမကြီးက ခေါင်းအုံး(၂)လုံးနဲ့ အိပ်တာ ဘေးမှာ နာရီထားထားတယ်တဲ့။ ဟုတ်သတဲ့ဗျ။ ဒီကျောင်းလာခါနီးဆိုတော့ အဝတ်အစားကလဲ ပြင်ဆင်ဝတ်ထားတာ အင်္ကျီအဖြူ၊ ယောဂီအညိုရောင်လုံချည် ဝတ်ထားသတဲ့ဗျာ။ ဒါကတော့ သမာဓိ အားကောင်းလို့ဆိုတာ နောက်မှ သိလာရပါတယ်။

## အသုဘကမ္မဋ္ဌာန်း ထူးဆန်းအံ့ဖွယ်

အသုဘကမ္မဋ္ဌာန်းတွေ ရှုမှတ်တော့လဲ ပုပ်ပွနေတဲ့ အသားတွေ၊ အကြောမျှင်တွေ၊ အရိုးတွေ အထင်းသား မြင်တွေ့ရတယ်။ ပြီးတော့ တစ်စစီ ကြွေမွသွားတယ်။ အမှုန်အမွှားတွေ ဖြစ်ကုန်တယ်။ အခြားအရာဝတ္ထုတွေလဲအမှုန်အမွှားတွေဖြစ်ကုန်တယ်။

သစ်ပင်တွေဆိုလဲ အမှုန်အမွှားတွေဖြစ်...ပြီးတော့ ပျောက်သွားတယ်။ ဘယ်ကိုပဲကြည့်ကြည့်၊ ဘာကိုပဲကြည့်ကြည့် အမှုန်အမွှားတွေ ဖြစ်ကုန်ပြီးတော့ ဟင်းလင်းပြင်ကြီး ဖြစ်နေတော့တယ်။ လောကကြီးတစ်ခုလုံး ဟင်းလင်းပြင်ကြီး ဖြစ်နေတယ်ဗျာ။

တစ်နေ့တော့ ကျုပ်ဟာ သဲအင်းဂူကျောင်းဝန်းကြီးရဲ့ လယ်ကွင်းစပ်မှာ စင်္ကြံလျှောက် တရားမှတ်နေတယ်။ အာနာပါနလဲ ရှုမှတ်တာ များတယ်။ ကျောင်းဝန်းကြီးက ဧက(၆၀)ကျော် ကျယ်ပါတယ်။

အဲဒီလို စင်္ကြံလျှောက်နေစဉ်မှာ ကျီးကန်းတွေ "တအာအာ"နဲ့ တစ်နေရာကို ဝိုင်းအုံနေကြတာကို တွေ့ရတယ်။ ကျုပ်လဲ အာရုံစိုက်ကြည့်လိုက်တော့ ပြိတ္တာကြီးတစ်ကောင်ဗျာ။ အဲဒီ ပြိတ္တာကြီးကို ကျီးကန်းတွေ ဝိုင်းအုံထိုးဆိတ်နေကြတာဗျ။

ကျုပ်လဲ ပြိတ္တာကြီးကိုကြည့်ပြီး အသုဘကမ္မဋ္ဌာန်း ရှုလိုက်တယ်။ အဲဒီအကြောင်းကို သဲအင်းဂူဆရာတော်ကြီးကိုလျှောက်တော့ဆရာတော်ကြီးက...

'ဘယ်အာရုံတွေ့တွေ့ ပြောင်းလဲဖောက်ပြန်တဲ့သဘော အသုဘကမ္မဋ္ဌာန်းကို ရှုရမယ်။ ကြောက်တာ၊ လန့်တာ၊ စိုးရိမ်တာ၊ ပူဆွေးတာ မဖြစ်ရဘူး။ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း စွဲလမ်းခြင်းတွေ မဖြစ်ရဘူး'

တဲ့။ ဘုန်းကြီးဟာ မူလ အဲအင်းဂူဆရာတော်ကြီးကို နှစ်ဝါ ကောင်းကောင်း မှီလိုက်ပါတယ်။ ဆရာတော်ကြီး ခန္ဓာဝန်ချပြီးတော့လဲ (၂)ဝါ၊ (၂)နှစ် အဲဒီကျောင်းမှာ သီတင်းသုံး တရားအားထုတ်ခဲ့တယ်။ ဆရာတော်ကြီးကို ဘုန်းကြီးကိုယ်တိုင် ပြုစုပေးရင်း ဆရာတော်ကြီး ခန္ဓာဝန် ချသွားခဲ့တာပါ။

ရှေ့လဆက်ဖတ်ပါရန်

**ကောင်းမြင့်မြတ်စိန်**

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်မြတ်

# စိန္တာမဏိမန္တန်တော်ကြီး

ဗိုလ်မင်း
(မင်းလှ)

စာရေးသူ ၂၀၁၂ခုနှစ်၊ ဖွန်လဆန်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ရွာ ဦးသိန်းဆိုင်တို့နေအိမ်သို့ ကိစ္စတစ်ခုကြောင့် ရောက်ရှိခဲ့ပါသည်။

ဦးသိန်းဆိုင်၏နေအိမ်တွင် နေထိုင်သော ငါးလုပ်ငန်းဦးစီးမှူး (ဦးမောင်မောင်စိုး)၏ မိခင်ကြီး ဒေါ်ကြည်က ဖုန်းဆက်မှာကြားသောကြောင့် ဖြစ်သည်။

ကြို့ပင်ဆိပ်ရွာကို လွန်ခဲ့သော (၁၀)နှစ်ခန့်က တစ်ကြိမ် စာရေးသူ ရောက်ခဲ့ဖူးသည်။

ယင်းအချိန်က နေပြည်တော်မရှိသေး၍ ပျဉ်းမနားရေဆင်းဈေးအနီး ဆည်ဘောင်ရိုးအတိုင်း (၂)မိုင်ခန့် လမ်းလျှောက်သွားရသည်။

ယခုတစ်ခေါက် ရောက်ရှိသွားရာ ရွာနှင့်အတူ လမ်း/အိမ်များအားလုံး တိုးတက်ပြောင်းလဲနေပြီဖြစ်သည်။

စာရေးသူ ဦးသိန်းဆိုင်တို့နေအိမ်တွင် (၂)ညတည်းခိုပြီး နေပြည်တော်တစ်ခွင် ဘုရားဖူးခွင့် ရရှိခဲ့ပါသည်။

စာရေးသူကို ဦးသိန်းဆိုင်၏သားကိုသန်းထိုက်ဦးမှ နေပြည်တော်တစ်ခွင် ဘုရားစုံ လိုက်ပို့ပါသည်။

ဦးသိန်းဆောင်၏ နေအိမ်ဘုရားကျောင်းဆောင်တွင် ၁၃၂၅ ခုနှစ်က ထုတ်ဝေသော ရှေးမူဟောင်း သမ္ဗုဒ္ဓဘုရားရှိခိုး စာအုပ်တစ်အုပ်တွေ့၍ ဖတ်ရှုရာ **စိန္တာမဏိမန္တန်တော်**တို့



တွေ့ရှိ၍ စာရေးသူ ကူးယူလာခဲ့သည်။

စိန္တာမဏိမန္တန်တော်၏ စာသားများသည် (ပါဠိ)တော်ထဲက မဖြစ်နိုင်ပါ။ အခြားစာပေတစ်ခုခုက ဖြစ်နိုင်သည်။

### စိန္တာမဏိမန္တန်

အမရွံ ဟာရီ ဟာရီ ဆရီ မုခ ပံဂဂုံ။
တြေ ပိဋကံ ဟာရီ ဟာရီ။
ဘာဟိမြို့ မဟိမြို့ ပြာကျမြို့ နရကျမြို့
ဗေဒါ ဓရာ ဂြုဟာ သျှရုရာဂျာ ဂကျာ တြာ။
ကျိန္တာမဏိကို ဆမရွံ ဟာရီ ဟာရီ
တြူမွန္တီ ဿ ဂျယ မံဂလံ။

အနက်အဓိပ္ပာယ်

**အမရွံ ဟာရီ ဟာရီ၊** မသေရာဗိမာန် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တော်မူပေသော။ **ဆရီမုခ ပံဂဂုံ၊** အသရေလျှံဝင်း ဘုရားသခင်၏ ခံတွင်းဟူသော ကြာတိုက်မှ သိုက်မြိုက်မြွက်ဖော်၊ ဖြစ်ပေါ်၍လာသော။ **တြေပိဋကံ၊** သာသနာ့ပရိယတ်သုံးပုံသော ပိဋကတ်တော်ကို။ **ဟာရီ ဟာရီ၊** ဆောင်မနေသီ မှတ်ပြီး သူရဿတီ နတ်သမီးသည် လည်းကောင်း။

**ဘာဟိမြို့၊** ကောင်းကင်မိုးခေတ် တန်ခိုးမြတ်နှင့် အာကာသစိုး နတ်မင်းကြီးသည် လည်းကောင်း။ **မဟိမြို့၊** မြေကိုစောင့်လတ် ဖြောင့်ခတ်ခြုံမိုး ဘုမ္မစိုးနတ်မင်းကြီးသည်လည်းကောင်း။ **ပြာကျမြို့၊** ယုန်တံဆိပ်တန် ဘုံဗိမာန်ကို စိတ်သန်မြွက်ကြား စောင့်ရှောက်သော လနတ်သားသည် လည်းကောင်း။

**နရကျမြို့၊** ကောင်းနိမိတ်တန် ဒေါင်းဗိမာန်ကို စိတ်သန်မြတ်ကြား စောင့်ရှောက်သော နေနတ်သားသည် လည်းကောင်း။ **ဗေဒါဓရာ၊** သာမ ယုဇ ဣရု အာတပ် လေးရပ်သော ဗေဒင်ကို ကြေမြင်အောင် ဆောင်ရွက်ကြကုန်သော။

**ဂြုဟာ၊** ထွန်းတောက်ပြောင်ပြောင် အရောင်စိုစို (၈)လုံးသော ဂြိုဟ်မင်းတို့သည် လည်းကောင်း။ **သျှရုရာဂျာ၊** တာဝတိံသာ နတ်ရွာအရှင် ဝေဇယန်ပြာသာဒ်ခွင်၌ ပျော်ရွှင်စံစား နတ်များသေဌ်နင်း သိကြားမင်း၏ စီးတော်ဆင် ဧရာဝဏ် နတ်မင်းကြီးသည် လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

**ကျိန္တာမဏိကို၊** မနောခတ်လျှံ အကြံပြီးစီး ယခုရွတ်ဖတ်သော စိန္တာမဏိမန္တန်ကြီးသည် လည်းကောင်း။ **ဆမရှဲ့ ဟရိ ဟရိ၊** ဤကမ္ဘာကို ရှည်ကြာဖြောင့်မတ် အစောင့်နတ်မင်းကြီးသည်လည်းကောင်း။

**ဓမေ၊** သိဒ္ဓိစွမ်းအားမန္တရားကိုကြီးစားပြုလုပ် အကျွန်ုပ်၏။ **ဂျယမံဂလံ၊** ဘေးရန်ရှောင်ကွင်း တန်ဆောင်လင်းသို့ ပြောင်ဝင်းထင်စွာ အောင်ခြင်းမင်္ဂလာကို။

**တြုံဖွမ္ဘ၊** ကူညီပိုင်းစု ကသိုဏ်းရှုသို့ ပြုတော်မူကြစေကုန်သတည်း။

၂၀၁၂ခုနှစ်၊ အောက်တိုဘာလတွင် မင်းလှမြို့ ဝေဠုဝန်ရပ်ကွက်မှာနေထိုင်သည့် **ဦးကျော်ညွန့် (ရဲဝန်ထမ်း–ငြိမ်း)**ဆိုသူ စာရေးသူအိမ်သို့ ရောက်ရှိလာခဲ့သည်။

စာရေးသူနှင့် ဦးကျော်ညွန့်တို့သည် ရဲဝန်ထမ်းဘဝတွင် အပတ်စဉ် မတူညီခဲ့ကြသော်လည်း အငြိမ်းစားဘဝမှာ တူညီကြသလို သာရေး၊ နာရေးကိစ္စ ဆောင်ရွက်ကြရာတွင်ခဏခဏလက်တွဲကြရသော မိတ်ဆွေများ ဖြစ်ကြသည်။

အိမ်ရှေ့ ဆိုင်ကယ်ရပ်သံကြား၍ လှမ်းခေါ်လိုက်ရာ ဦးကျော်ညွန့်က...

'ဒီနေ့ ဆရာဗိုလ်နဲ့တွေ့မှ တွေ့ပါ့မလားလို့ထင်နေတာ'

စာရေးသူက...

'ဒီနေ့တော့ ဘာခရီးစဉ်မှ မရှိဘူး။ မနက်ဖန်တော့ ပြည်ဘက်ကို သွားဖို့ရှိတယ်'

ဦးကျော်ညွန့်က...

'ကျွန်တော် တိုင်ပင်စရာတစ်ခုရှိနေလို့ လာခဲ့တာပါ'

'ကျုပ် သုခမိန်တော့ မဟုတ်ဘူးနော်။ ဉာဏ်မီသမျှ အကြံပေးပါ့မယ်။ ကိုကျော်ညွန့်ကိစ္စသာ ပြောပြပါ'



'ကျွန်တော့်မှာ တရားမမှုကိစ္စတစ်ခုဖြစ်နေတယ်။ မြေကိစ္စပေါ့။ အခြားတစ်ဖက်လူတွေက ငွေအင်အားတွေနဲ့ လိုက်လုပ်နေတယ်။ ကျွန်တော့်မှာက ဝန်ထမ်း အငြိမ်းစားလခလေးနဲ့ စားနိုင်ရုံပဲရှိတာ။ ငွေအင်အားမရှိဘူး။ ကျွန်တော်ကတော့ မှန်မှန်ကန်ကန်ပဲ ဖြစ်စေချင်တာပါ။

ဒီကိစ္စနဲ့ ကျွန်တော်ဘာလုပ်ရင်ကောင်းမလဲ ဆရာဗိုလ်ထံ အကြံဉာဏ် လာတောင်းတာပါ'

စာရေးသူ အနည်းငယ်စဉ်းစားလိုက်ပြီး အမှုသွား/အမှုလာကို ခင်ဗျားသိပြီးသားပဲဗျာ။ တရားကို နတ်စောင့်ပါတယ်။

ကျုပ် ခင်ဗျားကို ''မန္တန်''တစ်ပုဒ် ပေးလိုက်မယ်။ ဒီမန္တန်ကို ယုံယုံကြည်ကြည် ရွတ်ပါ။ ဒီမန္တန်မှာပါဝင်တဲ့ နတ်တွေကတော့ ပိဋကတ်သုံးပုံစောင့် သူရဿတီနတ်သမီး၊ အာကာသစိုးနတ်မင်း၊ ဘုမ္မစိုးနတ်မင်း၊ လနတ်သား၊ နေနတ်သား၊ အရပ်(၈)မျက်နှာ ဂြိုဟ်မင်း၊ ကမ္ဘာစောင့်နတ်မင်းကြီးတို့ကို တိုင်တည်တဲ့ မန္တန်ဖြစ်ပါတယ်။

**စိန္တာမဏိမန္တန်**ဟု ခေါ်ပါတယ်။ ဒီမန္တန်ကို ရွတ်ဖတ်ရမည့်အချိန်က **နေထွက်ချိန်။** ညဘက်မှာ **လထွက်ချိန်(သို့မဟုတ်)' လကိုကြည့်ပြီး ရွတ်ရမည်။**

မြေကိစ္စကြောင့်ဆိုတော့ မြေကြီးကို လက်တစ်ဆုပ်ယူ၍ မန်းရမယ်ပေါ့ဗျာ။

မန္တန်ရွတ်တဲ့အချိန်မှာ ခံတွင်းကို သန့်ရှင်းထားရမယ်။ ကွမ်း၊ ဆေးလိပ် တစ်ခုခုစားသောက်ပြီး မန်းတာတို့ မလုပ်ရဘူး။

အမှုကိစ္စမပြီးသမျှ ကာလအတွင်း နေ့စဉ်လုပ်ပါဟုပြောပြီး အထက်ပါ စိန္တာမဏိမန္တန်ကို ရေးပေးလိုက်ပါသည်။

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလကုန်ခါနီး တစ်ရက်တွင် ဦးကျော်ညွန့် ဝမ်းမြောက်ဝမ်းသာနှင့် စာရေးသူအိမ်သို့ ရောက်လာသည်။

'ဆရာဗိုလ် ကျွန်တော် နိုင်ပြီဗျာ။ တစ်နေ့က အမိန့်ချလိုက်ပြီး ကျွန်တော့်ကို အနိုင်ပေးလိုက်တယ်။ ဆရာဗိုလ်ကို ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်ဗျာ'

'ကျုပ်လဲ ခင်ဗျားနဲ့အတူ ထပ်တူဝမ်းသာပါတယ်ဗျာ။ ဒီ စိန္တာမဏိမန္တန် အစွမ်း ထက်မြက်ခြင်းကို အများပြည်သူ သိရှိကြစေဖို့ စာရေးပို့လိုက်ဦးမယ်'

ဦးကျော်ညွန့်လို ကိစ္စတစ်ခုခု အတွက် အခက်အခဲဖြစ်နေသူများ အတွက် အသုံးပြုနိုင်ကြပါစေခြင်းငှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ရေးသား ဖော်ပြအပ်ပေသည်။

***''အားလုံး အကြံအစည် အောင်မြင်ကြပါစေ''***

ဗိုလ်မင်း (မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၃၅)မှ အဆက်

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ၀ | ၂ | ၄ | ၂၄ |
| ၃၆ | ၁၄ | ၁၆ | ၆ | ၃၆ |
| ၂၄ | ၁၂ | ၁၀ | ၈ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

| | | |
|---|---|---|
| ၁၃၈ | ၄၅ | ၅၃ |
| ၁၃၂ | နံ ၁ | ၇၀ |
| ၁၁၁ | ၉၉ | ၈၀ |

အင်းကို တစ်ခဏချင်း စီရင်ပြီးနောက် အချိန်အနည်းငယ်ကြာ သက်ဆိုင်ရာဂါထာစသည်ကို ရွတ်ဆိုပြီးနေရာမှ ထ,လာကာ အောင်အောင်သို့ ပေးလိုက်သည်။

'ခါတိုင်းလိုပဲ ဘုရားရှေ့တော်မှာ အလင်းတိုင် ပူဇော်ရမှာလား ဆရာ' ဟု အောင်အောင်က မေးလိုက်သည်။

'ခါတိုင်းလိုပဲ မနက်နံ့သူမှာ ပူဇော်ရမယ်။ ဒီလိုပူဇော်ခြင်းကြောင့် လုပ်ငန်းကောင်းလာမယ်။ မိတ်ဟောင်းမိတ်သစ် တိုးလာမယ်' ဟု စကားကို အတိုချုံးပြောပြလိုက်သည်။

အီအီသည် အောင်အောင်ကိုကြည့်ပြီး မျက်နှာမှာ ပြုံးယောင်သန်းနေ၏။ တံလျှပ်သည် ရေစစ်စစ်မဟုတ် အပူလှိုင်းသက်သက်မျှ ဖြစ်သည်ကား မှန်၏။

သို့သော်လည်း ရေငတ်မွတ်ဆာလောင်သူကို ရေဟူ၍ ထင်မှတ်များစေ၏။ တံလျှပ်ကိုရေထင်ပြီး အလိုက်များသလို ချမ်းသာသုခရမည်ထင်ကာ လူများသည် ငွေ၏နောက်သို့ အမြဲလိုက်နေကြရသည်။

ငွေ၏နောက်သို့ နေ့စဉ်လိုက်နေကြသော်လည်း ဆန္ဒပြည့်ဝသူကား မရှိကြ။ ရွှေအစစ်သည် ကြေးနီကြောင့် ပျက်စီးရသည်။

မြင့်မားသော သစ်ပင်ကြီးတို့သည် ပြင်းထန်သောလေကြောင့် ပျက်စီးရသည်။

လူတိုင်း ငွေကို ရလိုစိတ်ရှိသည်။ ငွေမလိုချင်သူမှာ အရိယာပုဂ္ဂိုလ်သော်လည်း ဖြစ်ချင်ဖြစ်မည်။ အရူးသော်လည်း ဖြစ်ချင်ဖြစ်မည်။

ငွေလောဘငွေနောက်သို့ မှားမှားယွင်းယွင်းလိုက်သဖြင့် မိမိကိုယ်ကို မပျက်စီးရန် သတိပြုဆင်ခြင်လုပ်ကိုင်ကြရမည်ဖြစ်ရာ...

**ဇော်မြင့် (မြင်း‌ခြံ)**

# ပုဂံဘုရားများ

## အကြိမ်ကြိမ် ဖူးရလေအောင်

ပုဂံမြို့ဟောင်းရှိ ဆိပ်ကမ်းစေတီဖြစ်သော ဖူးဘုရားသို့ သွားရောက်ကာပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုရသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့ စုစည်းရာ ပုဂံမြေကား ရောက်တိုင်းပင် လေ့လာ၍ မကုန်နိုင် ဖြစ်ရသည်။



ဖူးဘုရားမှ ဘိုးမုန်တိုင်းနှင့် နောက်ပါများ

အတူပါလာသော ညီငယ်က...

'ဒီဘိုးမုန်တိုင်းဆီမှာ ဖယောင်း၊ အမွှေးတိုင်၊ သစ်သီးဆွမ်းလှူပြီး ဆုတောင်းရင် ပုဂံကို သုံးကြိမ်တိုင်အောင် ရောက်နိုင်တယ်လို့ဆိုကြတယ်'

ဘိုးမုန်တိုင်းသည် ဖူးဘုရားရင်ပြင် အရှေ့တောင်ဘက်တွင် နတ်ကွန်းတည်ရှိကာ စီးတော်မိကျောင်း၊ ဆင်အပေါင်းအပါ နောက်လိုက်များ၏ စံနေသည်ကို တွေ့ရသည်။

အနီးရှိ ဧည့်လမ်းညွှန်ခေါ်သမိုင်း ရှင်းပြသည့် ကလေးများကလည်း ဘိုးမုန်တိုင်း၏ သမိုင်းကြောင်းကို မပြောနိုင်။ ပူဇော်သူများအဖို့ အမှန်ပင် ဆန္ဒပြည့်ဝ အကျိုးရှိကြောင်း လူပုဂ္ဂိုလ် အမည်၊ နေရပ်များ စသည် အထောက်အထားပြု ပြောကြားကြလေသည်။

ရှေးယဉ်ကျေးမှု အမွေအနှစ်များအား ချစ်မြတ်နိုးသူများအတွက် ပုဂံမြေသို့ ရောက်ရှိပါလျက် **ဘိုးမုန်တိုင်းစံရာ ဖူးဘုရားရင်ပြင်သို့ သွားရောက်၍** အကြိမ်ကြိမ် လာရောက်ရစေကြောင်း ဆုတောင်းနိုင်ရန် လမ်းညွှန်ရေးသားရပေသည်။

**သံသရာခရီးသည်တစ်ဦး**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း
အမှတ်တံဆိပ်

# သွေးတိုးကျဆေး
# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ ဗိုလ်မှူးလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၀၉၁၊ ၇၂၂၅၄၁။

---

www.burmeseclassic.com



ပေါ်တော်မူ

# ဘုရားပုံသဏ္ဌာန် ပေါ်နေသော

ထူးခြားသောသစ်ပင်

သက်ကြီးမောင်
(နမ့်စန်)



◆ အဝေးမှ မြင်ရပုံ

ပေါ်တော်မူ သစ်ပင်ဘုရား အကြောင်း မဖော်ပြမီ နမ့်စန်မြို့၏ ဒေသဝီအနေအထား အရင်တင်ပြချင်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့သည် အကျယ်အဝန်းအားဖြင့် (၁၇၅၉.၁၂)စတုရန်းမိုင်ရှိပြီး ပင်လယ် ရေမျက်နှာပြင် အထက်(၃၁၆၆)ပေမှာ တည်ရှိပါသည်။

ထိစပ်လျက်ရှိသော မြို့နယ်များမှာ မြောက်ဘက်တွင် လဲချားမြို့နယ်၊ အရှေ့ဘက်တွင် ခိုလမ်/ကွန်ဟိန်း မြို့နယ်၊ တောင်ဘက်တွင် မိုးနဲမြို့နယ်နှင့် မောက်မယ်မြို့ အနောက်ဘက်တွင် လွိုင်လင်မြို့နယ်တို့ တည်ရှိပါသည်။

သစ်ပင်ဘုရား ထူးခြားစွာ ပေါ်ထွက်မှုသတင်းသည် **၁၃၇၈ ခုနှစ်၊ ဝါဆိုလကွယ်(၆/၇) ရက်နေ့များမှ** စတင်၍ ဖေ့ဘုတ်ပေါ်တွင် တင်ပြနေကြောင်း သမီးဖြစ်သူ ငြိမ်းငြိမ်းက ပြောခဲ့ပေမယ့် သွားလာသူ သိပ်မရှိခဲ့။။

(၂၀-၈-၂၀၁၆)နောက်ပိုင်း သွားရောက်လေ့လာသူ ပိုမို များပြားလာခဲ့မှုကြောင့် စာရေးသူမှ ကိုယ်တိုင် သွားရောက်လေ့လာပြီး ယခုဆောင်းပါး အား ရေးသားလိုက်ရပါသည်။


နမ့်ဆွယ်ရွာသည် နမ့်စန်မှ (၁၁)မိုင် အကွာတွင် တည်ရှိပြီး ထိုရွာ၌ ယင်းလူမျိုးများ နေထိုင်ကြပါသည်။ ယင်းလူမျိုးတို့သည် သူတို့ ဘာသာ စကားရှိသော်လည်း ရှမ်းဘာသာ စကားဖြင့် အများဆုံး သုံးနှုန်းပြောဆို ကြပါသည်။

ယင်းလူမျိုးဆိုသည်မှာ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးထဲမှ ရှမ်းလူမျိုး အုပ်စုထဲတွင် ပါဝင်ပါသည်။ ယင်း

F.19A. July, 2017.

www.burmeseclassic.com

www.burmeseclassic.com






◆ ပလောင်တိုင်းရင်းသားများ
ကြည်ညိုနေကြစဉ်

တိုင်းရင်းသူဝတ်စုံဖြင့် ဓာတ်ပုံ ဖော်ပြပါရှိပါသည်။

နမ့်ဆွယ်ရွာ အရှေ့ဘက် ရွာသူရွာသားများစိုက်ပျိုးသော ပြောင်းဖူးခင်းများတည်ရှိရာ ရွာထဲမှ ဒေါ်ပါယုံ (မှဆိုးမ)ပိုင် ပြောင်းခင်းအနီးတွင် တစ်ပင်ထီးထီး သစ်ပင်ကြီးမှာ ပုံတွင် မြင်တွေ့ရသည့်အတိုင်း ဘုရားသဏ္ဌာန်ပုံ ပေါ်နေပါသည်။

မိုးနဲဘက်သွား ကားလမ်းမပေါ်မှ ပိုမိုထင်ရှားစွာ မြင်တွေ့ရ၍ ဖုန်းများဖြင့် ရိုက်ကူး၍ ဖေ့ဘုတ်ပေါ်တင်ကြရာမှ သစ်ပင်ဘုရားတွင် ကြည်ညိုဖူးမြော်သူ များပြားလာပါသည်။

သို့နှင့် နမ့်ဆွယ်ရွာ ဂေါပကလူကြီးလုံးစာရေးကောဝိတို့ ဦးစီး၍ ရွာသူရွာသားများမှ ပုံတွင် ပါသည့်အတိုင်း ဝါခေါင်လဆုတ်(၃)ရက်နေ့တွင် အပင်ခြေအား ရာဇမတ်ကာခြင်း ဘုံသုံးဆင့်ပါကျောင်း ဇရပ်ငယ်တည်ဆောက်ခြင်း၊ နားနေယာယီတဲများ ဆောက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဇရပ်ငယ်ပေါ်တွင် သစ်သီးဆွမ်းများ၊ ပန်းများပေါက်ပေါက်များ တင်လှူပူဇော်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။

ယာယီတဲများတွင် ဘုရားဖူးများအား သက်သတ်လွတ်ထမင်း၊ ရေသန့်ဘူးများ ကျွေးမွေးဝေငှ ဧည့်ဝတ်ပြုကြပါသည်။

အလှူခံပုံးများလည်း ထားရှိပါသည်။ သဒ္ဓါတရား ထက်သန်သော တိုင်းရင်းသားတို့၏ ကြည်ညိုမှုမှာ စံတင်လောက်ပါသည်။ ''တစ်မူးရှိလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား''ဟု ဆိုစကားပင် အထင်အရှားရှိလာခဲ့သည် မဟုတ်ပါလော။

ယခုအခါ ရှမ်းပြည်နယ် တောင်ပေါ်ဒေသတွင် သာသနာရောင်ဝါ ထွန်းလင်းမည့် နိမိတ်ပုံ ဖြစ်ပါသည်။

www.burmeseclassic.com

ရှမ်းပြည်နယ်သည် ရေတံခွန် စိမ့်စမ်း တောစခန်း တောင်စခန်းတို့ဖြင့် သာတောင့်သာယာ ရှိပေသည်။ တောင်စဉ်တောင်တန်းများကို တောင်ခိုးတောင်ငွေ့ တဝေဝေဖြင့် တွေ့မြင်ကြရပေလိမ့်မည်။

ဗုဒ္ဓအယူဝါဒီ တိုင်းရင်းသားတို့သည် မိမိတို့၏ နောင်တမလွန် ကောင်းကျိုးချမ်းသာအတွက် ဗုဒ္ဓဘုရားကိုယ်စား စေတီဘုရား တည်ထားပြီးလျှင် ကုသိုလ်ကောင်းမှု ပြုကြရန် ဝါသနာထုံကြသူများဖြစ်သည်။

ယခု လူတို့ ပြုလုပ်ရန် ခက်ခဲသော သဘာဝတရား၏ ဖြစ်ပေါ် ပေါ်ထွန်းသော သစ်ပင်ဘုရား၏ ထူးခြား ပုံရိပ် ဓာတ်ပုံများ ကြည့်ရှုကြည်ညိုကြစေရန် တင်ပြအပ်ပါသည်။

ဤသစ်ပင်မှာ ရှမ်းအခေါ် "**မိုက်လေကာခမ်း**"မြန်မာလို"**ရွှေကေရာဇ်အပင်**"ဖြစ်ပါသည်။

ကြည်ညိုဖွယ်ရာ ဘုရားပုံသဏ္ဌာန်ပေါ်နေသော သစ်ပင်အား ဖူးမြော်လိုပါက **ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ (၅၃)မိုင်အကွာရှိ နမ့်စန်မြို့ နမ့်စန်မှ (၁၁)မိုင်အကွာရှိ နမ့်ဆွယ်ကျေးရွာသို့** လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြစေကြောင်းနှင့် တောင်ထိပ်ကြာပေါက်သကဲ့သို့ ဗုဒ္ဓသာသနာရောင်ဝါနေသို့ လင်းတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။


**[ဓာတ်ပုံများအား ကူညီပေးခဲ့သော ဒေါ်ခင်သိန်းဝင်း(သ/မ)အား ကျေးဇူးမှတ်တမ်းတင်ရှိပါကြောင်း...]**

**သက်ဦးမောင်(နမ့်စန်)**



# မမြင်ဘူးသေးသူများ မြင်ဖူးစေချင်

**သစ်ဖောက်နွယ်ဝင်**



◆ သစ်ဖောက်နွယ်ဝင်

ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မှ ကျောက်ထပ်ကြီးဘုရားသို့ သွားရောက် ဖူးမြော်ရာလမ်း တောင်စဉ်တောင်တန်း တောင်စွယ် တောင်စခန်း တစ်ခုရှိ မြန်မာတိုင်းရင်းဆေးမြစ် ဆေးဥများ ရောင်းချပေးသော ဆိုင်တစ်ဆိုင်မှ စာရေးသူ ဝယ်ယူ ရရှိလာခဲ့သော သစ်ဖောက်နွယ်ဝင် ဖြစ်သည်။

ဆိုင်ရှင်မှ ပြောကြားရာတွင် သဘာဝတရား၏ ထူးခြားမှုဖြစ်စဉ်များသည် အကျိုးထူးများ ပေးတတ်ပြီး ဆောင်ထားပါက မီးကွင်းကြောင်း ပြောကြားခဲ့ပါသည်။ ထူးခြားသည့် စွမ်းအားများ တွေ့ဖူးသူများထံမှ ရေးသား ပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

**စိုးကုန်းဆြာမော်**

www.burmeseclassic.com

သက်ကြီးရွယ်အိုများအတွက်

# အုန်းတစ်လုံးဆေး

ဇော်ဇေ (LL.B)



ပေါက်ကျိုးအတွင်းမှ ထော်ယူပြီး အုန်းတစ်လုံးဆေးကို
အုန်းသီးမှ သွန်ယူ၍ အုန်းသီးခွံစိတ်ထားပုံ

ကျွန်တော် အသက်ဆယ်နှစ်လောက် အရွယ်မှာ ကျွန်တော့်အဘိုးဖြစ်သူက အသက် (၇၅)နှစ်လောက်ရှိပြီ။

အဘိုးက အသက်အရွယ်နဲ့ မလိုက်အောင် ကျန်းမာသန်စွမ်းတယ်။ အယ်ပန်းခံနိုင်တယ်။ တောင်တက်တောင်ဆင်း ခြေကျင်ခရီးသွားတဲ့အခါ ရွာက လူငယ်လူရွယ်တွေ လိုက်မမီအောင် မြန်တယ်။

ညဘက် အိပ်ရာဝင်ခါနီးအချိန်ဆိုရင် ကျွန်တော်က အဘိုးကို ခြေဆုပ်လက်နယ် လုပ်ပေးလေ့ရှိတယ်။ အဲဒီလို ခြေဆုပ်လက်နယ် ပြုလုပ်ပေးပြီး အဘိုးကို ကန်တော့တဲ့အခါ အဘိုးလိုပဲ အသက်ရှည်ပြီး ကျန်းမာသန်စွမ်း အပင်အပန်းခံနိုင်သူ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းတတ်ပါတယ်။

တစ်နေ့မှာတော့ အဘိုးက ကျွန်တော့်ကို မှတ်စုစာရွက်ဟောင်းလေး တစ်ရွက် ပေးတယ်။ အဲဒီစာရွက်ကို ငါ့မြေး သိမ်းထားပြီး အသက်လေးဆယ်ကျော်ရင် အဲဒီစာရွက်ထဲက ဆေးနည်းအတိုင်း ဆေးဖော်စားလို့ မှာခဲ့တယ်။

ကျွန်တော် အသက်(၁၅)နှစ်လောက်မှာ ကိုရင်ဝတ်ခဲ့ပြီး မုဒုံမြို့ ဂျိုးဂျိုးကျ ဘုန်းကြီးကျောင်းမှာ ပရိယတ္တိစာပေ သွားသင်ရတယ်။ အဲဒီကျောင်းမှာ ပထမကြီး ဖြေပြီးတဲ့အထိ အချိန်(၆)နှစ်လောက် ကြာတယ်။

အခု ကရင်ပြည်နယ်က မြိုင်ကြီးငူဆရာတော်လို့ ကျော်ကြားနေတဲ့ ဆရာတော်ဦးသုဇနနဲ့က ဂျိုးဂျိုးကျကျောင်းမှာ ပရိယတ္တိစာပေ သင်ယူစဉ် ကျောင်းနေဖက် သူငယ်ချင်းပေါ့။

ကျွန်တော် အသက်(၂၄)နှစ်လောက်က ရဟန်းဘဝနဲ့ သထုံမြို့က ပရိယတ္တိ စာသင်တိုက် တစ်တိုက်မှာ စာချခဲ့စဉ် အဲဒီကျောင်းမှာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆောင်ရွက်လှူဒါန်းတဲ့ အသက်(၆၀)ခန့် ဒကာမကြီးတစ်ဦးဟာ ကျွန်တော့်ကို ပြောပြတယ်။

မနက်ပိုင်း သူ ဆွမ်းထချက်ဖို့ မီးဖိုထဲလာတဲ့အခါ အဝင်ဝ တံခါးစောင်းကို နှစ်ခါ၊ သုံးခါ ယိမ်းထိုးဝင် တိုက်ပြီးမှ မီးဖိုကို ရောက်တယ်တဲ့။ အားအင်ချည့်နဲ့လို့ လမ်းဖြောင့်ဖြောင့် မလျှောက်နိုင်ဘဲ ဒယိမ်းဒယိုင်ဖြစ်ကာ စိတ်ညစ်နေရတယ်တဲ့။

ကျွန်တော်လဲ အဲဒီ ဒကာမကြီးကို သနားပြီး ဟိုတုန်းက အဘိုးပေးထားခဲ့တဲ့ ဆေးစာရွက်ပါ ဆေးညွှန်းအတိုင်း ကြည့်ပြီး ဆေးတစ်ဖုံဖော်တယ်။

ဆေးဖော်ပြီး ညနေပိုင်းမှာပဲ အဲဒီ ဒကာမကြီးကို ဆေးတစ်ဖွန်း ကျွေးလိုက်တယ်။ နောက်နေ့ မနက်ကျတော့ ဒကာမကြီးကို ပြုံးပြုံးရွှင်ရွှင် တွေ့မြင်ရတယ်။

ဒီမနက် အိပ်ရာထပြီး မီးဖိုထဲဝင်တော့ တံခါးစောင်းကို မတိုက်မိတော့ဘူးတဲ့။ လမ်းဖြောင့်ဖြောင့် လျှောက်နိုင်ပြီတဲ့။ တစ်ခါစားရုံနဲ့ ချက်ချင်းသိသာအကျိုးထူးတယ်လို့ ပြောပါတယ်။ အဲဒီဒကာမကြီးက ဆေးတစ်ဖုံတည်းနဲ့ အဆင်ပြေသွားတယ်။

ကျွန်တော်လဲ အသက်(၂၅)နှစ်ခန့်မှာ အဲဒီဆေးတစ်ဖုံ ဖော်စားခဲ့ဖူးတယ်။ ကျွန်တော့်အတွက် ဘယ်လိုမှ သိပ်ပြီး မထူးခြားဘူးလို့ ထင်ခဲ့တယ်။ သန်စွမ်းကျန်းမာနေတဲ့ အရွယ်မှာ ဒီဆေးဖော်စားဖို့ မလိုဘူးလို့ ယူဆပါတယ်။

ဒါကြောင့် အဘိုးက အသက်လေးဆယ်ကျော်မှ ဖော်စားဖို့ မှာခဲ့တာ ဖြစ်လိမ့်မယ်။

အသက်လေးဆယ်ကျော်မှာ ဒီဆေး

www.burmeseclassic.com

(၃)ဖုံ.(၄)ဖုံလောက်ကို ဆက်တိုက် ဖော်စားခဲ့ပြီးရင်း အသက်ကြီးတဲ့အထိ ဆေးစွမ်းမပြယ်တော့ဘူး'

မှန်ပြည်နယ်၊ ဘီးလင်းမြို့အပိုင် လေးကေ့ရွာမှာ ကျေးရွာလူကြီးဟောင်း ဦးတင်ဝင်းက ကျွန်ုပ်နှင့် တွေ့ဆုံစဉ် ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်မှာ အသက်(၆၄)နှစ်အရွယ် ဖြစ်၍ ထိုဆေးကို စိတ်ဝင်စားသဖြင့် ဆေးဖော်ပေးပါရန် မေတ္တာရပ်ခံ အကူအညီတောင်းခဲ့ပါသည်။


**(၂၁-၂၂၀၁၇) အင်္ဂါနေ့ နံနက် (၅)နာရီတွင်** ကျွန်ုပ်တို့ မိသားစုသည် ရန်ကုန်မြို့မှ မော်တော်ကားဖြင့် စတင် ထွက်ခွာခဲ့ရာ **လေးကေ့ရွာ**သို့ နေ့လယ် (၁)နာရီကျော်ခန့်တွင်ရောက်ရှိပါသည်။

သုဝဏ္ဏဝတီမြို့သစ်မှ လေးကေ့ရွာ အထိ ကတ္တရာ မော်တော်ကားလမ်း ခင်းပြီး ဖြစ်သော်လည်း လမ်းအစပိုင်း တွင်ချောင်းကူးတံတား လေး,ငါးစင်း ခန့် ပြုပြင် ဆောက်လုပ်နေဆဲဖြစ်ရာ တံတားရှောင် လမ်းကြမ်းများ ဖြတ် သန်းရသဖြင့် အချိန်ကြန့်ကြာခဲ့သလို လူရောကားပါ အထိနာ ပင်ပန်းခဲ့ရသည်။

လေးကေ့ရွာထိပ်ရှိ သာသနာ့မာန် အောင် ကျောင်းဝင်းအတွင်း မော်တော် ကားရပ်နားပြီး **ဆရာတော် အရှင်နန္ဒ မာလာ(မောင်လေးကေ-ဘီးလင်း)** အား ရှိခိုးဦးချကန်တော့ကြပြီး လာရင်း ကိစ္စ ပြောပြပါသည်။

ဆရာတော်မှ ဒကာတစ်ဦးကို ခိုင်း စေကာ ဦးတင်ဝင်းကို သွားခေါ်ခိုင်း သဖြင့် မကြာမီ ဆိုင်ကယ်စီးပြီး ဦးတင်ဝင်း ရောက်ရှိလာခဲ့သည်။

ကျွန်ုပ်တို့လည်း ဦးတင်ဝင်းအိမ်သို့ လိုက်ပါသွားပြီး ကျွန်ုပ် မေတ္တာရပ်ခံ ဖော်ခိုင်းခဲ့သော ဆေးနှင့် ပတ်သက်၍ ဦးတင်ဝင်း၏ ဆောင်ရွက်ပုံအဆင့်ဆင့်



◆ ပေါ်ကျီးသဲ မပြုပ်ဖီ အုန်းတစ်လုံးသော စိမ်းထားသည့် အုန်းသီးများပုံ

ကို မှတ်တမ်းတင်ဓာတ်ပုံ ရိုက်လိုက်ပါ သည်။

ထို့နောက် ဦးတင်ဝင်းကိုခေါ်၍ ရွာနှင့် (၆)မိုင်ခန့် ကွာဝေးသော လယ်သာဟိန်းရွှေဂူကြီးကို မိသားစုများ ရောက်ဖူးအောင် ခေါ်သွားသော်လည်း လမ်းခရီး(၃)မိုင်ခန့်တွင် စမ်းချောင်း ငယ် တစ်ခုမှာ ကျောက်တုံးကျောက် ဆောင်များ ရှိနေ၍ ကျွန်ုပ်တို့၏ အောက်ခြေနိမ့် ကိုယ်ပိုင်ကားငယ် မဖြတ်သန်းနိုင်သဖြင့် ပြန်လှည့်ခဲ့ရ သည်။ ဤလမ်းကို ပြုပြင်ပေးနိုင်သူ အမြန်ပေါ်ပေါက်ပါစေဟု ဆုတောင်း မိ၏။

ဦးတင်ဝင်း ဖော်ပေးသော ဆေးကို ယူဆောင်ပြီး ရေ့ခရီးစဉ်အဖြစ် ကရင် ပြည်နယ်၊ ဘားအံမြို့နယ်၊ မဲကာရင် ကျေးရွာသို့ ခရီးဆက်ရန် နှုတ်ဆက် ကြရာ ဦးတင်ဝင်း၏ ဇနီးမှ နေ့လယ် စာ ထမင်းစားဖို့ ပြင်ထားပြီးဖြစ်၍ ထမင်းစားရန် ဖိတ်သည်ကို အားနာစွာ ငြင်းခဲ့ရသည်။

ဦးတင်ဝင်းဇနီး လက်ဆောင်ပေး လိုက်သော နှမ်းဆီစစ်စစ် (၁)ပိဿာ ခန့်ကို လက်ခံ၍ မွန်းလွဲ(၁)နာရီခန့်မှာ လေးကေ့ရွာမှ ပြန်လည်ထွက်ခွာခဲ့ ကြသည်။

ညနေ(၅)နာရီခန့်မှာ မဲကာရင်ရွာသို့ ရောက်ရှိ ညအိပ်ရပ်နားကြသည်။ နောက်တစ်နေ့ (၂၂-၂-၂၀၁၇) နံနက်(၈)နာရီခန့်တွင် နံနက်စာ ဘရိတ်ဖတ်စားသောက်ပြီး မဲကာရင် ရွာမှာ ပြန်ထွက်ခဲ့ရာ ရန်ကုန်မြို့သို့ မွန်းလွဲ(၄)နာရီခန့်တွင် ရောက်ရှိကြ သည်။

အိမ်ရောက်သည်နှင့် ကျွန်ုပ်တွင် ပါလာသည့် ဆေး(၂)ဖုံအနက်မှ ကျွန်ုပ်အား ဆေး(၁)ဖုံ မှာထားသော စာတည်းချုပ်ထံ ချက်ချင်း ဖုန်းဆက် ကာ ရန်ကုန်မြို့လယ်ရှိ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ကျွန်ုပ် နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းမှ တက္ကစီကား အသွားအပြန် ငှား၍ သွားရောက်ပို့ပေးခဲ့ရာ ည(၆)နာရီ ကျော်မှ နေအိမ်ပြန်ရောက်ပါသည်။


ဤသို့ဖြင့် (၂)ရက်လုံးလုံး မနား မနေ လှုပ်ရှားပင်ပန်းခဲ့သဖြင့် အသက် (၆၄)နှစ်အရွယ် ကျွန်ုပ်မှာ ခန္ဓာကိုယ် တစ်ခုလုံး ကိုင်ရိုက်ထားသလို ခံစားခဲ့ ရပါသည်။

ယခု (၂)ရက်ခရီး သွားခဲ့သော မိုင်ပေါင်းကို တွက်ကြည့်လျှင် မနည်း ပါ။ မော်တော်ကားစီးရသည့်ခရီး ဖြစ် သော်လည်း အချို့ လမ်းကြမ်းကြမ်းများ မှာ ကိုယ်လက်နာကျင်မှု ကြုံရပါသည်။

ဦးတင်ဝင်း ဖော်ပေးလိုက်သည့် ဆေးများထဲမှ တစ်ဖွန်းကို စားသုံးပြီး ထိုည ကောင်းစွာ အိပ်ပျော်သွားသည်။

နံနက်ပိုင်းမှာ အလေ့အကျင့်အတိုင်း (၅)နာရီ အိပ်ရာမှနိုးပြီး ကိုယ်လက် သန့်စင် ဘုရားရှိခိုးတော့ ယခင်နေ့များက ပင်ပန်းနွမ်းနယ်မှုတွေ လုံးဝဖြစ် ဘဲ လန်းဆန်းနေကြောင်း အံ့ဩဖွယ် ကြုံတွေ့ခံစားရပါသည်။

www.burmeseclassic.com



◆ အုန်းတစ်လုံးအားဆေးကို စပါးကျီထဲမှ ဖော်ယူနေသော ဦးတင်ဝင်းမုံ

ထို့ကြောင့် ဤဆေးကို စာဖတ်သူများ ကိုယ်တိုင် ဖော်စားနိုင်စေရန် ဖော်ထုတ်တင်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုဆေးအမည်မှာ...

**သက်ကြီးရွယ်အို အုန်းတစ်လုံးဆေး ပါဝင်သော ပစ္စည်းများနှင့် ဖော်စပ်ပုံ**

၁။ အရည်ပြည့် အသားပြည့် အုန်းသီးစိမ်း တစ်လုံးကို အပြင်ခွံခွာ၍ မျက်စိပေါက်ရှိရာဘက်မှ အပေါက်ဖောက်ကာ အုန်းရည်များ အကုန်သွန်ပါ။

၂။ မြန်မာအိမ်ကြက်ဥ (၈)လုံးကို ဖောက်၍ ကြွေပန်းကန်လုံးကြီးအတွင်း ထည့်ကာ အနှစ်နှင့်အကာ သမအောင် ရောမွှေပြီးမှ အုန်းသီးအတွင်း ထည့်ပါ။

၃။ ထို့နောက် အုန်းသီးအတွင်းသို့ ပျားရည်စစ်စစ်နှင့် နွမ်းဆီစစ်စစ်တို့ကို တစ်ငွန်းစီ တစ်လှည့်စီ အုန်းသီး မပြည့်တပြည့် ဖြစ်သည်အထိ ထည့်ပါ။

သစ်သားအဆို့ဖြင့် အုန်းသီးပေါက်ကို ဆို့ပိတ်ပြီးလျှင် စပါးတင်း တစ်ရာ့ငါးဆယ်ကျော် လှောင်ထားသော စပါးကျီတွင် စပါး အနက် တစ်တောင်ကျော်လောက်မှာ ထိုအုန်းသီးကို ထည့်၍ စပါးဖြင့် ပြန်ဖုံးထားပါ။ **စပါးကျီအတွင်း စပါးတင်းများလေ ပိုကောင်းလေ ဖြစ်သည်။**

အနည်းဆုံး(၇)ရက်မှ (၁၀)ရက်ခန့်ကြာအောင် ထားပြီးလျှင် စပါးကျီတွင်းရှိ စပါးအောက် မြှုပ်ထားသည့် အုန်းသီးကို ပြန်ဖော်ရမည်။

အုန်းသီးတွင် ဆို့ပိတ်ထားသည့် အဆို့ကို ဖြုတ်ကာ အဝကို ချဲ့၍ အုန်းသီးတွင်းရှိ ဆေးများကို ဟောလစ်ပုလင်း ဖန်ပုလင်းတွင်းသို့ လောင်းချလိုက်ရသည်။

ထိုအခါ အလွန်လှပသော ရွှေဝါရောင် ခပ်ပျစ်ပျစ်ဆေးရည်များကို ပုလင်းမပြည့်တပြည့် ရရှိသည်။ ထိုဆေးပုလင်းကို အဖုံးပိတ်ပြီး သန့်ရှင်းခြောက်သွေ့သည့်နေရာမှာထားရသည်။

အုန်းသီးကို ခွဲ၍ အတွင်းသားကို စားကြည့်လျှင် ချိုအိမ့်အီအရသာရှိကြောင်း သိရသည်။ ထိုအုန်းသားကို အစိတ်ကလေးများ ပြု၍ အခြားဖန်ပုလင်းလွတ်အတွင်း ထည့်ကာ ပျားရည်နှင့် စိမ်စားလျှင် ကောင်းမွန်ပါသည်။

အုန်းတစ်လုံးဆေးကို နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် **ဟင်းခပ်ဇွန်း တစ်ဇွန်းစာခန့်** စားရသည်။

ထိုဆေးစားပြီး လမ်းလျှောက်ရေချိုးပြီးမှ ထမင်းစားရသည်၊ စတင်၍ ဆေးစားသောနေ့မှာ အကွာအဝေး (၂)ဖာလုံခန့် လမ်းလျှောက်သည်ဆိုလျှင် နောက်နေ့မှာ (၃)ဖာလုံလျှောက်၊ ထိုနည်းအတိုင်း နေ့စဉ်တိုး၍ လမ်းလျှောက်လျှင် အကွာအဝေး ပိုများလာသော်လည်း မောပန်းနွမ်းနယ်မှု ပို၍ခံစားရကြောင်း၊ ပို၍ ပို၍ မြန်မြန် လျှောက်နိုင်ကြောင်း သိရသည်။

ကိုယ်တိုင်စားသောက်ပြီး အတွေ့အကြုံရဆိုလျှင် မည်သည့်ကိစ္စတွင်မဆို ပို၍ အပင်ပန်းခံနိုင်ခြင်း၊ အမောလုံခြင်း၊ လျင်မြန်သွက်လက် အားအင်ပိုရှိခြင်းကို ခံစားသိရှိရပါသည်။

အမျိုးသားများရော အမျိုးသမီးများပါ စားသုံးနိုင်သောဆေး ဖြစ်ပါသည်။ ဆေးဟု ဆိုသော်လည်း အဝင်မဆိုးပါ။ ချဉ်ပြုံးဆိမ့်အီ အရသာရှိသာ သွားရည်စာမုန့်တစ်မျိုးလိုသာဖြစ်ပါသည်။

အင်အားချည့်နဲ့သော အဘိုး၊ အဘွားများအတွက် သားသမီး မြေးမြစ်တို့က ဖော်စပ်ကျွေးမွေးသင့်ပါသည်။

**ဆီးချို၊ သွေးချို၊ သွေးတိုး စသည့် အခြားသော ရောဂါတစ်မျိုးမျိုး ရှိနေသူများနှင့် သင့်မသင့်ကိုတော့ တိုင်းရင်းဆေးပညာရှင်များနှင့် ဆွေးနွေး အကြံတောင်းပြီးမှ ကျွေးမွေးသင့်၊ မသင့် ဆုံးဖြတ်ရန် ဖြစ်ပါသည်။**

ကာမဂုဏ်ဆန္ဒ အားနည်းသော (ပန်းမလန်းသော) အမျိုးသားကြီးများမှာ ထိုအုန်းတစ်လုံးအားဆေးကို သုံး၊ လေးရက် စားပြီးသည်နှင့် သိသိသာသာ အစွမ်းပြပါသည်။

ခုနစ်ရက်၊ ဆယ်ရက် စားသုံးပြီးလျှင် ပို၍ပို၍ လန်းဆန်းတက်ကြွပါသည်။ စားဝင်အိပ်ပျော် ဝမ်းမှန်လေ့ရှိ ဖြစ်လာပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဝ(*LL.B*)**

www.burmeseclassic.com



# တစ်နှစ်တာ

# စမ်းစာ၊ မာတ်စာ

မျိုးမြင့်ဆွေ (မျက်မှန်)



ဆေးဝါးမပါ မာတ်စာစားခြင်း၊ တစ်နှစ်အတွင်း မတည့်သော အစာတို့ကို ရှောင်ခြင်း စသည့် တိုင်းရင်းဆေးဆရာတို့ ရှေးကပင် သတ်မှတ်သုံးစွဲခဲ့ကြသည့် နည်းတစ်ခုကို စာရေးသူ၏ ကျေးဇူးရှင် ဖခင်ဖြစ်သည့် ယခင် **အသိမ္မော တောင်သာတိုင်းရင်းဆေးညှာ အဖွဲ့ချုပ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည့် တိုင်းရင်းဆေးဆရာကြီး ဦးသီလက** သင်ကြားပေးခဲ့ပါသည်။

တည့်သော အစားအစာများကို **မာတ်စာ**ဟု သတ်မှတ်ပြီး မတည့်သော အစားအစာများကို **စမ်းစာ**ဟု သတ်မှတ်ပါသည်။

**စမ်းစာကို သိလိုသော် တွက်နည်းရှိပါသည်။** တွက်နည်းမှာ သိလိုသူ၏ အသက်ကိုတည်၍ (၈)ဖြင့် စားရပါသည်။ ရရှိသော အကြွင်းကို ရှစ်ခွင် အနေအထားအရ ဂြိုဟ်ခွင်ကို ထောက်ပြီး ကြွင်းသော အရေအတွက်အရ သတ်မှတ်တွက်ယူရပါသည်။

ဂြိုဟ်ရှစ်ခွင်ကို လှည့်၍ ထောက်ရာတွင် **နာရီလက်တံ ပြောင်းပြန်လည်သကဲ့သို့** အရှေ့အရပ်မှ စတင်၍ တစ်ခုကြွင်းသော် တစ်ခွင်၊ နှစ်ခုကြွင်းသော် နှစ်ခွင်၊ သုံးခုကြွင်းသော် သုံးခွင် လှည့်၍ ရေတွက်ရပါသည်။

ရောက်ရှိသော ဂြိုဟ်ခွင်တွင် အရပ်၏နာမ်သည် မတည့်သော စမ်းစာနာမ် ဖြစ်ပါသည်။ မတည့်သော စမ်းစာနာမ် သိလျှင် တည့်သော မာတ်စာနာမ် တွက်ရန် ပို၍ လွယ်ကူပါသည်။

**မတည့်သော စမ်းစာနာမ်မှ** အစဉ်လိုက် စတင်၍ ရေတွက်ရပါသည်။ (၆)ခုမြောက် ရေတွက်၍ ရသော နာမ်သည် တည့်သော မာတ်စာနာမ်ကို ရရှိပါသည်။

**ဥပမာ ။ ။ အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး** စသည်ဖြင့် အစဉ်လိုက် (၆)ခုမြောက် ရေတွက်ခြင်း ဖြစ်ပါသည်။

စမ်းစာတွက်နည်းမှာ...

**ဥပမာ ။ ။ သိလိုသူ၏ အသက်သည် (၅၉)နှစ် ဖြစ်လျှင် (၈)ခုဖြင့် စားသော် အကြွင်း(၃) ရရှိပါသည်။**

(၃)ခုကြွင်းကို ဂြိုဟ်ရှစ်ခွင်ဇယားတွင် အရှေ့အရပ် တနင်္လာနာမ်မှ စတင်၍ နာရီပြောင်းပြန် ရစ်၍ ထောက်ပြီး ရေတွက်သော် **(၁)တနင်္လာ၊ (၂)တနင်္ဂနွေ၊ (၃)သောကြာ** ဟူ၍ (၃)ခုမြောက်သည့် သောကြာအရပ် နာမ်ဖြစ်၍ **သောကြာစမ်း၊ မတည့်သောအစားအစာနာမ်** ဖြစ်ပါသည်။

* * * ⟶

စမ်းစာသမားသည် **သောကြာစမ်း** ဖြစ်သဖြင့် မာတ်စာကို တွက်သော အခါ သောကြာမှ စတင်၍ ရေတွက်ရပါသည်။

သောကြာပြီးသော် စနေသည် (၂)ခု





ပုံ- ဂြိုဟ်ရှစ်ခွင်ဇယား

*(အကြွင်း ကြွင်းသလောက် တနင်္လာဂြိုဟ်ခွင်မှ စတင်ရေတွက်ရသည်။)*

| | | |
|---|---|---|
| ၁-နွေ | ၂-လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |



www.burmeseclassic.com

www.burmeseclassic.com

မြောက်၊ တနင်္ဂနွေသည် (၃)ခုမြောက်၊ တနင်္လာသည်(၄)ခုမြောက်၊ အင်္ဂါသည် (၅)ခုမြောက်၊ ဗုဒ္ဓဟူးသည် (၆)ခုမြောက် ဖြစ်သဖြင့် ဗုဒ္ဓဟူးနာမ်သည် **ဓာတ်စာနာမ်** ဖြစ်ပါသည်။

မတည့်သော စမ်းစာကို စားမိပါက တည့်သော ဓာတ်စာများ စား၍ ဖြေပေးရပါသည်။ စမ်းစာ,ဓာတ်စာတွင် ရာဟုကို ရောက်သော် ရာဟုကို ဗုဒ္ဓဟူးနာမ်အဖြစ် ထပ်တူထပ်မျှ အသုံးပြုရပါသည်။

**အစားအစာ နာမ်များအတွက် ကောက်ယူရာတွင်...**

▲ **တနင်္ဂနွေနာမ်ကို... (အ,ဥ,အုန်း)** မြေကြီးတွင်း၌ဥသော မြေပဲ,စိမ်းစားဥများ၊ ကြက်ဥ,ငှက်ဥများကိုပါ သတ်မှတ်ရပါသည်။

▲ **တနင်္လာနာမ်ကို...(က,ခ,ဂ,ဃ,င)** အက္ခရာပါသော အစားအစာများ ဖြစ်သည့် **ကြံ,ကြက်သား,သကြား, မာလကာ** စသည်တို့ ဖြစ်ပါသည်။

▲ **အင်္ဂါနာမ်ကို... (စ,ဆ,ဇ,ဈ,ည)** အက္ခရာပါသော အစားအစာနာမ်များဖြစ်သည့် **ကန်စွန်းရွက်,ဆိတ်, ဆန်,ဆီ,ဆား,ဆေး,ကောက်ညှင်း နှင့်ပုစွန်** စသည့် အစားအစာများ ဖြစ်သည်။

▲ **ဗုဒ္ဓဟူးနာမ်ကို... (ရ,ယ,လ,ဝ)** ပါသော အစားအစာနာမ်များ ဖြစ်ကြသည့် **ဖရုံ,ဖရဲ,ရဲယို,ဝက်သား** စသည်တို့ ဖြစ်ပါသည်။

▲ **ကြာသပတေးနာမ်ကို... (ပ,ဖ,ဗ, ဘ,မ)**အက္ခရာပါသော အစားအစာနာမ်များ ဖြစ်ကြသည့် **ပဲ, ပြောင်း, ဘူး** စသည်တို့ ဖြစ်ပါသည်။

▲ **သောကြာနာမ်ကို... (သ,ဟ)** အက္ခရာပါသော အစားအစာနာမ်





များ ဖြစ်ကြသည့် **ကြက်သွန်နီ, သီဟိုဠ်,သီးသီး** စသည့်တို့ ဖြစ်ပါသည်။

▲ **စနေနာမ်ကို... (တ,ထ,ဒ,ဓ,န)** အက္ခရာပါသော အစားအစာနာမ်များ ဖြစ်ကြသည့် **နမ်း,ထန်း,ဓနိ, ဒန့်သလွန်** စသည်တို့ ဖြစ်ပါသည်။

တွက်စရာမလိုဘဲ ပုံသေဇယားကို ကြည့်ခြင်းဖြင့်လည်း အသက်သိသည်နှင့် စမ်းစာကို ချက်ချင်း သိရှိနိုင်ပါသည်။

* * *

မတည့်သော အစားအစာများကို စားမိပါက ဗိုက်နာခြင်း၊ လေအောင့်ခြင်း၊ ဝမ်းသွားခြင်းများကို ဖြစ်ပေါ်စေပါသည်။

မတည့်သော အစာများကို စားမိခြင်းကြောင့် ချက်ချင်း ဘာမှ မဖြစ်သော်လည်း တစ်ပတ်အတွင်းသော်လည်းကောင်း၊ မတည့်သော အစားအစာကို အနည်းအများ စားမိခြင်းပေါ်မူတည်၍ ခံစားရပေမည်။

တည့်သော အစားအစာကို ဓာတ်စာစားခြင်းဖြင့်လည်း မတည့်သော အစာများကို ပြေပျောက်ကောင်းမွန်သွားနိုင်ကြောင်း ဖော်ပြလိုက်ပါသည်။

**မျိုးမြင့်ဆွေ(မျက်မှန်)**

စမ်းစာအတွက် ပုံသေဇယား

| စမ်းစာနာမ် → / အသက်နှစ် ↓ | ၂-လာ | ၁-နွေ | ၆-ကြာ | ၈-ဟု | ၅-တေး | ၇-နေ | ၄-ဟူး | ၃-ဂါ |
|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ |
| | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ |
| | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ |
| | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ |
| | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ |
| | ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ |
| | ၈၉ | ၉၀ | ၉၁ | ၉၂ | ၉၃ | ၉၄ | ၉၅ | ၉၆ |
| | ၉၇ | ၉၈ | ၉၉ | ၁၀၀ | ၁၀၁ | ၁၀၂ | ၁၀၃ | ၁၀၄ |
| | ၁၀၅ | ၁၀၆ | ၁၀၇ | ၁၀၈ | ၁၀၉ | ၁၁၀ | ၁၁၁ | ၁၁၂ |



www.burmeseclassic.com

www.burmeseclassic.com



မုန့်စဲကမ်းခြေမှ

# ရခိုင်ဓလေ့သုံး ဆေးပင်များ

ညွန့်ဝေအေး

**မုန့်စဲကျွန်း** ခြေတော်ရာအား သွားရောက် ပူဇော်စဉ် စစ်တွေပြန်ရန် သဘောအချိန်ဝေးသဖြင့် ကမ်းခြေ တစ်လျှောက် ခြေဆန့်၍ လေ့လာ ကြည့်သည်။ ဒီရေရောက်သော ပင်လယ်ကမ်းခြေ ဖြစ်သောကြောင့် သဲသောင်ပြင်နှင့် ခရုကလေးများ တွေ့ရပါ။ လတာပြင်နှင့် ငါးပုံများသာ ရှိကြလေသည်။

မိမိကဲ့သို့ပင် သဘောစောင့်နေဟန် တူသောဦးကြီးတစ်ယောက်က ကျွန်းမြေ ကမ်းစပ် ကျောက်တုံးများအနီးရှိ အပင် ကလေးများအား ညွှန်ပြကာ...

ကြက်ရောဂါကင်းစေတဲ့ ကြက်ဆေးပင်၊ ကြက်ဥတင်းထဲ ဖြန့်ခင်းထားရင် ပေါက် လာတဲ့ ကြက်ပေါက်စကလေးတွေ ရောဂါ မဖြစ်ဘူး။ သန်မာတယ်၊ အသေအပျောက် နည်းတယ်။ ကြက်တွေမှာ ဒုက္ခပေးတတ်တဲ့ ပိုးတွေ သေစေတယ်'

ဟု ပြောပြသည်။ ရခိုင်အခေါ် "**ဆေးမလာ** (**ဆေးမုံလာ**)ဖြစ်၍ **ထင်းတပါးပျဉ်းရွက်နှင့် ဆင်တူ** သည်။ ပင်စည်တွင် မွေးနုများ ပါဝင် သည်။ **တောမုန်လာတစ်မျိုး ဖြစ် သည်။**

ကြက်များသာမက လူတို့တွင် ဖြစ်တတ်သော **ချောင်းဆိုးသွေးပါ၊ သွေးအန်နာ၊ သွေးဝမ်းသွားခြင်း** စသည်တို့အတွက် **ပဥ္စငါးပါး သတ္တု ချည်နှင့် သကြား အနည်းငယ်စွက် ကာ တစ်ကြိမ်လျှင် ဟင်းစားဇွန်း တစ်ဇွန်း၊ တစ်နေ့ လေးကြိမ်အထိ** သောက်သုံးနိုင်သည်ဟု သိရသည်။



◆ ဆေးမလာပင်များ

◆ တာမရိပင်







www.burmeseclassic.com

www.burmeseclassic.com



အပွင့်ပွင့်နေသည့် ဓာမနီ(ပိစပ်)ပင်

**မီးယပ်သွေးလွန်ခြင်း၊ မီးနေသွေးသွန်ခြင်း၊ သွေးထွက်လွန်ခြင်းတို့အတွက် ဆိုပါက သတ္တုရည် သီးသန့် လိုအပ်သလို သောက်သုံးရသည်။ ဗိုက်လွန်းသော်လည်း ဦးယမ်မရှိဟု ပြောပြ သည်။**

ထို့နောက် ပေါ်များစွာ တွေ့ရသည်မှာ ပိစပ်ပင်များ ဖြစ်သည်။ **ခရမ်းဖြူရောင်အပွင့်များ** ဝေဆာစွာ ပွင့်နေကြသည်။ **အမော၊ အမူးပြေစေသည်** ဟူ၍ လူကြီးသူမများက ပွတ်ခြေ ရှူကြသည်။ (ရခိုင်)ဒေသသုံးဆေးအဖြစ် **ငှက်ဖျားရောဂါအတွက် ထိရောက်စွာ သုံးနိုင်သည်ဟု ဆိုသည်။**

ပဏ္ဍဝါးပါးသတ္တုရည်ကို မီးပျဉ်းပျဉ်းဖြင့်ချက်ကာ ပည်းပျစ်လာသည်အထိ ကျိုရသည်။ စေးပျစ် လာလျှင် ငှက်ဖျားနှင့် တုန်ဖျား ချမ်းဖျား အဖျားမျိုးစုံအတွက် သောက်သုံးနိုင်သော ဆေးအဆီ ဖြစ်လာသည်။

ဓာမနီအဆီ (ဂေါ်ဇီ) တစ်ဖွန်းမျှ သောက်သုံးခြင်းဖြင့် ကိုက်ခဲနာကျင်မှုများ လျော့ပါး၍ အဖျားကျစေသည်၊

ရေပါက်သီး (ပိစကျောင်းကွမ်းပင် (ဆီ) ပင်လယ်နှမ်း)





F.20B. July, 2017.

www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းစေသည်ဟု ခြေတော်ရာ ဂေါပကလူကြီးများက ရှင်းပြကြသည်။

အခြားဆေးတစ်ပင်မှာ **ကျီးလန့်စာ** ဟု ခေါ်ကြသည်။ **နွားမြီးကစ် (ကစ်စေးနဲ့)**ပင် ဖြစ်သည်။ ပင်ငယ်မျိုးဖြစ်၍ အသီးတွင် ဆူးကောက်များ ပါဝင်သဖြင့် နွားမြီး၊ အဝတ်၊ ပုဆိုးတို့တွင် ကပ်ငြိလေ့ရှိကြသည်။ **ထိုးဆွလေ့ရှိသောကျီးများပင် မထိုးမဆွ ကြောက်လန့်သောကြောင့် ကျီးလန့်စာခေါ်ခြင်း ဖြစ်သည်။**

အပွင့်သတ္တုရည်ကို ပုံပေးပါက အပူကြောင့်ဖြစ်သော လည်ချောင်းနာခြင်း ခံတွင်း အပူဖုပေါက်ခြင်း၊ ခံတွင်းရောဂါဟူသမျှ သက်သာပျောက်ကင်းစေသည်။

အမြစ်နှင့် အကိုင်း၊ ပင်စည်များကို သုံးပုံတစ်ပုံကျန် ပြုတ်၍ တစ်ကြိမ်လျှင် အကြမ်းပန်းကန် တစ်လုံးစာ၊ တစ်နေ့သုံး‚လေးကြိမ် သောက်ပေးလျှင် လေပြွန်နာ၊ အသက်ရှူလမ်း ဝေဒနာများ သက်သာ ပျောက်ကင်းစေသည်ဟု သိရသည်။

---

ဖက်ရုံပင်

---

ရေခရာကို ခေါ်ခြင်း ဖြစ်သည်။ **ဆူးပါသောအရွက်များနှင့် အဖြူရောင်၊ အပြာရောင်အပွင့်များ ရှိကြသည်။** အဆစ်ရောင်၊ အကြောနာ၊ ကိုက်ခဲမှု စသည် ဖြစ်ပွားလျှင် အရွက်ကို ဆီသုတ်၊ မီးကင်၍ အုံပေးနိုင်သည်။


**ရှာတဲမြောက်ကိုက်ရာ အစ်ရာကို ဖက်ရုံ (ချော)ဆေးဖြင့် ထိုးပေးက ရှာတ်ဆိပ်ပြေစေသည်ဟု ဆိုသည်။**

---

စွေပေါက်


---

မိကျောင်းကွမ်းဖတ်ပင် ဖြစ်သည်။ အခင်း သိမ်သေးသော ရွက်ပိုင်းများရှိ၍ အဆစ်နေရာတွင် လက်ချောင်းများ စုစည်းထားသကဲ့သို့ အစေ့တောင့်များ



ဖက်ရုံ(ချော)ပင်

စွေပေါက်ပင်



စုပြု ထွက်ကြသည်။ အခွံမာ၍ အက်ကွဲလျှင် နှမ်းစေ့သဏ္ဌာန် အစေ့ငယ်ကလေးများ ပျံ့ကြဲ ထွက်လာသည်။ **တောနှမ်း၊ ပင်လယ်နှမ်းဟုလည်း ခေါ်ကြသည်။**

အနာအို အနာဟောင်းများတွင် ယင်းအစေ့ကို ကြိတ်၍ အုံပေးပါက အနာကျက်၍ အသားနုတက်လွယ်သည်။ ထိုအစေ့များကို ကွမ်းစားသကဲ့သို့ အမြဲ မြုံ့ပေးပါက ကိုယ်ခံအင်အားကောင်း၍ ရောဂါဘယ မကပ်ငြိနိုင်ဟု ယုံကြည်ကြလေသည်။

---

လက်ခေါက်

---

အများသိကြသော **ဆင်တုံးမနွယ်**၊ **ဆင်သမနွယ်** ဖြစ်သည်။ **ဓားနှင့်ထက်ပိုင်းခုတ်လျှင် မြွေနာမှုတ်သကဲ့သို့ "ရှူး"ဟူသောအသံ၊ အခိုးလေထွက်သည်ကို လက်ခေါက်မှုတ်သံဖြင့် ပမာပြုခြင်း ဖြစ်သည်။** ဆေးအဖြစ် ကျယ်ပြန့်စွာ သုံးစွဲကြသဖြင့် သီးခြားဖော်ပြခြင်း မပြုတော့ပါ။

*[ကူညီရှင်းပြပေးကြသော ဒေသခံများ၊ မှန်စံခြေတော်ရာ ဂေါပကလူကြီးများအား ကျေးဇူးတင် ရှိရပါသည်။]*

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com




စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *





ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အောင်ဆန်းမြို့နယ်မှ ''မခင်မြစိန်''** ဆိုတဲ့ အမျိုးသမီးဖြစ်ပါတယ်။

နာမည်စာလုံး (၃)လုံးကို လက်မှတ်တွဲထိုးထားတာပါ။ **ခွက်မှောက်သင်္ကေတ၊ အပြိုင်သင်္ကေတတွေနဲ့** အတူ အိတ်ဖောက်သင်္ကေတတွေ ပါဝင်နေလို့ လက်မှတ်ပုံသဏ္ဌာန် ညံ့ပါတယ်။

အယှဉ်အပြိုင်များခြင်း၊ ငွေထွက်များခြင်း၊ ခွဲစိတ်ကုသခံရခြင်း၊ မိသားစုနဲ့ ခွဲခွာလုပ်ကိုင်နေထိုင်ရခြင်းတွေ ဖြစ်တတ်တဲ့ နိမိတ်ပါပဲ။

သူမရဲ့ မွေးသက္ကရာဇ်က **မြန်မာလို ၁၃၄၆ခုနှစ်၊ တော်သလင်းလ၊ တနင်္လာနေ့**ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်–၁]


တနင်္လာဘင်ဖွားဖြစ်သူကို **တနင်္လာ+ကြာသပတေး+အင်္ဂါ နံသင့်အက္ခရာ**[illegible]တွေနဲ့ နာမည်ပေးထားတယ်။ [illegible] အညွှန့်အုပ်နာမည်ပေးနည်း မှန်ပါတယ်။ နာမက္ခရတိုင်စဉ်လဲ မှန်တယ်။ ဝုဒ္ဓိလဲ မှန်တယ်။

ဒါပေမယ့် **ဘင်+မရဏ+ပုတိ= အနိဋ္ဌ+အနိဋ္ဌ+အနိဋ္ဌ**ဆိုတဲ့ နာမည်မျိုး ဖြစ်နေတယ်။လူကလဲမည်းကြုတ်ကြုတ် ပိန်ကျစ်ကျစ်ဆိုတော့ လူနဲ့နာမည်က ဆန်းဝင်နေတယ်။

**''ခ'' အက္ခရာဟာ** အသားဖြူသူကို နာမည်ပေးသင့်တဲ့အတွက် နာမည်အစ စာလုံးနဲ့ လူအသားအရောင်လွဲနေတယ်၊ **ဝဏ္ဏမှားတာပေါ့။ဒါကြောင့် စီးပွားရေးညံ့မယ်။**

ငွေမမြဲဘဲ စီးပွားဆုတ်ယုတ်ပျက်ပြားလို့ ကျွန်ုပ်ထံ ရောက်ရှိလာသူဖြစ်ပါတယ်၊ ဒါကြောင့် နာမည်လဲ မပြောင်းချင်ဘူးဆိုလို့ ထိုးမြဲလက်မှတ်ကိုပဲ မြတ်တစ်လုံးတည်းရွေးထိုးဖို့ လမ်းညွှန်ပေးလိုက်ရတယ်။ အရောင်းအဝယ်သမားဆိုတော့ အမြတ်တွေ များများရအောင် ရည်ရွယ်တာပါ။

* * *



နံပါတ်–၁

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | ၆ | |
|---|---|---|
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

| ၁ | |
|---|---|
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်စဉ်)

၆ ၀ ၁ ၂ ၃ ၄ ၅

(ဝုဒ္ဓိစဉ်)


www.burmeseclassic.com

အင်္ဂလိပ်အက္ခရာစာလုံးနဲ့ လက်မှတ်ထိုးစေပြီးကြေးစည်ပုံငွေအိတ်သင်္ကေတထည့်ဖို့၊ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ဖို့ လမ်းညွှန်လိုက်ရတယ်။

ပွင့်ဖတ်(၄)ခုကတော့ မူလမဟာဘုတ်မှာ သိုက်ဌာနရှိတဲ့ ဗုဒ္ဓဟူးနံကို ညွှန်းပါတယ်။

နောက်ပြီး တနင်္လာရဲ့အပြင်မိတ်လဲဖြစ်တဲ့ ဗုဒ္ဓဟူးကို အထွတ်တင်တဲ့ သဘောမို့ ငွေဝင်ကောင်းခြင်း၊ နိုင်မြဲခြင်းတွေ ပိုပြီး ဖြစ်စေပါလိမ့်မယ်။

၂။ * * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **အိမ်မဲမြို့မှာ မွေးဖွားခဲ့တဲ့ ဦးလှဖြိုး**ဆိုသူ ဖြစ်ပါတယ်။

နာမည်စာလုံးနှစ်လုံးတွဲကိုပဲ မြန်မာအက္ခရာနဲ့ လက်မှတ်ရေးထိုးထားတာပါ။ ကြီးမားတဲ့ခွက်မှောက်ပုံနဲ့ လက်မှတ်အောက်က အပြိုင်သင်္ကေတပေါင်းစပ်လိုက်ရင် အိမ်ထောင်ရေးအပြိုင်ကိစ္စကြောင့် ငွေကုန်များတတ်တာပေါ့။

လက်မှတ်နောက်မှာ တွန့်လိမ်နေတဲ့လမ်း ကောက်ပိတ်ထားတဲ့အတွက် အိမ်ထောင်ရေးပြဿနာတွေကြောင့် ကွဲကွာရတတ်တယ်။

သူ့ရဲ့ မွေးသက္ကရာဇ် **မြန်မာလို ၁၃၃၇ခုနှစ်၊ သီတင်းကျွတ်လ၊ ဗုဒ္ဓဟူးနေ့မွေးဖြစ်တဲ့အတွက်** မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဥ်နဲ့ ဗုဒ္ဓိအစဥ်ချကြည့်ရင် အောက်ပါအတိုင်းတွေ့ရှိရမယ်။


* * * [နံပါတ်-၂]

ဗုဒ္ဓဟူး အဓိပတိဖွားကို **ဗုဒ္ဓဟူး၊ ကြာသပတေးဆုံး နာမည်ပေးထားတာ၊ မွေးနံပေါ် အညွှန့်အုပ်နာမည်ပေးနည်း မှန်တယ်။** အဓိပတိ+ရာဇ= ကူဋ္ဌ+ကူဋ္ဌဖြစ်လို့ နာမည်ကောင်းဖြစ်တယ်။

နာမက္ခရတိုင်စဥ်မှန်၊ ဗုဒ္ဓိမှန်ဖြစ်တယ်။ လှူကလဲ အသားလတ်၊ တုတ်တုတ်ခိုင်ခိုင်ဖြစ်လို့၊ ပညတ်မှန်၊ ဆန်းဝင်တဲ့နာမည်မျိုး ဖြစ်တယ်။ လက်မှတ်ရွေးချယ်တဲ့စာလုံးလဲ မှန်တယ်။


ဒါကြောင့် လက်မှတ်ပုံသဏ္ဍာန်သာမှန်ရင်၊ ကောင်းမွန်ရင်၊ အိမ်ထောင်ရေး အညံ့အပျက်တွေ ပပျောက်၊ ငွေထွက်နည်းပါးပြီး အလွန် ကံကောင်းလာနိုင်သူ ဖြစ်တယ်။ ထိုးမြဲလက်မှတ်ကို အောက်ပါအတိုင်း ပြုပြင်ထိုးသင့်တယ်။

* * *




- ✤ ကြိုးပုံငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲပါ။
- ✤ တစ်ချောင်းငယ်ကို အမှန်ခြစ်ပုံ(✔) ထိုးရမယ်။ ဒါပေမယ့် အညွှန့်မရှည်လွန်းရပါ။
- ✤ လက်မှတ်အောက်က မျဉ်းမသားရဘူး။

၃။ * * *



ယခုလအတွက် **နံပါတ်(၃)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **မင်္ဂလာဒုံမြို့နယ်မှ "မို့မို့ထွေး"** ဆိုတဲ့ အမျိုးသမီး ဖြစ်ပါတယ်။


ထိုးမြဲလက်မှတ်ကို မြန်မာအက္ခရာစာလုံးနဲ့ ထိုးထားတာပါ။ လက်မှတ်စာလုံးမှာ မြင်သာတဲ့စာလုံးနှစ်လုံးရှိပြီး အပေါ်ကကြီး၊ အောက်ကသေးဖြစ်နေတယ်။ အညွှန့်လဲရှည်တယ်။



www.burmeseclassic.com

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

နံပါတ်-၃



ပုံသဏ္ဍာန်ညှံ့ပါတယ်။ မြင့်ရာက နိမ့်ရာကို ကျဆင်းမယ့် နိမိတ်ပါပဲ။

လူပုံကတော့ အသားဖြူဖြူ ခန္ဓာကိုယ် သေးသွယ်တယ်။ သူမရဲ့ မွေးသက္ကရာဇ်က မြန်မာလို **၁၃၄၅ခုနှစ်၊ ပြာသိုလ၊ ကြာသပတေးသမီး ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဝုဒ္ဓိစဉ်**ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * [နံပါတ်-၃]

ကြာသပတေးအဓိပတိဖွား ဖြစ်သူကို ကြာသပတေး အစ စနေအဆုံး ရန်ဓာတ်နဲ့ နာမည်ပေးထားတာ မကောင်းပါဘူး။ သို့သော်လဲ အဓိပတိ+အထွန်း = ကူဋ+ကူဋဖြစ်ခြင်း။ နာမက္ခရာတိုင်စဉ်မှန်ခြင်း။ ဝုဒ္ဓိမှန်ခြင်း' တွေကြောင့် နာမည်မကောင်းဘူးလို့လဲ ပြောလို့မရဘူး။


အသားဖြူလတ်ဝါ မိန်းကလေးကို အမည်းရောင်နှစ်သက်တဲ့ "မ" အက္ခရာ နှစ်လုံးဆင့်ပေးထားတာက တော့ ကျန်းမာရေး (သို့မဟုတ်) အိမ်ထောင်ရေးကို အထူးညှံ့စေနိုင်တယ်။

ဒါ့အပြင် "မ"ဆိုတဲ့သောမအက္ခရာကို သံရှည်ပေးရမယ့်အစား သံပြတ်နဲ့ပေးထားခြင်း။ "ထ"ဆိုတဲ့ ပါပအက္ခရာကို သံပြတ်နဲ့ပေးရမယ့်အစား သံရှည်နဲ့ပေးထားခြင်းဆိုတဲ့ ဒီဃရဿအမှားရှိနေတယ်။

အိမ်ထောင်ရေးကို ဒုက္ခရောက်စေမှာပေါ့။ အခုလဲ အိမ်ထောင်ရေး အဆင်မပြေဖြစ်နေပြီး ကွဲရတော့မလိုဖြစ်နေလို့ ကျွန်ုပ်ထံ ရောက်လာတာပါ။

ဒီနာမည်မျိုးမှာတော့ မူလမဟာဘုတ်ဌာန အထွန်းနေရာမှာရှိတဲ့ နာမည်နောက်ဆုံးစာလုံးကို လက်မှတ်ရွေးထိုးခြင်းသာ အကောင်းဆုံးဖြစ်ပါမယ်။

* * *



- ❖ အောက်ခြေပြား ငွေအိတ်ပုံ ပါရမယ်။
- ❖ အညွန့်နေရာမှာ မဟာဘုတ်သိုက်ဌာနက အိမ်ထောင်ရေးဂြိုဟ် အင်္ဂါကိုယ်စားပြု ပွင့်ဖတ်(၃)ခုပါတဲ့ ပန်းပွင့်ထည့်ရမယ်။
- ❖ လက်မှတ်အောက်က မျဉ်းမသားရဘူး။

ဒါဆိုရင်... အိမ်ထောင်ရေး အဆင်ပြေ သာယာပျော်ရွှင်နိုင်မြဲပါလိမ့်မယ်။

***ဒီလ ဒီမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥဝ်အောင်)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**မည်သူမဆို ပါဝင်ရေးသား နိုင်ပါသည် ...**


*စာမူပို့လိုက...*
**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**အမှတ် ၂၀၉(ဓမြညီ)၂၉-လမ်း (အထက်)ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၅၄၄၈၇၁၅ / ၀၉-၄၅၆၀၀၄၁၉၂**

www.burmeseclassic.com

www.burmeseclassic.com






(၁၂)လရာသီ နက္ခတ်စာတ်စာ (2017-May လအတွက်)

# ကဆုန်လ

## ပြိဿရာသီ (Taurus)



# နက္ခတ်စာတ်စာ

### ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သရာ မင်းချမ်းသာ

ပြိဿရာသီ

ကဆုန်လသည် ကောင်းကင်ယံတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ထွန်းလင်းပြီး ရာသီပန်းဖြစ်သော ''စံကားပန်း'' တို့ကလည်း ဖူးပွင့်ဝေဆာလို့နေပေသည်။


တန်ခူး''ရေကုန်'' ကဆုန် ''ရေခန်း'' ရှေးစကားအဆိုအရ ပြိဿရာသီ ကဆုန်လဟာ မိုးလေမသန်း ရေခန်း ကုန်ခြောက် ပူပြင်းလှတဲ့ ရာသီဖြစ်လေသည့်မို့ ရာသီပွဲတော်အဖြစ် ကဆုန် ညောင်ရေသွန်းပွဲတော်ကို ကျင်းပကြပါသည်။

လေပူ,လေရူး,လေပွေတို့ ဝှေ့ယမ်းတိုက်ခတ်ပြီး မြစ်ချောင်းအင်းအိုင် ရေတွင်းရေကန်တို့တွင် ရေများ ခန်းခြောက်ပြီး ပူပြင်းသည့်ဒဏ်ကို လူအပါအဝင် သတ္တဝါအများ ခံစားကြရပေသည်။

**''ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့''**ဆိုရိုးစကားကို ကဆုန်လနှောင်းပိုင်းကျမှ မိုးနံ့လေနံ့လေးများ ဝက်ဖျန်းတော့မှသာ အနည်းငယ် အပူဒဏ်ကို သက်သာရကြလေသည်။

ဤလရာသီတွင် **ဝမ်းပျက်ဝမ်းလျှောခြင်း၊ အစာအဆိပ်သင့်ရောဂါနှင့် ငန်းရောဂမိုးခေါ်သည့် အပူလျှပ်အများကြီးပြီး ချွေးတရစပ်ထွက်သော ချွေးထွက်လွန်ပြီး တစ်ကိုယ်လုံး အအေးဓာတ်ကာ အသက် အန္တရာယ်ပေးသည်အထိ ဖြစ်တတ်ကြပါသည်။**

ထို့ကြောင့် အစပ်လွန်၊ အချဉ်လွန်၊ အငန်လွန်ကဲသော အစားအစာများနှင့် ညှီသိုးရက်ကျော်နှင့် အလှူစာ အများကျွေးသည့် အစားအစာများကို သတိပြု ဆင်ခြင်သင့်လှသည့် ကာလရာသီ ဖြစ်ပေသည်။



မဆလာ ဟင်းများ ကြော်ညက်ခဲသော ဆီကြော်ဟင်းများ **တွင်းအောင်းသား၊ မြေအောင်းသားနှင့် မီးမြိုက် ကျစ်တင်ထားသော အသားများ၊** ကို ရှောင်ပါ။

### ရှောင်ကြဉ်ရမည့် အစားအစာများ

ပူလွန်း၊ စပ်လွန်း၊ ဖန်လွန်း၊ ချဉ်တတ်စေတတ်သော အစာများကို ရှောင်ကြဉ်ပါ။ လက်ဖက်သုပ်ချဉ်၊ ချဉ်ဖတ်၊ အမဲသား၊ ငါးတို့ကို အချဉ်တည် စားသောက်ခြင်း ရှောင်ပါ။

ထမင်းသိုးလွယ်၊ ဟင်းသိုးလွယ် တတ်ခြင်းကြောင့် လတ်ဆတ်သန့်ရှင်းသည့် အစားစာများကို သတိပြု စားသုံးပါ။

ဒူးရင်းသီး၊ အုန်းနို့၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ပိတ်ချဉ်း၊ ချင်း၊ ပတဲကော၊ ဆိပ်ဖူး၊ လင်းနေ၊ ဥသျှစ်သီး၊ ဥသျှစ်ရွက်၊ မျှစ်ချဉ်၊ ပုစွန်ချဉ်၊ ငါးချဉ်၊

### ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင် စားသုံးသင့်သည့် အစားအစာများ

### အသီးအရွက်

သလဲသီး၊ သစ်တိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ သြဇာသီး၊ မရန်းသီး၊ ကတွတ်သီး၊ သဖန်းသီး၊ ကြက်ပေါက်သီး၊ ဇင်ပွန်းသီး၊ ခရမ်းချဉ်သီး၊ ဆီးသီး၊ ဖန်ခါးသီး၊ ဂွေးသီး၊ မန်ကျည်းသီးစိမ်းမှည့်၊

သခွားသီး၊ သခွားမွှေးသီး၊ ဖရဲသီး၊ ကင်းပုံသီး၊ ရှားစောင်းခါး၊ ရှားစောင်းချဉ်၊ ကန်စွန်းရွက်၊ သနပ်ရွက်နု၊ မန်ကျည်းရွက်နု၊ ပေါက်ပန်းဖြူ,နီ၊



www.burmeseclassic.com

www.burmeseclassic.com

ရေသကျည်းရွက်၊ မြင်းခွာရွက်၊ ကနဖော့၊ ငါးရံ့ပတ္တူ၊ သရက်ရွက်နု၊ သရက်သီးကင်း,အမှည့်၊ ကင်ပလင်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ မရူသီးမှည့်၊ သပွတ်သီး၊ သပြေသီးမှည့်၊ ပဲကြီး၊ ပဲလိပ်ပြာ၊ စားတော်ပဲ၊ မတ်ပဲ၊ ပဲဝါလေး၊ ပဲကတ္တီပါ စသည်တို့ကို စားသုံးပေးနိုင်ပါသည်။

### အသားငါး

ပုစွန်ထုပ်၊ ပုစွန်ကျော့၊ လယ်ပုစွန်လုံး၊ ငုံးသား၊ ငုံးဥ၊ ဘဲသား၊ ရေဘဲ၊ စစ္စလီသား၊ လိပ်ဥ၊ လိပ်သား၊ ငါးရှဉ့်၊ ငါးရံ့၊ ငါးပနော်၊ ငါးမြွေထိုး၊ ငါးနုသန်း၊ ငါးဖောင်ရိုး၊ ငါးခူ၊ ငါးသလဲထိုး၊ ငါးမုတ်။

ရွှေစာရေးငါး၊ ငါးစင်စပ်၊ ငါးဘဲဖြူ၊ ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ နွားကလေးသား၊ ဂျိ(ချေ)သား၊ ဆတ်သား၊ ယုန်သား၊ ဝက်သား၊ တောဝက်သား၊ ဆတ်သျှားခြောက်၊ ကျွဲသားခြောက်၊ ဘဲသွေး စသည်တို့ကို စားသုံးပေးနိုင်ပါသည်။

### အချဉ်သီး

ကြက်ပေါင်သီး၊ သစ်တိုသီး၊ မရန်းသီး၊ သရက်သီးစိမ်း၊ ဆီးသီးချဉ်၊ ဇွေးသီးချဉ်၊ ရှောက်သီး၊ သံပရာသီး၊ ဆင်ခရမ်းချဉ်သီး၊ ချဉ်ပေါင်ဖူး၊ သပြုသီး၊ ပအုံးရည်၊ ရေငန်းသီးချဉ် စသည်တို့ကို အသုပ်ဟင်းပွဲတို့တွင် အချဉ်အဖြစ် ထည့်သွင်းစားသုံးနိုင်ပါသည်။

### အထူးသဖြင့်

ပြိဿရာသီ ကဆုန်လရာသီတွင် အပူကြီး အပူလျှပ်၍ ကိုယ်ပူကြီးပြီး ချွေးထွက်လွန်၍ **ငန်းရေဂမိုးရောဂါရခဲ့လျှင်** ဝမ်းတွင်းသို့ ဆေးနံ့ပါတ်(၁၇)သွေးဆေးနီကြီး (၃)ပဲသားကို ရေနွေးဖြင့် တစ်နေ့(၃)ကြိမ် တိုက်ပေးပြီး



ခန္ဓာကိုယ် ချွေးထွက်လွန်၍ အေးစက်နေခြင်းကို နနွင်းမှုန့် များများယူပြီး နနွင်းဖြင့် နယ်ဆတ်ပေးရပါသည်။

**[နနွင်းဆတ်သည် ဆိုသည်မှာ လက်တွင် နနွင်းမှုန့်ထည့်ပြီး လူနာ၏ ခန္ဓာကိုယ်တစ်ခုလုံးကို နနွင်းမှုန့်ဖြင့် ဖိ၍ ပေးခြင်းကို နနွင်းဆတ်ပေးသည်ဟု ခေါ်ပါသည်။]**

ဤနည်းစနစ်သည် စိတ်ချရပြီး ငန်းရေဂမိုးရောဂါကို အမြန်ဆုံး သက်သာစေပါသည်။

### ပြိဿရာသီ ကဆုန်လ မိသားစု
### ထမင်းဝိုင်းအတွက်
### ဆေးဖက်ဝင် ဓာတ်စာ
### ဟင်းစပ်အတွဲများ
### [(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]

**၁။ ငါးရံ့သား,သနပ်ရွက်, ဆီးသီး အချဉ်ဟင်း**

- မြင်းခွာရွက်သုပ်၊
- ရှားစောင်းခါးချက်၊
- ဒန့်သလွန်ရွက်ဟင်းချို၊

**၂။ ဘဲသား, ဒန့်သလွန်သီးအနှစ် မီးအုံးဖွန်းခြစ်ချက်**

- သရက်ချဉ်သုပ်၊
- မဲဇလီဟင်းချို၊
- ငါးပိဆီကြော်၊

**၃။ ပုစွန်ထုပ် ဂဏန်းမဆလာချက်**

- ခံတက်ရွက်သုပ်၊
- ပေါက်ပန်းဖြူချဉ်ရည်ဟင်း၊
- ပုစွန်ခြောက်ဗာလချောင်ကြော်၊

**၄။ ဝက်သား သစ်တိုသီးချက်**

- ငှက်ပျောဖူးကြော်၊
- ချဉ်ပေါင်မှန်ရောင်ဟင်းချို၊
- ရခိုင်ငါးပိထောင်း၊

**၅။ ငါးသလဲထိုး အိုးကပ်ချက်**

- ပုစွန်ဆန်လှော်ဟင်းရည်၊
- ပဲပြားကြာဆန်သုပ်၊
- ခရမ်းချဉ်သီး ပုစွန်ခြောက်ကျော်၊

**၆။ ငါးရံ့ခြောက် မီးအုံးဆီဆမ်း**

- ဖရဲသီး ဆလပ်သုပ်၊
- ကင်ပွန်းချဉ်ရွက် ဟင်းချို၊
- အညာမြေပဲဆန်ချက်၊

**၇။ ဆတ်သားခြောက် ခရမ်းချဉ်သီးချက်**

- ကန်စွန်းရိုးချဉ်ရည်ဟင်း၊
- ပဲကြီးဆူးပုပ်နှပ်၊
- မရန်းသီး ငါးပိထောင်း၊

### အချိုပွဲ

သခွော်သီးဖျော်ရည်၊ မုန့်လက်ဆောင်း၊ ဆေးကုလားမ၊ ကျောက်ကျော၊ နို့အေးဖျော်ရည်၊ သရက်သီးမှည့်၊ ကောက်ညှင်း၊ နို့စိမ်းဆမ်းအချိုပွဲ၊ စပျစ်သီး၊ သစ်တော်သီး၊ ဆီးယို၊ စတော်ဘယ်ရီယို၊ ကတွတ်ယို၊ ရှောက်ယိုတို့ကို အချိုပွဲအဖြစ် စားသုံးနိုင်ပါသည်။

ယခုတင်ပြခဲ့သော (၇)ရက် (၁)ပတ်စာ ဟင်းစပ်အတွဲများသည် ပြိဿရာသီ ကဆုန်လအတွက် ရာသီအလိုက် ဓာတ်အကြိုက် ဆေးဖက်ဝင်ကျန်းမာရေးအကျိုးပြု **"နက္ခတ်ဓာတ်စာ ဟင်းလျာများ"** ဖြစ်ပါသည်။

***စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ။***

**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com



# မြဲစေ၊ရှည်စေ၊တည်စေ

## ထူးခြားတဲ့ ဂါထာတွေ

အုံကြွယ်



မိုးလေးတအေးအေးနှင့်မို့ အိပ်ရာက မထသေးဘဲ စောင်ခြုံနှင့်ကွေးကာ မောင်အုံ့ အပျင်းထူနေမိသည်။ အိပ်ရာက မထသေးသော်လည်း အိပ်၍မပျော်ဘဲ ရောက်တတ်ရာရာ တွေးကာ မှိန်းနေခြင်းသာဖြစ်သည်။ ကြည့်စမ်း... အချိန်အခါမဟုတ် ဆောင်းရာသီ၏ အလယ် ဇန်နဝါရီလကြီးမှာမှ ရွာနေသည့်မိုးကို ကျိန်ဆဲရမလိုပင်။

ဇာစ်ဖက်က တွေးပြန်တော့လည်း ၂၀၁၇ ခုနှစ်၏ နှစ်သစ်ကို မိုးနှင့် ကြိုဆိုသည့် အေးချမ်းမည့်နိမိတ်ဟု အကောင်းမြင်ဝါဒဖြင့် တွေးရတော့မည်။

ဟုတ်တော့လည်း ဟုတ်သည်။ ၂၀၁၇ ခုနှစ်၏ နှစ်သစ်ကူးအကြိုညမှာ မီးရှူးမီးပန်းများ ပစ်ဖောက်၊ မီးပုံးပျံများ လွှတ်ဖြင့် တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် တပျော်တပါး ကြိုခဲ့ကြသည်။

နှစ်သစ်ကူးကာလ၏ ဇန်နဝါရီလ (၁၂)ရက်နေ့မှ စကာ အခါမဟုတ် မိုးက (၅)ရက်တိုင်တိုင် အုံ့လိုက် ရွာလိုက်ဖြင့် နေရောင်ကိုပင် မမြင်ခဲ့ရပါ။ ဟိုတွေးဒီတွေးနှင့် ကွေးနေရာမှ ခေါင်းအုံးအောက်က နာရီကို ယူကြည့်မိသည်။

အချိန်က မနည်းတော့။ (၉)နာရီခွဲ ကျော်နေပြီကို တွေ့ရသည်။ အို... မထူးပါဘူး အလုပ်မရှိသည့်အတူ ဆက်ပြီး မှိန်ယူလိုက်ဦးမည်ဟု တွေးကာမှ ဖုန်းက မြည်လာသည်။ မထချင် ထချင်ဖြင့် ဖုန်းကို ကိုင်လိုက်သည်။ ပခုက္ကူမြို့နေ ညီမဖြစ်သူထံမှ ဖုန်းဖြစ်သည်။

'ဟဲ့...စောစောစီးစီး ဘာကိစ္စထူးလို့ ဖုန်းဆက်တာလဲကွ'

မှိန်ပျက်သွားသဖြင့် ဒေါသသံဖြင့် ပြောမိသည်။

'ကိုအုံ့ကလဲ မစောတော့ပါဘူး။ (၁၀)နာရီတောင် ထိုးတော့မယ်လေ။ ကိစ္စထူးရယ်တော့ မဟုတ်ပါဘူး။ ကနေ့မနက်စောစော (၆)နာရီလောက်မှာ ပန်းပင်တွေ ရေလောင်းရင်း ဦးမောင်သိန်း လက်တွေ့,ခြေတွေ ကပ်ပြီး လေဖြန်းသလို ဖြစ်သွားလို့ ဆေးခန်းသွားပြရတယ်လေ။ အခု ဆေးခန်းကအပြန် အိမ်ရောက်လို့ ကိုအုံ့ဆီ အကြောင်းကြားတာပါ'

'ဟေ... ဘယ်လိုဖြစ်တာလဲဟ။ အခုရော ဘယ်လိုနေသေးလဲ။ ရာသီဥတုက မမှန်ဘဲ ပျက်သလို ဖြစ်နေတာမို့ ကျန်းမာရေးကို ဂရုစိုက်ကြကွ'

'အခုတော့ ကောင်းသွားပါပြီ။ ဆရာဝန်ကတော့ သွေးတိုးလဲရှိ၊ အသက်အရွယ်လဲ ရလာတာမို့ နားနားနေနေ နေဖို့ ပြောပါတယ်။ ခြေ,လက်တွေက ကောင်းကောင်း လှုပ်ရှားနိုင်ပါတယ်။ ဆိုးဆိုးဝါးဝါး မရှိပါဘူး'

'အေး... တော်သေးတာပေါ့ကွာ၊ အသက်ကို ဉာဏ်စောင့်လို့ ဆိုထားတာမို့ ဂရုတော့ စိုက်ကြနော်။ ကိုအုံ့က ဘာလုပ်ပေးရမလဲ ပြောပါဦး'

'ဘာမှ လုပ်ပေးဖို့ မလိုပါဘူး။ သူ့ကျန်းမာရေးကလဲ ကောင်းနေပါပြီ။ ကိုအုံ့ သိရအောင်သာ အကြောင်းကြားတာပါ'

မောင်နှမနှစ်ယောက် အချီအချ စကားပြောဖြစ်ခဲ့ကြသည်။ ဖုန်းဆက်သူ ညီမ''စုစု''မှာ ပခုက္ကူတွင် နေထိုင်သူဖြစ်ပြီး မောင်အုံ့နှင့် အထက်,အောက် မောင်နှမဖြစ်သည်။

သူ့ခင်ပွန်းဖြစ်သူ ကိုမောင်သိန်းမှာ လူရိုးလူအေး ဘာသာရေးသမားတစ်ဦးဖြစ်ပြီး၊ ပင်စင်စားတစ်ဦးဖြစ်ကာ တစ်နေကုန် ပုတီးစိပ်၊ တရားထိုင်နှင့် ပန်းပင်စိုက်ပျိုးရေးသာ လုပ်နေသူဖြစ်သည်။

ကျန်းမာရေး ကောင်းနေသူက ယခုလို လေဖြန်းချင်သလို ဖြစ်ရသည်ဆို၍ စိုးရိမ်သွားမိသည်။ ညီမဖြစ်သူက လာရန်မလိုပါ ဆိုသော်လည်း မောင်အုံ့ မနေနိုင်ပါ။ ကားဂိတ်ကို ပခုက္ကူကား လက်မှတ် ရမရ စုံစမ်းရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ကံအားလျော်စွာ ကန္နေ့ညနေ ထွက်မည့်ကားတွင် တစ်နေရာ ကျန်သေးသည်ဆို၍ ချန်ထားပေးပါရန် ကြိုတင် Booking လုပ်လိုက်ရသည်။

ညနေ(၄)နာရီထိုးတော့ "သန့်မြန်သူ"ကားလိုင်းမှ ခရီးသည်(၁၂) ယောက်စီး မှန်လုံအမြန်ယာဉ်ကားလေး အိမ်တိုင်ရာရောက် လာကြိုသည်။ လူစုံတော့ ညနေ(၅)နာရီတွင် ကားက စထွက်သည်။

မိုးအေးအေးနှင့်မို့ ချမ်းစိမ့်စိမ့်ရှိကာ သွားရေးလာရေး အဆင်ပြေသည့် ယနေ့ကာလကို ကျေးဇူးတင်မိသည်။ ဟိုအရင် နှစ်ပေါင်း(၃၀)ကျော်ကာလ မောင်အံ့ အညာက ထွက်လာတော့ "လှိုင်ကော်"ကိုရောက်ဖို့ ရောဝတီမြစ်ကို သင်္ဘောဖြင့်ဖြတ်၊ မြင်းခြံဆိပ်ကမ်းရောက်တော့ သဲသောင်ပြင်ကြီးကို တစ်နာရီလောက် မြင်းလှည်းစီး,ကားစီး၍ မိတ္ထီလာမှာ တစ်ညအိပ်ရသည်။

နောက်တစ်နေ့ မိတ္ထီလာမှ ကားစီးကာ တောင်ကြီးမှာ တစ်ညအိပ်ရပြန်သည်။ နောက်နေ့မှ ကားစီးရပြီး လှိုင်ကော်ကို ရောက်သဖြင့် (၂)ညအိပ် (၃)ရက်ခရီး နှင်ရသည်။

ယခုတော့ အမြန်ကားလေးများစီးကာ (၁၂)နာရီအချိန်မျှဖြင့် ရောက်နိုင်ပြီဖြစ်သည်။ ကိုယ်ပိုင်ကားလေးနှင့်ဆိုပါက နေ့ချင်းပြန်ပင် ပခုက္ကူ–လှိုင်ကော်ကို သွားလာနိုင်သည့် အခြေအနေသို့ ရောက်နေခဲ့ပါပြီ။

နောက်တစ်နေ့ နံနက်(၅)နာရီ မထိုးမီမှာပင် ရောဝတီမြစ်ကူးတံတားကိုဖြတ်၍ ပခုက္ကူသို့ ရောက်ကာ အိမ်တိုင်ရာရောက် လိုက်ပို့ပေးပါသည်။ ဒီမှာတော့ မိုးတစ်စက်မျှ ကျထားသည်ကို မတွေ့ရပါ။

အိမ်ထဲကို ဝင်မိတော့ အကြောင်းမကြား ရောက်လာသည့် မောင်အံ့ကို ညီမမိသားစု အံ့အားတသင့်ဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ ဧည့်ခန်းမှာ ထိုင်မိတော့ အိပ်ခန်းထဲမှ ထွက်လာသည့် ကိုမောင်သိန်းကို အကောင်းပကတိ နဂိုပုံမပျက် တွေ့ရမြင်ရသည်။

ဘာမှ မေးစရာ ပြောစရာ မလိုတော့ပါ။ မောင်အံ့ စိတ်အေးသွားရသည်။ အာလာပသလ္လာပ စကားများပြောပြီး ခရီးပန်း အိပ်ရေးပျက်လာသည့် မောင်အံ့ တရေးတမော အိပ်ရသည်။

ညစာ စားပြီး ညပိုင်းရောက်တော့ ဧည့်ခန်းမှာ လူစုံတွေ့ရသည်။ ညီ,ညီမများဖြစ်သည့် ကိုဟိန်းအောင်,မဝင်းဝင်း, မသပြေတို့ အပါအဝင် တူ,တူမတို့က မောင်အံ့ လာကြောင်း သိကြ၍ လာကြရင်း လူနာမေးရင်းဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ရောက်လာကြခြင်းဖြစ်သည်။

ကိုမောင်သိန်းဖြစ်ပုံကို မေးကြည့်တော့ တိမ်ထူထူမို့ အေးအေးဖြစ်သော်လည်း မိုးမကျသဖြင့် နံနက်စောစော ရေလောင်းပေါင်းသင် လုပ်ခဲ့ကြောင်း၊ ပြီးတော့ လုံချည်ရေစိုနှင့် တံမြက်လှည်းနေမိကြောင်း၊

ခဏကြာတော့ ခြေ,လက်များ ကုပ်ကွေးကာ လှုပ်မရတော့ကြောင်း၊ လဲမကျသွားမီ လူခေါ်နိုင်ခဲ့ကြောင်း ပြောပြခဲ့သည်။

'အဲဒီ အအေးဖွဲ့ပြီး သွေးတွေ,လေတွေ ဆောင့်တက်တာပဲ။ အခန့်မသင့်ရင် လေသင်တုန်းဖြတ်ပြီး အသက်ပါ သုံးသွားနိုင်တယ်နော်'

မောင်အံ့က လူတတ်ကြီးလုပ်ပြီး ပြောမိသည်။ ဒီတော့မှ တစ်ယောက်တစ်ပေါက်ဆိုသလို စောစောစီးစီး ပန်းပင်ရေလောင်းသူ ကိုမောင်သန်းကို ကရုဏာဒေါသဖြင့် အပြစ်ဆိုမိကြသည်။ ကိုမောင်သိန်းကတော့ သူ့ဝသီအတိုင်း အပြုံးမပျက်ခဲ့ပေ။

'ကံကောင်းလို့ပေါ့ သိန်းသိန်းရယ်၊ အိမ်မှာ တစ်ယောက်မှ မရှိတုန်းဖြစ်ရင်တော့ ဒုက္ခပဲပေါ့'

တူမဖြစ်သူ "မရွှဲရွှဲ"က စိုးရိမ်စိတ်နှင့် ပြောရှာသည်။ နောက် တူမတစ်ဦးဖြစ်သူ "မသဲသဲ"ကတော့ တစ်မျိုး ဆိုခဲ့သည်။

'ဟုတ်တယ်နော်၊ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ ဒါပေမယ့် သမီး တွေးမိတယ်လေ။ သိန်းသိန်းက အားနေရင် ပါးစပ်က လှုပ်နေတာမို့ ဂါထာ,မန္တန်တွေ ရွတ်ဆိုနေတာဖြစ်လို့ အခုလဲ သေကံမရောက် သက်မပျောက် ဆိုသလို ဖြစ်တာဟာ အဆောင်ကောင်း၊ ဆေးဝါးကောင်းတွေကြောင့် ဖြစ်မှာလို့ သမီးတော့ ယုံကြည်တယ်။ ဟုတ်တယ် မဟုတ်လား'

ကိုမောင်သိန်းကို တူ,တူမများက "သိန်းသိန်း"ဟုသာ ခေါ်ကြသည်။ "မသဲသဲ"၏ စကားကို နားထောင်ပြီးနောက် ကိုမောင်သိန်းက အပြုံးနှင့် ရှင်းပြသည်။

'သိပ်မှန်တာပေါ့ သမီးရယ်... သိန်းသိန်းရဲ့ အားကိုးရာ ဆေးဝါးနဲ့ အဆောင်တွေကတော့ ရတနာသုံးပါး ဆေးတော်ကြီးတွေပဲပေါ့။ သရဏဂုံ သုံးပါးနဲ့ အနန္တောအနန္တငါးပါးကို ရှိခိုးပူဇော်ပြီးရင် **"သက်တော်မြဲ, သက်တော်ရှည်, သက်တော်တည်"**ဆိုတဲ့ ဂါထာတွေကို အချိန်အားရသရွေ့ ရွတ်ပွားပူဇော်လေ့ ရှိတယ်ကွယ်။

တို့များ မြတ်ဗုဒ္ဓရဲ့ ဟောမြွက်တော်မူတဲ့ ဂါထာတွေပဲလေ။ ဒါကြောင့် ရတ်တရက် ခန္ဓာမပျက်စီးနိုင်ဘူးလို့ ယုံကြည်ထားတာပဲ။ ဟော...အခုလဲ





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လေ၊ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့တာ သမီးတို့ အမြင်အတွေ့ပဲ မဟုတ်လား'

ကိုမောင်သိန်းက ရှင်းပြတော့ များပြားလှသည့် တူမများထဲမှ တစ်ဦးဖြစ်သူ "မဆုဆု"က...

'အဲဒီမြတ်ဗုဒ္ဓရဲ့ **"သက်တော်မြဲ, ရှည်, တည်" ဂါထာသုံးပုဒ်ကို** သမီးတို့ကိုလဲ သင်ပေးပါနော် သိန်းသိန်း'

ဟု ဆိုတော့...

'ဟဲ့...ဒီဂါထာတွေက သမီးတို့ ရပြီးဖြစ်မှာပါ။ တခြား မဟုတ်ပါဘူးကွယ့်၊ သက်တော်မြဲဂါထာဆိုတာက"**အဋ္ဌာန မေတံ**"အစချီတဲ့ ဂါထာ၊ သက်တော်ရှည်ဂါထာဆိုတာက"**နည္တြဲမောဗျာ တပသာ**"အစရှိတဲ့ ဂါထာပဲလေ။ သက်တော်တည် ဂါထာကတော့ **"ယမ္ဗေသိ ယမ္ဗေသိ"** အစချီတဲ့ ဂါထာပဲပေါ့'

ဟု ကိုမောင်သိန်းက ရှင်းပြခဲ့သည်။

'ဟုတ်ပါပြီ သိန်းသိန်းရယ်၊ ဒီဂါထာတွေကို တချို့ရ၊ တချို့မရ ဖြစ်နေတော့ တစ်ပုဒ်ချင်း ရွတ်ဆိုသင်ပေးပါနော်'

ဟု "မရွဲရွဲ"ကလည်း အားကျမခံ တောင်းဆိုပြန်သည်။

'ကိုင်း...ဒီလိုဆိုရင် သိန်းသိန်းက ရွတ်ဆိုပူဇော်မယ်နော်၊ နားထောင်ကြ။ သက်တော်မြဲဂါထာက ဘုရားရှင်ကို ဒေဝဒတ်က သေစေလိုတဲ့ အကြံနဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီးတွေကို လိမ့်ချတော့ ကျောက်ကျိုးကျောက်ပဲ့တစ်စ စင်ပြီး ဘုရားရှင်ရဲ့ ခြေမတော်မှာ သွေးခြည်ဥခဲ့ရတယ်။

ဒီအကြောင်းကို တပည့်သံဃာတော်တွေက ကြားတော့ စိုးရိမ်ပြီး ဝိုင်းစောင့်ရှောက်တဲ့အခါ ဘုရားရှင်က မြတ်စွာဘုရားရှင်တို့ရဲ့ အသက်ဇီဝိန်



တော်ဟာ တစ်ပါးသူရဲ့ ပယောဂနဲ့ သေရိုးမရှိကြောင်း၊ သက်တော်မြဲမြဲပါကြောင်း ဟောတော်မူခဲ့လို့ ဒီသက်တော်မြဲဂါထာ ဖြစ်ပေါ်လာရတာပါပဲ။

---

**သက်တော်မြဲဂါထာ**

---

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါ ရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဖေတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အဋ္ဌာန** | =အတ်ထာန |
| **ဘိက္ခဝေ** | =ဘိတ်ခဝေ |
| **ပရူပက္ကမေန** | =ပရူပက်ကမေန |
| **အနုပက္ကမေန** | =အနုပက်ကမေန |
| **ပရိနိဗ္ဗာယန္တိ** | =ပရိနိပ်ဗာယန်တိ |
| **သစ္စဝဇ္ဇေန** | =သစ်စဝစ်ဇေန |
| **သောတ္ထိမေ** | =သွတ်ထိမေ |
| **သဗ္ဗဒါ** | =သပ်ဗဒါ |

**အနက်**

**ဘိက္ခဝေ**–ရဟန်းတို့၊ **ယံဃေန ဋ္ဌာနေန** – အကြင် အကြောင်းကြောင့်၊ **ပရူပက္ကမေန** – သူတစ်ပါး၏ လုံ့လဖြင့်၊ **တထာဂတံ**– မြတ်စွာဘုရားကို၊ **ဇီဝိတာ**–အသက်မှ၊ **ဝေါရောပေယျ**–ချရာ၏၊ **ဧတံ**–ဤ သူတစ်ပါးလုံ့လဖြင့် မြတ်စွာဘုရားအသက်တော်မှ ကျရခြင်းသည်၊ (ဝါ) ဤသူတစ်ပါး လုံ့လဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရခြင်းသည်၊ **အဋ္ဌာနံ**–ဖြစ်နိုင်သောအကြောင်းမဟုတ်၊ **အနဝကာသော**– ဖြစ်ခွင့်မဟုတ်၊ **ဘိက္ခဝေ** – ရဟန်းတို့၊ **တထာဂတာ**–မြတ်စွာဘုရားတို့သည်၊ **အနုပက္ကမေန**–သူတစ်ပါး လုံ့လမပါဘဲနှင့်သာ၊ **ပရိနိဗ္ဗာယန္တိ**–ပရိနိဗ္ဗာန် စံရကုန်၏။

**ဧတေနသစ္စဝဇ္ဇေန** – ဤသို့ မြတ်စွာဘုရား မိန့်မြွက်ကြားစကားဆိုရာ မြတ်သစ္စာကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **သောတ္ထိ**–ချမ်းသာခြင်းသည်၊ **ဟောတု**–စင်စစ် မသွေ ဖြစ်ပါစေသတည်း။

**သက်တော်ရှည် ဂါထာကတော့** "သုဗြဟ္မာ"နတ်သားကို အကြောင်းပြုပြီး ဟောတော်မူခဲ့တာကွယ့်။ ဘုရားရှင်လက်ထက်က သုဗြဟ္မာနတ်သားဟာ နတ်သမီးငါးရာ ခြံရံပြီး နန္ဒဝန်ဥယျာဉ်ကို ပျော်ပွဲစား ထွက်ခဲ့ကြတယ်လို့ ဆိုပါစို့ကွယ်။

နတ်သမီးတွေဟာ ကံရင်း ဆိုရင်း ပျော်ပါးရင်းကပဲ ငါးရာလုံး သေပွဲဝင်ပြီး ငရဲဘုံကို ရောက်သွားကြတယ်။ အသံတွေ တိတ်ဆိတ်သွားတာကြောင့် သုဗြဟ္မာနတ်သားက ရှာတဲ့အခါ တစ်ယောက်မှ မရှိတော့ဘူးတဲ့။

ဒီတော့မှ ဒေဝတာစက္ခုနဲ့ ရှုမျှော်ဆင်ခြင်ကြည့်လိုက်တော့ ငရဲပြည် ရောက်နေတာကို သိရတော့တယ်။ ဒီတော့မှ နတ်သားလဲ ထိတ်လန့်ကြောက်ရွံ့ပြီး ဘုရားရှင်ထံ သွားရောက် လျှောက်ထားတော့တယ်။ ဘုရားရှင်က နတ်သားရဲ့ အသက်ရှည်ရာရှည်ကြောင်း ဒီ "နည္တြဲ"အစ

www.burmeseclassic.com

www.burmeseclassic.com

ချီတဲ့ ဂါထာကို ဟောကြားခဲ့တာပဲ ကွယ့်။ ကဲ... ဂါထာကို နာယူကြ။

### သက်တော်ရှည်ဂါထာ

နာညတြ ဖောဇ္ဈတယသာ၊
နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

ခက်ခဲသော ပါဠိအသံထွက်

**နာညတြ** = နင်ညတ်တရ
**ဖောဇ္ဈ** = ဗွတ်ဈ
**နာည** = နင်ည
**တြိန္ဒြိယ** = တရိန်ဒရိယ
**နိဿဂ္ဂါ** = နိတ်သက်ဂါ
**သောတ္ထိံ** = သွတ်ထိန်

အနက်

**ဖောဇ္ဈာတပသာ** – ဖောဇ္ဈင်တရား (၇)ပါးအကျင့်ကို၊ **အညတြ**–ကြဉ်ထား၍၊ **ပါဏိနံ**–သတ္တဝါတို့၏၊ **သောတ္ထိံ**–ချမ်းသာကြောင်းကို၊ **နပဿာမိ** – မြင်တော်မမူ၊ **ဣန္ဒြိယသံဝရာ**–ဣန္ဒြေ ခြောက်ပါး စောင့်စည်းခြင်းကို၊ **အညတြ**–ကြဉ်ထား၍၊ **ပါဏိနံ**–သတ္တဝါတို့၏၊ **သောတ္ထိံ**–ချမ်းသာကြောင်းကို၊ **နပဿာမိ**–မြင်တော်မမူ၊ **သဗ္ဗနိဿဂ္ဂါ**–အလုံးစုံသော တပ်မက်နှစ်သက်ခြင်းကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်တရားကို၊ **အညတြ**–ကြဉ်ထား၍၊ **ပါဏိနံ**–သတ္တဝါတို့၏၊ **သောတ္ထိံ**–ချမ်းသာကြောင်းကို၊ **နပဿာမိ**–မြင်တော်မမူ။

နောက်ဆုံးဂါထာဖြစ်တဲ့ သက်တော်တည်ဂါထာကတော့ ဘုရားရှင်လက်ထက်က မဟုတ်ဘဲ အလောင်းတော် ဒီသာပါမောက္ခဆရာကြီးက ရှုဥပန်ရဟန္တာအလောင်းတော်ကို သင်ပေးလိုက်တဲ့ ဂါထာပဲပေါ့။ အလွန်ဉာဏ်ထိုင်းတဲ့ **ရှုဥပန်အလောင်းကို**



**ဆရာကြီးက သင်ပေးခဲ့တဲ့ဂါထာ** ကို နားထောင်ကြနော်။

### သက်တော်တည်ဂါထာ

ဃဋ္ဋေသိ ဃဋ္ဋေသိ
ကိံကာရဏာ ဃဋ္ဋေသိ၊
အဟမ္ပိ တံ ကာရဏံ၊
ဇာနာမိ ဇာနာမိ။

ခက်ခဲသော ပါဠိအသံထွက်

**ဃဋ္ဋေသိ** = ဂတ်တေသိ
**ကိံကာရဏာ** = ကိန်ကာရနာ
**အဟမ္ပိ** = အဟမ်ပိ

အနက်

(**တွံ**–သင်သည်။) **ဃဋ္ဋေသိ**–ချုပ်ချယ်ပြစ်မှားဘိ၏၊ **ဃဋ္ဋေသိ**– ချုပ်ချယ်ပြစ်မှားဘိ၏၊ **ကိံကာရဏာ**–အဘယ်သို့သောအကြောင်းကြောင့်၊ **ဃဋ္ဋေသိ**–ချုပ်ချယ်ပြစ်မှား ဘိလေသနည်း၊ **အဟံပိ**–ငါသည်လည်း၊ **တံကာရဏံ**–ထိုအကြောင်းကို၊ **ဇာနာမိ**–သိ၏၊ **ဇာနာမိ**–သိ၏။

အဲဒီဂါထာတန်ခိုးကြောင့် ရှုဥပန်အလောင်းတော်ဟာ သူခိုးတွေကို ပြေးစေခဲ့ပြီး ဘုရင်ကြီးကို ဂါထာသင်ပေးခဲ့တာကြောင့် အသပြာတစ်ထောင် ချီးမြှင့်ခံရတယ်။

ဂါထာတော်တန်ခိုးကြောင့် ဘုရင်ကြီးလဲ ဆတ္တာသည်ရဲ့ လုပ်ကြံသတ်ဖြတ်မှုက လွတ်ခဲ့ရလို့ ဂါထာကို သင်ပေးတဲ့ ရှုဥပန်ရဟန္တာ အလောင်းကို စစ်သူကြီးရာထူး ပေးခဲ့တာလဲ အများသိပြီးမို့ အကျယ်မချဲ့တော့ပါဘူးနော်။

ကဲ... ဒီဂါထာသုံးပုဒ်ကတော့ သက်ရှည်ကျန်းမာ ဘေးဘယာ ကင်းဝေးစေနိုင်တယ်လို့ သိန်းသိန်းကတော့ ယုံကြည်တယ်ကွယ်'

'မှန်တာပေါ့၊ ဘုရားရှင်ရဲ့ နှုတ်မြွက်ဂါထာတွေမို့ အကျိုးကတော့ အနန္တပေါ့၊ ဒါပေမယ့် ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ အကြောင်းတရားလေးပါးရယ်၊ ကံ,ဉာဏ်,ဝီရိယ ဆိုတာတွေရယ်ကိုတော့ မမေ့ဖို့ လိုတယ်။ ငါက ကံကောင်းနေတာပဲဆိုပြီး အရဲမကိုးနဲ့ပေါ့။ ''ကံကိုယုံပြီး ဆူးပုံမနင်းရာ'' လို့ ဆိုတယ်မဟုတ်လား၊ ဉာဏ်နဲ့ယှဉ်ပြီး လုပ်ကိုင်ဖို့တော့ လိုတယ်နော်'

ကိုမောင်သိန်း စကားဆုံးတော့ မောင်အံ့က သတိပေးဆုံးမစကား ဆိုခဲ့သည်။

'ခုလို သက်ရှည်ကျန်းမာစေတဲ့ ဂါထာတွေကို ကြားနာရတာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ လူကြီးတွေစုံတုန်း မေးပါရစေနော်'

တူမတစ်ဦးဖြစ်သည့် ''မမွန်မွန်'' က တစ်စခန်း ထခဲ့သည်။ မောင်အံ့ကို ဦးတည်မေးလာတော့ ''မေးစရာရှိရင် မေးပါဗျာ''ဟု ခွင့်ပြုလိုက်သည်။

'ခုနကပြောပြလို့ သက်ရှည်ကျန်းမာစေမယ့် အစွမ်းထက် ဂါထာသုံးပုဒ်ကိုတော့ သိရပါပြီ။ သမီးတို့က ရာထူးထမ်းတွေဆိုတော့ ရာထူးဌာနေ တည်မြဲတိုးတက်စေနိုင်တဲ့ ဂါထာများရော မရှိဘူးလား၊ ရှိတယ်ဆိုရင် သမီးတို့ကို

www.burmeseclassic.com

နှိမ့်သင်ကြားပေးပါလို့ တောင်းဆိုပါတယ်ရှင့်'

မောင်အံ့ အကြပ်ရိုက်လေပြီ။ ပုံမှန်ရွတ်ပွားပူဇော်နေကျ ဂါထာတော်များမှလွဲ၍ ထူးထူးခြားခြား ဂါထာများကို မောင်အံ့ သိပ်မသိ၊ သိပ်မရပါ။ အို… အညံ့ခံ၍ မဖြစ်ပါ။

'ဒီဂါထာမျိုးတွေနဲ့ ပတ်သက်လို့တော့ သမီးတို့ဦးဦးက ရှင်းပြပါလိမ့်မယ်နော်။ သူက ဆောက်လုပ်ရေးအင်ဂျင်နီယာဘဝနဲ့ နယ်တကာလှည့်တာဝန်ထမ်းဆောင်ခဲ့သူမို့ သူ့ဆီမှာ အစွမ်းထက်ဂါထာများ ရှိလေရဲ့ကွယ်။ ကဲ…ကိုဟိန်းအောင် သမီးတို့ကို သင်ကြားပေးလိုက်ပါဦး'

တာဝန်ကို လွှဲပေးလိုက်ရင်း အစထောင်ပေးလိုက်သည်။

'ကိုအံ့ကတော့ လုပ်ပြီ။ သူ မသိတာကို မသိဘူး မပြောဘူး။ ကျွန်တော့်ကို ချွန်တွန်းလုပ်လိုက်တာပေါ့လေ။ အေးပါ…သမီးတို့ကို ဦးဦးက သိသမျှ ရှင်းပြရတော့မှာပေါ့နော်။

ဦးဦးရဲ့ ဝန်ထမ်းသက် (၃၀)ကျော် ကာလမှာ ရာထူးအတိုးအမြင့် အတိုက်အခိုက်တွေက အလွန်များခဲ့တာပေါ့။ ဦးဦးတင် မကပါဘူး။ ဝန်ထမ်းဖြစ်လာရင်· မလွဲမသွေ တွေ့ကြုံရမှာတွေပဲလေ။

ဦးဦးကတော့ သမီးတို့ဦးကြီးအံ့ပြောခဲ့သလိုပဲ။ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ရတနာသုံးပါးကို အားထားယုံကြည်သူမို့ ရာထူးတွေ တိုးတက်ခဲ့သလို အတိုက်အခိုက်တွေကိုလဲ အမြဲ ကျော်လွှားနိုင်ခဲ့ပါတယ်။

ဦးဦး အမြဲရွတ်ဆိုခဲ့တဲ့ ဂါထာတွေကတော့ အခုနက သမီးတို့ ကြားခဲ့ရတဲ့ သက်ရှည်ကျန်းမာစေတဲ့ ဂါထာတွေလိုပဲ "**ရာထူးမြဲ, ရာထူးရှည်, ရာထူးတည်**" ဆိုတဲ့ ဂါထာသုံးပုဒ်ပဲကွယ့်။

ဒါပေမယ့် ဒီဂါထာတွေဟာ ဘုရားဟောဂါထာတွေမဟုတ်ဘဲ နောက်နောင်း သူတော်စင် ရသေ့ရဟန်းတွေ၊ ပညာရှိပုဂ္ဂိုလ်ကြီးတွေ စီကုံးစီရင် ဖွဲ့ဆိုခဲ့တဲ့ ရတနာသုံးပါးရှိခိုး ဂါထာတော်တွေပဲ။ ပထမဆုံး "ရာထူးမြဲဂါထာ" ကို ရွတ်ပြမယ်။

---

ရာထူးမြဲဂါထာ

---

ဗဟုံသဟဿ မဘိနိမ္မိတ၊ သာဝုဓန္တံ၊
ဂိရိမေခလံ၊ ဥဒိတဃောရ၊ သသေနမာရံ၊
ဒါနာ ဒိဓမ္မဝိဓိနာ၊ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ၊ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သဟဿ** | = သဟတ်သ |
| **မဘိနိမ္မိတ** | = မဘိနိမ်မိတ |
| **သာဝုဓန္တံ** | = သာဝုဓန်တံ |
| **ဓမ္မဝိဓိနာ** | = ဓမ်မဝိဓိနာ |
| **မုနိန္ဒော** | = မုနိန်ဒေါ |
| **မင်္ဂလဂ္ဂံ** | = မင်ဂလက်ဂံ |

အနက်

**ဃောမုနိန္ဒော** – အကြင်မြတ်စွာဘုရားသည်၊ **ဂိရိမေခလံ**–ဂိရိမေခလာမည်သောဆင်ကို၊ **ဥဒိတံ**–တက်စီးထသော၊ **အဘိနိမ္မိတသာဝုဓန္တံ**–အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွဖြစ်သော၊ **ဗဟုံသဟဿံ**–လက်ရုံးပေါင်းတစ်ထောင် ရှိထသော၊ **ဃောရံ** – ကြမ်းတမ်းစွာထသော၊ **သသေနမာရံ**– စစ်သည်စစ်သား အများနှင့်တကွသော မာရ်နတ်သားကို၊ **ဒါနာဒိဓမ္မဝိဓိနာ** – ဒါနပါရမီ အစရှိသော တရားတော်ဟူသည့် အစီအရင်ဖြင့်၊ **ဇိတဝါ**–အောင်တော်မူခဲ့လေပြီ။ **တံတေဇသာ** – ထိုမာရ်နတ်သားကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ **မေ**–အကျွန်ုပ်အား၊ **အဂ္ဂံ**–မြတ်သော၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဘဝတု**–ဖြစ်ပါစေသတည်း။

ဒီဂါထာက တို့များရဲ့ မြတ်ဗုဒ္ဓဘုရားရှင်ဟာ ဘုရားအဖြစ်ရောက်ဖို့ ကျင့်ကြံနေခဲ့တဲ့ အပရာဇိတပလ္လင်ကို လက်ရုံးတစ်ထောင်ရှိတဲ့ မာရ်နတ်က ဂိရိမေခလာအမည်ရှိ ဆင်ကိုစီး၊ ခါးလုံ့လက်နက်အစုံ၊ ရှိင်းစိုင်းတဲ့ တိရစ္ဆာန်တွေရော၊ ကြမ်းတမ်းတဲ့ နတ်စစ်သည်များနဲ့ လာရောက်တိုက်ခိုက်ပြီး ပလ္လင်ကို လုရာမှာ ဘုရားရှင်က အောင်တော်မူခဲ့ပုံကို ဖော်ကျူးထားတာပဲလေ၊

ဒီလိုဘုရားရှင်က မာရ်နတ်သားကို အောင်တော်မူခဲ့ပုံကို အာရုံပြုပြီး ရွတ်ပွားပူဇော်ဖို့ပါပဲ။ ဘုရားရှင်ရဲ့ပလ္လင်ကို မာရ်နတ်က လုယူလို့မရသလို မိမိရဲ့ ရာထူးဌာနန္တရကိုလဲ ဘယ်သူကမှ မနှောင့်ယှက်နိုင်ဘဲ မြဲမြဲတည်တံ့စေမှာ မလွဲပါဘူးကွယ်'

'ထူးခြားမြင့်မြတ် ကောင်းမွန်တဲ့ဂါထာတော်ပဲနော်။ သမီးတို့ မှတ်ထားပြီး အမြဲမပြတ် ရွတ်ဖတ်ပူဇော်ပါမယ်၊ နောက်ထပ် ဂါထာတွေ ဆင်ပေးပါဦးနော်'

တက္ကသိုလ်နည်းပြဆရာမ မမွန်မွန်က အားတက်သရော တောင်းဆိုခဲ့သည်။

'နောက်တစ်ပုဒ်ကတော့ **ရာထူးရှည်ဂါထာ**ပေါ့နော်။ ရာထူးရှည်ဆိုလို့ ရာထူးတစ်ဆင့်တည်းမှာပဲ ဘယ်လိုမှ တိုးတက်မှုမရှိဘဲ ဝန်ထမ်းသက်တစ်လျှောက်လုံး ဒီရာထူးနဲ့ပဲ အဆုံးသတ်စေတဲ့ သဘောမျိုးမဟုတ်ဘူးနော်။

ဦးဦးတို့ ဝန်ထမ်းဆိုတာမျိုးက ကိုယ့်ရဲ့ဝန်ထမ်းဘဝလေးကို သိပ်ခုံမင်



www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးတတ်ကြတာလေ။

ဒါကြောင့် ကိုယ်ခုံမင်မြတ်နိုးတဲ့ ဝန်ထမ်းဘဝကို ရာထူးအဆင့်ဆင့် တိုးပြီး ရှည်လျားစွာ ထမ်းဆောင်ချင်ကြတယ်မဟုတ်လား။

အဖုက်အမှောင့် ကင်းကင်းနဲ့ ဝန်ထမ်းသက်တမ်းရှည်စေဖို့ ရွတ်ပွား ဆုတောင်းတဲ့ ဂါထာလို့ မှတ်ထားကြပါ။ ကဲ... လိုက်မှတ်သား နာယူကြ။

---

ရာထူးရှည်ဂါထာ

---

✤ တိဋ္ဌေယျ နန္တဝသမ္ပိ၊
ဇယုသဝေါ် သမာပန္နော၊
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **တိဋ္ဌေယျ** | = | တိတ်ထေယ |
| **နန္တဝသမ္ပိ** | = | နန်တဝတ်သမ်ပိ |
| **ဇယုသဝေါ်** | = | ဇယုတ်သဝေါ် |
| **သမာပန္နော** | = | သမာပန်နော |

အနက်

✤ **ဇယုသဝေါ်** – အောင်ပွဲနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ **သမာပန္နော** – အာယုပါလက သမာပတ်ကို ဝင်စားနေသည် ရှိသော်၊ **အနန္တဝသမ္ပိ** – အဆုံးမရှိသော နှစ်တိုင်အောင်လည်း၊ **တိဋ္ဌေယျ** – တည်တော်မူနိုင်ရာ၏။ **တဒေဝ ဝစနံ**–ထိုစကားသည်ပင်၊ **သစ္စံ**–အမှန်ဖြစ်ပါပေ၏။ **လောကနာယကံ**–လောက၏ ရှေ့ဆောင်ဖြစ်တော်မူသော၊ **တံ**–ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ**–ရှိခိုးပါ၏။

**တေနသစ္စေနပုညေန** – ထိုအမှန်စကား ကုသိုလ်တရားကြောင့်၊ **မေ**– အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ဘုရားရှင်ကို ရှိခိုးပြီး သစ္စာဆိုခဲ့တာမို့ အောင်မြင်ခြင်းတွေ ရနိုင်သလို မိမိခုံမင်မြတ်နိုးတဲ့ ဝန်ထမ်းဘဝလေးလဲ ရှည်စေမှာ မလွဲဘူးပေါ့။ ကဲ... တတိယဂါထာကို ဆက်ကြရအောင်နော်။ ဒီတစ်ခါ **"ရာထူးတည်ဂါထာ"** ကို ရွတ်ဆိုပေးမယ်။

---

ရာထူးတည်ဂါထာ

---

ဇိနံ ဗုဒ္ဓသေဋ္ဌံ မဟာတေဇံ၊
သဗ္ဗဝိယံ လာဘံ လာဘံ၊
နမောဗုဒ္ဓံ ဇယမင်္ဂလံ၊
သိဒ္ဓိပုည္ဓံ တေသံ၊
ဗုဒ္ဓဍ္ဍ ဓမ္မဍ္ဍ သံဃဍ္ဍ၊
အာဒရေန နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဗုဒ္ဓသေဋ္ဌံ** | = | ဗုတ်ဓသေစ်ထံ |
| **သဗ္ဗဝိယံ** | = | သပ်ဗဝိယံ |
| **ဗုဒ္ဓံ** | = | ဗုတ်ဓံ |
| **မင်္ဂလံ** | = | မင်ဂလံ |
| **သိဒ္ဓိပုည္ဓံ** | = | သိဒ္ဓိပုန်နံ |
| **ဗုဒ္ဓဍ္ဍ** | = | ဗုတ်ဓင်စ |
| **ဓမ္မဍ္ဍ** | = | ဓမ်မင်စ |
| **သံဃဍ္ဍ** | = | သံဃင်စ |

အနက်

**ဇိနံ**–မာရ်ငါးပါးကို အောင်တော်မူထသော၊ **ဗုဒ္ဓသေဋ္ဌံ**–ချီးမွမ်းအပ်သော ဘုရားမြတ် ဖြစ်တော်မူသော၊ **မဟာတေဇံ**–ကြီးမားသော တန်ခိုးတော်ရှိတော်မူသော၊ **သဗ္ဗဝိယံ**– အလုံးစုံသော လူတော်လူကောင်း နတ်ဗြဟ္မာအပေါင်းတို့၏ ချစ်ခင်ကြည်ညိုခြင်းကို၊ **လာဘံ**–ရတော်မူသော၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာကို၊ **လာဘံ**–ရတော်မူသော၊ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **နမော**–ရှိခိုးပါ၏၊ **တေသံ**–ထိုမြတ်စွာဘုရားတို့အား၊ **သိဒ္ဓိပုည္ဓံ**–ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူ၏၊ **ဗုဒ္ဓဍ္ဍ**–မြတ်စွာဘုရားကိုလည်းကောင်း၊ **ဓမ္မဍ္ဍ** – တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဍ္ဍ**–သံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**–အကျွန်ုပ်သည်၊ **အာဒရေန**–ရိုသေသမှု ပြုပါသဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

*[ဤဂါထာတော်များ၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဒီဂါထာကတော့ ရတနာသုံးပါးကို ရှိခိုးပူဇော်တဲ့ ဂါထာပဲကွယ့်။

ဒီဂါထာမှာ မြတ်စွာဘုရားရဲ့ အောင်တော်မူပုံ၊ တန်ခိုးတော်ကြီးမြတ်ပုံ၊ လူ့နတ်ဗြဟ္မာတို့ရဲ့ ကိုးကွယ်မြတ်နိုးဖွယ်ရာ ဖြစ်တော်မူပုံ၊ လာဘ်လာဘရသူအားလုံးထက် သာလွန်ပုံတို့ကို အကျဉ်းချုံးပြီး ဖွဲ့နွဲ့ပူဇော်ထားခဲ့တယ်လေ။

ဘုရားရှင်နဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကြောင့် ရာထူးဂုဏ်သိန် စည်းစိမ်များဟာ မဖောက်မပြန် အမြဲတည်စေမှာမို့ နေ့စဉ်ရွတ်ဖတ်ပူဇော်ကြပါလို့ ဦးဦးက မှာချင်တယ်နော်'

ကိုဟိန်းအောင်က ဂါထာများကို ရွတ်ဆိုပူဇော်ရှင်းပြခဲ့ရာ သမီးငယ်များက ရိုသေစွာ နာယူမှတ်သားနေသည့်မြင်ကွင်းမှာ မောင်အံ့အဖို့ အတိုင်းမသိ ကြည်နူးအေးချမ်းမှုကို ဖြစ်စေပါတော့သည်။

အံ့မြွယ်




www.burmeseclassic.com

www.burmeseclassic.com



# ရှားရှားပြော ထိုးတက်မြင့်မားတက်သော

လက္ခဏာ





သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုဖော်ပြပေးလိုက်သော ဝဲလက်ဖဝါးပုံစံပိုင်ရှင်မှာ ယခုအခါ **အသက် ခြောက်ဆယ်ခန့်ရှိပြီဖြစ်သော အမျိုးသမီးတစ်ဦး**ဖြစ်ပါသည်။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းအတွင်း၌ အရံအသက်လမ်းကြောင်း ထင်ရှားပါရှိခြင်းဖြစ်ပါသည်။


* * *




ထိုလမ်းကြောင်း ထင်ရှားပါရှိလျှင် ဘဝတွင် ကြုံတွေ့ရမည့် ကံကြမ္မာအညံ့အပျက်တို့ကို ကာကွယ်ပေးနိုင်သဖြင့် အများအားဖြင့် ကျန်းမာအသက်ရှည်ခြင်း အလုပ်အကိုင်၊ စီးပွားရေး အိမ်ထောင်ရေး ခိုင်မြဲခြင်းတို့ ဖြစ်စေသည်။

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းအဖျားနှင့် အသက်လမ်းအဖျား ပူးသောနေရာ ကြာသပတေးဂြိုဟ်ခွင် အောက်ခြေမှာ **ကြိုဂံပုံ(သရဖူ)နှင့်** ရည်မှန်းချက်လမ်း ထင်ရှားပါရှိခြင်းဖြစ်သည်။

* * *



www.burmeseclassic.com

ထိုသင်္ကေတမျိုးပါရှိသူတို့မှာ စီမံအုပ်ချုပ်မှု ကျွမ်းကျင်လိမ္မာခြင်း၊ ရည်မှန်းချက်ကောင်းမွန်ခြင်း၊ ဆရာလုပ် အုပ်ချုပ်ရသော အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်း၊ မန်နေဂျာ၊ ညွှန်ကြားရေးမှူး၊ ကျောင်းအုပ် စသော ဝန်ထမ်းရာထူးမျိုးတွင် လုပ်ကိုင်ရခြင်း ဖြစ်တတ်ပါသည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးနှင့် လက်ခလယ်အောက် ကြာသပတေးနှင့် စနေ ဂြိုဟ်ခွင်တို့အစပ်မှာ ကြီးမားသော ညောင်ရွက်ပုံရှိခြင်း ဖြစ်သည်။

* * *




ထိုသင်္ကေတပါရှိခြင်းကြောင့် စီမံခန့်ခွဲအုပ်ချုပ်မှုကျွမ်းကျင်ခြင်း၊ အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်း၊ အထက်လူကြီး မင်းစိုးရာဇာတို့နှင့် ရင်းနှီးကျွမ်းဝင်ခြင်း၊ အကာအကွယ်ရရှိခြင်း ဖြစ်စေတတ်သည်။

**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခွင်အထက်ပိုင်းမှာ **ထောင်လိုက်မျဉ်းတို(၂)ကြောင်း** အပြိုင်ရှိခြင်း ဖြစ်သည်။


* * *




ထိုမျဉ်းတိုမျိုးပါလျှင် ဖြေဆိုမှုများ၊ ယှဉ်ပြိုင်မှုများတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခြင်း၊ အနိုင်ရခြင်း၊ ရာထူးတိုးခြင်း အထက်လူကြီးတို့၏ အကူအညီရခြင်း ဖြစ်စေတတ်သည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ခလယ်အောက် စနေဂြိုဟ်ခွင်မှာ ထောင်လိုက်မျဉ်းမတ်ထင်ရှားရှိနေခြင်း ဖြစ်သည်။


* * *




ထိုလမ်းကြောင်း အဖျက်ကင်းစွာ ထင်ရှားပါရှိသူမှာ ကံကြမ္မာ အထောက်အပံ့ကောင်းရှိသူဖြစ်၍ ဘာလုပ်လုပ် အောင်မြင် ကံကောင်းခြင်း ဖြစ်စေတတ်သည်။ အနှောင့်အယှက်အခက်အခဲများကို လွယ်ကူစွာ ဖြေရှင်းကျော်လွှားနိုင်သည်။

**"စ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ရင်းရှိ **တနင်္ဂနွေဂြိုဟ်ခွင်မှာ အောင်မြင်ရေးလမ်းက သစ်ပင်ပုံ၊ အဖူးအငုံပုံ** ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

* * *




ဤ သင်္ကေတပါရှိသူတို့မှာ ပတ်ဝန်းကျင်တွင် လူသိများ သိက္ခာရှိ အထင်ကြီး လေးစား ယုံကြည်ခြင်းခံရ အားကိုးခံရ အောင်မြင်ကျော်ကြားနာမည်ကြီးသူများဖြစ်လေ့ရှိပါသည်။

**"ဆ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခွင်တွင် ခပ်စောင်းစောင်း မျဉ်းပြိုင်(၂)ကြောင်း ထင်ရှားရှိခြင်းဖြစ်သည်။


* * *




ထိုလမ်းကြောင်းပါရှိသူမှာ သင်္ချာအတွက် အချက်၊ စာရင်းအင်းပညာတို့ ထူးချွန်တတ်သည်။

**"ဇ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ဗုဒ္ဓဟူးဂြိုဟ်ခွင်အောက် တနင်္လာဂြိုဟ်ခွင်အထက်၊ အင်္ဂါအမ (ရာဟုဂြိုဟ်ခွင်)**နေရာတွင် ငါးရုပ်ပုံ ရှိခြင်းဖြစ်သည်။


* * *




ထိုငါးရုပ်ပုံမျိုး ပါရှိသူတို့မှာ ငွေကြေးစီးပွားဥစ္စာ လိုရာမရှား ပေါများ ပြည့်စုံနိုင်ပါသည်။

**"ဈ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းပေါ်မှ အပေါ်ထောင်တက်နေသည့် တိုးတက်မှုလမ်းများဖြစ်သည်။

* * *




ထိုလမ်းများရှိလျှင် အလုပ်အကိုင်နှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားတတ်ပါသည်။ တိုးတက်မှုတွေ မကြာခဏဖြစ်ပေါ်တတ်သည်။

စာဖတ်သူသည် ဝန်ထမ်းတစ်ဦးဖြစ်ပါက အထက်ဖော်ပြပါ အမှတ်အသားသင်္ကေတမျိုးများ မိမိလက်ဖဝါးပြင်တွင် နီးစပ် တူညီပါရှိလျှင် မိမိဝန်ထမ်းအလုပ်၌ ရာထူးအဆင့်ဆင့် တိုးတက်မြင့်မားနိုင်သူ ဖြစ်ပေလိမ့်မည်။ အထူးသဖြင့် ဘဏ္ဍာရေး၊ ငွေစာရင်းဌာနတို့တွင် ပိုကောင်းပါမည်။

**မှတ်ချက်။ ။ ယခု အထက်ပါ လက္ခဏာရှင်မှာ ညွှန်မှူးအဆင့် အမျိုးသမီးဝန်ထမ်း၊ ဖြစ်ပါသည်။**


***အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**(လက္ခဏာဗေဒင်ပညာသုတေသီ)**

www.burmeseclassic.com



# သံပတ်ဘုရားကိုယ်တော် နှင့် တွေ့ဆုံခြင်း




ဆရာတော် ဦးဝေန(ကျုံပျော်)

ထိုပုဂ္ဂိုလ်ကို သတိထားမိနေတာ ကြာပြီ။ အမြဲလို သင်္ကန်းအဝါရောင်ကို ဝတ်တတ်၏။ စကားပြော ညင်သာ၏။ အေးဆေး၏။ ဒေါသထွက်ပြီး ဆူပူစောင်းမြောင်းတာမျိုးလည်း မတွေ့ရ။ စကားဝိုင်းဖွဲ့ ဟေးလား...ဝါးလား ငြင်းခုံတာမျိုးကို မတွေ့မိပေ။

**နဘူလယ်ဒေသမှာ** တစ်လနီးပါး အတူဆုံဖြစ်သော်လည်း စကားမပြောဖြစ်ကြ။ ကိုယ့်အလုပ်နှင့် အတွေးနှင့်မို့ မိတ်မဖွဲ့မိကြပေ။

ဆွမ်းဝိုင်းမှာ တစ်လနီးပါးမျှ အတူတူ ဘုဉ်းပေးဖြစ်သော်လည်း ထိုပုဂ္ဂိုလ်သည် သက်သတ်လွတ် ဆင်းရဲစွာ ဘုဉ်းပေးနေတာတွေ့ရတော့ ပင်လယ်စာတွေ အလျှံပယ်ပေါများတဲ့နေရာမှာ သူမို့ ဒုက္ခခံလို့ဟု တွေးမိခဲ့သည်။

မနက်ဖြန် ကိုယ့်ရပ်ဒေသအသီးသီးကို ပြန်ကြတော့မည်။ ဆိုင်ရာ ဒကာ၊ ဒကာမများက လာရောက်နှုတ်ဆက်ကြ၊ လှူကြ၊ လမ်းစရိတ်ထောက်ကြနှင့် ကျောင်းဝင်းလေးထဲမှာ ရှုပ်ထွေးနေ၏။ တောင်ပေါ်ကိုသွားရန် စိတ်ကူးဖြင့် လိုအပ်တာများ ထည့်နေစဉ်...

'အရှင်ဘုရားကို ပြောစရာရှိတယ်'

ကျောင်းရှေ့ကြည့်မိတော့ ထိုပုဂ္ဂိုလ်ဖြစ်နေ၏။

'ဘာကိစ္စလဲဘုရား'

'အေးအေးဆေးဆေးပြောရမှာ။ ညက အာရုံထဲမှာ အရှင်ဘုရားနဲ့ စကားပြောရမယ်လို့ စိတ်ထဲမှာ ဖြစ်ပေါ်လာတယ်။

ခုတော့ တပည့်တော် ရွာထဲက ဒကာ၊ ဒကာမတွေက ပင့်ထားတယ်။ သူတို့ကို ဆေးကုပေးရဦးမယ်။ ပရိတ်ရွတ်ပေးရဦးမှာမို့ ပြန်လာရင်တော့ အချိန်ရတယ်။ လမ်းလျှောက်ရင်း စကားပြောရအောင်ဘုရား'

'ကောင်းပါတယ် ဘုရား'

စာရေးသူ ရေနွေးကြမ်းသောက်နေရင်း ထိုပုဂ္ဂိုလ်အကြောင်းကို တွေးနေမိ၏။

သူ့ကို **ဝိဇ္ဇာ**ဟု ခေါ်ကြ၏။ အများစုက မသိကြပေ။

မိမိကတော့ ဓာတ်ခံသဘောအရ ရန်ဘက်မဟုတ်တာကို သိနေသလို ကုန်ကြမ်းပေးသူ ရောက်လာပြီဆိုတာကို သဘောပေါက်လိုက်သောကြောင့် ကင်မရာ၊ အသံဖမ်းစက်၊ စာအုပ်၊ ဘောလ်ပင်များကိုပါ အသင့်ပြင်ဆင်စောင့်နေလိုက်တော့သည်။

ညနေခင်းလောက်မှာ ထိုပုဂ္ဂိုလ်ရောက်လာ၏။ မြေနီလမ်းအတိုင်း လျှောက်ခဲ့ကြ၏။ စိတ်ထဲမှာ ဓာတ်ခံအရ ရင်းနှီးမှုက ချက်ချင်းဆိုသလိုဖြစ်လာသောကြောင့်...

'အရှင်ဘုရားဓာတ်ကြောင်းကို ပွင့်ပွင့်လင်းလင်းပြောပါဘုရား'





www.burmeseclassic.com

www.burmeseclassic.com

'တပည့်တော် အရင်က အစားကြူးတယ် ဘုရား။ သား ငါး ကြက် ဝက် အမဲ ပေါ် သမျှ စေစုခွဲပြီးတော့ စားတယ်။ အိုင်မှုး လုပ်ခဲ့တော့ ငွေကလဲရှင်တယ်။

နောက် အပေါင်းအသင်းများတော့ အသောက်ပါ ပါလာတယ်။ အဲဒီကနေ ဘဝ လမ်းကြောင်း ပြောင်းလဲ ရှိရပါလာတော့ အလုပ်ကလဲ ပြုတ်ခဲ့ရတယ်ဘုရား။ အလုပ်က ပြုတ်တော့ အသားငါးတွေ မစားချင်တော့ဘူး။ စိတ်ကပြောင်းလဲသွားတယ်'

'သြော်... အရှင်ဘုရားက သက် သတ်လွတ်စားတာ ကြာပြီပေါ့'

'တင်ပါ့ နှစ်(၂၀)ကျော်ခဲ့ပြီ ဘုရား'

'တရားစကျင့်တော့ ဘယ်မှာ ကျင့် တာလဲ ဘုရား'

'ကျုံပျော်မြို့နားက **သံပတ်ဘုရား မှာ'**

'လူဝတ်ကြောင်နဲ့ တစ်နှစ်ကျင့် တယ်'

'ဘာတွေထူးလဲဘုရား'

'ထူးတာတွေက အများကြီးပဲ'

'အဲဒီနောက် တပည့်တော်ဇနီးကို ခွင့်ပန် ပြီးတော့ ရဟန်းဝတ်လိုက်တယ်။ အဲဒီ သံပတ် ဘုရားမှာ (၈)လနဲ့ (၁၅)ရက်ကြာတယ်။ အဲဒီမှာ သိသိသာသာ ထူးခြားလာတယ်။ လူသိလဲများလာတယ်'

'အရှင်ဘုရားကို စမ်းတာတွေ မရှိဘူးလား ဘုရား'

'တစ်ည(၈)နာရီလောက်မှာ တရားထိုင်နေ တော့ ကျောင်းက ဝါးကျောင်း။ ထိုင်နေရင်း ကကြက်သီးတွေ တဖြန်းဖြန်းနဲ့ ထလာတယ်။ ကျောင်းကလဲ လှုပ်နေတယ်။ ကျောင်းပေါ်ကို ဟက်လာသံတွေလဲ ကြားနေရတယ်။

တပည့်တော်လဲ နောက်လှည့်ကြည့်တော့ လူတွေဘုရား။ အယောက်အစိတ်(၂၅) လောက်ရှိမယ်။ တပည့်တော်ကို ဝိုင်းထားပြီး နေပြီ။

တပည့်တော်လဲ မထူးတော့ပါဘူးလေ။ ပြေးလဲ လွတ်မှာမှမဟုတ်တာ။ လှဲအိပ်လိုက် ပြီးတော့ ပုတီးစိပ်နေလိုက်တယ်။

ကြာလာတော့ ကြောက်စိတ်တွေလဲ ပြေ လာတယ်။ မျက်စိဖွင့်ကြည့်တော့ ဘာမှ မတွေ့ရတော့ဘူး'

'တခြား စမ်းတာတွေရော မရှိဘူး လား'

'တခြားနေရာတွေမှာ မိန်းမတွေက မေထုန်မှီဝဲဖို့ပြောတယ်။ လူထွက်ဖို့ ပြောတယ်'

ထိုပုဂ္ဂိုလ်ကိုကြည့်တော့ အသက် က (၇၀)ကျော်ပြီ။

'ဘယ်အရွယ်တွေကလဲဘုရား'

'၂၀ကျော်, ၃၀ကျော်, ၄၀ကျော်တွေ က အရှင်ဘုရား။ ဒါတွေက အဖျက် တွေပါဘုရား။ တပည့်တော်က အပြတ် ငေါက်ပစ်ရတယ်။ သူတို့ကို တပည့် တော် အသက်ကယ်ထားရတာမဟုတ် လား'

'ကဲပါ... စကားလမ်းကြောင်းတွေ ချော်ကုန်ဦးမယ်။ သံပတ်ဘုရားက အကြောင်းတွေ ဆက်စပ်ပါဦး'

'နောက်နေ့ ညနေစောင်းမှာ ဒကာမနှစ်ယောက် ရောက်လာတယ်။ တစ်ဦးက ရသေ့မ၊ တစ်ဦးက ဝတ် ကြောင်နဲ့၊ သူတို့က ပုဂ္ဂိုလ်စောင့်တဲ့ သူတွေပေါ့။ သူရဿတီနဲ့ တရုတ် ဘိုးတော်တို့က စောင့်ရှောက်နေကြ တာပေါ့။ အကြားအမြင်ဓာတ်တွေ ရကြသူတွေပေါ့။

သူတို့က တပည့်တော်ဆီကို ရောက်ရောက်ချင်းပဲ ''**အရှင်ဘုရား ထူးထူးခြားခြားအောင်ပြီ**''ပြောတော့ တာပါပဲ။ နောက် တပည့်တော် နယ်မှာ, အကြားအမြင်ပေါက်နေတဲ့ဘုန်းကြီး တစ်ပါးကို ဆေးကုပေးဖို့ရာ ပြောတော့ တာပါပဲ။ တပည့်တော်က ဆေးဝါးမှ နားမလည်တာ။ ဘယ်လိုလုပ်ပြီးတော့ ကုပေးနိုင်မှာလဲဘုရား'

'ဒါနဲ့ ဘာလုပ်သလဲဘုရား'

'တပည့်တော်လဲ အကြားအမြင်ရ နေတဲ့ ဒကာကြီးတစ်ယောက်ဆီကို သွားတယ်။ သူက အရင်က ဘာသာ ခြားကနေ ဗုဒ္ဓဘာသာကို ပြောင်းလာ တာဖြစ်တယ်။ သူက ပုတီးတွေစိပ်၊ တရားတွေကျင့်နေတော့ သူ့ကိုဘိုးမင်း ခေါင်က စောင့်ရှောက်နေသူပေါ့။ သူ ကလဲ တွေ့တွေ့ချင်းပဲ...

'မောင်ပဉ္စင်း သတ္တဝါတွေကို ကယ်လို့ရပြီ'

ဒါနဲ့ တပည့်တော်လဲ စိတ်အားတွေ တက်လာပြီးတော့ အဲဒီ ကျန်းမာရေး မကောင်းတဲ့ ဆရာတော်ကြီးဆီကို သွားခဲ့တယ်။

ရေတစ်ခွက်ကို ခပ်ပြီးတော့ လက် နဲ့အုပ်၊ တပည့်တော်ရဲ့ အကျင့်စရဏ တွေကို သစ္စာပြုပြီးတော့ သူ့ကို လက်နဲ့ သပ်၊ ရေမန်းလဲတိုက်ပေါ့ဘုရား'

'ပျောက်ရောလား ဘုရား'

'ပျောက်သွားတယ် ဘုရား'

'အဲဒီကနေ ငွေ(၃)ထောင်နဲ့ မြန်မာ တစ်ပြည်လုံး ခရီးထွက်တော့တာပဲ။ အထက်၊ အောက်၊ တောင်ပေါ်၊ ပင်လယ်နဲ့ ရောက်ဘုရားရောက်။ နောက်ကော့ ကရိတ်မှာ ခရီးဆုံးသွားတယ်။ ငွေ(၃) ထောင် မကုန်တဲ့အပြင် (၅)ထောင် ကျန်နေသေးတယ်။

တပည့်တော်မှာ အလှူခံခွင့်မရှိဘူး ဘုရား။ သဒ္ဒါတရားနဲ့ပေးလာမှ ခံယူ ခွင့်ရှိတယ်၊ ခရီးသွားနေရင်းနဲ့ မသိဘဲနဲ့ လာနှုတ်ဆက်ကြသူတွေလဲ တွေ့ရ သလို၊ ဆေးကုပေးရတာတွေလဲ ရှိတယ်ဘုရား'

စကားတပြောပြောနဲ့ လမ်းလျှောက် လာရာ ရဟန္တာသိမ်တိုန်းပေါ်မှာ နားရင်းဆက်ပြောဖြစ်ကြ၏။ ပတ်ဝန်း ကျင်က ဖိတ်ဆိတ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရားက ပုဂ္ဂိုလ်တွေကို တွေ့သိရလား၊ စကားပြောလို့ရော ရပါသလားဘုရား'

'ဟာ... ရတာပေါ့'

'ဘယ်လိုပုံနဲ့ ရတာလဲဘုရား ပြောပြပါဦး'

'တပည့်တော် (၁၄)နှစ်လောက်ထဲက ဆန်းကြယ်ဖြစ်ရပ်တွေ ဖြစ်ခဲ့ဖူးတယ်'

ထိုစဉ် ဘုရားဖူး ဒကာမများ တက်လာကြ၏။

'အရှင်ဘုရားက ဒီရောက်နေတာကို'

'အေး... သက်သာသွားပြီလား'

'ကောင်းသွားပြီဘုရား၊ လဲရောင်ရှာက ကျော်လှရော ဘယ်လိုနေသေးလဲ'

'ကောင်းပါတယ် ဘုရား'

ထိုပုဂ္ဂိုလ်ကုခဲ့သော လူနာများကို မေးနေခြင်းဖြစ်၏။

'အရှင်ဘုရား ပြန်တော့မှာလား'

'နေရဦးမှာပဲ ပြန်ကြတော့'

ဘုရားဖူးများ ဆင်းသွားသောအခါ ထိုပုဂ္ဂိုလ်မှ...

'စောစောကစကားကို ပြန်ဆက်ရရင် (၁၄)နှစ်သားတုန်းက တပည့်တော်အဒေါ်အပျိုကြီးတွေ၊ အဘွားတွေနဲ့ နေတာဘုရား။ တစ်ည အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်ကြီးက တပည့်တော်ကို...

**"သားလေး...ရော့...ဓာတ်လုံး"**

ဆိုပြီးတော့ ပေးတယ်။

တပည့်တော်က ငြင်းတယ်ဘုရား။ အယ်...သူကပါးစပ်ဟာဆိုပြီး ပါးစပ်ချင်းတေ့ပြီးတော့ ထည့်ပေးလိုက်တယ်။ တပည့်တော်က ဟာ... ဓာတ်လုံးလဲ မဟုတ်ဘူး ကျောက်ခဲကြီးဆိုပြီးတော့ ထွေးပစ်လိုက်တယ်'

'ဘာကယ်လားဘုရား... အိပ်မက်ထဲမှာလား'


ဆရာတော် ဦးဝေနု(ကျုံပျော်)

"အိပ်မက်ထဲမှာဆိုပေမယ့် နိုးတော့ တပည့်တော် မီးတိုင်ထွန်းပြီးတော့ ပြန်ရှာပေမယ့် မတွေ့ရတော့ဘူး။ မနက် လင်းတော့ အဘွားတွေ၊ အဒေါ်တွေ က...

"ဟဲ့...ကောင်လေး၊ နင်လက်ဖွဲ့တွေ အဆောင်တွေ ဆောင်ထားလား ညတုန်းက နင့်အခန်းထဲမှာ အစိမ်းလုံး၊ အပြာ၊ အနီတွေ စုံနေတာပဲ၊ နင်ဘာတွေ လုပ်တာလဲ"

လို့ မေးခံရတယ်ဘုရား'

'ခရီးထွက်နေရင်း အမိဋ္ဌာန်တွေ လုပ်နေရင်း အိပ်မက်ထဲမှာ လူ(၄)ယောက်က ဝိုင်းချုပ်ပြီးတော့ ဆေးတွေ ထိုးပေးကြတယ်၊ ထိုးလာတော့ ခန္ဓာကိုယ်မှာ အနီစက်တွေ ကျန်ရစ်တယ်။ နောက် တဖြည်းဖြည်း ပျောက်သွားတယ်ဘုရား...။

နောက် ဘိုးမင်းခေါင် ရောက်လာပြန်တယ်။ ဟာ... မင်းက အကုန်ပြည့်စုံနေပြီပဲ။ ငါ ဘာမှ လုပ်ပေးစရာ မရှိတော့ဘူးဆိုပြီးတော့ ငယ်ထိပ်ငါးပြားစေ့ခန့် ထိုးပေးပြန်တယ်။ မယ်တော်တစ်ဦးကတော့ ရေမန်းတိုက်တာ၊ တပည့်တော်က တစ်ဝက်ပဲ သောက်တယ်'

'အရှင်ဘုရားဆေးကုပေးတာ ဘာနဲ့ ကုပေးတာလဲဘုရား'

'ရှင်းရှင်းပြောရရင် တပည့်တော်က ဆေးပညာမတတ်ပါ။ ဘာမှလဲ နားမလည်ပါ။ အေး... ဒါပေမယ့် လူနာကို တွေ့လိုက်ရင်တော့ ဘာလုပ်ပေးရမယ်ဆိုတာ ခေါင်းထဲ ပေါ်လာတယ်။ ရေမန်းပေါ့ဘုရား၊ သစ္စာပြုတယ်၊ မေတ္တာပို့တာပေါ့'

'ကင်ဆာရော ကုပေးတယ်ဆို'

'လိုအပ်ချက်အရပါ။ လူနာတွေကတော့ အကူအညီတောင်းရင်တော့ လုပ်ပေးမိတာပေါ့'

'ကင်ဆာကို ဘာနဲ့ကုသလဲ'

'ကင်ဆာက ရင်သားကင်ဆာပေါ့။ ဆေးမြစ်တစ်ခုနဲ့ ကုတယ်'

'အဲဒီဆေးမြစ်ကို ပြောပြလို့ မရဘူးလား'

'တပည့်တော်က အရွက်ပဲသိတယ်၊ **အနောက်မယ်တော်ကညွှန်းတဲ့ဆေးဖြစ်ပါတယ်'**

'ရပါတယ်ဘုရား မပြောနိုင်ရင်လဲ'

'အရှင်ဘုရား အမြဲတယ်မှာ သီတင်းသုံးပါသလဲ ဘုရား'

'ဝိဇ္ဇာမှာ လိပ်စာရှိလို့လား ဟဲ... ဟဲ...ဟဲ...'

'ရဟန်းဆိုတာ ဝါဆိုရပါတယ်ဘုရား'

'ကျုံပျော်(ဓရာတီတိုင်း) တောင်ပေါ်တပ်ဦးကျောင်းနဲ့ အောင်မင်္ဂလာတပ်ဦးကျောင်းရဲ့ အကြားက သုသာန်မှာ သီတင်းသုံးပါတယ်ဘုရား။ ဖိတ်ကြွတ်ရင်တော့ ခရီးထွက်ဖြစ်ပါတယ်ဘုရား'

'ကဲ...မိုးချုပ်တော့မယ်'

ပြန်ခဲ့ကြတော့သည်။

**လွယ်ကောင်းအောင်**

www.burmeseclassic.com

www.burmeseclassic.com



# ကုမုဒြာကြာပင်

အပွင့်အစွမ်း

သုရင်မိုး



▲ အရွက်မှ ရိုးတံနှင့် အဖုံးပွက်အဖုံ

▼ အရွက်မှ ရိုးတံနှင့် အဖုံးပွက်အဖုံ



ကုမုဒြာကြာပင်သည် ရှားပါးသော အပင်မျိုး ဖြစ်ပါသည်။ ကုမုဒြာ ကြာပင်သည် တောင်ထိပ်တောင်ကြားမှာ ပေါက်ရောက်ပါသည်။ ပုပ္ပါးတောင်နှင့် ချင်းပြည်နယ် တောင်တန်းကြီးတွေမှာသာ ပေါက်ရောက်ပါသည်။

အပင်သည် အစိမ်းရောင်ဖြစ်ပြီး အရွက်သည်လည်း အစိမ်းရောင် အရွက်ပြားဖြစ်၍ ခွဆုံတွင် အချွန်တက်လေးများ ပါရှိ၍ လုံချွန်သဖွယ် အတက်များ ပါရှိသည်။ အရွက်ကြားထဲမှ အပွင့်များ ပွင့်ပါသည်။

**ကုမုဒြာကြာပင်နှင့် မယ်တော်ကြီး ကမုန်ကို ရောပြီး မိုက်မှိုးလေ့ရှိပါ။ မယ်တော်ကြီးကမုန်နှင့် ကုမုဒြာကြာ တမိုပြိုင်နက် ပွင့်ပါက ကြီးမားသော ဗိမ္မာအညွှန့်များ ရှိ တတ်ပါသည်။**

ကုမုဒြာကြာသည် လရိပ် လရောင်နှင့်တူသောကြောင့်၊ ကုမုဒြာကြာဟု ခေါ်ဆိုကြပါသည်။

ရေပြင်ပေါ်ပွင့်သော ကြာနှင့် ကုန်းပေါ်မှာပွင့်သောကြာဟု နှစ်မျိုး ရှိပါသည်။ တန်ခူးလနှင့် တန်ဆောင်မုန်းလ အပူအအေး မျှတသော နေ့အချိန်နှင့် ညပိုင်းအချိန်များတွင် အပွင့် ပွင့်ပါသည်။

ကုမုဒြာကြာသည် လပြည့်ည (၉)နာရီကျော်မှ ပွင့်ပါသည်။ ကုမုဒြာကြာဖူးများ ဝေဝေဆာဆာ ဖူးနေပုံကို ဓာတ်ပုံဖြင့် ဖော်ပြပါသည်။

ကုမုဒြာကြာပင်သည် အပွင့် ပွင်ခဲပါသည်။ အပွင့်၏ အရောင်သည် ဆင်စွယ်ရောင်ဖြစ်ပြီး ဝတ်မှုန်ကလေးများသည် **အဝါရောင်ဝတ်ဆံလေးများ** ပါရှိပါသည်။

ကုမုဒြာကြာပင်ကို အချို့က **မယ်တော်ရဲ့မြတတက်**ဟူ၍ ခေါ်ကြပါသည်။

ဘုရားကျောင်းကန် သွားလျှင်တဘက်ခြုံသွားခြင်းသည် မိန်းကလေး၏ အလှကျက်သရေ ရှိသကဲ့သို့ မယ်တော်၏ မြတဘက်သည်လည်း ကုမုဒြာကြာပင်ဟူ၍ ခေါ်ဆိုကြပါသည်။

တောင်ထိပ်ကြာပေါက် အနောက်နေထွက် ပျိုအပ်မြင့်မိုရ် မီးကိုမပူ [illegible]ဟူ၏

www.burmeseclassic.com

ဟု ကုမုဒြာကြာကို စာဖွဲ့ကြသည်။

ကုမုဒြာကြာအပွင့်နှင့် အဖူးသည် နေထွက်လျှင် အနောက်ကို မျက်နှာမူပါသည်။

ကုမုဒြာ ကြာဖူးသည်လည်း တာဝတိံသာက သိကြားမင်း၏ ဝရဇိန်လက်နက်နှင့် တူသည်ဟု ဖွဲ့ဆိုခဲ့ကြပါသည်။

## အသုံးဝင်ပုံ

ကုမုဒြာကြာပင်သည် ဆေးဖက်ဝင်အပင်ဖြစ်ပါသည်။ မီးလောင်ခံရသည့်အခါ အရွက်,အပွင့်,ပင်စည် တို့ကို ကြိတ်၍ အုံပေးပါက မီးလောင်ခံရသော ဒဏ်ရာအနာရောဂါများ ပျောက်ကင်းစေပါသည်။

ကုမုဒြာကြာပွင့်ကို ဆေးအဖြစ် ဖော်စားပါက အသက်ရှည်စေသည်။ အပွင့်မှုံကို ပျားရည်ဖြင့်စားလျှင် အိုသည်ကို မအိုအောင် တားထားနိုင်သည်။

ဘုရားကျောင်းကန်များတွင် ထုလုပ်ထားသော ဘီလူးပန်းဆွဲနှင့် တူသောကြောင့် အချို့က **ဘီလူးပန်းဆွဲ**ဟု ခေါ်ကြသည်။ ရှေးစာပေတစ်ခု၌ **"ဘီလူး ပန်းဆွဲ လက်ကိုင်ဆွဲ ရှည်မြဲအသက်သာ"**ဟု ဖွဲ့ဆိုခဲ့သည်။

ကုမုဒြာကြာပန်းသည် လရိပ်လရောင်နှင့် တူသောကြောင့် ကုမုဒြာကြာဟု ခေါ်ဆိုကြသကဲ့သို့ မြေပြင်ပေါ်ပွင့်သည့်ကြာနှစ်မျိုးအနက် **အအေးဆိုသည့် သီတတေဇောဓာတ်၊ အပူဆိုသော ဥဏှတေဇောဓာတ် နှစ်မျိုးဖြစ်သောကြောင့် ကုမုဒြာကြာသည်** လရောင်ဆမ်းမှ ပွင့်သောကြောင့် အသက်ကို ရှည်စေသည်။

လူတို့၏ သဏ္ဍာန် ဖောက်ပြန်ခြင်းကို ဖြစ်စေတတ်သော အပူ,အအေးနှစ်မျိုးကို ညီညွတ်မျှတစေသဖြင့် အသက်ရှည်ခြင်းကို ဖြစ်စေသည်။

အင်္ဂရိတ် လုပ်ရတ်သမားတို့လည်း သွပ်သတ်ကြသည်။ သွပ်(၁၀)ကျပ်သားကို ပန်းတစ်ပွင့်နှင့် ကြောင်လိမ်ဆီးတို့ကို ငြိမ်းသက်စေပါသည်။

**ကုမုဒြာကြာပွင့်ကို ဘုရားတင်လှူပါက ဘုန်းကံမြင့်မားစေခြင်း၊ စီးပွားဥစ္စာတိုးပွားခြင်း၊ ရာထူးတိုးတက်စေခြင်း၊ ကုမုဒြာကြာပင်ရှိသော အိမ်သည် မကောင်းဆိုးဝါးနှင့် ဘေးပယောဂများ၏ အနှောင့်အယှက်ပေးခြင်းမှ ကင်းဝေးစေသည်။**


ကုမုဒြာကြာပင်ကို **အိမ်တွင် မစိုက်သင့်သောအပင်**ဟု ယူဆကြသည်။ ရက္ခလောကတွင် သူ့သဘောသူဆောင်ကာ ဖြစ်တည်နေသော အပင်သာဖြစ်၍ ကုမုဒြာကြာပင်သည် ဆိုးကျိုးကို မပေးနိုင်ပါ။ ကောင်းကျိုးကိုသာ ပေးသောအပင် ဖြစ်ပါသည်။ ကုမုဒြာကြာပင်ကို သန့်ပြန့်သော နေရာတွင် ထားပေးပါ။

## ကုမုဒြာကြာပင်၏ ထူးခြားချက်များ

- ကုမုဒြာကြာပင်သည် အခြားအပင်များကဲ့သို့ အရိုးတံမှ အရွက်အဖူးထွက်ခြင်း မဟုတ်ဘဲ အရွက်မှ အဖူးထွက်၍ အပွင့် ပွင့်ခြင်း ဖြစ်ပါသည်။ အရွက်မှ အရွက် ဆင့်ကဲဆင့်ကဲ ထွက်ခြင်းဖြစ်ပါသည်။
- ကင်းမျှား အကိုက်ခံရပါက အရွက်ကိုခြေ၍ လိမ်းပေးပါက အဆိပ်များ ပြေစေပြီး ပျောက်ကင်းစေပါသည်။
- နေရောင်နှင့် ပွင့်သော နေကြာပန်းနှင့် လရောင်နှင့် ပွင့်သော ကုမုဒြာကြာပန်းဟူ၍ ကြာနှစ်မျိုးရှိသည့်အနက် ကုမုဒြာကြာသည် ထူးခြားစွာ လရောင်ဆမ်းမှ ပွင့်သောပန်း ဖြစ်ပါသည်။

ကုမုဒြာကြာကို **ရွှေရည်,ငွေရည် လောင်းပေးရပါသည်။** ကုမုဒြာကြာပင်ကို ဓာတ်ပုံရိုက်ကူးရန် ကူညီသော ဦးသန်းလွင်(တောမ)အား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ကျေးဇူးတင်ရှိပါသည်။

**ဆုရှင်မိုး**



▲ အရွက်မှ ရိုးတံနှင့် အငုံထွက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ဝင်းသတ် အင်း

အစီအရင်

မျိုးချမ်းဇော်
(မဲဇာ)




၂၀၀၁ခုနှစ် ဝါဆိုလ၏ သီတင်းနေ့ တစ်နေ့တွင် စာရေးသူသည် **အင်းတော်မြို့နယ်၊ မဲဇာကျေးရွာ၏ အနောက်မြောက် (၄)မိုင်ခန့် အကွာ**တွင်ရှိသော သေလာသီရိ ရေတံခွန်တောရကျောင်းသို့ သီလယူရန်နှင့် ဘာဝနာ အေးဆေးစွာ ပွားများအားထုတ်နိုင်ရန် အရောက်သွားခဲ့၏။

ထို တောရကျောင်းကလေးမှာ မင်းဝံတောင်တန်း၏ ပြတ်ရွေ့တောင်တစ်ခုဖြစ်သည့် ကန့်လန့်ကာတောင်ဟု အမည်ရသော တောင်ခြေရှိ ရေတံခွန်အနီးတွင် တည်ဆောက်ထားပေ၏။

ပြာရီညို့မှိုင်း မြင့်မားလှသော ယင်းတောင်တန်းပေါ်မှ ကျောက်တုံးကျောက်ဆောင်များအား ကွေ့ပိုက်စီးဆင်းနေသော ရေတံခွန်မှ ရေစီးကျသံသည် တောရကျောင်းပတ်ဝန်းကျင် တစ်ခုလုံး လွှမ်းခြုံထားပေ၏။

တစ်ချက်တစ်ချက်တွင် တောင်တန်းပေါ်မှ ကျေးငှက်သာရကာတို့ ဖိုမတွန်သံနှင့် မျောက်မွဲကြီးအော်သံ အူသံမှ အပ မည်သည့် သက်ရှိသတ္တဝါ အသံမှ မကြားရ၊ ပကတိ အေးဆေး ငြိမ်သက်နေ၏။

မြင့်မားလှသော တောင်တန်းပေါ်မှ ဝါးလုံးထိုး ကျဆင်းနေသော ရေ၏ အဟုန်ကြောင့် တောင်ခြေတွင် သုံးဖာလုံဝန်းကျင်ခန့် ကျယ်ဝန်းသော စမ်းရေအိုင်ကြီးဖြစ်ပေါ်နေ၏။

ရေအိုင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ရေတိုက်စားမှုကြောင့် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဂူ၊ ကျောက်ဖျာ၊ ကျောက်ဆောင်တို့မှာ သူတော်စင်များထိုင်၍ ဘာဝနာပွားများချင်စရာဖြစ်နေ၏။

ကျောက်ခဲ ကျောက်ဆောင်တို့၏ အောက်ခြေတွင် စီးဆင်းနေသော စမ်းရေမှာလည်း အေးမြကြည်လင်လှ၏။ မှန်အပြင်အလား ကြည်လှသော ရေအောက်တွင် သဘာဝအလျောက် ရှာဖွေစားသောက် ပျော်မြူးနေကြသော ရေသတ္တဝါငါးလေးများအား အထင်းသား မြင်တွေ့နေရပေ၏။

စာရေးသူ တောရကျောင်းလေးပေါ်သို့ လှမ်းတက်လိုက်၏။ အခန့်သင့်ပင် ပုတီးစိပ်နေသော ဆရာတော်အား ကန်တော့ပြီး ပါလာသမျှ လှူဖွယ်ဝတ္ထုတို့အား ဆက်ကပ်လှူဒါန်းပြီးကာ တစ်ဆက်တည်း သီလယူလိုက်တော့၏။

သီလယူပြီးသောအခါ ဆရာတော်နှင့် ရောက်တတ်ရာရာ စကားများ ဆွေးနွေး ပြောဆိုကြတော့သည်။

'ဆရာတော် ဒီတောဒီတောင်မှာ သီတင်းသုံးနေတာကြာပြီလားဘုရား'

'အင်း…မကြာလှသေးပါဘူး ဒကာလေးရယ်၊ မနှစ်ကဝါရယ်၊ ဒီနှစ် တစ်ဝါရယ်ပေါ့။ ဒါနဲ့ ဒကာလေးကကော'

'ဩော်…တပည့်တော်က မဲဇာရွာကို မကြာသေးမီက ပြောင်းလာတဲ့ ဝန်ထမ်းတစ်ယောက်ပါ ဘုရား။ သူငယ်ချင်းတစ်ယောက် လမ်းညွှန်လိုက်လို့ ဒီနေရာ ရောက်လာတာပါ

www.burmeseclassic.com

ဘုရား'

'ဆရာတော်ကော ဇာတိဘယ်က ပါလဲ ဘုရား၊ ဘယ်ကျောင်းမှာ ရဟန်း ဖြစ်ခဲ့ပါသလဲ ဘုရား'

'ဦးပဉ္ဇင်းရဲ့ ဇာတိလား...ဒကာလေး လာခဲ့တဲ့ မဲဇာကပဲပေါ့။ ရဟန်းလဲ အဲဒီကျောင်းမှာဖြစ်တာပါပဲ။ ဘွဲ့တော်ကတော့ **ဦးပညာတိဿလို့** ခေါ်ပါတယ်။ ဒါပေမယ့် မဲဇာနယ် တစ်ဝိုက် သုံး ငယ်နာမည်တပ်ပြီး ဦးကုလားလို့ ခေါ်ကြတာများပါတယ် ဒကာလေး'

'သြော်...ဦးပဉ္ဇင်းက မဲဇာကကိုး'

စာရေးသူ၏ စိတ်တွင် မြို့ကို စွန့်ခွာ ပြီး အစားအသောက် အနေအထိုင် ခြိုးခြံစွာ ကျင့်ကြံလိုသော ဆရာတော် ၏ စိတ်အား ချီးကျူးနေမိတော့၏။

ထို့နောက် ဆရာတော် ဆွမ်းကွမ်း ကိစ္စအတွက် အဆင်ပြေရန် ဘယ်လို ဆောက်ရွက်နေသလဲ ဟူသော စိတ် ဖြင့် ဆရာတော်အား ဆက်လက် မေး လျှောက်မိပြန်၏။

'ဒါနဲ့ ဘုရား...ဆရာတော်ဆွမ်းကွမ်း ကိစ္စကို ဘယ်လိုဆောင်ရွက်ပါသလဲ ဘုရား'


'ဦးပဉ္ဇင်း ဒကာလေးဖြတ်ပြီးလာခဲ့တဲ့ တောင်ယာတဲလေးတွေ အမှီသဟဲပြု ပြီး ဆွမ်းခံရတာပေါ့ ဒကာလေးရယ်'

'ဒါဆို ဒီက နှစ်မိုင်လောက်ဝေးမှာ ပေါ့ ဘုရား'

'အင်း...အသွားအပြန်နဲ့ဆို (၄)မိုင် ပေါ့ ဒကာလေးရယ်'

'ဒါနဲ့ ဆရာတော် ဒီပြင် ဝေယျာဝစ္စ အယောင်းတိုင်တို့၊ ဆေးဆေးဝါးဝါးတို့ ကော ဘယ်မှာ အလှူခံပါသလဲဘုရား'

'အင်း... အဲဒီအတွက်ကတော့ မဲဇာ ကို တစ်ခေါက်တစ်ခေါက် ပြန်ပြီး အစ်မလေးဆီ အလှူခံလိုက်၊ တူမဆီ အလှူခံလိုက် ကြဖန်ရတာပေါ့ ဒကာ



လေးရယ်။ ဒီနှစ်များဆို စောစော ကာလပိုင်းက ဆေးဈေးတွေကလဲကြီး၊ ဆေးဖိုး၊ ဖယောင်းတိုင်ဖိုးရှာဖို့ အခက် တွေနေတာ **မဲဇာအောက်ပိုင်း သောင်မြင်းဆရာတော်ရဲ့ အစီရင်လေး နဲ့မှပဲ** အဆင်ပြေတော့တယ် ဒကာ လေးရယ်'

'ဘယ်လို အစီအရင်များပါလဲဘုရား တပည့်တော်လဲ ဝါသနာပါသူ တစ်ယောက်မို့ သိခွင့်ရှိရင် သိပါရစေ ဘုရား'

'အင်း...ပါးစပ်နဲ့ ပြောရတာ မလွယ် ပါဘူး။ ဦးပဉ္ဇင်းရဲ့ ဒီမှတ်စုထဲသာ ဖတ် လိုက်ပေတော့ ဦးပဉ္ဇင်းလဲ ပုတီးစိပ်ရ အောင် အချိန်ကျပြီမို့ ရေတံခွန်ဘက် သွားလိုက်ဦးမယ် အေးဆေးစွာ လေ့လာဖတ်ရှုရစ်ဦး ဒကာရေ'

ဆရာတော်ပေးအပ်ခဲ့သော မှတ်စု စာအုပ်ငယ်အား အနည်းငယ်မျှ လှန်မိ သောအခါ **နဝင်းသတ်အင်းအစီရင်** ဟု ရေးသားထားသော ခေါင်းစီးဖြင့် အောက်ပါအတိုင်း ဖတ်ရှုလိုက်ရ တော့၏။

ပထမဦးစွာ ဤအင်းအစီရင်အား ဆောင်ရွက်လိုသူသည် သိမ်ဝင်သပိတ် ကွဲ သို့မဟုတ် ကျောက်သင်ပုန်းကွဲ၊ ကြေးပြား၊ ငွေပြား၊ ရွှေပြား(တစ်ပဲထု

ခန့်)ရရာကို ရှာပြီး အလျားသုံးကွက်၊ အနံသုံးကွက်ပါသော အင်းတစ်ခု ရေး ဆွဲပါ။

အင်းဆန်သွင်းရာတွင် တနင်္ဂနွေ ထောင့် (အရှေ့မြောက်ထောင့်)မှစပြီး ဂြိုဟ်ရစ်ခွင်အတိုင်း လက်ယာရစ်ရေ သွင်းပါ။

**ပထမဦးစွာ** တနင်္ဂနွေထောင့်ရှိ အင်းကွက်အတွက် အင်းဆန်သွင်းရန် တနင်္ဂနွေဂြိုဟ်ကိုတည် မိမိရောက် သက်နှင့်နှောပါ။ ဥပမာ... **မိမိအသက် က (၂၅)နှစ်ဆိုကြပါစို့။ တနင်္ဂနွေ ဂြိုဟ်သက်က (၆)နှစ်၊ ရောက်သက် က (၂၅)နှစ်ဆိုတော့ ပေါင်းလိုက် တော့ (၃၁)ရတယ်။**

အဲဒီ ရလဒ်ဂဏန်းကို တနင်္ဂနွေ ထောင့်က စသွင်း၊ လက်ယာရစ်ခရု ပတ်ဆိုတော့ ဒုတိယအကွက်မှာ တနင်္လာဂြိုဟ်သက်(၁၅)နှစ်နှင့် စောစော က ပေါင်းရလဒ်(၃၁)နှင့် ပြန်ပေါင်း (၄၆) ရရှိပြီ၊ ထိုဂဏန်းသည် **ဒုတိယ အကွက်အတွက် အင်းဆန်**ဖြစ်သည်။

တတိယအင်းကွက်အတွက် ယင်း နည်းအတိုင်း အင်္ဂါဂြိုဟ်သက်နှင့် **(၈ + ၄၆) ၅၄** ရ၏။ ထိုဂဏန်းသည် တတိယအင်းဆန်ဖြစ်၏။

ထိုကဲ့သို့ ဂြိုဟ်ရစ်ခွင်အတိုင်း ဆက် ၍ ဆက်၍ ပေါင်းပြီး သွင်းသွားရန် ဖြစ်ပါသည်။

**အင်းကွက်ထုံးပါက အင်းသွား မှန် မမှန် သိနိုင်ရန် နောက်ဆုံးအင်းကွက်တွင် သွင်းသော ဂဏန်းအား စောစောက မိမိ ရောက်သက်ကို နုတ်လိုက်ပါ။ (၁၀၀) နဝင်းကျန်လျှင် ယင်းအင်းသွား မှန်ပါ၏။**

ပြီးလျှင် အင်း၏ ထောင့်လေး ထောင့် အပြင်ဘက်မှ တနင်္ဂနွေထောင့် မှစပြီး ၈–၁–၆–၀ စမလေးလုံးကို ရေးလိုက်ပါ။

ထို စမလေးလုံးအား ရေးဆွဲစဉ်



www.burmeseclassic.com

www.burmeseclassic.com

"**စ**"ရေးလိုက်သည်နှင့် တစ်ပြိုင်နက်...

'စကာရော ကကုသန် ဗုဒ္ဓေါ် တေဇော ဓာတု စ'

**'ကကုသန်မြတ်စွာဘုရား၏ တေဇောဓာတ်လေးပါးနှင့်တကွ တန်ခိုးတော်တို့သည် ဤအင်းတော်၌ စောင့်ရှောက်တည်နေပါကုန်ဘုရား'**

ဟု ရွတ်ဖတ်ပါ။

"**ဓ**"ဟု ရေးလိုက်သည် တစ်ပြိုင်နက်...

'ဓကာရော ကောဏာဂမနော ဗုဒ္ဓေါ် ဝါယော ဓာတု ဓ'

**'ကောဏဂုံ မြတ်စွာဘုရား၏ ဝါယောဓာတ်(၆)ပါးနှင့်တကွ တန်ခိုးတော်တို့သည် ဤအင်းတော်၌ စောင့်ရှောက်တည်နေပါကုန်ဘုရား'**

"**ဗ**"ကိုလည်း အထက်ပါနည်းအတိုင်း စ၍ ရေးလိုက်သည်နှင့်...

'ဗကာရော ကဿပ ဗုဒ္ဓေါ် အာပေါ ဓာတု ဗ'

**'ကဿပမြတ်စွာဘုရား၏ အာပေါဓာတ်(၁၂)ပါးနှင့်တကွ တန်ခိုးတော်တို့သည် ဤအင်းတော်၌ စောင့်ရှောက်တည်နေပါကုန်ဘုရား'**

အထက်ပါနည်းအတိုင်း "**ဝ**"ဟု ရေးလိုက်သည်နှင့်....

'ဝကာရော ဂေါတမော ဗုဒ္ဓေါ် ပထဝီ ဓာတု ဝ'

**'ဂေါတမမြတ်စွာဘုရား၏ ပထဝီဓာတ်(၂၀)ပါးနှင့်တကွ တန်ခိုးတော်တို့သည် ဤအင်းတော်၌ စောင့်ရှောက် တည်နေပါကုန်ဘုရား'**

ဟု ရွတ်ဖတ်ပါ။

ထိုသို့ ဓာတ်ကြီးလေးပါးအား အစောင့်ထားပြီးသောအခါ အရပ်လေးမျက်နှာတွင် ရတနာသုံးပါးထားရန်အတွက် အရှေ့အရပ်မှစပြီး ပုံတွင်ပြထားသည့်အတိုင်း "**ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ**"ဟု ရေးသွင်းရန် ဖြစ်ပါသည်။

ထို့နောက် ယင်းအင်းတော် **သနစျေ အသက်သွင်းရန်** အင်းတော်အားကိုင်ပြီး ဘုရားရှေ့တွင် ဂုဏ်တော်ကိုးပါး ကိုးခေါက်ရွတ်ဆိုရန် ဖြစ်ပါ၏။ **တတ်နိုင်လျှင် တန်ခိုးကြီးဘုရားများသို့ ယူဆောင်သွားပြီး ဂုဏ်တော်ကိုးပါးနှင့်ပင် သိဒ္ဓိတင်ပေးပါ။**

ဤအင်း ကိုင်ဆောင်မည့်သူသည် နေ့စဉ် ဘုရားရှေ့တွင် ဂုဏ်တော်ကိုးပါးကို အပတ်ရေ ရနိုင်သလောက် စိပ်ပေးပါ။

သို့မှသာ အင်းလည်း စွမ်းပါမည်။ ပုတီးမစိပ်ပါက အင်းလည်း စွမ်းမည် မဟုတ်။ ပြုလုပ်ရကျိုးလည်း မနပ် ဖြစ်တတ်ပါသည်။

ဤအင်း၏ အကျိုးအာနိသင်များမှာ အင်းကို ရေစိမ်၍ မျက်နှာသစ်ပါ။ မျက်နှာမသစ်မီ ဂုဏ်တော်အား တစ်ခေါက် ရွတ်နိုင်က ပိုကောင်း၏။ ထိုနေ့အဖို့ မျက်နှာပွင့်လန်းမည်၊ စိတ်ကြည်လင်မည်ဖြစ်သည်။

အရောင်းအဝယ်၊ ရာထူးဌာနန္တရ တိုးတက်လိုသူများအတွက် ယင်းအင်းပေါ် မီးထွန်းပါလေ။

***

သည့် ဂမ္ဘီရပညာအား အခက်အခဲ အမျိုးမျိုးဖြင့် ရင်ဆိုင် တွေ့နေရသော ပုဂ္ဂိုလ်များအတွက် တင်ပြလိုသောစိတ် စာရေးသူ၏ ရင်တွင် တဖွားဖွားဖြစ်ပေါ်လာသောကြောင့် ဆရာတော်အား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်တွင် ရေးသားခွင့်ပြုရန် လျှောက်ထားရတော့၏။

'အင်းလေ... တိမ်မြုပ်ပျောက်ကွယ်လု မြန်မာ့ပညာစွမ်းကို တခမ်းတနား လူသားအချင်းချင်း ရိုင်းပင်းဖို့ဆိုတော့လဲ ခွင့်ပြုရမှာပေါ့'

'ဆရာတော် ခုလို ခွင့်ပြုတာ ကျေးဇူးတင်လှပါတယ် ဘုရား'

ဆရာတော်အတွက် ဂုဏ်တော်ခန်းနှင့် အင်းအစွမ်းကြောင့် နောက်လအတွက် လိုအပ်နေသော စားဆေးအတွက်နှင့် ဖယောင်းအတွက်တော့ ပြည့်စုံခဲ့ပေပြီ။

နေဝင်တော့မည် စာရေးသည် သီလယူပြီး အချိန်တန်ပြီဖြစ်သဖြင့် အိမ်ပြန်ရန် ပြင်ဆင်နေမိတော့သတည်း။

| | | |
|---|---|---|
| ၁-နွေ ဂြိုဟ်သက် -၆ | ၂-လာ ဂြိုဟ်သက် -၁၅ | ၃-ဂါ ဂြိုဟ်သက် -၈ |
| ၆-ကြာ ဂြိုဟ်သက် -၂၁ | | ၄-ဟူး ဂြိုဟ်သက် -၁၇ |
| ရာဟု ဂြိုဟ်သက် -၁၂ | ၅-တေး ဂြိုဟ်သက် -၁၉ | ၇-စနေ ဂြိုဟ်သက် -၁၀ |

(မူလဂြိုဟ်ခွင်နှင့် ဂြိုဟ်သက်ပြ နမူနာပုံ)

| | | | | |
|---|---|---|---|---|
| စ | | ဗုဒ္ဓံ | | ဓ |
| | ၃၁ | ၄၆ | ၅၄ | |
| ဓမ္မံ | ၁၃၃ | | ၇၁ | သံဃံ |
| | ၁၁၂ | ၁၀၀ | ၈၁ | |
| ဝ | | ပူဇေမိ | | ဗ |

(အသက် ၂၅နှစ်ရှိသူ၏ အင်းဆန်သွင်းပြီး နမူနာပုံ)

ဆရာတော်ထံမှ အထက်ပါ အစီရင်အား ဖတ်လိုက်ပြီး လျှို့ဝှက်နက်နဲလှ



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်ပုံ(၁)

ကိုသိန်းလွင်ဟိန်း (ပန်းသခင်)
စဉ့်ကူး

ကျွန်ုပ်၏ ထူးဆန်းသော

# ရှေးဟောင်းလက်စွပ်

ကျွန်ုပ်သည် လွန်ခဲ့သော (၁၉၈၆) ခုနှစ်မှ (၂၀၀၀)ပြည့်နှစ်အထိ ဒေသထွက် ကျောက်မျက်များကို ရောင်းဝယ်ဆုပ်ကိုင်ခဲ့သူ ဖြစ်ပါသည်။

ဒေသထွက် ကျောက်မျက်ဆိုသည်မှာ စဉ့်ကူးမြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျောက်ဆောင်ကျောက်ကြား၊ မြောင်းကြိုမြောင်းကြားနေရာများမှ ရွှေကျင်ကြသော လူများအငြိမ်းလှည့်၍ ရွှေရှာရာတွင် ရွှေအမှုန်ထိတောင်းလျှင် ရွှေအခဲအဖတ်နှင့် အထည်ပျက် ရွှေထည်ပစ္စည်းများ...

လက်ဝတ်တန်ဆာများ ပတ္တမြား၊ နီလာနှင့် **အခြားတွင်းထွက်ပစ္စည်းအမျိုးမျိုးများ** (မိုးကုတ်တွင်းထွက်ကျောက်များကဲ့သို့ အရည်အသွေးမီသည့် ပစ္စည်းများ ရရှိတတ်ပါသည်။

လွန်ခဲ့သော(၁၉၈၈)ခုနှစ်က ရွှေကျင်သူသားတစ်ဦး ရွှေကျင်ရင်း ရရှိသောဓာတ် ဖော်ပြမည့် ရှေးဟောင်းလက်စွပ်အား ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ် ထိုလက်စွပ်ကို ဝယ်ယူခဲ့စဉ်က လက်စွပ်၏အရောင်မှာ အမည်းရောင်ဖြစ်ပါသည်။ ကျွန်ုပ်မှ မန်ကျည်းမှည့်၊ သံပရာသီး စသည်တို့နှင့် ပွတ်တိုက်ကြည့်သောအခါ ယခုအချိန်တွင် ရွှေရောင်ဖြစ်နေပါသည်။

လက်စွပ်၏ မျက်နှာပြင်ပေါ်တွင် စာရေးသူ၏ အမြင်အရ **(ဟိန္ဒူစာ)များ** ဖြစ်နိုင်ပါသည်။

## အိပ်မက်ပေးသော ဤလက်စွပ်

ကျွန်ုပ်သည် လက်ဝတ်လက်စား ဝတ်ဆင်ခြင်းကို ဝါသနာပါသူ မဟုတ်ပါ။ ဤလက်စွပ်ကိုလည်း ဝတ်ဆင်ထားခြင်းမရှိဘဲ လုံခြုံသန့်ရှင်းသည့် နေရာတွင် သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ စိတ်ထဲတွင် ဤလက်စွပ်သည် ထူးခြားသော လက်စွပ်ဖြစ်ရမည်ဟု အကြိမ်ကြိမ် စဉ်းစားမိပါသည်။

**"နေဝင်မီးလက် စီးပွားတက်"** ဟူသော လူကြီးသူမများ၏ ဆိုဆုံးမမှုနှင့်အညီ ကျွန်ုပ်သည် နေ့စဉ် နေဝင်စအချိန်တွင် ဘုရားမီး ပူဇော်ခြင်း၊ ပန်းရေချမ်းကပ်လှူခြင်း စသည် ကောင်းမှုကုသိုလ်ပြု ဘုရားဝတ်တတ်ပါသည်။

တစ်နေ့တွင် ထုံးစံအတိုင်း ဘုရားရှိခိုးပြီး အိပ်ရာဝင်ချိန်တွင် လက်စွပ်အား ခေါင်းအုံးအောက်ထားပြီး အိပ်ခဲ့

www.burmeseclassic.com



ဓာတ်ပုံ(၂)

ရာ ထိုညတွင် ထူးခြားသော အိပ်မက်အား မြင်မက်ပါတော့သည်။

### အိပ်မက်ထဲမှ ပုဂ္ဂိုလ်ကြီး

အိပ်မက်ကား ငြိမ်သက်နေသော ပင်လယ်ရေပြင်ပေါ်တွင် ဖြူဖွေးသန့်စင်သော ငွေဖလားတစ်လုံး ရေပြင်ပေါ်တွင် ငြိမ်သက်စွာ ရှိနေပါသည်။ ယင်းငွေဖလားပေါ်တွင် မည်းနက်သော နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး ထူထဲသန့်စွမ်းသော မျက်ခုံးမွေးများနှင့် လောဘ၊ ဒေါသ၊ မောဟများ ကင်းစင်သည့် မျက်ဝန်းပိုင်ရှင် ပုဂ္ဂိုလ်သူတော်စင်၏မျက်နှာနှင့် ဦးခေါင်းပိုင်းသည် ပင်လယ်ရေပြင်ပေါ်တွင် ငြိမ်သက်စွာ တည်ရှိနေပါသည်။

အိပ်မက်ထဲတွင် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်သူတော်စင်ကြီးအား ထူးဆန်းအံ့သြစွာ ကြည့်နေပါသည်။

ထိုသူတော်စင်ကြီးမှလည်း ကျွန်ုပ်အား ကြည်လင်တောက်ပသော မျက်ဝန်းအစုံဖြင့် မမှိတ်မသုန် ကြည့်နေပါသည်။

ကျွန်ုပ်နှင့် သူတော်စင်ပုဂ္ဂိုလ်ကြီးတို့သည် တစ်ဦးနှင့် တစ်ဦး ကြည့်ရှုနေရုံမှတစ်ပါး တစ်စုံတစ်ရာ ပြောဆိုခြင်းများ မပြုရဘဲ အိပ်မက်မှ နိုးထခဲ့ပါသည်။

### ဒုတိယအကြိမ် အိပ်မက်ပေးခြင်း

ပထမ အိပ်မက်မြင်မက်ပြီးနောက် (၃)နှစ်ခန့်အကြာ ညတစ်ညတွင် ကျွန်ုပ်သည် ဂဏန်းတောင်းဆိုရန် အကြံဖြင့် ထုံးစံအတိုင်း ဘုရားရှိခိုးငါးပါးသီလခံ၍ လက်စွပ်အား ခေါင်းအုံးအောက်ထား အိပ်ပါသည်။

ထိုညတွင်လည်း ပထမအိပ်မက်ကဲ့သို့ ငြိမ်သက်နေသော ပင်လယ်ရေပြင်ကြီးပေါ်တွင် ငွေဖလားကြီးပေါ်၌ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်သည့် မျက်ဝန်းပိုင်ရှင် သူတော်စင်၏ မျက်နှာအား မြင်မက်ပြန်ပါသည်။

ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကြည့်နေကြရုံမှလွဲ၍ တစ်စုံတစ်ရာ ပြောဆိုကြခြင်းမရှိဘဲ အိပ်မက်မှ နိုးထခဲ့ပါသည်။

ကျွန်ုပ်သည် ညနေ နေဝင်စအချိန် ဘုရားရှိခိုးပြီးတိုင်း သုံးဆယ့်တစ်ဘုံအား အားလုံးကို အမျှပေးဝေပြီး သီးခြားအဖြစ် "**ကျွန်ုပ်၏ လက်စွပ်ကို စောင့်ကြပ်သော ဆရာသခင် ဆာဒူးကြီးအား လည်းကောင်း**" ဟူ၍ သီးခြား ရည်မှန်း အမျှအတန်းပေးဝေခဲ့ပါသည်။

ကျွန်ုပ်၏ အထင်အားပြောရလျှင် အိပ်မက်ထဲမှ သူတော်စင်ပုဂ္ဂိုလ်ကြီးသည် ဟိမဝန္တာတောင်မှ ဆာဒူးကြီးတစ်ပါးဟု ထင်မြင်ယူဆမိပါသည်။

*(စာရေးသူ)*

ကျွန်ုပ်၏ လက်စွပ်မျက်နှာပြင်ပေါ်တွင် ရေးသားထားသော စာများသည် ဟိန္ဒူစာလော (သို့မဟုတ်) အခြားစာလော မသိတတ်၍ စာများ၏ အဓိပ္ပါယ်

www.burmeseclassic.com

ကို ဘာသာပြန်နိုင်ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏ စိတ်ထဲတွင် မချင့်မရဲဖြစ်နေခဲ့ရပါသည်။

လွန်ခဲ့သော (၄)နှစ်ခန့်က ကျွန်ုပ်ဗိုလ်လေးနိုင်အောင်နှင့် တပ်ကြပ်ကြီးလှမောင်သိန်းတို့သည် ကျွန်ုပ်တို့မြို့နယ်တွင် သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာနှင့် ပြည့်စုံတော်မူသော **ဆည်သည်ရွာ ဆရာတော်ကြီး ဦးရာဇိန္ဒ**ထံ သွားရောက်ဖူးမြော်ပြီး လက်စွပ်အား ပြသလျှောက်ထားမေးမြန်းခဲ့ပါသည်။

ဆရာတော်ကြီးမှ လက်စွပ်အား ကိုင်တွယ်ကြည့်ရှုပြီး...

'ဒီလက်စွပ်က ပွင့်ပါးနဲ့လုပ်ထားတာ ဓာတ်သေပြီးဖြစ်လို့ သိပ်ကောင်းတယ်။ အမြဲဆောင်ထားပါ။ ပြီး အစွမ်းထက်အောင် ကျားနို့(သို့မဟုတ်) လူနို့ကို လုံထဲထည့် လက်စွပ်ထည့်ပြီး ဖြည်းဖြည်းချင်း မီးမှုန်းမှုန်းလေးနဲ့ ဖိုထိုးပေး ပိုကောင်းတယ်။ အစာကျွေးပေးတဲ့သဘောပေါ့'

ဟု မိန့်ကြားပါသည်။

ကျွန်ုပ်သိလိုသည်မှာ လက်စွပ်ပေါ်တွင် ရေးသားထားသော စာ၏အဓိပ္ပါယ်နှင့် သူတော်စင်ပုဂ္ဂိုလ်ကြီးအကြောင်း သိလို၍ မေးမြန်းပါသော်လည်း ဆရာတော်ကြီးမှ လက်စွပ်ပေါ်မှ စာ၏အဓိပ္ပါယ်အား လည်းကောင်း၊ သူတော်စင်ပုဂ္ဂိုလ်ကြီးအကြောင်းကို လည်းကောင်း တစ်စုံတစ်ရာ မိန့်ကြားခဲ့ခြင်းမရှိခဲ့ပါ။

သို့ပါသော်လည်း...

ဆရာတော်ကြီးမှ ကျွန်ုပ်အား ရှင်းလင်းမိန့်ကြားခဲ့သည်မှာ...

'အာ... ရေဆိုတာ အေးချမ်းခြင်းရဲ့နိမိတ် ဖလားဆိုတာ လုံခြုံခြင်းရဲ့ နိမိတ် ဦးခေါင်းဆိုတာ ခေါင်းဆောင်ခေါင်းရွက်ပြုခြင်း၊ ဦးဆောင်ခြင်း၊ စီမံခန့်ခွဲခြင်းရဲ့ နိမိတ်ဖြစ်တယ်။

ဆိုလိုတာက ဒီလက်စွပ်သည် တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ထိုက်တန်တဲ့ပစ္စည်းဖြစ်တယ်။

ထိုလူတို့အသုံးပြုပါက မိမိတို့ရဲ့တိုင်းပြည်ကို အေးအေးချမ်းချမ်း လုံလုံခြုံခြုံနဲ့ အုပ်ချုပ်နိုင်မယ်'

ဟု မိန့်ကြားခဲ့ပါသည်။

ကျွန်ုပ်သည် အင်္ဂလိပ်သမားမဟုတ်၍ ဓာတ်အကြောင်း လုံးဝသိရှိခြင်းမရှိပါဟု ရိုးသားစွာ ဝန်ခံပါသည်။

ကျွန်ုပ်၏ လက်စွပ်ကဲ့သို့ ဓာတ်သေပြီးသော ပစ္စည်း၊ ဓာတ်လုံး အစရှိသည်တို့သည် မည်သို့အစွမ်းသတ္တိရှိပါသနည်း၊ မည်သို့အသုံးပြုရပါမည်နည်း။

**အင်္ဂလိပ်ပညာရှင်ကြီးများ၊ သိနားလည်သူများ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖြေကြားပေးစေလိုကြောင်း** မေတ္တာရပ်ခံအပ်ပါသည်။

**ကိုသိန်းလွင်ဟိန်း(ပန်းသခင်)**
**စဉ့်ကူး**


စာမျက်နှာ (၁၈၀)မှ အဆက်

**လက္ခဏာပဒေသာ၌ အဖြေများ**

**၁။ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ "ကြယ်ပွင့်"မင်္ဂလာအမြဲအရံ သင်္ကေတရှိပါသည်။**

ထိုမင်္ဂလာအမြဲအရံကြောင့်လက္ခဏာရှင်၏ အခြေအနေ အဆင့်အတန်းရုတ်တရက် မယုံနိုင်လောက်အောင် တိုးတက်မြင့်မားခြင်း...

စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး စသည့် အဖွဲ့အစည်းမျိုးတွင် ထိပ်တန်းပုဂ္ဂိုလ်တို့နှင့် ယှဉ်တွဲလုပ်ကိုင်ဆက်ဆံနေထိုင်ရခြင်း၊ ပညာရဲရင့် ခွဲလယ်တင့်သူဖြစ်ခြင်း ဆိုသောအကျိုးထူး ရရှိစေနိုင်သည်။




**၂။ ဦးခေါင်းလမ်းကြောင်း' အဆုံးလက်ဖဝါးစောင်းမှာ "ကြာဖူး" မင်္ဂလာအမြဲအရံသင်္ကေတ ရှိပါသည်။**

ထိုမင်္ဂလာအမြဲအရံကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်း၊ သင်လွယ်တတ်လွယ်ခြင်း၊ လက်တွေ့လုပ်ကိုင်စွမ်းဆောင်ရည် မြင့်မားခြင်း...

ပညာရေးကြောင့်ဖြစ်စေ၊ အလုပ်အကိုင်ကြောင့် ဖြစ်စေ၊ မင်းအစိုးရတို့ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးများ ရရှိခြင်း၊ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားခြင်း အကျိုးထူးများ ရရှိနိုင်ပါသည်။




**၃။ လက်မ၏ ပထမဆစ်နှင့် ဒုတိယဆစ်ကြားအလယ်တွင် "ဆန်စေ့" မင်္ဂလာအမြဲအရံသင်္ကေတ ရှိပါသည်။**

ထိုမင်္ဂလာအမြဲအရံကြောင့် ဂုဏ်သိက္ခာမြင့်မားခြင်း၊ သားသမီး မြေးမြစ်အခြွေအရံပေါများခြင်း၊ ငွေကြေးစီးပွားဥစ္စာ လွယ်ကူစွာ ရှာဖွေရရှိခြင်း၊ စားကောင်းသောက်ဖွယ်များ ပေါများအလျှံပယ်စွာ စားသောက်ရခြင်းဆိုသော အကျိုးထူးများ ရရှိနိုင်ပါသည်။




*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပအေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ **ရန်ကုန်မြို့မှ ဗမာအမျိုးသမီးတစ်ဦးဖြစ်ပါသည်။**

လက်ဖဝါးနှင့် လက်ချောင်းများကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှသာ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ မည်သည့်မင်္ဂလာအခြံအရံ သင်္ကေတရှိ၍ ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့် အကျိုးခံစားရနိုင်ပါသလဲ။

၂။ ဦးခေါင်းလမ်းကြောင်းအဆုံး လက်ဖဝါးစောင်းမှာ မည်သည့် မင်္ဂလာအခြံအရံ သင်္ကေတရှိ၍ ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့်အကျိုးရနိုင်ပါသလဲ။

၃။ လက်မ၏ ပထမဆစ်နှင့် ဒုတိယဆစ်ကြား အလယ်တွင် မည်သည့် မင်္ဂလာအခြံအရံ သင်္ကေတရှိ၍ ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့်အကျိုး ရှိနိုင်ပါသလဲ။

မိမိတို့၏အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိ အဖြေနှင့် တိုက်ဆိုင်ညှိနှိုင်း ကြည့်ကြစေချင်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၇၉ )တွင်
ကြည့်ရှုပါရန်။





www.burmeseclassic.com

www.burmeseclassic.com





# နို့ညှပ်ကို ကာကွယ်နည်း

ဦးတင်မြအေး (တိုင်းရင်းဆေး)

အထက် အကြောင်းအရာသည် အမှတ်မထင် လူတော်တော်များများ ကြုံတွေ့နေရသော ဒုက္ခပြဿနာတစ်ခု ဖြစ်ပါသည်။ ထိုကိစ္စကို စာရေးသူ ကိုယ်တိုင်ကြုံတွေ့ခဲ့သော ဖြစ်ရပ်မှန် ဖြစ်ပါသည်။

**မိမိနေသော အိမ်ခြံဝင်း မြေကွက်ပေါ်တွင် ရပ်တည်၍ သားအမိ သားအဖ ဆွေမျိုး ညီအစ်ကိုမောင်နှမတို့ ညှပ်၍နေရသော အိမ်ကြီးကို နို့ညှပ်ဟုခေါ်ကြပါ သည်။**

ကျွန်တော်သည် ၁၉၉၆ ခုနှစ်ခန့်က ကျွန်တော့်အိမ်၏ ခေါင်းရင်းအိမ်တွင် အမဖြစ်သူနေထိုင်ပြီး ခြေရင်းဘက်တွင် မောင်ဖြစ်သူ နေထိုင်ကြပါသည်။ သူတစ်ပါးအကျိုးစီးပွား ယုတ်လျော့အောင်နေထိုင်ခြင်း မဟုတ်သည်ကို လေ့လာသိရှိရပါသည်။

သို့သော်လည်း ကျွန်တော်နှင့် ကျွန်တော့်မိသားစုတွင် နေ့စဉ်လိုလို တစ်ခုမဟုတ်တစ်ခု ပြဿနာခဏခဏ တက်နေပါသည်။

ကျွန်တော်သည် ကြမ်းတမ်းယုတ်မာသော အလုပ်အပြောအဆိုတို့ကို ရှောင်ပြီး အနန္တငါးပါးကို နေ့စဉ်ရှိခိုး၍ ကုသိုလ်များကို မေတ္တာပို့ ဆုတောင်းခြင်းကို နေ့စဉ် လုပ်ဆောင်ပါသော်လည်း ပြဿနာက ဖြစ်ပဲဖြစ်နေပါ၍ အချိန်ယူ စဉ်းစားဆင်ခြင်ရာ နို့ညှပ်ဖြစ်နေကြောင်း တွေ့ရပါသည်။

တန်ပြန်သော နည်းလမ်းများစွာ ရှိသော်လည်း တစ်ဖက်ကို ထိခိုက်နစ်နာသွားမှာ အလွန်စိုးရိမ်ပါသဖြင့် အချိန်ယူစဉ်းစား နှစ်ဦးနှစ်ဖက် မထိခိုက်သော နည်းပညာဖြင့် ကာကွယ်သမှု ပြုလိုက်သောအခါ သိသိသာသာ အခြေအနေတွေ မထင်လောက်အောင် တိုးတက်လာသည်ကို လက်တွေ့ခံစားရပါသည်။

ဤနည်းပညာကို **ထွက်ရပ် အထုပ် တစ်ရာ ဆရာတော်ကြီး၏နည်းပညာ** ဟု သိရပါသည်၊ အကယ်၍ လူကြီးမင်းတို့ ဆွေမျိုးမိသားစု၊ မိတ်ဆွေများ ကြုံတွေ့နေကြသည် ဆိုပါလျှင် အောက်ပါအတိုင်း ဆောင်ရွက်ပါ လက်တွေ့ကောင်းကျိုး ဖြစ်စေပါသည်။

မိမိအိမ်ခေါင်းရင်ဘက် အိမ်ချင်း သိပ်ကပ်ကျပ်တည်းနေပါက အိမ်ရှေ့ခေါင်းရင်းဘက်တွင် စွယ်တော်ပင် အပေါက် ခပ်သန့်သန့်တစ်ပင်စိုက်ပါ။ အိမ်ရှေ့ခြေရင်းဘက်တွင်လည်း ထိုနည်းတူ စွယ်တော်ပင်စိုက်ပါ။ မိတ်ဖက် ကက်ကင်းရိုက်ခြင်း ဖြစ်ပါသည်။ နေ့ချင်းညချင်း စီးပွားဖြစ် အန္တရာယ်ကင်းပါသည်။

* * *

(၇) နို့ ညှပ် (၇)

(၃) စွယ် တော် (၇)

'တစ်လခန့်ကြာသောအခါ နို့ညှပ်နေသောခေါင်းရင်း အိမ်ရှင်သည် အခြားတစ်နေရာမှ အိမ်ခြံတစ်ခုအား သိန်းရာနှင့်ချီ၍ ဝယ်ယူနိုင်ခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့ တွေ့ရပါသည်။ ကျွန်တော်လည်း စီးပွားတိုးတက်အရောင်းအဝယ်ကောင်း ပြုသနာကင်းသွားပါသည်။

**မှတ်ချက်။** ■ စွယ်တော်ပင်ကြီး၏အောက်မှ စွယ်တော်ပင်ငယ်နှစ်ပင်ကို ရက္ခစိုးနတ်ထံတွင်တောင်းယူပါ။ စိတ်ကောင်းထားပါ။ သေချာစွာ ယုံယုံကြည်ကြည်ဖြင့်စိုက်ပါ။ စွယ်တော်ပင်သည် လူတစ်ရပ်ခန့် ရှင်သန်ကြီးထွားပြီး အပွင့်ကလေးများ ပွင့်လာပါသည်။

ထို နှီးညှပ်မိသားစုပြောင်းသွားသောအခါ တစ်ပတ်အတွင်း စွယ်တော်ပင်သည် လူတစ်ရပ်ခန့် ရှင်သန်ကြီးထွားပြီး အပွင့်ကလေးများ ပွင့်လာပါသည်။

ထို နှီးညှပ်မိသားစုပြောင်းသွားသောအခါ တစ်ပတ်အတွင်း စွယ်တော်ပင်သည် အလိုလို သေသွားပါသည်။

ထိုအိမ်ရှင်တို့သည် စီးပွားရေးကောင်းပြီး (၁၀)ဘီးကားကြီးတစ်စီးဝယ်၊ အိမ်ခြံဝယ်ဖြင့် ကြီးပွားသွားသည်ကို တွေ့ရပါသည်။

ကျွန်တော့်ဆန္ဒသည် မိမိပြုလုပ်သည့်ကြောင့် တစ်ပါးသူကို လုံးဝမထိခိုက်စေလိုပါ စိတ်ဆန္ဒအတိုင်းဖြစ်ခဲ့ရပါသည်။ နှီးညှပ်ကို ကက်ကင်းစာတ်ရိုက်ခြင်းဖြင့် စိတ်ကောင်းကောင်းထား၍ ကာကွယ်ပါ။ ယခုအထိ ဘာမှမဖြစ်တော့ပါ စွယ်တော်ပင်မှာရှိမည်ထင်သည့် ရက္ခစိုးနတ်ကိုလည်း မေတ္တာပို့ပါ အမျှဝေပါ။

***သဗ္ဗေသတ္တာ သတ္တဝါအပေါင်း၊***
***ကိုယ်စိတ်နှစ်ပါး၊***
***ချမ်းသာကျန်းမာကြပါစေ...။***

**ဦးတင်အေး** ***(တိုင်းရင်းဆေး)***

# ဂမုန်းတိမ်ပြာနှင့်

## သူ၏ဆေးအသုံး



အပင်၏ အသွင်သဏ္ဍာန်မှာ **နနွင်းပင်နှင့်တူ၍ အစိမ်းရောင်ရွက်ဖားကြီးများဖြင့်** တစ်ပေခန့်မှ သုံးပေထိ မြင့်မားစွာ ပေါက်ရောက်တတ်ပါသည်။

ပင်ခြေမြေကြီးအတွင်း၌ **နနွင်းတက်,ချင်းတက်များကဲ့သို့ ဥများတပြုံတမ ဥတတ်ပါသည်။**

**ဥကို ချိုးကြည့်ပါက အလယ်တွင် နီးတိမ်ပြာအရောင်တွေ့ရ၍ ဂမုန်းတိမ်ပြာဟုခေါ်ဆိုခြင်းဖြစ်ဟန် တူပါသည်။**

**ကချင်ပြည်နယ်၊ ဖန်းမောက်ခရိုင်အတွင်း တောတောင် လျှိုမြောင် စိမ့်စမ်းများအနီးတွင်** အုပ်စုလိုက်ပေါက်ရောက်၍ အမြောက်အမြား ရှာဖွေရရှိနိုင်ပါသည်။

**ဆေးဝါးအဖြစ် အသုံးဝင်ပုံမှာ** အရိုးကျိုး၊ ခြေဆစ်လက်ဆစ်လွဲ၊ ဒူးနာ၊ ခါးကိုက်၊ အသားကြေခြင်း ဝေဒနာများအတွက် ထုထောင်းကြိတ်ခြေ၍ ဒဏ်ရာပေါ်အုံ၍ပေးပါက ဝေဒနာ ပျောက်ကင်းစေနိုင်ပါသည်။

**အပူဝမ်းများ မရပ်မနား သွား၍ ဆေးအခက်တွေ့နေပါက** ဆန်ဆေးရည်နှင့် ဂမုန်းတိမ်ပြာဥအား ပျစ်ပျစ်ကလေးသွေးပါ။ ပြီးနောက် ထိုဆေးရည်အား တစ်နေ့(၃)ကြိမ်လောက် သောက်ပေးခြင်းဖြင့် ဝမ်းပိတ်သွားပါလိမ့်မည်။

**မျက်စိနာ ဖြစ်ပွားပါကလည်း** ဂမုန်းတိမ်ပြာအား ရေအေးဖြင့်သွေး၍မျက်စိတွင် ကွင်းပေးပါက မျက်စိအား အေးလာစေပြီး တဖြည်းဖြည်း တစ်ကြိမ်ထက်တစ်ကြိမ် မျက်စိဖြူဖွေးလာ၍ ဝေဒနာ ပျောက်ကင်းသွားသည်ကို ထူးခြားစွာတွေ့မြင်ရမည် ဖြစ်ပါသည်။

အချို့ဒေသတွင် ဂမုန်းတိမ်ပြာအား အပင်နှင့်အရွက် **အလယ်ကြောမှာနီညိုရောင်ပါရှိ၍ ဂမုန်းကြက်သွေး**ဟု ခေါ်ဆိုတတ်ကြောင်း သိရှိရပါသည်။

အိမ်ခြံဝင်းများအတွင်း အလွယ်တကူ စိုက်ပျိုးနိုင်သည့် ဤဆေးမြီးတို ဆေးဖက်ဝင် အပင်ကလေးအား စိုက်ပျိုးကြ၍ လိုအပ်သူများအား အကူအညီပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဂန္ဓီရမောင်စိမ်း** ***(ဖန်းမော်)*** **လက္ခဏာဗေဒ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁)ရက် မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းမြသည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ။ စီးပွားရေးလုပ်ငန်းတွင် ရုတ်တရက် ငွေကြေးအခက်အခဲ ဖြစ်ပေါ်တတ်သည်။ ရှယ်ယာရှင်များ မကျေမနပ်ဖြစ်ကြမည်။ ရွှေလုပ်ငန်း၊ ရွှေဆိုင်လုပ်ငန်းရှင်များ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ အထက်လူကြီးများ၏ ကြည့်ရှုမှု၊ လုပ်ဖော်ကိုင်ဖက်များ၏ အားပေးကူညီမှုကြောင့် လုပ်ငန်းပိုင်းဆိုင်ရာတွင် တိုးတက်မည်။ ရာထူးတိုးမြှင့်ခံရမည်။

**အိမ်ထောင်ရေး** ။ ။ အိမ်ထောင်ဖက်အတွက် စိုးရိမ်ပူပန်ရမည်။ ဆွေမျိုးများ၊ ညီအစ်ကိုမောင်နှမများ၏ အကူအညီ ရရှိမည်။ သားသမီးများ၏ ကြီးပွားရေး၊ စီးပွားရေး ကောင်းမည်။

**အချစ်ရေး** ။ ။ ချစ်သူ၏ အထင်အမြင် လွဲမှားမှုကို ခံရတတ်သည်။ အနေအထိုင် အပြုအမူ အပြောအဆိုကို ဆင်ခြင်ပြင်ဆင်လိုက်လျှင် အဆင်ပြေသွားလိမ့်မည်။

**ပညာရေး** ။ ။ ပညာရေး ကံတက်နေသောကာလဖြစ်၍ ပညာရေးတွင် ကြိုးစားသည်ထက် ပို၍အောင်မြင်မည်။ မသင်ကြားရသေးသော ပညာရပ်များပင် သင်ယူခွင့် ရလိမ့်မည်။

**ကျန်းမာရေး** ။ ။ သွေးတိုးဝေဒနာ ရုတ်တရက် ဖြစ်ပေါ်လာတတ်သည်။ အစားအသောက် ဆင်ခြင်ပါ။

**ကောင်းသောရက်များ** ။ ။ ၁, ၂, ၄, ၅, ၈, ၁၀, ၁၄, ၁၉, ၂၃, ၂၉, ၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၃, ၆, ၉, ၁၅, ၂၀, ၂၄, ၂၈, ၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၁, ၅, ၁၀, ၂၃, ၂၅, ၂၆, ၂၇, ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၁, ၄, ၇, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ယတြာ** ။ ။ ချိုတဲ့သော စာသင်တိုက်တစ်တိုက်သို့ ဆန်,ဆီ, ဆေး, ငွေကြေး တတ်နိုင်သမျှ လှူဒါန်းပါ။

## တနင်္လာ

**စီးပွားရေး** ။ ။ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ခွင့် ကြုံရလိမ့်မည်။ အစုရှယ်ယာများ ပိုမိုဝင်ရောက်လာမည်။

**ဝန်ထမ်းရေးရာ** ။ ။ ဌာနတွင်း/အလုပ်တွင်း ပြဿနာများတွင် ဝင်မပါနှင့်။ လေလာသုံးသပ် ဆုံးဖြတ်နိုင်ပါစေ။ ပြဿနာများတွင် ပါလျှင် အလုပ်ထိခိုက်ခံရတတ်သည်။

**အိမ်ထောင်ရေး** ။ ။ အိမ်ထောင်ဖက် ကျန်းမာရေးကောင်း၍ ငွေရေးကြေးရေး အဆင်ပြေမည်။ သားသမီးများကလည်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ ကောင်းမည်။

**အချစ်ရေး** ။ ။ ချစ်သူ၏ အထင်လွဲမှုကို ခံရတတ်သည်။ မိမိက ဖြောင့်မှန်သော်လည်း မနာလိုသူများ၏ စကားကြောင့် အထင်လွဲမှားမှုကို ခံရခြင်းဖြစ်သည်။

**ပညာရေး** ။ ။ စိတ်မလေပါနှင့်။ ပညာရေးတွင် စိတ်ဝင်စားပါ။ အဆင့်မြင့်ပညာရပ်များ သင်ယူခွင့်ကြုံလိမ့်မည်။ နိုင်ငံခြားတွင် ပညာသင်ခွင့်ကြုံမည်။

**ကျန်းမာရေး** ။ ။ ခြေချော်လဲ၍ ခြေဆစ်နာတတ်သည်။ စိုးရိမ်ရန် မရှိ။ ဒဏ်ကြေဆေးတစ်ခုခု လိမ်း၍ ခြေထောက်ကို အနားပေးလျှင် သက်သာ ပျောက်ကင်းသွားလိမ့်မည်။

**ကောင်းသောရက်များ** ။ ။ ၂, ၃, ၅, ၇, ၁၂, ၁၆, ၂၃, ၂၇, ၂၉, ၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၁, ၄, ၆, ၁၀, ၁၁, ၂၄, ၂၈, ၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၂, ၅, ၉, ၁၂, ၁၃, ၁၄, ၁၅, ၂၂, ၂၆, ၂၉, ၃၁။



**ထီထိုးရန်ဂဏန်းများ** ။ ။ ၂, ၅, ၇, ၀ ဂဏန်း များများ ပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ယတြာ** ။ ။ ဘုန်းတော်ကြီးတစ်ပါးပါးအား သရက်သီးမှည့် သုံးလုံး လှူပါ။

## အင်္ဂါ



**စီးပွားရေး** ။ ။ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများမှ ငွေပေါ်မည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံခြားသားများနှင့် ပူးပေါင်းလုပ်ကိုင်ခွင့် ရလိမ့်မည်။ ငွေကြေးများများဝင်မည်။



**ဝန်ထမ်းရေးရာ** ။ ။ အလုပ်နှင့် ပတ်သက်၍ ကောင်းသတင်းထွက်မည်။ လုပ်ငန်းသစ်များ၊ တာဝန်သစ်များ ပေးအပ်ခြင်း ခံရလိမ့်မည်။ အထက်လူကြီးများ၏ ချီးမြှင့်မှုကို ခံရလိမ့်မည်။

**အိမ်ထောင်ရေး** ။ ။ မိသားတစ်စု ပြဿနာမရှိ သာယာချမ်းမြေ့မှု ရရှိနေသော်လည်း နှစ်ဖက်ဆွေမျိုးများ၏ အလိုက်မသိမှု တစ်ဖက်သတ် ဆက်ဆံမှုကြောင့် စိတ်ညစ်စရာများနှင့် ကြုံတွေ့ရမည်။



**အချစ်ရေး** ။ ။ ဥစ္စာပေါ ရုပ်ချော သဘောကောင်းသူနှင့် ဖူးစာဖက်ရလိမ့်မည်။ ချစ်သူရှိနေသူများ နောက်ထပ် ချစ်သူတစ်ယောက် ထပ်ရတတ်သည်။



**ပညာရေး** ။ ။ ပညာရေးတွင် အချစ်ရေး ဝင်နှောင့်၍ ပညာရေးပျက်ကိန်းရှိသည်။ ချစ်လည်းချစ်ပါ။ ပညာရေးကိုတော့ မပစ်ပယ်ပါနှင့်။

**ကျန်းမာရေး** ။ ။ ကျန်းမာရေး ကောင်းမွန်နေရာမှ အအေးမိပြီး ဖျားတတ်သောကြောင့် နွေးနွေးထွေးထွေးနေပါ။

**ကောင်းသောရက်များ** ။ ။ ၁, ၂, ၆, ၇, ၁၂, ၁၈, ၂၄, ၂၈, ၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၃, ၅, ၈, ၁၀, ၁၉, ၂၅, ၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၄, ၆, ၉, ၁၁, ၁၃, ၁၆, ၁၇, ၂၀, ၂၃, ၂၆, ၂၈, ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၂, ၄, ၆, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ယတြာ** ။ ။ တနင်္ဂနွေကြီးဘုရားတစ်ဆူဆူ၏ မြောက်တက် (၆-ကြာထောင့်)တွင် ရေသပ္ပါယ်၍ ဖယောင်းတိုင်(၈)တိုင်ဖြင့် မီးပူဇော်ပေးပါ။ ဖော်ပီး(၈)ခက် ဘုရားတွင် ဆက်ကပ်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။ စီးပွားရေးလုပ်ငန်းတွင် အပြိုင်အဆိုင်များ ပေါ်လာမည်။ မိမိက အေးအေးသက်သာနေ၍ မရ။ ပြိုင်ဘက်ကို လဲပြိုအောင် နည်းဗျူဟာများ ရှာရမည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းတွင် ဂုဏ်သိက္ခာ ပြန်လည်တက်လာမည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်လျှင် မအောင်မြင်စရာ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com





**အိမ်တွင်းရေး** ။ ။ မိသားတစ်စု ဘုရားခရီး(သို့မဟုတ်) အပျော်ခရီး ထွက်ရကိန်းရှိနေသည်။ သားသမီးထဲက အလုပ်ဆိုင်ရာ အင်တာဗျူး ဖြေရလိမ့်မည်။ အောင်မြင်မှုရမည်။

**အချစ်ရေး** ။ ။ မိမိ၏ အပြုအမူ အနေအထိုင် အပြောအဆိုကြောင့် ချစ်သူ၏ အထင်အမြင် လွဲမှားမှုကို ခံရလိမ့်မည်။ ရိုးရိုးသားသား ဖြေရှင်းပြပါ။

**ပညာရေး** ။ ။နည်းနည်း ကြိုးစားလိုက်ရုံဖြင့် များများကြီး အောင်မြင်မည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ခွင့်ရလိမ့်မည်။

**ကျန်းမာရေး** ။ ။ အအေးမိ နှာစေး ချောင်းဆိုး အပယိက ဝေဒနာများကို ခံစားရလိမ့်မည်။ ခြေအအေးမခံပါနှင့်။

**သောင်ရန်ရက်များ** ။ ။ ၁,၃,၅,၈,၁၁,၁၃,၁၅,၁၈,၂၁,၂၃,၂၅,၂၈,၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၂,၄,၆,၉,၁၄,၁၆,၁၉,၂၂,၂၄,၂၆,၂၉။

**ထီထိုးရန်ရက်များ** ။ ။ ၃,၇,၁၀,၁၃,၁၅.၁၇,၂၀,၂၃,၂၅.၂၇,၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၃,၅,၇,၈** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အသောင်သကြော** ။ ။ အဘိုးအရွယ်၊ အဘွားအရွယ် (၄)ဦးအား ဆေးဝါး အာဟာရ ငွေကြေးလှူဒါန်းပေးပါ။

## ကြာသပတေး

**စီးပွားရေး** ။ ။ လုပ်ငန်းတွင် ငွေရေးကြေးရေးပြဿနာ ရုတ်တရက် ပေါ်လာတတ်သော်လည်း ကူညီမည့်သူ ပေါ်လာ၍ ပြဿနာများ အေးငြိမ်းသွားမည်။ မထင်မှတ်သော လုပ်ငန်းမှ ငွေဝင်မည်။

**ဝန်ထမ်းရေးရာ** ။ ။ အဆက်အသွယ် အထောက်အပံ့တို့ကြောင့် ရာထူးတက်ကိန်းရှိသည်။ သူများ မျက်စိနောက်အောင် မလုပ်ပါနှင့်။ ကျေးဇူးရှင်များကို မမေ့ပါနှင့်။ ကျေးဇူးဆပ်ဖြစ်အောင် ဆပ်ပါ။

**အိမ်တွင်းရေး** ။ ။ ငွေကြေးနှင့် ပတ်သက်၍ အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေဖြစ်မည်။ အသုံးနှင့်အဖြုန်းကို သိပါ။ မိမိကလွန်လျှင် မိမိက လျှော့ပေးလျှင် အားလုံး အဆင်ပြေသွားမည်။

**အချစ်ရေး** ။ ။မိမိ၏ ဖော်ရွေပျူငှာ ဆက်ဆံရေးကြောင့် ချစ်သူ၏ အထင်အမြင် လွဲမှားမှုကို ခံရတတ်သည်။ အနေအထိုင် ဆင်ခြင်လိုက်လျှင် အားလုံး အဆင်ပြေသွားပါလိမ့်မည်။

**ပညာရေး** ။ ။နိုင်ငံခြားတွင် ပညာသင်ကြားလိုပါက စီစဉ်ဆောင်ရွက်ပါ။ ပညာရေးနှင့် နိုင်ငံခြားခရီး အခြေအနေကောင်းသည်။

**ကျန်းမာရေး** ။ ။ ဝမ်းဗိုက်နာကျင် အောင့်သောဝေဒနာကို ခံစားရသော်လည်း ခေတ္တခဏမျှသာ လေချုပ်စာများ လုံးဝ မစားပါနှင့်။

**သောင်ရန်ရက်များ** ။ ။ ၃,၅,၇,၁၀,၁၄,၁၈,၂၁,၂၄,၂၆,၂၉,၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၄,၆,၈,၁၁,၁၅,၁၉,၂၂,၂၅,၂၇,၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၂,၇,၉,၁၂,၁၃,၁၆,၁၇,၂၀,၂၃,၂၆,၂၈,၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၂,၃,၅,၉** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အသောင်သကြော** ။ ။ မိမိအိမ်ရှိ ဘုရားအား ပန်းသီး(၅)စိတ် ကပ်လှူပါ။ မေမြို့ပန်း(၅)ပွင့် ကပ်လှူပါ။

## သောကြာ

**စီးပွားရေး** ။ ။ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မည်။ ရင်းနှီးမြှုပ်နှံထားသော ပစ္စည်းများ ရောင်းအားကောင်းမည်။ ငွေကြေးစုဆောင်းမိမည်။ အရံစီးပွားရေးလုပ်ငန်းတစ်ခု ထူထောင် ဖြစ်မည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းတွင် အဆင်ပြေမည်။ မိမိ၏ ကြိုးစားမှုကိုသက်ဆိုင်ရာ လူကြီးများက အသိအမှတ်ပြုလိမ့်မည်။ လုပ်ငန်းသစ် တာဝန်သစ်များ ပေးအပ်လိမ့်မည်။

**အိမ်တွင်းရေး** ။ ။ အလိုက်မသိသော ဆွေမျိုးများ လာရောက်တည်းခိုနေထိုင်မှုကြောင့် ငွေကုန်ကြေးကျများမည်။ စိတ်ညစ်ရမည်။

**အချစ်ရေး** ။ ။ ချစ်သူ၏ အထင်အမြင်လွဲမှုကို စိတ်ရှည်သည်းခံပြီး ရှင်းပြပါ။ မတင်းပါနှင့်။ ပြဿနာ ပိုကြီးသွားလိမ့်မည်။

**ပညာရေး** ။ ။အချစ်ရေးတွင် စိတ်ရှုပ်စရာ စိတ်ညစ်စရာများ ပေါ်လာ၍ ပညာရေးကို ထိခိုက်တတ်သည်။

**ကျန်းမာရေး** ။ ။လေထိုးလေအောင့်ရောဂါ ဖြစ်တတ်သည်။ လေပွစာများကို ရှောင်ပါ။

**သောင်ရန်ရက်များ** ။ ။ ၁,၄,၆,၉,၁၂,၁၅,၁၈,၂၁,၂၃,၂၆,၂၉,၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၂,၅,၇,၁၀,၁၃,၁၆,၁၉,၂၂,၂၄,၂၇,၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၃,၆,၈,၁၁,၁၄,၁၇,၂၀,၂၃,၂၅,၂၈,၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၁,၃,၈,၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အသောင်သကြော** ။ ။ သက်တော် ဝါတော်ကြီးသော ရဟန်းအိုကြီးများကို ဆေးဝါး,အစားအသောက်,ငွေကြေး တတ်နိုင်သမျှ လှူဒါန်းပေးပါ။

## စနေ

**စီးပွားရေး** ။ ။ အပြိုင်အဆိုင် များသော်လည်း စိတ်မပျက်ပါနှင့်။ မိမိ၏ လုပ်ရည်ကိုင်ရည်ကြောင့် ယှဉ်ပြိုင်ဘက်များကို ကျော်လွှားသွားနိုင်ပါလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ ။ ခဲရာခဲဆစ် အလုပ်များကို တာဝန်ပေးလေ မိမိအရည်အချင်းကို ပြခွင့်ရလေဟု မှတ်ပါ။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်ဖက်ကြောင့် ငွေအဝင်များမည်။ အိမ်ထောင်ဖက်၏ လုပ်ငန်းစီးပွား အောင်မြင်၍ မိသားစုအတွင်း အစစအရာရာ အဆင်ပြေ အေးချမ်းသာယာမည်။

**အချစ်ရေး** ။ ။အချစ်ရေး စန်းပွင့်သောကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူကောင်းရရှိမည်။ ချစ်သူရှိပြီးသူများ ချစ်သူအသစ် ထပ်တွေ့တတ်၍ ဆင်ခြင်ပါ။

**ပညာရေး** ။ ။အချစ်ရေးလှည့်ကြောတွင် မျောမနေဘဲ ပညာရေးကို ဂရုစိုက်လိုက်ပါဦး။ အချစ်တွင် မရူးပါနှင့်။

**ကျန်းမာရေး** ။ ။ သွေးတိုးရောဂါအခံရှိလျှင် အစားအသောက် အအိပ်အနေ ဆင်ခြင်ပါ။ ရောဂါပြန်ထတတ်သည်။

**သောင်ရန်ရက်များ** ။ ။ ၃,၅,၉,၁၂,၁၇,၂၀,၂၃,၂၅,၂၇,၂၉,၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၄,၆,၁၀,၁၃,၁၈,၂၁,၂၄,၂၆,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၂,၅,၇,၈,၁၁,၁၄,၁၅,၁၆,၁၉,၂၂,၂၅,၂၉,၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၂,၃,၅,၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အသောင်သကြော** ။ ။ ဘုန်းတော်ကြီးကျောင်းတွင် သောက်ရေ လှူဒါန်းပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**

www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်တော်ကွန်ချာ

# မှတ်းဝိပ်နည်းတစ်နည်း

ရွှေလွန်းဦး (ရေကြည်)



အရဟံဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ အရဟံ၊
၂။ အရဟံ ဝတ သော ဘဂဝါ၊
၃။ အရဟန္တံ သရဏံ ဂစ္ဆာမိ
၄။ အရဟန္တံ သိရသာ နမာမိ
၅။ အရဟံ မေ သုခံ ဒေတု၊
၆။ အရဟံ ဇယံ ဒေတု၊
၇။ အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ အရဟံ မေ ဝရံ ဒေတု၊
၉။ အရဟံ မေ သီသေ တိဋ္ဌတု။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဣတိပိ** | = အိတိပိ |
| **ဂစ္ဆာမိ** | = ဂစ်ဆာမိ |
| **မေသိဒ္ဓိကမ္မံ** | = မေသိတ်ဓိကမ်မံ |
| **တိဋ္ဌတု** | = တိတ်ထတု |

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဤသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ **အရဟံ** – အရဟာမည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **အရဟံ ဝတ** – ပူဇော်အထူးကို ခံတော်မူထိုက်ပါပေစွတကား၊

၃။ **အရဟန္တံ**–ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **အရဟန္တံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **အရဟံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **အရဟံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ** – အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **အရဟံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **အရဟံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **အရဟံ** – ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
၂။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
၃။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
၄။ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ
၅။ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု၊
၆။ သမ္မာသမ္ဗုဒ္ဓေါ မေ ဇယံ ဒေတု၊
၇။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ သမ္မာသမ္ဗုဒ္ဓေါ မေ ဝရံ ဒေတု၊
၉။ သမ္မာသမ္ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သမ္မာသမ္ဗုဒ္ဓေါ** | =သမ်မာသမ်ဗုတ်ဓေါ |
| **သမ္ဗုဒ္ဓံ** | =သမ်ဗုတ်ဓံ |
| **သိဒ္ဓိ** | =သိတ်ဓိ |
| **ဓမ္မံ** | =ဓမ်မံ |

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ** – ဤသို့ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူပါပေသော အကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **သမ္မာသမ္ဗုဒ္ဓေါ ဝတ**– သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေစွတကား။

www.burmeseclassic.com

၃။ **သမ္မာသမ္ဗုဒ္ဓံ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **သမ္မာသမ္ဗုဒ္ဓံ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**– ရှိခိုးပါ၏။

၅။ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**– ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**– အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု** – ပေးတော်မူပါစေသတည်း။

၈။ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**– မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **သမ္မာသမ္ဗုဒ္ဓေါ** – သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**– ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

---

ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်

---

၁။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
၂။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ၊
၃။ ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ
၄။ ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ
၅။ ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံ ဒေတု၊
၆။ ဝိဇ္ဇာစရဏသမ္ပန္နော မေ ဇယံ ဒေတု၊
၇။ ဝိဇ္ဇာစရဏသမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ ဝိဇ္ဇာစရဏသမ္ပန္နော မေ ဝရံ ဒေတု၊
၉။ ဝိဇ္ဇာစရဏသမ္ပန္နော မေ သီသေ တိဋ္ဌတု။

ခက်ခဲသော ပါဠိအသံထွက်

**ဝိဇ္ဇာစရဏ** = ဝိတ်ဇာစရဏ
**သမ္ပန္နော** = သမ်ပန်နော
**သမ္ပန္နံ** = သမ်ပန်နံ

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ** – ဤသို့ အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဝိဇ္ဇာစရဏသမ္ပန္နော ဝတ** – ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေစွတကား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နံ** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **ဝိဇ္ဇာစရဏသမ္ပန္နံ** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား **ဝရံ**–မြတ်သော ဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

---

သုဂတောဂုဏ်တော်

---

၁။ သော ဘဂဝါ ဣတိပိ သုဂတော၊
၂။ သုဂတော ဝတ သော ဘဂဝါ၊
၃။ သုဂတံ သရဏံ ဂစ္ဆာမိ
၄။ သုဂတံ သိရသာ နမာမိ
၅။ သုဂတော မေ သုခံ ဒေတု၊
၆။ သုဂတော မေ ဇယံ ဒေတု၊
၇။ သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ သုဂတော မေ ဝရံ ဒေတု၊
၉။ သုဂတော မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ** – ဤသို့ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊ **သုဂတော**–သုဂတ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **သုဂတော ဝတ** – သုဂတ

www.burmeseclassic.com



ညွှန်တော်မူပါပေစွတကား။

၃။ **သုဂတံ**–သုဂတ မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **သုဂတံ**–သုဂတ မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **သုဂတော** – သုဂတ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **သုဂတော** – သုဂတ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **သုဂတော** – သုဂတ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **သုဂတော** – သုဂတ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **သုဂတော** – သုဂတ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

## လောကဝိဒူဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊

၂။ လောကဝိဒူ ဓတ သော ဘဂဝါ

၃။ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊

၄။ လောကဝိဒုံ သိရသာ နမာမိ၊

၅။ လောကဝိဒူ မေ သုခံ ဒေတု၊

၆။ လောကဝိဒူ မေ ဇယံ ဒေတု၊

၇။ လောကဝိဒူ မေ သိဒ္ဓိကမ္မံ ဒေတု၊

၈။ လောကဝိဒူ မေ ဝရံ ဒေတု၊

၉။ လောကဝိဒူ မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ** – ဤသို့ လောကသုံးပါးကိုသိတော်မူသော အကြောင်းကြောင့်လည်း။ **လောကဝိဒူ ဝတ** – လောကဝိဒူ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **လောကဝိဒူ ဝတ**– လောကဝိဒူ မည်တော်မူပါပေစွတကား။

၃။ **လောကဝိဒုံ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **လောကဝိဒုံ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **လောကဝိဒူ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **လောကဝိဒူ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **လောကဝိဒူ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **လောကဝိဒူ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **လောကဝိဒူ** – လောကဝိဒူ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

## အနုတ္တရောပုရိသဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊

၂။ အနုတ္တရောပုရိသဒမ္မသာရထိ ဓတ သော ဘဂဝါ၊

၃။ အနုတ္တရောပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ

၄။ အနုတ္တရောပုရိသဒမ္မသာရထိံ သိရသာ နမာမိ

၅။ အနုတ္တရောပုရိသဒမ္မသာရထိ မေ သုခံ ဒေတု၊

၆။ အနုတ္တရောပုရိသဒမ္မသာရထိ မေ ဇယံ ဒေတု၊

၇။ အနုတ္တရောပုရိသဒမ္မသာရထိ မေ သိဒ္ဓိကမ္မံ ဒေတု၊

၈။ အနုတ္တရောပုရိသဒမ္မသာရထိ မေ ဝရံ ဒေတု

၉။ အနုတ္တရောပုရိသဒမ္မသာရထိ မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ** – ဤသို့ မိမိထက်လွန်မြတ်သောသူ ၊ တစ်စုံတစ်ယောက်မျှ မရှိသည်ဖြစ်၍ ဆုံးမထိုက်သောသူတို့ကို ကောင်းစွာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း။ **အနုတ္တရောပုရိသဒမ္မသာရထိ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်

www.burmeseclassic.com

တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **အနုတ္တရောပုရိသဒမ္မသာရထိ ဝတ**–အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေစွတကား။

၃။ **အနုတ္တရောပုရိသဒမ္မသာရထိံ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **အနုတ္တရောပုရိသဒမ္မသာရထိံ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **အနုတ္တရောပုရိသဒမ္မသာရထိ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိ** – သည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **အနုတ္တရောပုရိသဒမ္မသာရထိ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **အနုတ္တရောပုရိသဒမ္မသာရထိ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **အနုတ္တရောပုရိသဒမ္မသာရထိ** – အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေသတည်း။

## သတ္ထာဒေဝမနုဿာနံဂုဏ်တော်

၁။သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
၂။သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
၃။သတ္ထာဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
၄။သတ္ထာဒေဝမနုဿာနံ သိရသာ နမာမိ၊
၅။သတ္ထာဒေဝမနုဿာနံ မေ သုခံဒေတု၊
၆။သတ္ထာဒေဝမနုဿာနံ မေ ဇယံဒေတု၊
၇။သတ္ထာဒေဝမနုဿာနံ မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။သတ္ထာဒေဝမနုဿာနံ မေ ဝရံဒေတု၊
၉။သတ္ထာဒေဝမနုဿာနံ မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဤသို့လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း၊ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **သတ္ထာဒေဝမနုဿာနံ ဝတ** – သတ္ထာဒေဝမနုဿာန မည်တော်မူပါပေစွတကား။

၃။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၉။ **သတ္ထာဒေဝမနုဿာနံ** – သတ္ထာဒေဝမနုဿာန မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု**–တည်တော်မူပါစေသတည်း။

## ဗုဒ္ဓေါဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
၂။ ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
၃။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
၄။ ဗုဒ္ဓံ သိရသာ နမာမိ၊
၅။ ဗုဒ္ဓေါ မေ သုခံ ဒေတု၊
၆။ ဗုဒ္ဓေါ မေ ဇယံ ဒေတု၊
၇။ ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ ဗုဒ္ဓေါ မေ ဝရံဒေတု၊
၉။ ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဤသို့သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသည်ဖြစ်၍ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူသော



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြောင့်လည်း၊ **ဗုဒ္ဓေါ** – ဗုဒ္ဓ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဗုဒ္ဓေါ ဝတ** – ဗုဒ္ဓ မည်တော်မူပါပေစွတကား။

၃။ **ဗုဒ္ဓံ** –ဗုဒ္ဓမည်တော်မူသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **ဗုဒ္ဓံ** –ဗုဒ္ဓမည်တော်မူသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **ဗုဒ္ဓေါ** – ဗုဒ္ဓမည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော် မူပါစေသတည်း။

၆။ **ဗုဒ္ဓေါ** – ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **ဗုဒ္ဓေါ** – ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိ ကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **ဗုဒ္ဓေါ** – ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု** –ပေးတော်မူပါစေသတည်း။

၉။ **ဗုဒ္ဓေါ** – ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု**–တည်တော်မူပါစေသတည်း။

## ဘဂဝါဂုဏ်တော်

၁။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊
၂။ ဘဂဝါ ဝတ သော ဘဂဝါ၊
၃။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
၄။ ဘဂဝန္တံ သိရသာ နမာမိ၊
၅။ ဘဂဝါ မေ သုခံ ဒေတု၊



၆။ ဘဂဝါ မေ ဇယံ ဒေတု၊
၇။ ဘဂဝါ မေ သိဒ္ဓိကမ္မံ ဒေတု၊
၈။ ဘဂဝါ မေ ဝရံ ဒေတု၊
၉။ ဘဂဝါ မေ သီသေ တိဋ္ဌတု။

အနက်

၁။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါသော အကြောင်းကြောင့်လည်း၊ **ဘဂဝါ**–ဘဂဝါ မည်တော်မူပါပေ၏။

၂။ **သော ဘဂဝါ** – ထိုမြတ်စွာဘုရားသည်၊ **ဘဂဝါ ဝတ** – ဘဂဝါ မည်တော်မူပါပေစွတကား။

၃။ **ဘဂဝန္တံ**–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားကို၊ **သရဏံ ဂစ္ဆာမိ** – ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ **ဘဂဝန္တံ**–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားကို၊ **သိရသာ** – ဦးခေါင်းဖြင့်၊ **နမာမိ**–ရှိခိုးပါ၏။

၅။ **ဘဂဝါ** – ဘဂဝါ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သုခံ**–ချမ်းသာကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၆။ **ဘဂဝါ** – ဘဂဝါ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၇။ **ဘဂဝါ** – ဘဂဝါ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **သိဒ္ဓိကမ္မံ**–ပြီးစီးသော အမှုရှိသည်ကို၊ **ဒေတု**–ပေးတော်မူပါစေသတည်း။

၈။ **ဘဂဝါ** – ဘဂဝါ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **ဝရံ**–မြတ်သောဆုကို၊ **ဒေတု** –ပေးတော်မူပါစေသတည်း။

၉။ **ဘဂဝါ** – ဘဂဝါ မည်တော်မူသော မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်းထက်၌၊ **တိဋ္ဌတု**–တည်တော်မူပါစေသတည်း။

***[ဤဂုဏ်တော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂ်ိဒ်မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဂုဏ်တော်ကွန်ချာကို တစ်နေ့လျှင် (၉)ပတ်ဖြစ်စေ၊ အဓိဋ္ဌာန်ဖြင့်ဖြစ်စေ ရွတ်ဆိုပွားများ ပုတီးစိပ်ပါက...

၁။ မိမိစိတ်အလိုဆန္ဒအတိုင်း ပြည့်စုံနိုင်ခြင်း၊
၂။ ရှေ့ဖြစ်မည့် အတိတ်နိမိတ်များကို ကြိုတင်၍ သိမြင်တတ်ခြင်း၊
၃။ အလုပ်အကိုင် ရာထူးတိုးတက်ခြင်း၊
၄။ ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းလွတ်ခြင်း၊
၅။ မျက်နှာပွင့်လန်းခြင်း၊
၆။ လာဘ်လာဘ ပေါများခြင်း၊
၇။ ကြည့်ရှုစောင့်ရှောက်မည့် ပုဂ္ဂိုလ်များ အလိုလို ပေါ်ပေါက်လာတတ်ခြင်း စသည့် အကျိုးများကို ခံစားရမည် ဖြစ်ပါသည်။

***သုခီ အတ္တာနံ ပရိဟရန္တု၊***

**ရွှေထွန်းဦး(ရေကြည်)**



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော်၏ ဒူးနာရောဂါ

စာရေးသူ ကျွန်တော်တွင် ဒူးနာရောဂါ စွဲကပ်လာသည်မှာ တစ်နှစ်ခန့်ရှိပါပြီ။

လမ်းလျှောက်လျှင် ဒူးဆစ်မှ မျက်ခနဲ မျက်ခနဲ နာကျင်နေတတ်ပါသည်။ ခြေလှမ်း လှမ်းတိုင်း လှမ်းတိုင်း နာကျင်လှပါသည်။ မတ်တတ်ရပ်နေလျှင် မနာပါ။

ထိုင်သောအခါ ဒူးကို ကွေးလိုက်တိုင်း အတော်နာကျင်ပါသည်။ ဒူးကို ကွေးထားရာမှ ပြန်ဆန့်သောအခါတွင်လည်း နာကျင်လှပါသည်။

တင်ပျဉ်ခွေ၍ ကြာကြာ မထိုင်နိုင်ပါ။ ဒူးတုပ်၍လည်း ကြာကြာမနေနိုင်ပါ။

ထို့ကြောင့် ဘုရားရှိခိုးရာတွင်ဖြစ်စေ၊ သံဃာတော်များကို ထိုင်၍ရှိခိုးဦးချရာတွင်ဖြစ်စေ၊ တရားနာယူရာတွင်ဖြစ်စေ အလွန် အခက်အခဲ ရှိပါသည်။

## ကုသနည်း တွေ့ပြီ

တစ်နေ့ (၁၅-၇-၂၀၀၁)နေ့တွင် ကျွန်တော်သည် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမကြီးဘေးတွင် နေထိုင်သော ပန်းချီဆရာကြီးဦးသက်ညွန့်ထံ အလည်အပတ် သွားပါသည်။

သူက ပန်းချီဆရာ၊ ကျွန်တော်က မတောက်တခေါက် စာရေးဆရာဆိုတော့ အနုပညာသမား အချင်းချင်း တစ်ခါတစ်ရံ တွေ့ဆုံစကားပြောလေ့ရှိပါသည်။

သူ၏ထံမှ စာပေဗဟုသုတနှင့် ယဉ်ကျေးမှု ဗဟုသုတများကို လေ့လာမှတ်သားလေ့ ရှိပါသည်။

ပန်းချီဆရာကြီး ဦးသက်ညွန့်သည် ထိုစဉ်က **အသက်(၇၅)နှစ်ခန့်ရှိပြီး**

# ဒူးနာရောဂါ

### ကိုယ်တွေ့ပျောက်စေနည်း

ဦးငွေအောင်ပြွန်



ကျန်းမာသွက်လက်စွာ လှုပ်ရှားသွားလာနေတတ်ပါသည်။

သူသည် ပန်းချီဆွဲခြင်းလုပ်ငန်းကို အာရုံထား၍ ဆောင်ရွက်ဆဲဖြစ်ပါသည်။ သူ၏ ပန်းချီဆွဲသော အခန်းထဲတွင် ပြောင်မြောက်သော သူ၏ ပန်းချီကားများကို ချိတ်ဆွဲထားပါသည်။

သူ၏အိမ်သို့ ကျွန်တော် ရောက်သွားလျှင် သူသည် ပန်းချီဆွဲခန်းကလေးထဲတွင် ပန်းချီကားတစ်ခုကို စိတ်ဝင်တစား ,ရေးဆွဲနေပါသည်။

သူသည် ထိုအခန်းထဲမှ ထွက်လာပြီး ကျွန်တော့်ကို နှုတ်ဆက်စကားပြောပါသည်။

'ဟာ...ဆရာလေးရေ မတွေ့ရတာကြာပြီ။ နေကောင်းရဲ့လား၊ ကိစ္စများရှိသလား'

'ဟုတ်ကဲ့ နေကောင်းပါတယ်။ ကိစ္စတော့ အထူးမရှိပါဘူး။ ဒါပေမယ့် ဒူးတွေနာနေလို့ စိတ်ညစ်နေတယ် ဆရာကြီး'

'ဟုတ်လား၊ ကျွန်တော် နည်းပေးပါမယ်။ ကျွန်တော့်မှာလဲ တစ်ခါက ဒူးနာရောဂါ ပြင်းပြင်းထန်ထန် ခံစားရဖူးပါသဗျာ။

ခေတ်ပေါ်လိမ်းဆေးတွေ၊ ဒဏ်ကြေဆေးတွေ တော်တော်များများကို ဝယ်ပြီး လိမ်းခဲ့ဖူးပါတယ်။ သက်သာရုံပါပဲ။ ရှင်းရှင်းမပျောက်ဘူး။

နောက်တော့ **မိတ်ဆွေကြီး မြန်မာတိုင်းရင်းဆေးဆရာကြီး တစ်ဦးဆီက ငွေကုန်ကြေးကျ သိပ်မများတဲ့ ဒူးနာပျောက်ဆေးနည်းကို** ရပါတယ်'

'အဲဒီဆေးနည်းကို ပြောပြပါလား ဆရာကြီး'

'ဟုတ်ကဲ့ဗျာ၊ ဆေးနည်းဒါန ပေးချင်လှပါတယ်။

**အဲဒီဆေးနည်းကတော့...**

၁။ ကပ်ဆေးရယ်၊
၂။ လိမ်းဆီရယ်၊
၃။ ဒူးလေ့ကျင့်ခန်းရယ်
ဖြစ်တယ်။

၁။ ကပ်ဆေးကတော့ တခြားမဟုတ်ပါဘူး။ လွယ်ကူပါတယ်၊ **ကွမ်းရွက်အစို** ဖြစ်ပါတယ်။

ကွမ်းအစိုကို ဒူးပေါ်မှာ အပေါ်ဘက်က ကပ်ထားပြီး အဝတ်ပိုင်းစ တစ်ခုကို အုပ်လိုက်ပါ။ အပြင်က ကြိုးနဲ့ ပတ်ချည်ထားပါ။

ကွမ်းရွက်က ဒဏ်ကြေစေတယ်။



www.burmeseclassic.com

www.burmeseclassic.com

အပူအငွေ့အခိုးတွေ စုပ်ယူတတ်တယ်။ ကွမ်းရွက် နွမ်းခြောက်သွားတော့ အဲဒါကို ခွာပြီး အသစ်တစ်ရွက် ထပ်ကပ်ပါ။ ရေချိုးတဲ့အခါ ဖြုတ်ထားပြီး ကျန်အချိန်တွေမှာ အဆက်မပြတ် ကပ်ထားပါ။

(၅)ရက်အတွင်း သိသိသာသာကြီး သက်သာပါလိမ့်မယ်။ မပျောက်မချင်း ဆက်သာကပ်ထားပါ။ ပျောက်မှာ သေချာပါတယ်။

ကျွန်တော်ကိုယ်တိုင် လက်တွေ့ကုသပြီး ကိုယ်တွေ့ ပျောက်ကင်းသွားပါတယ်။

၂။ သက်သာသွားတဲ့ အခါမှာ **နှမ်းဆီစစ်စစ်ကို ညအိပ်ရာဝင်မှာ ခပ်ပါးပါး ကလေးလိမ်းပြီး** အဝတ်စထူထူ ဒါမှမဟုတ် ဒူးစွပ်ကို စွပ်ထားပါ။ အငွေ့ရပြီး ဒူးနာသက်သာပါလိမ့်မယ်။

၃။ နောက်တစ်နည်းကတော့ **ဒူးလေ့ကျင့်ခန်း လုပ်ခြင်းပါပဲ။** အားကစားသမားတွေ ကစားခါနီးမှာ **သွေးပူလေ့ကျင့်ခန်းလုပ်သလို မတ်တတ်ရပ် ဒူးနှစ်ဖက်ကို ပူးထားပါ။ ဒူးညွတ်ထားပြီး လက်နှစ်ဖက်နဲ့ ဒူးကို ကိုင်ထားပါ။**

ဒူးနှစ်ဖက်ကို ဆန့်ကျင်ဘက်ဝိုင်းသလို ဘယ်ဘက်ကို အကြိမ်(၃၀)ခန့် ဝိုင်းလှည့်ပေး။ ညာဘက်ကိုလဲ အကြိမ်(၃၀)ခန့် ဝိုင်းလှည့်ပေးပါ။

တစ်နေ့တစ်ကြိမ် ရေချိုးခါနီးမှာ မှန်မှန်လုပ်ပါ။ ကျွန်တော့်ကိုယ်တွေ့ပျောက်တဲ့ နည်းပါပဲ။ လုပ်ကြည့်ဖို့ တိုက်တွန်းပါတယ်'

'ဟုတ်ကဲ့ ဆရာကြီး ကျွန်တော် စမ်းသပ်ကြည့်ပါမယ်။ ကျေးဇူးတင်ပါတယ်'

## လက်တွေ့ပျောက်ကင်းပါသည်

ကျွန်တော်သည် သူနှင့် စကားစမြည်ပြောဆိုပြီး အိမ်သို့ ပြန်လာပါသည်။

အိမ်ရောက်လျှင် ကျွန်တော်သည် ဈေးမှ ကွမ်းရွက်ကို ဝယ်ယူပြီး ဒူးနာသောနေရာတွင် သူ ညွှန်ကြားသည့်အတိုင်း ကပ်ပါသည်။ နေ့ညမလပ်ကပ်၍အဝတ်စဖြင့် အုပ်ထားပြီး ကြိုးနှင့်စည်းထားပါသည်။

(၅)ရက်ခန့် ကပ်ကြည့်ရာ သိသိသာသာ သက်သာလာပါသည်။ နှမ်းဆီစစ်စစ်ကိုလည်းရှာ၍ ဒူးနာ သက်သာသည့်အခါ လိမ်းပါ၏။ ဒူးလေ့ကျင့်ခန်းကိုလည်း မှန်မှန် ပြုလုပ်ပါသည်။ လက်တွေ့ ပျောက်ကင်းပါသည်။

သို့ဖြစ်၍ ကျွန်တော်ကဲ့သို့ ဒူးနာရောဂါ ခံစားရသူများ အသုံးပြုနိုင်ကြပါရန် စေတနာကောင်းဖြင့် ရေးသားတင်ပြပါသည်။

ကုန်ကျစရိတ်လည်း မများပါ။ လုပ်ကိုင်ရသည်မှာလည်း မပင်ပန်းပါ။ စမ်းသပ်ကြည့်ကြပါရန် တိုက်တွန်းပါသည်။ ဒူးနာရောဂါရှိသူများ ပျောက်ကင်းကြပါစေဟု အကြံပြု၍ နည်းပညာဒါန ထပ်ဆင့်ဝေငှပါသည်။

ဦးငွေအောင်မွန်

---

စာမျက်နှာ (၉၂)မှ အဆက်

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကာ ဆရာကောင်း ဆေးဝါးကောင်းများ အထူးရရှိစေပြီး စီးပွားလာဘ်လာဘ တိုးတက်စေကြောင်း ဂမုန်းစိုက်ပျိုးသူများ ပြောပြချက်အရ မှတ်သားရသည်။

သုဂတော ငါးချက်ဂါထာ

သုဂတော သုဂတဌာနံ
သုဂတော သုန္ဒရဃ္ဃိစ၊
နိဗ္ဗာနံ သုဂတောယာတိ
သုဂတော တေ နမော နမော။

အနက်

**သုဂတဌာနံ** – ကောင်းမြတ်သော ဌာနသို့၊ **သုဂတော** – ကောင်းစွာ ကြွတော်မူတတ်သော၊ **သုန္ဒရဃ္ဃိစ**– ကောင်းမြတ်သော စကားကိုလည်း။ **သုဂတော** – ကောင်းစွာ မြွက်ကြားတော်မူတတ်သော၊ **သုဂတော**– မြတ်စွာဘုရားသည်၊ **နိဗ္ဗာနံ**–နိဗ္ဗာန်သို့ **ယာတိ**–ကြွမြန်းတော်မူ၏၊ **သုဂတော**– သုဂတဂုဏ်ရှင် မြတ်စွာဘုရား၊ **တေ**– အရှင်ဘုရားအား၊ **နမော**– ညွတ်ကိုင်းလျက်၊ **နမော**–ရှိခိုးပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီယဘာဓက–ဒီယနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်နှင့် ဂမုန်းဝါသနာရှင် သုတေသီများအနေနှင့် ဂမ္ဘီရဆန်ပြီး စီးပွားလာဘ်ရှင် ဆေးဖက်ဝင်သော ဂမုန်းကမြင်းပင်အား စိုက်ပျိုးကာ စီးပွားဥစ္စာ တိုးတက်ချမ်းသာ ကျန်းမာကြပါစေကြောင်း မေတ္တာလောင်းချက် ရေးသားတင်ပြလိုက်ရပေသည်။

ဇော်ရဲနိုင်




www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရဆန်ပြီး စီးပွားလာဘ်ရှင်

# ဂမုန်းကမြင်းပင်

စောရှိန်



ဂမ္ဘီရဆန်ပြီး စီးပွားလာဘ်ရှင် ဆေးဖက်ဝင်သော ဂမုန်းကမြင်း

ဂမုန်းကမြင်းသည် ဂမ္ဘီရဆန်ပြီး စီးပွားလာဘ်ရှင် ဂမုန်းတစ်မျိုးဖြစ်သည်။ အချို့က ကျန်းမာရေးရှုထောင့်မှ ကြည့်ပြီး ဆေးဖက်ဝင်သောကြောင့် ဆေးကမြင်းဟု ခေါ်ကြသည်။ အရွက်၏ ပုံသဏ္ဌာန်မှာ ကံ့ကော်ရွက်နှင့် တူသော်လည်း ကံ့ကော်ရွက်ကဲ့သို့ ရွက်ကြောမမာဘဲ အရွက်ပျော့မျိုးဖြစ်သည်။ အမှတ်တမဲ့ ကြည့်လျှင် မြန်မာပင်စိမ်းဟု ထင်ရသော်လည်း ကွဲပြားခြားပါသည်။

ဂမုန်းကမြင်းသည် အကိုင်းလက်တက်များမှာ တစ်ရွက်ချင်း အဆင့်ဆင့် ထွက်သည်။ အရွက်ကြီး၏ အရင်းတွင် သေးငယ်သော အရွက်နှစ်ရွက်ရှိပြီး (၃)မိနစ်ခန့် တစ်ကြိမ် ပူးသွားလိုက် ခွာသွားလိုက် အသက်ဝင် လှုပ်ရှားနေသည်။ သေသေချာချာ ဂရုစိုက်ကြည့်မှ သိသာနိုင်ပေသည်။ ထိုကဲ့သို့ ပူးသွားခြင်း၊ ခွာသွားခြင်း အကြောင်းရင်းကို ကောက်ချက်ချပြီး ဂမုန်းကမြင်း(ဆေးကမြင်း)ဟု အမည်နာမ ပေးထားပုံရသည်။

ညအခါ အိပ်သောအခါ ဒေါင်းဂမုန်း အဖို+အမ အိပ်သကဲ့သို့ အထက်သို့ ပူးကပ်အိပ်ခြင်းမျိုး မဟုတ်ဘဲ အကိုင်းအခက်အလက် ရိုးတံများ ထိအောင် လှန်ချပြီး အိပ်တတ်သည်။ နေပွင့်မှ ဂမုန်းကမြင်း၏ ပင်ကိုသဘာဝအတိုင်း သက်ဝင်လှုပ်ရှားလျက် ရှိသည်။

ဂမုန်းကမြင်း၏ ပင်စည်မှ ဖြာထွက်သော အခက်အလက်တို့မှ အရွက်တိုင်း၏ အရင်းမှ ရွက်ငယ်လေးများမှာ (၃)မိနစ်ခန့် တစ်ကြိမ် မကြာခဏ ပူးသွားခြင်း၊ ကွာသွားခြင်းမှာ လေတိုက်ခတ်မှုကြောင့် မဟုတ်ဘဲ **ပင်ကိုစွမ်းအားတစ်မျိုးကြောင့် ဖြစ်ကြောင်း သိသာနိုင်ပေသည်။** ထိုအကြောင်းကြောင့်ပင် ဂမုန်းကမြင်းသည်ဂမ္ဘီရဆန်သော ဂမုန်းဟုပင် ပြောဆိုနိုင်ပါသည်။

ဂမုန်းကမြင်း ပဉ္စငါးပါးကို (၃)ခွက်တစ်ခွက်တင်ကျိုကာ အကြမ်းပန်းကန်လုံး တစ်လုံးခန့် နေ့စဉ် သောက်သုံးပါက ကိုယ်လက် ညောင်းညာကိုက်ခဲသောရောဂါ၊ ဒူလာရောဂါ၊ အမျိုးသားအားနည်းရောဂါ(ပန်းသေ,ပန်းညိုးရောဂါ) များ သက်သာပျောက်ကင်းစေပြီး ကိုယ်ခံအားမြင့်မားစေကြောင်း သောက်သုံးဖူးသူများနှင့် သုတေသန ပြုလုပ်ကြသော မြန်မာတိုင်းရင်းဆေးပညာရှင်များ ပြောပြချက်အရ သိရှိခွင့်ရခဲ့ပါသည်။

ဂမုန်းကမြင်းပင်သည် သဲမြေနှင့် မြေဆွေး ရောစပ်ထားသည့် မြေမျိုးကို နှစ်သက်ပြီး အေးမြသောနေရာတွင် ထားပါက လန်းဆန်းဝေဖြာသည်ကို တွေ့ရသည်။ ဂမုန်းကမြင်း စိုက်ပျိုးကာ သုဂတောင်ါးချက် ဣတ္ထာသယမန္တန်တော်ကို နေ့စဉ် သက်စေ့ရွတ်ဆိုပြီး ဂမုန်းပင်အား ရေလောင်းပေးပါက ဂါထာမန္တန်၏တန်ခိုးတော်နှင့် ဂမုန်းစောင့်နတ်များ၏ ကူညီပံ့ပိုးမှုကြောင့် လိုရာဆန္ဒ ပြည့်ဝစေလျက်

www.burmeseclassic.com







ရဲမျိုးသူ (ဗောဓိမြိုင်)
တောင်ငူ

ထူးဆန်းသော ရသေ့ကြီး၏

# အသီးသုံးမျိုး ဆေးတော်မြတ်

ငယ်စဉ်ကပင် ဝါသနာတစ်ရပ် ပါလာခဲ့၏။ ဝါသနာကို လူအများစုက ဝမ္ဗီရသမားဟု ဆိုကြလေသည်။ ကလေးဘဝကပင် လက္ခဏာ၊ ဗေဒင် စာအုပ်များကို ဖတ်ဖြစ်ပါသည်။

အဘိုးဖြစ်သူက တိုင်းရင်းဆေးဝါး သမားတော်ကြီး ဦးခေမာဆိုသူဖြစ်၍ တိုင်းရင်းဆေးဝါးများနှင့် မစိမ်းလှပါ။ အသက်(၂၀)ဝန်းကျင် ရောက်လာသည့်အခါအသိတစ်ခု အမှန်ဝင်ရောက်ခဲ့ဖူးတော့သည်။

ထိုအသိအရ တွေးခေါ်မိသည်က လောကီအတတ်ပညာများ အမှန်တကယ် ရှိသလားဆိုသော စူးစမ်းခြင်းပင် ဖြစ်လေသည်။

ထိုအဖြစ်ကို အသက်(၄၀)ကျော်မှ လောကီအတတ်ပညာတို့ တကယ်ရှိသည်ကို အမှန်လက်ခံခဲ့ပါသည်။

ဝိဇ္ဇာရေ အသိအတတ်တို့တွင် လူတို့အတွက် အကျိုးကြီးမား တန်ဖိုးထားအပ်သည်က ဆေးအတတ်ပင် ဖြစ်ကြောင်းလည်း လက်ခံခဲ့ပါသည်။

ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ရင်း နယ်မြေစည်းရုံးရေးတာဝန်ဖြင့် မင်းကင်းမြို့နယ် ယောစုရွာတွင် (၁၀)ရက်မျှ နေဖူးခဲ့ပါသည်။

ထိုရွာလေးသို့ စက်လှေ (လိုင်း ကောင်)ဆိုက်ရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး အိမ်သို့ ရောက်ရှိခဲ့ပါသည်။

အုပ်ချုပ်ရေးမှူး အိမ်တွင် ဧည့်ပရိသတ်များ ရောက်ရှိနေပြီး အိမ်ဦးဘုရားစင်အောက် အသက်ကြီးကြီး ရသေ့ကြီးတစ်ပါး ရောက်နေကြောင်း တွေ့ရပါသည်။ ရသေ့ကြီးအား ဝတ်ချကန်တော့စဉ်...

'ဒကာကြီး ခရီးပန်းလာသည်လား'

'တင်ပါ့ဘုရား'

ဘရသေ့ကြီးဘွဲ့အမည်မှာ **ဦးဥတ္တမသာရ**ဟု ဆိုပါသည်။ သက်တော်(၉၁) နှစ်ရှိပြီဟု သိရပါသည်။ မင်းကင်းမြို့ တစ်ဖက်ကမ်း မြောက်ချော၊ ယောစု၊ ကြွေစသည့် ရွာအများစုက ရသေ့ကြီးအား သုသာန်များတွင် လှည့်လည် တရားကျင့်ကြံသည်ကို အကြောင်းပြုပြီး "**သုသာန်ရသေ့ကြီး**"ဟု ခေါ်ဆိုကြပါသည်။

ဒေသခံ ရွာသူရွာသားတို့ အလွန်ကြည်ညိုလေးစားကြပါသည်။ ရသေ့ကြီး၏ ထူးခြားချက်မှာ သက်တော် (၉၁)နှစ်ရှိပြီဖြစ်သော်လည်း တောက်ပသောမျက်စိ၊ ကြည်လင်သော မျက်နှာတော်နှင့် အသားအရည် ရှိပါသည်။

ယခုအတိုင်း မျက်စိမှုန်၊ နားမထိုင်း၊ ခါးမကိုင်းဘဲ အဖော်မဲ့စွာ သွားလာနိုင်ခြင်းကရှိကြောင်း သိရပြန်သည်။ ရသေ့ကြီး ဆိုဆုံးမသည်က...

'ဘုရား၊တရား၊သံဃာကို ဘယ်တော့မှမမေ့နဲ့ ရတဲ့အချိန် သမထ ဝိပဿနာ အားထုတ်ကြပါ'

ဟု ဆိုခြင်းသာ ဖြစ်ပါသည်။

ရသေ့ကြီးနှင့် စကားပြောရင်း လျှောက်မိသည်က...

'ဘရသေ့ကြီးဘုရား ဘာဆေးဝါးများ မှီဝဲပါလဲ ဘုရား'

**ရသေ့ကြီး။** ။ ဒကာလေး ရသေ့ **တြိဖလဆေးတော်မြတ်**ကို နံနက်,ည မှီဝဲပါတယ်။

**ကျွန်တော်** ။ ။တြိဖလဆိုတာ ဘာအဓိပ္ပါယ်လဲ ဘုရား။

**ရသေ့ကြီး။** ။ တြိဖလဆိုတာ အသီး (၃)ပါး ပေါင်းစပ်ပြီး ဖော်တဲ့ဆေးပါ ဒကာလေး။ အကျိုးတရားက အသက်ရှည် အနာကင်းပြီး ဖြစ်ဆဲရောဂါ ပျောက်ခြင်းပါပဲ။

**ကျွန်တော်** ။ ။ဘာသီးတွေလဲဘုရား။ သိခွင့်ရှိရင် မိန့်ပါလား ဘုရား။

**ရသေ့ကြီး။** ။ ရှိပါတယ် အသီး(၃)မျိုးက **ဆီးဖြူသီး၊ ဖန်ခါးသီးနဲ့ သစ်ဆိမ့်သီးပါ** ဒကာလေး။

**ကျွန်တော်** ။ ။ဖော်စပ်ပုံလေး မိန့်ပါဦး ဘုရား။

ဘရသေ့ကြီးက မဟာမြိုင်တောကြီးကို ရောက်ရှိခဲ့ပုံ၊ ဝိဇ္ဇာအရှင်ပုဂ္ဂိုလ်တို့နှင့် တွေ့ကြုံရပုံ၊ ရာသီဥတုဒဏ်ခံရပုံတို့အား မိန့်ကြားပြပြီးမှ တောထဲတောင်ထဲ ဆေးကောင်းတစ်ပါး အမြဲ

www.burmeseclassic.com

ဆောင်ထားကာ မှီဝဲခဲ့ရသည်များကို ရှင်းပြခဲ့ပါသည်။

ရသေ့ကြီးပြောပြသည့် ဆေးဖော်စပ်ပုံက နည်းစနစ်ကျ၍ သဘာဝကျလှပါသည်။ ဥပမာတစ်ခုဖြင့် အမေးပုစ္ဆာ ပြုသည်က...

'ဒကာလေး ကွမ်းရွက်ဟာ ဆေးဖက်ဝင်လား'

'ဝင်တယ်ဆိုရင် ကွမ်းရွက်စိမ်းနဲ့ ကွမ်းရွက်ခြောက် ဘယ်ဟာက ပိုအာနိသင်အစွမ်းသတ္တိဆေးအသုံးကြီးမလဲ'

ဟု မေးခြင်းဖြစ်လေသည်။

ရသေ့ကြီးရှင်းပြသည်မှာ **သတ္တုရည်စိမ်းကို** ဆေးဖော်စပ်ရာတွင် စနစ်တကျ အသုံးချနိုင်စေရန်လမ်းညွှန်ပြခြင်း ဖြစ်လေသည်။

သစ်ပင်တိုင်း ဆေးဖက်ဝင်သည် မှန်သော်လည်း ဆေးပင်တစ်ပင်ရှိ **အမြစ်၊ အခေါက်၊ ဥ၊ အစေး၊ ပင်စည်အနှစ်သား၊ အရွက်အသီး၊ ရိုးတံ**စသည်တို့မှာရှိနေတဲ့ ပြဒါးသတ္တုရည်စိမ်းဟာ ရောဂါပျောက်ကင်းစေဖို့ အာနိသင်ကြီးနေတာကို ကောင်းစွာသိမှသာ အစွမ်းထက်တဲ့ ဆေးမြတ်တစ်ဖုံ ဖော်နိုင်မှာဟု စိတ်ရှည်စွာဖြင့် ရှင်းပြပါသည်။

**ရသေ့ကြီး။** ။တြိဖလဆေး ဖော်မယ်ဆိုလဲ ဒီလိုပဲ ဖော်ရတာပဲ ဒကာလေး။

**ကျွန်တော်။** ။ဖော်ပုံ ဖော်နည်းနဲ့ အသီးတွေရဲ့ အကျိုးသွားကို မိန့်ပါဦးဘုရား။

**ရသေ့ကြီး။** ။အသေအချာ မှတ်သွားပေါ့ ဒကာလေး။ အများအတွက် အကျိုးကြီးစေတာဆေးပညာပဲ။ ရသေ့လဲ ကုသိုလ်တစ်မျိုးတိုးသည်ပေါ့။

## ဆီးဖြူသီး

ဆီးဖြူသီးမှာ ရသာ(၅)ပါး ရှိပါသည်။ အင်အရသာမရှိပါ။ ရှေးဟောင်းဆေးကျမ်းများတွင် အထွေထွေရောဂါများ ပျောက်ကင်းပြီး၊ အသက်ကိုရှည်စေတတ်သောကြောင့် ကျေးဇူးကြီးတတ်သည့် အသီးဟု ဆိုပါသည်။

သွေးလှုံ့ခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ သွေးမှသွေးယိုကျခြင်း၊ ဆီးအောင့်၊ ဆီးလွန်နှင့် မီးယပ်ဖြူဆင်းရောဂါတို့ ပျောက်ကင်းစေလေသည်။

## ဖန်ခါးသီး

အရသာမှာ ဖန်၊ ချဉ်၊ ခါး၊ စပ်၊ ပူရသာ(၅)ပါး ပါပြန်သည်။ ဖန်ခါးသီးကို နွားနက်ကျင်ငယ်ရည်တွင် အိုးသန့်သန့်ဖြင့် စိမ်ရပါသည်။

(၃)လခန့်ကြာပါက အရည်ကို စစ်ယူပြီး ရေနွေးအကြမ်းတစ်ပန်းကန် နံနက်စောစော သောက်ပေးပါက ကိုယ်တွင်းအနာများ ပျောက်ကင်းပြီး အသားအရည်ချောမွေ့ကာ အသက်ရှည်ကြောင်း ဗုဒ္ဓညွှန်ပြခဲ့သည်ဟု ဆိုပါသည်။

ထို့အပြင် အရေပြားရောဂါ၊ မြင်းသရိုက်ရောဂါ၊ ကြို့ထိုး၊ အစာမကြေ၊ ချောင်းဆိုးသွေးပါ အတက်ရောဂါများ ပျောက်ကင်းစေကြောင်းဖြစ်ပါသည်။

## သစ်ဆိမ့်သီး

သစ်ဆိမ့်သီးတွင် ဆိမ့်သော အရသာ ဦးဆောင်ပါဝင်နေသည့် ခါးသက်စပ်ရှား အရသာလည်း ပါဝင်ပါသည်။

အဆန်မှာ ဆီဓါတ်များစွာပါသည့်အတွက် မြန်မာတို့ သစ်ဆိမ့်ဆန်ကို စားကြပါသည်။ ဆံပင်ကို သန့်စေခြင်း၊ ဖြူသောဆံပင်တို့ ပြန်လည်နက်စေသည်ဟု ဖြစ်ပါသည်။

ချောင်းဆိုး၊ နှလုံးရောဂါ၊ ပိုးနာ၊ ဝမ်းမီး၊ ဝက်သက်၊ ဆီးရောဂါ၊ မျက်စိနာ၊ သည်းခြေပျက်နာ၊ ရောင်ရမ်းခြင်းတို့ ပျောက်ကင်းပါသည်။

ရသေ့ကြီးက "ဆေးကျမ်းများမှာ ပါတဲ့အတိုင်း အကျိုးကြီးတာပဲ ဒကာလေး"ဟု မိန့်ကာ **ဆီးဖြူသီး(၉၉)လုံး၊ ဖန်ခါးသီး(၉၉)လုံး၊ သစ်ဆိမ့်သီး(၉၉)လုံးအား** ကောက်ယူစုဆောင်းကာ ရေစင်အောင်ဆေးပြီး ဒယ်အိုး(သို့မဟုတ်)ဒန်အိုးကြီးထဲတွင် ရေထည့်ပြီး မီးနွေးနွေးဖြင့် ပြုတ်ရသည်ဟု မိန့်ပါသည်။

ပြုတ်ရာတွင် ဆား(၉)ဖွန်းသာ ထည့်ရကြောင်း။ အမြှုပ်များတက်လာတိုင်း ခပ်ယူထားရပြီး အမြှုပ်များအား **တြိဖလ ရက္ခမူဆားချက်ရကြောင်း** နှင့် ပြုတ်ရည် ဖန်ပုလင်း(ငှက်ပျောဖူး) (၃)လုံးစာကိုသာ ရယူထားရမည်ဟု မိန့်ပါသည်။

ထိုပြုတ်ရည်သည် သတ္တုပြဒါး အနည်အနှစ်များဖြစ်လေသည်အတွက် ရောဂါပျောက်ကင်းစေဖို့ အာနိသင်တွေ အများဆုံးပါဝင်နေသည်ကို မှတ်သားရမည်ဟု မိန့်ပြန်ပါသည်။

ပြီးမှသာ ပြုတ်ပြီးသား ဆီးဖြူ ဖန်ခါးနှင့် သစ်ဆိမ့်များကို အစေ့အဆန် ဖယ်ကာ နေလှန်းရသည်ဟု မိန့်လေသည်။

ခြောက်သွားသည့် အသီး(၃)မျိုးအား အမှုန့်ပြုပြီးမှ ငှက်ပျောဖူးပုလင်း (၃)လုံးစာ အသီး(၃)မျိုးပြုတ်ရည်ဖြင့် ပေါင်းစပ်နယ်ဖက်ကာဆေးလုံးလေးများ လုံးရကြောင်း၊ ထိုဆေးလုံးများကို လေသလပ်စေ၍အခြောက်လှန်း၍တြိဖလ (အသီးသုံးမျိုး) ဆေးဖော်စပ်သည်ဟု





www.burmeseclassic.com

www.burmeseclassic.com

မိန့်လေသည်။

အာနိသင်ကြီးစွာ အစွမ်းသတ္တိရှိသည့် ဆေးဖော်နည်းကို ညွှန်ပြခဲ့ပါတော့သည်။

'အခုပြောတဲ့ အသီးအရေအတွက်ကို ရအောင်စုပြီး တန်ဆောင်မုန်းလပြည့် ည (၉)နာရီတိတိ စဖော်နိုင်ရင်တော့ ဆေးသိဒ္ဓိ အလွန်ရပြီး တစ်ခါဖော်ထားရုံနဲ့ ကြာရှည်စွာ သုံးရသည်'

ဟု ဗဟုသုတ မှတ်သားရပါတော့သည်။

ဘရသေ့ကြီး ပြောသည့်ထဲတွင် ရှက္ခမူဆားချက်ရန် ပါပြန်၍ ဘယ်လို ချက်ပြီးဘယ်လိုအသုံးဝင်ပုံကို လျှောက်မိပါသည်။

'ဒကာလေးက အသေးစိတ်ကို မေးသည်ပဲ၊ အမှုပ်တွေကို ဒယ်အိုးထဲထည့်ပြီး စိတ်ရှည်စွာ ချက်ယူရတယ်ကွယ့်။ အနှစ်သားဆားဖြစ်တာမို့ လိုရာသုံးနိုင်ပြန်တယ်၊

ကိုယ်တိုင်ဆေးအဖြစ် သုံးနိုင်သလို သတ္တဝါတွေကိုလဲ ဆေးအဖြစ်ပေးပြီး ရောဂါဝေဒနာတွေကို ပျောက်ကင်းစေနိုင်တယ်၊

ထူးထူးခြားခြား အသုံးဝင်သေးတာက အင်္ဂရုတ်သမားတွေအတွက်ပဲ ပြဒါးဖမ်းဦးမလား၊ သွပ်ဖမ်းဦးမလား အပိုင်ရစေတာဟာ တြိဖလရက္ခမူဆားပဲ ဒကာလေး'

ကျွန်တော်က...

'ဒါကြောင့် ဘရသေ့ကြီးကို ရွာသားတွေက ဆေးဝိဇ္ဇာကြီးလို့ ပြောနေတာပေါ့ ဘုရား'

ရသေ့ကြီးက...

'မဟုတ်ပါဘူး ဒကာလေးရယ်။ ဘဝအဆက်ဆက် သံသရာ အဆက်ဆက် ပါရမီဖြည့်ရင်း နိဗ္ဗာန်ရွှေပြည်မြတ်ကိုသာ ဦးတည်နေတာပါဗျာ'

လွန်ခဲ့သော(၈)နှစ်ကာလ ကလေးမြို့တွင်တာဝန်ထမ်းဆောင်ရင်း တာဝန်ဖြင့် ယောစုရွာသို့ရောက်ရှိစဉ် ရသေ့ကြီး ဦးဥတ္တမသာရနှင့် တွေ့ဆုံခဲ့ရခြင်း ဖြစ်ပါသည်။

ထိုစဉ်က ဘရသေ့ကြီးပေးလိုက်သည့် တြိဖလဆေး(၉)လုံးကို သောက်ခဲ့ရပြီး တြိဖလရက္ခမူဆား လက်ဖက်စားဇွန်းလေး တစ်ဝက်မျှ ရရှိဖူးပါသည်။ ယခုဆိုလျှင် သက်တော်(၉၉)နှစ်ရှိနေပြီဖြစ်သည့်ရသေ့ကြီးမဟာမြိုင်တောကြီးထဲတွင် ရှိနေဦးမည်လား မသိနိုင်တော့ပါ။

***ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်...***

**ရဲမျိုးသူ *(ဗောဓိမြိုင်)***
**တောင်ငူ**

**စာမျက်နှာ (၁၉၆)မှ အဆက်**

အသက်(၃၄)နှစ် ရှိသူကို ဥပမာအဖြစ် တွက်ကြည့်ရာ အကြွင်း(၈)ဖြစ်သဖြင့် ထိုနှစ်အတွင်း ထိုသူမှာ ယာယီကိန်း ရှိပါသည်။

ထို့ကြောင့် အလုပ်အပြောင်းအရွှေ့ နေရာအပြောင်းအရွှေ့ ရှိခြင်း၊ ခရီး မကြာခဏ ထွက်ရခြင်းတို့နှင့် တွေ့ကြုံရတတ်ပါသည်။

မည်သည့်အရပ်တွင် ယာယီရှိသည်ကို သိလိုမူအောက်တွင်ပြသထားသော တွက်နည်းအတိုင်း ဆက်၍တွက်ကြည့်ပါ။

မည်သည့်အရပ်၌ ယာယီ ရှိသည်ကို သိလိုမူ ရောက်သက်တည်ပြီး (၄)နှင့်စားပါ။ အကြွင်းကို ယူရမည် ဖြစ်၏။

၄ ÷ ၃၄ = **၈–လဒ်မလို**
၃၂
၂ **အကြွင်းကိုယူပါ**

**ဤအဟောတွင် (၂)ခုကြွင်း တောင်အရပ်နှင့် မြောက်အရပ်**ဟု ဆိုထားသဖြင့် ထိုနှစ်တွင် တောင်အရပ်နှင့်မြောက်အရပ်တို့တွင် ခရီးသွားလာမှုများမည်။ (သို့မဟုတ်) ပြောင်းရွှေ့လုပ်ကိုင် နေထိုင်ရတတ်၏။

အထက်ပါ တွက်နည်း ဟောနည်း တေးထပ်တွင် ပါဠိနှင့် ဗေဒင်ကိုးကြောင်း အခေါ်တို့ကို ရေးသားထားသဖြင့် အခေါ်အဝေါ်တို့ကို သိစေရန် စာရေးသူမှ ရှင်းပြပါမည်။

**သေ်**...... ၁
**ဒွေး**...... ၂
**ယာမ–တိ**..... ၃
**စယ**...... ၄
**ပဥ္စ**...... ၅
**ဆ**...... ၆
**အဋ္ဌ**...... ၈
**နဝ**...... ၉
**ဘုဥ္စ**...... စားပါ

"**ဓိဝိန်ကို ဘာဂဲဖယဖြင့်ဖြတ်လေ**" မှာ အသက်တည်ပြီး (၄)နှင့် စားရမည်ဟု ဆိုလိုပါသည်။

***သုနက္ခတ္တ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခံ ရရှိကြပါစေ။***

**ကောင်းခန့်*(သခွတ်မြေ)* ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ခရီးယာယီ ရှိ မရှိနှင့်

## ယာယီရှိရာအရပ် တွက်နည်း-ဟောနည်း

ကောင်းခန့်
(သခွတ်မြေ)
ဝက်လက်



'ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်း ဝတ်လဲ ချွပ်စပြုကို တည်းအပ်နှင့်တွယ်၊ လှမြင်သမျှ စိတ်ပျက်အောင် လုပါတဲ့ အို...ကွယ့် မရေသည်'

အထက်ပါ စကားစုလေးသည် **စွယ်စုံရဆရာကြီး စလေဦးပုည၏** ရေသည်ပြဇာတ်ထဲမှ ရေသည် ယောက်ျားသုံးနှုန်းခဲ့သော စကားစာစု လေးဖြစ်၏။

ဆရာဦးပုညသည် ပြဇာတ်သားများ နှင့် အနုအရွအလှ နဘောကာရန် အချိတ်အဆက်မိမိ တေးထပ်ပေါင်း များစွာကို အလက်ာမြောက်အောင် ရေးဖွဲ့နိုင်စွမ်းရှိသော စာရေးဆရာကြီး တစ်ဦးလည်းဖြစ်သည်။

ထိုမျှပင်မက နက္ခတ်ဗေဒ အတတ် ကိုလည်း တတ်ကျွမ်းသူပီပီ ဗေဒင် တွက်နည်း ဟောနည်း များစွာကိုလည်း တတ်ကျွမ်းသော ပညာနှစ်ရပ်ကို ပေါင်းစပ်ပြီး တေးထပ်များအဖြစ် ဖတ်ရ မှတ်ရ လွယ်ကူအောင် နောင်လာ နောက်သားတို့အတွက် ရေးဖွဲ့မှတ် တမ်းတင်ခဲ့ပါသည်။

ထိုသို့ ဗေဒင်တွက်နည်းဟောနည်း တေးထပ်ပေါင်းများစွာထဲမှ **"ခရီး ယာယီ ရှိမရှိနှင့် ယာယီရှိရာအရပ်"** ကို ညွှန်ပြသော တေးထပ်တွက်နည်း တစ်ပုဒ်ကို ကောက်နုတ်၍ ဗေဒင် ဝါသနာရှင်များအတွက် လွယ်လင့် တကူ တွက်ယူနိုင်စေရန် ကျွန်ုပ်သည် ရှာဖွေတင်ပြထားပါသည်။

အောက်ပါ တွက်နည်း ဟောနည်း တေးထပ်ကို ဖတ်ရှုလေ့လာပါ။

"ရောက်သက်ကိုတည်မြှောက်ပဥ္စ ကိုးနှဝ ဘုဌာ၊ ဒွေးယာမဆအဌာ ယာယီသာမုချ ၎င်းကကြွင်းသည်ကို နဂိုရ်သာဟောတော့ ဆရာ၊ ဘယ်ရပ်ဖြန့်စကြာ သိသာအောင် ခဏ၊ ဇီဝိန်ကိုတာဂ ဖယ်ဖြင့်ဖြတ်လေ၊ ဒေါင်းစကြာဖာလ် ရဝိထောင့်ပါယမွေ အဂ္ဂိနဲ့ ဥတ္တရေ ဟုတ်မသွေစမ္မ တိဖသံသောရတဲ့၊ သုညထိန်ကုဋ္ဌိ မြန်းမဲ့ရွှေကိုယ် ဇေက်ပ မြေလက်ဆို ရွှေတဏ္ဍုသိုလ် ဉာဏ်ကြီးကွယ့် လေး"

အထက်တွင် ရေးပြခဲ့သော တွက် နည်း ဟောနည်း၏ ဆိုလိုရင်းမှာ...

**တွက်လိုသူ၏ ရောက်သက်ကိုတည် ပြီး (၅)နှင့် မြှောက်ပါ။ ထိုမြှောက်ပြီးကို (၉)နှင့်စားပါ။ လဒ်မလို အကြွင်းကိုကြည့် ပြီး အောက်ပါဟောနည်းနှင့် ဟောပါ။**

**အကြွင်းသည် ၂,၃,၆,၈ ကြွင်းမှု** ထိုသူသည် ထိုနှစ်အတွင်း ယာယီကိန်း ရှိသည်။**(ယာယီဆိုသည်မှာ နေရာ အပြောင်းအရွှေ့ ခရီးမကြာမကြာ ထွက်ရတတ်ခြင်းတို့ကို ဆိုပါသည်။)**

**အကြွင်းသည် ၁,၄,၅,၀ ကြွင်းမှု** ထိုသူသည် ထိုနှစ်အတွင်း "နဂိုရ်" ဖြစ်သည်။ (နဂိုရ်ဆိုသည်မှာ မိမိနေဆဲ အရပ် မိမိအလုပ်တွင် ပြောင်းရွှေ့မှု မရှိ ခရီးသွားလာမှု မရှိခြင်းကို ဆိုပါ သည်။)

ထိုမှတစ်ဆင့် မိမိ ယာယီရှိသော အရပ်ကို သိလိုမူ အောက်ပါတွက်နည်း ဖြင့် ထပ်ပြီးတွက်ပါ။

**တွက်နည်းမှာ...**

တွက်လိုသူ၏ ရောက်သက်ကို တည်ပြီး (၄)နှင့်စားပါ။

- **(၁)ခုကြွင်းမူ** ၃-ဂီထောင့်အရပ် နှင့် ရာဟုထောင့်အရပ်၊
- **(၂)ခုကြွင်းမူ** တောင်အရပ်နှင့် မြောက်အရပ်၊
- **(၃)ခုကြွင်းမူ** ၁-နွေထောင့်အရပ် နှင့် စနေထောင့်အရပ်၊
- **(၀)သုည ကြွင်းမူ** အရှေ့အရပ်နှင့် အနောက်အရပ်ဟု ဆိုပါသည်။

တွက်နည်း ဟောနည်းကို ဖတ်ပြီးပြီ ဆိုတော့ ပို၍ ရှင်းလင်းသွားစေရန် ဥပမာ နမူနာ တွက်ပြပါမည်။

**ဥပမာ - အသက်(၃၄)နှစ် ရှိသူကို တွက်ကြည့်မည် ဆိုပါစို့။**

* * *

**ရောက်သက်** ၃၄
**မြှောက်ကိန်း** × ၅
**စားကိန်း** ၉ ÷ ၁၇၀ = **၁၈-လဒ်မလိုပါ**
၉
၈၀
၇၂
၈ **အကြွင်းယူပါ**

| | | |
|---|---|---|
| ဝသံ<br>အရှေ့မြောက် | ကုဋ္ဌိ<br>အရှေ့ | အဂ္ဂိ<br>အရှေ့တောင် |
| ဥတ္တရာ<br>မြောက် | | အဂ္ဂိထာ<br>တောင် |
| ပါယဝ်<br>အနောက်မြောက် | ထိန်<br>အနောက် | သော<br>အနောက်တောင် |

အရပ်(၈)မျက်နှာအခေါ်

စာမျက်နှာ (၁၅၉) သို့



www.burmeseclassic.com

www.burmeseclassic.com








▲ မြို့ထောင့်တွင်စိုက်ထားသော ဘီလူးဂမုန်းပင်များ

◀ ဘီလူးဂမုန်းကို ပြသပေးနေသော နော်ဝင်းကြည်

ခြံလုံ၊ ဆေးဖက်ဝင် (ဘီလူးဂမုန်း)ခေါ်

# မင်းသားလေးဂမုန်းပင်

ဂမုန်းပင်များကို တချို့သောသူများ အလှအပအနေဖြင့် စိုက်ပျိုးကြသည်။ တချို့သော လူပုဂ္ဂိုလ်၊ ရသေ့ရဟန်းတို့သည် စီးပွားရေးအရ မိမိပိုင်ဥယျာဉ် ခြံမြေ လုံခြုံရေးအတွက် စိုက်ပျိုးထားကြပေသည်။

တချို့သော ဂမုန်းပင်များမှာ သစ်ပင် စိုက်ပျိုးရာတွင် ဝါသနာပါသူများအဖို့ စွဲမက်စရာ ဆန်းပြားလှပနေပေသည်။ တချို့သော ဂမုန်းပင်များမှာ ဘုရားကျောင်းကန်၊ ဥယျာဉ်ခြံမြေ လုံခြုံအောင် (အစောင့်သဘော) စိုက်ပျိုး၍ ရနိုင်သည့်အပြင် ဆေးဖက်တွင်လည်း အသုံးပြု၍ ရကြပါသည်။

အထက်ဖော်ပြပါ ဂမုန်းပင်မှာ (ဘီလူးဂမုန်း)ဟု ခေါ်ပါသည်။ စာရေးသူ မွန်ပြည်နယ်ချောင်းနှစ်ခွကျေးရွာ အပြန် မုဒုံမြို့တွင် ဝင်ရောက်တည်းခိုခင်း မုဒုံဆေးရုံကြီးတွင် အလုပ်လုပ်သော ဆရာမလေးနော်ဝင်းကြည် အိမ်ခြံထောင့်များတွင် စိုက်ပျိုးထားသည်ကို တွေ့မြင်သဖြင့် "အဲဒီဂမုန်းက ဘာကောင်းသလဲ" လို့ မေးကြည့်တော့...

'ဒီဂမုန်းက ခြံလုံပါတယ်။ ဆေးဖက်လဲ ဝင်ပါတယ်'

ဟု ကျွန်တော့်အား ပြန်ပြောပါသည်။

**▲'ပြောပါဦး ဆရာမရယ်၊ ကြုံတုန်း ဆုံတုန်း မေးရတာပေါ့'**

○'ဒီအပင်ကလေးက ကျွန်မတို့အဖေ **ဝင်းစိန်တောရကျောင်းသွားတုန်းက ယူလာတာပါ။** ကျွန်မတို့အိမ်က လူနည်းပါတယ်။ အဖေကလဲ တစ်ချိန်လုံး တရားအလုပ်နဲ့ တရားစခန်းတွေထွက်၊ ကျွန်မကလဲ ဆေးရုံအလုပ်၊ တစ်ဖက်နဲ့ ဆိုတော့ အိမ်စောင့်ဆိုတာ မရှိပါဘူး။ အဲဒီ ဘီလူးဂမုန်းပင်ကို ဒီအိမ်ရဲ့ လေးထောင့်မှာ စိုက်ထားပြီးတဲ့နောက် ခြံဟာ လုံခြုံလာပါတယ်'

**▲'အဲဒီလိုစိုက်ပြီးနောက်' ဂမုန်းပင်က ဘယ်လို ထူးခြားသလဲ၊ ဂမုန်းပင်ကို ဘာလုပ်ပေးရသေးသလဲ'**

○'ဂမုန်းပင်စိုက်ပြီး နောက်တစ်နေ့မှာပဲ ကျွန်မတို့အဖေက **ပေါက်ပေါက်ဆုပ်နဲ့ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းပေးပြီး** ဒီခြံတွင်းက အိမ်တွေ၊ ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးပါ၊ တစ်နှစ်တစ်ခါ ဂမုန်းပင်ကိုစောင့်တဲ့ ပုဂ္ဂိုလ်ကို ဒီလို ကျွေးမွေး လှူဒါန်းပါ့မယ်လို့ ပြောထားရပါတယ်။

အဲဒီလို ဂမုန်းပင်ကို ပြုလုပ်ပြီးတဲ့နောက်တော့ ထူးခြားမှု ရှိလာပါတယ်။

www.burmeseclassic.com

ကျွန်မအလုပ်သွားရင် ခြံထဲမှာ ဝက်တွေ မြေကြီးလာတူးပါတယ်။ ကျွန်မတို့မရှိရင် တိရစ္ဆာန်တောင်မှ မလာရဲပါဘူး'

▲'နောက်တစ်ခု ကျန်ပါသေးတယ်။ ဆေးဖက်ဝင်တယ်ဆိုတော့ ဘယ်လို ရောဂါမျိုးကို ဘယ်လိုကုရသလဲ ဆိုတာ ဘီလူးဂမုန်းနဲ့ပတ်သက်ပြီး ပြောပေးပါဦး'

○'ဒီဘီလူးဂမုန်းက **အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရာသီသွေး ထိမ်-ချုန်-ငုပ် မီးယပ်မပေါ်တာတွေ မဖြစ်ရအောင်** တစ်လကို တစ်ကြိမ် လောက် သူ့အပင်ကို ပြုတ်ပြီးတို့စားရင် မီးယပ်ကအစ ပျောက်ကင်းပါတယ်။ သူ့ဥတော့ ရှိပါတယ်။ ဥကိုတော့ စားဖို့မလိုပါဘူး။

သူ့အပင်ရဲ့ အရသာကတော့ မာလာဖူးပင်၊ တောက်တာပင်တွေရဲ့ အရသာနဲ့ တူပါတယ်၊ သူ့ကို ငါးပိရည်လေးထဲထည့် မြှုပ်တို့ကလေး စားလိုက်ရင် ထမင်းလဲမြိန်၊ ဆေးစားပြီးသားလဲ ဖြစ်သွားပါတယ်'

ဟု ဆရာမလေး နော်ဝင်းကြည်မှ ပြောပြပါသည်။

ဖော်ပြပါ (ဘီလူးဂမုန်းကို) **ကရင်ပြည်နယ်၊ ဝဲပုံကျောင်း သက်တော်ရှည် ဆရာတော် ဦးဩဘာသ၏ မှတ်တမ်းတွင်**...

ဘီလူးဂမုန်းအပင်သည် ဗုဒ္ဓသရုပ်ပန်းပင်နှင့် ဆင်တူ၏။ ပင်စည်မှာ နီရဲနေပြီး အရွက်အလယ်တည့်တည့်တွင် အနီရောင်အစင်းကြီးတစ်ခု ရှိပေသည်။ ဥပုံသဏ္ဌာန်မှာ ကန့်စွန်းဥပုံအနေအထားရှိပြီး အစွယ်သဖွယ် အတက်နှစ်ခုမှာ မြေကြီးထဲသို့ ကွေးကာဝင်နေတတ်သည်။

'အဲဒီ အစွယ်နှစ်ချောင်းထွက်လာရင် ကလေးတွေအနားမှာ သွားဆော့ရင် ဖျားနာတတ်ပါတယ်။ ဒီဂမုန်းကဆိုတော့ ဆရာတော်က ယတြာချေတဲ့အနေနဲ့ "**မင်းသားကလေးဂမုန်းလို့**" နာမည်ပြောင်းခေါ်လိုက်ပါတယ်။

ဒီဂမုန်းပင်က ဥကိုတော့ဆရာတော် နန်းတွင်းလျှာပွတ်ဆေးထဲမှာ ထည့်သုံးပါတယ်။ အစွမ်းလဲ ရှိပါတယ်'

ဟု အမိန့်ရှိလိုက်ပါသည်။

ဂမုန်းပင်များကို ဝါသနာပါ၍ စိုက်ပျိုးလိုသူများ၊ ဂမုန်းသုတေသနပြုရန် ဝါသနာပါသော သုတေသီပညာရှင်များ အထက်ဖော်ပြပါ **(ဘီလူးဂမုန်း) ခေါ် (မင်းသားလေး)**ဂမုန်းနှင့် ပတ်သက်၍ လေ့လာ စမ်းသပ်စိုက်ပျိုးနိုင်ရန် ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုအား တင်ပြလိုက်ရပါသည်။

***အနန္တမေတ္တာများဖြင့်***...

**သန်းထွန်းသိန်း** *(ဘားအံ)*

---

စာမျက်နှာ (၂၀၀)မှ အဆက်

ဖြစ်သော တေဇောရင့် ပြဒါးခါတ်လုံးကို လုံပြတ်တွင် ထည့်၍ ခါတ်ပျော်မီးဖြင့်ထိုးပါ။ ခါတ်သည် ကောင်းစွာ အရည်ပျော်လာသောအခါ ဒန်ဆီ ကျွေးစဉ်ကအတိုင်း အရည်ကျိုလောင်းထားသော နာချောင်းလေးများနှင့် တို့တို့ပေးပါ။

ခါတ်သည် ပင်ကိုတေဇောအားကို မယုတ်လျော့စေဘဲ တို့ပေးသော "နာ" အား ဆွဲယူဝါးမျိုစားသောက်ပြီး အဆီအနှစ်မျှသာ လက်ခံသိမ်းယူထားပါသည်။ အကာ (သို့မဟုတ်) မလိုအပ်သည်များကို ချော်အဖြစ် အန်ထုတ်ပစ်ပါလိမ့်မည်။

ဤနည်းဖြင့် ပြဒါးအလေးချိန်၏ (၂)ဆမှ (၅)ဆအထိ နာကို ကုန်သည်အထိ ကျွေးသွားရပါမည်။ ခါတ်ကို နာနှင့် ချက်နေခြင်း မဟုတ်ပါ။ **နာဆီသွင်းနေခြင်းသာ ဖြစ်ပါသည်။** အမြင် တူသယောင် ရှိသော်လည်း လုပ်နည်း လုပ်ဟန်ကွဲလွဲကြောင်း ဂရုပြုသင့်ပါသည်။

**နာပကတိအရောင်မှာ အဝါရောင် ဖြစ်ပြီး နာဆီပကတိအရောင်မှာမူ နီညိုရောင် ဖြစ်ပါသည်။ ထို့ကြောင့် ပြဒါး၏ သန္ဓေသားကို နီညိုရောင်အဆင်း ဖြစ်လာစေရန် ကူးပြောင်းပေးခြင်းလည်း ဖြစ်ပါသည်။**

နာဆီများ သွင်းပြီးပါက တေဇော ပြန်တက်လာ မှတ်တိုက်ကြည့်ပါ။ မှတ်ရောင်သည် အဖြူရောင်ပင် ဖြစ်ပါသည်။ မှတ်ရောင်သည် အဖြူရောင်ပင်ဖြစ်သော်လည်း အပေါ်ယံတွင် နာဆီ၏ အရောင်ဖြစ်သော အဝါရောင်များ သမ်းနေသည်ကို တွေ့ရပါလိမ့်မည်။ သေချာစွာ ကြည့်တတ်မှ မြင်သိပါမည်။ နာဆီအဝင်များလျှင်တော့ ထင်ရှားသိသာပါမည်။

ဤအဆင့် အောင်မြင်ပြီဆိုလျှင် သန္ဓေသားကို စောင့်ရှောက်မှု ကျေပွန်သွားပြီ (သို့မဟုတ်) သန္ဓေသား အောင်မာသွားပြီ ဖြစ်ပါသည်။ အချိန်ကာလစေ့သည်အထိ ကြပ်မထိန်းသိမ်းသွားဖို့ပင် လိုပါတော့သည်။

**ဆက်ရန်**

***ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**ဦးမနောမယ***(ပြည်)***



www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှ အဆက်**

## သန္ဓေကို စောင့်ရှောက်ခြင်း

ပြဒါးဓာတ်တွင် **ကိတ်မျိုးစေ့ကျပြီး (သို့မဟုတ်) ဒန်သန္ဓေ တည်ပြီဆိုလျှင်** တစ်ခါတစ်ရံ အလေးချိန် တိုးနေတတ်ပါသည်။ မိမိဓာတ်ကို မကြာခဏ ချိန်ခွင်တွင် တိတိကျကျ ချိန်ကြည့်နေရပါမည်။

အကယ်၍ ပြဒါးဓာတ်တွင် အလေးချိန် တိုးနေသည် ဆိုပါလျှင် အစာစားစဉ်အခါက ပါစက အားနည်းနေသဖြင့် ကြေညက်စွာ မဝါးမစားနိုင်၍သော်လည်းကောင်း၊ သို့မဟုတ် ကြေညက်စွာ ဝါမျိုးစားသောက်သည် မှန်သော်လည်း မလိုအပ်သည့် အညစ်အကြေးများကို အန်ထုတ်ရာတွင် မကုန်စင်သေး၍သော်လည်းကောင်း ဖြစ်တတ်ပါသည်။

ထိုသို့ ဓာတ်အလေးချိန် တိုးနေသည် ဆိုပါက ဓာတ်ကို လုံဖောက်တွင် ထည့်၍ အဖုံးငှား ဖုံးကာ ဖိုတိုက်တွင်းတွင် ခါးတိုက်အနေဖြင့် မီးသွေးငါးအုပ်ခန့် ကုန်သည်အထိ မီးမှန်မှန် ထိုးပြီး အဖုံးကို လှပ်ကာ နှပ်ထားရပါသည်။

ဓာတ်အပေါ်ကြော တင်း၍ ခဲခါနီးလျှင် အထက်ကနည်းအတိုင်း တစ်ဖန်ပြန်၍ ထိုးပေးလိုက်၊ အဖုံးလှပ်၍ နှပ်ထားလိုက်ဖြင့် အကြိမ်ကြိမ် လုပ်ပေးရပါမည်။

ဤသို့ လုပ်ဆောင်ပါက ဓာတ်တွင် ကျန်ရှိနေသော အဆီမဖြစ်သေးသည့်နာများသည် တဖြည်းဖြည်းချင်း ချော်ဖြစ်၍ ထွက်သွားပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် ဓာတ်သည်လည်း အတွင်းတေဇော အားတက်လာပါသည်။



# ပြဒါးမှ ရွှေပြုနိုင်ပါသလော (၃)

ဦးမနောမယ (ပြည်)



ပြီးလျှင် ဓာတ်ကိုချိန်ကြည့်ပါ။ **မူလအလေးချိန်အတိုင်း ပြန်ရောက်ပြီဆိုလျှင်** လုံခြောက်ထိုး၍ တေဇော တက်ပါတော့။ တေဇောလွန်၍ မမှားပါ။ တေဇောအား အလုံအလောက် ရှိထားဖို့သာ အရေးကြီးပါသည်။

တေဇောအား ပြည့်ဝနေမှ သန္ဓေသား (သို့မဟုတ်) ကိတ်မျိုးစေ့ကို အဟန့်အတားမရှိ ကြီးထွားလာအောင် စောင့်ရှောက်နိုင်မှာ ဖြစ်ပါသည်။

ရှေးဦးစွာ ဓာတ်တွင် ကြွင်းကျန်သမျှသော အညစ်အကြေးဟိတ်များကို ကုန်ခန်းစေပြီး ဓာတ်လည်း သေချာစွာ သန့်ရှင်းစင်ကြယ်စေရန်အတွက်လည်းကောင်း၊ တစ်ချိန်တည်းမှာပင် ကိတ်မျိုးစေ့ (သို့မဟုတ်) သန္ဓေကိုပါ အောင်မာစေရန်အတွက် လည်းကောင်း တစ်ပြိုင်တည်း အကျိုးသက်ရောက်မှုများ ရအောင် ဆောင်ရွက်ပေးရပါမည်။

"မီးနေ့ မီးရုပ်တို့ကို တတ်သိ နားလည်ပြီး ဓာတ်နှ့ဓာတ်ရင့် စသည်တို့ကို ချင့်ချိန်ကာ အစွမ်းရှိသော ဆေးတို့ဖြင့် တွဲဖက်လုပ်ဆောင်တတ်လျှင် ရွှေ့ငွေဆိုတာ ဖြစ်နိုင်သည်"

ဆိုသော မုံရွေးဇေတဝန်ဆရာတော်ကြီး၏ ဩဝါဒတော်အရ ယခု ပြဒါးလုံးနှင့် တွဲဖက်အသုံးပြုရန် ဆေးစုဆေးဖော်ရပါတော့မည်။

၁။ အိမ်သုံးဆား။
၂။ ကျည်တောက်ကန့်။
၃။ စိန်နီမြင်းသွား။
၄။ ယမ်းစိမ်း။
၅။ ပြဒါး။
၆။ ဇေက်သား၊
၇။ ဆေးဒန်း။
၈။ ဟင်းရိုင်း။
၉။ လက်ချား။

အထက်ပါ ဆေး(၉)မျိုးကို အားလုံး အလေးချိန်တူ စု၍ ပြဒါးကို ချန်ထားပြီး အမှုန့်ညက်စွာ ထောင်းရပါမည်။ ဆေးများအားလုံးသည် နာမ့်ဓာတ်များ ဖြစ်ကြောင်း သတိပြုပါ။

ဆေးများအားလုံး သေချာစွာ ညက်ပြီဆိုလျှင် သံပရာရည်နှင့် ခပ်ပျစ်ပျစ်သမအောင် မွှေပါ။ နောက် ပြဒါးကိုပါ ထည့်ပြီး သေချာနှံ့စပ်အောင် မွှေပါ။ ပြဒါးများ ပျောက်သွားပါလိမ့်မည်။

အားလုံးပြီးပါက ဆေးများကို နေရိပ်စပ်တွင် လှန်းထားပါ။ ထိုသို့ လှန်းထားစဉ်မှာလည်း အထက်အောက် သမသွားဖို့စရန် မကြာခဏ မွှေပေးနေရပါ



www.burmeseclassic.com

www.burmeseclassic.com

မည်။ ပြဒါးအုပ်စုဝင် အာကာသဓာတ်၊ နာမ်ဓာတ်များ ဖြစ်သဖြင့် နေပူကျဲကျဲ အပူရှိန် လွန်ကဲသော နေရာများတွင် မလှန်းသင့်ကြောင်း ဂရုပြုပါ။

ဆေးများ အတော်အတန် ခြောက်သွေ့သွားပါက နောက်ထပ် သံပရာရည် ထပ်ထည့်မွှေပြီး ပြန်၍ လှန်းထားပါ။ ဤနည်းဖြင့် သုံးကြိမ်ခန့် လုပ်ပြီးပါက တစ်ခါတည်း ခြောက်သွေ့အောင် လှန်းထားပါတော့။

ဆေးများ လုံးဝ ခြောက်သွေ့သွားပြီဆိုလျှင် ပုလင်းတွင် ထည့်၍ လေလုံစွာ သိမ်းထားပါ။ သုံးစွဲရန် အသင့်ဖြစ်ပါပြီ။ **"နဝင်းဆေး"**ဟု ခေါ်ပါသည်။

ပြဒါးလုံးကို ဆေးဖြင့် တွဲဖက် လုပ်ဆောင်တော့မည်ဆိုလျှင် လုံဖောက်တစ်လုံးတွင် ပြဒါးဓာတ်လုံးကို ထည့်၍ ခါးတိုက်အနေ ထားကာ အဖုံး ငှားဖုံးပြီး မီးမှန်မှန်ဖြင့် ထိုးပါ။ ဓာတ်အရည်ကောင်းစွာ ပျော်သောအခါ ဓာတ်လုံးနှင့် အလေးချိန် တူမျှသော အထက်ပါဆေးကို ခွက်တစ်ခုတွင်ထည့်ပြီး ညှပ်နှင့် လက်တစ်ဖက်တွင် အသင့်ကိုင်ထားကာ ကျန်လက်တစ်ဖက်တွင် အခြားညှပ်တစ်ခုဖြင့် မီးထဲမှ လုံအဖုံးကို ဖွင့်၍ ဆေးကို ဆတ်ခနဲ တစ်ကြိမ်တည်း အမြန်လောင်းထည့်ပြီး ချက်ချင်း အဖုံးကို ပြန်ပိတ်ပါ။

တစ်ဆက်တည်း မီးမှန်မှန် ဆက်ထိုးသွားရပါမည်။ ရပ်နားမထားရပါ။ လက် နှစ်ဖက်စလုံးကို တစ်ပြိုင်တည်း အသုံးပြုရပါမည်၊ လျင်မြန် ကျွမ်းကျင်ဖို့တော့ အထူးလိုအပ်ပါသည်။ သို့မဟုတ်က နာမ်ဓာတ်များဖြစ်သော ဆေးများသည် ဓာတ်တွင်းသို့ မဝင်နိုင်ဘဲ ထွက်သွားတတ်ပါသည်။

ဤနည်းကို အသုံးမပြုလိုဘူး ဆိုပါလျှင် **ဓာတ်နှင့်ဆေးကို နီး၍ ဖော်**



**ကောင်းစွာမံကာ နှုတ်ခမ်းတိုက်အနေဖြင့်** မီးမှန်မှန် ဆက်တိုက်ထိုးသွားရပါမည်။ အပေါ်စီးမှ မီးဖြင့်နိုင်အောင် ဖိထားရပါမည်။ သို့မှသာ ဓာတ်အတွင်းသို့ ဆေးဝင်မှာ ဖြစ်ပါသည်။

ဓာတ်လုံးနှင့် အလေးချိန်တူ ဆေးတစ်ကြိမ် ကောင်းကောင်း ဝင်သွားလျှင် လုံလောက်ပါသည်။ ဆေးကောင်းစွာ ဝင်သွားပြီဆိုလျှင် ဓာတ်လုံးသည် **မည်းပြောင်သော အဆင်းရှိပြီး အလေးချိန်လည်း တိုးနေပါမည်။**

အကယ်၍ ဆေးမဝင်ဘူးဆိုလျှင် စနစ်တကျ ဂရုတစိုက်ဖြင့် သေချာစွာ ထပ်မံလုပ်ဆောင်ရပါမည်။ ဆေးသည် တန်ဖိုးကြီးမားသဖြင့် အချည်းနှီး ဖြစ်မသွားစေရန် အထူးသတိမူ၍ ဆောင်ရွက်သင့်ပါသည်။

ဆေးဝင်ပြီးသောဓာတ်ကို လက်ချားချော်သစ် လုံရုံမျှအုပ်ကာ ဖော် ကောင်းစွာမံပြီး ခါးတိုက်အနေဖြင့်ပင် မီးမှန်မှန်နား၍နား၍ ထိုးသွားရပါမည်။ ဓာတ်၏ ကလာပ်စည်း တစ်ခုချင်းကို နဝင်းဆေးများ စိမ့်ဝင်ပူးကပ်သွားစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤ လုပ်ဆောင်ချက်များသည် ကိတ်မျိုးစေ့ (သို့မဟုတ်) သန္ဓေသားကို ကြီးထွားစေဖို့နှင့် အညစ်အကြေး အနှောင့်အယှက် ကင်းရှင်းစွာဖြင့် အောင်အောင်မာမာ ဖြစ်နိုင်ဖို့အတွက် အာဟာရများ ဖြည့်ပေးခြင်းသဘောပင် ဖြစ်ပါသည်။

ချော်နှင့် သုံးလုံခန့် ထိုးပြီးပါက ဓာတ်လုံးသည် အရောင် ပြန်၍ ဖြူလာပါမည်။အရောင်ဖြူလာပြီဆိုလျှင် လုံခြောက်ထိုး၍ တေဇောတက်သွားပါတော့။ လိုအပ်သည့် ဓာတ်အနေမှာ အလွန် ကျစ်လျစ်၍ သိပ်သည်းမှုကောင်းနေရပါမည်။

ထို့ကြောင့် တေဇောတက်သောအခါတွင် လေဖိအားများများကို အသုံးပြုပြီး မီးပြင်းထိုးသွားရပါမည်။ မီးအပူရှိန် များလွန်းသဖြင့် လုံခံနိုင်ရည်စွမ်းမရှိလောက်ဟု ယူဆလျှင် ခဏတာမျှ အနားပေး၍ လုံမီးရောင် ညိုသွားလျှင် ဆက်ထိုးပေးသွားရပါမည်။

ဤသို့ ထိုးသွား၍ တေဇော အားကောင်းလာပြီဆိုလျှင် ဓာတ်သည် ကျစ်လျစ်သွားသဖြင့် အရွယ်ပမာဏ သေးသွားသော်လည်း အလေးချိန်မှာ မူလအတိုင်းပင် ဖြစ်နေပါမည်။ **ဓာတ်လုံး၏ ပုံသဏ္ဍာန်မှာတော့ မလှမပ အခွက်အံချိုင့်များနှင့် ပိန်ပိန်ရှုံ့ရှုံ့ ဖြစ်နေပါမည်။**

ဓာတ်အနေသည် ထိုသို့ ဖြစ်လာပါမှ တေဇောအား အမှန်တကယ် ပြည့်ဝပြီးဟု မှတ်ယူရပါမည်။ သန္ဓေသား (သို့မဟုတ်) ကိတ်မျိုးစေ့မှာလည်း အောင်မာသည်ထက် အောင်မာလာပါမည်။ သို့မှသာ ရှေ့လုပ်ငန်းစဉ်သို့မဟုတ် သန္ဓေသား ကြီးရင့်အောင် ဆက်လက်ဆောင်ရွက်နိုင်ပါမည်။

နာသန့်သန့် (သို့မဟုတ်) နာ(၁၀) ကျပ်သားလျှင် ပြဒါး(၂)ပဲသားနှုန်းခန့် နှင့်တွဲပြီး အချောင်းသေးသေးလေး များ လောင်းထားပါ။

ဒန်သန္ဓေသားကိုဆောင်ထားသော (သို့မဟုတ်) ကိတ်မျိုးစေ့ အောင်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



# ကိုးနဝင်းအဓိဋ္ဌာန်

## ဖြိုးပြည့်လျှံ (၄၅)ရက် အဓိဋ္ဌာန်ပုတီးစိပ်နည်း

စရဏဦးအောင်



[ ၁ ]

(၄၅)ရက် အဓိဋ္ဌာန်ပုတီးစိပ်နည်း မတင်ပြမီ ဤကိုးနဝင်းပုတီးစိပ်နည်း နှင့် အကျိုးထူးပုံကို တင်ပြပါမည်။

ကျွန်ုပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တွင် နာမည်ကြီး တရားစခန်းတစ်ခု၌ တရားစခန်းဝင် တရားအားထုတ်သည်။ ကျွန်ုပ်သည် တရားစခန်းတာဝန်ခံ ဆရာတော်နှင့် ရင်းနှီးသူဖြစ်သဖြင့် ခက်ရှည်လများ တရားအားထုတ်လျက်ရှိသည်။

ထိုတရားစခန်းသို့ တရားလာအားထုတ်သူများ ဝင်လိုက်ထွက်လိုက် ဖြင့် လူစည်ကားလျက်ရှိသည်။ တရားလာရောက် အားထုတ်သူများအနက်မှ စစ်ကိုင်းတောင်ရိုး သီလရှင်စာသင်တိုက်ကြီးတစ်ခုမှ ပိဋကတ်စာပေ ကျမ်းဂန်တတ် စာချသီလရှင်တစ်ပါး နှင့် ကျွန်ုပ် ခင်မင်ရင်းနှီးသွားကြလေသည်။

သီလရှင်မှာ အသက်(၅၀)ကျော်ခန့်ရှိပြီဟု ခန့်မှန်းရသည်။ ယင်းသည် စာသင်စာချ စာပေပို့ချခြင်း အလုပ်ကို နှစ်ပေါင်းများစွာ လုပ်ခဲ့ပြီးဖြစ်၍ မိမိ ဘဝအတွက် တရားလာရောက်အား ထုတ်ခြင်းဖြစ်သည်။

တစ်ရက်တွင် တရားခေတ္တနားချိန်၌ ယင်းတို့ သီလရှင်အဖော်တစ်စုနှင့် ကျွန်ုပ်သည် စပ်မိစပ်ရာ စကားပြောဆိုကြရာမှ ကျွန်ုပ်က ဝိဇ္ဇာအကြောင်းကို ပြောဆိုမိလေသည်။ ထိုအခါ စစ်ကိုင်းသီလရှင်က အဘထ၏ ကိုးနဝင်း(၄၅)ရက် အဓိဋ္ဌာန်ပုတီးစိပ်နည်းအကြောင်းကို ပြောပြသည်။

အဘထ၏ ကိုးနဝင်းအဓိဋ္ဌာန်ပုတီးစိပ်နည်းဖြင့် အဓိဋ္ဌာန်ဝင်သူ၏(အမည်နှင့်တကွ) အချို့ အဓိဋ္ဌာန်အောင်မြင်သဖြင့် ဓနသိဒ္ဓိ၊ ပီယသိဒ္ဓိ ရရှိကြသည်ဟု ပြောသည့်အပြင် ယနေ့ အသက်ထင်ရှားရှိပြီး နာမည်ကြီးလျက်ရှိသော ယင်းပုဂ္ဂိုလ်တို့၏ အမည်ကိုလည်း ပြောပြသည်။

ကျွန်ုပ် စိတ်ဝင်စားသွားသည်။ အဓိဋ္ဌာန် ပြီးမြောက်အောင်မြင်ပါက ဓနသိဒ္ဓိ၊ ပီယသိဒ္ဓိအပြင် **နလုံးရောဂါ**ကိုလည်း ကုသနိုင်သည်ဟု နောက်ဆက်တွဲ ဆိုလာသဖြင့် ကျွန်ုပ် ပို၍ စိတ်ဝင်စားသွားသည်။ ထိုစဉ် တရားထိုင်ရန် အထိမ်းအမှတ် မောင်းတီးခတ်သဖြင့် စကားစ ပြတ်သွားကြသည်။

[ ၂ ]

နောက်ရက် တရား ခေတ္တနားချိန်တွင် စစ်ကိုင်းသီလရှင်နှင့် တွေ့ဆုံသည်။ သီလရှင်က အဘထ၏ အသက်(၄၅)နှစ်ပြည့် ဓမ္မလက်ဆောင် ရိုက်နှိပ်ထားသော စာရွက်ကို ပေးသည်။ (ပူးတွဲပါပုံစံ)

* * *

ကျွန်ုပ်က အဓိဋ္ဌာန်ဝင်ပုံဝင်နည်းကို မေးမြန်းရာ ယင်းသီလရှင်က အသေးစိတ်ပြောပြသည်။ ကျွန်ုပ်ကလည်း အသေအချာရေးမှတ်သည်။ **(အဘထဆိုသူသည် လူဝတ်ကြောင် မဟုတ်ပါ။ ရဟန်းဖြစ်ပါသည်။ ရဟန်းဘွဲ့မည်ကို မမှတ်မိတော့၍ မဖော်ပြလိုက်ပါ။ အဘထဟုသာ လူသိများပါသည်။ ရဟန်းမဝတ်မီ လူအမည်မှာ ဦးသောင်းညွန့် ဖြစ်သည်။)**

စစ်ကိုင်းသီလရှင် ဆက်လက်ပြောပြသည်မှာ အဘထသည် ယင်းအဓိဋ္ဌာန်နည်းအောင်မြင်၍ အဘထဓမ္မတရားကျောင်းတိုက် ဖွင့်လှစ်ထားကြောင်း၊ အဘထ၏ ဓမ္မတရားကျောင်းတိုက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်၊ သီရိမင်္ဂလာလမ်းမကြီးမှ ဝင်လျှင် စက်ရုံတစ်ရုံတွေ့မည် ဖြစ်ကြောင်း။ စက်ရုံနံဘေးရှိ အောင်ဖေယျလမ်းသို့ ဝင်သွားလျှင် အဘထ၏ ဓမ္မတရားကျောင်းတိုက် ဆိုင်းဘုတ်ကို တွေ့မြင်မည်ဖြစ်ကြောင်း အသေးစိတ် လမ်းညွှန်ပြောပြသည်။






www.burmeseclassic.com

www.burmeseclassic.com

## အဘယ၏ ကိုးနဝင်းအဓိဋ္ဌာန် ပြီးပြည့်လျှံ (၄၅)ရက်ပူဇော်စီပ်နည်း




စစ်ကိုင်းသီလရှင်သည် လနှင့်ချီ၍ နေထိုင် တရားအားထုတ်ပြီး ပြန်သွားလေသည်။

[ ၃ ]

ကျွန်ုပ်သည် အဘထ၏ ကိုးနဝင်း အဓိဋ္ဌာန်ဝင်ရန်အတွက် အဘထနှင့် တွေ့ဆုံ မေးမြန်းလိုသေးသည်။ ထို့ကြောင့် စစ်ကိုင်းသီလရှင် ပြောပြ လမ်းညွှန်သည့်အတိုင်း သွားသည်။ လိုင်းကားစီးပြီးသွားရာ အင်းစိန် ဖော့ကန် သီရိမင်္ဂလာထိပ်တွင် ဆင်းသည်။ ထိုမှ ဆိုက်ကားနှင့်သွားရင်း ဆိုက်ကားဆရာကို မေးမြန်းရာ ဆိုက်ကားဆရာက အဘထ၏ ကျောင်းတိုက်ကိုသိသဖြင့် အလွယ်တကူပင် ရောက်ရှိသွားလေသည်။

အဘထ၏ တရားကျောင်းအတွင်း၌ ကျောင်းကြီး၊ ကျောင်းငယ်များ ရှိသည်။ စေတီကြီးနှင့် စေတီငယ်များ၊ ဘုရားရုပ်ပွားတော်များရှိသည်။ ကျွန်ုပ်သည် လူတစ်ဦးအား အဘထနှင့် တွေ့လိုကြောင်းပြောရာ ထိုလူက အဘထ သီတင်းသုံးရာကျောင်းသို့ လိုက်ပို့သည်။

ကျွန်ုပ်သည် ကျောင်းပေါ်ရောက်တော့ အလွန်ကြီးကျယ်ခမ်းနားသော ဘုရားခန်းကို တွေ့ရသည်။ ဘုရားကို ဦးချသည်။ ဘုရားကို ဦးချနေစဉ် အတွင်းအခန်းထဲမှ ဆရာတော်တစ်ပါး ထွက်လာသည်။ ကျွန်ုပ်က ဆရာတော်အား ဦးချရင်း အဘထဆရာတော်နှင့် တွေ့လိုကြောင်းပြောရာယင်းက အဘထ ဖြစ်ကြောင်းပြော၍ အဘထမှန်းသိရသည်။

ကျွန်ုပ်က စစ်ကိုင်းသီလရှင်ပြောပြ၍ ဆရာတော်အကြောင်း သိရှိပါကြောင်း အစချီ၍ အစုံအလင် လျှောက်ထားလေသည်။ အဘထဆရာတော်သည် စစ်ကိုင်းသီလရှင်နှင့် ရင်းနှီးသူဖြစ်သည်။ ကျွန်ုပ်က အဘထ၏ ကိုးနဝင်းအဓိဋ္ဌာန်ပြီးမြောက်အောင်မြင်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း၊ မည်သို့ မည်ပုံ ကျင့်ကြံအားထုတ် လုပ်ကိုင်ရမည်ကို နည်းပေးညွှန်ကြားပါရန် လျှောက်ထားသည်။

အဘထ ၊ စစ်ကိုင်းသီလရှင်ပြောသည့်အတိုင်းဖြစ်ကြောင်း။ သို့သော် အဓိဋ္ဌာန်ဝင်သည့်အခါ အနည်းဆုံး ရှစ်ပါးသီလ လုံခြုံဖို့လိုကြောင်း။ အဓိဋ္ဌာန်ဝင်လျှင် တိတ်ဆိတ်ငြိမ်သက်သည့် နေရာ၌ တစ်ယောက်တည်း နေလျှင် ကောင်းကြောင်း။ လူသူနှင့် ဝေးကွာသည့် တောကျောင်း (သို့မဟုတ်) တောရပ်ဒေသရှိ ခြံမြေများတွင် မိမိကိုယ်ပိုင်တဲ ဆောက်လုပ်ပြီးနေလျှင် ပိုကောင်းကြောင်း။ အဓိဋ္ဌာန်ဝင်တော့မည်ဆိုလျှင် ဆွမ်းတော်ဆီမီးပန်းလှူရမည့် ပစ္စည်းအစုံအလင် စုဆောင်းပြီး အဓိဋ္ဌာန်ဝင်လျှင် အကောင်းဆုံးဖြစ်


www.burmeseclassic.com

www.burmeseclassic.com

ကြောင်း အမိန့်ရှိသည်။

'ဆရာတော်ဘုရား... ဒီကိုးနဝင်း အဓိဋ္ဌာန်ဝင်ပြီး အောင်မြင်သည့် ပုဂ္ဂိုလ် ကောရှိလား ဘုရား'

'ရှိတာပေါ့...။ ပုဂ္ဂိုလ်ဟာ အစက ကျုပ်တပည့်ပဲ အခုတော့'

(ယနေ့ ရန်ကုန်မြို့တွင် နာမည်ကြီး နေသည့် ပုဂ္ဂိုလ်အမည်ကို ပြောသည်။)

ကျွန်ုပ်သည် အဘထဆရာတော် နှင့် စကားပြောနေစဉ် ဧည့်သည်များ ရောက်လာကြသဖြင့် ကျွန်ုပ်သည် အဘထဆရာတော်ကို ဦးချနှုတ်ဆက် ပြီး ပြန်လာခဲ့သည်။

[ ၄ ]

ကျွန်ုပ်သည် အဓိဋ္ဌာန်ဝင်ရာ၌ သုံး မည့် ပစ္စည်းပစ္စယများကို စုဆောင်း ပြီး ကိုးနဝင်း (၄၅)ရက်အဓိဋ္ဌာန်ကို ကျွန်ုပ် နှစ်ရှည်လများ နေထိုင်လျက်ရှိ သော တရားစခန်းတွင်ပင် အဓိဋ္ဌာန် အလုပ်လုပ်သည်။

ကျွန်ုပ်သည် ပထမပါဒကို (၂၀-၁၁-၂၀၀၁)စပြီး (၃-၁-၂၀၀၂)တွင် ပြီးသည်။ ဒုတိယပါဒကို (၈-၁-၂၀၀၂) တွင်စပြီး (၂၂-၂-၂၀၀၂)တွင် ပြီး သည်။ တတိယပါဒကို(၂၇-၂-၂၀၀၂) တွင်စပြီး(၁၂-၄-၂၀၀၂)တွင်ပြီးသည်။ စတုတ္ထပါဒကို (၁၇-၄-၂၀၀၂)တွင် စပြီး (၃၁-၄-၂၀၀၂)တွင် ပြီးသည်။ ပဥ္စမပါဒကို (၁-၆-၂၀၀၂)တွင် စပြီး (၁၅-၇-၂၀၀၂)တွင် ပြီးသည်။ ဆဋ္ဌမ ပါဒကို (၁၇-၇-၂၀၀၂)တွင် စပြီး (၃၀-၈-၂၀၀၂)တွင် ပြီးသည်။ သတ္တမ ပါဒကို (၄-၉-၂၀၀၂)တွင်စ၍ ရက်ပိုင်းအတွင်းမှာပင် ပျက်သည်။ အဓိဋ္ဌာန်ပျက်၍ နှမြောတသဖြစ်လျက် ရှိသည်။

ကျွန်ုပ်သည် သဒ္ဓါထက်သန်စွာ ယုံကြည်ကြည်ဖြင့် ကြိုးစား၍ လုပ်ပါ



၏။ သို့သော် (၆)ပါဒအပြီး၌ မရှုစိတ် သူတို့၏ နှောင့်ယှက်မှုကြောင့် ကျွန်ုပ် ရက်ရှည် အဓိဋ္ဌာန်ပျက်ခဲ့ရသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တရားစခန်းမှ ထွက်ခဲ့သည်မှာ ယနေ့အထိဖြစ်သည်။

အဘထဆရာတော်က (၉)ပါဒပြည့် လျှင် အဓိဋ္ဌာန်အောင်ပြီး လိုရာဆန္ဒ ပြည့်ဝမည်ဟု အမိန့်ရှိသည်။ ပထမ အကြိမ် (၉)ပါဒပြည့်၍ အလိုဆန္ဒ မပြီးမြောက်လျှင် ဒုတိယအကြိမ် (၉)ပါဒ အဓိဋ္ဌာန်ထပ်ဝင် မုချ လိုအင် ဆန္ဒ ပြည့်ဝမည်ဟု မိန့်သည်။

အကယ်၍ အဓိဋ္ဌာန်မပျက်ဘဲ လုပ်နိုင်ပါက အဓိဋ္ဌာန်အောင်မြင်ပြီး လိုရာဆန္ဒပြည့်ဝမည်ဟု ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ်၏ အဓိဋ္ဌာန် ပျက်ခဲ့သည့်အတွက် ယူကျုံးမရဖြစ်ရ လေသည်။ စိတ်မလျှော့သေးပါ။ အဘထပြောသည့်အတိုင်း အနှောင့် အယှက်ကင်းရှင်းမည်။ တောတောင် ဒေသ (သို့မဟုတ်) ခြံမြေတို့တွင် တဲ အိမ်ထိုးပြီး တစ်ဦးတည်းနေ၍ အဓိဋ္ဌာန် ဝင်ဦးမည်ဟု ကျွန်ုပ်ကြံစည်လျက် ရှိ သည်။ အဓိဋ္ဌာန် ပြီးမြောက်အောင်မြင် ပါက အလိုဆန္ဒပြည့်မည်ဟုလည်း ယုံကြည်လျက်ရှိသည်။

ယင်းအဘထ၏ ကိုးနဝင်းအဓိဋ္ဌာန် ဝင်နည်းကို အဓိဋ္ဌာန်ဝင်လိုသူများ အဓိဋ္ဌာန်ဝင်နိုင်ရန်အတွက် အဓိဋ္ဌာန် ဝင်နည်း အပြည့်အစုံကို ဖော်ပြလိုက်ပါ သည်။

**အဘထ၏ ကိုးနဝင်းအဓိဋ္ဌာန်**

**ပြီးပြည့်လျှံ (၄၅)ရက်**

**အဓိဋ္ဌာန်ဝင် ပုတီးစိပ်နည်း**

မြင်တာက အတိတ်

နိမိတ်က လက်ဆောင်

ကြားတာက တဘောင်

**အဓိဋ္ဌာန်မဝင်မီ**

**ဆောင်ရွက်ရမည့် အချက်များ**

၁။ အဓိဋ္ဌာန်ဝင်လျှင် မိမိမွေးနေ့မှစ၍ အဓိဋ္ဌာန်စတင်ဝင်ပါ။

၂။ သီးသန့် မြေအိုးအသစ်တစ်လုံးနှင့် ဆန်နို့ဆီဘူး တစ်လုံးချက်ပါ။

၃။ ချက်ပြီးထမင်းကို အပွဲအနာအဆာ မပါသော ပန်းကန်ပြားတွင် ထည့်၍ ထမင်းအပေါ်၌ ပေါက်ပေါက်များ များဖြူးပြီး ပျားရည်ဆမ်းပါ။

၄။ ပေါက်ပေါက် ပျားရည်ဆမ်းထမင်း ကို ဘုရားကပ်လှူပါ။

၅။ သိဒ္ဓိရှင် သူတော်စင်သူတော်မြတ် ပုဂ္ဂိုလ်များနှင့် နတ်ကောင်းနတ်မြတ် များအား တိုင်တည်အသိပေးပါ။

၆။ ထို့နောက် အောက်ဖော်ပြပါဂါထာ ကို ရွတ်ဆိုပါ။

အဝွဒိဝသေ အဓိဋ္ဌာန် ကရောမိ
အဓိဋ္ဌာန် ဟရာမိ
အဓိဋ္ဌာန် အာရာဒေမိ

ဒုတိယမ္ပိ အဝွဒိဝသေ အဓိဋ္ဌာန် ကရောမိ
အဓိဋ္ဌာန် ဟရာမိ
အဓိဋ္ဌာန် အာရာဒေမိ

တတိယမ္ပိ အဝွဒိဝသေ အဓိဋ္ဌာန် ကရောမိ
အဓိဋ္ဌာန် ဟရာမိ
အဓိဋ္ဌာန် အာရာဒေမိ

**အနက်**

**အဝွဒိဝသေ**-ယနေ့၌၊ **အဓိဋ္ဌာန်**-အဓိဋ္ဌာန်ကို၊ **ကရောမိ**-ပြုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



**အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **ဟရာမိ**–ဆောင်ပါ၏၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **အာရာဓေမိ**–နှစ်သက်စေပါ၏။

**ဒုတိယမ္ပိ**–နှစ်ကြိမ်မြောက်လည်း၊ **အဇ္ဇဒိဝသေ**–ယနေ့၌၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **ကရောမိ**–ပြုပါ၏၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **ဟရာမိ**–ဆောင်ပါ၏၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **အာရာဓေမိ**–နှစ်သက်စေပါ၏။

**တတိယမ္ပိ**–သုံးကြိမ်မြောက်လည်း၊ **အဇ္ဇဒိဝသေ**–ယနေ့၌၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **ကရောမိ**–ပြုပါ၏၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **ဟရာမိ**–ဆောင်ပါ၏၊ **အဓိဋ္ဌာနံ**–အဓိဋ္ဌာန်ကို၊ **အာရာဓေမိ**–နှစ်သက်စေပါ၏။

**လျှောက်ထားရန်**

လူနတ်ပြဟ္မာ သတ္တဝါတို့ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား။ ဘုရားတပည့်တော်သည် ယနေ့မှအစပြု၍ (၄၅)ရက်တိုင်တိုင် အဓိဋ္ဌာန်တင် ဆောက်တည်ပါမည်ဘုရားဟု လျှောက်ထားပါသည်။ ဘုရားတပည့်တော်သည် အဓိဋ္ဌာန်ကို ခံယူပါ၏ အရှင်မြတ်ဘုရား။

ထို့နောက် အောက်ဖော်ပြပါ သရဏဂုံနှင့် ဂါထာများကို နံပါတ်စဉ်အတိုင်း ရွတ်ဆို၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။

အမှတ်စဉ်(၁)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ *(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ်၊ (၉)ရက် စိပ်ပါ။]**

အမှတ်စဉ်(၂)

သော ဘဂဝါ ဣတိပိ အရဟံ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ သုဂတော၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ လောကဝိဒူ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ *(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

သော ဘဂဝါ ဣတိပိ ဘဂဝါ၊

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ် စိပ်ပါ။]**

အမှတ်စဉ်(၃)

ပထမံသကလက္ခဏမေဒပံ
ဒုတိယာဒိပဒဿနိ ဒဿနတော
သမနီ ဒုနိမာ သမဒ္ဒ သနိဒ္ဒ
ကမတော ဝိဘာဇေ ပထမေန ဝိနာ။

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ်၊ (၉)ရက် စိပ်ပါ။]**

ခက်ခဲသော ပါဠိအသံထွက်

**လက္ခဏ** =လက်ခန
**ပဒဿ** =ပဒတ်သ
**ဒဿနတော** =ဒတ်သနတော

**အနက်**

**ပထမံ**–ရှေးဦးစွာသော၊ **ကေပဒံ**–တစ်ခုသော အနက်အဖို့သည်၊ **သက လက္ခဏံ**–မိမိ၏သဘောအနက်သည်၊ **ဟောတိ**–ဖြစ်၏၊ **ဒုတိယာဒိပဒဿ**–ဒုတိယစသောအနက်အဖို့ကို၊ **သမနီ**–သမုဒ္ဒယမဂ္ဂနိရောဓသစ္စာကို လည်းကောင်း၊ **ဒုနိမာ**–ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာကို လည်းကောင်း၊ **သမဒ္ဒ**–သမုဒယသစ္စာ, မဂ္ဂသစ္စာ, ဒုက္ခသစ္စာကိုလည်းကောင်း၊ **သနိဒ္ဒ**–သမုဒယသစ္စာ, နိရောဓသစ္စာ, ဒုက္ခသစ္စာကို လည်းကောင်း၊ **နိဒဿနတော**–ထောက်ထား၍ မြင်အပ်သောကြောင့်၊ **ပထမေန**–ပထမအနက်နှင့်၊ **ဝိနာ**–ကင်း၍၊ **ကမတော**–အစဉ်အတိုင်း **ဝိဘာဇေ**–ဝေဘန်ရာ၏။

အမှတ်စဉ်(၄)

အလိုတော်ပြည့် မဟာဗုဒ္ဓေါ
ဒေဝ မနုဿ ပူဇိတော၊
သော ရဟော ပစ္စယာဒီနံ၊
မဟာ ဓနံ ကရောတုမေ။

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ ပုတီး ၉–ပတ်၊ (၉)ရက် စိပ်ပါ။]**

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** =ဗုတ်ဒေါ
**ဒေဝမနုဿ** =ဒေဝမနုဿ

www.burmeseclassic.com

www.burmeseclassic.com

**ပစ္စယာဒီနံ** =ပစ်စယာဒီနံ

**အနက်**

**ဒေဝမနုဿပူဇိတော**–နတ်လူတို့သည် ပူဇော်အပ်ပေထသော၊ **အလိုတော်ပြည့်မဟာမုဒ္ဒေါ**–အလိုတော်ပြည့်ဘုရားကြီးသည်၊ **အတ္တိ**–ထင်ရှားမသေ့ ရှိပါပေ၏၊ **သော**–ထိုအလိုတော် ပြည့်ဘုရားကြီးသည်၊ **ပစ္စယာဒီနံ**–လှူဖွယ်တန်းဖွယ် ပူဇော်ဖွယ်ရာပစ္စည်း စသည်တို့ကို၊ **အရဟော**–ခံယူတော်မူထိုက်၏၊ **မေ**–အကျွန်ုပ်အား ဉစ္စာစီးပွား များပြားခြင်းကို၊ **ကရောတု**–ပြုတော်မူပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

အမှတ်စဉ်(၅)

ပုတီးမပါ အာနာပါဏ သတိ

ဝင်လေ – အရဟံသိဒ္ဓိ

ထွက်လေ – နမောဗိ။

*(ပုတီးတစ်လုံးချ)*

**[တစ်နေ့ (၄၅)မိနစ် ဝင်လေ၊ ထွက်လေမှတ်ပါ။ (၉)ရက်မှတ်ပါ။]**

နေ့စဉ် အဓိဋ္ဌာန်ပုတီး (၉)ရက်ပြည့်ပြီးတိုင်း မိမိပြုခဲ့သမျှသော ကောင်းမှုကုသိုလ် အစုစုကို သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေပါ။ မေတ္တာပို့ပါ။ ယင်းသို့ ပြီးဆုံးလျှင် တစ်ရက်အဖို့ အဓိဋ္ဌာန်ပြီး၏။

တစ်ရက်လျှင် အဓိဋ္ဌာန်ပုတီး (၉)ပတ်၊ (၉)ရက်စိပ်ပြီးတိုင်း နောက် (၉)ရက်စလျှင် စသည့်နေ့၌ ပထမနေ့ ဘုရားဆွမ်းကပ်သည့်ပုံစံအတိုင်း ဆွမ်းကပ်၍ အဓိဋ္ဌာန်ဝင်ပါ။

အမှတ်စဉ်(၁)မှ အမှတ်စဉ်(၅)ထိပြီးလျှင် (၄၅)ရက် ရပါမည်။ ယင်း(၄၅)ရက်ကို တစ်ပါဒဟုခေါ်ပါသည်။ တစ်ပတ်ခန့် နားနားနေနေနေနိုင်ပြီး အဓိဋ္ဌာန် စဝင်လျှင် မိမိမွေးနေ့မှစ၍ အဓိဋ္ဌာန် စဝင်ပါ။ (၄၅)ရက် တစ်ပါဒ၊ (၉)ပါဒ ပြည့်အောင် အဓိဋ္ဌာန်ဝင်ပါ။ (၉)ပါဒ ပြည့်လျှင် ဓနသိဒ္ဓိ,ပီယသိဒ္ဓိ ပြီးမြောက်သည်ဟု အဘထဆရာတော်က အမိန့်ရှိပါသည်။

အကယ်၍ ဓနသိဒ္ဓိ,ပီယသိဒ္ဓိမရ ရှိပါက ဘာကြောင့်မရသည်ကို မိမိကိုယ်ကို မိမိ စိစစ်ဆင်ခြင်သုံးသပ်ပါ။ ချွတ်ယွင်းချက်ကို ပြုပြင်ပြီး ဒုတိယအကြိမ် အဓိဋ္ဌာန်ဆက်ဝင်ပါ။ တစ်ကြိမ်ကြိမ်တွင် မုချ ဓနသိဒ္ဓိ,ပီယ သိဒ္ဓိ ရရှိစေမည်ဟု အဘထဆရာတော်က စိတ်အားထက်သန်စွာ အမိန့်ရှိပါသည်။ ရှေးက အောင်မြင်ပြီးကြသည့် ပုဂ္ဂိုလ်ကို ညွှန်ပြ၍လည်း အမိန့်ရှိပါသည်။

***သိဒ္ဓိမြောက်၍ အောင်မြင်ကြပါစေ။***

**စရဏဦးအောင်**



## ကြက်သွန်ဖြူနံ့ပျောက်ကြောင်း

ခံတွင်းအနံ့ ဆိုးခဲ့သော်

ကျွန်မတို့ မိန်းကလေးများသည် အသုပ်စုံ၊ လက်ဖက်သုပ် စသည်တို့ကို မက်မောစွာ စားကြပါသည်။ ထိုအသုပ်စုံများထဲတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူကိုထည့်စားလေ့ရှိပါသည်။

စားပြီးပြန်တော့ ပါးစပ်တွင် ကြက်သွန်နီ,ကြက်သွန်ဖြူ၏ ရနံ့ဆိုးကြောင့် စကားကို လူကြားထဲ မပြောဝံ့ဘဲ နှုတ်ပိတ်နေရတတ်ပါသည်။

ဤအနံ့ဆိုးကို စာရေးသူ၏မိခင်ဒေါ်အေးမှ ပြောပြ၍ ပြုလုပ်ကြည့်ရာ လုံးဝ ပါးစပ်မှ အနံ့မထွက်တော့ကြောင်း လက်တွေ့ ခံစားရပါသည်၊ စာရေးသူလိုပင် အမျိုးသမီးတိုင်း ဤဒုက္ခမှ ကင်းလွတ်ရန် လက်တွေ့ပြုလုပ်ကြည့်လျှင် ရနံ့ဆိုး ပျောက်ကင်းကြောင်း တွေ့ရပါမည်။

ပြုလုပ်နည်းမှာ လွယ်ကူလှပါသည်။ **ဆန်ပုံးထဲမှ ဆန်စေ့ နှစ်ဆယ်ခန့်ကို ဝါး၍ ထွေးပစ်လျှင် အံ့ဩဖွယ်ရာ ပါးစပ်မှ ကြက်သွန်နံ့ ပျောက်ကင်းသွားပါမည်။**

သံပရာရည် (သို့မဟုတ်) **နွားနို့အစိမ်း**ကို သောက်ခြင်းဖြင့်လည်း ပျောက်ကင်းစေပါသည်။

အလွယ်တကူ ရရာပစ္စည်းဖြင့် ဆိုးရွားသော ကြက်သွန်ဖြူ,နီ အနံ့ ပျောက်ကင်းနိုင်သည်မို့ ပါးစပ်နံ့မှာ ကြောက်သူများအတွက် ရေးသား ဖော်ပြအပ်ပါသည်။

**နည်းပြောပြသော မိခင်ကြီးကို ကန်တော့လျက်...**

**ခင်ဇာနည်ကျော်(ကောလင်း)**



www.burmeseclassic.com

www.burmeseclassic.com



# မျက်မှန် အဆောင် လွတ်စေသော

## ဆေးနည်း



တစ်နေ့တွင် ကျွန်ုပ်သည် ဇင်ယော် လက်ဖက်ရည်ဆိုင် ရှေ့မှ ဖြတ်အသွား လက်ဖက်ရည်ဆိုင်အတွင်းမှ အသိမိတ်ဆွေ ဦးတင်ဝင်းက လှမ်းမြင်၍…

'ဆရာကြည် လက်ဖက်ရည် သောက်ရအောင်'

ဆိုပြီး ကျွန်ုပ်ကို ဖိတ်မန္တက ပြုလာချေသည်၊ သို့နှင့် ကျွန်ုပ်သည် ဦးတင်ဝင်းနှင့်အတူ လက်ဖက်ရည် သောက်ဖြစ်ခဲ့၏။

'ဦးတင်ဝင်းမှာ မျက်မှန် မပါပါလား။ မျက်မှန်မပါဘဲ လမ်းလျှောက်လို့ရနေပြီလား'

ကျွန်ုပ်က ယင်းသို့ မေးလိုက်သောအခါ မိတ်ဆွေကြီး ဦးတင်ဝင်းက…

'ကျွန်တော် မျက်မှန်မပါဘဲ လမ်းလျှောက်လို့ရပြီ ဆရာကြည်၊ မျက်စိတွေ အခု မမှုန်တော့ဘူးဗျ'

'တယ်ဟုတ်ပါလား **ဘာဆေးတွေများ မှီဝဲလို့ပါလဲ**'

'ဆေးဆိုမှ ဆရာကြည်ကို ပြောချင်နေတာနဲ့ အတော်ပဲ။ ကျွန်တော် မှီဝဲတဲ့ဆေးက…

ခပေါင်းရေကြည် အခေါက် (၁၀)ကျပ်သားလောက်ကို ထန်းလျက်(၃)လုံး ရေ(၉)ခွက်နဲ့ ရောကျိုပြီး အအေးခံတယ်။ ပြီးမှ အရည်ကို စစ်ယူပြီး ပုလင်းတစ်လုံးနဲ့ ထည့်ထားတယ်။

နံနက်တိုင်း ခရီး(၂)မိုင်လောက် လမ်းလျှောက်ထွက်ပြီး အပြန်မှာ အဲဒီဆေးရည်ကို လက်ဖက်ရည်ပန်းကန် တစ်လုံးစာမျှ သောက်ပေးတယ်၊

ဆေးရည်ကုန်ရင် နောက်တစ်ကြိမ် စိမ်ပြီး မပြတ် မှီဝဲတယ်။ ဒီလိုနဲ့ မျက်စိတွေ မျက်မှန်မတပ်ဘဲ လမ်းလျှောက်လို့ရလာတာပေါ့ ဆရာကြည်'

'ခင်ဗျား ဆေးနည်းတော့ ကြိုက်သွားပြီဗျာ'

'ဆရာကြည်က ဆောင်းပါးရေးမလို့ မဟုတ်လား၊ ကျွန်တော်က ဆောင်းပါးခေါင်းစဉ်ပါ တစ်ပါတည်း ပေးလိုက်မယ်'

'ဆိုစမ်းပါဦးဗျ… ခေါင်းစဉ်လေးက'

'မျက်မှန်အဆောင် လွတ်စေသောဆေးနည်း'

'ကောင်းလိုက်လေ ဦးတင်ဝင်းရေ'

ကြည်မြိုင်



◆ ဘောစကိုင်း

# အိမ်ရှင်မများ သိမှတ်ဖွယ်

ကျွန်မတို့လို အိမ်ရှင်မများ အမဲသားနုပ်တဲ့အခါ မနူးနပ်လွယ်ရင် **''ဘောစကိုင်း''** တချို့အရပ်ဒေသမှာ **''အဝေရာ''လို့ခေါ်တဲ့ အပင်ရဲ့ လက်သန်းလောက် တုတ်တဲ့ကိုင်း တစ်လက်မလောက်** ဖြတ်ထည့်လိုက်ရင် အချိန်တိုအတွင်း နူးနပ်လာပါလိမ့်မယ်။

အိမ်ရှင်များ **ကုလားပဲဆန်ဟင်းချက်လို့ နူးနပ်လွယ်ချင်ရင် ရေတ်သီးခြောက် (၃,၄)တောင့်လောက်** ထည့်လိုက်ရင် အဆင်ပြေသွားပြီပေါ့ရှင်။

**အမျိုးသမီးများ ဓမ္မတာလွန်ရင်** ဘူးရွက် လက်တစ်ဆုပ်လောက် ပြုတ်ပြီး အရည်သောက်ရင် တစ်ခွက်အတွင်း သိသာနည်းသွားမှာပါ။

ယိမ်းဝသုန်(န.[illegible])



www.burmeseclassic.com

www.burmeseclassic.com



# ဥ-ဩ-သံ-ကြက် စီးပွားတက်



လောကီလောကုတ် ပညာရပ်များကို ဆရာအဆူဆူ ပညာရှင်အသီးသီးထံမှ တစ်ဆင့် အဖက်ဖက်က ကြိုးစား၍ ဖြန့်ဝေနေသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား အထူးပဲ ကျေးဇူးတင်မိပါသည်။

စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်တစ်ဦးပါ။ ဆရာရှင်အသီးသီးတို့၏ ပညာရပ်များကို ဖတ်ရင်း မှတ်ရင်း သိမ်းဆည်းရင်းဖြင့် မိမိတွင် ရရှိထားသော ပညာရပ်ကလေးများကို တင်ပြလိုသည်မှာ ကြာခဲ့ပါပြီ။ အခွင့်မသာ၍ မရေးဖြစ်ခဲ့ခြင်းပါ။

အများပြည်သူ အပေါင်းအတွက် ထက်သန်သော စေတနာဖြင့် ပညာဒါနပြုလိုက်ခြင်း ဖြစ်ပါသည်။ မသိသူကျော်သွား သိသူဖော်စား ဆိုသလို ဆိုပြန်သော်လည်း ယုံကြည်သူများဖော်စား၍ မယုံကြည်သူများ ကျော်သွားမြဲပါ။

"ဥ-ဩ-သံ-တက် စီးပွားတက်"

ဟူ၍ ခေါင်းစီးတပ်ထားပါသည်။ စီးပွားလာဘ်လာဘ တိုးတက်လိုသူများ မိမိ၏အိမ် မိသားစု ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် အစီအရင် ပညာရပ်ကလေး ဖြစ်ပါသည်။

**"ဥ"ဆိုသည်မှာ...**

ဥသျှစ်မြစ် ငါးကျပ်သား၊

**"ဩ"ဆိုသည်မှာ...**

ဩဇာမြစ် ငါးကျပ်သား၊

**"သံ"ဆိုသည်မှာ...**

သံပရာမြစ် ငါးကျပ်သား၊

**"ကြက်"ဆိုသည်မှာ...**

ကြက်ဟင်းခါးမြစ် ငါးကျပ်သားတို့ ဖြစ်ပါသည်။

ဆေးအားလုံး အခြောက်လှန်း အမှုန့်ပြုထားပါ။

**သွပ်ငါးကျပ်သားကို ထုံးရည်ကြည်တွင်** လောင်း၍ သန့်စင်ပါ။ မလုပ်တတ်ပါက အဂ္ဂိရတ်ဆရာတစ်ဦးဦးကို အကူအညီတောင်း၍ သန့်စင်နိုင်ပါသည်။

ဆံ့လောက်သော ဇလုံကြီးထဲတွင် ဆေးမှုန့်တစ်ဝက်ကို နာနာသိပ်၍ သွပ်ငါးကျပ်သား အသန့်အစင်ကို ထည့်၊ အပေါ်မှ ကျန်ဆေးမှုန့်များကို သိပ်ထည့်ပြီး၊ လုံပိတ်ဖော်သုံးထပ်မံ၊ အခြောက်လှန်း။

ခြောက်လျှင် မိမိအိမ်တွင် နေ့စဉ် ချက်ပြုတ်စားသောက်နေသော ထမင်းချက်ဖို၏ အလယ်တည့်တည့်တွင် တူး၍မြှုပ် လုံထိပ်နှင့် မြေထုနှစ်လက်မခန့် ရှိပါစေ။

လုံအား ထိခိုက်၍ အပျက်အစီး မရှိခဲ့လျှင် သုံးနှစ်ခန့်ထိ အခြေမပျက်ထားနိုင်ပါသည်။ နေ့စဉ် ယင်းသွပ်ဓာတ်အား အပူငွေ့ ရနေသမျှ မိမိအိမ်ဂေဟာတွင် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံခြင်း၊ လုပ်ကိုင်သမျှ အဆင်ပြေခြင်း၊ လူချစ်လူခင်ပေါများစေခြင်း စသော သွပ်၏ အပွင့်ဓာတ်များကို ရရှိနေမည် ဖြစ်ပါသည်။

**ဤဓာတ်ကြောင့် မိမိတို့၏ အစားအသောက်များ၊ အိုးခွက်များကို လုံးဝ မထိခိုက်ပါ။**

သုံးနှစ်ပြည့်လျှင် ယင်းဓာတ်ကို ယူ၍ ဆေးအသစ်၊ လုံအသစ်နှင့် ထပ်မံ ထည့်မြှုပ်ထားလည်း ရပါသည်။ သို့မဟုတ် ဆောင်လိုပါလည်း ဆောင်ထားနိုင်ပါသည်။

ကုန်ရောင်းကုန်ဝယ် ပြုလုပ်ပါကလည်း ယင်းဓာတ်ကို ရေစိမ်၍ ပက်ဖျန်းပေးပါက ကုန်များ ထူးခြားစွာ ရောင်းထွက်စေပါသည်။ သွပ်သေ၏ တန်ခိုးသိဒ္ဓိကား အလွန်များပြား၍ မိမိတို့ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။

*ယုံကြည်သူများ ဖော်စားနိုင်ကြပါစေ*

**မောင်သုတ**

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ၂၀၁၆ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့က ဝေပေါင်တောရကျောင်းတွင် သင်္ကြန်ကာလအတွင်း ဥပုသ်ရက်ရှည်စောင့်ရန် နမ့်စမ်းရွာသို့ ညနေတွင် ရောက်ရှိပါသည်။

**ဝေပေါင်တောရ ကျောင်းသည်** ဟဲနားရွာနယ်မြေအတွင်းဖြစ်သော်လည်း ချောင်းကိုဖြတ်၍ တောင်ကိုကျော်ကာ သွားရမည်ဖြစ်ပြီး နမ့်စမ်းရွာတွင် အသိမိတ်ဆွေများကိုလည်း ဆိုင်ကယ်နှင့် ပို့နိုင်းရသဖြင့် ဟဲနားရွာတွင် ညမအိပ်ခြင်း ဖြစ်ပါသည်။

ဝေပေါင်တောရကျောင်း ဆရာတော်သည် မိုးတားကြီးသားဖြစ်၏။ ကြီးမှ ရဟန်းဝတ်ပြီး ဖားအောက်ဆရာတော်ကြီးထံ နည်းခံနေခဲ့ပါသည်။ ထို့နောက် မိမိရပ်ထံ ပြန်လာခြင်း ဖြစ်ပါသည်။

အစတွင် တစ်ပါးတည်း တောကျောင်း ဆောက်တည်နေလာရင်းမှ ဖားအောက်မှရဟန်းများ တဖြည်းဖြည်း ကြွလာပြီး တစ်ပါးတစ်ကျောင်းစီ သီတင်းသုံးနေကြခြင်း ဖြစ်ပါသည်။ ယခင်က မိမိပိုင်ကြံခင်းကို ကျောင်းဝင်းအဖြစ် သတ်မှတ်လိုက်ပါသည်။

စာရေးသူသည် နမ့်စမ်းရွာ ဦးဆေးအောင်+ဒေါ်စန်းရီအိမ်တွင် အိပ်ပါသည်။ နောက်တစ်နေ့ (သင်္ကြန်အကြိုနေ့) နံနက်တွင် ဝေပေါင်ကျောင်းသို့သွားရန် ဦးဆေးအောင်၏သား ပြန်လာမည့်ဆိုင်ကယ်ကို စောင့်နေပါသည်။

ထိုစဉ် ရွာရှိ ဆန်ကြိတ်စက်ကလေးများရှိရာသို့လာ၍ဖွဲ့ဝယ်သူတစ်ယောက် ရောက်လာပါသည်။ ဖွဲ့များ စုထားသည်မှာ တစ်တင်းကျော်ကျော်သာ ရသေးသော်လည်း ရသလောက်ဝယ်သွားမည် ဖြစ်ပါသည်။



# ရိုင်းစွား

**ဝေးဝေးမသွားအောင် လုပ်ထားပါ**

မကြာခင် ဦးဆေးအောင်၏သား ဆိုင်ကယ်နှင့် ပြန်ရောက်လာပြီး...

'အဖေ့နွားက ရှာလို့မတွေ့ဘူး။ ဘယ်အထိ သွားကြတယ် မပြောတတ်ဘူး။ မနေ့ကတွေ့တဲ့လူတွေကပြောတာတော့ နှမိတ်သင်း (နွားမိတ်လိုက်ခြင်း)နဲ့ ပါသွားမယ်လို့ ပြောတာပဲ'

ဟု ပြောပါသည်။ ဖွဲ့ဝယ်လာသူက...

**'နွားကို သင်းကွပ်မထားဘူးလား'**

ဟုမေးရာ ဦးဆေးအောင်က...

'ကွပ်ထားတာ မကြာသေးလို့ အများမြူးတော့ မြူးချင်စိတ်ပေါက်လာသလားမှ မသိတာ'

ဟု ပြန်ဖြေပါသည်။

'ဒါဆို လွယ်ပါတယ်ဗျာ။ ကျွန်တော်တို့လုပ်သလို လုပ်ထားစမ်းပါ။ ခင်ဗျားနွား ဘယ်မှ ဝေးဝေးမသွားစေရပါဘူး'

ဟု ဖွဲ့ဝယ်သူက ပြောပါသည်။

စာရေးသူသည်လည်း သူတို့စကားပြောနေကြသည်ကို ကြားနေရသည်ဖြစ်၍ လုပ်နည်းတစ်ခုခုတော့ ရမည်မှန်း သိလိုက်ပါသည်။ စာရေးသူကလည်း...

'ခင်ဗျား ဘယ်ကလဲ'

ဟု မဆီမဆိုင် ဝင်၍ စပ်စုလိုက်ပါသည်။

'ကျွန်တော်က မိုးတားရွာကပါ။ ဆရာကြီးကသာမသိတာ ကျွန်တော်က ဆရာကြီးကို သိပါတယ်'

ဟု ဖြေရင်း ဦးဆေးအောင်ဘက် လှည့်၍...

'ရိုင်ဖယ်ကျည်ဆန်အခွံနဲ့ နွားနားရွက် ရိုက်ဖောက်ထားလိုက်ပါ။ ကျွန်တော့်အိမ်က နွားတွေ (အထီးဟူသမျှ)ကို အဲဒီလိုလုပ်ထားတာ ဘယ်မှ ဝေးဝေးမသွားတော့ဘူး။

သူ့ဘာသာ မိတ်လိုက်ချိန်ကျမိတ်လိုက်လဲ နွားမနောက် လိုက်မသွားတော့ဘူး။ ကျွန်တော့်နွားတွေကို တစ်ကောင်မှ ကွပ်မထားဘူး။ နားရွက်ကို ရိုက်ဖောက်ထားလိုက်တာပဲ'

ဟု ဖွဲ့ဝယ်သူက ပြောပါသည်။

ထိုသူ၏စကားကို ကြားရသဖြင့် မှတ်သားစရာတစ်ခု တိုးလာသည့်အတိုင်း နက္ခတ္တရောင်ခြည်မှတစ်ဆင့် ဖြန့်ဝေလိုက်ပါသည်။

***အားလုံး စိတ်ချမ်းသာ ပျော်ရွှင်နိုင်ကြပါစေ...***

**ကသာသင်းမွှေး**

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ


(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) ၉

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)





**ယခင်လမှ အဆက်**

ထိုတစ်ပွဲပြီးသော် နောက် အကျဉ်းသားကြီးတစ်ယောက် ထွက်လာပြန်၏။ ထိုသူမှာ ဓားနှစ်လက် ကျွမ်းကျင်ပုံရသည်။ ဓားနှစ်လက်ကို ကောက်ယူပြီး ထွက်လာခြင်း ဖြစ်သည်။

ဦးပြည့်သိမ်း၏ တုတ်ရှည်သိုင်းညာကို မြင်တွေ့သွားပြီးဖြစ်၍ သိပ်တော့ အထင်မသေးရဲ။ သို့သော် သိုင်းဆရာထက် မိုက်လို့ လူသတ်ပြီး ထောင်ထဲရောက်လာသည့်သူပဲ၊ ဒီသိုင်းဆရာ ပေါက်စလောက်တော့ နည်းနည်း အကြောင်းပြဆိုက်ဦးမှ ဟူသော မျက်နှာထားဖြင့် ဝင်လာသည်။

သူ့အဖော် လက်မှာ ကျိုးသလား၊ ကျေးသလား မသိ။ ဒီအတွက်လည်း သူ သိပ်မကျေနပ်။

ထို(အကျဉ်းသား)သူမှာ ဘယ်ခြေကို ခင်းထား၍**(ဘယ်ခြေကို ညာခြေ၏ ရှေ့တွင်ထား၍ ထောင်လိုက် အသင့်ပြင်ထားခြင်း ဖြစ်သည်။)** ဘယ်ဓားကို ဘယ်ခြေရှေ့တွင် ကာထားကာ ညာဓားကို သူ့မျက်နှာအား ခပ်စောင်းစောင်းကာထား၍ **(ညာဓားဦးကို မျက်နှာရှေ့တွင် ခပ်စောင်းစောင်း ထောင်ကာထားခြင်း ဖြစ်သည်။)** အသင့်ပြင်ထားသည်ကို တွေ့ရသောကြောင့် သူလည်း ငါ့လို ရှမ်းကြီးဓားသမားပါပဲလား ဟူ၍ သိလိုက်ရသည်။

ဦးပြည့်သိမ်းမှာလည်း ရှမ်းကြီးသိုင်း တတ်ထားသူဖြစ်၍ ဘယ်ပုံတယ်နည်း တိုက်ခိုက်တတ်သည် ဆိုခြင်းကိုတော့ ရိပ်မိသည်။ သို့သော် ထိုသူ ပရိယာယ်မည်မျှကောင်းသည်ကိုတော့ မခန့်မှန်းနိုင်သေး။

ထို့ကြောင့် "တို့ဓား"များဖြင့် မြူကြည့်သည်။ ထိုသူမှာ ဓားသွက်သူဖြစ်သည်။ ဓားချက်(ဓားနည်း)များမှာ စုံသည်။ ထိုသူကို အထင်သေး၍မရ ပေါ့ပေါ့ထား ကစားလျှင် အရှုံးပေါ်နိုင်သည်။ ထို့ကြောင့် ဦးပြည့်သိမ်းသည် ထိုသူကို မောလာအောင် ချူကစားသည်။

မိမိဓားချက် တစ်ချက်၊ နှစ်ချက်လောက်သွားပြီး နောက်သို့ အသာတိမ်းပေးလိုက်လျှင် ထိုသူ့လက်မှ ဓားချက်များမှာ ဖယ်စက်သလို ထွက်လာသည်။ ဦးပြည့်သိမ်းမှာ ရှမ်းကြီးမူရော၊ အင်းလေးမူရော ရောထွေးကစားရပြီ ဖြစ်သည်။

ထိုသူမှာ ဦးပြည့်သိမ်း သွင်းလိုက်သော ဓားချက်တို့ကို ခံနိုင်ရည်ရှိသည်။ ဦးပြည့်သိမ်း ဉာဏ်သုံးရတော့သည်။ ဘယ်ခြေခင်းရာမှ ရုတ်တရက် ညာခြေပြောင်းခင်းလိုက်သည်။ **(ညာခြေကို ဘယ်ခြေရှေ့တွင်ထား၍ အသင့်ပြင်ခြင်းကို ဆိုလိုသည်။)** ဓားကိုမူ မပြောင်း။ ဘယ်ဓားရှေ့ခင်း၍ ညာဓားကို နောက်တွင် ထားလိုက်သည်။

ဘယ်ခြေညာလက်၊ ညာခြေဘယ်လက် ရှမ်းတရုတ်ထားဟန် ပြထားလိုက်သည်။ ထိုသူသည် ဘယ်ဓားကို ပိုင်းခုတ်၍ ညာဖြတ်ဓားဖြင့် **"ချိုင်းထုတ် လက်ပူးဓား"**ဝင်လာသည်။

ထိုအကွက်ကို ဝင်စေချင်၍ ခြေတက်ပိုင်း(ခြေထောက်ပိုင်း)ကို ဖွင့်ပေးထားပြီး ခြေကို လိမ်ပေးထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူ၏ ပထမဓားချက်ကို နောက်သို့ ယို့ရုံကလေး ယို့၍ ရှောင်ပြီး သူ ညာဖြတ်ဓားကို ဦးပြည်သိမ်းက ဘယ်ဓားဖြင့် အပေါ်မှ ဆင်နှာမောင်း ဓားချက်ဖြင့် သိမ်းဖယ်လိုက်၍ ခင်းထားသော ညာခြေကို ရုတ်တရက် နောက်သို့ ဆုတ်လိုက်သည်။

အသင့်ရွယ်ထားသော ညာဓားဖြင့် သူ့နားသယ်ကို ပိုင်းခုတ်ချလိုက်သည်။ ထို့နောက် ဘယ်ဓား၊ ထို့နောက် ညာဓား ဆက်တိုက် ဝင်ပစ်လိုက်သည်။ ထိုသူမှာ ခေါင်းရောကျောရော ထိ၍ ရှေ့သို့ ပုံကျလာသည်။

ဆရာကြီးဦးပြည်သိမ်း၏ နည်းများသည် လက်တွေ့ကျသည်။ သိပ္ပံနည်းကျသည်။ The Straight Line Drawn Between Two Points Is The Shortest Way. **"အစက်အမှတ်နှစ်ခုကို ဆက်သွယ်သော မျဉ်းဖြောင့်သည် အတိုဆုံး(ခရီး)ဖြစ်သည်"**ဟူသော မူကို အခြေခံသည်။


ခြေတက်ခြင်း ခြေဆုတ်ခြင်းတို့တွင် ကွေ့ဝိုက်ပတ်မနေဘဲ မျဉ်းဖြောင့်ကိုသုံးသည်။

ဤနေရာတွင် ခြေဖောက်ထောက် မြန်မာဘာသာသိုင်းပညာမှ ခြေထောက်တက်ပုံဆုတ်ပုံနှင့် တူသည်။ သို့သော် ခြေဖောက်ထောက်က ခြေကို "တည့်" "မ"၍ "တည့်" ချသည်။ မျဉ်းဖြောင့်သဘောပါသည်။ ဦးပြည်သိမ်းက ခြေထောက်ကို "မ"မနေဘဲ ခြေရှပ်တိုက်၍ ဆုတ်သည်။

ပမာအားဖြင့် ၁–တွင် ဘယ်ခြေ၊ ၂–တွင် ညာခြေရပ်လျက် ခ–ဘက်သို့ မျက်နှာမူပြီး ရပ်နေရာမှ၊ ရှေ့မှ တုတ်/ဓားဖြင့် ရန်ပြုချက်၊ ခုတ်ချက်ကို ခြေဆုတ်နည်းဖြင့် ရှောင်မည်ဆိုပါက နည်း(၁) ဘယ်ပခုံးကို နောက်ဆွဲလျက် ၁–မှ ဘယ်ခြေကို ၄–သို့ ထောင့်ဖြတ် မျဉ်းဖြောင့်အားဖြင့် ခြေမကြွဘဲ ဆွဲ၍ ဆုတ်ရမည်။



***





နည်း(၂) ညာပခုံးကို နောက်သို့ ဆွဲလျက် ၂–မှ ညာခြေကို ၃–သို့ ထောင့်ဖြတ် မျဉ်းဖြောင့်အားဖြင့် ခြေမကြွဘဲ ဆွဲ၍ ဆုတ်ရမည်။

တက်ခြေဖြင့် ရှောင်မည်ဆိုလျှင် ၁–တွင် ဘယ်ခြေ၊ ၂–တွင် ညာခြေ ရပ်လျက် ခ–ဘက်သို့ မျက်နှာမူပြီး ရပ်နေရာမှ၊ ရှေ့မှ တုတ်/ဓားဖြင့် ရန်ပြုချက်ကို ခြေတက်နည်းဖြင့် ရှောင်မည်ဆိုပါက နည်း(၁) ညာပခုံးကို ဘယ်ရှေ့သို့ ထိုးလျက် ၂–မှ ညာခြေကို ၃–သို့ ထောင့်ဖြတ်မျဉ်းဖြောင့်အားဖြင့် ခြေမကြွဘဲ ခြေရှပ်တိုက်၍ တက်ရသည်။

နည်း(၂) ဘယ်ပခုံးကို ညာရှေ့သို့ ထိုးချက် ၁–မှ ဘယ်ခြေကို ၄–သို့ ထောင့်ဖြတ်မျဉ်းဖြောင့်အားဖြင့် ခြေမကြွဘဲ ရှေ့ရှပ်တိုက်၍ တက်ရသည်။

ခြေရှပ်တိုက်၍ မျဉ်းဖြောင့်အားဖြင့် တက်ခြင်းဆုတ်ခြင်းသည် ခြေကြွ၍ ခြေ–မ၍တက်ခြင်း ဆုတ်ခြင်းထက်ပို၍ မြန်သည်။

***




ဤနေရာတွင် တစ်ဆက်တည်း မြန်မာ့သိုင်းပညာရှိ ခြေသုံးမျိုး(ဝါ) ခြေတက်ခြင်း,ဆုတ်ခြင်း နည်း(၃)နည်းကို ဖော်ပြချင်ပါသည်။

ခြေတက်နည်း/ဆုတ်နည်း/ ခြေရွှေ့နည်း (၃)နည်းမှာ...

(၁) ခြေထောင်ကား။

(၂) ခြေခွင်ပိုက်၊

(၃) ခြေဖောက်ထောင်တို့ ဖြစ်ကြပါသည်။

**ခြေထောင်ကားဆိုသည်မှာ** တောင်ပိုင်း ရှမ်းသိုင်း၊ မြောက်ပိုင်း ရှမ်းသိုင်းတို့ကစားသည့်အခါတွင် လည်းကောင်း၊ ရှမ်းကြီးသိုင်း ကစားသည့်အခါတွင် လည်းကောင်း ခြေကို မ–၍၊ ထောင်၍၊ ခြေကွက်ကျဲကျဲကား၍ ချရသော ခြေသိုင်းနည်းစနစ်တစ်ခု ဖြစ်သည်။

**ခြေခွင်ပိုက်ဆိုသည်မှာ** ရှမ်းတရုတ်သိုင်းကစားသည့်အခါတွင် ဖြစ်စေ၊ သိုင်းပြောင်းပြန် ကစားသည့်အခါတွင် ဖြစ်စေ ခြေထောက်ကို မ၍ ခန္ဓာကိုယ်အောက်ပိုင်းကို (ခြေခွင်)ဖြင့် ကာထားသော နည်းစနစ်တစ်ခု ဖြစ်သည်၊ **(လက်ပိုက်ထားသကဲ့သို့ ခြေထောက်ကို အတွင်းသို့ ကွေးပိုက်ထားသည်။)**

**ခြေဖောက်ထောင်ဆိုသည်မှာ** ခြေကို ခပ်စောက်စောက် ထောင်မ,၍ ခြေကို ခပ်စောက်စောက်အောက်သို့

www.burmeseclassic.com

(ခြေကွက်ရှိရာသို့)တည့်ချသော ခြေသိုင်းနည်းစနစ်တစ်ခု ဖြစ်သည်။ ယင်းခြေသိုင်းနည်းစနစ်ကို အသုံးပြုသည်။

သိုင်းပညာရှင် ဆရာကြီးများက အသုံးပြုကာ ခြေနည်းစနစ်ကို အဓိကထား၍ **"ခြေဖောက်ထောင် မြန်မာဘာသာသိုင်းပညာ"**ဟု ခေါ်တွင်ခဲ့ကြပါသည်။ **အင်းလေးသိုင်းပညာရှင် ဆရာကြီးဦးရစ်ကယ်၏** အင်းလေးသိုင်းပညာအနွယ်ဖြစ်ပါသည်။

ဆရာကြီးဦးပြည်သိမ်း၏ ခြေသိုင်းနည်းစနစ်မှာ ခြေခွင်ပိုက် မ,သည့်အခါ မ၍ မြှောက်သည့်အခါ မြှောက်သည်။ အများဖြင့် ခြေတက်ခြင်း,ဆုတ်ခြင်းတွင် မျဉ်းဖြောင့်သဘောတရားဖြင့် ခြေကို ရှပ်တိုက်၍ တက်သည်ဆုတ်သည်

*(စကားချပ်)*

ဓားနှစ်လက် သိုင်းသမားကြီးမှာ မှုမလှ အရှုံးပေးလိုက်ရပြန်ပါသည်။ ဦးပြည်သိမ်းတပည့်များမှာ ရင်တမမနှင့် ဖြစ်နေသည်။

**"ပညာတူလျှင် ပရိယာယ်စားသည်"**ဟူသော ဆရာကြီး၏ ဆုံးမစကားကို ကြားယောင်နေကြပါသည်။ ဟုတ်ပါသည်။ ပညာချင်းတူ၍ ပရိယာယ်ဖြင့်စားလိုက်ရခြင်းဖြစ်သည်။

ပွဲကား မပြီးသေးပါ။ အကျဉ်းသားကြီးတစ်ယောက်က ဓားတစ်လက်ကိုင်၍ ထွက်လာပြန်ပေသည်။ ထိုသူသည် ခါးသကြီးသူဖြစ်သည်။ ဝင်လာကတည်းက မျက်နှာကြီးသုန်မှုန်နေသည်။

စစချင်း ခပ်ကြမ်းကြမ်း ဝင်ခုတ်သည်။ မိုက်တိမိုက်ကန်း ဝင်ခုတ်သည်။ ထိုသူသည် ဦးပြည်သိမ်း၏ ဟာကွက်လွတ်ကွက် နည်းပရိယာယ်တို့ကို မကြည့်တော့။ အတင်းဝင်ခုတ်လိုက်၊ ခုတ်လိုက်နှင့် သဲကြီးမဲကြီးခုတ်နေသည်။

ဖလမှာလည်း ဦးပြည်သိမ်းထက်ကြီးသည်။ အရပ်မှာလည်း မြင့်သည်။ ထို့ကြောင့် ဦးပြည်သိမ်းမှာ သူ့ဓားချက်ကို ဓားဖြင့် မခံရဲ၊ အလွတ်ရှောင်ရသည်။ အကွက်နင်း ကစားရသည်။

ဦးပြည်သိမ်းက ညာခြေခင်းရာမှ ဘယ်ခြေပြောင်းလိုက်ခြင်း ဖြစ်သည်။ ဦးပြည်သိမ်းသည် **ညာခြေခင်းပြီး (ညာခြေရှေ့ ဘယ်ခြေ နောက်ထားခြင်း)** ထောင်လိုက် ကစားတတ်သလို သူ၏ ငယ်ဆရာ ဆရာညြ၏ မူအတိုင်း လေးကွက် အတက်အဆုတ်နှင့်လည်း ကစားတတ်သည်။

ထိထိရောက်ရောက် အတင်းဝင် အတင်းထွက်တော့မည်ဆိုလျှင် လေးကွက်ခြေပြောင်းဖြင့် ကစားတတ်သည်။


ဦးပြည်သိမ်း လေးကွက်ခြေပြောင်းလိုက်သည်နှင့် ဓားမှာ နောက်သို့ အနည်းငယ် ရောက်သွားသည်။ လူမှာလည်း ထောင်လိုက်(တည့်တည့်) မဟုတ်တော့ဘဲ ခပ်စောင်းစောင်း ဖြစ်နေသည်။ ကျောပေးသလို ဖြစ်သွားသည်။

ထိုလူမှာ ဦးပြည်သိမ်း၏ ဇက်ကို တအား ဝင်ပိုင်းတော့သည်။ ဦးပြည်သိမ်းက ပထမပိုင်းမှာ ဆုတ်ကွက်များကိုသာ သုံးခဲ့သည်။

ယခုအခါ ဆုတ်ကွက်သုံးလိုက်လျှင် ခြေထပ်ပြီး လဲတော့မည်။ သို့သော် ဦးပြည်သိမ်းမှာ ပရိယာယ်မျှသာ ထိုသူခုတ်ရဲအောင် အကွက်ဖျက်ပေးလိုက်ခြင်းဖြစ်သည်။

ထိုသူခုတ်လာသည်နှင့် နောက်သို့ မဆုတ်ဘဲ ညာဘေးသို့ လေးကွက်ခုတ်ကာ ပက်ဓားဖြင့် သူ့ဓားကိုင်လက်ကို ကာလိုက်ပြီး တစ်ရှိန်တည်း ဓားကို မရပ်ဘဲ သူ့နားသယ်သို့ ခုတ်ချလိုက်သည်။ ထိုသူမှာ ပုံလျက်သား လဲကျသွားတော့သည်။

***




**ရှင်းလင်းချက်။ ။ ဘယ်ခြေကို ၂-တွင် ချ၍ ညာခြေကို ၁-တွင် ချပြီး ရန်သူနှင့် (ဓား၁-လက်သမားနှင့်)ခပ်စောင်းစောင်း နေလိုက်သည်။**

**ရန်သူကို ကျောပေးပြီး ဇက်စဉ်းသလို ဖြစ်သွားသည်။ ဓားကလည်း ညာပေါင်ဘေးတွင်ထား၍ နောက်သို့ ရောက်နေသည်။**

**ရန်သူ့ဓားချက်ကို ခုခံကာကွယ်ရန် အလုပ်ဝေးနေသည်ဟု ရန်သူက တွက်ဆမည်။ ထိုသို့ဖြစ်အောင် ရန်သူခုတ်ချင်အောင် ကျွေးထားခြင်း ဖြစ်သည်။ "ပရိယာယ်"ကွက် ဖြစ်သည်။**

**ရန်သူက ဇက်ကို ပိုင်းစလွယ်ဓားဖြင့် ဝင်ခုတ်လိုက်သည်နှင့် ၁-မှ ညာခြေကို ၃-သို့တက်၍ ၂-မှ ဘယ်ခြေကို ၄-သို့ ဇစ်ပြိုင်နည်း ဆုတ်ကာ ပက်ဓားဖြင့် သူ့လက်ကို ပက်ကာ,ကာလိုက်သည်။**

**ဓားကို မရပ်ဘဲ တစ်ရှိန်တည်း သူ့နားသယ်(ဦးခေါင်း၏ ဘယ်ဘက်ခြမ်း)ကို စလွယ်ဓား (ပိုင်းစလွယ်ဓား) ဖြင့် ခုတ်ချလိုက်ပါသည်။**

ဆရာကြီးဦးပြည်သိမ်းသည် စာရေးသူ၏အိမ် (တိုက်ပွဲဝင်သိုင်းသင်တန်း) တွင် နေထိုင်စဉ် စာရေးသူက "အပယခံသိုင်းသမား" အမည်ရှိ ဆရာကြီး ဦးပြည်သိမ်း၏ အတ္ထုပ္ပတ္တိကို ရေးသားနေစဉ် အင်းစိန်ထောင်ထဲက သိုင်းပြိုင်ပွဲအကြောင်းကို စိတ်ပါလက်ပါ ပြောပြ

www.burmeseclassic.com

www.burmeseclassic.com

သည့်အပြင် သူ အသုံးပြုခဲ့သည့် ဓား ပညာ၊ တုတ်ပညာတို့၏ ခုခံကွက်၊ တိုက်ကွက်တို့ကို စာရေးသူ(မင်းယက္ခ) နှင့် စာရေးသူ၏ညီ မောင်လှခင်(ဆရာအာဠာဝက)တို့အား တစ်ကွက်ချင်း၊ တစ်ချက်ခြင်း လက်ထက် သင်ကြားပေးခဲ့ပါသည်။

ထို့ကြောင့် ဆရာကြီး၏ အင်းစိန်ထောင်တွင်းက သိုင်းပြိုင်ပွဲအကြောင်းကို သေသေချာချာ တိတိကျကျ ရေးသား ဖော်ပြနိုင်ခြင်း ဖြစ်သည်။

ထို့ပြင် စာရေးသူ၏မူ (စေတနာအရ) စာရေးသူပြောဆို၊ ရေးသား ထုတ်ဖော်တင်ပြသော သိုင်းပညာရပ်များကို ဆွေးနွေးသူ၊ ဖတ်ရှုသူတို့ သေသေချာချာသိရှိ နားလည် တတ်မြောက်စေရန် လက်တွေ့ကစားပြခြင်း၊ စာဖြင့် ပုံဖြင့် တိတိကျကျ ဖော်ပြခြင်းတို့ကို ပြုလုပ်ပါသည်။

အချို့အချို့သော သိုင်းဆရာများကဲ့သို့...

'ကျွန်တော့်ဆရာကြီးက ဓားသိပ်ကောင်းတာ၊ တုတ်သိပ်ကောင်းတာ၊ တုတ်ကစားရင်လဲ မှတ်နေတာပဲ၊ ရေတောင်ပက်လို့ မရဘူး။ ဓားကစားရင်လဲ ဓားသံတဝီဝီနဲ့ ကစားနေတဲ့ ဓားတောင် ပျောက်တယ်'

ဟု ခပ်ကြွားကြွားလေး ဂုဏ်တင်ပြောကြပါသည်။

မိမိဆရာကို ဂုဏ်တင်ပြောဆိုခြင်းသည် ကောင်းပါသည်။ မင်္ဂလာတစ်ပါးပါ။ သို့သော် ထိုပြောသော သိုင်းဆရာကို...

'ဆရာရယ်...ဆရာ့ရဲ့ဆရာကြီး ကစားခဲ့တဲ့ တုတ်ကွက်ကို ကစားပြပါ၊ ဓားကွက်ကို ကစားပြပါ'

ဟု တောင်းဆိုသောအခါ...

'ကျွန်တော် အဲဒီပညာတွေကို မရလိုက်ဘူးဗျာ၊ ဆရာကြီး ကစားတာကို မြင်ပဲ မြင်ဖူးခဲ့တယ်'

ဟု ပြောလိုပြော၊ တချို့ကျတော့...

'ကျွန်တော် အဲဒီကစားကွက်တွေကို ဆရာ့ထံမှာ သေချာ သင်ယူတတ်မြောက်ခဲ့ပါတယ်။ အခု မလေ့ကျင့်တာကလဲ ကြာနေပြီဆိုတော့ မေ့ကုန်ပြီဗျာ၊ ဘယ်ကစလို့ ဘယ်က က,ရမှန်းလဲ မသိတော့ပါဘူး'

ဟု အဖျားရှူးသွားသော သိုင်းဆရာများကိုလည်း တွေ့မြင်ခဲ့ရပေါင်း များနေပါပြီ။

တစ်ချိန်က မြို့နယ်ပေါင်းစုံ သိုင်းပြိုင်ပွဲခွဲမှူး ဆရာအဆင့်(၅)ဘာသာပြိုင်ပွဲအတွက် ကျွန်တော်၏ တပည့်နှစ်ဦးဖြစ်ကြသော ဆရာမဒေါ်သင်းသင်းလွင်(ခ) ဆရာမဒေါ်ခင်သန္တာယခု(တိုက်ပွဲဝင်သိုင်း ပင်မဆရာမကြီး) နှင့် ဆရာဦးကျော်မြင့်(ယခု တိုက်ပွဲဝင်၊ ပင်မဆရာကြီး)တို့ နှစ်ဦးအား တုတ်ရှည်သိုင်းပြိုင်ပွဲဝင် ကစားကွက်ကို သင်ကြား လေ့ကျင့်ပေးနေပါသည်။

ထိုစဉ် ခင်မင်ရင်းနှီးသော သိုင်းဆရာတစ်ဦး သိုင်းလေ့ကျင့်ရာ (ကုက္ကိုင်းဖူစန်စားသောက်ဆိုင်ဘေးရှိ ဘုံကျောင်း အားကစားရုံ)သို့ ရောက်ရှိလာပြီး တုတ်သိုင်းလေ့ကျင့်နေသော ခွဲမှူးဆရာမ ဒေါ်သင်းသင်းလွင်(ခ) ဆရာမဒေါ်ခင်သန္တာအား ကြည့်ရင်း...

'ကျွန်တော့်ဆရာရဲ့ ကျားအုပ်ကျားလှန် တုတ်ကစားကွက်က သိပ်လှတာ၊ ဘယ်ဆရာရဲ့ ကစားကွက်နဲ့မှ မတူဘူး။ ဒါကြောင့် သူ့ကို သိုင်းလောကမှာ ကျားအုပ်စိန်အေးလို့ ခေါ်ကြတယ်။

ဆရာရဲ့ ကျားအုပ်ကျားလှန် ကစားကွက်ကိုသာ ထည့်ကစားလိုက်ရင် ဆရာမရဲ့ တုတ်ကစားကွက်ကို ဘယ်သူမှ ယှဉ်နိုင်မှာ မဟုတ်ဘူး'

ဟု အားပေးစကားပြော၍ ကျေးဇူးတင်ရသေးသည်။ ဆရာ့စကားအရ တော်တော်လေး အားရှိသွားသည်။ ထို့ကြောင့်...

'ဆရာရယ်...ဆရာပြောတဲ့ ဆရာရဲ့ဆရာကြီး ကျားအုပ်စိန်အေးရဲ့ ကျားအုပ်ကျားလှန် တုတ်ကွက်ကို ကျွန်တော့်တပည့်ရဲ့ ကစားကွက်ထဲမှာ ဖြည့်ပေးပါ ဆရာရယ်'

ဟု အားကိုးတကြီး ပြောသောအခါ ထိုဆရာက...

'မကစားတာ နှစ်ပေါင်းအတော်ကြာတော့ အဲဒီတုတ်ကွက်ကို မေ့သွားပြီ ဆရာရယ်...ကျွန်တော်မေ့သွားလို့ဗျာ၊ နို့မို့ရင် ဆရာ့တပည့်ရဲ့ တုတ်ကစားကွက်က သိပ်လှ သိပ်ကောင်းသွားမှာ'

ဟု မစားရဝ,ခမန်းပြောသော ဆရာများလည်း ရှိပါသေးသည်။

စာရေးသူက ထိုသို့သော"လေသိုင်းဆရာများ"မဖြစ်ရလေအောင် စာရေးသူ ရရှိခဲ့သော၊ တတ်မြောက်ခဲ့သော ဆရာကြီးများ၏ ပညာရပ်များကို အပြောဖြင့်သာ မဟုတ်ဘဲ လက်တွေ့ကစားပြခြင်း၊ စာဖြင့် အသေးစိတ် ရေးသားဖော်ပြခြင်း ပြုပါသည်။

စာရေးသူမှာ ဆရာကြီးဦးပြည်သိမ်း သင်ကြားပေးသော သိုင်းပညာရပ်များကို မြတ်မြတ်နိုးနိုးဖြင့် ယနေ့ထက်တိုင်အောင် ထိမ်းသိမ်းထားဆဲဖြစ်ပါသည်။

ထို့ကြောင့် ဆရာကြီး ဦးပြည်သိမ်း၏ သိုင်းကွက်များကို စာရေးသူက မိမိရရ တိတိကျကျ သရုပ်ဖော်နိုင်ခြင်းပင်ဖြစ်ပါသည်။ **(စာရေးသူသည် "လေသိုင်းဆရာ" မဟုတ်ပါ။)**

---

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယက္ခ**

***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com



# ဇက်ခိုင်၊ ဇက်စောင်း

မနိုင်တောင်း

ဒေါက်တာ (LL.B)



နေပူထဲတွင် ခရီးသွားခဲ့ရသဖြင့် ချွေးများ ရွှဲရွှဲစိုနေသည်။ မွန်းလွဲပိုင်း၌ အိမ်ပြန်ရောက်ချိန် မိုးအုံ့လျက်ရှိ၏။ နေမထိ ထိုင်မသာ ဖြစ်လောက်အောင် ပူအိုက်လှသည်။ ရေချိုးမှ ဖြစ်တော့မည်။

တစ်ခွက်ပြီးတစ်ခွက် ရေလောင်းချိုးလိုက်၏။ ရေချိုး၍ မဝနိုင်အောင် ဖြစ်နေသည်။ ရေချိုးပြီးသည်နှင့် ပြန်၍ ပူအိုက်နေမြဲ။ ထို့ကြောင့် အိပ်ရာဝင်ချိန်တွင် ယပ်တောင် တဖျပ်ဖျပ် မရပ်အောင် ခတ်နေရပြန်သည်။

လွန်ခဲ့သော ရက်များအတွင်း လမ်းကြမ်းကြမ်းတွင် ကားတစ်လှည့်၊ ဆိုင်ကယ်တစ်လှည့် တစ်နေကုန် စီးခဲ့ရသဖြင့် တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ဖြစ်နေသည်။ အကြောများ တင်းတောင့်နေသလို ခံစားရ၏။

ညဦးပိုင်း ပူအိုက်သဖြင့် အပေါ်ပိုင်း အကျႌချွတ်ကာ ကြမ်းပြင်၌ အဝတ်မခင်းဘဲ သင်ဖြူးဖျာသာခင်း၍ အိပ်ချလိုက်၏။ ပင်ပန်းထားမှုများကြောင့် မကြာမီပင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေသည်။

နံနက်ပိုင်း အိပ်ရာမှ နိုးချိန်တွင် မိုးသည်းသည်း ရွာနေသည်။ ရာသီဥတု အေးမြနေသည်။ အိပ်ရာမှ ကုန်းထလိုက်၏။

'အား...ကျွတ်...ကျွတ်'

ကျွန်ုပ် တစ်ကိုယ်လုံး တောင့်တင်းနေသည်။ နောက်ကြောလက်ပြင်မှာ အောင့်နေသည်။ လည်ပင်းလှည့်၍ မရ၊ လှုပ်ရှားနေလျှင် နာကျင်လှသည်၊ ဖနီးသည် လာထူပေးမှ အိပ်ရာမှ ထနိုင်ခဲ့၏။

ဦးခေါင်းကို အောက်သို့ ငုံ့ကြည့်၏။ အပေါ်သို့မော့၍ လှန်ကြည့်၏။ အနည်းငယ်မျှသာရသည်။ နာကျင်မှုဝေဒနာကြောင့် များများမလုပ်နိုင်။ ဦးခေါင်းကို ဝဲဘက်သို့ လှည့်စောင်းကြည့်၏။ သိပ်မရ၊ ဇာတ်ခိုင်ခြင်းဝေဒနာအား ကိုယ်တိုင်ကြုံရလေပြီ။

'ဈေးထဲမှာ အနှိပ်သည် ဖိုးလှစမ်းရှိတယ်။ ခေါ်နှိပ်ခိုင်းလိုက်ပါလား'

ဇနီးသည် အကြံပေးချက်ကို လက်ခံခွင့်ပြုလိုက်၏။ ဤဝေဒနာကို ကြာရှည်မခံစားနိုင်။

'အား...အား...နာတယ်။ ဖြည်းဖြည်းလုပ်ပါဗျာ'

အနှိပ်သည်က တံတောင်တွေနှင့် ထောင်း၏။ လက်မနှင့်ထိုး၏။ သန်မာသော လက်ချောင်းများနှင့် ဖျစ်ညှစ်၏။ ဦးခေါင်းကို ဆွဲလှည့်၏။ တစ်ကြိမ်မှ အနှိပ်မခံဘူးသူဖြစ်၍ နာကျင်မှု ပို၍ ခံစားနေရသည်။

အချိန်တစ်နာရီခန့် ကြာအောင် နှိပ်နယ်ပေးပြီး ပြန်သွားလေသည်။ နံနက်ပိုင်း နှိပ်ထားသော အရှိန်ကြောင့် တစ်နေကုန် နာကျင်နေသည်။ ညနေပိုင်း၌မူ ခန္ဓာကိုယ်အပေါ်ပိုင်း တစ်ခုလုံး လှုပ်ရှား၍ မရတော့။ ဦးခေါင်းမှာ နည်းနည်းမှပင် မလှုပ်နိုင်။ ပိုဆိုးသွားပြီ။

'ကျောက်မီးသွေးရုံ ဆရာဆီ ပို့ပေးပါ'

**မော်လမြိုင်၌ အကြောကု နာမည်ကြီးသူ ဆရာဦးထွန်းခင်းထံ ပို့နိုင်း** ရ၏၊

'အပြင်က အအေးပတ်ဖွဲ့ပြီး အတွင်းက အပူ အပြင်မထွက်နိုင်လို ဖြစ်ရတာပဲ။ ဇက်စောင်း,ဇက်ခိုင်တာကို အရမ်းသွားမနှိပ်သင့်ဘူး။ နာတဲ့နေရာကို သွားနှိပ်ရင် ပိုနာမှာပေါ့။

ခန္ဓာကိုယ်မှာ ကြွက်သားတွေ၊ အကြောတွေနဲ့ ဖွဲ့စည်းထားတာ။ ညအိပ်ရင်း ဟိုလှည့်ဒီစောင်းကြောင့်လဲ အဆင်မသင့်ရင် အကြောနဲ့ ကြွက်သားညပ်ပြီး လက်ပြင်ဝုပ်တာတို့၊ အကြောခေါက်တာတို့၊ ဇက်စောင်းတာတို့ ဖြစ်တတ်တယ်။

ဆေးဝါးလဲ မလိုဘူး။ နှိပ်ဖို့လဲ မလိုဘူး။ အနှိပ်မတော်ရင် အန္တရာယ် ပိုကြီးသေးတယ်။ တချို့ဆိုရင် ဘာမှ မဖြစ်လောက်တာကို သွားနှိပ်မိတော့မှ အကြောပြတ်၊ အကြောသေတွေ ဖြစ်သွားကြရတယ်။ အကြောအကြောင်း ကောင်းကောင်းသိမှ၊ သမားကောင်းအင်နဲ့ ခန္ဓာကိုယ်အတွင်းက ချွတ်ယွင်းချက်ကို မြင်တတ်မှ လက်နှိပ်ပြုပြင်မှုဟာ အကျိုးများနိုင်မယ်'

ဆရာမှ ထိုသို့ ရှင်းပြပြီး ကျွန်ုပ်၏ နဖူးအလယ်တွင် လက်ညှိုး,လက်မတို့နှင့် (၁၅)စက္ကန့်မျှ ထောက်ထားပြီး ဦးခေါင်းကို ထက်အောက် ဝဲယာ လှည့်ခိုင်းသည်။

ထို့နောက် နှာခေါင်းရင်း တစ်ဖက်တစ်ချက်ကို ထောက်သည်။ မေးစေ့



www.burmeseclassic.com

www.burmeseclassic.com

ကို ထောက်သည်။ ပခုံးအရှေ့ဘက်ကိုတစ်ဖက်တစ်ချက်ထောက်သည်။

ဦးခေါင်း အနောက်ဘက်မှ လက်ပြင်ကြောတစ်လျှောက်ရေနွေးဝတ်ကပ်နိုင်းသည်။ မိနစ်ပိုင်းအတွင်း အနာအကျင်မရှိဘဲ သက်သာသွားတော့၏။

**"နောက်ကျိုးတက်သား... လက်ပြင်ကြောတိုင်ခြင်း။ ဇက်ခိုင်ခြင်း ဝေဒနာတွေ ခံစားရရင် မပူပါနဲ့။ ဦးခေါင်းနောက်ကြောကို ပေါ်ပြီး လက်ပြင်နှစ်ဖက်ကို ရေနွေးဝတ်ကပ်ပေး။ တစ်ကြိမ်မှာ (၁၅)မိနစ်လုပ်။**

**တစ်နေ့မှာ လေး၊ငါးကြိမ် လုပ်ပေး။ သုံးရက်လောက်ဆိုရင် ပျောက်ပြီ။ ညာဘက်လက်ပြင်ကြော နာကျင်ရင် ဘယ်ဘက်ကစပြီး ရေနွေးဝတ်ကပ်၊ ဘယ်ဘက်လက်ပြင်ကြော နာကျင်ရင် ညာဘက်ကစပြီးကပ်၊ ဆန့်ကျင်ဘက် ပေါ့"**


ဦးခေါင်းပိုင်း အအေးပတ်ခြင်းဖြင့် မိုးရာသီတွင် ယခုလို ဝေဒနာမျိုး မကြာခဏ ဖြစ်တတ်ပါသည်။ စိုးရိမ်မှု လွန်ကဲလျှင် ပို၍ ခံရတတ်၏။ စိုးရိမ်ရန် မလိုပါ။


ကျုံ့နေသော အကြောများနှင့် ကြွက်သားများကို အပူပေးပြီး ပြန်လည် နှိုးကြားစေခြင်းဖြင့် အလွယ်နှင့်ပျောက်ကင်းနိုင်ပါသည်။

ဇက်စောင်း, ဇက်ခိုင်ခြင်း အတွက် ရေနွေးဝတ်ကပ်ပုံမှာ ရေဖလားတွင် ရေနွေးထည့်ပြီး လက်ကိုင်ပဝါနှစ်ပါ။ ရေညှစ်ပြီးမှ အပူငွေ့ ကျန်နေသော ပဝါကို စုလုံးကိုင်၍ ဇက်မှ လက်ပြင်၊ လက်ပြင်မှ နောက်ကြော၊ နောက်ကြောမှ လက်ပြင်၊ လက်ပြင်မှဇက် တစ်ပတ်လည် အသားပြင်တွင်ခပ်ဖိဖိကပ်ပေးရပါမည်။

* * * (ပုံ-၁)

ဇက်ခိုင်ဝေဒနာမဟုတ်ဘဲ လက်ပြင်ငုပ်ခြင်းဝေဒနာ ရှိုးရှိုးသာဆိုလျှင် ညာလက်ပြင်ကြောငုပ်၍ နာကျင်မှု ခံစားရလျှင် ဝဲလက်ကို ဖျော့ထားပြီး ညာလက်ချောင်းများဖြင့် ဝဲလက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပါ။ ထို့နောက် လက်တစ်ကိုင်စာ လက်ဖျံဘက်ရွှေ့၍ ဆုပ်နယ်ဖျစ်ညှစ်ပါ။



ဇက်ထုညို့စောင်း၍ မရသူအား (၁၅)စက္ကန့်စီ ထောက်တွက်

ဤနည်းအတိုင်း လက်မောင်းရင်းရောက်သည်အထိ ဖျစ်ညှစ်ပြီးမှ နောက်တစ်ကြိမ် လက်ကောက်ဝတ်မှ ပြန်စပါ။ တစ်ကြိမ်လျှင် (၁၀)မိနစ်ခန့်၊ တစ်နေ့လေး,ငါးကြိမ် သုံးရက်ခန့်လုပ်လျှင် လုံးဝ ပျောက်ကင်းသည်။

ဝဲဘက်လက်ပြင်ကြော ငုပ်၍ နာကျင်နေလျှင် ညာလက်ကို ဖျော့ထားပြီး ဝဲဘက်လက်ချောင်းများဖြင့် ညာလက်ကောက်ဝတ်မှ ညာလက်မောင်းရင်းထိ အဆင့်ဆင့် ဖျစ်ညှစ်ပေးရသည်။

ထိုသို့ လုပ်ပြီးတိုင်း နောက်ကြော လက်ပြင်တို့ကို ဇက်ခိုင်သူ ရေနွေးဝတ်ကပ်သည့်အတိုင်း ဆန့်ကျင်ဘက်လှည့်၍ ရေနွေးဝတ် ကပ်ပေးရမည်။ ကြွက်သားနှင့် အကြောကို နှိုးဆွပေးခြင်းဖြစ်သည်။

**အထူးသတိပြုရန်မှာ...**

ထိုရက်များအတွင်း အအေးစာများရှောင်၊ အပူစာများစား၊ ရေအေး မသုံးရ၊ ရေနွေးနှင့် မျက်နှာသစ်၊ လက်ဆေး။ ရေနွေးနှင့်သာ ရေချိုးပါ။ လုံးဝ ခေါင်းမလျှော်ရ၊ ဦးခေါင်းကို ရေမထိပါစေနှင့်၊ ရေနွေးသာ သောက်ပါ။

ဤဆောင်းပါးသည် ဇာတ်လမ်းဆင်၍ ရေးသားထားခြင်း မဟုတ်ပါ။ ကျွန်ုပ်ကိုယ်တွေ့ကို ပြန်လည် တင်ပြထားခြင်းသာ ဖြစ်ပါသည်။ အရေးကြုံက လက်တွေ့ ပြုစုပေးနိုင်ကြစေရန် ဖော်ထုတ်တင်ပြပေးလိုက်ပါသည်။

* * * (ပုံ-၂)

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်ဇေ(U.L.B)**



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ဓာတ်ချင်း အပေါ်ကောက်ပါ



သောင်းမြင့် (သထုံ)

စာရေးသူမှာ ဦးမြမောင်အား **ဘော်ငရဲမီးခံနှင့် ကြေးငရဲမီးခံဓာတ်နှစ်ပါး**ကို ပေါင်းပြီးထိုးရန် မှာကြားလိုက်၏။ ထိုပေါင်းပြီးဓာတ်နှစ်ပါးကို **မီးခံနာ ဓာတ်ပြဒါးတွဲဓာတ်သား**ကို ကျွေးပြီး ချက်ရန်လည်း မှာလိုက်၏။

သူက ထွက်ရပ်ဓာတ်လုံး စီရင်ချင်သည်ဆို၍ ဤကဲ့သို့ ခိုင်းလိုက်ခြင်းဖြစ်၏။

အဂ္ဂိရတ်ပညာ၌ **ရုပ်နာမ်ဓာတ်ရိုက်**သဘောကိုသိရ၏။ လောကုတ္တရာပညာ၌ ဤကားရုပ်၊ ဤကားနာမ်ဟု ခွဲခြား၍သိခြင်းကို နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်၏။ ဘာဝနာမယဉာဏ်ဖြစ်၏။

လောကီပညာ၌ ဝိဇ္ဇာမယဉာဏ်ဦးစီးရ၏။ ဓာတ်တို့၌ရှိသည့် ဂုဏ်သတ္တိနှင့် အကျိုးသက်ရောက်မှုကို သိရ၏။

ဘော်ဓာတ်သည် သောတာပန်ပုဂ္ဂိုလ်နှင့်တူ၏။ ကြေးသည် ကာမအညစ်အကြေးထူပြောသည့် ပြည့်တန်ဆာနှင့်တူ၏။

လူတို့၌ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြစ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်နိုင်၏။ ဓာတ်တို့၌လည်း အညစ်အကြေးသုဒ္ဓိ စင်ကြယ်မှလောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိကို ပြီးစေနိုင်၏။ **မနောနိုင်လျှင် သဘောပိုင်၏။ သဘောပိုင်လျှင် ဓာတ်နိုင်၏။ ကြောင်းကျိုးနိယာမ သဘောတရားဖြစ်၏။**

**ဘော်နှင့်ကြေး**တို့ကို တွဲလိုက်လျှင် ကြေး၏အညစ်အကြေးကြောင့် ဘော်လည်း မူလရုပ်ပျက်၍ အညစ်အကြေး ပေကျံသွား၏။ နာသည် ရေနှင့်တူ၏။ ရွှံ့ညွန်ပေကျံလျှင် ရေဖြင့်ဆေးကြောက စင်ကြယ်၏။ ဓာတ်တို့၏ အညစ်အကြေးကို နာဖြင့် ဆေးကြောက စင်ကြယ်၏။

ဤသဘောကိုရည်၍ ဦးမြသောင်းအား ဓာတ်လုံးကို နာပြဒါးတွဲပြီး အသားနှင့် လှည့်ခိုင်းခြင်းဖြစ်၏။

သူကတော့ အဘယ်ကြောင့် ဤကဲ့သို့ ခိုင်းသည်ကို သိမည်မဟုတ်ပေ။ ယင်းဓာတ်ကို နာပြဒါးကျွေးပြီး နာနာချက်လိုက်လျှင် ဓာတ်တို့၌ရှိသည့် ပြဒါးဓာတ်သား စင်ကြယ်ပြီး ကျန်ရစ်ခဲ့၏။

ထိုပြဒါးဓာတ်သည်သာ အစွမ်းထက်၏။ ဓာတ်တို့၏သဘောသည် တစ်ပါးတည်း၊ တစ်မယ်တည်း အစွမ်းမထက်တတ်ပေ၊ ဓာတ်တို့ကို လေးပါးစုံအောင်စီရင်ရ၏။

အင်းတို့၌ အနည်းဆုံး လေးကွက်အင်းရှိရ၏။ ထိုလေးကွက်အင်း၌ စမလေးလုံးသွင်း၍ အဝင်၊ အထွက်နက္ခတ်မိအောင် စီရင်တတ်လျှင် သိဒ္ဓိပြီးစီး၏။

ထိုနည်းတူပင် ဓာတ်တို့၌ အနည်းဆုံး ဓာတ်လေးပါးကို စီရင်ရ၏။ ဓာတ်လေးပါးပေါင်းမိသွားလျှင် **စမလေးပါးဖြစ်သွား၏။** မင်းတို့၌ **အာဏာစက်ရှိ၏။** တန်ခိုးရှိ၏။ မင်းလေးပါးဓာတ်တို့သည် အစွမ်းထက်ကြ၏။ တန်ခိုးသိဒ္ဓိကြီးမားကြ၏။

ဦးမြသောင်းမှာ ဘော်နှင့်ကြေးဓာတ်နှစ်ပါးကို ဓာတ်လုံးထိုးပြီး ထွက်ရပ်သိဒ္ဓိစီရင်ချင်၏။ ဤဓာတ်နှစ်ပါးတည်းဖြင့် ထွက်ရပ်မသွားနိုင်ပေ။

ထွက်ရပ်သိဒ္ဓိဓာတ်လုံး ဖြစ်အောင် စာရေးသူမှ အဂ္ဂိရတ်ပညာ၏ နက်နဲမှုသဘောကို ဖော်ဆောင်ပေးခြင်းဖြစ်၏။

ဤဆောင်းပါးကို ရေးနေစဉ်မှာပင် ဦးမြသောင်းမှာ စာရေးသူထံသို့ ရောက်ရှိလာ၏။

'ဆရာဦးသောင်းမြင့်ရှိလား'

'ရှိပါတယ်၊ ဟာ ဦးမြသောင်း လာ'

'ကျွန်တော်လဲ ကျန်းမာရေးမကောင်းသေးတာနဲ့ ဆရာထိုးခိုင်းတဲ့ ကြေးနီကို မထိုးရသေးဘူး'

'ရပါတယ်ဗျာ၊ နေကောင်းတော့မှ ထိုးပါ'

'ဘော်နဲ့ကြေးကို ကျွန်တော် ပေါင်းထိုးပြီးပြီဆရာ။ ဆရာပြောသလို အားလုံးဖြစ်သွားပြီး ကျန်တဲ့ ဘော်နဲ့ကြေးရောပြီး ဓာတ်သားကို ကျွန်တော် နာနဲ့ချက်ပြီးထိုးတော့ သိပ်စားတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဆရာ'

'အဲဒီဓာတ်လုံး မပါဘူးလား'

'ပါပါတယ် ဆရာ'

'ပြစမ်းပါဦးဗျာ၊ ဓာတ်ကိုကြည့်ရအောင်'

ဦးမြသောင်းမှာ သူ့ဓာတ်လုံးကို ပြခိုင်းမှ ပြတော့သည်။ ဦးမြသောင်းမှာ မှတ်ဉာဏ်အားနည်းပုံ ရသည်။ စာရေးသူက ပြောသည့်စကားကို လေးလေးစားစား နားထောင်ပြီး မှတ်သားမှုကြိုက်သည်။ သူက ထပ်ခါတလဲလဲ မေးတတ်သည်။

'ဆရာ ဒီဓာတ်လုံးထွက်ရပ်သွားသလား'

'ဓာတ်ကိုသိရင်တော့ ထွက်ရပ်သွားပါတယ်။ ခင်ဗျားဓာတ်က မစင်ကြယ်သေးဘူး။ ဓာတ်တစ်ခုဟာစင်ကြယ်မှ လောကီသိဒ္ဓိရော၊ ထွက်ရပ်သိဒ္ဓိရော ပေါက်ရောက်တယ်။

ကျွန်တော်က ကိုယ်တွေ့တွေ့ရှိတယ်။ ခင်ဗျားကို ပြောပြနေရင် ရှည်မယ်။ အဲဒီအကြောင်း နောက်မှ ဆောင်းပါးတစ်ပုဒ် ရေးလိုက်ဦးမယ်။ ဒီဓာတ်ကို အထက်ရောက်အောင် တက်ဖို့ ခင်ဗျား ပထမစင်ကြယ်အောင် ထိုးရမယ်။ သေသေချာချာမှတ်နော်'

'ဟုတ်ကဲ့ ပြောပါ ဆရာ။ ကျွန်တော် စာရေးပြီးမှတ်မယ်'

'မူလ ဒီဓာတ်ဟာ **ဘော်နဲ့ကြေးနီ** နှစ်ပါးပဲ ရှိတယ်။မင်းလေးပါးဖြစ်အောင် လုပ်နိုင်းတာ၊ မင်းလေးပါးဓာတ်မှ တန်ခိုးရှိတယ်။

အခု ဒီဓာတ်မှာ ဘော်ပြဒါးပဲကျန်တယ်။ ဘော်ဂဠုန်ကို ရေနတ်နဂါးနဲ့ အကာသနဂါးနှစ်ကောင်ကျွေးလိုက်လို့ ဘော်ဂဠုန်အားရှိသွားပြီ။ ဒီဘော်ဂဠုန်ဟာ ရုပ်ပဲရှိတယ်။ နာမ်မရှိဘူး။

ဓာတ်တို့ရဲ့သဘော၊ ရုပ်ချည်းသက်



သက်ဆိုလဲ ရုပ(၁၆)ဘုံရှိ ဗြဟ္မာဘုံသားနဲ့တူတယ်။ နာမ်ချည်းသက်သက်ဆိုလဲ အရူပ(၄)ဘုံရှိ ဗြဟ္မာဘုံသားနဲ့တူတယ်။ ရုပ်၊ နာမ်နှစ်ပါးပြည့်စုံမှ ကာမသုဂတိ (၇)ဘုံသားနဲ့တူတယ်။ ဒါကြောင့် ခင်ဗျား ဒီဘော်ဂဠုန်ကို **နာမ်သက်သွင်းရမယ်**မှတ်နော်'

'ဟုတ်ကဲ့ပါ ဆရာ'

'စိန်နီမြင်းသွား (၁)မူး

ပန်းသေးဟင်းရိုင်း (၁)မူး

ကျောက်ဆေးအန်း (၁)မူး

ကညွတ်ကောက်ကန့် (၁)မူး

ဆား (ဒိ)ကျပ်သား

ယမ်း (ဒိ)ကျပ်သား

လက်ချား (ဒိ)ကျပ်သား

ဇက်သာ (ဒိ)ကျပ်သား

အဲဒီဆေးရှစ်ပါးတို့ကို အမှုန့်ပြုပြီး သံပရာရည်နဲ့ နေမှာ (၇)ရက်ချက်၊ သံပရာရည်ခန်းလျှင် ထပ်ထည့်။ နေမှာချက်စဉ် ဝါးခြမ်းတုတ်ချောင်းနဲ့ ခဏခဏမွှေပေး။

(၇)ရက်ပြည့်လို့ ဆေးခြောက်သွား၊ တာနဲ့ ဆေးအလုံးကို သံဖွန်းနဲ့ခြစ်ယူပြီး လုံမှာထည့်။ လုံငှားဖုံး ဖုံးပြီး လေဖိုနဲ့ချက်။

ချော်ရည် ကြည်လာတဲ့အခါ အဲဒီဘော်ဂဠုန်ဓာတ်လုံးကိုထည့်ပြီး လေဖို (၇)ရက်ဆိုက်၊ ဓာတ်လုံးအသက်ဝင်ပြီ၊ မပြီးသေးဘူး နောက်ဆုံးအဆင့်တက်ရဦးမယ်'

'ဟုတ်ကဲ့ ဆရာ၊ ပြောပါ ဘာဆက်လုပ်ရဦးမလဲ'

'**နဂါးတစ်ကောင်၊ ဖားဆယ်ကောင်ဆိုတဲ့မူအရ** ဒီအသက်သွင်းပြီး ဘော်ဂဠုန်ကို ရွှေ (၁၀)မူးသား ကျွေးရမယ်၊ ရွှေ(၁၀)မူးသားကို ခြသေ့်နီရည်ပင်နဲ့ အထက်အောက်နှီးပြီး နက်လာတဲ့အထိ ထိုးရမယ်။

ရွှေနက်ပြီးသေမှ (၁)မူးသား ဆယ်ကြိမ်ကျွေးရင် သိဒ္ဓိဝင်ဓာတ်လုံးဖြစ်ပြီး ဉာဏ်ရှိသလို သုံးလို့ရပြီ။ အုန်းစိမ်းတစ်လုံးကို ထိပ်ဝလုပ်ပြီး အပေါက်ဖောက်၊ ဖိုမှာတင်ပြီး အပူပေး၊ အဲဒီ အုန်းစိမ်းရည်မှာ ဓာတ်လုံးကို ခံရည်လောင်း။

အဲဒီအုန်းစိမ်းရည်ကိုသောက်၊ အုန်းအလုံးတစ်ရာကျော်ရင် ထွက်ရပ်သိဒ္ဓိပြီးတယ်။

သိဒ္ဓိရအောင်လုပ်တဲ့နည်းတွေ များပါတယ်။ ခင်ဗျား ဉာဏ်ရှိရင်ရှိသလို လုပ်လို့ရပါတယ်။ ကဲ ဘယ့်နှယ့် လဲ'

'ဆရာပြောတဲ့နည်းဟာ သဘာဝကျပါတယ်၊ လုပ်ဖို့တော့ မလွယ်ဘူး'

'ဘယ်လွယ်လိမ့်မလဲဗျာ၊ လွယ်ရင် ခက်ကုန်မှာပေါ့၊ မြန်ချင်ရင် ဝီရိယအားကောင်းရမယ်'

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်။ ကျေးဇူးပါပဲဆရာ'

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသည့်စကားအတိုင်း အဖျားတိုင်အောင် ပေါက်ရောက်ကြပါစေသတည်း။

**သမ္မေပုရေရွှေသက်ပြို**

**သောင်းမြင့် (သထုံ)**

www.burmeseclassic.com

www.burmeseclassic.com





ထူးဆန်းသော ဆေးဆရာနှင့်

# အဖြေမရှိသော ပုစ္ဆာ

ဇော်ကြောင်သန်းလင်း
(ဘီ–အေ)

ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ် မိုးမိတ်မြို့ကို ဆက်သွယ်ထားသောလမ်းမကြီးသည် နယ်ချဲ့ကိုလိုနီခေတ် ကာလကတည်းက အထင်အရှား ရှိနေခဲ့ပြီဖြစ်သည်။

ဤလမ်းမကြီးကို ဗန်းမော်မှ ထွက်၍ (၁၀)မိုင်ခန့်မျှသာ ကတ္တရာလမ်းရှိသည်။ ထိုမှ ကျော်လွန်လျှင် မြေသားလမ်းမျှသာ ဖြစ်လေသည်။ *[ယခုလက်ရှိအချိန်တွင် မိုင်(၃၀)ခန့်မျှ ကတ္တရာခင်းလမ်းဖြီးနေပြီဟု သိရသည်။]*

နယ်မြေငြိမ်းချမ်းမှု မရှိခြင်းနှင့် ဆင်းရဲမွဲတေခြင်းတို့ကြောင့် မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ထားသော လမ်းမကြီးသည် ရာစုနှစ်ဝက် ကျော်လာသည်အထိ ထူးခြားတိုးတက် ကောင်းမွန်လာခြင်း မရှိခဲ့ပေ။

ကချင်ပြည်နယ်ကလည်း မိုးများသောဒေသဖြစ်သည်။ မိုးရာသီတွင်





www.burmeseclassic.com

www.burmeseclassic.com

မြေသားလမ်းသည် ရွံ့ဗွက်ထသော လမ်းဖြစ်သွားပြီး မော်တော်ကားလမ်း သွားလာရန် ခက်ခဲသွားသည်။

ထို့ပြင် တောင်ကျချောင်းများ ရေစီး ကြမ်းနှင့် မခိုင်ခံ့သော တံတားများက လည်း လမ်းကို အတားအဆီး ဖြစ်စေ လေသည်။

ဤလမ်းမကြီးပေါ်တွင် ဗန်းမော်မှ (၄၅)မိုင်ခန့် အကွာအဝေးတွင် စီခန်း ကြီးရွာ တည်ရှိသည်။ မွှင့်လင်းရာသီ တွင် ဗန်းမော်မှ ကားများ ရောက်ရှိ လာတတ်သော်လည်း မိုးရာသီတွင် ကားများ သွားလာရ ခက်ခဲ၏။

စီခန်းကြီးရွာအနီးမှ စီးဆင်းသွား သော လပ်ဖဲချောင်းသည် မိုင်ဝက်မျှ အကွာအဝေး ရောက်ရှိလျှင် စင်းခန်း ချောင်းမှာ ပေါင်းဆုံလေသည်။ စင်း ခန်းချောင်းကား ဧရာဝတီမြစ်သို့ စီးဆင်း ဝင်ရောက်သည်။

စီခန်းကြီးရွာသားများသည် လပ်ဖဲ ချောင်းရေကို သုံးစွဲကြသည်။ စီခန်းကြီး ရွာမှာ နေထိုင်သော ဒေါ်အေးရှင်သည် လပ်ဖဲချောင်းအတွင်း ရေချိုးအဝတ် လျှော်လုပ်ရင်း ခြေဖဝါးကို သံစူးလာ ခဲ့သည်မှာ နှစ်ရက်တာ ကြာခဲ့ပြီ။

အနာက မသက်သာ၍ ရက်ကြာ လာလျှင် မေးခိုင်ရောဂါပိုး ဝင်ပြီး ဒုက္ခ ရောက် (အသက်အန္တရာယ်ရှိ)နိုင် ကြောင်း ဒေါ်အေးရှင် သိနေသည်။ ထို့ကြောင့် ဘေးအန္တရာယ် ကင်းဝေး အောင် ဆေးတစ်ချောင်းလောက် ထိုးချင်သည်။

သို့သော် ရွာမှာ ကျန်းမာရေးနှင့် ပတ်သက်၍ အားကိုးအားထား ပြုနေ ရသော ဆရာအေးချိုသည် ယခုအခါ ရွာမှာမရှိ၊ ဗန်းမော်ကို ဆင်းသွားသဖြင့် အခက်ကြုံတွေ့နေသည်။

စင်စစ် ဆရာအေးချိုကို မျှော်ရတာ အားမရှိလှပေ။ အဘယ်ကြောင့်ဆို သော် ဗန်းမော်တွင် ဆရာအေးချို၏ မိသားစု နေထိုင်သည်။ ဆရာသည် သူ့အိမ်ကို ပြန်ရောက်တုန်းမှာ ရက် အတန်ကြာအောင် နေလေ့ရှိသည်မှာ သဘာဝဖြစ်သည်။ ထို့နောက် ဆေး များဝယ်ယူပြီး ပြန်လာတတ်သည်။

ပြန်လာလျှင်လည်း ခရီးဖြောင့် အောင် ပြန်လာနိုင်လေ့မရှိ။ ကားလမ်း တစ်လျှောက်ရှိ ကျေးရွာများ ဖြစ်ကြ သော **မန်သာ၊ သံတံတား၊ စီကော်** အစရှိသော ရွာများတွင် အခြေချပြီး လူနာများကို ဆေးကုသည်။ ပြီးစီးမှ တစ်ရွာပြီးတစ်ရွာ ကူးပြီး နောက်ဆုံး တွင် စီခန်းကြီးရွာကို ရောက်ရှိလာခြင်း ဖြစ်သည်။

'အမေရှင်...အမေရှင်... ရှိသလား'

အိမ်အောက်မှ အော်ခေါ်သံကြောင့် ဒေါ်အေးရှင် အတွေးပြတ်သွားသည်။

'ဟဲ့...ဘယ်သူလဲ မသိဘူး။ အိမ် ပေါ်ကိုသာ တက်လာခဲ့တော့ကွယ်'

ရွာလူကြီး ဦးပျော်ဘွယ်၏ သမီးဖြစ် သော ခင်ကြိုင်အမည်ရှိ မိန်းကလေး ဖြစ်နေသည်။ ခင်ကြိုင်တစ်ယောက် တည်း မဟုတ်၊ နောက်မှာ မျက်နှာစိမ်း ဖြစ်သော အသက်(၅၀)ခန့် လူတစ် ယောက်လည်း ဟိုကြည့်ဒီကြည့်နှင့် တက်လာသည်။

'အမေရှင် ခြေထောက်ကို သံစူး ထားလို့ ဘယ်မှ မသွားနိုင်ဘူး သတင်း ကြားလို့ ဆေးဆရာတွေ့တာနဲ့ ကျွန်မ ခေါ်လာခဲ့တယ်။ သူ ကုပေးနိုင်တယ် လို့ ပြောတယ်။ ဆရာအေးချိုကို အမေရှင် မျှော်နေလို့ ထူးခြားလာမှာ မဟုတ်ဘူး။ ဗန်းမော်ကို ဆရာထွက် သွားတာ (၁၀)ရက်လောက်ပဲ ရှိသေး တယ်။ တစ်လကျော်မှ ဆရာ ပြန်လာ လေ့ရှိတယ်။ ရက်ကြာဦးမှာ သေချာ တယ်'

'အေးပါ ခင်ကြိုင်ရယ်... သမီးပြော တာ မှန်ပါတယ်။ တို့ရွာမှာ အားကိုး စရာက ဆရာအေးချိုပဲ ရှိတာကိုး။ ခုလို ရွာမှာမရှိရင် အသင့်ရှိတဲ့ဆရာ ကုပေးလို့ ရပါတယ်။ ခံစားနေရတဲ့ ရောဂါ ပျောက်ကင်းရင် ပြီးတာပါပဲ'

ဆေးဆရာ ဆိုသူကလည်း...

'စိတ်ချပါ အစ်မ... ဒါလောက်ဖြစ်တာ လေးကို ကျွန်တော် ဆေးကုလိုက်ရင် ပျောက်ကင်းသွားမှာ သေချာပါတယ်။ ကျွန်တော် ဆေးကုသလို့ မပျောက်ဘူး ဆိုရင် ကျွန်တော့်လက်ကို ဓားနဲ့ ခုတ်ဖြတ် ပစ်လိုက်မယ်'

ဟု ဝင်ပြောသည်။

'အိုး... လက်ကိုတော့ မဖြတ်လိုက် ပါနဲ့ကွယ်'

ဒေါ်အေးရှင်က ပြောရင်းရယ်သည်။

ဆေးဆရာကို ထားခဲ့ပြီး ခင်ကြိုင် ပြန်သွားသည်။

ဆေးဆရာကို တွေ့မြင်ရပုံကား အထင်ကြီးစရာ မရှိပေ။ **အရပ်ပုပု အသားညိုညိုနှင့် ဦးခေါင်းတွင် နီကြောင်ကြောင်ဆံပင် ခပ်ရှည်ရှည် ဖြစ်သည်။**

အရောင်အဆင်း မွဲနေသော ပုဆိုး ကို ခပ်တိုတို ဝတ်ထားသည်။ အကျီ စပို့ရှပ် အနီရောင်နွမ်းနွမ်းနှင့် ဖြစ်သည်။ ခက်သည်က ဆေးဆရာမှာ လက် ချည်းဗလာနှင့် ဘာမှ မပါလာ၍ မည် သို့မည်ပုံ ဆေးကုသမည်နည်း စဉ်းစား ရခက်၏။

'ကျွန်တော့်ဆီမှာ ဘာဆေးဝါးမှ မပါလဲ အစ်မ ခံစားနေရတဲ့ ရောဂါဝေဒနာ ပျောက် ကင်းသွားစေရမယ်။ ဘာမှ သံသယ မရှိပါနဲ့'

ဒေါ်အေးရှင် စိတ်ထဲမှာ ဆင်နေတာ ကို ဆရာက သိနေ၍ အားနာစရာဖြစ် သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

'အစ်မတို့အိမ်မှာ **ရှောက်သီး** ရှိလား'

'ရှောက်သီးခြမ်းတော့ မီးဖိုချောင်မှာ ရှိနေသေးတယ်'

'ဟုတ်ကဲ့ အဲဒီရှောက်သီးခြမ်း ယူလာခဲ့ပါ။ လှီးဖို့ ဓားကိုပါ ယူခဲ့ပါ'

ရှောက်သီးခြမ်းကို ဆရာသည် ဓားနှင့် အစိတ်စိတ်ပိုင်းသည်။ အားလုံးကို ပိုင်းရလေသည်။ ရှောက်သီးပိုင်းများကို တစ်ခုချင်းယူပြီး ဒေါ်အေးရှင်၏ ခြေထောက် အနာနေရာအား ဆရာကိုယ်တိုင် ပွတ်တိုက်ပေးသည်။

ထိုသို့ ပွတ်နေစဉ် ဆရာ၏ နှုတ်မှ အသံမထွက်ဘဲ တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေသည်။ ရှောက်သီးပိုင်း အားလုံး ကုန်သွားချိန်တွင် ဆရာ၏ ဆေးကုခြင်းလည်း ပြီးစီး၏။

'ကဲ...အစ်မ စိတ်ချနေလိုက်ပါ။ ခြေထောက်အနာက လုံးဝ ပြန်ကောင်းသွားပြီ'

ဒေါ်အေးရှင်၏ ခြေထောက်အနာသည် ဆေးကုပြီးချိန်တွင် ပူနွေးနွေး အတွေ့ကို ခံစားရသည်။ ခြေချင်းဝတ်ကို လှုပ်ခါကြည့်ရာ သိသာစွာ အဆင်ပြေ၏။ ဆရာ့ဆေးနှင့်တည့်ပြီဟု ထင်ရသည်။ စောင့်ကြည့်ရဦးမည်။

'ကဲ... အိမ်တိုင်ရာရောက် ဆေးကုလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆေးကုခ ဘယ်လောက်ကုန်တော့မှာလဲ၊ ပြောပါ။ အားမနာပါနဲ့'

'ငွေကြေးပေးစရာ မလိုပါဘူးဗျား၊ ဒုက္ခကြုံနေရှာတဲ့သူကို ကူညီတာ ကျွန်တော့် အလုပ်ပါ'

'ဒီလိုဆိုရင် ခဏလေးနော် ဆရာ ထိုင်နေဦးနော်'

ထိုသို့ပြောပြီး ဒေါ်အေးရှင် အိမ်ခန်းထဲ ဝင်သွားသည်။ ထို့နောက် သူ့အဘိုး



ကြီးဝတ်သည့် လုံချည်နှစ်ထည်၊ တိုက်ပုံအင်္ကျီတစ်ထည် လည်ကတုံး ရှပ်အင်္ကျီတစ်ထည်တို့ကို ယူဆောင်လာသည်။

'အသစ် မဟုတ်တော့ပေမယ့် အကြာကြီးဝတ်လို့ ရပါသေးတယ်။ ဒီအဝတ်အစားလေးတော့ လက်ခံပါ ဆရာ'

'သည်းခံပါ အစ်မ၊ ကျွန်တော် မယူပါရစေနဲ့ခင်ဗျာ'

'ဘယ်လိုလဲ ဆရာ... ငွေလဲမယူ၊ ပစ္စည်းလဲ လက်မခံ ,ဘယ်လို လုပ်ရမလဲ'

'ကျွန်တော့်အတွက် ဘာမှ မလိုအပ်ပါဘူး။ လူတွေကို ကျွန်တော် ကူညီတာပါ'

'လူတွေ ဘယ်လောက်များများ ကူညီပြီးပြီလဲ၊ နောက်ထပ် ဘယ် လောက် ကူညီနေဦးမှာလဲ'

ဆေးဆရာက ဘာမှ မပြောတော့ဘဲ ပြုံးနေသည်။

'ဆရာ ထမင်းမစားရသေးဘူး ထင်တယ်'

'ဟုတ်ကဲ့'

ဟု ဖြေရင်း အိမ်နံရံရှိ နာရီကို လှမ်းကြည့်သည်။ အချိန်က မွန်းတည့် (၁၂)နာရီထိုးရန် (၁၅)မိနစ် လိုသေး၏။

ဆေးဆရာသည် **ဥပုသ်စောင့်ထား၍ မွန်းတည့်ပြီလား သိချင်၍** နာရီကြည့်တာဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် ဆေးဆရာကို နေ့ခင်းစာ ထမင်းကျွေးမွေးရန် အမြန်စီစဉ်ရလေသည်။

အချိန်ကို လုနေရ၍ အထွေအထူး စီစဉ်ရန် အခွင့်မသာတော့ပေ။ အိမ်မှာအသင့်ချက်ထားပြီးသော ထမင်းဟင်းကိုသာ ချကျွေးရခြင်း ဖြစ်၏။

ဆေးဆရာသည် ဆိတ်သားခြောက်ဟင်းပန်းကန်ကို မနှိုက်ဘဲ တွန်းလွှတ်သည်။ ဘူးရွက်ဟင်းချိုနှင့် ငရုတ်သီးထောင်းကို ထမင်းနှင့် အားရပါးရ စားသုံးလေသည်။

ဆရာ ထမင်းစားပြီးချိန်တွင် အိမ်ရှိ ထမင်းဟင်း ကုန်သွားပြီ။ အိမ်သားများစားရန် ဒေါ်အေးရှင် ထမင်းပြန်ချက်ရဦးမည်။

'ဆရာ ဘယ်အရပ်ကို ပြန်မှာလဲ'

'စီကော်ရွာကို ပြန်မယ် အစ်မ'

ယခုထက် ပိုမို စပ်စုမေးမြန်းလျှင် လူမှုရေးမှာ ရိုင်းရာကျသွားပေလိမ့်မည်။ စီခန်းကြီးနှင့် စီကော်ရွာသည် (၂)မိုင်သာ ကွာဝေးသည်။ စီကော်သည် အိမ်ခြေ(၅၀)မျှသာရှိသော ရွာဖြစ်၏။ **(ယခုအခါ ထို(၂)ရွာကြား အိမ်ခြေများစွာ တိုးပွားလာနေပြီ။)** ဤဆရာသည် စီကော်ရွာသား ညှိသည်သာ ဖြစ်ရမည်။

'နောင်မှာ စီခန်းကြီးရွာကိုရောက်ရင် ထမင်းဝင်စားပါ။ ဆရာ့အတွက် အမြဲတံခါးဖွင့်ထားပါတယ်'

'ဟုတ်ကဲ့ အစ်မ'

ဟု ပြောသွားသော ဆေးဆရာသည် နောက်ထပ် ရောက်ရှိမလာတော့ပေ။ ဒေါ်အေးရှင်၏ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကို သံရူးသော ဒဏ်ရာသည်လည်း လုံးဝပျောက်ကင်းသွားခဲ့သည်။

## ဖည့်သည်ဆေးဆရာ၏ မရဏာခရီး

ထို့နောက် တစ်လခန့် အကြာတွင် ဖြစ်သည်။

နံနက်ခင်းစောစောမှာ စီကော် ရွာသားများ လှုပ်လှုပ်ရွရွနှင့် အလုပ်ရှုပ်နေကြလေသည်။ ပြဿနာကား တခြားမဟုတ် ရွာရှိဇရပ်တွင် ရောက်ရှိတည်းခိုနေသော ဆေးဆရာသည် ဘာတွေ အစားမှားသည်မသိ ဝမ်းလျှောပြီး သေဆုံးခြင်းကြောင့်ဖြစ်သည်။

ဆေးဆရာ၏ နာရေးက ရွာကို လာရောက် ပတ်သက်၍ အားလုံး မနေသာကြတော့ဘဲ ဝိုင်းဝန်းကြရသည်။

'ညဉ့်ဦးပိုင်းအချိန်မျိုးမှာ ငါ့အိမ်က နေ ကြည့်လိုက်ရင် ဇရပ်မှာ မီးထွန်းထားတာ အမြဲတမ်း မြင်တွေ့ရလေ့ရှိတယ်။ အဲဒါ ဇရပ်ကို လာကြည့်လိုက်ရင် ဆေးဆရာ ဘုရားရှိခိုး ဒါမှမဟုတ် တရားထိုင်နေတာ တွေ့ရတတ်တယ်။ မနေ့ညကတော့ မီးရောင်ကို မတွေ့ရဘူး။ ဒီဆရာ သူ့အရပ် ပြန်သွားပြီလားလို့ မနက်လင်းတာနဲ့ ငါ လာကြည့်လိုက်တော့ ဆရာ အသက်မရှိတော့ဘူး။ ငါ့စိတ်အထင်တော့ ညဉ့်ဦးပိုင်းကတည်းက သေဆုံးတာဖြစ်မယ်'

'တို့ရွာဇရပ်ကို ဆေးဆရာ ရောက်လာတာ နှစ်လလောက် ရှိသွားပြီကွ။ ဆေးဆရာသာဆိုတယ်၊ သူ့မှာ ဆေးဆိုလို့ လျက်ဆားတောင် မပါဘူး။ ရေမန်းနဲ့ ကုလိုက ပရိတ်ရေနဲ့ ကုလိုကုပဲ လုပ်တယ်။

ဒါပေမယ့် ထူးခြားချက်က သူ ဆေးကုပေးလိုက်လို့ရှိရင် အားလုံး ပျောက်ကင်းတာချည်းပဲ၊ ဆေးကုခလဲ မတောင်းဘူးဆိုတော့ လူတွေက အထင်မကြီးကြဘူး။ စားကြွင်းစားကျန်ပဲ ကျွေးလိုက်ရင် ဆရာ ကျေနပ်သွားတတ်တယ်'

စီကော်ရွာမှ ဦးဘခင်နှင့် ဦးမောင်အေးတို့နှစ်ယောက် အချင်းချင်း ပြောဆိုနေကြခြင်း ဖြစ်လေသည်။

'ဆေးဆရာကလဲ သူများကိုသာ ရောဂါပျောက်ကင်းအောင် ဆေးကုပေးတတ်တယ်။ ကိုယ်ခံစားရတဲ့ ရောဂါကျတော့ ပျောက်ကင်းအောင် ဆေးမကုတတ်ဘဲကိုး'

'အဲဒီလိုတော့ မပြောပါနဲ့ကွာ... "မမှားတဲ့ရှေ့နေ၊ မသေသော ဆေးသမားမရှိဘူး" လို့ စာဆိုရှိထားတယ်လေ'

'မင်းပြောတာ ဟုတ်တယ်။ ဇာတိဆိုတဲ့ မွေးဖွားခြင်းနဲ့ လူတိုင်း စတင်လာခဲ့တာချည်းပဲ။ နောက်ဆုံးမှာတော့ မရဏာဆိုတဲ့ သေဆုံးခြင်းမှာ နိဂုံးချုပ်ကြရတာ တို့ကိုးကွယ်တဲ့ မြတ်ဘုရားတောင် ရင်ဆိုင်ခဲ့ရတာ အားလုံး အသိပဲကွာ။

ဆေးဆရာလဲ ဘာထူးသလဲ၊ နေ့စေ့ကံကုန်မို့ သူ့လမ်း သူသွားရတာ နေမှာပါ။ တို့ရွာအတွက် အားကိုးရတဲ့ဆရာ မရှိတော့တာ နစ်နာသွားတာပေါ့'

စီကော်ရွာသားများသည် ဆေးဆရာကိစ္စကို လုပ်ကိုင်နေကြရင်းမှ တစ်ယောက်တစ်မျိုး သူတို့စိတ်ထဲ ရှိတာကို ပြောနေကြခြင်း ဖြစ်သည်။

'ကုသိုလ်ဆိုတာ ဘုရားသွားကျောင်းသွားလုပ်နိုင်မှ ရတတ်တာ မဟုတ်ဘူး။ ယူတတ်ရင် အချိန်မရွေး နေရာမရွေး ရနိုင်တယ်ကွယ့်၊ စိတ်ကူးမလွဲနဲ့... စောင်စုတ်ကို တောင်းပေမယ့် ဗီရိုထဲမှာ သိမ်းထားတဲ့ နှစ်ထပ်ပွမ်း စောင်အသစ်ကိုသာ ထုတ်ပေးလိုက်ပါ။ တကယ်တော့ သေဆုံးသွားတဲ့ ဆေးဆရာဆိုတာ တို့ရွာသားတွေ မကျန်းမာရင် ဘာအကျိုးအမြတ်မှ မမျှော်ကိုးဘဲ ဆေးကုသပေးခဲ့တာ၊ သူ့ကျေးဇူးနဲ့ ကင်းရှင်းတဲ့ အိမ်ဆိုလို့ ရွာထဲမှာ မရှိသလောက်ပဲ သမီးရဲ့'

သေဆုံးသူ ဆေးဆရာ၏ ရုပ်အလောင်းတွင် သုံးစွဲရန် စောင်စုတ်တစ်ပိုင်းလောက် ပေးပါဟု ရွာသားတစ်ယောက်က လာတောင်းသည်။ စောင်အတွက် မိခင်ဖြစ်သူ ဒေါ်အောင်ခန်းက သမီး မသောင်းကြည်အား ပြောကြားခြင်း 'ဖြစ်လေသည်။

ဤသို့ဖြင့် မိမိရွာမှာ လာရောက် သေဆုံးသူ ဧည့်သည် ဆေးဆရာအတွက် စီကော်ရွာသားများ ဝိုင်းဝန်းဆောင်ရွက်ကြသည်။ အုန်းသီးနှင့် ငှက်ပျောသီး ကန်တော့ပွဲအတွက် လိုအပ်တာ ငွေကြေးကို လှူဒါန်းလိုသူများပြားသည်။

ရွာဦးကျောင်းဆရာတော်ကို ပင့်ပြီး သရဏဂုံတင်သည်။ ထို့နောက် ရွာသချိုင်းတွင် နေ့ချင်း မြေမြှုပ်လိုက်လေသည်။

ထို့နောက် ရက်လည်ဆွမ်းသွတ်ခြင်းကိုလည်း အစဉ်အလာထုံးစံ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖရပ်မှာပင် ဆောင်ရွက်ပေးသည်။ ရွာငယ်လေး တစ်ရွာသာ ဖြစ်သော်လည်း ကုသိုလ်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်ကြပုံမှာ ချီးကျူးလောက်ပေသည်။

ဤသို့ဖြင့် တစ်လကျော် အချိန်ကာလသို့ ရောက်ခဲ့သည်။ ဆေးဆရာနှင့် ပတ်သက်၍ "သေသောသူ ကြာလျှင်မေ့" ဟူသည့် စကားအတိုင်း ရွာသားများ မေ့ပျောက်စ ပြုလာခဲ့လေပြီ။

တစ်နေ့ နံနက်ခင်းတွင် စီကော်, စီခန်းကြီးရွာများဘက်သို့ ရွှေကျင်ရန် ထွက်ခွာလာသော ခရီးသွားလူနှစ်ဦးသည် စီကော်ရွာသို့ ရောက်ရှိလာခဲ့သည်။ ထိုလူများသည် ဒေါ်အောင်ခန်း၏နေအိမ်ကို ဟိုမေးဒီမေး စုံစမ်းရင်း ရောက်လာခဲ့သည်။ ဒေါ်အောင်ခန်းကို တွေ့လျှင် ခရီးသွားတစ်ဦးက...

'ကျွန်တော်တို့ နှစ်ယောက်က စင်းခန်းရွာက လာတဲ့ ခရီးသွားညီ့သည်တွေပါခင်ဗျာ။ စီကော်ရွာကို လမ်းကြုံနေတာကြောင့် ပစ္စည်းထုပ်တစ်ခု လူကြုံပါးလိုက်တယ်၊ အဲဒီဆေး ဝင်ပေးတာပါခင်ဗျာ'

ဟု ပြောသည်။

'ဟဲ့... နေကြပါဦး၊ ဒေါ်ဒေါ်မှာ စင်ခန်းဘက်မှာ ဆွေမျိုးလဲ မရှိဘူး။ ခင်မင်တဲ့ မိတ်ဆွေလဲ မရှိဘူး။ စင်းခန်းရွာက ရေဝတီမြစ်ကမ်းနားက ရွာဆိုတာ လူပြောသူပြောနဲ့ ကြားတယ်။ ကိုယ်တိုင်လဲ တစ်ခါမှ မရောက်ဖူးဘူးကွယ်။ ဘယ်သူကများ ပါး(ပေး)လိုက်သလဲကွယ်။ ရှင်းပြခဲ့ပါဦး' ***(ယခုအခါ စင်းခန်းမြစ်ကူးတံတားကြီး ရှိနေလေပြီ။)***

'ဟုတ်ကဲ့ကျွန်တော် ရှင်းပြပါမယ်။ ပစ္စည်းပါး(ပေး)လိုက်တဲ့သူက တစ်ရွာတည်းသားချင်းပေမယ့် ကျွန်တော်တို့ နှစ်ယောက်လုံးနဲ့ လူချင်း မသိကြဘူး။



ဒါကြောင့် မယူသွားနိုင်ဘူးလို့ ငြင်းပါသေးတယ်။

ဒါပေမယ့် ကျွန်တော့်ညီမက သူနဲ့ ကျောင်းနေဖက်ဖြစ်လို့ သိတယ်တဲ့။ အဲဒီလူက ဆေးဆရာ ရွာစဉ်ထွက်ဆေးကုသွားနေတတ်တယ်။ သားမယားလဲ မရှိဘူးလို့ဆိုတယ်။ ကိုယ့်ရွာမှာ အမြဲမနေတော့ သူ့ဇာတိ ရွာပေမယ့် နေစရာ အိမ်မရှိဘူးတဲ့။ အထုပ်ကလဲ သိပ်လေးလံတာ မဟုတ်ဘူး။ လမ်းကြုံနေတာမို့ ယူသွားပေးလိုက်ပါလို့ ညီမလေးစကားကြောင့် ယူပေးခဲ့ရတာပါခင်ဗျာ'

ဒေါ်အောင်ခန်းက မကျေနပ်သေးဘဲ ပစ္စည်းပါးလိုက်သူ၏ အသက်အရွယ် ပုံသဏ္ဌာန် အနေအထားကို စေ့စေ့အောင် ထပ်မံမေးမြန်းကြည့်သည်။

လူကြုံညီ့သည်၏ စကားအရ ထိုသူသည် ယခင် တစ်လကျော်လောက်တုန်းဆီက မိမိရွာမှ ဖရပ်တွင် သေဆုံး၍ ရွာသားများက သင်္ဂြိုဟ်ပေးလိုက်ရသော ဆေးဆရာ၏ ပုံစံနှင့် တထေရာတည်း တူညီနေလေသည်။ လူကြုံညီ့သည် နှစ်ဦး၏ ရှေ့မှောက်မှာပင် ပစ္စည်းထုပ်ကို ကြိုးများ ဖြေကြည့်လိုက်ကြသည်။

အထုပ်ထဲမှ ပစ္စည်းကား သေဆုံးသူ ဆေးဆရာအတွက် အသုံးပြုရန် လှူဒါန်းလိုက်သည်ဆိုသော စောင်ကို အသစ်စက်စက် ပုံစံအတိုင်း ခေါက်ရိုး မပျက် သန့်ပြန့်စွာ ပြန်တွေ့လိုက်ကြသည်။

စင်စစ်တွင် မစင်များ ပေကျံညစ်ပတ်နေသော ဆေးဆရာ၏ ရုပ်အလောင်းကို ကိုင်တွယ်ရ လွယ်အောင် ဤစောင်အသစ်ဖြင့် ရစ်ပတ်ပြီး သင်္ချိုင်း၌ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြောင်း စီကော်တစ်ရွာလုံးအသိ ဖြစ်လေသည်။

စောင်ကို ကိုင်ကြည့်ရင်း ဒေါ်အောင်ခန်းတို့သားအမိနှစ်ယောက် ကြက်သီးတဖြန်းဖြန်းထပြီး ခေါင်းနားပန်းကြီးသွားကြရလေသည်။ မယုံကြည်နိုင်လောက်သော ဖြစ်ရပ်ဆန်းကြယ်ကြောင့် ဒေါ်အောင်ခန်းက နှုတ်မှ...

'ဘုရား...ဘုရား... တို့ရွာသားတွေအားလုံး အထင်အမြင် မှားခဲ့ကြပြီ။ ဖရပ်မှာလာနေထိုင်ရင်း သေဆုံးခဲ့တဲ့ ဆေးဆရာက သာမန်လူ မဟုတ်ဘူး။ ထူးခြားပုဂ္ဂိုလ် ဖြစ်နေတယ်။ သူ ဘယ်လိုလူလဲဆိုတာ သိအောင်လို့ စောင်ကို အရောက်ပြန်ပို့ပေးလိုက်တာပဲ။ မသိလို့ မှားမိတဲ့ ရွာသားတွေကို ခွင့်လွှတ်နားလည်ပေးပါ ဆရာရယ်၊ ရှိခိုးတောင်းပန်အပ်ပါတယ်'

ဟု ဆိုရင်း သားအမိနှစ်ယောက်လုံး စောင်ကို လက်အုပ်ချီမိုး ရှိခိုးနေကြ၏။

စောင်ထုပ်ကို ပြန်ပို့လိုက်သော သေဆုံးသူ ဆေးဆရာ၏ သတင်းကား တောမီးလောင်သလို တစ်မဟုတ်ချင်း ပျံ့နှံ့သွားပြီး အဟောင်းက အသစ်ဖြစ်ကာ ရွာသူရွာသားများ ပြန်ပြောင်းပြောနေကြပြန်သည်။

'တို့ရွာသားတွေကကို နံအ,လွန်းပါတယ်၊ တို့ရွာကို ပဋ္ဌာန်းဆက်ရှိထားလို့ အလိုအလျောက် ဆေးဆရာ ရောက်လာတာ၊ ဘာအကျိုးအမြတ်မှ မမျှော်ကိုးဘဲ လူတွေကို ဆေးကုပြီး ကယ်ဆယ်ခဲ့တာ။

ဆေးဆရာဖြစ်ပြီး ဘာဆေးမှ ပါလို့ ရွာသားတွေက အထင်မကြီးသူ ဆေးကုပြီးရင် အိမ်က စားကြွင်းစားကျန် ကျွေးလွှတ်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအထဲမှာ ငါတို့လစ်မယားလဲ ပါခဲ့ဖိတယ်ကွာ။

တကယ်ဆိုရင် ဒီဆေးဆရာ ကုလိုက်တိုင်း ဆေးလိုက်လို့ ရောဂါပျောက်ကင်းတာချည်းပဲ။ မပျောက်တာ ရှိလို့လား။ ပြီးတော့ ညစာ မစားဘူး။ အဓိဋ္ဌာန်သမာဓိဆိုတာ (၉)ပါးသီလ ထိန်းရတာကွ။ ညစာ ဘယ်စားမှာလဲ။ ညတိုင်း ဇရပ်မှာ တရားထိုင်နေတာလဲ တစ်ရွာလုံး သိကြတာပဲလေ။

သွားပြီ... လူမိုက်နေ့သင်တ နောက်မှရ ဆိုတာ ဒါမျိုးပေါ့ကွာ။ ခုတော့... အားလုံး လွန်သွားပြီ။ ဘာမှ လုပ်လို့ မရနိုင်တော့ဘူး'

ထိုအချိန်မှ စတင်၍ စီကော်ရွာတွင် တစ်စုံတစ်ယောက် မကျန်းမာလျှင် ဒေါ်အောင်ခန်း၏ နေအိမ်မှ စောင်ထုပ်ကို သွားရောက် ငှားရမ်းကြရသည်။

ထို့နောက် ဘုရားစင်ရှေ့တွင် စောင်ထုပ်ကို ချထားပြီးနောက် အမည်မသိ ဆေးဆရာကို လာရောက်ဆေးကုသပေးပါဟု တိုင်တည်တောင်းဆိုလျှင် မကျန်းမာသူသည် ဆေးဝါး မနီဝဲ မစားသုံးရဘဲ အလိုအလျောက် နေကောင်းကျန်းမာသွားလေ့ရှိကြောင်း သိရလေသည်။

**စာကြွင်း ။ ။ စာရေးသူ၏ နေအိမ်တွင် အတူနေထိုင်သူ ယောက္ခမကြီး ဒေါ်ဖွားသောင်သည် ယခုအခါ အသက်(၉၂)နှစ် ပြည့်တော့မည်ဖြစ်သည်။ သူမသည် စီခန်းကြီးဇာတိလည်း ဖြစ်သည်။**

**ယောက္ခမကြီးပြောပြသော ဖြစ်ရပ်ကို ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ဆောင်းပါးတွင် ပါဝင်သော လူနာမည်များသည် ထိုရွာများ၌ အမှန်ပင် ရှိနေကြပါသည်။ ထိုနာမည်ရှင်အချို့သည် သက်ရှိထင်ရှား မရှိကြတော့ပါ။**

**အောင်ဆန်းလင်း(ဘီ-အေ)**

# အရေပြားရောဂါအတွက်

## ကေရာင်မြစ်ခေါက်စားဆေး

မင်းကွန်းဆရာတော်ကြီး သီတင်းသုံးခဲ့သော ဓမ္မနာဒချောင်၊ အထက်တောင်ကုန်း၌ ကိန်းဝပ်တော်မူသော မယ်နတ်ပေး(ပူဇော်ခဲ့သည့်) စေတီတော်အား ဖူးမြော်ကြည်ညိုသောအခါ **သီလရှင်ဆရာကြီး ဒေါ်နိမလာက** ကိုယ်တိုင် လိုက်ပါကူညီပေးခဲ့သည်။



မယ်နတ်ပေး စေတီကုန်းတော်အနီး သစ်ပင်ကြီးမှ ပြား၍ရှည်သော အသီးတောင့်ကို တွေ့ရသဖြင့် စုံစမ်းကြည့်သည်။

'ဆရာကြီး ဒါက- ဘာအသီးလဲ'

'ကေရာင်သီးလေ၊ သီးခဲတယ်။ တစ်ခါတစ်ရံမှ တွေ့ရတတ်တယ်။ အသီးတင် ဆန်းရုံမကဘူး အမြစ်ကလဲ ဆေးစွမ်းထက်တယ်'

'အမူးအမော ပြေစေတာလား'

'အမူးအမော အတွက်လောက်ကတော့ အရွက်ကို တို့မြုပ် ကြော်စားရုံနဲ့ ရတယ်၊ အမြစ်က အရေပြားရောဂါ သမင်ဖြူလျက်တာကအစ ပျောက်စေတယ်။

ကလေသီးတို့ ချိုးသီးတို့က အရေပြားရောဂါ ကောင်းတယ် ဆိုပေမယ့် အကင်းသတ်ရသေးတယ်။ သူကတော့ အကင်းအဆိပ်မရှိဘူး'

'ပြောပြပါဦး ဆရာကြီး အားလုံးအတွက်လဲ အကျိုးရှိအောင် ဝေမျှပေးနိုင်တာပေါ့'

'ကေရာင်အမြစ်ခေါက်(အစို) (၂၀)ကျပ်သားနဲ့ ထန်းလျက် တစ်ပိဿာကို ရေနည်းနည်းထည့် လက်ကော်ရအောင် ကျိုရတယ်။ အခေါက်ကို ကြေအောင် ထုထောင်းပြီးမှ ကျိုရမှာနော်။

အဲဒီဆေးကို ဟင်းစားဇွန်းနဲ့ နံနက်တစ်ဇွန်း၊ ညတစ်ဇွန်း စားပေးရုံပဲ။ တော်ရုံရောဂါလောက်က ဆေးတစ်ဖုံ မကုန်ပဲ အလွယ်လွယ် ကွာကျတယ်။

တစ်ကိုယ်လုံးမျိုထားတဲ့ သမင်ဖြူဆိုရင် တဖြည်းဖြည်း ပါးလာမယ်။ ငါးပိရိုးနဲ့ ဆက်စားပါ။ အဖုံအတော်များများ စားပေးပါ။ မူရ ပကတိအသားအတိုင်း ပြန်ဖြစ်စေပါတယ်။ အဘွားတို့ ဗိုတတိုးဘွားစဉ်ဆက် ပွဲတွေ့ဆေးနည်းပါ'

အရေပြားဝေဒနာ ဖြစ်ပေါ်ခံစားနေကြရသူများ ဝေဒနာကင်းကွာနိုင်ကြပါစေ။

**ခင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com





# သွပ်ဖမ်းစိတ္တာ

အပိုင်း(၃)

ဦးမင်းဇင် (ရွှေနဝင်း)

နံနက်စောစော (၆)နာရီလောက်က နေ စပြီး သွပ်,ပြဒါးနှင့် သွပ်ဓာတ်သား (၁၀)ကျပ်သားစီ ဓာတ်(၂)လုံး ဖမ်း လိုက်တာ ညနေ(၆)နာရီထိုးမှသာ အားလုံးပြီးစီးပြီး ပတ်စာခွာ ဖျာသိမ်း စခန်းရုပ်ကြလေသည်။

စာရေးသူတို့လည်း အလွန် အင်မတန်မှ လိုချင်ဆန္ဒ ပြင်းပြနေ သည့် သွပ်ဓာတ်နှင့် သွပ်ပြဒါးဓာတ် ရွှေဝါရောင် ဓာတ်သားများ ဖမ်းမိပြီး သား ဓာတ်သား(၂)မျိုးပေါင်း (၂၀) ကျပ်သားခန့်ကို တစ်နေ့တည်းနှင့် နေ့ချင်းပြီး တစ်လုံး တစ်မီးနှင့် လက် တွေ့မျက်မြင် ဖမ်းလို့ရခဲ့တာဆိုတော့ ဝမ်းသာပီတိ ဝွမ်းဆီအိ ဖြစ်နေကြ တာပေါ့လေ။

ဒီလိုနှင့် ပြန်ခါနီး ဆရာ့ကို နှုတ်ဆက် လိုက်တော့...

'အေးဗျာ...ခင်ဗျားတို့ လိုအင်ဆန္ဒ ပြည့်ဝ သွားကြပြီဆိုတော့ ကျုပ် တာဝန်ကျေပြီပေါ့ နော်။ နောက်ထပ် တစ်ခါတော့ ကျုပ်ကို ထပ်ပြီး ဓာတ်မဖမ်းခိုင်းကြနဲ့။ ဒီတစ်ခါပဲ ဖမ်းပေးမှာဆိုတာ သိထားကြပါ'

'ဟုတ်ကဲ့ပါ ဆရာ...တစ်ခါတည်း နဲ့ ယခုလို ထိထိရောက်ရောက် ပိုင်ပိုင် နိုင်နိုင် ဓာတ်ဖမ်းပေးတာကိုပဲ အလွန် ဝမ်းသာ ကျေးဇူးအထူးတင်ပါတယ် ဆရာ'

'ဒီဓာတ်သားတွေရဲ့ ဓာတ်တက် လမ်း အာစရိယဝါဒများ ရှိခဲ့မယ်ဆိုရင် တော့ ချီးမြှင့်ပေးပါဦး ဆရာ'

'အေးဗျ... အရှင်းဆုံး ဝန်ခံရရင် တော့ ကျုပ်လဲ ဓာတ်တက်လမ်းစဉ် ရယ်လို့ အတိအကျ သေချာ မသိခဲ့၊ မရခဲ့ဘူးဗျာ...

ဒီသွပ်ဖမ်းတဲ့နည်း ကျုပ်ကို ချီးမြှင့် ပေးခဲ့တဲ့ ဆရာတော်က အဓိကအနေ နဲ့ ဘုရားတည် သာသနာပြုလုပ်ငန်း တွေ လုပ်တဲ့အခါမှာ၊ ဘုရားထီးတော် တွေကို တင်တဲ့အခါ၊ ကြေးသတ္တုနဲ့ ဘုရားထီး ပြုလုပ်ပူဇော်ကြတဲ့အခါ ကြေးညိုတက်ပြီး ထီးတော်တွေ ခဏ ခဏ အရောင် မှိန်မှိန်သွားတယ်။ အဲဒါကို မြင်ရပြီး စိတ်မချမ်းသာတာ ကြောင့် ဒီသွပ်ဖမ်းတဲ့နည်းကို ပေးပြီး ဘုရားထီးတော်တွေကို သွပ်ဓာတ်ဖမ်း ပြီး ရွှေဝါရောင် ရွှေထီးတော်တွေ တင်လှူနိုင်အောင်လို့ဆိုပြီး ကျုပ်ကို ချီးမြှင့်ခဲ့တာ။

ဒါကြောင့် ဖိုခွင်ကျယ်ပြီး လုံကြီးကြီး နဲ့ ဝင်ဆံ့သလောက် သွပ်ဓာတ်ကို အလေးချိန် များများနဲ့ မီးဂရုစိုက်စရာ မလိုဘဲ စိတ်ကြိုက်မီးထိုးပြီး ဖမ်းလို့ ရတဲ့နည်းကို ပေးခဲ့တာဖြစ်လို့ ကျန်တဲ့ ဓာတ်တက်တဲ့လမ်းစဉ်တွေ ဘာတွေ ကိုတော့ ကျုပ်လဲ မသိခဲ့တာ အမှန်ပါပဲ။

ကျန်တာကိုတော့ ခင်ဗျားတို့ ဉာဏ် ရှိသလိုသာ စမ်းသပ်ပြီး ကြံစည်ကြပေ တော့ဗျာ'

'ဒါဆိုရင်လဲ ဆရာရယ်...သွပ်ဓာတ် ကို ချုပ်သတ်နိုင်ပြီး အစွမ်းထက်လှတဲ့ ဆရာ့ရဲ့ ဓာတ်သတ်တဲ့ ဆေးမည်းမည်း လေးအကြောင်း သိခွင့်ရရင် သိချင် ပါတယ် ဆရာ'

'အို...ဒါကိုတော့ ဘယ်လိုမှ ပြော လို့မရဘူးဗျာ။ ကျုပ်ကို ဆရာတော်က မင်းသေတဲ့အထိ ဒီဆေးနည်းကို နှုတ်လုံစောင့်ထိန်းရမယ်လို့ သစ္စာပြု ပြီး ကတိခံထားလို့ သည်းခံကြပါဗျာ'

စာရေးသူတို့လည်း ဟင်းကောင်း တစ်ခွက်သာရ(ဟင်းစားရပြီး ကွန်ချက် ကိုမပြ)ခဲ့လေတော့ မချင့်မရဲနှင့် ပြန် လာခဲ့ရပါတော့သည်။

အိမ်ပြန်ရောက်တော့လည်း ထို မချင့်မရဲစိတ်၏ နှိုးဆော်မှုကြောင့် မိမိ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် သွပ်ဓာတ်ကို ဖမ်းခဲ့ကြသည့် နည်းအမျိုးမျိုးတွေမှာ **သွပ်ဓာတ်ကို ထိန်းချုပ်နိုင်ကြသည့် ချုပ်ဆေး၊ သတ်ဆေး** အများစုကိုတွေးတော ဆင်ခြင်ကြည့်လိုက်တော့...

ကြေး,ဒုတ္တာ ပါဝင်သည့် ချုပ်ဆေး၊ သတ်ဆေးများကို ကြေးချိတ်အနေနှင့် အရင်ချိတ်ဖွဲ့ပြီးမှ သွပ်ဓာတ်ကို ချုပ်သတ်ပြီး ဖမ်းကြရာတွင် ဖမ်းမည့် သွပ်ဓာတ်(၁)ကျပ်သားဆိုလျှင် ကြေးချိတ်က အနည်းဆုံး (၂)ကျပ်သား၊ (၃)ကျပ်သားနှုန်းနှင့် သွပ်ကို အုပ်ဖမ်းရလေသည်။

ဒါတောင် မီးကို သာသာလေး လှုပ်ခတ်ပြီး ချော့၍ ဖမ်းရပေသည်။ ယခု ဆရာ ဖမ်းပြသည့် နည်းမှာ ချုပ်ဆေး,သတ်ဆေး အနေနှင့် သွပ် (သို့မဟုတ်)သွပ်ပြဒါး (၁၀)ကျပ်သားတို့မှ ချုပ်ဆေး,သတ်ဆေးက အလွန်ဆုံးရှိလှ (၁)မူးသားထက် မပိုပါ။

ကိုယ်တွေ့မျက်မြင် မန်ကျည်းစေ့ (၁)စေ့စာလောက်ပဲ ရှိနေတာဆိုတော့ သွပ်ကို အလွန်နိုင်သည့် ချုပ်ဆေး, သတ်ဆေးဖြစ်ပြီး ''ဆေးကောင်းသန်းခေါင်း'' ဆိုစကားလို အလွန်အစွမ်းထက်လှပေသည်။

စာရေးသူ စိတ်အထင်ကတော့ **ဤဆေးသည် ရက္ခမှ အပင်ထွက်ဆေးတော့ မဖြစ်နိုင်ပေ။ အလွန်အစွမ်းအာနိသင် ထက်လှသည့် ဓာတ်ဆေးများနှင့် ချိတ်ဖွဲ့ထားသည့် ချုပ်ဆေး,သတ်ဆေး ဖြစ်နိုင်ပေသည်။**

နည်းနည်းလေးနှင့် ထိရောက်အစွမ်းပြတာကို ကိုယ်တွေ့မြင်ခဲ့ရတာဖြစ်၍ စာရှုသူ ဝါသနာရှင် သုတေသီများကို...

သုတကြားမြင် သိစေချင်သည့် စေတနာနှင့် တင်ပြခဲ့ရပေမယ့် သေချာသည့်နည်းစနစ်ကို မပေးနိုင်တာကိုတော့ သည်းခံကြပါ။

ဒါပေသိ ကိုယ့်လက်ထဲမှာ အမဲသား၊ ငါး ဟင်းလျာကောင်းကို ရထားခဲ့တာမို့ ယင်း ဖမ်းမိထားသည့် သွပ်ဓာတ်နှင့် သွပ်ပြဒါးဓာတ်၊ ရွှေဝါရောင်ဓာတ်သားများကို (၁)ကျပ်သားစီ ဖြတ်တောက်ပြီး

မိမိကိုယ်တိုင် လက်တွေ့ နည်းအမျိုးမျိုးနှင့် စမ်းသပ်အဖြေရှာခဲ့ရာတွင် အချိန် (၁၀)နှစ်လောက်ကြာအောင် လေ့လာအဖြေရှာခဲ့တော့မှ သူ၏ သဘောသဘာဝကို သိရှိလာခဲ့ပါသည်။

''လွယ်မယောင်နဲ့ ခက်သည်'' ဆိုသည့် အင်္ဂါရပ်ဓာတ်သဘာဝ သဘောတရားများကိုလည်း လက်တွေ့ တွေ့မြင်ရလေသည်။

စာရေးသူကဲ့သို့ပင် ထိုဆရာဆီမှ သွပ်ဖမ်းပေး၍ ရရှိခဲ့ကြသော ဝါသနာတူ မိတ်ဆွေ (၄,၅)ဦးခန့် ရှိကြရာတွင် ယင်းသွပ်ရွှေဝါရောင် ဓာတ်သားကို ဓာတ်တက်လမ်း ကြံစည်ကြသော်လည်း နောက်ဆုံးမှာတော့ ဘာလုပ်ရမှန်း မသိကြဘဲ လက်မြှောက်သွားကြတာကို တွေ့ရပါသည်။

စာရေးသူကတော့ ဖွဲကောင်းကောင်းနှင့် စမ်းသပ်လေ့လာ အဖြေရှာခဲ့သည့်ကြောင့် ထူးခြားဆန်းကြယ်မှုများကို တွေ့မြင်ခဲ့ရပါသည်။

ထိုဖမ်းမိထားသည့် **ရွှေဝါရောင်သွပ်နှင့် သွပ်ပြဒါးဓာတ်၏ ထူးခြားဆန်းကြယ်မှုအကြောင်းကို** မခြွင်းမချန်ဘဲ...

**[ရှေ့လတွင် ဆက်လက်၍ တင်ပြပေးပါဦးမည်။]**

**ဦးမင်းဖင်(ရွှေနဝင်း)**



### မျက်စိနာ ပျောက်ကင်းသည့်

## ရေမန်းမန္တန်

စာရေးသူ ရေးသားတင်ပြမည့် မျက်စိနာ ပျောက်ကင်းသည့် ရေမန်းမန္တန်မှာ အမှန်တကယ် ပျောက်ကင်းသည့်မန္တန် ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် မျက်စိနာလာသည့်အခါက ကိုယ်တိုင်ရွတ်ဆိုပြီး ရေမန်းကို ခတ်ကြရာ ပျောက်ကင်းသက်သာခဲ့ပါသည်။

အလားတူ မျက်စိနာသူများကို ခတ်စေခဲ့ရာတွင်လည်း ပျောက်ကင်းသက်သာသဖြင့် ဤမန္တန်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

သောက်ရေအိုးမှ ဖွန်းကြီးတစ်ဖွန်းစာခန့် ရေယူလိုက်ပါ။ အဆိုပါ ရေကိုအောက်ဖော်ပြပါ 'မန္တန်ဖြင့်' (၇)အုပ်ရွတ်ပါ။ ရွတ်ပြီးလျှင် မျက်စဉ်းအဖြစ် ခတ်နိုင်ပါသည်။ ဤမန္တန်မှာ အဘိုးဖြစ်သူ၏ ဒိုင်ယာရီထဲမှ ရခဲ့ပါသည်။

'ဦ ဘီလူးသိန်းသောင်း မကောင်းသယ်ရွာ အနိစ္စ ဒုက္ခ အနတ္တ မြတ်စွာဘုရား ထင်ရှား ရပ်တော်မူပါ။ ဦ ဗောဓိမဏ္ဍလေ သူယုတ်မနောက်သို့...ဖွဟဲ့'

**မောင်ဗဟိန်း(အင်းတော်)**

www.burmeseclassic.com



# ဝိဇ္ဇာရှင်းတမ်း (၁)

စရဏ ဦးအောင်



◆ ရာကျော်ဆရာတော် ဦးသတ္တမဒေဝကိတ္တိ(ခေါ်) ဦးသတ္တမဒေဝကိတ္တိပုံတော်

[ ၁ ]

**"ဝိဇ္ဇာရှင်းတမ်း"**ဟု ခေါင်းစီးတပ်လိုက်ရခြင်းမှာ သူတော်စင်ဝိဇ္ဇာအကြောင်းကို ရှင်းလင်းတင်ပြမည်ဖြစ်၍ ဝိဇ္ဇာရှင်းတမ်းဟု ခေါင်းစီးတပ်လိုက်ရခြင်းဖြစ်သည်။

သူတော်စင် ဝိဇ္ဇာရုပ်ပုံများတွင်ပါရှိသော သူတော်စင် ဝိဇ္ဇာအများစုကို ကျွန်ုပ် မသိပါ။ ယင်းရုပ်ပုံတော်ထဲမှ **အဘခေါင်**ကိုတော့မူ သိပါသည်။ စာဖတ်သူများလည်း သိရှိမည် ဖြစ်ပါသည်။

ထို့ပြင် ပထမတန်း(ရှေ့တန်း)၌ အဘခေါင်နား ကပ်လျက် ထိုင်နေသော **ခေါင်းပေါင်းအဖြူ၊ မုတ်ဆိတ်မွေးအဖြူ နံပါတ်(၇)မှာ အဘိုးငယ်**ဖြစ်သည်။ အဘိုးငယ်၏ နောက်တည့်တည့် ရပ်နေသည့် တတိယတန်း နံပါတ်(၆)မှာ **ရာကျော် ဆရာတော် (ခေါ်) ဦးသတ္တမဒေဝကိတ္တိ** ဖြစ်သည်။

ယင်း အဘိုးငယ်နှင့် ရာကျော်ဆရာတော် ဦးသတ္တမဒေဝကိတ္တိတို့အား စာဖတ်သူများ မြင်တွေ့ဖူးကြရသည်ဖြစ်၍ မှတ်မိကြပေလိမ့်မည်။

အဘိုးငယ်က **၁၉၅၁ ခုနှစ်တွင် ပဲခူးစမ်းကြီး တောရစခန်းမှ ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့သည်**။ ရာကျော်ဆရာတော်(ခေါ်) ဦးသတ္တမဒေဝကိတ္တိသည် ၁၉၅၄ ခုနှစ်က ထွက်ရပ်စခန်းသို့ ကြွမြန်းသွားလေသည်။ ယင်းတို့ ပုဂ္ဂိုလ်နှစ်ဦးသည် နှစ်ပေါင်း(၅၅)နှစ်မျှသာ ရှိသေးသဖြင့် ယခု အသက်(၇၀)ကျော် ရှိသည့်လူများ သိရှိမှတ်မိကြလိမ့်မည်ဟု ယုံကြည်သည်။

ယခု ကျွန်ုပ်သည် ရာကျော်ဆရာတော် (ခေါ်) ဦးသတ္တမဒေဝကိတ္တိအကြောင်းကို ရှင်းလင်းတင်ပြပါမည်။

[ ၂ ]

ကျွန်ုပ်သည် **၁၉၅၀ ပြည့်နှစ်က တောရပ်ဒေသမှ ရန်ကုန်မြို့သို့ ရောက်ရှိသည်**။ ရန်ကုန်မြို့ (၅၁)လမ်း၊ (၅၂)လမ်းကြား ကျူးကျော်ရပ်ကွက်တွင်နေသော အဒေါ်၏အိမ်တွင် နေသည်။ ပဲပြုတ်သည်အဒေါ်၏ စပ်ဟပ်ပေးမှုကြောင့် ကျွန်ုပ်သည် ပုဇွန်တောင်ဈေးကြီးအတွင်းရှိ ဦးကျင်တိတ်၊ ဒေါ်အေးကျင်တို့၏ "ဆန်းသစ်စ" ဆန်ပွဲရုံတွင် အလုပ် လုပ်သည်။

ဆန်ပွဲရုံပိုင်ရှင် ဒေါ်အေးကျင်သည် နတ်တွေ၊ သိဒ္ဓိရှင်ဘိုးတော်တွေကို အလွန်ယုံကြည်သူဖြစ်သည်။

ထိုစဉ်က ရန်ကုန်မှ အင်းစိန်သွားလမ်းမကြီးနံဘေးရှိ ကြို့ကုန်းကြခတ်ဝါးရုံကြား၌ သစ်သားကျောင်းတွင် သီတင်းသုံးနေသောရာကျော် ဆရာတော် (ခေါ်) ဦးသတ္တမဒေဝကိတ္တိကို မကြာခဏသွားရောက်ဖူးမြော်သည်။


ဆန်ပွဲရုံပိုင်ရှင် ဒေါ်အေးကျင် သွားတိုင်း ကျွန်ုပ်ကို ခေါ်သွားသည်။ ထို့ကြောင့် ရာကျော်ဆရာတော် (ခေါ်) ဦးသတ္တမဒေဝကိတ္တိကို ကျွန်ုပ် အကြိမ်ကြိမ် ဖူးမြော်ရသည်။

ကျွန်ုပ် အကြိမ်ကြိမ် ဖူးမြော်ရစဉ်က ရာကျော်ဆရာတော်၏ ရုပ်ပုံကို **ယခု နံပါတ်(၆) ရာကျော်ဆရာတော် (ခေါ်)ဦးသတ္တမဒေဝကိတ္တိ ရုပ်ပုံအရွယ်အတိုင်း**ဖြစ်သည်။ ကျွန်ုပ် သေသေချာချာ မှတ်မိနေသည်။

ကျွန်ုပ် ကောင်းကောင်း မှတ်မိနေသည့် အကြောင်းအရာတစ်ခုမှာ အထမ်းသမား မုန့်ဟင်းခါးသည်များသည် မိုးလင်းသည်နှင့် ရာကျော်ဆရာတော်ကျောင်းကို ရောက်နှင့်နေကြသည်။

လာရောက်ကြသည့် မုန့်ဟင်းခါးသည်များအား ရာကျော်ဆရာတော်ကို လာရောက် ဖူးမြော်သူတိုင်းအား မုန့်ဟင်းခါး ထည့်ကျွေးစေသည်။ ယင်းတို့ မုန့်ဟင်းခါး ကုန်သွားလျှင် ရာကျော်ဆရာတော်ထံ သွား၍ ကျသင့်

www.burmeseclassic.com



သူတော်စင်ဝိဇ္ဇာ အစုအဝေးပုံတော်များ(၁၉၇၉)

ငွေကို တောင်းကြသည်။

ရာကျော် ဆရာတော်ကလည်း ပြောသည့် ကျသင့်ငွေကို ထုတ်ပေးသည်။ ရာကျော်ဆရာတော်အား လာရောက်ဖူးကြသူ အချို့က မုန့်ဟင်းခါးဖိုး ကျသင့်ငွေကို ထုတ်ပေးသည်။

ရာကျော်ဆရာတော်ဟု အမည်တွင်သွားခြင်းမှာ **ဆရာတော်၏ အသက်တစ်ရာကျော်ဖြစ်၍ ရာကျော်ဆရာတော်ဟု ခေါ်ကြခြင်းဖြစ်သည်။**

**ရာကျော်ဆရာတော် (ခေါ်) ဦးသဏ္ဍမဒေဝကီဋ္ဌိကို အချို့က ဦးသဏ္ဍမဒေဝကီဋ္ဌိဟု ခေါ်ဆိုရေးသားကြသည်။**

အင်းစိန်–ကြို့ကုန်း ရာကျော်ဘုရားလေး ကျောင်းမှ ရာကျော်ဆရာတော်၏ တပည့်(ဘွဲ့မည် မမှတ်မိ)က ကျွန်ုပ်အား အမိန့်ရှိခဲ့ဖူးသည်မှာ…

ရာကျော်ဆရာတော်ကို အချို့က ဦးသဏ္ဍမဒေဝကီဋ္ဌိဟု ပြောဆိုရေးသားကြကြောင်း၊ ဆရာတော်၏ ဘွဲ့အမည် အမှန်မှာ (၇)ကြိမ်မြောက် ထွက်ရပ်စခန်းသို့ ကူးပြောင်းခဲ့၍ ဦးသဏ္ဍမဒေဝကီဋ္ဌိသည်သာ အမှန်ဖြစ်ကြောင်း မိန့်ကြားပါသည်။

သူတော်စင် ဝိဇ္ဇာများသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုသည့် ပုဂ္ဂိုလ်ဖြစ်ကြ၍ ဗုဒ္ဓသာသနာ ညှိုးမှိန်လာလျှင် အတွင်းစခန်းမှ နေ၍ ယုံကြည်စိတ်ချနေသော တပည့်သားမြေးများအား ခိုင်းစေ၍လည်းကောင်း၊ တစ်ခါတစ်ရံ ကိုယ်တိုင်ထွက်ပြီး လူ့လောကအတွင်းသို့ ထင်ထင်ရှားရှား လာရောက်၍ သာသနာပြုလေ့ ရှိသည်ဟု ရာကျော်ဆရာတော်၏ တပည့်က အမိန့်ရှိသည်။

ရာကျော်ဆရာတော်(ခေါ်)
ဦးသဏ္ဍမဒေဝကီဋ္ဌိ၏
ကိုယ်ရေးဖြစ်စဉ်အကျဉ်း

ရာကျော်ဆရာတော် လောင်းလျာသည် **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပွေးလှမြို့၊ ပွင့်လမ်းရွာ ဇာတိဖြစ်ပြီး** လူအမည် မောင်ညိုဖြစ်သည်။ ရဟန်းဘွဲ့တော်မှာ **ဦးသဏ္ဍမဒေဝကီဋ္ဌိ** ဖြစ်သည်။

(သူတော်စင် ဝိဇ္ဇာများသည် အတွင်းစခန်းမှထွက် လူ့လောကသို့ သာသနာအတွက် ဝင်ရောက်လာလျှင် လူသားတို့ ပငိုသန္ဓေယူခြင်းမျိုး မဟုတ်ဘဲ လူ့လောကသို့ အမှတ်တမဲ့ လူတွေ မမှတ်မိအောင် မထင်မရှား ထွက်လာခြင်းဖြစ်သည်။ မိဘဆွေမျိုး ရှိလျှင်မူ မွေးစားမိဘ ဆွေမျိုးများသာဖြစ်သည်။ ***မှတ်ချက်။ ။ ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင်ဆရာတော်***)

ဦးသဏ္ဍမဒေဝကီဋ္ဌိသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပွေးလှမြို့၊ ညောင်ဖူးကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော် ဘဝဖြင့် သီတင်းသုံးနေစဉ် သာသနာ့အကျိုးကို ဆောင်ရွက်ရင်း ဓာတ်ဆောင်၍ ကျင့်ကြံအားထုတ်သည်။

ထို့ပြင် ထွက်ရပ်ပေါက်လမ်းစဉ်ကို လိုက်စားရာတွင် ဖိုထိုးခြင်းဖြင့် ဓာတ်လုံး အောင်မြင်တော်မူခဲ့လေသည်။ ထိုသို့ ဓာတ်လုံးအောင်မြင်မှု သတင်းသည် မြို့နယ်အနှံ့ သိရှိသွားကြသဖြင့် ရဟန်းရှင်လူများ ဆရာတော်ထံ လာရောက်ဝင်ထွက် သွားလာ၍ လူစည်ကားလျက်ရှိသည်။

ထိုအချိန်အခါက အင်္ဂလိပ် လက်ထက်ဖြစ်၍ နယ်ချဲ့အင်္ဂလိပ်လူမျိုးခြားတို့၏ အထင်မှား ခံရပြီး ဦးသဏ္ဍမဒေဝကီဋ္ဌိ အားရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပွေးလှမြို့မှ နယ်နှင်ခြင်း ခံရသည်။

ဆရာတော်သည် ပွေးလှမြို့မှ

www.burmeseclassic.com

မြောက်ပိုင်းဘက်ရှိ မြောက်ပန်းတောင်းတောင်ကုန်းပေါ်သို့ သွား၍ တစ်ဖက်ရပ်ဝါးကျောင်းနှင့် သီတင်းသုံးပြီး ရေချမ်းစင်ရွာ၊ သံရက်ကုန်းရွာ၊ တမဲရွာ၊ ပွင့်လမ်းရွာများသို့ ကြွရောက်ဆွမ်းခံပြီး ပဋ္ဌာန်ပိုဏ်ခုတင် ဆောက်တည် ဘုဦးပေးသည်။

ယင်းသို့ သီတင်းသုံးနေစဉ် ရန်များခဲ့သော ဆရာတော်ကြီးသည် ရန်များအောင်မြင်စေရန် ရည်စူး၍ မြောက်ပန်းတောင်းတောင်ကုန်းတော်ပေါ်တွင် သစ္စာအဓိဋ္ဌာန်ပြုပြီး “**ရန်မျိုးအောင်စေတီတော်**”ကို တည်လေသည်။

ရန်မျိုးအောင်စေတီတော်ကို တည်နေစဉ် နယ်ချဲ့အင်္ဂလိပ်တို့က နယ်နှင်ခြင်း ပြုပြန်သဖြင့် ဆရာတော်က…

‘ငါ ဒီရန်မျိုးအောင်စေတီတော်ကို တည်၍ မပြီးမချင်း ဤဒေသ ဤနေရာမှ မည်သည့်နည်းနှင့်မျှ မထွက်ခွာနိုင်ကြောင်း’

မိန့်ကြားပြီး စေတီတော်တည်၍ ထီးတော် တင်လှူပြီးသည်အထိ သီတင်းသုံးသည်။ ထီးတော်တင်လှူပြီး၍ ကိစ္စအဝဝကို စီမံဆောင်ရွက်ပြီးစီးသောအခါ ရန်ကုန်မြို့သို့ ကြွရောက်လာပြီး **အင်းစိန်မြို့နယ်၊ မင်းဓမ္မတောင်ကုန်း၊ (ကြို့ကုန်း)**တွင် သီတင်းသုံးသည်။

ဆရာတော်သည် ကြို့ကုန်းတွင် သီတင်းသုံးကာ သာသနာပြုလုပ်ငန်းများကို လုပ်ရင်း သီတင်းသုံးလာရာ ဆရာတော်၏အသက် တစ်ရာကျော်သာသဖြင့် တပည့် ဒကာ,ဒကာမများက အဘရာကျော်၊ အဘရာကျော်ဟု ခေါ်ကြသဖြင့် “အဘရာကျော်”ဟု အမည်တွင်သွားလေသည်။

ထို့နောက် အဘရာကျော်သည် တပည့်များအား…

‘ငါ့ကို မင်္ဂလာဒုံ စိတ္တသုခတပ်ဦးကျောင်းကို ပို့ကြ၊ အဲဒီကိုရောက်မှ ငါ့ကိစ္စ၊ ငါ့တာဝန်တွေ အားလုံး ပြီးမြောက်မယ်’

ဟု အမိန့်ရှိလာသဖြင့် တပည့်များက အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်ရှိ ရာကျော်ဘုရားလေးကျောင်းမှ မင်္ဂလာဒုံမြို့နယ် ယခု ရေကြည်အိုင်ကားမှတ်တိုင်နှင့် မျက်နှာချင်းဆိုင်ရှိ စိတ္တသုခတပ်ဦး ကျောင်းတိုက်သို့ ပို့ဆောင်ပေးကြသည်။

ထိုကျောင်းတိုက်၌ သီတင်းသုံးနေစဉ်မှာ **၁၃၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်နေ့တွင်** ထွက်ရပ်စခန်းသို့ကြွမြန်း(အသေထွက်)သွားလေသည်။

***(သူတော်စင်ဝိဇ္ဇာများသည် အချိန်အခါကို ကြည့်၍ လူ့လောကသို့ ဝင်ချင်သလိုဝင်သည်။ ထွက်တော့လည်း ထွက်ချင်သလို ထွက်ကြသည်။ အရှင်ထွက်, အသေထွက် ဟူ၍ တွေးတောသံသယ မပွားသင့်ကြပေ။)***

အဘရာကျော်၏ ရုပ်ကလာပ်ကို ယင်း စိတ္တသုခတပ်ဦးကျောင်းဝင်းအတွင်း အနောက်ဘက် ခပ်ကျကျရှိ တန်ဆောင်းကြီး၌ (အခေါင်း)ဂူတွင်းထားလေသည်။ ကျွန်ုပ်ကိုယ်တိုင် သွားရောက်၍ အဘရာကျော်ဂူကို ဖူးမြော်ဖူးပါသည်။

အဘရာကျော်တပည့် ဒကာ,ဒကာမများက အဘရာကျော် ထွက်ရပ်စခန်းသို့ ကြွမြန်းသည့် **တပို့တွဲလပြည့်ကျော်(၉)ရက်နေ့** ရောက်တိုင်း နှစ်စဉ် အဘရာကျော် (ခေါ်) ဦးသတ္တမဒေဝကိတ္တိအား ဆွမ်းကပ်လှူလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**ဤကား သူတော်စင်ဝိဇ္ဇာရှင်းတမ်း (၁) ဖြစ်ပါသတည်း။**

***တွေးခေါ်ဆင်ခြင်နိုင်ကြပါစေကုန်။***

**စရေးဆ ဦးအောင်**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့…**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
စျေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉–မြေညီ၊
၂၉–လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
**၀၉–၇၇၆၃၄၉၇၈၅**
**၀၉–၉၆၀၀၀၄၄၂**




www.burmeseclassic.com

www.burmeseclassic.com




# နေပြည်တော်မှ

## တောင်ညိုရွာကြီး

ကျွန်တော်တို့ တပ်မတော်သားတွေသည် ထားရာနေ စေရာသွား ဘဝနှင့် ဘူးကွဲနှင့်မင်းကုန်းရွာတို့တွင် ဆန်းဆန်းပြားပြားများ တွေ့ခဲ့ရသည့်အတိုင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ပြောင်းရပြန်ပြီ တောင်ညိုဆီသို့ပါပဲ။ ဘူးကွဲနှင့် မင်းကုန်းရွာတို့တွင် တစ်ဆူစီရှိသော ဘုရားများတွင် တစ်ဆုတည်း တောင်းခဲ့တာကဖြင့် ဤဒေသကြီးနှင့် မြန်မာနိုင်ငံကြီးအမြန်ဆုံးငြိမ်းချမ်းရေး ရပါစေကြောင်းဆု ဖြစ်ပါသည်။

ကျွန်တော် ဘာကြောင့် ဤဆုအကြောင်း ရေးရသလဲ ဆိုပါမူ ကျွန်တော်တို့တပ်ရင်း ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ တောင်တွင်းကြီး တောင်ငူ နယ်မြေအချို့ထိ ဆယ်နှစ်ဆယ်မိုး လိုက်လံတိုက်ခိုက်ကြသဖြင့် တောင်ငူနယ်မှအပ ငြိမ်းချမ်းရေးနယ်မြေကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။

ထိုအကြောင်းများကို နောက်ဆက်တွဲ ရေးသားတင်ပြဦးမည်ဖြစ်၍ စကားဦး သန်းထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဖုန်တထောင်းထောင်းထနေသော လှည်းတန်းကြီးရှေ့ ကျောပိုးအိတ်ကိုယ်စီနှင့် ခြေတစ်လှမ်း ကုဋေတစ်သန်း ခရီးကို နှင်နေကြရခြင်းပါ။

အောက်က မိုင်းနင်းမိပြီး သေပွဲဝင်မလား၊ ချုံခိုတိုက်ခိုက်ခံရလို့ သေပွဲဝင်ရမလားဆိုသော အန္တရာယ်သည် စက္ကန့်တိုင်း ရှိနေသည့်အတွက် ခြေတစ်လှမ်း လှမ်းတိုင်း ကုဋေတစ်သန်းတန်ပါသည်။

"အသွားမတော် တစ်လှမ်း" ဆိုသည့်အတိုင်း တစ်လှမ်းတည်းနှင့် ဘဝပျက်သွားနိုင်ပါသည်။ **ကျွဲရှင်ရွာ၊ မအူလေးပင်ရွာ၊ မရမ်းဆုံရွာများ** ကျော်လွန်ပြီး ရောက်ရပြန်ပြီ **တောင်ညိုရွာကြီး**ဆီသို့ပါ။

ပျဉ်းမနားမှ (၂၄)မိုင်ဝေးသော ရွာတန်းရှည်ပါ။ လယ်လုပ် တောင်သူများ နေကြသော၊ လယ်များဝိုင်းရံနေသော ရွာကြီးဖြစ်ပေမယ့် ရွာထဲတွင် ရှုံ့ဖွက်မရှိ သန့်ရှင်းသော ရွာကြီးပါ။

လူနေသန့်ကြလျက် ပညာရေးကို

www.burmeseclassic.com

ဦးစားပေးသောကြောင့် လူငယ် အများစုကို ပျဉ်းမနားတွင် ကျောင်း ထားကြသဖြင့် လူငယ်တို့ အတန်း ပညာကိုယ်စီနှင့်ပါ။

တောသူတောင်သားတွေ ဖြစ်ကြ ပေမယ့် အနေမြင့်ပြီး မြို့ဆန်နေပုံ များနှင့် ရွာတည်ဆောက်ပုံ သပ်ရပ် သန့်ရှင်းပုံတို့က ပဟေဠိဆန်လှပေ သည်။

ပျဉ်းမနားမြို့နှင့် (၂၄)မိုင် အစွန် အဖျားတွင် ကျေးတောရွာ မဆန်ပါဘဲ ဘာကြောင့် မြို့ဆန်နေကြသည်ကို ကျွန်တော်တို့ အတော် စိတ်ဝင်စားခဲ့ ကြပါသည်။

ကားမပေါက်၊ ကုန်းကြောင်း တစ်နေ့ ခရီးပြင်းနှင်မှ ရောက်သည့် ရွာကြီး။ တောသူတောင်သား လယ် သမားတွေ ဖြစ်ကြပေမယ့် မဟာဆန် နေကြတာကို ကျွန်တော်တို့ အတော် သိချင်စိတ် ပြင်းပြခဲ့ကြပါသည်။

## ရှေးကျောင်းကြီး

တောင်ညိုရွာနှင့် ငွေးပင်ရိုးရွာ နီးနီး လေးနှစ်ရွာကြားတွင် ရှေးဘုန်းတော် ကြီးကျောင်းတွင် အခြေချ၍ နယ်မြေ လုံခြုံရေးကို တာဝန်ယူကြရတာဖြစ် သည်။

ကျောင်းအရှေ့တောင်ထောင့်တွင် စေတီတစ်ဆူရှိရာ အောက်ခြေတွင် လိုဏ်တစ်ခု ရှိနေသည်မှာ ဆန်းပါ သည်။

ကျောင်း၏ အနောက်မြောက် ထောင့် စည်းရိုးအပြင်တွင် သုသာန်နှင့် **ရှေးဟောင်း ပန်းကန်ငှားစေတီ** ရှိပါသည်။

ကျောင်းတွင်း ကျောင်းပြင်ရှိ ထိုစေတီတို့၏ ဘွဲ့တော်များ မသိပါ။ ရှေးဟောင်းစေတီများ ဆိုသည်ကိုသာ သိထားရပါသည်။

"သက်ကြီးစကား သက်ငယ်ကြား" ဆိုသည့်အတိုင်း **ငွေးပင်ရိုးရွာမှ အသက်(၆၀)ခန့်ရှိ အဘဦးသိန်း မောင်**ကို မေးကြည့်မှ ထင်မှတ် မထားသည့် အံ့သြဖွယ်တို့ကို သိရပါ သည်။

* * *

'ကျုပ်တို့နယ်မြေမှာ ရှေးလူကြီး သူမတို့ ထားခဲ့ကြတဲ့ အံ့သုံးပါးရှိတယ်။

**တောင်ညိုရွာ ဖြစ်လာပုံ၊ ကျောင်းထဲ မှာ အမှားတစ်ခု ဖြစ်လုနီးရင် လိုဏ် ဘုရားအနီး မြွေကြီး ပေါ်ပေါက်လာပုံ၊ မှောက်တစ်ခု သုသာန်အနီးက ပန်းကန် ငှားလို့ရတဲ့ဘုရား ဖြစ်တယ်။**

ရှေးဘုရင်များ ခေတ်တုန်းက ဒီ နယ်မြေကို မင်းများ၊ မင်းညီမင်းသား တို့၊ မင်းမှုမင်းထမ်းများ မကြာခဏ ရောက်လာကြတယ် ဆိုပါတယ်။

ဖြတ်သွားဖြတ်လာ လမ်းကြောင်း ဖြစ်သလို၊ အချို့ ရှုံးနိမ့်ပြေးလာသူတို့၊ အာဏာလှုံ အရေးနိမ့်လာသူတို့ ရှိကြ သလို၊ အချို့က အုပ်စိုးမင်းပြုရန် ရောက်လာသူတို့ ဖြစ်ကြတယ် ဆိုပါ တယ်။

ဘယ်အဆက်အနွယ်မှန်း မသိတဲ့ မင်းသားနဲ့ အုပ်စုတစ်စု ရောက်လာပြီး မင်းပြုတယ် ဆိုပါတယ်။

ရွာစောင့်နတ် မလိုလားသူကို မိဖုရား အမြောက်များလို့ အမျက် ဒေါသ ပြင်းစွာထွက်သူ ရွာစောင့်နတ် က ရွာကို တောင်မျိုစေလိုက်တယ် ဆိုပါတယ်။

ရွာဟောင်း တောင်ကုန်းပေါ်တွင် ကောင်းမှုကုသိုလ်ပြု၍ ပွဲလမ်းသဘင် များ နှစ်စဉ်ကျင်းပပေးခဲ့ရာ တောင် ပေါ်တွင် မဆုံအောင် လာကြသော်လဲ အမြင်တွင် ခပ်ကျဲကျဲပင် မြင်ရလေ့ ရှိတယ် ဆိုပါတယ်။

ဒါကြောင့် တောင်မျိုမှ တောင်ညို ရွာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဒေသ ကို ဝင်ထွက်သွားလာကြသော မင်းမျိုး မင်းနွယ်တို့မှာ တိမ်ကောပျောက်ကွယ် သွားခြင်း မရှိဘဲ ဒေသခံများနဲ့ ရောနှော သွားကြသဖြင့် ယနေ့ ဒေသခံတို့ဟာ ထို အဆက်အနွယ်များ ဖြစ်တယ်လို့ ဆိုကြပါတယ်'

## ဪ...ဒါကြောင့်ကိုး

ဆရာဦးမြင့်သိန်း (ရန်ကုန် တက္ကသိုလ်)၏ "နေပြည်တော်အနီး အတိတ်သမိုင်းကို ရှာဖွေရင်း" ဆိုသည့် အတွဲ(၄)၊ အမှတ်(၂၄)၊ (၂၂.၈.၂၀၁၅) မြန်မာသံတော်ဆင့်တွင် အင်္ဂလိပ်တို့ ရေးသား မှတ်တမ်းတင်ထားသည့် **ရမည်းသင်း ဂေဇက်တီးယားတွင်...**

တောင်ညိုမြို့၌ ပျူဘုရင် သမုဒ္ဒရာဇ်မင်း၏ မျိုးနွယ်ဖြစ်သူ မင်းထင်စည်သူ(ခေါ်) မောင်ဖိုးမောင်က အေဒီ ၁၃၆၆ ခုနှစ်တွင် အုပ်ချုပ်ခဲ့သည်ဆိုသည်၊

သမုဒ္ဒရာဇ် မင်းဆွေမင်းမျိုးများ တောင်ညို တွင် ကျန်ခဲ့သည်ဆိုသည့် သက်သေတစ်ခု ဖြစ်သည် ဆိုပါသည်။

ထို့ပြင် ကိုလိုနီခေတ် ဂေဇက်တီးယားတွင် မှတ်တမ်းပြုထားသည်မှာ တောင်ညိုမြေနိမ့် ချိုင့်ဝှမ်းရှိ မရမ်းကုန်းရွာ(ယနေ့ မရမ်းခုံ)၊ မျက်ရဲရွာ၊ သာပင်ချောင်ရွာ၊ သံပုရာကုန်းရွာ တို့တွင် ပျူတို့၏ အဆက်အနွယ်များ တွေ့နေရသဲဟူ၍ဖြစ်သည်၊

တောင်ညိုနယ် ကိုင်းကလေးရွာတွင် ရှိသူ တို့က သူတို့ကိုယ်သူတို့ ပျူလူမျိုးဟု ခေါ်ဆဲ ဖြစ်ကြောင်း တစ်ချိန်က မှတ်တမ်းပြုထား သည်ကို တွေ့ရသည်ဟု ဆိုပါသည်၊

ပေါက္ကံပြည်တွင် ဘုရင်အနော်ရထာ သည် သထုံပြည် မနူဟာမင်းထံမှ မြတ်စွာဘုရား၏ ပိဋကတ်တော်များ၊ ဓာတ်တော်များကို ယူဆောင်၍ ရှေး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတို့၏ ရန်ကုန်–မန္တလေး လမ်းမကြီးအတိုင်း သယ်ဆောင်လာရာ ယခု လယ်ဝေး(ရှေးက ဝါးနွယ်ကုန်း) သို့ ရောက်ရှိခဲ့သည်။

ထိုမှတစ်ဆင့် ကလေးတောင်မြို့ (ယခု တောင်ညိုမြို့)သို့ ရောက်ရှိလာကြောင်း ပါရှိသဖြင့် ဒေသခံတို့၏ ပါးစပ်ရာဇဝင်တို့သည်လည်း မှန်မည် ထင်ပါသည်။

ဘာကြောင့်လဲဆိုတော့ ဆရာဦးမြင့်သိန်းကပင် ဒဏ္ဍာရီထဲတွင် သမိုင်းများ ပါနေသကဲ့သို့... သမိုင်းထဲတွင်လည်း ဒဏ္ဍာရီတို့ ရောနှောနေပေသည်။

ဒဏ္ဍာရီ ဆိုသည်မှာ စိတ်ကူးယဉ်မှုများ၊ ချဲ့ကားမှုများ ပါရှိနေခြင်းကြောင့် ယုံကြည်ဖွယ်မရှိဟု ထင်ရသော်လည်း ယင်းဒဏ္ဍာရီထဲမှ သမိုင်းအစကို ဖြစ်နိုင် စစ်ထုတ်နိုင်လျှင် ပျောက်ကွယ်နေသော သမိုင်းအချက်အလက်များကိုလည်း ပြန်လည် ရရှိနိုင်မည်ဟု ဆိုပါသည်။

ဒါကြောင့် တောင်မြို့ မြို့ကလေးတောင်မြို့ တောင်ညိုတို့သည် သမိုင်းနှင့် ဒဏ္ဍာရီတို့ ရောနှောလိမ်ယှက်နေမည် မလွဲပါ။

ထိုနယ်သူနယ်သားတို့ ဘာကြောင့် ဝေးသီခေါင်အရပ်တွင် မဟာဆန်နေကြပါလဲဆိုသည့် အဖြေကတော့ **"သြော်...ဒါကြောင့်ကိုး"**ဟူ၍ ဖြစ်ပါတော့သည်။

---

အင်းယောင်း

---

တောင်ညိုနယ်တွင် ထူးဆန်းတာလေးတစ်ခုကို တစ်ဆက်တည်း တင်ပြလိုပါသေးတယ်။ ဘုုးကွဲရွာနဲ့ သပြေကုန်း နှစ်ရွာကြားမှ အရှေ့တည့်တည့်တစ်မိုင်ခန့်တွင် **အင်းယောင်း အင်းကြီး** ရှိနေပါတယ်။



နဂိုက ရွာကြီးပါ။ ရွာစောင့်နတ်နဲ့ အခြားနတ်တစ်ပါးတို့ ရွာကိုအပေါင်ထားပြီး ကြွေအန်ကစားကြရာ ရွာစောင့်နတ်ရှုံးလို့ ရွာကို ပေးလိုက်ရတယ် ဆိုပါတယ်။

ကြွေနိုင်နတ်က ဒီရွာကို အင်းလုပ်ပစ်မယ်ဆိုသဖြင့် ရွာစောင့်နတ်က အသက်ကြီး ဇနီးမောင်နှံကို အိပ်မက်ပေး သိစေပါတယ်။

ထိုဇနီးမောင်နှံတို့က အိပ်မက်အတိုင်း ရွာရိုးတစ်လျှောက် အော်ဟစ်အသိပေးသွားပေမယ့် မယုံကြည်ကြသူအားလုံး ရေအောက်ပါသွားပြီး ငါးတွေ ဖြစ်သွားကြတယ် ဆိုပါတယ်။

ပါသွားကြတဲ့ လက်ဝတ်ရတနာများကို ပြန်မျိုကြသဖြင့် ငါးဗိုက်ထဲ လက်ဝတ်ရတနာများ ရှိနေတယ်လို့ ဆိုကြပါတယ်။

အချို့အဆိုအရ လူတွေကို ငါးစားသဖြင့် ငါးဗိုက်ထဲ လက်ဝတ်ရတနာများ တွေ့ရတယ်လို့ အဆိုရှိကြပါတယ်။

ဒီစကားကို စိတ်ဝင်စားပြီး လေ့လာရေးတိုက်ကင်းနောက် လိုက်ကြပါတယ်။ အင်းဆိုတာ တာပေါင်မရှိဘူး။ အခုတွေ့တာက မြေပြင်က ရှစ်ပေခန့် မြင့်တဲ့ တာပေါင် ပတ်ချာလည်နဲ့ဆိုတော့ အင်းဖြစ်ဖွယ်ရာ မရှိဘူး။

ထူးခြားတာက ကျွန်းကိုးကျွန်း ရှိတယ်ဆိုတာ မြေကျွန်းတွေ မှတ်ပါတယ်။ မြေကျွန်းတွေ မဟုတ်ဘဲ ရေအောက်မှာ မြုပ်နေတဲ့ **ကျွန်းပင်ငုတ်တိုတွေ** ဖြစ်နေပါတယ်။

အင်းတစ်ပိုက်တွင် တံငါတဲ ရှစ်တဲခန့် ရှိနေလို့ သူတို့ အကူအညီများစွာ ရပါတယ်။ ကျွန်းငုတ်တိုများ ရှိရာသို့ လှေဖြင့် ပို့ပေးပါတယ်။

အင်းရေ အတော်နက်ပုံ ရပေမယ့် ရေအောက်ကို မမြင်နိုင်အောင် မန္တလေးကျုံးတွင်းရှိ ရေမှော်ပင်မျိုးတွေ အပြည့်ကာဆီးနေပါတယ်။ နေရာဝေးကြပေမယ့် မှော်ပင်ချင်း တူနေပါတယ်။

ကျွန်းငုတ်ပေါ် ရောက်တော့ ကူညီသူ ဆင်းပြပါတယ်။ သုံးပေခန့် အနက်တွင်ရှိ ကျွန်းငုတ်အဝိုင်းအတိုင်း လှည့်ပတ်သွားပြပါတယ်။

**ခန့်မှန်းခြေ လူတစ်ယောက်စာ တစ်ခွဲဝင်ဆံ့ ကျယ်သော ကျွန်းငုတ်ကြီးပါ။ ကျွန်းငုတ် ရှင်ငုတ်ကို လက်ညှိုးညွှန်ပြ ပေးပါတယ်။**

ဘယ်ခေတ်အခါက ဘာလက်နက်များနဲ့ ညီညာစွာ ဖြတ်ခဲ့တယ်မသိကြောင်း တင်ပြလိုက်ရပါတယ်။

တစ်ခါ ဒီဒေသကို ကျွန်တော်တို့ **၁၉၅၅ ခုနှစ်က ရောက်ကြတာဆိုတော့ ယနေ့ နှစ်ပေါင်း(၆၀)ကျော်နေပါပြီ**။ အရာရာ အားလုံးပြောင်းလဲနေမယ် ထင်ပါတယ်။

ထိုစဉ်က နေရောင်ပြအင်းကြီးထဲ ရေခါးလောက်က မြူးမိ ငါးများကို ပိုင်ရှင် ဘဲကုန်းရွာသားများထံ တောင်းယူဖူးပါတယ်။

ယနေ့ လူနေရပ်ကွက် ဖြစ်နေတာကိုသာ အံ့သြနေရပါတယ်။ ဘုရားတစ်ဆူတည်နေကြောင်း သတင်းကြားသဖြင့် သာဓုခေါ်မိပါတယ်။

တောင်ညို ရွှေဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် ကျည်လုံ



www.burmeseclassic.com

www.burmeseclassic.com

ဘန်ကာများဖြင့် ညဘက်ရောက်ရင် သတိအမြဲ ရှိရပါတယ်။

မိုးချုပ်ရင် ကျောင်းအောက်ရုံးကလဲ မီးစက်နှိုး မီးတစ်ပွင့်ထွန်းလျက် လျှပ်စစ်သုံး ရေဒီယိုကြီး ဖွင့်ပေးပါတယ်။ ည (၈)နာရီ (၁၅)မိနစ် သတင်းပြီး သီချင်းကြီး၊ ကာလပေါ်၊ ဇာတ်လမ်း ပဒါတို့ကို လွှင့်ပေးတယ်။

လာရောက် နားထောင်ကြသူ ရဲဘော်တွေထဲ လိုဏ်ဘုရားဘန်ကာ နေ ရဲဘော်မောင်ညွန့်ကို အမှောင်ထဲ က အမည်မသိ အကောင် ကိုက်လိုက် တယ်။ ခြေလွှဲပြီး ခါချလိုက်ရာ အမှိုက် တောထဲ ကျသွားသံကြားတယ် ဆိုပါ ဘယ်။

ရေဒီယိုနားထောင်ရင်း ဝေဒနာ ပြင်းစွာ ခံစားရမှ အားလုံးသိရတယ်။ လက်နှိပ်မီးများနဲ့ ဝိုင်းဝန်းရှာဖွေကြ ပေမယ့် သဲလွန်စ မရပါဘူး။

ခံစားနေရတာ ဘယ်လောက် ပြင်းထန်သလဲဆိုရင် ဆံပင်တွေ ကွေးကောက်လာတယ်။ စကားမေး မရတော့ဘူး။ ချက်ချင်း မသိမ်ရွာက မြန်မာဆရာ သွားခေါ်ရတယ်။

တောင်ညိုချောင်းကလဲ ကမ်းပြည့် ကမ်းလျှံ ရေတွေလာနေပေမယ့် ခက်ခဲ စွာ ခေါ်ခဲ့ရတယ်။

ဆရာရောက်တာနဲ့ ဆိုင်ရာပိုင်ရာ များကို တောင်းပန်တယ်။ ဆေးလိမ်း ဆေးတိုက်ပြီးတဲ့အခါ ကြေးစုတ်နဲ့ ဆေးပေါက်ပေးသေးတယ်။

ဆေးမှူးကလဲ ကျည်ဆိပ်ပြေဆေး ထိုးပေးတယ်။ ရဲဘော်ကြီး ပခုက္ကူ ကိုညွန့်က တွင်းစုပ်ပေးတယ်။ ရဲဘော် မျိုးမြင့်ကလဲ ဂါထာမန္တန်တွေ မပြတ် ရွတ်ဆိုတောင်းပန်ပေးကြ ဘယ်။

တတ်တဲ့ပညာ မနေသာကြဘဲ ဝိုင်းဝန်းကုသပေးကြသဖြင့် ဆရာများ သော်လဲ သားမသေဘဲ ဝေဒနာရှင် ရဲဘော်မောင်ညွန့် ရှင်လန်းစွာ အသက် ချမ်းသာရာရပါတော့တယ်။

အမှားလုပ်မိရင် **လိုဏ်ဘုရားအနီး မြွေနက်ကြီး ပြတယ်ဆိုသော ဘန် ကာနေ ရဲဘော်မောင်ညွန့် ဘာ အမှားလုပ်မိတယ် မသိ၊ ဘာကောင် ကိုက်မှန်းမသိရတဲ့** အမှတ်ရစရာ လေးပါ။

---

### ပန်းကန်ငှားသော ဘုရား

---

ပိုပြီးဆန်းသော ဘုရားကတော့ သုသာန်အနီးမှ ရှေးဟောင်းဘုရား တစ်ဆူ ဖြစ်ပါတယ်။ ဟိုတုန်းက ပန်းကန်ခွက်ယောက် ငှားလို့ရတဲ့ ဘုရားပါ။

အနီးအနားရွာတွေမှာ သာရေး နာရေး ရှိကြတဲ့အခါ အလိုရှိသော ပန်းကန်ခွက်ယောက်များကို စာရင်း ရေး ခြင်းတောင်းထဲထည့် ဘုရားရှေ့ ဦးချကန်တော့ကာ စာရင်းပါ ပစ္စည်း များကို ခေတ္တ ငှားပါမည့်အကြောင်း အဓိဋ္ဌာန် ပြုထားခဲ့ရတယ်။

မနက် သွားယူတဲ့အခါ စာရင်းပါ အတိုင်း ခြင်းထဲမှာ ရောက်ပြီးသားပါ။ အသုံးပြုပြီး ပြန်အပ်နှံတဲ့ အခါများ မှာလဲ စာရင်းပါအတိုင်း အစေ့အင အပ်ရတယ်။ ပျောက်တာ,ကွဲတာများ ကိုလဲ အစားထည့်ပေးရတယ်။

လောဘသားတို့က တစ်ခုချန်, နှစ်ခုချန် ပြန်အပ်ကြပေမယ့် အစောင့် က သည်းခံ ငှားပေးနေသေးတယ်။ ရမှန်းသိတော့ ပိုဆိုးလာကြတယ်။

ဘုရားအစောင့် စိတ်ဆိုးပြီး အကုန် ရိုက်ခွဲလို့ နောက်ပိုင်း ငှားမရတော့ပါ ဘူး။ မိုးတွင်းတစ်ရက် ဘုရားဖူးရင်း ကျွန်တော် ရောက်သွားတော့ ဘုရား လယ်ကို ထွန်နေသူနဲ့ တွေ့တယ်။

ဘုရားနဲ့ ဝါးတစ်ပြန်သာ ကွာချန် ပြီး ထွန်နေသဖြင့် “**ဘုရားခြေရင်း ဘာကြောင့် မထွန်သလဲ**”မေးရာ ထိုဇာတ်လမ်းကို သူကလဲ ပြောပြပါ တယ်။

ဘုရားခြေရင်းတွင် ပန်းကန်ကွဲများ နွားနဲ့လူပါ စူးလို့ မထွန်ဘဲ ချန်ထား တယ် ဆိုပါတယ်။

ဘုရားပတ်လည် ပန်းကန်ကွဲများ အများအပြား တွေ့ခဲ့ရလို့ ဒဏ္ဍာရီ မဟုတ်ကြောင်း လက်တွေ့မျက်မြင် ဖြစ်လို့ ရေးသားတင်ပြလိုက်ပါတယ်။

တစ်ဆက်တည်း **တွင်စုပ်သော နည်းလေး တင်ပြပါရစေ။** မြွေကိုက် ဒဏ်ရာကို ရှေးဦးသူနာပြုနည်းဖြင့် ပြုစု ပါ။ ဒဏ်ရာအနီးတစ်ဝိုက် အရက်ပျံ နဲ့ သန့်ရှင်းပါ။ ဒဏ်ရာအနီး ပိုးသတ် ထားပြီး ဓားငယ်ဖြင့် သွေးထွက်ရုံ ကြက်ခြေခတ်ခွဲပါ။

လက်တစ်ဆစ်ခန့် ဖယောင်းတိုင်တို သုံးတိုင်ပူး၍ မီးထွန်းပြီး ဓားခွဲဒဏ်ရာ ပေါ်တင်၍ အဝကျယ် ပရုတ်ဆီပုလင်း လွတ် မှောက်အုပ်လိုက်ပါ။ မကြာခင် မီးငြိမ်းပြီး သွေးများ စုပ်နေပါမယ်။

ပုလင်းအရေအတွက်ကို ချင့်ချိန် စုပ်ပါ။ ရတဲ့သွေးများကို ပိန်းရွက်ပေါ် တင်၍ ဆားဖြူးလိုက်ရင် အနက် ရောင်အဆိပ်များ ပေါ်လာပါမယ်။

နောက်တစ်နည်းကတော့ ဖော်ပြပါ ပုလင်းအလွတ်အစား ဝါးဆစ်ပိတ်များ ကို ရေနွေးပြုတ်ပါ။ ပူလာရင် ဒဏ်ရာ ပေါ် မှောက်ထားရပါမယ်။

ခေတ္တအကြာတွင် သွေးများ စုပ်နေ မည်ဖြစ်၍ ဖယောင်းတိုင် မရှိတဲ့နေရာ တို့တွင် အသုံးပြုနိုင်ပါကြောင်း တင်ပြ လိုက်ရပါတယ်။

**အီကင်း ဦးမြမောင် (မြွေလေး)**



www.burmeseclassic.com


www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



**ဇူလိုင်လ**တွင် ငွေကြေးဆိုင်ရာ အခက်အခဲများ ပြေလည်လျော့ပါး၍ လာဘ်လာဘ ရွှင်လန်းကြစေရန် မိမိ မွေးလရာသီအလိုက် အောက်ပါအတိုင်း ယတြာပြုနိုင်ကြသည်။

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် သပြေ(၃)ခက်၊ ဆီး(ဖီး)ညွှန့်(၃)ညွှန့်၊ ဥသျှစ်ညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ဩဇာညွှန့်(၆)ညွှန့်၊ သီဟိုဠ်ညွှန့်(၆)ညွှန့်၊ ရွက်လှပန်း(၆)ညွှန့်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင် အနီးတွင် တနင်္ဂနွေနေ့၌ ကပ်လှူပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ရဲယိုညွှန့်(၈)ညွှန့်၊ ကြံညွှန့်(၈)ညွှန့်၊ အောင်သပြေ(၈)ညွှန့်နှင့် ဆွမ်းထမင်း (၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကရကဋ်ရာသီဖွား (ဇွန်လ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း၊ မွေးသူ)**တို့သည် ခရေညွှန့်(၂)ညွှန့်၊ ကံ့ကော်ညွှန့်(၂)ညွှန့်၊ ပေါက်ပေါက် (၂)ပန်းကန်နှင့် တံခွန်(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ကြံညွှန့်(၁)ညွှန့်၊ ဆီး(ဖီး)ညွှန့်(၁)ညွှန့်၊ အုန်းလက် (၁)ရွက်နှင့် သောက်တော်ရေ(၂) ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် အုန်းလက် (၄)ရွက်၊ ကံ့ကော်ညွှန့်(၄)ညွှန့်၊ ရွက်လှ(၄)ညွှန့်နှင့် ဖယောင်းတိုင် (၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်း၊ မွေးသူ)**တို့သည် ကျောက်ဖရုံယို(၆)ပန်းကန်၊ သီဟိုဠ်ဆန်(၆) ပန်းကန်၊ ငှက်ပျောသီး(၆)လုံးနှင့် ဆွမ်းထမင်း (၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီပုထိုးတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဥသျှစ်ညွှန့်(၃)ညွှန့်၊ ဩဇာညွှန့်(၃) ညွှန့်၊ ကေရာဇ်ညွှန့်(၃)ညွှန့်နှင့် တံခွန်(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)**တို့သည် နှင်းဆီ(၉)ပွင့်၊ သပြေ(၉)ခက်၊ ရွက်လှ(၉)ခက်နှင့် သောက်တော်ရေ (၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မကာရရာသီဖွား (ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**တို့သည် ပေါက်ပေါက် (၇)ပန်းကန်၊ နှမ်းယို(၇)ယှက်၊ သီဟိုဠ်ဆန် (၇)ပန်းကန်နှင့် ဖယောင်းတိုင် (၉)တိုင်တို့ကို တလ်ာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးသူ)**တို့သည် စွယ်တော်ညွှန့်(၁၀)ညွှန့်၊ အုန်းလက်(၁၀)ရွက်၊ ပိတောက်ညွှန့်(၁၀)ညွှန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့၌ စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် နာနတ်ယို(၅) ပန်းကန်၊ အုန်းယို(၅)ပန်းကန်၊ သဘော်သီးမှည့်(၅)စိတ်နှင့် တံခွန် (၁၀)ခုတို့ကို သောကြာနေ့တွင် အများပူဇော်သော စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူပါ။

*လာဘ်လာဘ ရွှင်လန်း၍ ငွေကြေး သောကများ ပြည့်ဝကြပါစေ။*

ထက်မင်းကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



လူလား မြွေလား

ကောင်းသူ

# နဂါးလေဟာ

ရုံးအားရက် ညနေခင်း၌ မင်းဘူးမြို့ ဒိုင်ချုပ်လမ်းရှိ စာရေးသူ၏ ဟောခန်းသို့ ဧည့်သည်(၃)ဦး ရောက်လာ၏။ (၃)ဦးစလုံးမှာ အသက် (၄၀)ကျော် အမျိုးသမီးများဖြစ်၏။ တစ်ဦးမှာ အသားညိုညိုပြည့်ပြည့်ဖြစ်ပြီး တစ်ဦးမှာ မျက်မှန်တပ်ဆင်ထား၏။ နောက်တစ်ဦးမှာ အသားဖြူဖြူသွယ်သွယ်ဖြစ်ပြီး အနည်းငယ် နွမ်းလျှဟန်ရှိ၏။

အသားညိုညို အမျိုးသမီးက စာရေးသူ၏ စားပွဲပေါ်သို့ **လိုင်စင်ဓာတ်ပုံတစ်ပုံနှင့် မွေးသက္ကရာဇ်ပါသော စာရွက်ပိုင်းကလေးတစ်ပိုင်း**ကို တင်၍ ဗေဒင်မေးမြန်း၏။ လိုင်စင်ဓာတ်ပုံမှာ အသားညိုညို ဖြစ်ဟန်ရှိပြီး မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးမွေးထူထူ မိန်းကလေးငယ်တစ်ဦး ဖြစ်၏။

www.burmeseclassic.com



စာရေးသူအနေဖြင့် ဗေဒင်လက္ခဏာ ဟောကြားရခြင်းမှာ သာမန်အားဖြင့် မထူးဆန်းသော်လည်း ယခု ဗေဒင်လက္ခဏာလာရောက် မေးမြန်းပုံမှာကား အနည်းငယ် ထူးခြား၏။ အသားညိုညို အမျိုးသမီးကဓာတ်ပုံနှင့် မွေးသက္ကရာဇ်ပေးပြီးနောက်...

'ကျွန်မနာမည်က ဒေါ်လှသောင်းပါဆရာ။ ဒီဓာတ်ပုံက သမီးလေးရဲ့ ဓာတ်ပုံပါ။ သမီးနာမည်က "နွယ်နီဦး"ပါ။ ကျွန်မ မေးချင်တာက သမီးကလေးဟာ ဘယ်ဘဝက လာတာလဲ ဆိုတာပါပဲ'

**'ဒေါ်လှသောင်းရဲ့ မေးခွန်းက မေးရိုးမဆင်ကတော့ မဟုတ်ဘူးဗျ။ ဒီတွေက ထေ်ခဲ့တို့ အကြားအမြင်တို့ ရတယ်ဆိုတဲ့သူတွေ ဟောပြောတတ်ပါတယ်'**

'ဒါဆိုရင် ဆရာတို့ ဗေဒင်ပညာအရ မဟောနိုင်ဘူးပေါ့ ဟုတ်လား'

'ဒီလိုတော့ မဟုတ်ပါဘူး။ **ဘယ်ဘဝကလာတယ်၊ ဘယ်သူတွေက စောင့်ရှောက်နေတတ်တယ်၊ ဘယ်လိုရိုးရာတွေ ပွဲတင်ရမယ် စသဖြင့် တွက်ချက်တဲ့နည်းတွေ ဗေဒင်ပညာမှာ ရှိပါတယ်။** ဒါပေမယ့် **ဈာန်၊ အဘိညာဉ်ရတဲ့ သူတော်စင်တွေသာအတိအကျ ပြောနိုင်ကြပါလိမ့်မယ်။** ကျွန်တော်က "**နဂါးပြည်ကလာတယ်**"လို့ တွက်ချက် အဖြေရလို့ ဟောပြောရင် ခင်ဗျားက ယုံမှာလား'

'ယုံပါတယ် ဆရာ၊ အမှန်ပါပဲ'

'ဘာဖြစ်လို့လဲဗျ' ကျွန်တော်က စကားအဖြစ် ပြောလိုက်တာပါ။ မြတ်စွာဘုရားရှင်ဟာ ဘယ်သူတွေ ဘယ်ဘဝကလာတယ်။ အရင်ဘဝပြီးနောက်ဘဝ ရှိသလား၊ မရှိဘူးလား၊ ရှိတာလဲမဟုတ်၊ မရှိတာလဲ မဟုတ်လားစသဖြင့်၊ စကြဝဠာကြီးရဲ့ အစ၊ အဆုံး ကမ္ဘာလောကရဲ့ အစ၊အဆုံး စသဖြင့် ဖြေရှင်းလို့မပြီးနိုင်တဲ့ မဂ်ဖိုလ်နဲ့ မစပ်တဲ့ မေးခွန်းတွေကို ဖြေတော်မမူဘူးဗျ။

ရှေးက သာသနာပ ရသေ့တွေဟာ ကမ္ဘာ(၄၀)ကို အောက်မေ့ ဆင်ခြင်နိုင်တယ်။ ပကတိသာဝကတွေဟာ ကမ္ဘာ ၁၀၀၊ ၁၀၀၀ စသည်ဖြင့် ဆင်ခြင်နိုင်တယ်။ မဟာသာဝကတွေဟာ ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝက နှစ်ပါးဟာ ကမ္ဘာပေါင်း တစ်သင်္ချေနဲ့ တစ်သိန်း၊ ပစ္စေကဗုဒ္ဓါတွေဟာ နှစ်သင်္ချေနဲ့တစ်သိန်း ဆင်ခြင်နိုင်ကြပြီး ဘုရားရှင်တွေကတော့ အပိုင်းအခြားမရှိ ဆင်ခြင်အောက်မေ့နိုင်တယ်။ သာမန်လူတွေကတော့ ဘယ်လိုလုပ်ပြီး အတိအကျ ပြောနိုင်မလဲဗျာ'

'ဒါပေမယ့် လူသာမန်တွေ၊ ပညာရှိတွေက တွက်ချက်မှန်းဆလို့ မရနိုင်ဘူးလား'

'နှစ်သက်ဖွယ် အပြုအမူများသူ၊ တင့်တယ်စွာ ပြုမူတတ်သူ၊ သဒ္ဓါအားကြီးသူ၊ အကောင်းကြိုက်သူ၊ ကြွားဝါတတ်သူတွေဟာ ရာဂစရိုက် ထူပြောပြီး နတ်ပြည်က ဆင်းသက်လာတယ်။ ဒေါသကြီးသူ၊ စိတ်မြန်သူ၊ ရန်လိုတဲ့သူ၊ အော်ဟစ်တတ်သူ၊ ကသုတ်ကရက်ရှိသူတွေဟာ ဒေါသစရိုက် ထူပြောပြီး ငရဲပြည်၊ နဂါးပြည်ကလာတယ်။

အအိပ်အနေများသူ၊ ပျင်းရိသူ၊ သေရည်အလွန်ကြိုက်သူ၊ ကြောက်တတ်သူ၊ မသပ်မရပ်ရှိသူ၊ ညည်းညူတတ်သူတွေဟာ မောဟစရိုက် ထူပြောပြီး တိရစ္ဆာန်ဘဝကလာတယ်။ ဒါကတော့ ဝိသုဒ္ဓိမဂ်မှာလာတဲ့ အချက်တွေပါ'

'ဒါဆိုရင် ကျွန်မကပဲ ဖြစ်ပျက်သမျှ ပြောပြပါမယ်။ ဆရာတို့ကတော့ လေ့လာမှုရှိတဲ့အတွက် စဉ်းစားပေးပါ။ ကျွန်မတို့က **မင်းဘူးမြို့ပေါ်၊ နဂါးမွက်တောင်နားမှာပဲနေပါ**တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က အိပ်မက်တစ်ခု မက်ပါတယ်။ အိပ်မက်ထဲမှာ ကျွန်မဟာ ဘုရားစေတီတွေကြားထဲ ရောက်နေပါတယ်။ ဘယ်နေရာဆိုတာတော့ မပြောတတ်ပါဘူး။ ကျွန်မရဲ့ပတ်ဝန်းကျင် အထက်၊ အောက်မှာ **အရောင်တလက်လက် ထွက်နေတဲ့မြွေတွေ အများကြီးတွေ့ရပါတယ်။** အရွယ်အစားတွေက ထွာဆိုင်လောက် ရှိကြပါတယ်။

အဲဒီမြွေတွေရဲ့ အလယ်မှာ **အသားမည်းမည်း၊ ရုပ်ဆိုးဆိုး လူကြီးတစ်ယောက်နဲ့ လူငယ်တစ်ယောက်** တွေ့ပါတယ်။ လူကြီးကမျက်လုံးပြူးပြူးမှာ မျက်ဆန်သေးသေးရှိလို့ မြွေတစ်ကောင်ရဲ့ မျက်နှာမျိုးပါပဲ၊ သူ့ဘေးက လူငယ်ကတော့ အသားညို မျက်နှာဝိုင်း၊ နှုတ်ခမ်းမွေးစစရှိပြီး သာမန်ရုပ်ရည်မျိုးပါပဲ၊ အဲဒီလူကြီးက လူငယ်ကို ပခုံးကိုင်ပြီး ကျွန်မဘက် လှည့်ပါတယ်။ ပြီးတော့...

"ခင်ဗျားတို့ အိမ်ကို ကျုပ်ရဲ့ လီကို လွှတ်လိုက်မယ်။ အနေတန်ရင် ပြန်ခေ





www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ ဒါပေမယ့် ကျုပ်တို့ နှဂါးမျိုးတွေက မာန်ကြီးလို့ မိန်းကလေးတစ်ယောက် အနေနဲ့ပဲ ထားလိုက်မယ်။ ခပ်မြန် စောင့်ရှောက်ပါ"

လို့ ပြောပါတယ်။ အိပ်မက်ကနိုးတော့ ကျွန်မနားထဲမှာ မြွေတွန်သံတွေ ကြားပါတယ်။ ကျွန်မတို့ အညာသားတွေဟာ မြွေတွန်သံကို နားယဉ်နေကြပါပြီ။ **နောက်အိမ်ထဲမှာ မကြာခဏ မြွေတွေ တွေ့လာပါတယ်။ သမီးကို မွေးတဲ့နေ့ကလဲ ဒီလိုပဲ မြွေတွန်သံ မှတ်သံတွေ ကြားရပါတယ်။** ပြီးတော့ သမီးဟာ မိန်းကလေးတစ်ယောက်နဲ့ ဟန်ပန် လုံးဝ မရှိပါဘူး။ အရွယ်ရောက်လာတဲ့အခါ **နှုတ်ခမ်းမွေးသဲ့သဲ့ ရှိပါ တယ်၊ စိတ်မြန် စိတ်ထက်ပါတယ်'**

'ဒီလောက် တိုက်ဆိုင်တာနဲ့ မြွေဘဝက လာတယ်လို့ မပြောနိုင်ပါဘူး။ တကယ်တော့ သာမန်အားဖြင့် လူတွေဟာ...

၁။ ဖိဖိ အသက်ရှင်နေရမယ့် အချိန်အပိုင်းအခြား၊

၂။ သေခါနီး ခံစားရမယ့် ဝေဒနာ၊

၃။ သေရမယ့် နှစ်၊ လ၊ ရက် အချိန်ကာလ၊

၄။ သေပြီး မြှုပ်နှံသဂြိုဟ်ရာ အရပ်၊

၅။ လားရောက်ရမယ့်ဘဝ။ (ဖိဖိလာရာ ဘဝ စသည်) အဲဒီ ငါးမျိုးကို တပ်အပ် သေချာ မသိနိုင်ပါဘူး'

'ဆရာပြောတာ မှန်ပါတယ်။ ဒါတွေက မှန်းဆတာ ဖြစ်မှာပါ။ ပြီးတော့ ဟောဒီသမီးရဲ့ ဆရာမက ဆက်ပြောပါ ဦးမယ်'

ထို့နောက် အတူလိုက်ပါလာသော မျက်မှန်တပ်ထားသည့် အသက်လေး ဆယ်ကျော် အမျိုးသမီးက...

**'ကျွန်မက သမီးနွယ်နီရဲ့ ဆရာမ အိမ်တာနှင်းပါ။ သမီးက ကျောင်းစ နေကတည်းကတစ်ဦးတည်းနေတတ်ပြီး မိန်းကလေးတွေနဲ့ ရောနှောလေ့ မရှိပါ ဘူး။ စကားပြောရင် ယောက်ျားသံနဲ့ပါ တယ်။ ပိုပြီးဆိုးတာက သူတာသိတဲ့ အခန်းထဲမှာ မြွေတွေ မကြာခဏ တွေ့ ရတာပါပဲ။ အတန်းဖော်တွေ မကြာခဏ လန့်တာတ်ပါတယ်။ မြွေကို သတ်မယ်ကြံ ရင် အတင်းဝင်ပြီး တားမြစ်ပါတယ်။ ထိုင်းကာပဲငိုကြွေးပြီး လွှတ်ရာ သွားစေ တတ်ပါတယ်။**

**သူ အထက်တန်းရောက်တဲ့အခါ မျက်နှာကြက်ပေါ်က အရောင်တလက် လက်ထနေတဲ့ ခပ်ကြီးကြီးမြွေကြီး တစ် ကောင် ဆင်းဆင်းလာတတ်ပါတယ်။ ကျွန်မရဲ့က တစ်ရပ်ကွက်တည်းမြို့နေ တော့ ဆရာမတစ်ယောက်အမြင် ခံတာလို့ပဲ အပြီ ကူညီနေရပါတယ်။ နောက်တော့ တော်ပါသေးတယ် ထား လိုက်ပါတယ်။**

**တစ်ရက်မှာတော့ အိမ်ရှေ့ကစပ်လို့ ကျောင်းသူကလေး တစ်ယောက်က သွားမြို့တဲ့အခါ အရောင်လက်လက် ထနေတဲ့ မြွေကြီးတစ်ကောင်ကို ထိမ်း အုံးပြီး အိပ်နေတာမြင်လို့ လန့်ဖျပ် အော်မှာပဲပြီး ပြန်ထွက်ပြေးလာပါတယ်။ နောက်တော့ သူတစ်ယောက်တည်း ရှိတတ်တဲ့ အချိန်မျိုးမှာ အဲဒီမြွေမျိုးတွေ မကြာခဏ တွေ့ရတတ်ပါတယ်။ အဲဒီ ထက် ထူးခြားတဲ့ အခြေအနေကိုတော့ ယောဂီက ဆိုမိုးသီတာက ပြောပြပါလိမ့် မယ်'**

'ဒီလိုပါ ဆရာရယ်၊ ကျွန်မမှာ သား ကလေးနှစ်ယောက် ရှိပါတယ်။ သား အကြီးက မောင်သန်းဌေး အငယ်က မောင်ဆန်းဌေးပါ။ နွယ်နီနဲ့ တစ်ရပ် ကွက်တည်းနေတဲ့ကျောင်းနေဖက်တွေ ပါ။ အတိုချုပ်ပြောရရင် ကျွန်မသားကြီး မောင်သန်းဌေးက နွယ်နီကို မေတ္တာရှိပါ တယ်။ နွယ်နီကတော့ စိတ်မဝင်စားပါ ဘူး။ နွယ်နီကို လူငယ်သဘော ချဉ်းကပ်ပါတယ်။ တစ်ညမှာတော့ ကျွန်မအနေနဲ့ အိပ်မက် မက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ရုပ်ဆိုးဆိုးလူကြီးတစ်ယောက်က "**နင့် သားကို နွယ်နီနဲ့ မပတ်သက်စေနဲ့**"လို့ သတိပေးပါတယ်။

ဒါနဲ့ ကျွန်မလဲ သားကိုပြောပါတယ်။ ဒါပေမယ့် သားက အယုံအကြည် မရှိတော့ ကျွန်မစကား ားမထောင်ပါဘူး။ တစ်နေ့မနက်မှာတော့ သားကြီးက အိပ်ရာကမထလို့ သွားနှိုးလိုက်တော့ တစ်ကိုယ်လုံး ပြာနှမ်းနေပါပြီ။ ဒါနဲ့ ဆေးရုံကို ပို့တော့ ပိုးထိ(မြွေကိုက်)တဲ့ လက္ခဏာလို့ ပြောပါတယ်။ ကံကောင်းလို့ မသေဘဲ ဆေးရုံငါးရက်တက်ပြီး ပြန်ဆင်းခဲ့ရပါတယ်။

ဒီအကြောင်းကြောင့် သားကြီးလဲ နွယ်နီကို ဆက်ပြီး မချဉ်းကပ်ရဲတော့ပါဘူး။ ဒါကို သားငယ်မောင်ဆန်းဒွေးက သိသွားတော့ နွယ်နီကို "**မြွေမ၊ မြွေမ**"လို့လိုက်ပြီး နောက်ပြောင်ပါတယ်။ မကြာခင်မှာ သားငယ်လဲ သူ့အစ်ကိုလို ပိုးထိပြန်တာကြောင့် ဆေးရုံတက်ရပြန်တယ်။ နောက်တော့ ကြောက်လန့်ပြီး ဘယ်သူမှ မချဉ်းကပ်ရဲတော့ပါဘူး'

'အင်း ခင်ဗျားတို့အဖြစ်က နည်းနည်းတော့ ထူးဆန်းလာပြီလို့ ပြောရမယ်'

ထိုအခါ နွယ်နီ၏မိခင် ဒေါ်လှသောင်းက…

'ပြီးတော့ သမီးကို မွေးပြီးမှ အိပ်မှာ ဝီးပွား တက်လာတာတော့ အမှန်ပါ။ ကြံဖန် ငွေဝင် ပါတယ်။ သမီးလက်ထဲမှာလဲ ငွေအိုးတွေ မကြာခဏ တွေ့ပါတယ်၊ သမီးကတော့ ပေးပါတယ်၊ ဒါပေမယ့် ကျွန်မက မယုံရဲပါဘူး။ ပြီးတော့ ထူးထူးဆန်းဆန်း ပုတီးစေ့ ပုလဲစေ့ ငွေကလပ်တွေ ပြပါတယ်၊ ကျွန်မက မယူတော့ ဘယ်မှာ ပြန်ထားတယ်မသိဘူး။ မတွေ့ရတော့ဘူး။ အဲဒါ ကျွန်မတို့ ဘာလုပ်သင့်တယ်ဆိုတာ ညွှန်ပြစေချင်ပါတယ်'

'အေးဗျာ ခင်ဗျားတို့အဖြစ်က ဗေဒင်ဟောပြီး အတိတ်ဘဝကို တွက်ချက်ကြည့်ရမှာလား။ ဒါမှမဟုတ် မြွေတွေ မလာအောင် လုပ်ရမှာလား။ ဒါမှမဟုတ် သမီးနွယ်နီကို ဘာဖြစ်နေတာလဲ ဆိုတာ စစ်ဆေးရမှာလား မသဲကွဲဘူး ဖြစ်နေတယ်။ အကောင်းဆုံးကတော့ ကာယကံရှင် မိန်းကလေးကို ခေါ်လာခဲ့ပါ။ သူနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးရင် အဖြေတစ်ခုရပါလိမ့်မယ်'

ညေသည့်သုံးဦး နှုတ်ဆက် ပြန်သွားပြီး သုံးရက်ခန့် ကြာသောအခါ စာရေးသူ၏ ဟောခန်းသို့ နွယ်နီဦး ရောက်ရှိလာ၏။ သူ၏အသွင်အပြင်မှာ ဖျတ်လတ် ထက်မြက်ဟန်ရှိပြီး စူးရှသော မျက်ဝန်းအစုံ ရှိ၏။ စာရေးသူလည်း မိခင်၊ ဆရာမနှင့် မောင်သန်းဒွေး၏ မိခင်တို့ထံမှ သိရှိရသော အချက်အလက်များအနက် ပြောသင့်သည်များကို ပြော၍ မေးမြန်းရ၏။ ထိုအခါ နွယ်နီဦးက…

'ဆရာ့ကိုတော့ ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်။ ဒီစကားက အမေတို့ အပါအဝင် တစ်ယောက်ယောက်ကို ပြောပြရင် အယုံအကြည်ရှိမှာ မဟုတ်ပါဘူး။ တကယ်တော့ သမီးပတ်ဝန်းကျင်မှာရှိတဲ့ မြွေတွေနဲ့ သမီး စကားပြောနိုင်ပါတယ်။ သူတို့နဲ့ စကားပြောတဲ့အခါ လူတွေနဲ့ စကားပြောသလို အသံထွက်ဖို့ မလိုပါဘူး။ ကျွန်မပြောချင်တာကို သူတို့သိပြီး သူတို့ ပြောချင်တာကို ကျွန်မ သိပါတယ်။ သူတို့နဲ့နေရတာ ပျော်ပြီး ခွေမျိုးရင်းချာ တွေ့ရသလိုပါပဲ။

ထူးခြားတာက ကျွန်မ ပတ်ဝန်းကျင်မှာ သူတို့ရှိနေပြီး အရောင်တလက်လက် ထွက်နေတဲ့မြွေကြီးက ကျွန်မကို ညီလေးလို့ပဲ ခေါ်ပါတယ်။ သူက နဂါးလို့လဲ ပြောပါတယ်။ ကျွန်မ လျှချင်တန်းချင်စိတ် အမြဲ ဖြစ်ပေါ်တတ်ပါတယ်။ ဖြစ်ပေါ်တဲ့အခါ ပစ္စည်း တစ်မျိုးမျိုး အိပ်ရာဘေးမှာ ရောက်လာတတ်ပါတယ်။ လှူဒါန်းပြီးရင် ကျွန်မ အမှုပေးခရင် သာဓုခေါ်သံ ကောင်းကောင်း ကြားတတ်ပါတယ်။

ဒါပေမယ့် ကျွန်မ ဘုရားရှိခိုးတဲ့အခါမှာ မည်းမည်းအရိပ်အယောင်တွေ မြင်ရပြီး အော်ဟစ်ထွက်ပြေးသံ ကြားရတတ်ပါတယ်။ ခုလဲ ရွှေစက်တော်ဘုရားပွဲမှာ လှူဒါန်းချင်လို့ တောင့်တတဲ့အခါ ယောဒီ ငွေခွက်ကလေးတစ်ခု ရောက်လာပါတယ်'

နွယ်နီဦးက ပြောပြောဆိုဆို သူ့အိတ်ထဲမှ ပစ္စည်းတစ်ခုကို စားပွဲပေါ်တင်ပြလိုက်၏။ ခွက်မှာ **သံပုရာသီး ခပ်ကြီးကြီးခန့်ရှိပြီး အောက်ဘက်မှ ကလပ်ကလေးတစ်ခုပေါ် တင်ထား၏။ ကလပ်မှာ ကြာပွင့်သဏ္ဌာန်ရှိပြီး ပစ္စည်းနှင့် ချိုးစလုံး**



www.burmeseclassic.com

www.burmeseclassic.com



**ငွေစစ်စစ်များဖြစ်ဟန်တူ၏။** အနု စိတ်ပန်းများ ဖော်ထားပြီး နဂါး နှစ်ကောင် ရစ်ပတ်နေဟန် ပုံဖော်ထား ၏။ မျက်လုံးများနေရာတွင် အနီရောင် ပတ္တမြား နှစ်လုံးစီ မြှုပ်ထား၏။ ကာလတန်ဖိုးကိုမူ စာရေးသူ မခန့် မှန်းနိုင်ပါ။ နွယ်နီဦးက…

'အဲဒီပစ္စည်းကလေးကို ဆရာ့ကိုပဲ အပ်နှံ ထားခဲ့ချင်ပါတယ်။ ရွှေစက်တော်ဖွင့်ပွဲက တပို့တွဲလဆန်း ၀၊ ရက်မှာ ဖွင့်မှာဆိုတော့ သမီးက ခရီးသွားစရာ ရှိနေတယ်။ တကယ် လို့ သမီးလာမယူနိုင်ရင် တစ်ယောက် ယောက် လာယူပါလိမ့်မယ်။ သမီးနဲ့ ဆရာ နှစ်ယောက်ပဲ ဒီကိစ္စကိုသိတော့ လာတောင်း ရင် ပေးသာပေးလိုက်ပါ'

'အေးကွယ်၊ သမီးအဖြစ်က ထူးဆန်း နေတော့ ဆရာလဲ မှန်းဆ မပြောလိုပါ ဘူး။ သမီးပစ္စည်းကိုတော့ စိတ်ချလက်ချ ထားခဲ့ပါ။ သမီးမလာလို့ ရွှေစက်တော် ဖွင့်ပွဲကို ဆရာသွားနိုင်ခဲ့ရင် သက်ဆိုင် ရာမှာ သေသေချာချာ လှူဒါန်းခဲ့ပါ မယ်'

နွယ်နီဦးလည်း ထွက်ခွာသွားပြီး နောက် စာရေးသူနှင့် ထပ်မံတွေ့ဆုံခြင်း မရှိတော့ပါ။ ပြာသိုလဆန်းရက်သာ ရှိသဖြင့် တစ်လခန့် ကြာဦးမည် ဖြစ် သော ရွှေစက်တော် ဖွင့်ပွဲရက်အတွင်း မေ့လျော့နေခဲ့မိပါသည်။ ဖွင့်ပွဲရက် ရောက်ရှိသောအခါတွင်လည်း လုပ်ငန်း တာဝန်တစ်ခုကြောင့် သွားရောက်နိုင် ခြင်း မရှိပါ။ လာရောက် တောင်းယူသူ လည်း မရှိသဖြင့် ဗေဒင်ဟောခန်း အတွင်း ယွန်းဘူးကလေးအတွင်း၌ သာ ရှိနေခဲ့ပါသည်။

ဖွင့်ပွဲညတွင် ည (၁၀)နာရီခန့်အထိ စာဖတ်ပြီး အိပ်ရာဝင်ခဲ့ပါသည်။ ညဦး သန်းခေါင်ခန့်တွင် ဆူညံသံတစ်ခု ကြောင့် အိပ်ရာမှ နိုးလာခဲ့ပါသည်။ ရှေ့ဦးတွင် ကြောင်များ လူပ်ရှားနေသံ ဟု ထင်ရသော်လည်း စိတ်မချ၍ ဟောခန်းကို ဖွင့်ပြီး မီးခလုတ်ကိုပါ ဖွင့်လိုက်ပါသည်။ အခန်းထဲမှ ပစ္စည်း အချို့မှာ ဖရိုဖရဲ ပြုတ်ကျနေပြီး ယွန်း ဘူးကလေးမှာလည်း ပွင့်နေ၏။ ယွန်း ဘူးထဲမှ ငွေခွက်နှင့် ကလပ်လည်း မ တွေ့ရတော့၊ ပြတင်းပေါက်မှာ သေချာ ပိတ်ထားခဲ့သော်လည်း ပွင့်နေ၏။

ပြတင်းပေါက် ပေါင်ပေါ်တွင် တွေ့ လိုက်ရသော မြင်ကွင်းကြောင့် စာရေး သူမှာ အိပ်ချင်မူးတူးစိတ်ပင် ပျောက် သွား၏။ မြင်လိုက်ရသောအရာမှာ **စိမ်း၊ နီ၊ ပြာ အရောင် တလက်လက် တောက်နေသော လုံးပတ်အချင်း ကိုးလက်မခန့်ရှိ မြွေတစ်ကောင်ဟု ယူဆရသော သတ္တဝါ၏အမြီးအဖျား ပိုင်းပင်ဖြစ်၏။ မျက်စိအောက်မှ စက္ကန့်ပိုင်းအတွင်း အပြင်ဘက် ရောက်ရှိသွားပြီး ပျောက်ကွယ်သွား ၏။**

ထိုသို့ ဖြစ်ပျက်ပြီး နောက်တစ်နေ့ တွင် စာရေးသူသည် နဂါးပွက်တောင် အနီး နေထိုင်သောဝန်ထမ်းသုံးလေးဦး ကို အကူအညီတောင်း၍ ထိုရပ်ကွက် အတွင်း နေထိုင်သည်ဟုဆိုသော **ဒေါ်လှသောင်းနှင့် သမီးနွယ်နီဦး၊ ဆရာမ ဒေါ်ဖာဖာနှင့်၊ ဒေါ်စိုးသီတာ နှင့်သား မောင်သန်းငွေ၊ မောင်ဆန်း ငွေ**ဆိုသူတို့အကြောင်း မေးမြန်း စုံစမ်း ရာ တစ်ပတ်ခန့်ကြာသည်အထိ ထိုအမည်မျိုး၊ ပုံပန်းသဏ္ဌာန်မျိုး၊ မိသားစုမျိုး လုံးဝမတွေ့ရပါ။ သက် ဆိုင်ရာ ဒေသခံ အနေကြာသူများကို မေးမြန်း စုံစမ်းရာတွင်လည်း လုံးဝ မသိရှိကြကြောင်း ဖြေကြားကြပါ သည်။

စာရေးသူလည်း ထိုနေ့မှစ၍ ဖော်ပြ ပါ သက်ဆိုင်သူများကို လုံးဝ တွေ့ရှိ ခြင်း မရှိတော့ပါ။ အတွေးအိမ်ထဲ၌သာ အဖြေမပေါ်သော ပုစ္ဆာအဖြစ် ကျန်နေ ရစ်ခဲ့ပါသည်။ သို့သော် ရွှေစက်တော် ဘုရား ဖွင့်ပွဲနေ့ဖြစ်သော နှစ်စဉ် တပို့တွဲလဆန်း ၀၊ ရက်နှင့် နီးကပ်လာ သောအခါတိုင်း ထိုအတွေ့အကြုံကို ပြန်လည် အောက်မေ့နေမိပါသည်။


**ကောင်းသုခ**



www.burmeseclassic.com

www.burmeseclassic.com





ထူးဆန်းသောရဲတင်းကလေး

# ထူးဆန်းသော ရဲတင်းကလေး

## ပဟေဠိသိသူများမှ ဖြေကြားပေးကြပါရန်

စာရေးသူတို့ ၂၀၀၁ခုနှစ်ကာလက ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးလေး ဘုရားသို့ သွားရောက် ဖူးမြော်ကြသည်။

အဆိုပါ ကျိုက်ထီးရိုးလေးဘုရားသည် ကျိုက်ထိုမြို့နယ် အတွင်းရှိဝါးဖြူတောင်နှင့်နီးသဖြင့် ဝါးဖြူတောင် ကျိုက်ထီးရိုးလေးဟုလည်း ခေါ်ကြပြီး ကရင်ဘာသာစကားဖြင့် **နိုလယ်နိ(ကျောက်လုံးလေးဘုရား)**ဟုခေါ်လေ၏။

စာရေးသူတို့ ကျိုက်ထီးရိုးလေးဘုရားအား ဖူးမြော်ကန်တော့ကြပြီးနောက် အပြန်တွင် **ခမောက်ခွေရွာတွင်** ခရီးတစ်ထောက် နားကြသည်။

ထိုသို့ နားနေစဉ်အတွင်း မီးသွေးဖို၏ပိုင်ရှင် ဦးထွန်းကျော်ဆိုသူနှင့် တွေ့ဆုံရင်းနှီးသွားသည်။

စာရေးသူက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးရေးသားနေသူဖြစ်ကြောင်း သိရှိသွားသဖြင့် အိမ်ခန်းထဲရှိ သေတ္တာထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူခဲ့လေသည်။

ဦးထွန်းကျော်ယူခဲ့သော ပစ္စည်းမှာ **အရှည်(၁၀)လက်မခန့်၊ အသွား(၃)လက်မခန့်ရှိသော ရဲတင်းကလေး** ဖြစ်သည်။ စာရေးသူမှ လက်ဖြင့်ချိန်ဆကြည့်ရာ **အလေးချိန် အစိတ်သားခန့်** ရှိပြီး ငွေရောင်သတ္တုနှင့် သွန်းလောင်းထားသည်။

ရဲဒင်းကလေး၏ လက်ကိုင်ရှေ့နားတွင် ရုရှားဘာသာဟုယူဆရသော (Kaʌyra )ဟု စာတန်းထိုးထားပြီး အသွားအပေါ်ဘက်တွင်မြန်မာ့လက်ရာမဟုတ်သော ကနုတ်ပန်းများ ပါရှိပါသည်။

လက်ကိုင်တွင် သရုပ်ဖော်ထားသော ဓာတ်ပုံပါ အမှတ်အသားများကို မခန့်မှန်းနိုင်သော်လည်းအခြားတစ်ဖက်တွင်မူ **ရွက်လှေ၊ ရဲတိုက်နှင့် နေမင်းအလင်းရောင်ဖြာနေပုံ**တို့ကို သရုပ်ဖော်ထားသည်။ **စာတန်းနေရာတွင်** **1371** ဟု ရေးထိုးထားသည်။ လက်ကိုင်နောက်တွင် အပေါက်တစ်ခု ပါရှိသည်။

ဦးထွန်းကျော်အား အဆိုပါရဲတင်းလေးအား မည်သို့မည်ပုံ ရရှိခဲ့ကြောင်း မေးရာ **လွန်ခဲ့သော(၁၀)နှစ်ကျော်လောက်က** မီးတောင်း(၁)ကျေးရွာအနီး ရွှေကျင်စဉ် ကိုယ်တိုင်ရရှိခဲ့သည်ဟု ဆိုပါသည်။ အဆိုပါပစ္စည်း ရရှိခဲ့စဉ်က အခြားသူများလည်း သိရှိသွားကြပြီး တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသူက လာရောက်ဝယ်ကြသော်လည်း မရောင်းချခဲ့ဟု ဆိုပါသည်။

စာရေးသူက လက်ရာ အလွန်သပ်ရပ်လှပသော ရဲတင်းလေးပေါ်တွင် ရေးထိုးထားသော**1371ဟုသောဂဏန်းများမှာ ခုနှစ်သက္ကရာဇ်ဖြစ်မည်ဟု** ယူဆပြီး စာတန်းအမှတ်အသားအရလည်း တိုင်းတစ်ပါးသားတို့၏ပစ္စည်းဖြစ်မည်ဟု ခန့်မှန်းမိသည်။

**အဆိုပါပစ္စည်းအား သိရှိသူများရှိပါက မည်သည့်တိုင်းတစ်ပါးမှ ပစ္စည်းဖြစ်ကြောင်း၊ ဖော်ထုတ်ပေးစေလိုပါသည်။**

ခမောက်ခွေရွာမှာ ကျိုက်ထိုမြို့နယ် အစပ်တွင်ရှိပြီး စစ်တောင်းတံတားမှ (၁၅)မိုင်ခန့်အကွာတွင်ရှိ၍ ရွာသို့ မှသာ ကားလမ်းရှိပါသည်။

**မောင်သုသီ**

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်
စစ်တက္ကသိုလ်
ဗိုလ်လောင်းသင်တန်း
တက်နေစဉ်ကလည်း
စာအဆက်အသွယ်
မပြတ်ခဲ့ကြပါ။

ဘို (အမရပူရ)

# ချစ်လက်ဆောင် ကက်ဆက်လေးမှ

**အလိုအလျောက် သီချင်းသံကြားရပြီး ယိမ်းထိုးလှုပ်ရှားခုန်ကာ နိမိတ်ပြခြင်း ဖြစ်ရပ်ဆန်း**

မိုမို အထက်တန်းပြဆရာမ တစ်ယောက် ဖြစ်နေပြီဖြစ်ပါသည်။ မိုမိုတစ်ယောက် မူလတန်းပြ ဆရာမလေးဘဝက ထူးဆန်းဖွယ် အဖြစ်အပျက်လေးတစ်ခုကို ကြုံတွေ့ခဲ့ရသည်မှာလည်း နှစ်ပေါင်း(၂၀)ကျော်ကြာခဲ့ပြီဖြစ်ပါသည်။ သတိရမိတိုင်း မကြာသေးခင်အချိန်ကလိုပင် ထင်နေမိပါသည်။

မန္တလေးနန်းရှေ့တွင်နေသော မိုမိသည် မူလတန်းဆရာမလေးအဖြစ် တာဝန် ထမ်းဆောင်နေပါသည်။ ထွန်းထွန်းသည် ဆယ်တန်းအောင်ပြီး ပြင်ဦးလွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းသို့ တက်နေပါသည်။

နှစ်ဖက်မိဘများ ထွန်းထွန်းနှင့်မိုမိုကို သဘောတူကြပြီး မိသားစုဆွေမျိုးများလည်း အသိအမှတ်ပြုကြပါသည်။ နှစ်ဖက်မိဘများ အိမ်အဝင်အထွက်လည်း ရှိကြပါသည်။

ကျောင်းပိတ်ရက်များတွင်ပြင်ဦးလွင်သို့ မိုမိုရောက်ခဲ့သလို စစ်တက္ကသိုလ်မှ မိဘများဆီသို့ ထွန်းထွန်းပြန်လာချိန်များတွင် မိုမိုဆီသို့ အလည်ရောက်လာတတ်ပါသည်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်းပြီးနောက် တာဝန်ကျရာ ရှမ်းပြည်နယ်ဘက်သို့ ရောက်ရှိသွားပါသည်။ စစ်တပ်မှ ခွင့်ရလျှင် မိဘများဆီသို့ အလည်ပြန်လာရင်း မိုမိုထံရောက်ပါသည်။

လက်ဆောင်ပစ္စည်းများကို မိုမိုပေးသလို ထွန်းထွန်းအမှတ်တရပေးသည့် ကက်ဆက်လေးကို မိုမိုအကြိုက်ဆုံးဖြစ်ပါသည်။

သီချင်းများ ဖွင့်နားထောင်ရင်း ထွန်းထွန်းကို သတိရမိသည်တိကို ပြေပျောက်စေပါသည်။ သီချင်းများ



www.burmeseclassic.com

www.burmeseclassic.com

နားထောင် ပုဒ်ရေမပြီးခင် ပိတ်ကာ သီချင်းခွေကို မထုတ်ဘဲ ကက်ဆက်ထဲ ထားတတ်ပါသည်။

စာကြည့်စားပွဲပေါ်တွင် ကက်ဆက်လေးကို တင်ထားပါသည်။ ကက်ဆက်လေးဘေးတွင် ကျောင်းစာအုပ်များ၊ ဝတ္ထုများ၊ မဂ္ဂဇင်းစာအုပ်များကို တင်ထားပါသည်။

မိုမို၏ဖခင်ကြီးသည် ပင်စင်ယူပြီး သီးခြားအိမ်တွင်နေပါသည်။ မိုမိုနှင့် အစ်မကြီးက အတူနေကြပါသည်။

တစ်နေ့ညနေ ကျောင်းဆင်းလာပြီး မိုမိုတစ်ယောက်တည်း အိမ်ခန်းထဲတွင် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ခုတင်ပေါ် လှဲရင်း ဖတ်နေပါသည်။

အစ်မကြီးကလဲ ရုံးကနေ ပြန်မရောက်သေးပါ။ အိမ်တံခါးမကြီးကို မိုမိုတစ်ယောက်တည်း ရှိနေသဖြင့် အတွင်းမှ ဂလန့်ချပိတ်ထားပါသည်။

ညနေစောင်း (၅)နာရီကျော်လောက် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် အိမ်ရှေ့ခန်းမှ ရုတ်တရက် သီချင်းသံကို ကြားလိုက်ပါသည်။ အစ်မကြီး ရုံးမှပြန်လာပြီး ကက်ဆက်ဖွင့်လိုက်သည်ဟု မိုမိုထင်နေပါသည်။

သေချာပြန်စဉ်းစားလိုက်တော့ တံခါးမကြီးကို အိမ်ထဲကပိတ်ထားသည်ကို သတိရလိုက်ပါသည်။

လူစိမ်းဝင်လာလျှင်လည်း အိမ်တွင်းမှ ပစ္စည်းများကို တိတ်ဆိတ်စွာ ယူသွားမည်ဖြစ်ပါသည်။ အိပ်ရာမှ ရုတ်တရက် ထပြီး အိမ်ရှေ့ခန်း စာကြည့်စားပွဲဆီသို့ အခန်းထဲမှထွက်ပြီး ကြည့်လိုက်မိပါသည်။

**ထိုအခါ စားပွဲပေါ်တင်ထားသည့် ကက်ဆက်လေးသည် ထူးဆန်းစွာ သီချင်းသံ ချွဲညံ့စွာထွက်နေပြီး ထားသည့်နေရာမှ ရွေ့ကာ လှုပ်ရှားယိမ်းထိုး ခုန်နေပါသည်။**

မိုမို အံ့သြစွာ စူးစိုက်ကြည့်နေမိပြီး ခဏအကြာတွင် ကက်ဆက်လေး လှုပ်ရှားနေမှု ငြိမ်သွားပါသည်။ ထို့နောက် ကက်ဆက်ခလုတ်လေးသည် အလိုအလျောက် ဒေါက်ခနဲ ကျသွားကာ သီချင်းသံပျောက်ကာ တိတ်သွားပါသည်။

မိုမိုတစ်ယောက် ထူးဆန်းစွာမြင်နေ၊ ကြားနေရသော်လည်း ကြောက်ရွံ့မှု မဖြစ်ဘဲ ရင်တွေခုန်နေမိပါသည်။

ရှေ့တန်းထွက်နေသော ထွန်းထွန်း အတွက် စိုးရိမ်ပူပန်နေမိပါသည်။ အိမ်ရှေ့ ဘုရားခန်းသို့သွားကာ ဘုရားကန်တော့ပြီး ထွန်းထွန်းအတွက် ဆုတောင်းလိုက်ပါသည်။

ထွန်းထွန်း လက်ဆောင်ပေးသော ကက်ဆက်လေး၏ ထူးထူးဆန်းဆန်း အဖြစ်အပျက်လေးကိုလည်း မျက်စိထဲက မထွက်တော့ပါ။

ထွန်းထွန်း ရှေ့တန်းရောက်ပြီး စာမလာသည်မှာ အတော်ကြာနေပြီ ဖြစ်သောကြောင့် စာကိုမျှော်နေမိပါသည်။ ထိုသို့ဖြစ်ပျက်ပြီး နှစ်ရက်ခန့်နေသော် ထွန်းထွန်းမိခင် မျက်နှာမကောင်းစွာဖြင့် ရောက်လာပါသည်။

ရှေ့တန်းတစ်နေရာတွင် သားငယ် ထွန်းထွန်းသည် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားကြောင်း မျက်ရည်စက်လက်ဖြင့် ပြောပါသည်။ ထိုသတင်းဆိုးကို ကြားရမည်ဟု မိုမို မမျှော်လင့်ထားပါသည်။

ဗိုလ်ထွန်းထွန်း ကျဆုံးသွားပြီး မိုမိုထံရောက်လာကာ အမှတ်တရ ချစ်လက်ဆောင် ပေးထားသော ကက်ဆက်လေးမှ ရုတ်တရက် သီချင်းသံပေး လှုပ်ရှားယိမ်းထိုးခုန်နေခြင်း၊ နိမိတ်ပြခြင်း၏ အဓိပ္ပါယ်ကို နားလည် လိုက်မိပါသည်။

**အခွဲအလမ်းမစိတ်ဖြင့် အဝေးတစ်နေရာမှ မိုမိုဆီကို ရောက်အောင် လာနိုင်သည့် ဗိုလ်ထွန်းထွန်း၏ ဝိညာဉ်ကိုလည်း သနား နေမိပါသည်။**

မိုမိုသည် ကက်ဆက်လေးမှ သီချင်းသံကြား လှုပ်ရှားယိမ်းထိုးခုန်နေသည့် အဖြစ်အပျက်လေးကို ပြောပြီး ငိုမိပါသည်။

မိုမိုသည် ဗိုလ်ထွန်းထွန်း မိဘများနှင့်အတူ တာဝန်ထမ်းဆောင်ရာ စစ်တပ်သို့ လိုက်သွားကြပါသည်။ စစ်တပ်မှ တာဝန်ရှိသူများက ဗိုလ်ထွန်းထွန်းကို ရှေ့တန်းတစ်နေရာတွင် ကောင်းမွန်စွာ သင်္ဂြိုလ်ပေးကြောင်း ပြောကြားခဲ့ကြပါသည်။

ခရီးဝေးသောကြောင့် နောက်တန်းသို့ မသယ်နိုင်ကြောင်း ပြောပြကာ ဗိုလ်ထွန်းထွန်း၏ အသုံးအဆောင် ပစ္စည်းများကို မိဘများထံ ပြန်လည်ပေးအပ်ခဲ့ပါသည်။

အချိန်ကြာသည်အထိ မိုမိုဆီ ဝိညာဉ်ဘဝဖြင့် ရောက်လာခဲ့သည့် ချစ်သူထွန်းထွန်းကို မေ့မရခဲ့ပါ။ ဗိုလ်ထွန်းထွန်း တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရှေ့တန်းတွင် ကျဆုံးခဲ့သည့်နေ့မှစ၍ ချစ်လက်ဆောင် ကက်ဆက်လေးကို အမှတ်တရ မိုမို သိမ်းဆည်းထားသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါသည်။

မိုမိုကြိုက်သော သီချင်းများကိုလည်း မည်သည့်အခါမျှ နားမထောင်ခဲ့သည်မှာ မိုမိုတစ်ယောက်သာ အသိဆုံး ဖြစ်ပါတော့သည်။

*(မိုမိုပြောသောစာတ်လမ်းကို ရေးပါသည်။)*

**ချို(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာ ပုံတောင်အောင်
(ဆည်တော်ကြီး)

စင်မြင့်ရွာ

လေးကျွန်းမြင့်မိုရ်ဝိဇ္ဇာခိုရ်ဘုရား အနီးမှ ရောဂါမျိုးစုံ ပျောက်စေသော

# ဆေးသိဒ္ဓိဝင်

# ကျောက်မြင်း ရှိရာသို့

လေးကျွန်းမြင့်မိုရ် ဝိဇ္ဇာခိုရ်ဘုရား

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်တောင်းမြို့နယ် အတွင်းရှိ စင်မြင့်ရွာကလေးကား** ကျေးဇူးရှင် အဘအောင်မင်းခေါင်ကြီး၏ ဇာတိချက်ကြွေမွေးရပ်မြေအဖြစ် မသိသူ မရှိသလောက် ထင်ရှားနေခဲ့ပေပြီ။

အဘ၏ ဓာတ်နန်းရှိရာသို့ နေ့စဉ်နှင့်အမျှ လာရောက်ဦးတိုက်နေကြသော ကားကြီး,ကားငယ် အသွယ်သွယ်တို့ဖြင့် စည်ကားနေသော စင်မြင့်ရွာကလေးကို တစ်ခါတစ်ခေါက် ရောက်ဖူးခဲ့လျှင် နောက်ထပ် အကြိမ်ကြိမ်အခါခါ မလာဘဲ မနေနိုင်တော့လောက်အောင်ပင် ဆွဲဆောင်မှု ကောင်းလှသော ရွာကလေးတစ်ရွာ ဖြစ်ပါသည်။

စင်မြင့်သူ စင်မြင့်သားတို့၏ ရိုးသားပွင့်လင်းသော အညာကျေးလက်ဓလေ့၊ ရင်းနှီးခင်မင်စွာ ကူညီရိုင်းပင်းတတ်သော တောသူတောင်သားတို့၏ ဖြူစင်သောနှလုံးသား အရင်းခံတို့ကြောင့်လည်း ရောက်လာသူ လူအပေါင်းတို့ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရသည်မှာ တကယ်တော့ အဆန်းမဟုတ်ပါ။

အဘဓာတ်နန်းကို ရောက်ရှိပြီး အဘ ငယ်စဉ်ကတည်းက ဝိဇ္ဇာမျိုးစေ့ချရာ ဘုမိနက်သန်မြေပေါ်၌ ရှေးမင်းတို့ တည်ထားကိုးကွယ်ခဲ့သော ပြည်လုံးချမ်းသာ' **အောင်သိဒ္ဓိဆုတောင်းပြည့် စေတီတော်ကို** တစ်ဝကြီး ဖူးမြော်ပါသည်။

ပြီးနောက် **အဘအောင်မင်းခေါင်၏ ဓာတ်နန်း**မှာ အဘကို ဦးခိုက်လိုရာဆုတောင်းကြပြီးပြီ ဆိုလျှင်တော့ တစ်ဆက်တည်းမှာ သွားရောက်ဖူးမြော်လေ့လာနိုင်သော **နေရာလေးတစ်ခုကို လမ်းညွှန်ရမည်ဆိုပါက**...

စင်မြင့်ရွာ၏ အနောက်မြောက်ဘက် မော်တော်ကားဖြင့် နာရီဝက်ခန့်မောင်းသွားလျှင် ရောက်နိုင်သော

www.burmeseclassic.com

တောင်ပေါ်၌ အဘအောင်မင်းခေါင် ငယ်စဉ်က ဓာတ်တရား ရှုမှတ်ရာ ဘူမိနက်သန်မြေ ရှိပါသည်။

ထိုမြေပေါ်တွင် အဘအောင်မင်း ခေါင်၏ - လမ်းညွှန်စေခိုင်းချက်အရ **နန်ကသူဦးသူတော်(ခေါ်)ဘိုးတော် ဦးလှခိုင်၏ ကြီးကြပ်မှုဖြင့် လေးကျွန်း သူတော်လေးနှင့် ရပ်သူရွာသားတို့** စုပေါင်းတည်ထားကြသော **လေးကျွန်း မြင့်မိုရ် ဝိဇ္ဇာမိုရ်စေတီတော်နှင့် 'ကုန္ဒိတံကုဏ္ဍာသယ** ဆုတောင်းပြည့် စေတီနှစ်ဆူကို ဖူးတွေ့ကြရမည် ဖြစ်ပါ သည်။

'လေးကျွန်းမြင့်မိုရ် ဝိဇ္ဇာမိုရ်စေတီတော်ကို ၁၃၆၀ ပြည့်နှစ် ဝါခေါင်လပြည့်နေ့က ထီးတော်တင်ခဲ့ပါတယ်ဘုရား။

ကုန္ဒိတံ ကုဏ္ဍာသယ ဆုတောင်းပြည့်စေတီ ကိုတော့ ၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လပြည့် နေ့က ပန္နက်တော်တင်မင်္ဂလာ ပြုလုပ်ခဲ့ပြီး တန်ဆောင်မုန်းလထဲမှာ တည်ထားခဲ့တာ နတ်တော်လပြည့်နေ့က ထီးတော်တင်ခဲ့ပါ တယ်ဘုရား။

*လောက လူသားတို့ရဲ့ စိတ်ဟာ ရွှေတို့ ငွေတို့ အလွန်အင်မတန်မှ တပ်မက်မောမှု* ရှိတဲ့အတွက် တပည့်တော် လေးကျွန်းမြင့်မိုရ် ဝိဇ္ဇာမိုရ်စေတီတော် တည်တဲ့အခါမှာ ရွှေထီး ကို တင်ခဲ့ပြီး ကုန္ဒိတံ ကုဏ္ဍာသယ ဆုတောင်း ပြည့်စေတီတော်မှာတော့ ငွေထီးအဖြစ် စတီးထီးကို တင်ခဲ့ပါတယ်။

ရွှေရှိရင် ငွေရှိမှ၊ ငွေရှိရင်လဲ ရွှေရှိမှ ဆိုတဲ့ အတိတ်နိမိတ်ကို ဆောင်ပြီး ရွှေစေတီ၊ ငွေစေတီအဖြစ် နှစ်ဆူတည်ထားခဲ့ပါတယ် ဘုရား'

လေးကျွန်းသူတော်လေး၏ ရှင်းပြ လျှောက်ထားချက် ဖြစ်ပါသည်။

စေတီတော်နှစ်ဆူကို ဖူးမြော်ပြီး သည်နှင့် တောင်ပေါ်မှနေ၍ ပတ်ဝန်း ကျင် အရပ်လေးမျက်နှာကို မျှော်ကြည့်



လိုက်သောအခါ စိမ်းညိုညို ထန်း တောကလေးများ၊ တောင်ကုန်း တစ်လုံး၊ လျှိုမြောင်တစ်လုံး နိမ့်ချည်မြင့်ချည် ရှိနေသော ရေမြေ သဘာဝက အလွန်တရာလှပသော ပန်းချီကား တစ်ချပ်ကို ကြည့်နေရ သည့်နှယ် ရှုမောမဆုံး ရှိလှပေသည်။

မနီးမဝေးဆီမှ မြင်နေရသော **သပြေကိုင်းရွာ၊ မြင်သာရွာနှင့် *စင်မြင့်ရွာတို့ကလည်း*** သွပ်မိုးအိမ် ကလေး ဖြူဖြူဖြူဖြူနှင့် ဖွံ့ဖြိုးတိုးတက် မှု၏ သရုပ်ကို ဆောင်နေကြပါသည်။

အဘ အောင်မင်းခေါင်ကြီးကား ကရကဋ္ဌရာသီတွင် စန်းလက်နှစ်ပါး ပူးယှဉ်၍ မွေးလာသူပီပီ တောတောင် ရေမြေ စိမ့်စမ်းတွေ ပေါများသော ဒေသများ၌ မွေ့လျော်ခဲ့သည်မှာ မဆန်းလှပါ။

အားကောင်းသော ဥစ်အိမ် မိဿ ရာသီ၌ မွေးနံ့ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးတို့ ယှဉ်ပူးနေခြင်းကလည်း အဘကို လိုရာပြီးမြောက် ဆောင်တိုင်းရောက် စေခဲ့တာ ဖြစ်လိမ့်မည်ဟု တွေးတော ရင်း တောင်ပေါ်မှ ဆင်းလာခဲ့သည်။

ထိုစဉ် တောင်ခြေနှင့် မနီးမဝေးတွင် **အင်္ဂတေ သမံတလင်းခင်း နှုတ်သီး တစ်ထားပြီး အပေါ်မှ သွပ်မိုးထား သော ရေတွင်းကလေးတစ်ခုကို** တွေ့ရပါသည်။

ဘိုးသိကြားပေးတဲ့ ရေချိုတွင်း

အဘအောင်မင်းခေါင်ကြီး ငယ်စဉ် ကျွဲကျောင်း၊ နွားကျောင်းလုပ်ရင်း လေးကျွန်းမြင့်မိုရ် ဝိဇ္ဇာမိုရ်တောင်ပေါ် တွင် တရားကျင့်ခဲ့စဉ်က တောင်ပေါ် တွင် ရေအလွန်ရှားသဖြင့် သစ္စာ အဓိဋ္ဌာန်ပြု၍ နောင် ဤမြေပေါ်တွင် သာသနာပွင့်လန်းမည် မှန်ပါက ရေချို များပေးပါရန် တောင်းခံခဲ့သည်။

ထိုအခါ ဘိုးတော်သိကြားမင်းက ပေးခဲ့ကြောင်း လေးကျွန်းသူတော်လေး ၁၃၆၀ ပြည့်နှစ်၊ ကဆုန်လဆန်း(၁၁) ရက်နေ့ညက ကျောက်မြင်းရှိရာ အရပ် တွင် တစ်ညအိပ်စဉ်က အဘအောင် မင်းခေါင်၏ အိပ်မက်ပေးချက်အရ နဂိုရ် တွင်းငယ်ကလေးဘဝမှ လက်ရှိ တွေ့မြင်ရသော ရေတွင်းကြီးအဖြစ်သို့ *ပြောင်းလဲတူးဖော်ခဲ့ကြောင်း...*


ရရှိလာသော ရေကို တောင်ပေါ်သို့ စက်ဖြင့် တင်ရာတွင် ထိုစဉ် မန္တလေး စည်ပင်မှ ဗိုလ်မှူးဝေဋ္ဌနှင့် အဖွဲ့က ကူညီခဲ့ကြောင်း ယခုအခါ တောင်ပေါ် တွင် ရေများ လှိုင်လှိုင် ပေါနေပြီဖြစ် ကြောင်း လျှောက်ထားပါသည်။

ကျောက်ဖျာပေါ်မှာ ပေါက်နေတဲ့

ဗောဓိပင်

ထိုရေချိုတွင်းမှ အနောက်ဘက်သို့ (၅)မိနစ်ခန့် ဆက်လက်လျှောက်ခဲ့သော် က ဗောဓိပင်ခြေရင်းတွင် ပဋ္ဌဝီကို ကို တရားဦးဓမ္မစကြာ ဟောတော် နေသော မြတ်ရှင်ဗုဒ္ဓ၏ ရုပ်ပွားတော် ကို တွေ့ရှိကြရပါသည်။

www.burmeseclassic.com



**ဤကျောက်ဖျာများကား အဘ ယခင်က တရားရှုမှတ်ခဲ့ရာ ကျောက်ဖျာများဟု သိရပါသည်။**

ဟောမိညောင်ပင် အမြစ်များအောက်ခြေတွင် ကြီးမားသော ကျောက်ဖျာကြီးများကို တွေ့ရသောအခါ များစွာ အံ့သြမိပါသည်။

ပါရမီဆက်ပဌာန်းဆက် ရှိသူများ ကြည့်ရှုပါက ကျောက်ဖျာများပေါ်တွင် အဘ အောင်မင်းခေါင်၏ ပုံတော်နှင့် ဟောမိညောင်ရွက်ပုံတော်များ ဖူးတွေ့ကြရသည်ဟု ဆိုပါသည်။

တရား ရှုမှတ်လိုသူများအတွက် အေးချမ်းဆိတ်ငြိမ်သော နေရာကလေး တစ်ခု ဖြစ်ပါသည်။

## သိဒ္ဓိဝင်ကျောက်မြင်း၏ ပုံရိပ်များ

ဟောမိပင်နှင့် ရွှေပလ္လင်မှ မြောက်ဘက်သို့ (၂)မိနစ်ခန့် လျှောက်ခဲ့ပါလျှင် သိဒ္ဓိဝင်ကျောက်မြင်းရှိရာသို့ ရောက်ပါမည်။

သိဒ္ဓိဝင်ကျောက်မြင်း၏ နောက်ခံသမိုင်းကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှပါသည်။

တစ်ခါက စစ်ကိုင်းမြို့မှ ဘိုးညိုဆိုသူမှာ အဘအောင်မင်းခေါင်၏ တပည့်သာဝကတစ်ဦး ဖြစ်သည်ဟု ဆိုပါသည်။

ထိုဘိုးညိုတွင် ကိုယ်ရေပြားရောဂါစွဲကပ်နေခဲ့ရာ တရားရှုမှတ်ပြီးတိုင်း အဘထံ ကိုယ်ရေပြားရောဂါ ပျောက်ကင်းလိုပါကြောင်း အဘ၏ ဝိဇ္ဇာသိဒ္ဓိ မဟိဒ္ဓိတန်ခိုးဖြင့် ပျောက်ကင်းအောင်ပြုလုပ်ပေးပါမည့်အကြောင်း အမြဲတမ်းတိုင်တည်ဆုတောင်းခဲ့ရာ တစ်ညတွင် အဘအောင်မင်းခေါင်က အိပ်မက်ပေးသည်မှာ...

'အဘ ယခင်က အင်းကစားခဲ့သော ကျောက်ဖျာကြီးတစ်ချပ်ပေါ် ကျောက်မြင်းကို ရေးထွင်းခဲ့ကြောင်း၊ ယင်းကျောက်မြင်းကို တွေ့အောင် ရှာပြီး ဘိုးတော်သိကြားပေးသော ရေချိုတွင်းမှ ရေဖြင့် ကျောက်မြင်းကို ရေတော်ဆက်ရန် ယင်းကျောက်မြင်း၏ ကိုယ်ပေါ်တွင် တင်ကျန်ရစ်သော ရေများကို အဝတ်စတစ်ခုဖြင့် သုတ်ယူ၍ ဘိုးညို၏ ကိုယ်ပေါ်တွင် ပြန်လည်သုတ်လိမ်းမည် ဆိုပါက ရောဂါဝေဒနာများ ကင်းလွတ်ချမ်းသာရရမည်ဖြစ်ကြောင်း'

အိပ်မက်ပေးသဖြင့် ဘိုးညိုက ယင်းကျောက်မြင်းကို မည်သည့် အရပ်တွင် သွားရောက် ရှာဖွေရပါမည်နည်းဟု မေးမြန်းရာ...

'စဉ့်မြင့်ရွာ အနောက်မြောက်ဘက် ရေသုံးရေ အလယ်တွင် တွေ့ရမည် တွေ့အောင်ရှာ'

ဟု ပြန်လည်မိန့်ကြားသဖြင့် ဘိုးညိုတစ်ယောက် စဉ့်မြင့်ရွာသို့ ရောက်ရှိခဲ့ပြီး ရေသုံးရေအကြောင်း မေးမြန်း၊ ကျောက်မြင်းအကြောင်း စုံစမ်းရာ ရေသုံးရေ ဆိုသည်ကိုသာ ပြောနိုင်ကြပြီး ကျောက်မြင်းကိုတော့ မည်သူမျှ မပြောတတ်ကြပါ။ မြင်လည်း မမြင်ဘူးကြပါ။

**ရေသုံးရေ ဆိုသည်က "ကျောက်ဖျာရေ"၊ "အလယ်ရေ"၊ "ဗိုးလုရေ"** ဟု ရှိကြောင်း ပြောပြသဖြင့် ရေသုံးရေ အလယ်တွင် တောနင်းရှာဖွေကြရာ လှည်းလမ်းနှင့် မနီးမဝေး ချုံနွယ်ပိတ်ပေါင်းများအောက်တွင် ကျောက်မြင်းကို တွေ့ကြရသည်ဟု ဆိုပါသည်။

ဘိုးညိုလည်း အဘ စေခိုင်းသည့်အတိုင်း ပြုလုပ်ခဲ့ရာ ရောဂါဝေဒနာများ ပိန်းကြာရွက်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ကျန်းမာပကတိ ချမ်းသာစွာ ရှိခဲ့သည်ဟု သိရပါသည်။

ယခုအခါ မူလကျောက်မြင်းပုံတော် ရေးဆွဲထားသော ကျောက်ဖျာကြီး အထက်တွင် **အဘအောင်မင်းခေါင် မြင်းစီးကျောက်ရုပ်နှင့် မြင်းငယ်ကလေးတစ်ကောင်နောက်မှ ပြေးလိုက်နေပုံ** ရုပ်တုတော်များ ထုလုပ်ပူဇော်ထားသည်ကို တွေ့ခဲ့ရပါသည်။

ကျောက်မြင်းနှင့် ပတ်သက်သော ဖြစ်ရပ်ဆန်းတစ်ခုကိုလည်း ကျောက်မြင်းနှင့် မနီးမဝေးတွင် နေထိုင်သော လူနေတဲတစ်ခုမှ ဦးပုဒေါ်သိန်းကြည်တို့၏သား မောင်ဝင်းနိုင်က အောက်ပါအတိုင်း ပြောပြပါသည်။

'ကျွန်တော် - (၁၁)နှစ်သားအရွယ်လောက်တုန်းက အမေက နိုင်းတာနဲ့ ကျောက်မြင်းကို ထုံးသွားဆက်ပါတယ်၊ ဟိုရောက်တော့ ကျောက်မြင်းပေါ်က ရေးခြစ်ထားတဲ့ ကောက်ကြောင်းတွေပေါ်မှာ ထုံးနဲ့လိုက်ပြီး ရေးဆွဲခဲ့ပါတယ်။

ကျောက်မြင်းကို ပိုပြီး ထင်ရှားလာအောင် ဆိုတဲ့ သဘောနဲ့ပါ။ ညရောက်တော့ တစ်ကိုယ်လုံး ပူလာပါပြီး မနေနိုင် မထိုင်နိုင်အောင် ဖြစ်နေလို့ အဖေကယ်ပါ၊ အဘကယ်ပါနဲ့ အော်နေရပါတယ်၊ ဘာမှလဲ မလုပ်တတ်ကြတာနဲ့ ဘေးကပဲ ထိုင်ကြည့်နေကြရပါတယ်။

ဒါနဲ့ ညအိပ်တော့ အိပ်မက်ထဲမှာ ထင်ဖြူ

www.burmeseclassic.com

စင်ကြယ်နဲ့ ဘိုးတော်တစ်ဦးက "မင်း ဒီလို မလုပ်ရဘူးကွ။ မနက်ကျရင် ဖိုးလှရေ ရေချိုတွင်း က ရေကိုခပ်ပြီး ကျောက်မြင်းကို ရေတော်သွားဆက်လိုက် မင်းဝေဒနာတွေ ပျောက်သွား လိမ့်မယ်"လို့ အိပ်မက် ပေးတဲ့အတွက် မနက်ကျတော့ ဘိုးတော်အမိန့်ရှိတဲ့အတိုင်း လုပ်လိုက်မှ ချမ်းသာရာ ရခဲ့ပါတယ်"

မောင်ဝင်းနိုင်၏ ပြောပြချက် ဖြစ်ပါသည်။

စင်မြင့်ရွာမှ ရှေးမီနောက်မီ အဘ ဦးငြိမ်းမောင်က ပြောပြရာတွင်လည်း ယခင်က ကျောက်မြင်းပတ်ဝန်းကျင်တွင် နေထိုင်သော လူနေတဲများမှ ကာယ ဒုစရိုက် ဝစီဒုစရိုက် ထူပြောသူတို့ မျက်စိများ ကန်းခဲ့ကြသည်မှာ မရေမတွက်နိုင်အောင် များပြားခဲ့ကြောင်း...

ထိုသူများ ရွာထဲတွင် သက်ရှိထင်ရှား ရှိသေးကြောင်း၊ နောင်သောအခါအနေအထိုင် အပြောအဆို ဆင်ခြင်လာသဖြင့် မျက်စိကန်းသူများ သိပ်မတွေ့ရတော့ကြောင်း ပြောပြပါသည်။

တကယ်တော့ ကျောက်မြင်းနှင့် ပတ်သက်သည့် တဘောင်သီချင်းကလည်း ဟိုးအရင်ကတည်းက ရှိခဲ့ပါသည်။

"တောင်လုံးအောက်ကဖား
ကျောက်ဖျာထက်ကရွာ
ကျောက်ဖျာထက်ကမြင်း
ကျောက်မြင်းပေါ်ကငါ
အောင်ဆိုရင်လည်း အောင်လိုက်
ခေါင်းဆိုရင်လည်း ချုပ်လိုက်
အိမ်ခေါင်ကို လုံအောင်ချုပ်
ထင်ပေါ်လျှင် စင်တော်ကမနေး
ရအောင်ယူခဲ့လေး"

အမှန်တကယ်လည်း အဘ၏ မွေးရပ်မြေ စင်မြင့်ရွာကလေးသည် ကြီးမားလှသော ကျောက်ဖျာထက်တွင် တစ်ရွာလုံး တည်ရှိနေပါသည်။

ရွာထဲမှ မည်သည့်အိမ်ကိုပဲသွားသွား အိမ်တိုင်းအိမ်တိုင်းမှ ကွန်ကရစ်ခင်းထားသလို ညီညာ ပြန့်ပြူးနေသော ကျောက်ဖျာများဖြင့် တစ်ဝိုင်းလုံး ပြည့်နေသည်ကို တွေ့ရပါသည်။

လမ်းမများပေါ်တွင် လျှောက်သွားလျှင်လည်း အောက်မှာငုံ့ကြည့်လျှင် ကျောက်ဖျာကျောက်သားများကိုပဲ တွေ့နေရပါသည်။

ယခုလည်း ကျောက်မြင်းကို ထပ်တွေ့ကြရပြီဆိုတော့ အဘ၏ တဘောင်သီချင်းနှင့် ထပ်တူထပ်မျှ ကိုက်ညီခဲ့ပြီ ဖြစ်ပါသည်။

ကျောက်မြင်းပေါ်မှ ဘအောင်မင်းခေါင်ကြီးကတော့ ကျောက်မြင်းကိုစီး၊ မြိုင်ကြီးကိုပတ်၊ တောရုပ်ကိုနှင်၊ မြို့ခွင်ကို အရောက်ကြွ၍ တပည့်သာဝက ဝေနေယျ အသီးသီး သားသမီးအသွယ် သွယ်တို့အား ကယ်မရန် အသင့်ရှိနေပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ အဘအောင်မင်းခေါင်ကြီး ငယ်စဉ်က အင်းကစားခဲ့ရာ ကျောက်ဖျာထက်ပေါ်မှ သိဒ္ဓိဝင် ကျောက်မြင်းဆီသို့ မရောက်ရောက်အောင် လာရောက်ကြ၍ **အနာမျိုး(၉၆)ပါး ကင်းဝေးစေသော ဖိုးလှရေ ရေချိုတွင်းမှ ရေကိုခပ်ယူကာ ကျောက်မြင်းကို ရေတော်ဆက်၍ မိမိတို့ဆုတောင်းနေသို့ သိဒ္ဓိဝင် ရေချိုတော်များ** ဆောင်ယူနိုင်ကြပါကြောင်း စေတနာကောင်းဖြင့် ရေးသား တင်ဆက်လိုက်ရပေတော့သတည်း။

**ဓာတ်ပုံတင်အောင် (ဆည်တော်ကြီး)**

စာမျက်နှာ (၂၄၆)မှ အဆက်

နှင့် ဝိုင်းပြီး ကြည့်နေကြရာတွင်...

'မနီပု...ငါတို့အိမ်ရှေ့မှာထိုးထော...
မဏ္ဍပ်က ဘာလုပ်တာလဲ၊ ဆွမ်းကျွေ...
ဖို့ လုပ်တာလား'

'ဘယ်ကလာ ဟုတ်ရမှာလဲ တော်...
လာတာ ဒီနေ့ဆို (၇)ရက်ပြည့်နေပြီ တော်...
သေပြီမှတ်ပြီး ဆွမ်းသွတ်ဖို့ လုပ်နေကြ...
အခုတော့ တော်...မသေတဲ့ ငိုအား...
ရယ်အားသန် ဖြစ်နေပြီ။

ကျုပ်ငိုတဲ့မျက်ရည်တွေလဲ မြစ်ထဲရော...
ကုန်ပြီနဲ့တူပါတယ်တော်၊ အဲဒီတော့ လ...
နဲ့ မတူးတော့ပါဘူးကွာ အနှစ်ရယ်...
ပရိတ်ရွတ်ပြီး တုန်းကြီးဆွမ်းကျွေးတဲ့ ...
ဒါနအလှူလေးတစ်ခု ပြုလုပ်ကြတာပေါ့။

ငါလဲ ရေထဲက သင်္ချိုင်းစာတစ်ခုရလာ...
နောက်မှပဲ အေးအေးဆေးဆေး ပြောပြမယ်...
ဒီတံငါဘဝကို ငါ ဒီနေ့ကစပြီး စွန့်လွှတ်လိုက်...
တော့မယ်။

တို့လင်မယားနှစ်ယောက် သမာအာ...
ကျကျ ကောင်းရောင်းကောင်းဝယ် လုပ်ကို...
စားသောက်ကြတာပေါ့ကွာ။

အကုသိုလ်အလုပ် တစ်ကျပ်ရတာထ...
တခြားအလုပ် တစ်မတ်ရတာက မွန်မြတ်...
ပေတယ်။ အဓိကကတော့ ဘုရား တရား...
သံဃာနဲ့ မိဘဆရာသမားတွေကို မမေ့...
အရေးကြီးဆုံး အဓိက အချက်ပါပဲ။

ဘုရားရှိခိုးတိုင်း မကျွတ်မလွတ်...
နာနာလောကသားတွေကို အမျှပေး...
ဖို့လဲ မမေ့နဲ့နော်...။

**(လွန်ခဲ့သော အနှစ်(၅၀)ကျော်...**
**အဖြစ်အပျက်တစ်ခုကို မိတ်ဆွေ...**
**ကိုကြည်စိုးမှပြောပြပါသဖြင့် ဆောင်...**
**ပါးတစ်ပုဒ်အဖြစ် ဖော်ပြလိုက်...**
**တော့သည်။)**

**ရွှင်လန်းချမ်းမြေ့ကြပါစေ...**

**ကျော်ဝေ (မိရာမြေ)**



www.burmeseclassic.com

www.burmeseclassic.com




ဧရာဝတီတိုင်း ဝေန်မြစ်ကြောင်းနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်များကို စာရေးဆရာတော်တော်များများ ရေးသားကြသည့် ဆောင်းပါးများကို စာရေးသူ ဖတ်ရှုရပါသည်။

နက္ခတ္တရောင်ခြည်တွင် ထူးထူးဆန်းဆန်းဖြစ်ရပ်မှန်များ ဖတ်ရှုရသည့်အတွက် နက္ခတ္တရောင်ခြည်ကို အထူးပဲ ကျေးဇူးတင်မိပါသည်။

စာရေးသူ ယခု ရေးသားမည့် ဆောင်းပါးမှာ မိတ်ဆွေတစ်ဦး၏ တိုက်တွန်းချက်အရ သူ၏ သိရှိထားသော ဖြစ်ရပ်မှန်ဇာတ်လမ်းကိုရေးသားအပ်ပါသည်။

မဟုတ်မမှန် လုပ်ကြံရေးသည့် ဇာတ်လမ်းများ မဟုတ်သည်ကိုတော့ စာရေးသူ ရဲဝံ့စွာဖြင့် ဝန်ခံပါသည်။ ဆက်လက်ပြီး စာရှုသူ နက္ခတ္တရောင်ခြည် ပရိသတ်များ ရှုစားကြပါကုန်လော့။



ကျော်ဝေ (ဖရာမြေ)

# ဝေန်မြစ်အတွင်းမှ

## ထူးဆန်းသည့် အဆောင်အယောင် ဖြစ်ရပ်မှန်

လေးမျက်နှာမြို့နယ်၊ ညောင်ပင် တန်းကျေးရွာနေ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ဦးဘိုးထော်+ဒေါ်နီပုတို့ ဇနီးမောင်နှံသည် ကလေးသားသမီးများ မရှိကြသဖြင့် လှေတစ်စီးဖြင့် ဒေါ်နီပုက လှေလှော်၊ ဦးဘိုးထော်က ကွန်ပစ်ရသည့်ငါးလေးများကို ကုန်းပေါ်တွင် စောင့်ဆိုင်းနေကြသော ဖောက်သည်များအား ရောင်းချပြီး နေ့တိုင်းနေ့စဉ် အသက်မွေးဝမ်းမှု ပြုကြရလေသည်။

တစ်နေ့တွင် ဒေါ်နီပု နေမကောင်းသဖြင့် ဦးဘိုးထော်တစ်ယောက်တည်း လှေကို လှော်ခတ်ပြီး ဝဲဒေါင့်ရွာနှင့် ညောင်ပင်တန်းကျေးရွာကြားဗဟိုလယ်တွင် ကွန်ပစ်လိုက်ရာ ကွန်ကိုဆွဲမပြီး ကြည့်ရာတွင် ကွန်သည် တစ်ခုခုနှင့် ငြိပြီး ရေပေါ်သို့ ဆွဲတင်၍မရပေ။

အကြိမ်ကြိမ်ကြိုးစားပြီးမ,တင်သော်လဲမရ၊ ဦးဘိုးထော် ကွန်ကိုတော့ အဆုံးမခံနိုင်၊ ဒီကွန်လေးတစ်လက်နှင့် အသက်မွေးဝမ်းမှု ပြုနေရသည် မဟုတ်ပါလား။

နောက်ဆုံး ဦးဘိုးထော် အကြံရ၍

www.burmeseclassic.com

ရေထဲသို့ဆင်းပြီး ငြိနေသောကွန်အား ဖြုတ်မည်။ ဖြုတ်ပြီး တခြားတစ်နေရာသို့ သွားပြီး ထပ်မံပစ်ရဦးမည်။

တံငါသည်ဆိုပေမယ့် ဘုရား၊ တရားတော့ မမေ့၊ ရေထဲသို့ ငုတ်မည့်အပြုတွင် မြစ်စောင့်နတ်အားတိုင်တည်ပြီး သရဏဂုံသုံးပါးကို နှုတ်မှရွတ်ဆိုပြီး ပုဆိုးကို ခါးတောင်းမြှောင်အောင် ကျိုက်ပြီး လှေပေါ်မှ ရေထဲသို့ ကျွမ်းထိုး၍ ဆင်းသွားလေတော့သည်။

ဆင်းသွားတုန်းကတော့ ရေထဲ တန်းတန်းမတ်မတ်၊ ရောက်သွားတော့ ရတနာပစ္စည်းတွေသိုလှောင်ထားသည့် အခန်းကြီး ကြီးကျယ်ခမ်းနားပါဘိခြင်း။

ရွှေဟောင်း တင်ပျဉ်ခွေကိုယ်တော် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရွှေတွေမှ တဝင်းဝင်းတလက်လက် ရတနာတွေကလဲ တစ်ဖက်ခန်းထဲမှာ တဖျတ်ဖျတ်၊ စိန်ကျောက်၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား စုံမှစုံပါ။

ဒါတွေကို တွေ့ပေမယ့် ဦးဘိုးထော် မမက်မော၊ ဘုရားရှေ့တွင် ဒူးထောက်ပြီး ဘုရားကို ဦးခိုက်ကန်တော့လျက် သူ၏ကိုယ်မှာ ရေထဲကို ဆင်းတုန်းက ကဲ့သို့ အင်္ကျီမပါ ဗလာနတ္တိမဟုတ်၊ ပုဆိုးကလည်း ခါးတောင်းကျိုက်နှင့် မဟုတ်၊ မင်းဝတ်မင်းစားပုံစံမျိုး ဖဲကတ္တီပါ ရွှေဝါရောင် ရေးမင်းသားများ ဝတ်ဆင်သည့်အင်္ကျီနှင့် တောင်ရှည်ပိုးပုဆိုး၊ သူ့ကိုယ်သူ ဝတ်ကောင်းစားလှများ ဘယ်အချိန်က သူ၏ကိုယ်ပေါ် ရောက်မှန်းမသိ။

ရွှေရောင်တဝင်းဝင်း လက်သည့် အခန်းကြီးထဲမှ ကြေးစည်ကိုထုပြီး ထွက်လာသော ဝတ်ဖြူစင်ကြယ်နှင့် ဖိုးသူတော်တစ်ဦး။

ဖိုးသူတော်သည် သူ၏အခန်းထဲသို့ ပြန်ဝင်သွားပြီး ငှက်ပျောသီးတစ်လုံး



ကိုဖြုတ်ယူလာပြီး ဦးဘိုးထော်အား…

'ဒကာကြီး၊ ဒီအာဟာရကို မှိဲ သုံးဆောင်ပါ။ စိတ်ချမ်းသာပြီး လန်းဆန်းသွားပါလိမ့်မယ်။ ခွန်အားတွေလဲ တိုးတက်ပြီး လာပါလိမ့်မယ်'

ဖိုးသူတော်ပေးသည့် ငှက်ပျောသီးစားမိသဖြင့် ဖိုးသူတော်ပြောသည့်အတိုင်း အာဟာရများ ပြည့်ဝပြီး လန်းဆန်း ကြည်လင်သွားလေသည်။

ဖိုးသူတော်မှာ ရွှေတဝင်းဝင်းနှင့် စေတီဉာဏ်တော် (၉)တောင်ပြည့် ဘုရားဆီသို့ ဦးဘိုးထော်အား ခေါ်သွားလေသည်။

ဦးဘိုးထော်သည် ဘုရားအားဝတ်ပြည့်ပြီး လိုရာဆုတောင်းရာတွင် လှေပေါ်မှ ရေထဲသို့ ခုန်ချသည့်အဖြစ်မှန်ကို သတိရသဖြင့် မိမိ၏လှေပေါ်တွင်ရှိသော ကွန်အား မြင်မိသဖြင့် ဘုရား၏ စေတီစိန်ဖူးထိပ်တွင် ချိတ်၍ ငြိနေသော မိမိ၏ကွန်ကို တွေဝေစွာကြည့်ပြီး ဖိုးသူတော်အားလှည့်၍ အကူအညီတောင်းပြီး ကွန်ကိုဖြုတ်ယူမည်ဟု ကြံစည်လိုက်သည်။ သို့နှင့် တစ်ဖက်သို့ ကြည့်လိုက်သောအခါ ဖိုးသူတော်ကို မတွေ့ရပေ။ တစ်ဖက်မှအသံ ကြီးကျယ်သောအသံကြီး ဖိုးသူတော်၏ အသံပင်ဖြစ်ပေမည်။

'လူ့ဘဝက အသင်လူသား ရေအောက်ဘုံသိုက်ဘုရားကို သင်ဖူးထိုက်၍ ဖူးရပေပြီ စိန်ဖူးတွင် ငြိနေသော ကွန်အားဖြုတ်ယူပြီး သင်၏ရပ်ရွာနေသို့ ပြန်နိုင်ပေပြီ'

ဖိုးသူတော်၏ ကျယ်လောင်သောအသံအား ဦးဘိုးထော် သတိရ ကြားသိရခြင်း၊ စိန်ဖူးထိပ်တွင် ငြိနေသောကွန်အား ဆွဲလိုက်ရာတွင် နားထဲတွင် ရေသံများ ဗလောင်ဆူပွက်သည့်အသံနှင့်အတူ ဦးဘိုးထော်သည် လှေပေါ်သို့ ရောက်သွားလေတော့သည်။

လှေပေါ်သို့ရောက်လျှင် ရေတစ်စက်မှ မစိုဘဲ ယခင်မူလကအတိုင်း အင်္ကျီမပါ၊ ပုဆိုးခါးတောင်းကျိုက်နှင့် ကွန်ကို ပိုက်လျက် ကမ်းစပ်သို့ ရောက်နေသည်ကို တွေ့ရသည်။

သို့နှင့် အံ့ဩစွာဖြင့် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်၊ တဒင်္ဂတွေ့ကြုံရသော ခံစားချက်တစ်ခုဖြင့် ဇနီးသည်ဒေါ်နီပု အားပြောပြမည်ဟုအားခဲ ပြေး၍သွားပြီး ရွာထဲသို့ ဝင်သွားပါသည်။

ထိုအခါ မိမိ၏အိမ်ရှေ့တွင် မဏ္ဍာ ထိုးထားသည်ကိုမြင်သဖြင့်…

'လူတွေကလဲ တရုန်းရုန်း ဘာတွေ လုပ်နေကြပါလိမ့်'

'ဘုရား…ဘုရား… ဇနီးသည် ဒေါ်နီပုမျ တစ်ခုခု ဖြစ်နေမည်လား။ မဆိုကောင်းမပြေ ကောင်း လွဲပါစေ ချော်ပါစေ၊ မနီပု နေကော ပါစေ'

ဒေါ်နီပုသည် အိမ်ရှေ့တွင် ကွန်က ထမ်းပြီး ဝင်ရောက်လာသော ခင်ပွန်း သည် ဦးဘိုးထော်အား တွေ့သဖြ အားရဝမ်းသာစွာဖြင့် ပြေး၍ကြိုဆိုလေ တော့သည်။

ရွာသားများကလည်း အံ့ဩမှုမှ

www.burmeseclassic.com

www.burmeseclassic.com



အဖေပြောသော

# ကျောက်မဆင်

(ကျောက်ဆင်)

ကျော်မင်း (ပခုက္ကူ)



ယခုရေးသားသော **ကျောက်မဆင် (ကျောက်ဆင်)၏** အကြောင်းသည် **၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၃၆၅)၊ စာမျက်နှာ(၂၃၃) နဂ္ဂဟ္ထာရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားခဲ့သော နှစ်(၅၀)ကျော်က အလောင်းတော်ကဿပ၏ အဋ္ဌိပ္ပတ္တိ၏** အဆက်ဟု ပြောလျှင်လည်း ရပါသည်။

စာရေးသူ၏ဖခင် အလောင်းတော်ကဿပ၏ အဋ္ဌိပ္ပတ္တိ ပြောပြစဉ်က ဆက်လက်၍ ပြောပြသော ကျောက်မဆင်(ကျောက်ဆင်)ပင် ဖြစ်ပါသည်။

**ကျောက်မဆင်ရွာတွင်** ဆင်းရဲ၍ ထင်းခွေ စားရသော မောင်ကောင်းမြတ်နှင့် မသစ္စာဆိုသော သူဆင်းရဲ လင်မယားရှိပါသည်။ သူတို့လင်မယားသည် ယင်း(ကျောက်မဆင်)ကျောက်ဆင်အနီးသွား၍ ထင်းခွေ၍ ရောင်းချကာစားဝတ်နေရေးကို ဖြေရှင်းရပါသည်။

ညတစ်ညမှာတော့ မောင်ကောင်းမြတ် အိပ်မက် မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ကျောက်ဆင်ကြီးက အော်၍ **"ငါ့ကို ကယ်ကြပါ၊ ကယ်ကြ ပါ"**ဟု အသံကုန်အော်ဟစ် အကူအညီ တောင်းနေကြောင်း အိပ်မက်ပါသည်။

သူလည်း အိပ်မက်က လန့်နိုးပြီး သူ့မိန်းမကို နိုး၍ ပြောပြပြီး လင်မယားနှစ်ယောက် နံနက် လင်းလျှင်လင်းချင်း ကျောက်မဆင် (ကျောက်ဆင်)ကြီးကို သွားကြည့်ပါသည်။

ထိုကဲ့သို့ သွားကြည့်သည့်အခါ ကျောက်ဆင်ကြီး၏ ကိုယ်လုံးတစ်ခုလုံးကို ချည်ဖြူကြိုးတွေ တစ်ကိုယ်လုံးပတ်နေတာကို တွေ့ရ၍ ချည်ကြိုးတွေ

www.burmeseclassic.com

ကို အားလုံးဖြတ်၍ ဖြတ်ပေးလိုက်ပါသည်။ ထိုကဲ့သို့ ဖြတ်ပေးပြီး ထင်းခွေကာ အိမ်သို့ ပြန်ခဲ့ပါသည်။

ညရောက်တော့ အိပ်မက် ထပ်မက်ပါသည်။



*အိပ်မက်ထဲမှာ*

ကျောက်ဆင်ကြီးက...

'မင်းတို့လင်မယား ကယ်လို့ ငါ့အသက် ချမ်းသာရတာပါ။

ဒီတော့ မင်းတို့ကို ကျေးဇူးဆပ်ချင်လို့ မနက်လင်းရင် ဆင်ဦးစီးတွေ ကိုင်တဲ့ချွန်းနဲ့ တောင်းတစ်လုံး ယူခဲ့ပါ။ မင်းတို့ငါ့ဆီရောက်ပြီး ဟဲ့ဆင်...ထ ဆိုပြီး ချွန်းနဲ့ ငါ့ရဲ့ဦးခေါင်းကို ပေါက်ပြီး အထခိုင်းပါ။ ငါ ထပေးမယ်။

ငါ့ရဲ့ ဝမ်းဗိုက်အောက်မှာ ကျောက်သံပတ္တမြားတွေ တွေ့လိမ့်မယ်။ အဲဒီ ပတ္တမြားတွေကို မင်းမိန်းမကို တောင်းထဲ အထည့်ခိုင်းပါ။ မင်းတို့ ယူချင်သလောက် ယူပြီးရင် မင်းက ချွန်းနဲ့ပေါက်ပြီး ငါ့ကို အဝပ်ခိုင်းပါ။ ငါဝပ်ပေးရင် မင်း ဆင်းပြီး မင်းတို့ သွားလို့ရပါပြီ'

ဟု အိပ်မက်ပေးပါသည်။

မောင်ကောင်းမြတ်လည်း အိပ်ရာက နိုးတော့ သူ့ဇနီးကိုခေါ်ပြီး ကျောက်ဆင်ကြီးဆီကို ကျောက်ဆင်ကြီးမှာသည့်အတိုင်း ဆင်ဦးစီးတွေကိုင်သည့် ချွန်းရှာပြီး သူ့ဇနီးကို တောင်းတစ်လုံး အယူခိုင်းပြီး ကျောက်ဆင်ကြီးဆီ သွားပြီး ဆင်ကြီးမှာသည့်အတိုင်း ကျောက်ဆင်ကြီး၏ ဦးခေါင်းပေါ်တက်ပြီး ချွန်းနှင့်ပေါက်ပြီး အထခိုင်းလိုက်လျှင် ကျောက်ဆင်ကြီးက ထပေးသည်။

ဆင်၏ ဝမ်းဗိုက်အောက်မှာ ကျောက်သံပတ္တမြားတွေ တွေ့တော့ သူ့ဇနီးက မှင်တက်မိပြီး ကြည့်နေတာ တော်တော်ကြာသွားတော့မှ သူ့ယောက်ျား သတိပေးလိုက်မှ ကြောက်ကြောက်လန့်လန့်နှင့် ယူပြီး တောင်းထဲကို ထည့်ရသည်။

ဒီလိုနှင့် တောင်းတစ်ဝက်လောက် ရောက်တော့ သူ့မိန်းမက **"ဒီလောက်ဆို တောက်ပါပြီ။ တော်သာ ဆင်ပေါ်က ဆင်းခဲ့ပါ"**ဟု ပြောတော့ မောင်ကောင်းမြတ်က ဦးခေါင်းကို ချွန်းနှင့်ပေါက်ပြီး အဝပ်ခိုင်းတော့ ဆင်ကြီးက ဝပ်ပေးသည်။ မောင်ကောင်းမြတ်လည်း ဆင်းပြီး အိမ်ပြန်လာသည်။

မောင်ကောင်းမြတ်တို့ အိမ်နားမှာလည်း ထင်းခွေစားသည့် လင်မယား ရှိသည်။ မောင်မဲနှင့်မမြဲ လင်မယားက မသစ္စာတို့ ရွှေငွေကျောက်သံပတ္တမြားတွေ ရလာတာမြင်တော့ အကျိုးအကြောင်း မေးမြန်းကြသည်။

မသစ္စာတို့ကလည်း မကွယ်မဝှက် အမှန်အတိုင်း ပြောပြလိုက်သည် ဆိုလျှင်ပဲ မောင်မဲနှင့် မမြဲတို့လည်း နောက်တစ်နေ့ နံနက် စောစောထပြီး ကျောက်မဆင်(ကျောက်ဆင်)ကြီး ရှိသည့်ဆီကို သွားပြီး မောင်ကောင်းမြတ်နှင့် မသစ္စာတို့ ပြောသလို မောင်မဲက ဆင်ပေါ်တက်ပြီး ချွန်းနှင့် ဆင်ဦးခေါင်းကို ပေါက်ပြီး အထခိုင်းသည်။

မောင်မဲ ခိုင်းသလို ဆင်ကြီးကလည်း ထပေးသည်။ ဒီလို ထပေးသည် ဆိုလျှင်ပဲ မမြဲက ဆင်ကြီးဝမ်းဗိုက်အောက်မှ ကျောက်သံပတ္တမြားရွှေငွေကို ပါလာသည့် တောင်းထဲသို့ ပြည့်အောင်ထည့်ပါသည်။ အဲဒီဆင်ကြီးကလည်း ကျောက်သံပတ္တမြား ထည့်သလောက် မြင့်သွားလိုက်တာ

*[illegible]*

သွားတော့ မောင်မဲမှာ ဆင်ပေါ်က မဆင်းနိုင်ဖြစ်နေ၍ သူ့မိန်းမကို ကျောက်သံပတ္တမြားတွေကို ဆင်ကြီးဝမ်းဗိုက်အောက်ကို ပြန်ပြီး ထည့်ခိုင်းသည်။

မောင်မဲ အမျိုးသမီး မမြဲက ဆင်ကြီးဗိုက်အောက်ကို ကျောက်သံပတ္တမြားတွေ လက်တစ်ဆုပ်ယူပြီး ထည့်လိုက်တော့ ဆင်ကြီး အရပ်တစ်တောင်လောက် နိမ့်ပေးသတဲ့။

အဲသလို တစ်ဆုပ် ဆင်ကြီးဝမ်းဗိုက်အောက် ထည့်သွင်းလိုက်တိုင်း တစ်တောင် တစ်တောင် နိမ့်နိမ့်သွားလိုက်တာ မမြဲ ယူထားသည့် တောင်းထဲက ကျောက်သံပတ္တမြားတွေ ကုန်တာတောင်မှ ဆင်၏အရပ်က တော်တော်မြင့်နေတော့ မောင်မဲမှာ ဆင်ကြီးပေါ်က ခုန်ဆင်းလိုက်တာ ခြေတစ်ချောင်းကျိုးသွားသည်။

မောင်မဲ မြေပြင်ပေါ်သို့ ရောက်တော့ ဆင်ကြီး အရင်တုန်းကလို ဝပ်နေတာ သိရသည်။ သူတို့လည်း ကြောက်လန့်ပြီး အိမ်ကို ပြန်ပြေးခဲ့သတဲ့။ မတရားယူတိုင်း မရကြောင်းကို စာရေးသူ အဖေက ပြောပြထားတာကို စာရေးသူက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ပါသည်။

***လိုရာဆန္ဒအားလုံး ပြည့်ဝကြပါစေ။***

**ကျော်မင်း(ပန္နက်)**



www.burmeseclassic.com

www.burmeseclassic.com





ထူးထူးဆန်းဆန်း

# သပိတ်သွမ်း

အောင်ချစ်ကြည်
(ကြို့ပင်ကောက်)

လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)ခန့်က အဖြစ်ဆန်းကလေးတစ်ခု ဖြစ်သည်။ ထိုအချိန်က စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်ဇာတ်ကြောင်းကလေးတစ်ခုဖြစ်၍ စွဲမြဲစွာ မှတ်မိနေခဲ့သည်။

အကြောင်းက ငွေဓားရိုး ငွေဓားအိမ်ဖြင့် လုပ်သော ဓားမြှောင်တစ်ချောင်းကို အကြောင်းပြု၍ သပိတ်သွတ် ဆွမ်းလှူရေစက်ချ အမျှဝေခဲ့ရသော အဖြစ်အပျက်ကလေး ဖြစ်သည်။

ထိုအချိန်က စာရေးသူကိုယ်တိုင် **ရွှေတောင်မြို့ မြောက်ဘက် ၈ွားမယံကျေးရွာအုပ်စုတွင် စိုက်ပျိုးရေး ကွင်းမှူးတာဝန်ဖြင့်** နေ့စဉ် ကွင်းဆင်း၍ မြို့ထွက် စပါးစံပြကွက်ကို ကြီးကြပ်စောင့်ရှောက်နေရချိန် ဖြစ်သည်။

ရပ်/ကျေး ဥက္ကဋ္ဌမှာ ပုတ်တန်းရွာမှ ဦးစံမောင်ဖြစ်သည်။ အုပ်စု၏ အုပ်ချုပ်ရေး စီမံခန့်ခွဲရေးလုပ်ငန်းများကို အချိန်ပြည့် တာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်ဖြစ်ကာ ခလရ(၁၄)တပ်ရင်းအနီး ပုရပိုဒ်တန်းရွာထိပ်တွင် ရုံးခန်းဖွင့်၍ အုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အချိန်ကိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်သဖြင့် နာမည်ရ ဥက္ကဋ္ဌတစ်ဦးဖြစ်သည်။

နေ့စဉ် မနက်(၆)နာရီ ရုံးနောက်လယ်ကွင်းအရောက် ဆင်း၍ အလုပ်လုပ်သော စာရေးသူနှင့် ရုံးခန်းသော့ကို တစ်ယောက်တစ်ချောင်း ယူထားကာ အရင်ရောက်သူက ရုံးဖွင့်ကာ အလုပ် လုပ်နေကြဖြစ်သည်။

မြို့ထွက် စပါးစံပြကွက်ကြီးအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ပြသနိုင်ခဲ့သည်။ တစ်နေ့ခင်း ရုံးခန်းကလေးတွင် နှစ်ဦးသားစကားပြောရင်း ဦးစံမောင်က စကားမစပ် ကိစ္စတစ်ခု စာရေးသူအား မေးလာသဖြင့် အံ့သြခဲ့ရသည်။

'ကွင်းမှူးကြီးကို ကျုပ် မေးကြည့်ချင်တာလေး ရှိတယ်ဗျ။ ခင်ဗျားက သာယာဝတီနယ်ဘက်က လာတဲ့လူဆိုတော့ ကြားဖူးနားဝရှိကောင်း ရှိနိုင်မယ် ,ထင်လို့ပါ'

'ဥက္ကဋ္ဌ ဘာမေးချင်လို့လဲ၊ မေးလေ...ဘာအကြောင်းများရှိလို့လဲ'

စာရေးသူက အကဲခတ် ကြည့်နေစဉ် ဦးစံမောင်က ရုံးခန်းထဲရှိ စာအုပ်

www.burmeseclassic.com

စာတမ်းများထည့်သည့် ဗီရိုဆီသို့ သွား၍ ဖွင့်နေရင်း…

'ဩော်…ခင်ဗျားက ကြိုးပင်ကောက်သား ဆိုတော့ တုတ်စားလက်နက်တွေနဲ့ ပတ်သက်ပြီး ကျုပ်တို့ထက် ဗဟုသုတ ပိုရှိလောက်တယ်ထင်လို့ဗျ'

ဟု ပြောကာ ဗီရိုထဲမှ ပစ္စည်းတစ်ခုကို အဝတ်စဖြင့် ပတ်လျက်သား ယူလာကာ စားပွဲပေါ် ချထားလိုက်သည်။

'ဓားတို့ လှံတို့ ဆိုတဲ့ လက်နက်တွေမှာဗျာ တစ်ခါ သွေးစွန်းဖူးရင် အဲဒီလက်နက်ဟာ နောင်လဲ ခဏခဏ ပြဿနာရှိတတ်တယ်၊ မကောင်းဆိုးရွားတွေ စီးနေတတ်တယ် ဆိုတာ ရှိတယ်မဟုတ်လား'

'ဖြစ်နိုင်ပါတယ် ဥက္ကဋ္ဌ ဘာပြုလို့လဲ ဆိုတော့ တချို့ ရဲစခန်းတွေ၊ စစ်တပ်တွေက လက်နက်တိုက်တွေထဲမှာ အမိန့်ပြန်ပြီး ထောင်ချထားရတဲ့ လက်နက်တွေ ရှိတယ်လေ။

မောင်းတင်မထားဘဲ မောင်းပြုတ်ကျည်ထွက်တဲ့ သေနတ်တို့၊ ကျည်ကပ်ထဲ,ပြောင်းထဲမှာ ကျည်မရှိဘဲ သူ့အလိုလို မောင်းပြုတ်ကျည်ထွက်ပြီး ပြဿနာခဏခဏတက်တဲ့ သေနတ်တို့ တကယ်ရှိတာပဲ'

'ဟုတ်ပါတယ် ကျုပ်လဲ တပ်ရင်းတပ်ဖွဲ့တွေနဲ့ အမြဲလိုလို ထိတွေ့ရင်းနှီးခဲ့လို့ ကြားဖူးနေတာပဲ၊ ဒါပေမယ့် အခုဟာက လက်နက်တော့ လက်နက်ပဲ ဒါပေမယ့် သေနတ်မဟုတ်ဘူးဗျ ဟောဒီမှာ'

ဦးစံမောင်က အဝတ်စ ပတ်ထားသောပစ္စည်းအား ဖြေချလိုက်သောအခါ စားပွဲပေါ်သို့ အလွန်လှပသော ဓားမြှောင်တစ်လက် ထွက်လာသည်။ **ဓားရိုးနှင့်ဓားအိမ်တွင် ငွေသားကနုတ်ပန်းများဖြင့် သေသပ်လှပသော အရိုးအသွား အရှည်(၉")ခန့်ရှိ ချစ်စဖွယ် ဓားတစ်လက် ဖြစ်နေသည်။**

စာရေးသူက ယင်းဓားကလေးနှင့် ပတ်သက်၍ ဆက်လက် မေးမြန်းသဖြင့် ဦးစံမောင်က မိမိထံသို့ ဓားမြှောင်ကလေး ရောက်ရှိလာပုံနှင့် တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အထက်ပါအတိုင်း စီကာပတ်ကုံး ပြောပြပါတော့သည်။

* * *

နွားမယ်အုပ်စု ရလက ရုံးကလေးသည် ခလရ(၁၄)တပ်ရင်းပိုင်မြေနှင့် ကပ်လျက် လယ်ကွက်ငယ် သုံး,လေးကွက်သာ လှမ်းသည်။ ဥက္ကဋ္ဌ ဦးစံမောင်က တပ်ရင်းမှူးအစ ရဲဘော်များအသုံး အားလုံးနီးပါးနှင့် ရင်းနှီးသူဖြစ်သည်။

တစ်နေ့ တပ်ရင်းမှူးရုံးခန်းမှ ကိစ္စတစ်ခု ဆွေးနွေး၍အပြန် လူပျိုလိုင်းရှေ့အဖြတ်တွင် အလွန်ရင်းနှီး ခင်မင်သော ရဲဘော်ဗလနှင့် မျက်နှာချင်းဆိုင် ဆုံမိကြသည်။

ရဲဘော်ဗလတစ်ယောက် ဒုတပ်ကြပ်ရာထူးဖြင့် တပ်ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည့်ဖြစ်ကြောင်း သိရသဖြင့် ခင်မင်ရင်းစွဲဖြစ်သည့် တစ်ကြောင်း၊ ရာထူးတိုးသဖြင့် ဝမ်းမြောက်ဂုဏ်ပြုသင့်သည်ဟု စိတ်ကူး၍ တစ်ကြောင်းဖြင့် ပြည်မြို့သို့ သွားရောက်ကာ စပို့ရှပ်အင်္ကျီကောင်းကောင်း တစ်ထည်ဝယ်ကာ နှုတ်ဆက် လက်ဆောင်ပေးခဲ့သည်။

ရဲဘော်ဗလ တပ်မပြောင်းခင် တစ်နေ့ ညနေတွင် ဦးစံမောင်ထံ ရောက်လာ၍ အမှတ်တရပစ္စည်းအဖြစ် ငွေရိုးတပ် လက်ကိုင်ငွေဓားအိမ်ဖြင့် အသွား (၆)လက်မကျော်ရှည်သော ဓားမြှောင်တစ်ချောင်းပေးခဲ့သည်။

အလွန်သေသပ်လှပ၍ မြင်သူတိုင်း သဘောကျစရာ ဤဓားမြှောင်အား ဦးစံမောင် အမြတ်တနိုးဖြင့် ရုံးခန်းကလေးရှိ ဗီရိုထောင့်တစ်နေရာတွင် အဝတ်စတစ်ခုဖြင့် ပတ်ကာ သိမ်းဆည်းထားခဲ့သည်။

မေ့မေ့ပျောက်ပျောက်ဖြင့် နှစ်တို့ကူးခဲ့သည်မှာ (၅)နှစ်ကျော်ကာလသို့ ရောက်မှန်းမသိ ရောက်ခဲ့သည်။ ဓားမြှောင်ကလေးက မူလထားသည့် ဗီရိုတွင်းမှာပင် ရှိနေခဲ့သည်။ တစ်ခုသော အရေးကြီးပုဂ္ဂိုလ်(VIP) ခရီးစဉ်တွင် ဓားမြှောင်ကလေး အပြင်ရောက်ရန် အကြောင်းက ဖန်လာသည်။

ရလကဥက္ကဋ္ဌနှင့် စာရေးသူတို့အုပ်စု ဆိုင်ရာစာရင်းအင်းများကို အသည်းအသန် ပြုစုကြရသည်။ ညဉ့်နက်ချိန်မှ စာရင်းပြုစု၍ ပြီးကြသည်။

စာရေးဖြစ်က ဆိုင်ကယ်ဖြင့် ရွှေတောင်သို့ ပြန်သည်။ ဦးစံမောင်က ရုံးခန်းကလေးနှင့် (၂)မိုင်ခန့်ကွာသော ပုတ်တန်းရွာသို့ စက်ဘီးဖြင့် ပြန်ရမည်။ ညက မှောင်မိုက်၍ တိတ်ဆိတ်လွန်းသည်။

လမ်းပေါ်တွင် လူသွားလူလာ မရှိချိန်ဖြစ်၍ ဖြတ်သွားရမည့် လေးကျွန်းဆီမီးရွာဘက်မှ ဆွဲဆွဲငင်ငင် အူနေသော ခွေးအူသံကိုသာ တစ်ကြိမ်,နှစ်ကြိမ် ကြားရပြီး ပြန်လည် တိတ်ဆိတ်သွားသည်။

ရုံးခန်းထဲတွင် စာအုပ်စာတမ်းများ သိမ်းဆည်းနေသော ဦးစံမောင် အိမ်အပြန်လမ်းအတွက် ကျောစိမ့်သလိုဖြစ်မိရာမှ တစ်ခါက သိမ်းထားမိသော ငွေဓားမြှောင်ကလေးကို သတိရကာ ဗီရိုထဲမှ ထုတ်ယူ၍ စာရွက်စာတမ်းထည့်သော လက်ဆွဲအိတ်၏ အပြင်အိတ်ထဲသို့ ထိုးထည့်ရင်း အားတက်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။

ညဥ့်မှောင်မှောင် ကြယ်ရောင် အားပြုရင်း စက်ဘီးကို ခပ်သုတ်သုတ် နင်းကာ အိမ်ပြန်ရောက်ခဲ့သည်။ တစ်နေကုန် ပင်ပန်းခဲ့၍ အိမ်သားများကိုပင် စကားများများ မပြောတော့ဘဲ အိပ်ရာဝင်ခဲ့သည်။

'တောက်...ဟင်း...ဟင်း'

ပီသကျယ်လောင်သော တောက်ခေါက်သံကြီးနှင့် ညည်းညူသံ ဗလုံးဗထွေး ကြိမ်းမောင်းသံလိုလို ကြားလိုက်ရပြီးနောက် တိတ်ဆိတ်သွားသည်။

အချိန်ကား ညဥ့်နှစ်ချက်တီးကျော်ပြီ။ ဦးစံမောင်ဖနီးမောင်နံ့နှင့်အတူ နောက်ဘေးခန်းမှ သားနှင့် ချွေးမ၊ အိမ်ရှေ့ခန်း ဧည့်ခန်းထဲတွင် အိပ်သော သားငယ်တို့ပါ ယင်း တောက်ခေါက် ညည်းညူသံ၊ ကြိမ်းဝါးသံကို ကြားလိုက်ရသော်လည်း အိပ်တစ်ဝက် နိုးတစ်ဝက်များဖြစ်သဖြင့် မည်သည့်နေရာက မည်သို့ ကြားကြရသည်ကိုတော့ တိတိကျကျ မသိရပါ။

သို့ဖြင့် ထွန်းညှိထားသော မီးတိုင်များ ငြိမ်းကာ ပြန်အိပ်ကြသည်။ ဦးစံမောင်တစ်ယောက်သာ တောင်တွေး မြောက်တွေးဖြင့် နောက်ဆုံးမှ ပြန်အိပ်ပျော်သွားခဲ့သည်။

သိမ့်ခနဲ သိမ့်ခနဲ တစ်စုံတစ်ယောက်၏ ခြေနင်းလာသံလို ထင်ရပြီးနောက် အိမ်ခေါင်းရင်းခန်း ခေါင်တိုင်နားတွင် ရပ်တန့်သွားသည်ဟု ထင်လိုက်ရပြီး စက္ကန့်ပိုင်းအတွင်းမှာပင် ပထမအကြိမ်ကဲ့သို့ ကျယ်လောင် ပြတ်သားသော တောက်ခေါက်သံနှင့် ညည်းညူသံ၊ ဗလုံးဗထွေး ကြိမ်းမောင်းသံလိုလို အသံက နောက်တစ်ကြိမ်ပေါ် ထွက်လာတော့သည်။



ဤတစ်ကြိမ်၌ကား သားကြီးရော သားငယ်ပါ လက်နှိပ်ဓာတ်မီးနှင့် ဓားကိုယ်စီကိုင်ကာ ခေါင်းရင်းခန်းသို့ ပြေးလာကြသည်။ ထိုအခါမှ ဦးစံမောင် ဖနီးမောင်နံ့တို့ပါ နိုးလာကြပြီး မီးများထွန်းကာ ခေါင်းရင်း ခေါင်တိုင်အနီး စုပြုံရောက်ရှိနေကြသည်။

အခုမှ သတိရမိသည်၊ ဦးစံမောင် ခေါင်းထဲသို့ အတွေးတစ်ခု လက်ခနဲ ဝင်လာကာ သားနှစ်ယောက်အား ဘာမှမဟုတ် စိတ်ထင်လို့ပဲ ဖြစ်သည် ပြန်ကြ၊ အိပ်ကြတော့ဟု ဆိုကာ အသီးသီး ပြန်အိပ်စေပါသည်။

ထို့နောက် သူ၏ စာရွက်စာတမ်း ထည့်သည့် လက်ဆွဲအိတ်ကို အိမ်ရှေ့ ခြေရင်းဘက် အစွန်ဆုံးတိုင်သို့ သွားချိတ်ထားလိုက်ကာ အိပ်ရာထဲ ပြန်ဝင်၍ အတွေးနယ်ကျွံနေမိသည်။

အိမ်သားအားလုံး အိပ်မောကျ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြသော်လည်း ဦးစံမောင် အိပ်မပျော်သေးဘဲ အတော်ကြာမှ မှေးခနဲ တစ်ချက် အိပ်ပျော်သွား၍၊ အိမ်ရှေ့ခန်းမှ ပြဿနာက စ၍ လာပြန်ပါတော့သည်။

သားအငယ်က လက်နှိပ်ဓာတ်မီး ထိုး၍ ဓားဆွဲကာ အိမ်ရှေ့ခန်းသို့ အပြေးထွက်ရင်း အစ်ကိုဖြစ်သူအား နှိုး၍ ညီအစ်ကိုနှစ်ယောက် လက်နှိပ်ဓာတ်မီးများဖြင့် အိမ်အောက်ဆင်း ကြက်ခြံ၊ ဘဲခြံ၊ နွားတင်းကုပ်များကို လှည့်ပတ် စစ်ဆေးရင်း ခြံစည်းရိုးများကိုပါ ဓာတ်မီးထိုး၍ ဟိုဟိုဒီဒီ လူးလာ တံခေါက် ကျေနပ်လောက်အောင် ကြည့်ပြီးမှ အိမ်ပေါ် ပြန်တက်လာကြသည်။

အရှေ့မိုးကောင်းကင်တွင် ရောင်နီပျို့၍ လင်းအားကြီးချိန်ရောက်ပြီ။ ဘိုးသိန်းတန်ရွာဘက်မှ လင်းကြက်တွန်သံများ ဆက်တိုက် ကြားရသည်။

တစ်ဆက်တည်းပင် မြစ်ကမ်းပါးဆီမှ တင်္ဂါလှေများ လှော်ခတ်သွားသံ၊ ပိုက်ချ ငါးဖမ်းသမားများ စကားပြောသံ သဲ့သဲ့ပင် ကြားရ၍ ပုတ်တန်းရွာကလေးလည်း ကြက်တွန်သံ၊ ဆိတ်မြည်သံ၊ ဝက်မြည်သံ ကျွဲနွားတိရစ္ဆာန်များ အသံပေါင်းစုံနှင့်အတူ အိမ်တံခါးများဖွင့်သံ၊ အိုးခွက်ပန်းကန်သံများဖြင့် နိုးထလာခဲ့သည်။ ဦးစံမောင်ကား တစ်စုံတစ်ခုကို အလေးအနက် စဥ်းစားခန်းဝင်လျက်။

* * *

လွန်ခဲ့သည့်(၃)လခန့်က သူခိုးငကျော် ပြောသွားခဲ့သော စကားများကို သတိရနေမိသည်။ ခိုးမှု ကြီးကြီးမားမား မဟုတ်သော်လည်း နောင် သူခိုးကြီး ဖြစ်လာနိုင်သဖြင့် ရွာနီးချုပ်စပ်မှ သူခိုးငကျော်ကို ရဲပတ္တရောင်အဖွဲ့က ဖမ်းမိပြီးနောက် ထောင်ချခဲ့သည်။ ငကျော်ကို စစ်မေးစဥ်က...

'ကျွန်တော် ဒီရွာက ရှုံးကလေးထဲ ဝင်ဖို့ ကြံတော့ ကြံစည်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဝင်လို့ မရခဲ့ပါဘူး ဆရာ'

'ဟေ...ပြောစမ်းပါဦး ဘာဖြစ်လို့'

အမှုလိုက် ရဲအရာရှိက မေးရာ သူခိုးငကျော်က ဖြစ်ကြောင်းကုန်စင်

www.burmeseclassic.com

www.burmeseclassic.com

ပြောပြတော့သည်။

ရုံးခန်းကလေးက ထရံတံခါးများ သာရှိ၍ အကာအားလုံးလည်း ဝါးထရံများသာ ဖြစ်သည်။ အထဲတွင် စာရွက်စာတမ်းများထည့်သည့် ဗီရို(၂)လုံးနှင့် ဓာတ်ဘူး,လင်ပန်း, ပန်းကန်ခွက်ယောက်များ ထည့်သည့် ကြောင်အိမ်တစ်လုံးရှိသည်။

ထို့ပြင် စိုက်ပျိုးရေးကွင်းမှူး ထားလေ့ရှိသော ပိုးသတ်ဆေးပုလင်းများ၊ ဆေးဖျန်းပုံးများလည်း ရှိတတ်သဖြင့် တစ်ခုခု ရလိုရငြား ဝင်ခိုးရန် ကြံစည်ခြင်း ဖြစ်သည်။

လမိုက်သော ညတစ်ညတွင် ငကျော်တစ်ယောက်တည်း ရုံးခန်းထဲ ဝင်ခိုးရန် ကြိုးစားခဲ့သည်။ ရုံးခန်းနောက်ဘက် မှောင်ရိပ်ကျကျတွင် ရှိသော ပြတင်းတံခါးပေါက်တွင် သံတူးရွင်းဖြင့် ကုတ်ခွာမည့်အလုပ် နားထဲတွင် စိတ်လိုက်မာန်ပါ တောက်ခေါက်လိုက်သော အသံကြီး ထွက်လာသည်။ ထို့နောက် တစ်ပြိုင်နက်အတွင်းမှ တစ်ယောက်ယောက် နိုးလာ၍ ဓားအိမ်မှ ဓားဆွဲထုတ်သံလိုလို ခြေသံခပ်အုပ်အုပ်လိုလို ကြားသဖြင့် ရုံးနောက် ဘေးဘက် လယ်ကွင်းဘက်သို့ ခြေကုန်သုတ်ပြေးခဲ့ရကြောင်း ဖြစ်သည်။

လွယ်လွယ်ကူကူနှင့် လက်မလျှော့တတ်သော ငကျော်က နောက်တစ်ကြိမ်တွင် သူတစ်ယောက်တည်း မဟုတ်တော့ဘဲ သူ့တပည့် စံရ ဆိုသော ငနဲတစ်ကောင်ကို ခေါ်လာခဲ့သည်။ မှောင်မည်းထဲမှပင် လမ်းသွားလမ်းလာ လူသူအရိပ်အခြည်ကြည့်၍ ဆရာတပည့်နှစ်ယောက် သွက်လက် ခြေလုံ့စွာနင်းရင်း ရုံးခြံစည်းရိုးအတွင်း ရောက်ခဲ့ကြသည်။



ရုံးခန်းနောက်ဘက် ရောက်လျှင် ငကျော်က တပည့်ဖြစ်သူအား ရှေ့ဘက် တံခါးဝအနီးသို့ သွားကပ်၍ အရိပ်အခြည် အသံဗလံ နားစွင့်ရန် တီးတိုးပြောလိုက်ပြီး လုပ်ငန်းစတင်မည့်အလုပ် သံတူးရွင်းနှင့် ရွယ်လိုက်ချိန်မှာပင် ကျယ်လောင်သော တောက်ခေါက်သံနှင့်အတူ အတွင်းဘက်မှ လူနှစ်ယောက်,သုံးယောက် တီးတိုး ပြောသံ၊ ကုလားထိုင်များ တွန်းဖယ်သံ၊ ရုတ်တရက် ဓားဆွဲထုတ်သံနှင့် လက်နက်တစ်ခုနှင့် တစ်ခု ထိခိုက်မိသံနှင့် ရုံးခန်းတံခါးဆီသို့ ထွက်လာသံများကို ငကျော်နှင့်စံရ နှစ်ယောက်လုံး သေသေချာချာ ကြားလိုက်ရသည်။

ရှေ့ပေါက်တွင် စောင့်နေသော စံရ ကြောက်အားလန့်အားဖြင့် နောက်ဘက်တွင် သံတူးရွင်းတစ်ချောင်း ကိုင်ရင်း စိတ်စနိုးစနောင့်ဖြင့် ကျောက်ရုပ်တစ်ရုပ်လို တွေတွေကြီး ရပ်နေသော ငကျော်၏ လက်ကို အတင်းဆောင့်ဆွဲ၍ "ပြေး"ဟု စကားတစ်ခွန်းတည်းပြောကာ ရှေ့မှ သုတ်ခြေတင်တော့သည်။

ထိုအခါမှ ကြောင်တက်တက် ဖြစ်နေသော ငကျော်က အခြေအနေမဟန်ကြောင်းသိ၍ စံရနောက်သို့ ဖဝါးနှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးလိုက်ခဲ့ရာ ဆည်မြောင်း ပေါင်ပေါ် ရောက်မှ တစ်ကြိုးသတ်၍ အမောဖြေခဲ့ရသည်။

ရုံးနောက် လယ်ကွက်မှ နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်စဉ် ရုံးခန်းနောက်ဘက် ခြံစည်းရိုးတွင် လူသုံး,လေးယောက် တုတ်ခေါက်သွားလာသလို အရိပ်အယောင်များ တွေ့သဖြင့် အသက်လု၍ သေပြေးရှင်ပြေး ပြေးခဲ့ရကြောင်းနှင့် နောက် ဘယ်တော့မှ မဝင့်တော့ကြောင်းအပြင်...

ရုံးခန်းတွင်းတွင် လူမရှိက အနားက ညောင်ပင်အိုကြီးမှ သရဲဝင်နေတာ ဖြစ်နိုင်ကြောင်း သူ့ရှိုးငကျော်က အသေချာပြောခဲ့ဖူးသည်။

ထိုအခါ ဦးစံမောင်ကလည်း ညောင်ပင်ကြီးမှ သရဲဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့သည်။ သို့သော် ယခု စဉ်းစားစရာ ဖြစ်လာခဲ့သည်။

သို့ဖြင့် ဦးစံမောင် အကြံတစ်ခုရခဲ့သည်၊ ထိုအကြံအတိုင်းလည်း ဆက်၍ အကောက်အထည် ဖော်ခဲ့သည်။ တစ်ရွာတည်းနေ တူတစ်ဝမ်းကွဲအား ထိုဓားကလေးကို ကြိုက်လှချည့်ဆို၍ ပေးလိုက်သည်။ ပေးကတည်းက စကားခံနှင့် ပေးလိုက်ခြင်းဖြစ်သည်။

"ဒီဓားမြှောင်ကို မင်း ရှိရှိသေသေ မပျောက်မရှအောင်ကိုင်ပါ၊ အကယ်၍ အကြောင်းတစ်ခုခု ဘာအကြောင်းကြောင့် ဖြစ်ဖြစ် မင်း မကိုင်ချင်တဲ့အချိန်မှာ ငါ့လက်ထဲ ပြန်ထည့်ပေးဖို့ မမေ့နဲ့"

ဟု သေချာစွာ မှာ၍ ပေးလိုက်သည်။ သေချာစွာ ကတိပေးမှ ဓားကလေးကို ပေးခဲ့သည်။

မြင်လိုက်လျှင် လိုချင်စဖွယ် ဖြစ်အောင် ဓားရိုးနှင့် ဓားအိမ်ပေါ်မှ ငွေပန်းကနုတ်များက ဖမ်းစားထားသဖြင့် တူတော်မောင် ဝမ်းသာအူမြူး၍ အိမ်ပြန်သွားသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်တွင် ပြဿနာ မရှိသေး။ တစ်ပတ်ပြည့်သောညတွင် ဓားက သတ္တိပြတော့သည်။

အိမ်ရှေ့ခန်း စာကြည့်စားပွဲ၏ အံဆွဲ



www.burmeseclassic.com

www.burmeseclassic.com

အတွင်း တရိုတသေ ထည့်သိမ်းထားသော ဓားမြှောင်ကလေးကို ရှေးနည်း နှင်နှင် တွင်တွင် တောက်ခေါက်ကာ ညည်းညူသံ၊ ကြိမ်းမောင်းသံများကို ကြားရလေတော့သည်။

အမှတ်မထင် တောက်ခေါက်သံနှင့် ကြုံးဝါးသံများ ကြားရသဖြင့် သိပ် အလေးမထားမိကြသေးဘဲ ထိုနေ့ည က ပြီးဆုံးခဲ့သည်။ သို့သော် နောက်နေ့ ညသန်းခေါင်ချိန်တွင် ငွေဓားကလေး က သောင်းကျန်းတော့သည်။

တောက်ခေါက်သံ တစ်ကြိမ်ကြားသဖြင့် အိမ်သားများနိုးကာ ဟိုဟိုဒီဒီ ကြည့်ကာ တစ်ကျော့ပြန် အိပ်ရန် ဟန်ပြင်ကြသည်။ ဓားယူထားသော တူတော်မောင်က အမှတ်မထင် စားပွဲပေါ်သို့ မျက်လုံးရောက်သွားကာ အံဆွဲတွင် ထည့်ထားသောဓား မည်သို့ စားပွဲပေါ် ရောက်နေသည်ကို ဇဝေဇဝါ ကြည့်၍ စားပွဲအံဆွဲအတွင်းသို့ ဂရုတစိုက် သေချာစွာ ထည့်၍ အံဆွဲကို သော့ခတ်လိုက်သည်။

သော့ကို ခေါင်းအုံးအောက်ထားကာ စိတ်ချလက်ချ အိပ်ရာဝင်ခဲ့သည်။ မကြာမီ တစ်အိမ်သားလုံး အိပ်မောကျခဲ့သည်။ ညဉ့်ငှက်တစ်ကောင်တလေ ပျံသန်းရင်း အော်မြည်သွားသံမှအပ တစ်ရွာလုံး တိတ်ဆိတ် အိပ်မောကျနေကြသည်။

'ဒေါက်... ဂလောက်ဂလောက်... တောက်...ဟင်း...ဟင်း'

တစ်စုံတစ်ခု ကျလိုက်သော အသံနှင့်အတူ ကျယ်လောင်သော တောက်ခေါက်သံကြီး ညည်းညူသံများ ကြားသဖြင့် အိမ်သားအားလုံး နိုးလာကြသည်။

အရင်ဆုံး စားပွဲအနီးသို့ လက်နှိပ်ဓာတ်မီးထိုး၍ ရောက်သွားသူမှာ ဦးစံ



မောင်၏တူ ဖြစ်သည်။ မြင်ရသော မြင်ကွင်းကို မယုံနိုင်အောင် ဖြစ်မိရလေ့မှ ခေါင်းအုံးအောက်မှ စားပွဲအံဆွဲသော့ ကို စမ်းကြည့်မိသည်။ သော့က ထားသည့်နေရာမှာပင် ရှိနေဆဲဖြစ်သည်။

စားပွဲပေါ်သို့ ဓားအိမ်ပွင့်လျက်သား ရောက်ရှိနေသော ဓားမြှောင်အား ကောက်ယူ၍ ဓားအိမ်တွင်းပြန်သွင်းကာ စိတ်ထဲ စနိုးစနောင့်ဖြင့် ကုလားထိုင်တွင် ထိုင်ရင်း စဉ်းစားခန်း ဝင်မိတော့သည်။

သူ၏ ဖခင်ဖြစ်သူက ဓားမြှောင်အား စိုက်ကြည့်ရင်း...

'မင်း ဒီဓားမြှောင် ဘယ်က ယူလာတာလဲကွ'

ဟု မေး၍ နောက်နေ့တွင် ပြန်ပေးလိုက်ဟု ပြောကာ အသီးသီး အိပ်ရာဝင်သွားကြသည်။

ဦးစံမောင်၏ တူဖြစ်သူကား မိုးလင်းသည်အထိ မအိပ်နိုင်ခဲ့။ နောက်နေ့ မနက်စောစော ငွေဓားမြှောင်ကို လာ၍ ပေးတော့သည်။ "အဖေက ပြန်ပေးခိုင်းလို့ပါ" ဟူသော စကားသာ ပြောသွားခဲ့သည်။

မတင်မကျ အဖြေဖြင့်သာ ကျေနပ်လိုက်ရသော ဦးစံမောင်က သူ၏ စမ်းသပ်မှုများကို နောက်ထပ် လေးယောက်အား ရှေးနည်းအတိုင်း ဓားမြှောင်ကလေးပေး၍ စောင့်စားခဲ့ရာ အလားတူ ဖြစ်ရပ်များကြောင့် သူ့ထံသို့သာ ဓားမြှောင်က ပြန်၍ ရောက်လာခဲ့သည့်အတွက် ကျေနပ်လောက်သော အဖြေရရှိလိုက်ပါသည်။

ဘို့ဖြင့် အကြောင်းစုံထိ အဝေန်

သို့ဖြင့် အကြောင်းစုံကို အလွန် ရင်းနှီးကြည်ညိုသော ဆရာတော် လည်းဖြစ်၊ လောကီဝိဇ္ဇာပညာရပ်များ အပေါ်၌လည်း အထူးနှံ့စပ်သော ရွာဦး ကျောင်းဆရာတော်ကြီးအား သွား ရောက်လျှောက်ထားခဲ့သည်။

'ဆရာတော် [illegible] ပါတ္တူး အကာကြီး အဲဒီဓားပိုင်ရှင်ကို ရည်စူးပြီး ကောင်းမှု ကုသိုလ်တစ်ခုလုပ်ပေးလိုက်ပါ။ အဲဒီကုသိုလ်အတွက် သူ့ကို နာမည်နဲ့တကွ ခေါ်၍ အမျှဝေပေးလိုက်ပါ'

ဘုန်းတော်ကြီးကျောင်းမှ ပြန် ရောက်လျှင် ဦးစံမောင်က ဆရာတော် မိန့်မှာသည့်အတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့တော့သည်။ နောက်တစ်နေ့ မနက်တွင် ထိုကျောင်းသို့ပင် ဆွမ်းချိုင့် ပို့၊ အရုဏ်ဆွမ်း လှူဒါန်း၊ နဝကမ္မ ဝတ္ထုငွေများပါ လှူရန် ဓားပိုင်ရှင်ကို စိတ်က ရည်စူးလျက် ကောင်းမှု အတွက် ရေစက်ချကာ နာမည်နှင့် တကွ ခေါ်၍ အမျှပေးဝေခဲ့သည်။

ထိုနေ့ညတွင် ဦးစံမောင်အား **ငွေ ဓားမြှောင်ပိုင်ရှင်၊ တပ်ကြောင်းသွားသော ရဲဘော်ဗလက အိပ်မက်လာ ပေး၍ သူ ကျွတ်ပြီလွတ်ပြီဖြစ်ကြောင်း နှင့် အလွန်ကျေးဇူးတင်ကြောင်း** ဖြစ်သည်။

ထိုအချိန်မှစ၍ ငွေဓားမြှောင် ကလေး လက်ပြောင်းကာ ပိုင်ရှင်သစ် များထံ ရောက်ခဲ့သော်လည်း တောက် ခေါက်သံများ မကြားရတော့ချေ။ စိတ် မှန်းဖြင့် သပိတ်ဆွမ်းလှူသော ဦးစံ မောင် ပီတိဖြစ်၍ ယနေ့ထိ ဂုဏ်ယူနေ လျက်...။

အောင်ချစ်ကြည်
(ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com





မောင်ကံ
(ထားဝယ်)

# နတ်ကြီးခေါင်း ချိုးမိသူကို

## ရုက္ခစိုးနတ် သတိပေးသည့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်း

နတ်ငါးရေအိုင်

ကျွန်တော် **ကယားပြည်နယ်၊ ဘောလခဲမြို့တွင်** အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။

ဘောလခဲမြို့၏ အရှေ့ဘက်ရှိ ရှာသစ်မြို့နယ်ခွဲသို့ လုပ်ငန်းတာဝန်အရ အကြိမ်ကြိမ် သွားရပါသည်။

ရှာသစ်မြို့ပေါ် ရပ်ကွက်များသာမက ကျေးရွာများထိ ကွင်းဆင်းဆောင်ရွက်ရသည်ဖြစ်ရာ ရှာသစ်မြို့ အရှေ့ဘက်ရှိ ကျေးရွာများသို့ သွားလိုလျှင် မြို့လယ် လမ်းမအတိုင်း မြို့တွင်းမှ သွားရသလို မြို့တောင်ဘက် ဖြတ်လမ်းမှ သွားလျှင်လည်း ရပါသည်။

ဖြတ်လမ်းမှသွားလျှင် ညောင်ပင်ကြီးတစ်ပင်၏အောက်မှ ဖြတ်၍ သွားရပါသည်။

ညောင်ပင်ကြီးသည် နှစ်ပေါင်းကြာပြီဖြစ်၍ အကိုင်းအခက်များ အုပ်ဆိုင်းဝေဆာကာ ညောင်ပင်ခြေရင်းတွင် နတ်ကွန်းတစ်ခု တွေ့ရပါသည်။

ညောင်ပင်ကြီးနားတွင် လူနေအိမ်မတွေ့ပါ။ တောတန်းလေးသာ ရှိပါသည်။

ညောင်ပင်ကြီး အောက်ခြေတွင် တောင်တန်းဒေသတို့၌ တွေ့ရလေ့ရှိသော "**ရေထွက်**"တစ်ခု ရှိပါသည်။ ရေထွက်သည် ရေထွက်အား ကောင်းမွန်ပြီး နှစ်ရှည်လာပြီဖြစ်၍ ညောင်ပင်အောက်ခြေတွင် ရေအိုင်ဖြစ်နေပြီး ရေသည် ကြည်လင်အေးမြကာ မြေပြင်ထိ ရှင်းရှင်းလင်းလင်း မြင်နေရပါသည်။

ရေအိုင်ကို လူများ ဖြတ်ကူးနိုင်ရန်အတွက် သစ်သားတုံးတစ်တုံးကို ကန့်လန့်ဖြတ်ပြီး လူကူးစရာတား ထိုးထားပါသည်။

www.burmeseclassic.com

ရေထွက်ရှိသည်မှာ ကြာပြီဖြစ်၍ ရေအိုင်ထဲတွင် တောင်ပေါ်ဒေသတို့၌ တွေ့ရလေ့ရှိသော ငါးများ အများအပြား ကူးခတ်နေသည်ကို ကြည်လင်သော ရေပြင်တွင် မြင်နေရပါသည်။

ဒေသခံ တိုင်းရင်းသားတို့သည် ညောင်ပင်ကြီးတွင် "**ရုက္ခစိုးနတ်**" ရှိသည်ဟု ယုံကြည်ပြီး နတ်ကွန်းရှေ့ရှိ ရေအိုင်မှ ငါးများကို ဖမ်းဆီးစားသောက်ခြင်း မပြုကြပါ။ ဖမ်းဆီးရန် စိတ်ပင်မကူးကြပါ။

ဒေသခံတို့က ထိုငါးများကို "**နတ်ငါး**"ဟု သတ်မှတ်ပြီး စောင့်ရှောက်ထားသဖြင့် ငါးများမှာ ပွားချင်တိုင်း ပွားနေပါသည်။

မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးက လိုက်လံပြသ၍ ကျွန်တော် ကြည့်ရှုခဲ့ရာ ငါးများမှာ လက်လေးလုံးခန့် ငါးပြေမအကောင်ကြီးများ ပုံသဏ္ဌာန်ရှိပြီး အဝါရောင်ငါးမှာ လှပကာ အညိုရောင်ငါးများလည်း အလွန် များပြားပါသည်။

အသင့်ပါလာသော ကင်မရာဖြင့် နတ်ငါးများကို ဓာတ်ပုံမှတ်တမ်း ယူခဲ့သော်လည်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့မှုများကြောင့် နတ်ငါးဓာတ်ပုံများကို ရှာမတွေ့တော့ပါ။

## နတ်ငါးများကို ဦးဖမ်းရန်ကြံစည်

မြို့နယ်ခွဲတွင် ဌာနဆိုင်ရာအချို့ စတင်ရုံးဖွင့်ရာ ထိုအချိန်က သွားလာရေး လွန်စွာ ခက်ခဲသောကြောင့် ဝန်ထမ်းများသာ ရောက်ရှိလာပြီး သူတို့၏ မိသားစုများကို ခေါ်ယူလာသူ မရှိသေးပါ။

......ရုံး (ရုံးအမည် သိသော်လည်း သေ့လျော်သဖြင့် ရုံးအမည်မဖော်ပြပါ) တွင် ရုံးအကြီးအကဲ(၁)ဦး အငယ်တန်းဝန်ထမ်း(၁)ဦးနှင့် ရုံးကူ(၁)ဦးသာ ရှိပါသည်။

ရုံးအကြီးအကဲသည် မြေလတ်ဒေသသားဖြစ်ပြီး လူလတ်ပိုင်းအရွယ်ဖြစ်ကာ ဘာသာရေး ကိုင်းရှိုင်း၍ လောကီရေးရာများကိုလည်း ယုံကြည်လေ့လာထားသူ ဖြစ်ပါသည်။

အငယ်တန်း ဝန်ထမ်းမှာမူ ယင်းတို့ ဌာနမှ ဝေးလံသော ပြည်နယ်ဒေသသို့ အသစ်ဖွင့်သော ရုံးအတွက် လူငယ်များကိုသာ ရွေးချယ်တာဝန်ပေး၍ ရောက်လာရပါသည်။

သို့သော် ပြည်နယ် အတွေ့အကြုံလည်း မရှိ၊ ခေတ်လူငယ်ဖြစ်သောကြောင့် လောကီရေးရာများကိုလည်း ယုံကြည်မှုမရှိသူ ဖြစ်ပါသည်။

အဆိုပါ အငယ်တန်းဝန်ထမ်းသည် မြို့ကို လှည့်လည်ကြည့်ရှုပြီးနောက် ညောင်ပင်ကြီးအောက်ရှိ နတ်ငါးများကို တွေ့သောအခါ လူငယ်တွေးတွေးကာ မည်သူမျှ မသိအောင် နတ်ငါးများကို ဖမ်းယူ၍ ချက်ပြုတ်စားသောက်ရန် ဆန္ဒရှိနေပါသည်။

သို့ဖြစ်၍ သူ၏ဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် လုံးပတ်(၁)လက်မခန့်ရှိသော သစ်သားချောင်းထိပ်တွင် သံဆူးချွန်တစ်ခုကို သွပ်နန်းကြိုးဖြင့် အခိုင်အမာချည်ကာ နတ်ငါးများကို ဆူးချွန်ဖြင့် ထိုးဖမ်းမည်။

ထို့နောက် ဖမ်းမိသော ငါးများထည့်ရန်အတွက် အိတ်(၁)လုံးကို ယူကာ ဆောင်းရာသီ ရုံးပိတ်ရက် နေ့လယ်ခင်းအချိန်တွင် ညောင်ပင်ကြီးအောက်သို့ ရောက်သွားပါသည်။

ညောင်ပင်ကြီး ဖြတ်လမ်းသည် လူသွားလူလာ အလွန်နည်းပြီး အနားတွင် လူနေအိမ်လည်း မရှိ၍ သူ့ကို မည်သူမျှ မတွေ့ပါ။

ထိုဝန်ထမ်းသည် ရေထွက် ရေအိုင်သို့ရောက်လျှင် ညောင်ပင်အောက်ရှိ ရေအိုင်ကို လှူကူးရန် ထိုးထားသော သစ်သားတုံးပေါ်တွင်ရပ်ကာ အောက်၌ မြင်နေရသော ငါးများ၏ ခါးလယ်ကိုချိန်၍ တုတ်တံ ဆူးချွန်ဖြင့် ထိုးပါသည်။

သို့ရာတွင် တစ်ကောင်မျှ မထိုးမိပါ။ ထိုဝန်ထမ်းသည် ရေအောက်(၂)ပေခန့်၌ရှိသော ငါးများကို တည့်တည့်ချိန်ထိုးသော်လည်း "**ရေ၏ အလင်းယိုင်ခြင်း၊ ငါးများ၏ အငြိမ်မနေကူးခပ်နေခြင်း၊ သံဆူးချွန်မှာ(၃)ချောင်းခွ မဟုတ်ဘဲ တစ်ချောင်းတည်းဖြစ်နေခြင်း**"တို့ကြောင့် ငါး တစ်ကောင်မျှ မထိုးမိပါ။

ဝန်ထမ်းသည် အချက်များစွာ ထိုးသော်လည်း တစ်ကောင်မျှ မထိုးမိသဖြင့် စိတ်တိုလာပြီး သစ်သားတုံးပေါ်တွင် ရပ်ကာ ငါးကြီးကြီးတစ်ကောင်ကို ချိန်ပြီး အားရပါးရ ထိုးလိုက်ရာ အရှိန်လွန်ပြီး ရေအိုင်ထဲကျသွားပါသည်။

ရေအိုင်မှာ မနက်သော်လည်း တုံးလုံးလဲကျ၍ တစ်ကိုယ်လုံး ရေစိုနေပါသည်။ တောင်ပေါ်ဒေသ၏ အလွန်အေးသော ဆောင်းရာသီလည်းဖြစ်၊ စမ်းရေ၏ အေးမြလှသော သတ္တိကြောင့် ရေစိုအဝတ်နှင့် ကြာကြာနေလျှင် မသင့်ဟု အသိဝင်ကာ ငါးဖမ်းခြင်းကို လက်လျှော့ပြီး ဝန်ထမ်းအိမ်ရာသို့ ပြန်လာပါသည်။

ရုံးပိတ်ရက်ဖြစ်ပြီး ဝန်ထမ်းနည်းသောရုံး ဖြစ်ခြင်းကြောင့် သူ ဘာသွားလုပ်သည်ကို မည်သူမျှ မသိပါ။ သို့သော် ရေစိုအဝတ်နှင့် ပြန်လာတာကိုတော့ ရုံးအကြီးအကဲက မြင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရက္ခစိုးနတ် သတိပေးပြီ

အဝတ်လဲပြီး နေ့လယ်ပိုင်း တရေး အိပ်ပါသည်။ အိပ်ရာက နိုးသော အချိန်တွင် သူသည် ကိုယ်ပူကာ အပြင်းဖျားနေပြီး သူ၏ခါးတွင် သံချွန်နှင့်ထိုးသလို အနည်းငယ် နာကျင်ရာမှ အချိန်ကြာလာလျှင် ပို၍ပင် နာကျင်လာပါသည်။

နောက်ပိုင်းတွင် မခံနိုင်အောင် နာကျင်သဖြင့် အိပ်ရာထဲ၌ပင် အော်ဟစ်လူးလိမ့်နေပါသည်။

အခြားသူများက အော်သံကြား၍ လာကြည့်သောအခါ ထိုသူမှာ နာကျင်စွာ အော်ဟစ်နေပြီး ဘာကြောင့် နာသလဲဟု မေးရာ သူလည်း မသိကြောင်းပြောပါသည်။

နာကျင်မှုနှင့် အော်ဟစ်မှု ပြင်းထန်နေသဖြင့် ရုံးအကြီးအကဲက ဆေးရုံပို့ပြီး ကုသရန် စိတ်ကူးပါသည်။

သို့ရာတွင် ရုံးအကြီးအကဲသည် လောကီရေးရာ လေ့လာဖူးသူဖြစ်၍...

'အမှားတစ်ခုခု မကျူးလွန်ထားဘဲ အကြောင်းမဲ့ ကောက်ကာငင်ကာ နာကျင်မှု မဖြစ်နိုင်'

ဟု တွေးမိကာ ဝန်ထမ်းအား...

'နေ့လယ်က ရေစိုအဝတ်နဲ့ ပြန်လာတာ ဘယ်က ပြန်လာတာလဲ'

ဟု မေးရာ ဝန်ထမ်းက မပြောလိုသော်လည်း ရုံးအကြီးအကဲက မဖြစ်မနေ ပြောခိုင်းသဖြင့် **"မြို့တောင်ဘက် ဖြတ်လမ်းရှိ ညောင်ပင်ကြီးအောက် ရေအိုင်က ငါးများကို ဆူးချွန်ဖြင့် ထိုးပြီးဖမ်းကြောင်း...**

**ငါးတစ်ကောင်မှ မရဘဲ အရှိန်လွန်ပြီး ရေထဲပြုတ်ကျ၍ အဝတ် ရေစိုနှင့် ပြန်လာခဲ့ကြောင်း ပြောပါသည်။**

နတ်ငါးများကို ထိုးခဲ့သည့် သံဆူးချွန် တုတ်တံကိုလည်း ပြပါသည်။

## ရက္ခစိုးနတ်ကို တောင်းပန်

ရုံးအကြီးအကဲသည် သူ၏ဝန်ထမ်း ခါးကို ဆူးချွန်နှင့် ထိုးသကဲ့သို့ နာကျင်၍ အော်ဟစ်နေရသည့် အကြောင်းရင်းကို မှန်းဆမိပြီး ဝန်ထမ်း၏ နာကျင်မှု ပျောက်စေရန်အတွက် ရုံးအကြီးအကဲသည် မြို့တွင်းသို့ သွားပါသည်။

ထို့နောက် လမ်းဆုံဈေးဆိုင်မှ လက်ဖက်ပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို ဝယ်ကာ ညောင်ပင်ကြီးအောက် နတ်ငါးများရှိသည့် ရေအိုင်သို့ အဖော်တစ်ဦးနှင့် သွားပြီး လက်ဖက်ပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို နတ်ကွန်းတွင် ပူဇော်ပါသည်။

ထို့နောက် တပည့်ဖြစ်သူ မလိမ္မာ၍ တစ်ကြိမ်မိုက်မှားမိသည်ကို ခွင့်လွှတ်ပေးပါရန်နှင့် နောက်နောင် ဤသို့ မဖြစ်အောင် ဆုံးမထားပါမည်ဖြစ်ကြောင်း ညောင်ပင်စောင့်နတ်(ရက္ခစိုး)ကို တောင်းပန်ပြီး ဝန်ထမ်းအိမ်ရာသို့ ပြန်လာပါသည်။

ရုံးအကြီးအကဲ ပြန်ရောက်ချိန်တွင် အံ့သြလောက်အောင်ပင် ခါးကို သံချွန်နှင့် ထိုးသကဲ့သို့ နာကျင်၍ လူးလိမ့်အော်ဟစ်နေသော ဝန်ထမ်းသည် နာကျင်မှု သက်သာကာ အိပ်ရာထဲတွင် လှဲနေပါသည်။

အပြီးပိုင်တော့ မပျောက်သေးပါ။ အနည်းငယ်တော့ နာနေပါသေးသည်။ ရုံးအကြီးအကဲက နတ်ငါးရေအိုင်ရှိ ညောင်ပင်ကြီးမှ ရက္ခစိုးနတ်ကို တောင်းပန်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီ နာကျင်မှု လုံးဝ ပျောက်သွားမည်ဖြစ်ကြောင်း ပြောပါသည်။

ရုံးအကြီးအကဲ ပြောသကဲ့သို့ပင် နာရီပိုင်းအတွင်း၌ ခါးတွင် သံချွန်နှင့် ထိုးသကဲ့သို့ နာနေသော နာကျင်မှုများ လုံးဝပျောက်သွားပါသည်။

## လောကီရေးရာကို ယုံပြီ

ပုံမှန်အခြေအနေ ပြန်ရောက်သော အခါ ရုံးအကြီးအကဲက ဝန်ထမ်းအား...

'မင်း... နတ်ငါးတွေကို ခိုးဖမ်းတာ ရက္ခစိုးနတ်က တစ်ကြိမ်တစ်ခါမို့ သတိပေးရုံ ပေးလိုက်တာ။ နောက်တစ်ကြိမ်ဆိုရင် အသက်တောင် ပျောက်နိုင်တယ်'

ဟု ပြောရာ လောကီရေးရာကို ယုံကြည်မှုမရှိခဲ့သူ ဝန်ထမ်းက...

'နောက်တစ်ကြိမ်ဆိုတာလဲ မရှိတော့ပါဘူး ဘယ်ငါးမှလဲ ခိုးမဖမ်းတော့ပါဘူး ဒီတစ်ကြိမ်နဲ့ပဲ ကြောက်လှပါပြီ'

ဟု လောကီရေးရာကို ယုံကြည်မှုဖြင့် ကတိပေးပါတော့သည်။

**မောင်ကံ(တံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com





# ဦးလေးပြောတဲ့ ဖြစ်ရပ်ဆန်း

နေလင်းကျော်
(ထူးကြီး)

ဆီဆမ်းနှင့် ရေနွေးကြမ်းကျကျတို့ဖြင့် ညှော်ခံလေ့ရှိပြီး အာဝဇ္ဇန်းကလည်း ရွှင်လှလေရာ ကျွန်တော့်မှာ ညဉ့်နက်မှသာ အိမ်သို့ ပြန်ရောက်လေ့ ရှိပါသည်။ ယခု ဖော်ပြမည့် အကြောင်းအရာသည် အဆိုပါ စကားဝိုင်းမှ ပေါ်ပေါက်လာခြင်း ဖြစ်ပါ၏။

* * *

အစဖော်ပေးသူကတော့ ကျွန်တော်ပဲဖြစ်သည်။

'ဦးလေးက အသွားအလာလဲများ၊ အကြားအမြင် အတွေ့အကြုံကလဲ စုံတော့ တစ္ဆေခြောက်တာတွေ ဘာတွေများ ကြုံဖူးလား'

'အေးကွ၊ ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ဘူး။ တစ်ခါတော့ ကြုံဖူးတယ်ကွ။ မင်း ဒီးဒုတ်ကုန်းရွာကနေ ထောက်ကြံ့ကွင်းဘက် ထွက်တဲ့ အဲ... လမ်းဘေးက ထန်းပင်တွေ သိတယ် မဟုတ်လား'

လသာသောညများတွင် ကျွန်တော်သည် ကျွန်တော်တို့ မြို့လေးရှိ အောင်သိဒ္ဓိ ဆန်စက်ကလေးသို့ အလည်သွားလေ့ရှိ၏။ ဆွေမျိုးလိုနေသော စက်ပိုင်ဦးလေးက ပျော်ပျော်နေတတ်၍ ခင်မင်ဖွယ် ကောင်းလှပါသည်။

သူ့အင်းမှ ထွက်သော ငါးရံ့ခြောက်ဖုတ် (သို့မဟုတ်) ငါးကျည်းကျပ်တင် (သို့မဟုတ်) ဆတ်သားခြောက်ဖုတ်

www.burmeseclassic.com

'ဟုတ်ကဲ့'

'အဲဒီနေရာမှာပေါ့ကွာ၊ လကာလေးကလဲ သာနေတယ်ကွ။ (၇)နာရီခွဲ (၈)နာရီလောက်တော့ ရှိပြီ ထင်ပါတယ်။ ငါလဲ မိုးချုပ်တာနဲ့ စက်ဘီးကို မြန်မြန်နင်းသွားတာပေါ့ကွာ။ ***(သူ့ရွာတောက်ကြီ့သို့ ပြန်ခြင်း ဖြစ်ပါသည်။)***

တခြားလူတွေ အသွားအလာတော့ မရှိဘူး။ လူတစ်ယောက်ပဲ ငိုက်စိုက်ငိုက်စိုက်နဲ့ လျှောက်လာနေတာ တော်တော်ဝေးဝေးထဲက လှမ်းတွေ့နေရတယ်ကွ။

လမ်းကလဲကျဉ်း၊ စက်ဘီးကလဲ အရှိန်ရနေတော့ သူ ရှောင်သာအောင် ငါလဲ အဝေးကြီးက ဘဲ(လ်)တီးလာတာပေါ့။ အနားကို တော်တော်လေး နီးလာတဲ့အထိ သူက မရှောင်ဘူးဟေ့။ ငါလဲ သူမရှောင်ရင်တော့ တိုက်ပစ်လိုက်မယ်တောင် စိတ်ကူးလိုက်သေးတယ်။

နီးလွန်းမက နီးလာတော့ တိုက်မိတော့မယ့် ဆဲဆဲမှာ "ဟာ...တိုက်မိတော့မှာပဲ"ဆိုပြီး စက်ဘီးပေါ်က ခုန်ချလိုက်ရတယ်။ အဲဒီလူ ငါ့ဘေးနားက ဖြတ်သွားတာ လေဟာပ်သွားတာတောင် သိလိုက်တယ်ကွ။

ငါလဲ စိတ်ဆိုးပြီး တစ်ခုခု ပြောမလို့ နောက်လှည့်ကြည့်လိုက်တော့ ဟော့ကောင်ရေ ဘာမှ မတွေ့တော့ဘူးကွ။ လက သာနေတော့ လမ်းဆိုတာ ဖြူးနေတာပဲ၊ အဲဒါနဲ့ အခြေအနေတော့ မဟန်ဘူးဆိုပြီး ငါလဲ သုတ်ခြေတင်ရတော့တာပေါ့ကွာ'

'အံ့ဩစရာပဲနော် ဦးလေး'

'အေးပေါ့ကွာ...ဒီလောက် ရှင်းရှင်းလင်းလင်းမှာ လူတစ်ယောက်လုံး မျက်စိအောက်က ပျောက်သွားတာပဲဟာ။ ဒါက ငါ့တစ်ယောက်တည်း



ကြုံခဲ့ရတာပေါ့ကွာ။ ငါတို့ အပါး(အဖေ) ပြောပြတဲ့ အကြောင်းကတော့ လူအများကြီး ကြုံရတာဟေ့။ ကြာတော့ ကြာပါပြီပေါ့ကွာ'

'ပြောစမ်းပါ ဦးလေးရာ၊ ဒါမျိုးဆို ကျွန်တော်က အရမ်းစိတ်ဝင်စားတာ'

'ဒီလိုကွ ဟိုခေတ်က တို့တောရွာတွေမှာ မကျန်းမမာရေးဖြစ်ရင် ဗိန္ဒောဆရာတွေပဲ အားကိုးကြရတယ်ကွ။ ဗိန္ဒောဆရာတွေကလဲ ဓာတ်၊နတ်၊ ဗေဒင်နက္ခတ်၊ပယောဂ စသည်ဖြင့်ပေါ့ကွာ။ ဟိုပညာ၊ဒီပညာလေးတွေရော နှံ့နှံ့စပ်စပ် တတ်ကြတယ်။

အကုန်မတတ်ရင်တောင်မှ တီးမိခေါက်မိကြတဲ့ သူတွေချည်းပဲ၊ သူတို့ဆရာ အချင်းချင်းလဲ တစ်ခါတလေ အဆင်မပြေတာတွေ ရှိချင်လဲ ရှိမှာပေါ့ကွာ။ ဗိန္ဒောဆရာကြီးတစ်ယောက် ပညာခန်း ပြသွားတာပဲလို့ အခုကိစ္စမှာ ယူဆရတာပဲဟေ့'

ဟု အစချီလျက်...

* * *

**လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ် ရှစ်ဆယ်ခန့်က** ဖြစ်ပါသည်။ **အရိုးကုန်းချောင်းရွှေ ကျေးရွာကြီးသည်** လယ်ယာအဓိကထား လုပ်ကိုင်ကြသော်လည်း စီးပွားရေး ပြေလည်သူများပါ၏။

ထိုအထဲတွင် လယ်ပိုင်ရှင်ကြီး "ဦးဖိုးဝ"တို့ မိသားစုသည် ရွာမျက်နှာဖုံးစာရင်းဝင် ဖြစ်လေသည်။ ဦးဖိုးဝ အသက်ကြီးရင့်လာသောအခါ ဇရာ၊ ဗျာဓိ၊မရဏ တရားတို့ကို မလွန်ဆန်နိုင်ဘဲ နာတာရှည် လူကြီးရောဂါနှင့် အိပ်ရာထဲ လဲနေပါတော့၏။

သားသမီးတွေကလည်း ငွေကြေးတတ်နိုင်ကြသူများဆိုတော့ ဖခင်ကြီးကို အစွမ်းကုန် ပြုစုကြပါ၏။ **ဗိန္ဒောဆရာကြီး ဦးကံကြီး**ကို ပင့်၍ ကုသစေပါသည်။

ဦးကံကြီးကား ဓာတ်၊နဝင်း၊ဗေဒင်၊နက္ခတ်၊ပယောဂ စသည်ဖြင့် ပိုင်နိုင်ကျွမ်းကျင်သော စွယ်စုံရ နာမည်ကြီး ဗိန္ဒောဆရာကြီး ဖြစ်လေသည်။

ဦးကံကြီးလည်း သင့်လျော်သော ဆေးချက် ဓာတ်စာ ကုထုံးတို့ဖြင့် ကြိုးပမ်းကုသပါသော်လည်း ဦးဖိုးဝ၏ ရောဂါသည် သေမည့်ရောဂါ ဖြစ်သောကြောင့် ရက်တွေရင့်ညောင်း လတွေပြောင်း၍လာသော် တဖြည်းဖြည်း လုံးပါးပါး၍ လာလေတော့၏။

ဦးကံကြီးက ဦးဖိုးဝ၏ အိမ်သားတို့ကို မျှော်လင့်စရာမရှိသော ရောဂါအခြေအနေအကြောင်း ပြောပြ၍ သမားတို့ ဝတ္တရားနှင့်အညီ နေ့စဉ်အိမ်သို့ကြွ၍ ဆေးဝါးဓာတ်စာပေးခြင်း လူနာအား အားပေးစကား ပြောခြင်းတို့ကို ပြုလုပ်ပေးလေသည်။

ဤသို့ဖြင့် တစ်ခုသော ညဦးတစ်ညဦးဝယ် ဦးဖိုးဝ၏ နောက်ဆုံးအချိန်သို့ ရောက်လာလေတော့သည်။ ဦး... တစ်ယောက် အမောဖောက်လာ... အိမ်သားတို့လည်း ...ရွာကျော်... ဦးကံကြီးကို အမြန်ကြီး သွား...



www.burmeseclassic.com

www.burmeseclassic.com

ပင့်စေပါသည်။

ဖြစ်ချင်တော့ ဦးကံကြီးကို အခြားရွာမှ အရေးကြီးသော လူနာတစ်ဦးအတွက် လာပင့်သွား၍ အိမ်မရှိနိုက်နှင့် ကြုံနေလေသည်။ ဆရာပင့်သူတို့လည်း အခြားရွာမှ ဆေးဆရာတစ်ယောက်ကို ပင့်ခဲ့ကြလေသည်။

ထိုဆရာမှာ ဦးကံကြီးနှင့် သဘောထား မတိုက်ဆိုင်ဟု သတင်းထွက်နေလေသည်။ သေရေးရှင်ရေးမို့ ဂရုမထားနိုင်ဘဲ ပင့်လာခဲ့ကြခြင်း ဖြစ်လေ၏။ ထိုဆရာလည်း မတတ်နိုင်ပါ။ သူ့လက်ပေါ်တွင်ပဲ ဦးဖိုးဝတစ်ယောက် အသက်ကုန်ခဲ့ပါ၏။

ဗိန္ဓောဆရာကြီး ဦးကံကြီး သတင်းကြား၍ လိုက်လာတော့ ဦးဖိုးဝကို အလောင်းပင် ပြင်ပြီးနေလေပြီ။ သူမရှိတုန်း အခြားဆရာကို ပင့်၍ အိမ်သားတွေကိုပင် စိတ်ကွက်လေသလား။ ရောက်နှင့်နေသော ဆရာနှင့်ပင် မတည့်၍လားတော့မသိ။ ဦးကံကြီး မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေသည်။

သို့သော် ပညာရှိအမျက် အပြင်မထွက်ဆိုသလို မျက်နှာကို ချက်ချင်းပြင်လိုက်သည်ကို သတိထားမိသူများသာ သိလိုက်ပါ၏။

ဦးကံကြီးလည်း ကြွေမပျက် စကားစမြည် ပြောဆိုရင်း ပြန်ခါနီးတွင် **"အလောင်းကို တစ်ချက်လောက်ကြည့်ပါရစေ"**ဟု ခွင့်တောင်းလေသည်။

ခွင့်ပြုချက်ရလျှင် ခေါင်းရင်းမှ နေ၍ မျက်နှာကို ဖုံးထားသော ပဝါကို လှပ်ကြည့်လေသည်။ ခဏကြည့်ပြီးနောက် အိမ်သားတို့ကို နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

ဦးဖိုးဝသည် ရဟန်းဒါယကာ၊



ကျောင်းဒါယကာ ဆွေမျိုးတောင့်တင်းသူဖြစ်၍ ဆွေမျိုးလည်းစုံအောင် တောထုံးစံ (၁၀)ရက်ထားရန် ဆုံးဖြတ်ကြသည်။ ပူအိုက်သော နွေရာသီကာလ ဖြစ်သဖြင့် မပုပ်ပွစေရန် အလောင်းကို ဝါးဖြင့် ကျပ်စည်းကာ ပိတ်ဖြူဖြင့် ပတ်ထားကြရ၏။

(၁၀)ညတိုင်တိုင် တရားပွဲကျင်းပ၍ အသုဘကို သိုက်မြိုက်စွာ လိုက်ပါပို့ဆောင်ကြလေသည်။ ဦးဖိုးဝ ရဟန်းခံပေးထားသော ဦးပဥ္စင်း(၄)ပါး အပါအဝင် သံဃာအပါး(၂၀)၊ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး(၂၀)၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများဖြင့် နေပူပူ ဖုန်ထူထူ အောက်ဝယ် လူအတော်များလေ၏။

ရွာဓလေ့ထုံးစံ သုသာန်ဇရပ်ရောက်မှ သရဏဂုံတင်လေရာ အရှိုးကုန်း ချောင်းခွဆရာတော်က ခေါင်းတလား၏ ခေါင်းရင်းမှာ တင်ပျဉ်ခွေထိုင်၍ နေရာယူ၏။

ထို့နောက် သရဏဂုံတင်ဖို့ရန် ခေါင်းအဖုံးကို ဖွင့်ကြလေသည်။ ပရိသတ်များက တရားနာရန် ဇရပ်ထဲမှာ ထိုင်ကြ၏။

ဤမှာတင် ဇာတ်လမ်းက စလေသည်။ ခေါင်းအဖုံးကို ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် ပိတ်ဖြူနှင့် ကျပ်စည်းထားသော အလောင်းကောင် တောင့်တောင့်ကြီးသည် ဝေါက်ခနဲ မတ်တတ် ထရပ်လေ၏။

* * *

'ဘယ်ပြောကောင်းမလဲ ပြေးလိုက်ကြတာ ပြေးလိုက်ကြတာဆိုတာတဲ့ကွာ၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲတဲ့။ အဘွားကြီးတွေဆို ထဘီမနိုင် ပဝါမနိုင်နဲ့... အဘိုးကြီးတွေလဲ ကျွတ်တဲ့ ပုဆိုး ပြန်မစည်းနိုင်အားဘူး။ ဝရုန်းသုန်းကားနဲ့ စုမိစုရာ ပြေးကြတာပေါ့။

ဖြူ့ဖြူ့ တောင့်တောင့်ကြီးကလဲ ကျပ်စည်းထားလို့ ခြေမလှမ်းနိုင်တော့ ခုန်ခုန်ပြီးလိုက်သတဲ့။

သီလရှင်တွေလဲ ထိုနည်းအတိုင်းပေါ့ကွာ။ သူ့အစုလေးနဲ့သူ ပြေးလိုက်ကြတာ သုသာန်ရွာကလဲ အလှမ်းဝေးတော့ ရွာထဲ ဝင်ပြေးတဲ့သူကလဲ ပြေးပေါ့။

နောက်ပိုင်းကျမှ ပြန်ပြောတော့ မြောက်ဘက်ပြေးတဲ့ လူစုကလဲ ဒါကြီး သူတို့နောက် လိုက်တယ်။ တောင်ဘက်ပြေးတဲ့ လူစုကလဲ သူတို့နောက် လိုက်တာနဲ့ အကုန်လုံး ကိုယ့်နောက်ကို လိုက်တယ်လို့ထင်ပြီး ပြေးကြတဲ့ လူတွေချည်းပဲတဲ့ကွ။

သူတို့လဲ တော်တော်ဝေးဝေး ပြေးပြီး အဲဒါကြီး လိုက်လာတာ မတွေ့တော့မှ ရွာထဲ ပြန်ဝင်လာကြတာပေါ့။ အဲဒီ တစ်နေ့လုံး တစ်ညလုံး သုသာန်ကို ဘယ်သူမှ မသွားရဲကြဘူး။ ပြေးတဲ့အထဲမှာ တို့အဖိုးကတော့ ထိပ်ဆုံးကပေါ့ကွာ။ အဲဒီတုန်းက ငါ့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com





ထူးထူးအောင်ငယ်စဉ်က

မောင်ကြီးအေးဆွေ (မုံရွာ)

# လူခြောက်ကလေး

ထူးထူးအောင်

ထူးထူးအောင်ကို အဘ ဦးမောင်မောင်တာနှင့် အမိ ဒေါ်ခင်မာဝေတို့မှ **၁၉၉၅ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။ စနေသားကလေးဖြစ်၍** ထူးထူးအောင်ဟု အမည်ပေး ကင်ပွန်းတပ်ခဲ့ကြပါသည်။

ထူးထူးအောင် မဖွားမီနှစ်ပိုင်းက ဒေါ်ခင်မာဝေတွင် ညစဉ်ကဲ့သို့ မကြာခဏ အိပ်မက်တစ်ခုကို မက်ခဲ့ရသည်။ **အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကလေးတစ်ပါးက...**

'အမေ ကျွန်တော် အမေ့ဆီမှာ လာနေပါရစေ'

ဟု ပြောသည့်စကားကို အမြဲတမ်းကြားခဲ့ရလေသည်။

'အေး... သားလေး လာနေလှည့်လေ'

ဟု အိပ်မက်တွင် ပြန်ပြောပြီးသည့် **နောက်တစ်ပတ်တွင် ဒေါ်ခင်မာဝေတွင် သန္ဓေရရှိခဲ့ပြီး ကိုးလလွယ်ပြီးသော အချိန်တွင်** ထူးထူးအောင်ကို မွေးဖွားခဲ့ရလေသည်။

ဒေါ်ခင်မာဝေ မွေးဖွားတော့ လူခြောက်ကလေး **တစ်ပေခန့်သာ၊ ပကတိအခြောက်ကလေး။ မည်သည့်အနံ့မှမထွက်၊** လူအများက များစွာအံ့သြ၍ လာကြည့်ကြသည်။

သူ့ကို ဒေါ်ခင်မာဝေတို့က တယုတယထားသည်။ ဖန်အိမ်ကလေးနှင့်ထားသည်။ (၄)လကြာသောအခါ ဒေါ်ခင်မာဝေ အိပ်မက် မက်ပြန်သည်။

'အမေ ထီထိုးပါ'

ဟူ၍ ဖြစ်သည်။

ဒေါ်ခင်မာဝေ ထီကို မိတ်ဆွေများနှင့် စုပေါင်းထိုးဖြစ်လိုက်သည်။ ၎င်းတွင် ထီပေါက်သည်။ စုပေါင်းဖြစ်၍ တစ်ဦး (၃)သိန်းစီ ရလေသည်။ နောက်မကြာသောညတွင်...

'အမေ ကုန်ကူးပါလား'

ဆိုတော့ ဒေါ်ခင်မာဝေ ပဲကြီးများ ပေါ်ချိန် ကုန်ကူးသည်။ ပဲဈေးတက်ချိန်ဖြစ်၍ အမြတ်တော်တော်ကလေး ရလိုက်ပြန်သည်။ ထူးထူးအောင်က အကြောင်းထူးလျှင် အမေ့ကိုသာ အိပ်မက်ပေးသည်။

တစ်နေ့ ဒေါ်ခင်မာဝေ နေ့လယ်ခင်း အိပ်နေစဉ်...

'အမေ ကျွန်တော် လိမ့်ကျတော့မယ်ကြောင်ကြီးလာနေပြီ'


ဟု ဆိုတော့ လန့်နိုး၍ ကြည့်လိုက်သောအခါ ထူးထူးအောင် လိမ့်ကျနေပြီ၊ ဦးခေါင်းကွဲသွား၍ ဖခင်က ပလာစတာကပ်ပေးထားရသည်။

ဒေါ်ခင်မာဝေတွင် ထူးထူးအောင်



www.burmeseclassic.com

www.burmeseclassic.com



◆ ထူးထူးအောင်အား မောင်ရှင်လောင်းဝတ်စုံ ဆင်မြန်းပေးရပုံ

(၄)နှစ်သားအရွယ်၌ အိပ်မက်တစ်ခု မက်ပြန်သည်။

'အမေ ကျွန်တော်တို့ကို ရှင်ပြုပေးပါ'

ဟူ၍ပင်ဖြစ်သည်။ ထူးထူးအောင်ကို ထိပ်မှတင်၍ အစ်ကိုကြီးတစ်ဦး၊ ညီငယ်လေး အပါအဝင် ကတ္တိမသား ဆွေမျိုးများကို ရှင်ပြုပေးရသည်။

**ထူးထူးအောင်ကိုလည်း မောင်ရှင်လောင်းအဝတ် ဝတ်၍ သင်္ကန်းဝတ်ပေးရပါသည်။**

အလွန်ထူးဆန်းသော ထူးထူးအောင်ပင်ဖြစ်သည်။ မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၊ ရာပြည့်လမ်းတွင် ၂၀၀၁ ခုနှစ်ထိ အတူနေထိုင်လျက် ရှိပါသည်။ သူ့တွင် ရုပ်သာပိုင်၍ နာမ်မကပ်နိုင်ရှာသော ကလေး ဖြစ်ပါသည်။

ထို ထူးဆန်းသည့် အကြောင်းကို မိတ်ဆွေများနှင့် ပြောသောအခါ ဟုမ္မလင်းတွင်တစ်ဦး၊ ကလေးဝတွင် တစ်ဦးရှိကြောင်း၊ တွေ့ဖူးကြောင်းကို ပြောပြကြသည်။

အလွန်ပင် အံ့သြစရာကောင်းသော လူခြောက်ကလေးများ အကြောင်း တင်ပြရပါသည်။

**မောင်ငြိမ်းဆွေ(မုံရွာ)**

စာမျက်နှာ (၂၅၉)မှ အဆက်

မမွေးသေးဘူးကွ'

'နောက်တော့ ဘယ်လိုဖြစ်သွားသေးလဲ ဦးလေး'

'နောက်တစ်နေ့ကျမှ သတ္တိကောင်း၊ ဗလကောင်းယောကျ်ားကြီး လေး၊ ငါး ဆယ်ယောက်လောက် စုပြီး လက်နက်တွေနဲ့ သုသာန်ကို သွားကြရတာပေါ့။ ဟိုရောက်တော့ အလောင်းကောင်ကြီးက ခေါင်းတလားထဲမှာပဲ ခြေရာလက်ရာမပျက် ရှိနေတာတဲ့ကွ။

အမှန်တော့ အလောင်းကောင်ကြီးက အပြင်ထွက်လိုက်တာ မဟုတ်ဘူး။ ခေါင်းထဲမှာပဲ ရှိနေတာ။ လူတွေကသာ ထပြီးလိုက်တယ်လို့ စိတ်ထဲ ထင်နေကြတာတဲ့ကွ။

ထူးခြားတာကတော့ အသုဘပို့တဲ့ လူတွေထဲမှာ ဦးကံကြီး မပါဘူး။ သူတို့ကတော့ကွာ ဦးကံကြီးက စိတ်ချပြီး ပညာနဲ့ တစ်ခုခုလုပ်လိုက်လို့ ခုလို ဖြစ်တယ်လို့ပဲထင်ကြတယ်။ အတပ်တော့ ဘယ်သူမှ မပြောနိုင်ကြဘူးပေါ့ကွာ။

အဲဒီတော့မှပဲ အလောင်းကို ကပျာကသီ မီးသင်္ဂြိုဟ်လိုက်ရတယ်။ အရိုးကုန်းချောင်းခွဘုန်းကြီးဆိုရင် ပျံတော်သာမူသွားတယ် အသုဘရှုလာပင့်ရင် မလိုက်တော့ဘူးတဲ့။

နောက်ပိုင်းတော့ ဘာမှ ဆက်မဖြစ်တော့ဘူး။ အေးအေးချမ်းချမ်းပဲတဲ့ကွ။ ဘာမှလဲ ပြောသံ မကြားရတော့ဘူး'

ဟု ဆိုကာ ဦးလေးက စကားကို လက်စသတ်လိုက်ပါသည်။

ကျွန်တော်ကလည်း အထက်ပါဖြစ်ရပ်ဆန်းကို စာရှုသူတို့အား အရင်းတိုင်းနှင့်ပင် လက်ကား ဖြန့်လိုက်ရပါတော့သတည်း။

**နေလင်းကျော်(ထူးကြီး)**



www.burmeseclassic.com

www.burmeseclassic.com



ဘဘပြောသော

# မြွေအလယ်မှာငါ့သစ္စာ

စလင်း ဦးကျော်



ကျွန်ုပ်(၁၆)နှစ်သားဘဝက စလင်းမြို့နယ်၊ ဝက်သိုက်ရွာကျေးရွာသို့ နွားလှည်းကြုံ၍ အလည်လိုက်သွားခဲ့ပါသည်။ ဝက်သိုက်ရွာမှာ ကျွန်ုပ်တို့ မန်ကျည်းပင်ပုရွာနှင့် (၆)မိုင်ခန့် ဝေးကွာပါသည်၊

ဝက်သိုက်ရွာမှ ဆွေမျိုးများဖြစ်ကြသော ဘဘဦးစံမြ၊ အမေကြီး ဒေါ်အေးမြတို့မိသားစုအားလုံး စုံစုံလင်လင်တွေ့ရပါသည်။

ကျွန်ုပ် အလည်ရောက်သဖြင့် မိသားစုအားလုံး ပျော်ရွှင်နေကြပါသည်၊ နံနက်(၉)နာရီခန့် ရောက်ရှိသဖြင့် အချိန်အနည်းငယ် အနားယူပြီး ရေမိုးချိုးပါသည်။ (၁၀)နာရီခွဲခန့်တွင် အားလုံး ထမင်းစားကြပါသည်။

ထမင်းစားပြီးနောက် ဘဘဦးစံမြက ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ထန်းလျက်တို့ဖြင့် ညှိခံကာ စကားစ ပြောကြပါသည်၊

**[ဘဘဦးစံမြသည် ရဟန်းဘဝတွင် (၁၅)ဝါရပြီး လူဝတ်လဲခဲ့ပါသည်။ တစ်နှစ်ခန့်ရှိမှ အမေကြီးဒေါ်အေးမြနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်ပါသည်။**

**ရဟန်းလူထွက်ဖြစ်၍ စာပေ ဗဟု**

www.burmeseclassic.com

သုတ ပြည့်စုံသူတစ်ယောက် ဖြစ်ပါသည်။ လက်တွေ့ကျကျ မြင်ရမှ မမြင်ရသော်လည်း သက်သေခိုင်လုံသော အကြောင်းကိစ္စတို့မှသာ လက်ခံသူဖြစ်ပါသည်။

ဒါကြောင့် ရွာထဲမှ လူများသည် လက်တွေ့မပြနိုင်သော အကြောင်းအရာမှန်သမျှ ဘဘဦးစံမြရှေ့၌ မပြောဝံ့ကြပါ။]

ထိုစကားပြောကြစဉ်အချိန်က ဘဘဦးစံမြပြောပြသော မြွေအလမ္ပာယ်ဆရာကြီး သားအဖအကြောင်းကို ယနေ့တိုင် မမေ့နိုင် ဖြစ်နေပါသည်။

ဘဘဦးစံမြ ပြောပြသည့်အတိုင်း အဖြစ်အပျက်အမှန်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အား ရေးသားတင်ပြလိုက်ပါသည်။

* * *

ဘဘဦးစံမြက...

'ကိုရင်ကျော်... ကျုပ်က ရဟန်းလူထွက်ဗျ။ ရဟန်း(၁၅)ဝါရမှ သာသနာ့ဘောင်မှာ မပျော်မွေ့တာနဲ့ လူထွက်ခဲ့တယ်။ ကျုပ်ရဟန်းဘဝက အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြမယ်။

ပခုက္ကူမြို့ကို ရဟန်းပျိုဘဝနဲ့ စာသင်သွားတုန်းကပေါ့။ တစ်နေ့မှာ ပခုက္ကူဘုရားပွဲတော်ထဲကို သူငယ်ချင်းရဟန်းများနဲ့ လှည့်လည်ကြည့်ရှုကြတယ်။

ပွဲတော်ထဲမှာ လူအုပ်ကြီးကို မြင်တာနဲ့ ကျုပ်တို့ သွားကြည့်ကြတယ်။ မြွေအလမ္ပာယ်ပြပွဲဖြစ်နေတာ တွေ့ရတယ်။ ပခြုပ်ကြီးထဲမှာ မြွေကြီးပါတယ်လို့ လူအုပ်ကြီးထဲမှာ ကျွက်စီကျွက်စီ ပြောနေကြတယ်။

မြွေအလမ္ပာယ် အဖွဲ့သားများကတော့ အလမ္ပာယ်ဆရာကြီးနဲ့ (၁၅)



နှစ်ခန့်အရွယ်ရှိ မိန်းကလေးတစ်ယောက်၊ ပေါင်းနှစ်ယောက်တည်းဖြစ်တယ်။

ဆရာကြီးက အခုပြပွဲမှာ သူ့ရဲ့သမီးလေးက ပခြုပ်ထဲမှ မြွေကြီးကို တို့လိုက်၊ ထိလိုက်၊ ကိုင်လိုက်နဲ့ လှုပ်ရှားကစားပြသွားမှာ ဖြစ်ကြောင်း...

အခုလို လူကို ကိုင်ရင်သေစေနိုင်တဲ့ သတ္တဝါကို ကိုင်ဆောင်ပြနိုင်တာဟာ သူ့တွင် အစွမ်းထက်တဲ့ဆေးကောင်း၊ လက်ဖွဲ့ကောင်းများရှိလို့သာ ပြသနိုင်တာ ဖြစ်ကြောင်း...

ကြွရောက်လာတဲ့ ပရိသတ်ကြီးလဲ မြွေကို နိုင်နင်းစေလိုရင် မြွေအန္တရာယ်က ကင်းဝေးစေလိုရင် သူ့ထံမှ အစွမ်းထက်လှတဲ့ မြွေဆေး၊ လက်ဖွဲ့များ ဝယ်ယူနိုင်ကြောင်း ပြောပြပြီး ရောင်းချပေးတယ်။

ပရိသတ်ကြီးကလဲ အားပေးတဲ့အနေနဲ့ ဝယ်ယူကြတယ်။ ဆေးနဲ့ လက်ဖွဲ့များ ရောင်းချပြီးတဲ့အခါမှာ မြွေအလမ္ပာယ်ပြပွဲကို စတင်တယ်။

အလမ္ပာယ် ဆရာကြီး ရုပ်သဏ္ဌာန်မှာ အသားလတ်ပြီး အရပ် ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းဖြစ်တယ်။ စကားပြောဆိုရာမှာ သွက်လက်ချက်ချာတယ်။

သူ့ရဲ့ သမီးလေးကတော့ အသားဖြူဖွေးပြီး သေးသွယ်သွယ်ဖြစ်တယ်။ ဂါဝန်အင်္ကျီလေးကို ဝတ်ဆင်ထားတယ်။ အင်္ကျီဒီဇိုင်းနဲ့ ကိုယ်ခန္ဓာ အချိုးအစားညီညွတ်မှုကြောင့် ကြည့်ရတာ ပြေပြစ်လှပနေတယ်။ ပရိသတ်ကြီးကလဲ အဲဒီမိန်းကလေးကို အာရုံစူးစိုက်နေကြတယ်။

မိန်းကလေးဟာ မြွေထည့်ထားတဲ့ ပခြုပ်ကြီးကို ဖွင့်ပြီး ပခြုပ်ကို ပုတ်လိုက်တဲ့အခါ မြွေကြီးပါးပျဉ်းထောင်လာတယ်။

ပရိသတ်ကြီး လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ မြွေဆရာကြီးက ပလွေမှုတ်ပြီး တကျူကျူ သီကျူးနေတယ်။ မြွေကြီး ပါးပျဉ်းထရင်း ယိမ်းကစားလိုဟန်နဲ့ လှုပ်ရှားနေတယ်။ ဆရာကြီးက ပခြုပ်ထဲမှာ မြွေကြီးကိုယူကာ မြေပြင်ကို အသာချလိုက်ပါတယ်။

မြွေကြီးဟာ ပါးပျဉ်းထောင်လျက်ပဲရှိတယ်။ မိန်းကလေးက မြွေကြီးကို လှမ်းတို့လိုက်၊ မြွေကြီးက ပေါက်ဟန်ပြုလိုက်နဲ့ အကြိမ်ကြိမ်လုပ်နေတယ်။

ပရိသတ်ကြီးဟာ ၊ မိန်းကလေးအတွက် စိုးရိမ်စိတ်တွေနဲ့ ရင်တမမဖြစ်နေတယ်။ ကစားပါများလာတော့ မြွေကြီး စိတ်ဆိုးပြီး ပါးစပ်မှ တရှူးရှူးလုပ်လာတယ်။

မိန်းကလေး နောက်တစ်ချီ မြွေကြီးကို လှမ်းအတို့လိုက်မှာ မြွေကြီးက လက်ကို တအားပေါက်လိုက်တယ်။ ပရိသတ် ဟာင်ခနဲ...ဟယ်ခနဲဖြစ်သွားတယ်။

မိန်းကလေးဟာ မြွေပေါက်ခံရတဲ့ လက်ကို ကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး မျက်စိမှိတ်ကာ ထိုင်ချလိုက်တယ်။ မြွေဆရာကြီး သမီးကို ပွေ့ချီပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖျာပေါ်ကို လှဲစေတယ်။ မိန်းကလေးရဲ့ ဦးခေါင်းကို မန်းမှုတ်ပြီး စောင်ခြုံထားလိုက်တယ်။



ခဏကြာတော့ မြွေဆရာကြီး သူ့သမီးကို စမ်းသပ်ကြည့်တယ်။ ပရိသတ်ဘက်လှည့်ပြီး "ကျွန်တော့်သမီးကလေး မြွေပေါက်လိုက်လို့ အဆိပ်တက်ကာ အသက်မရှိတော့ကြောင်း၊ သေဆုံးပြီဖြစ်ကြောင်း...

အခုလို မြွေပေါက်လိုက်ခြင်းဟာ ပတ်ဝန်းကျင် ပယောဂကြောင့်ဖြစ်ကြောင်း၊ စုန်းမခေါ် ရွာသမီးတို့ရဲ့ နှောင့်ယှက်မှုကြောင့်သာ မြွေကြီး ဒေါသထွက်ပေါက်ကြောင်း ငိုသံပါကြီးနဲ့ ပြောဆိုနေတယ်။

သူ့ဘဝမှာ ဒီသမီးလေး တစ်ယောက်သာ အားကိုးရာရှိကြောင်း၊ ဒီသမီးလေးနဲ့ ရွာစဉ်လှည့်ပြီး မြွေအလမ္ပာယ်ပြကာ အသက်မွေးဝမ်းနေရကြောင်း၊ သူ့သမီးလေး အလိမ္မာမလေးဖြစ်ကြောင်း၊ မိဘကို ချစ်ကြောက် ရိုသေကြောင်း" စသဖြင့် ငိုယိုပြီး တီတီတာတာ ပြောတော့ ပရိသတ်ကြီး မျက်ရည်မဆည်နိုင်တော့ပါ။

ကျွန်တော့်သမီးလေးကို သင်္ဂြိုဟ်ရန် ငွေကြေး သဒ္ဓါသလောက် ထည့်ကြပါဆိုပြီး ပရိသတ်ရှေ့မှာ မောင်းထောင်ခွက် ချထားတယ်။

ပရိသတ်ကြီးကလဲ ကရုဏာသက်ပြီး ငွေများ ထည့်ကြတယ်။ ကျုပ်တို့ ရဟန်းပျိုများလဲ ထည့်ခဲ့ကြတယ်။ မောင်းထောင်ခွက်ထဲ ငွေများ အားကြီးရတာပေါ့။

နောက်ပြီး ကျုပ်တို့ပရိသတ်အားလုံးရှေ့မှာပဲ ပျဉ်ခေါင်းတစ်ခု လုပ်ပြီး အဲဒီမိန်းကလေးအလောင်းကို ထည့်တယ်။ သူ့သမီးလေး မရှိတဲ့နောက်မှာ သူ့သမီးရဲ့ အင်္ကျီအဝတ်အစားတွေ အသုံးမဝင်တော့ဘူးဆိုပြီး ခေါင်းထဲကို ထည့်တယ်။ နောက် ခေါင်းအဖုံးပိတ်စေတယ်။

လူများငှားပြီး သင်္ချိုင်းကုန်းကို မြေမြှုပ် သင်္ဂြိုဟ်စေတယ်။ အငှားသမားများကို ခေါင်းဖွင့်ပြီး အဝတ်အစားတွေ မယူကြဖို့ ဆရာကြီးက အတန်တန်မှာတယ်။

အငှားသမားများဟာ သင်္ချိုင်းကုန်းရောက်တော့ ကျင်းတူးကြတယ်။ ကျင်းတူးပြီး ခေါင်းကို ကျင်းထဲ မထည့်ခင်မှာ မိန်းကလေးရဲ့ အဝတ်အစားတွေကို ယူဖို့ ခေါင်းဖုံးကို ဖွင့်လိုက်တယ်။

အငှားသမားများ အံ့သြခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ကျောချမ်းခြင်းများနဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြတယ်လေ။

ဘာကြောင့်လဲဆိုတော့ ခေါင်းထဲက လူသေအလောင်းဟာ မြွေဆရာကြီးရဲ့သမီး (၁၅)နှစ်အရွယ် မိန်းကလေး မဟုတ်ဘဲ အသက်(၆၀)ကျော် ဆံပင်များဖြူနေတဲ့ အမယ်ကြီးတစ်ယောက်ရဲ့ အလောင်းဖြစ်နေလို့ပဲ။

အငှားသမားများဟာ ခေါင်းအဖုံးကို အမြန်ပြန်ဖုံးပြီး အဲဒီအလောင်းကြီးကိုပဲ မြေမြှုပ်ပြီး ပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့မှာ မြို့နဲ့ မနီးမဝေး ရွာတစ်ရွာမှာ မြွေဆရာကြီးနဲ့ သူ့သမီးလေး မြွေအလမ္ပာယ်ပြနေတယ် ကြားရတယ်။

ကျုပ်တို့ ရဟန်းပျိုအဖွဲ့ မယုံလို့သွားကြည့်ကြတယ်။ အ...ပါး...ပါး အရင်နေ့က ပခုက္ကူမြို့ ဘုရားပွဲတော်ထဲမှာ ကျုပ်တို့ ကြည့်ခဲ့ရတဲ့ ဆရာကြီး၊ သမီးလေးနဲ့ မြွေကြီးတို့ ဖြစ်နေတယ်။

ကျုပ်တို့အားလုံး အိပ်မက်,မက်နေသလား ထင်နေမိတယ်။

ကိုရင်ကျော်...ကျုပ်လဲ ကိုယ်တွေ့မို့ယုံတာ၊ သူများပြောရင် ယုံကြည်မှာ မဟုတ်ဘူး။ နောက်တစ်ပတ်ခန့် အကြာတော့ ဘုရားပွဲတော်ဈေးထဲက ငါးပိသည်အမယ်ကြီး ပျောက်သွားတယ်။ ရှာမတွေ့ဘူးလို့ ကြားရတယ်။

အမှန်တော့ အဲဒီအဘွားကြီးဟာ အလမ္ပာယ်ဆရာကြီးတို့ အလမ္ပာယ်ပြစဉ်က သူ့ပညာနဲ့ နှောင့်ယှက်ထားတဲ့ ပညာသည်ခေါ် ရွာသမီး(စုန်းမကြီး) ဖြစ်တယ်။

ဆရာကြီးဟာ သူ့ရဲ့ အတတ်ပညာနဲ့ ရုပ်ပြောင်းရုပ်လဲ ပြုလိုက်ခြင်း ဖြစ်တယ်။ ဂမ္ဘီရအတတ်ပညာတွေဟာ အလွန်အံ့သြစရာ ကောင်းတယ်။ အလွန် နက်နဲတယ်။

ကျုပ်တော့ ကနေ့တိုင်ပဲ မမေ့နိုင်ဘဲ ဖြစ်နေတယ်။ ကိုရင်ကျော်ရေ'

လို့ ဘဘဦးစံမြက ပြောပြခဲ့ပါတယ်။

**စကားချပ်။ ။ စလင်းမြို့နယ်၊ ဝက်သိုက်ကျေးရွာမှာ နေထိုင်တဲ့ ရဟန်းလူထွက် ဘဘဦးစံမြ ပြောပြသော ဖြစ်ရပ်မှန်ဇာတ်လမ်းကလေး ဖြစ်ပါကြောင်း ချစ်စွာသော ရှုသူအပေါင်းခင်ဗျား...**

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com





စကြာတောင်သူတော်
(စဉ့်ကူးမြို့နယ်)

မြတ်စွာဘုရားရှင်၏

# ဂုဏ်တော်ပွားများခြင်းကြောင့်

## အန္တရာယ်ကို ကြိုတင်သိမြင်နိုင်ခြင်း စွမ်းအား အစွမ်း

၂၀၀၄ခုနှစ်က **ဘိုးနတ်တောင်ပေါ်** ပုတီးစိပ် အဓိဋ္ဌာန်ဝင်စဉ်က ကြိုတင်သတိပေးခဲ့မိတဲ့ တကယ့်ဖြစ်ရပ်မှန်လေးပါ။ အုတ်နံ့ကပ်တိုက်လေးထဲမှာ မောင်သူတော် တစ်ယောက်တည်း **"အရဟံ ဗုဒ္ဓေါ"** ဂုဏ်တော်ပုတီး (၄၅) ပတ်စိပ် မေတ္တာပို့ အမျှဝေပြီးနောက် လှည့်ကြည့်လိုက်ရာ လူနှစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့...

'ဟာ... လန့်သွားတာပဲ ဖိုးပိန်နဲ့ မောင်ကျော်ရာ မင်းတို့ကောင်တွေက လဲ မလှုပ်မယှက် ငုတ်တုတ်ထိုင်နေကြတာကိုး ကွ။ အသံလေးဘာလေးပေးပြီးမှ ဝင်ထိုင်ရောပေါ့ကွာ'

လို့ ပြောလိုက်မှ...

'အစ်ကို ပုတီးစိပ်နေတာ အာရုံပျက်သွားမှာစိုးလို့ပါဗျာ'

ဟု ပြောပါတယ်။

ဆယ်ပင်ကျွန်းရွာမှ တပည့်လေးများ ဖြစ်ကြတဲ့ သူတို့က မောင်သူတော်ကို "အစ်ကို" ဟု ခေါ်ကြပါတယ်။

'အစ်ကို့အတွက် ဆွမ်းချိုင့်လာပို့ တာ သတ်သက်လွတ်ဟင်း ချက်လာတာ'

လို့ ပြောပါတယ်။ မောင်သူတော် လဲ...



www.burmeseclassic.com

www.burmeseclassic.com

'သာဓုဗျာ…သာဓု'

လို့ ပြောပြီး ဆွမ်းချိုင့်ကိုဖြုတ်ကာ ဘုရားဆွမ်းတော် ကပ်လှူလိုက်ပါတယ်။ ပြီးတော့မှ သူတို့နဲ့ စကားပြောနေပါတယ်။

သူတို့နဲ့ စကားပြောနေစဉ်မှာပင် စကားပြောင်းပြီး သူတို့အား သတိပေးချင်စိတ်ဆန္ဒတွေ ပေါ်လာပါတယ်။ ဒါကြောင့်…

'ဖိုးပိန် ငါ့အာရုံထဲမှာ ဒီနှစ် ဧရာဝတီမြစ်ရေကြီးမယ်လို့ အာရုံထဲမှာ မြင်နေတယ်။ ကမ်းနံဘေးမှာ နေထိုင်သူတွေ သတိထားသင့်တယ်။ မင်းတို့ရွာပေါ်ထိ ရေတွေလွှမ်းမယ်။ မင်းတို့ရွာထဲကပဲ အိမ်ပေါ်က ကလေးတစ်ယောက်ပြုတ်ကျပြီး သေမယ်လို့ ငါ့တရားထိုင်ရင်း အာရုံထဲမှာ ပေါ်လာတယ်။ သတိထားနေကြ။

အန္တရာယ်ကင်းအောင် သပြေပန်း (၂၁) ညွန့် အမွှေးတိုင်(၃)တိုင် ဘုရားကို (၃)ရက်တိတိ လှူပြီး သမ္ဗုဒ္ဓေဂါထာရွတ်ကြ။ ရွာထဲကလူတွေလဲ ပြောလိုက်ဦး။ ယုံတဲ့သူ လုပ်လိမ့်မပေါ့ကွာ'

ဟု ပြောလိုက်ပါတယ်။

ဒီလိုနဲ့ မောင်သူတော်လဲ အမိဌာန်ရက်ပြည့်တာနဲ့ မွေးရပ်မြေရွာသစ်ကြီးကို ပြန်လာခဲ့တယ်။ ဆယ်ရက်လောက်နေတော့ ဧရာဝတီမြစ်ရေတွေ တအားတိုးလာကြောင်း သတင်းကြားရတယ်။ စဉ့်ကူးမြို့ တာရိုးတွေကျိုးပြီး မြို့ထဲထိ ရေတွေ တဟုန်ထိုး ဝင်လာတော့တယ်။

စဉ့်ကူးမြို့ ကျောင်းတိုက်နားကနေ (၁)မိုင်လောက်ဝေးတဲ့ ကြို့ပင်ရွာထိ ရေတွေ ရောက်နေတယ်။ နံနက် (၈း၃၀)နာရီမှာ စကြံ့တောင်ပေါ် လမ်းလျှောက်ပြီး မေတ္တာသုတ်ရွတ်နေချိန်မှာ ဆယ်ပင်ကျွန်းရွာမှ ဖိုးပိန်ရောက်လာတယ်။



'ဟာ… ဖိုးပိန် မျက်နှာလဲ မကောင်းပါလား။ ဘာဖြစ်လာတာလဲ'

လို့ မေးလိုက်ပါတယ်။ အဲဒီအခါမှ ဖိုးပိန်က…

'ဒီလို အစ်ကိုရေ… ကျွန်တော်တို့ရွာထဲ ရေတွေလွှမ်းတာ အိမ်ကြမ်းပြင်နဲ့လွတ်သကာလေးရှိတော့တာ။ ရော တိုဦးမှာလား။ ကျတော့မှာလား။ သိချင်လို့ လာမေးတာ'

လို့ ပြောရင်း ဖိုးပိန် မျက်ဝန်းမှ မျက်ရည်တွေ ကျလာပါတော့တယ်။

'အစ်ကိုပြောတဲ့အတိုင်းပါပဲဗျာ။ ကလေးတစ်ယောက် ရေထဲပြုတ်ကျသေတာ ကျွန်တော့်ကလေး ဖြစ်သွားတာ'

လို့ ပြောရှာပါတယ်။

မောင်သူတော်ကလဲ စိတ်မကောင်းစွာနဲ့…

'မင်းတို့ သေချာပြောရဲ့သားနဲ့ကွာ သတိပေးထားရဲ့သားနဲ့'

လို့ ထပ်ပြောလိုက်မှ…

''ဟုတ်တယ် အစ်ကိုပြောတဲ့ ယတြာကို (၂)ရက်တည်း လုပ်လိုက်မိတာ'

လို့ ငိုရင်းပြောရှာပါတယ်။

'အင်း… အကြောင်းပါလို့ပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့။ ဖြစ်ဖို့အကြောင်းအရာ ဆုံလာပါရင် ကံကြမ္မာဘေး ပြေးမလွတ်ဘူးပေါ့ကွာ'

ဟု ဖြေသိပ်စကားပြောလိုက်ရပါတယ်။

'ဘုရားဂုဏ်တော် စိတ်ဝယ်ထုံပြီး စိတ်တည်ကြည်စွာ ပွားများခြင်းကြောင့် အန္တရာယ်ကို ကြိုတင်မြင်ပြီး သတိပေးခဲ့ပေမယ့် ဖြစ်ဖို့ကြောင်းရာ ဆုံလာပြန်တော့ ရှောင်လွှဲမရတော့ပြီပေါ့ကွာ'

ဟု ပြောလိုက်ရလေတော့တယ်။

## ဘုရားဂုဏ်တော်တန်ခိုးကြောင့် အန္တရာယ်မှ လွတ်ကင်းခဲ့ခြင်း

စကြံ့တောင်ရဲ့ အနောက်ဘက် (၇)ဖာလုံခန့် အဝေးမှာ တသွင်သွင်စီးဆင်းနေတဲ့ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရိုးတန်းမှ ရွှေဝါရောင် တဖျတ်ဖျတ်တောက်ပနေတဲ့ စေတီပုထိုးတော်များနဲ့ သဘာဝအလှ တောတောင်ရှုခင်းများကို လှမ်းမျှော် ကြည့်မိလေတိုင်း စိတ်ဘဝင်အေးလို့ ကြည်လင်မြီးတစ်နေတာ ပင်ပန်းသမျှအမောတွေ တခဏတော့ ပြေပျောက်မိပါလေရဲ့…

ညနေ နေခြည်ဆည်းဆာလေး ရောက်ချိန် ဧရာဝတီမြစ် အနောက်ဘက်ဆီက ညို့ညို့မှိုင်းမှိုင်းနဲ့ ခိုရောင်ပြာသန်းနေတဲ့ တောင်တန်းလေးပေါ်မှာ မှေးတင်နေတဲ့ နေလုံးကြီးကို ကြည့်ရင်…

'ဩော်…တနေ့ဝင် တနေ့ထွက် သေနယ်သို့ တစ်ခါကူး





www.burmeseclassic.com

www.burmeseclassic.com

မသေဘူး မယင်လိုက်ပါနဲ့
နေကွယ်တာ အကြိမ်များလာရင်
သေနယ်ရှာ တစ်ကြိမ်သွားရမယ်ကွယ့်
တားမရဘူး'

ဆိုတဲ့ သတိသံဝေဂစာသားလေးကို ရေရွတ်နေမိတယ်။

တောင်တန်းလေးပေါ်မှာ မှေးတင်နေတဲ့ နေလုံးကြီးလဲ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားတော့ မှောင်ရည်ဖြိုးပြလေးဖြစ်လာတယ်။ မောင်သူတော်လဲ အဆောင်ထဲဝင်ပြီး ဘုရားကျောင်းဆောင်ရှေ့သွားကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပြီး ဘုရားဂုဏ်တော်ပွား၊ ပုတီးစိပ်၊ မေတ္တာသုတ် (၉)ခေါက်ရွတ်၊ အမျှဝေပြီး မေတ္တာဘာဝနာ ပွားနေလိုက်တယ်။

မောင်သူတော် နေ့စဥ်မပြတ် ခရီးထွက်ချိန်နဲ့ မိုးရွာနေချိန်ကလွဲပြီး အေးချမ်းအောင်မြင် စေတီတော်ကို အမွေးတိုင်၊ ဆီမီးကပ်လှူပြီး လက်ယာရစ်ပတ်ကာ မေတ္တာသုတ် ရွတ်လေ့ရှိပါတယ်။

အဲဒီနေ့ကျမှ စဥ့်ကူးမြို့ ရွှေမုဋ္ဌောစေတီတော်သို့သွားပြီး ပုတီးစိပ်ချင်စိတ်တွေ ထိန်းချုပ်လို့ မရလောက်အောင် သွားချင်စိတ်တွေ တဖွားဖွား ပေါ်နေတာနဲ့ မောင်သူတော်ကို ထမင်းချက်ကျွေးနေတဲ့ အသက်(၅၉)နှစ်အရွယ်ရှိတဲ့ ဒေါ်ခင်သန်းရွှေကို အကျိုးအကြောင်းပြောပြီး အမွေးတိုင်၊ ဖယောင်းတိုင်ယူ၍ ဆိုင်ကယ်ဖြင့် ရွှေမုဋ္ဌောဘုရားကို သွားတယ်။

**"အရဟံ ဗုဒ္ဓေါ"** ဂုဏ်တော်ပုတီး (၄၅)ပတ်စိပ်ပြီး မေတ္တာပို့ ပြုလုပ်သမျှ ကုသိုလ်ဘာဝနာတွေကို (၃၁)ဘုံသားတွေအား အမျှဝေပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို လက်ယာရစ်ပတ်ကာ မေတ္တာပို့ပြီး စကြံတောင်ပေါ်ကို ပြန်လာခဲ့တယ်။

တောင်ပေါ် ရောက်ရောက်ခြင်း ဒေါ်ခင်သန်းရွှေက...

'မောင်သူတော် ရွှေမုဋ္ဌောပုတီး သွားစိပ်တာ ကံကောင်းသွားတာပဲ'

လို့ ပြောတယ်။

'ဘာဖြစ်လို့လဲ'

လို့ မောင်သူတော်ကမေးတော့...

အေးချမ်းအောင်မြင် စေတီရင်ပြင်ပေါ်မှာ ခွေးတွေက တအားထိုးဟောင်နေတာနဲ့ အဘိုးလွမ်းမောင်က သွားကြည့်တာ (၄)လက်မလောက် လုံးပတ်ရှိတဲ့ မြွေပွေးတစ်ကောင်ကို တွေ့လိုက်တယ်။

မောင်သူတော်သွားပြီး ခဏနေတော့ မြွေပွေးကြီးကို တွေ့တော့တာပဲတဲ့။ မောင်သူတော်ထိုင်ပြီး ဘုရားကန်တော့နေကျ နေရာလေးမှာ တွေ့တာဆိုတော့ မောင်သူတော်အတွက် အန္တရာယ်ကြုံနိုင်တာပေါ့။

အခုတော့ မောင်သူတော်က ဂုဏ်တော်ပွားများနေတဲ့ အကျိုးတွေကြောင့် အန္တရာယ်က လွတ်ကင်းခဲ့ရတာပါ။ ဂုဏ်တော်တန်ခိုးကြောင့် နတ်ကောင်း နတ်မြတ်တွေက မတွေ့ကြုံရအောင် ရွှေမုဋ္ဌောစေတီကို ပုတီးသွားမစိပ်ရင် တွေ့မှာပဲ။ သွားစိပ်ဖြစ်အောင် တိုက်တွန်း နှိုးဆော်ပေးကြတာပါ။

ဒါကြောင့် စာဖတ်ပရိသတ်လဲ မောင်သူတော်လို ဂုဏ်တော်တန်ခိုးကြောင့် အန္တရာယ်ကင်းကြပါစေလို့ ဆန္ဒပြုလျက်...

**စကြံတောင်သူတော်**
**(စဥ့်ကူးမြို့နယ်)**

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

*မေတ္တာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



# မြှုပ်ပြ တစ်ကျွမ်းတော

ရောင်နီဦး

ကျွန်ုပ်တို့ (၃၁)ဘုံလောကတွင် သိုက်တုမ္ပိဆက်များသည်လည်း တစ်ခု အပါအဝင် ဖြစ်ပါသည်။ ထိုသိုက်စောင့်များကို သိုက်အလိုက် အဓိက နှစ်မျိုး ခွဲထားနိုင်ပါသည်။

ပထမတစ်မျိုးမှာ နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားရှင်အတွက် လှူဒါန်းရန်ထားသော ရွှေငွေ ကျောက်သံပတ္တမြား များကို စောင့်နေရသော တန်ခိုးကြွဒ္ဓိပါဒ် အနည်းငယ် ရှိသော အစောင့်၊ ဒုတိယ တစ်မျိုးမှာ မိမိ၏ ဥစ္စာကို တပ်မက်၍ သေလျှင် မကျွတ်လွတ်ဘဲ အစောင့်အရှောက် ဖြစ်နေ သူများ ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။

"လူ"ဟူသည်ကား လောဘသားများဖြစ်၍ ရှိသည်နှင့် မရောင့်ရဲဘဲရမည်ဆိုလျှင် ဘနဖူးပင် သိုက်တူးမည့်သူများ ဖြစ်ကြ၏။ သာသနာသိုက်ဟု သိသော်လည်း ကြောက်ရွံ့မှု မရှိဘဲ လက်ရှိဘဝ ချမ်းသာရန် ဖြတ်လမ်း တစ်ခုအဖြစ် သိုက်တူးကြသည်။

ထိုသို့ သိုက်တူးကြရာတွင်လည်း များစွာသော အခက်အခဲများကို ရင်ဆိုင်ရပြီး အနည်းငယ်သော သိုက်ကန်းများကိုသာ တစ်ခါတစ်ရံ ရတတ်ကြသည်။

အရာရာတွင် ပညာသည် အရေးကြီးလှသည်။ ထို့ပြင် စည်းကမ်းမှာလည်း သိုက်တူးရာတွင် အသက်ထက် အရေးကြီးလှသည်။ ပညာလေး မတတ်တစ်ခေါက်နှင့် သွားစမ်းပါက သေလျှင်သေ မသေလျှင် ရူးကြသည် မှာ များသည်။

ယခု အောက်တွင် ဖော်ပြမည့် အကြောင်းအရာသည် အမှန်တကယ် လောဘထား သိုက်တူးခဲ့သူများ၏ ဖြစ်ရပ်ဖြစ်သည်။

ဖြစ်ပြီးသော ဖြစ်ရပ်ဟောင်းအား ချေးခြောက် ရေနွေးသလို ဖြစ်သော်လည်း စာဖတ်သူများ ဗဟုသုတ တိုးပွားစေရန် ရည်သန်လျက် ရေးလိုက်ရခြင်း ဖြစ်ပါသည်။

* * *

**ကာလအားဖြင့် ဂျပန်ခေတ် ကုန်လောက်တွင်** ခေတ်ပျက်၍ ဆင်းရဲကြရသော ပြည်သူတို့သည် ဖြတ်လမ်းနှင့် ချမ်းသာမည့် နည်းများကို အရှူးအမူး ရှာဖွေခဲ့ကြသည်။

ထိုအထဲတွင် (...)မြို့မှ ထွန်းအောင်သည်လည်း ချမ်းသာချင်သည့်မှာ အရူးအမူးဆုံး ဖြစ်ခဲ့သည်။ ထို့ကြောင့် လူတိုင်း ကြောက်ရွံ့သော ဘုရားသိုက်ကို ရအောင် တူးဖော်မည်ဟု ကြံစည်ခဲ့သည်။ သိုက်တူးနိုင်မည့် ပညာရပ်များ

www.burmeseclassic.com

လည်း လေ့လာဆည်းပူးထားသည်။

ထွန်းအောင်တွင် အားကိုးရသော တပည့်ကျော် မောင်ပုသည်လည်း လက်စွဲဖြစ်ခဲ့သည်။ ဆရာတပည့် နှစ်ဦးသည် ရက်မြတ်နေ့သာကို ရွေးပြီး အုန်းပွဲ၊ ငှက်ပျောပွဲများကို ယူပြီး သိုက် တူးရန် နေရာသို့ တက်ကြွသော ခြေလှမ်းများဖြင့် သွားခဲ့ကြသည်။

သိုက်တူးရန်နေရာ ချုံစီးနေသော သရက်ပင်ကြီးခြေရင်းသို့ သွားပြီး ချုံရှင်း စည်းဝိုင်း ဝိုင်းပြီး သိုက်စောင့် များကို ဖမ်းချုပ်လိုက်ကြသည်။ **(စာကြွင်း ။ ။ ထိုသရက်ပင်ကြီး နေရာတွင် ယခု တတ်အားပေးစက်ရုံ ရှိပြီးဖြစ်သည်။)**

ပြီးလျှင် ဆရာထွန်းအောင်သည် တပည့်ကျော် မောင်ပုကို မည်သည့် အကြောင်းနှင့်မျှ စည်းဝိုင်းအပြင်သို့ မထွက်ရ၊ ထွက်လျှင် မင်းသေမယ်ဟု ပြောခဲ့သည်။

ယခု သူတို့ တူးနေသော သိုက်သည် **"ပြဒါးပြာ တစ်ကွမ်းစား"**အမည်ရှိ သော သိုက်ဖြစ်သည်။

**"ပြဒါးပြာ တစ်ကွမ်းစား"** ဆို သော ဝေါဟာရကို စာဖတ်သူများ သိနိုင်ရန် ရှင်းပြပါဦးမည်။ ယခု ထွန်းအောင်တို့ သွားနေသော သိုက် တွင် သပိတ်တစ်လုံး ရှိသည်။

ထိုသပိတ်သည် ပြာများဖြင့် ပြည့် လျှံနေသည်။ ကြေးထည် ပစ္စည်းများကို ဒယ်အိုးထဲတွင် ထည့်၍ ကျိုပြီး ထို သပိတ်ထဲရှိ ပြာကို ကွမ်းရိုးဖြင့်တို့၍ ထည့်လိုက်လျှင် ဒယ်အိုးထဲတွင်ရှိ သော ကြေးများသည် အခေါက်ရွှေ ဖြစ်သွားသည်ဟု ဆိုသည်။

ဆရာတပည့်နှစ်ဦးသည် နံနက်ပိုင်း မှ စ၍ တူးခဲ့ရာ မွန်းတည့်ချိန်သို့ပင် ရောက်လာခဲ့ပေပြီ။ တူးခဲ့သော



အတောင်လည်း နှစ်ဆယ်၊ သုံးဆယ် တိုင်ခဲ့ပြီ။ အောက်ရှိ ကျောက်ဖျာ တစ်ချပ် ခံနေ၍ ဆက်လက်၍ တူးဖော် မရနိုင်တော့ပေ။

သပိတ်ကား ထိုကျောက်ဖျာ အောက်တွင် ရှိနေသည်။ ဆရာတပည့် နှစ်ဦးလည်း ဝမ်းမြောက်ဝမ်းသာ ကျောက်ဖျာကို ထုခွဲနိုင်ရန် ကြိုးစား နေစဉ်တွင် ရေများ ပန်းထွက်လာခဲ့ သည်။

ဆရာဖြစ်သူ ထွန်းအောင်ကတော့ သူတို့အမှားကို ချက်ချင်း သိလိုက် သည်။ ထို့ကြောင့် တပည့် မောင်ပု ကို...

'ဟေ့ကောင်... တွင်းပေါ် အမြန် တက်'

ဆိုပြီး ဆွဲတင်ထားလိုက်ပါသည်။

မကြာမီအချိန်မှာပဲ တွင်းတစ်ခုလုံး ကို ရေတွေပြည့်လျှံသွားသည်။ ကျောက်ဖျာကို ထုခွဲရန် ဘယ်လိုမှ မတတ်နိုင်တော့ပါ။ ဒါကြောင့် စားခါနီး မုန့် လုလုခံရသလို မခံချိ မခံသာနှင့် တက်ခေါက်ပြီး ပြန်ရန် ပြင်ရတော့ သည်။

မပြန်ရှိလည်း မဖြစ်တော့ပါ။ နေက လည်း ဝင်လုပြီကိုး။ အပြန်လမ်းမှာ တပည့်က...

'ဆရာ ဘာဖြစ်လို့ ရခါနီးမှ ရေတွေ ထွက်လာရသလဲ'

မေးလိုက်သည်။ ဆရာက...

'အေး... ဘာကြောင့်လဲဆိုတော့ ငါ မေ့လျော့ပြီး မြို့စောင့်နတ်ကို ဖမ်းချုပ် ထားလိုက်ဖို့ မေ့သွားတယ်၊ လောဘ ကြီးသွားတာလဲ ပါတာပေါ့။ ပြီးတော့ နောက်တစ်ခါ တူးလို့လဲ မရတော့ဘူး။ သိုက်က ပြောင်းသွားပြီကွ'

ဆရာတပည့်နှစ်ဦး ရွာက မိမိအိမ် ရှေ့သို့ ရောက်သည့်အခါ အိမ်ထက် မှာ ပိုင်စိုးပိုင်နင်း ထိုင်နေသည့် ဘီလူး နှစ်ကောင်ကို ဆရာတပည့်နှစ်ဦး မြင်လိုက်ရသည်။ သူတို့ ရွာရောက် သွားသည့် အချိန်က ညမိုးချုပ်နေပြီ ဖြစ်၍ ကျေးရွာသဘာဝ စောစော အိပ်ရာဝင်နေကြပြီဆိုတော့ အိမ်တွေ ကလည်း တံခါးပိတ်ထားကြပြီ။

ဒီတော့ ဆရာထွန်းအောင်သည် လမ်းပေါ်က သဲတစ်ဆုပ် ကောက်ယူ ပြီး ဂါထာမန်းမှုတ်ကာ ဘီလူးတွေဆီ သို့ ပစ်လိုက်သည်။

ဒီအချိန်မှာပဲ အိမ်ထဲမှာ အိပ်နေသည့် မိသားစုဝင်တွေသည် နိုးလာပြီး တံခါး ဖွင့်ကာ "အောင်မြင်သလား"ဟု မေးမြန်းကြသည်။

ဆရာထွန်းအောင်က စိတ်ပျက် ပျက်နှင့် "ဘယ်က အောင်မြင်ရမှာလဲ ကံကောင်းလို့ မသေတာယ်" ဟုသာ ပြောကာ "ဒီတစ်သက် ဘယ်တော့မှ သိုက်မတူးတော့ဘူး"ဟု စိတ်တုံးတုံး ချလိုက်ပါတော့သတည်း။

ရောင်နီဦး



www.burmeseclassic.com

www.burmeseclassic.com





# မြင်သိခဲ့ရ၍

## ယုံကြည်မိပါသည်

## သားဖွားမန္တန်နှင့် အစီအရင်

ရေနံ့ဝင်းကြယ်လေး
(နတ်မောက်)

တစ်ခါတစ်ရံတွင် မြန်မာ့ခေလေ့ ရှေးဟောင်းရိုးရာ ဂါထာမန္တန် ဆေးပညာသည် မယုံကြည်နိုင်လောက်အောင် အံ့သြစရာ ကောင်းလှပါသည်။

ယခု ကျွန်ုပ်တင်ပြလိုသော အကြောင်းအရာသည် ထို မယုံကြည်နိုင်လောက်သည့် အနေအထားကို လက်တွေ့ သိမြင်ကြားခဲ့ရသဖြင့် ယုံကြည်မိပါတော့သည်။

**အဖြစ်အပျက်မှာ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဖြစ်ပါသည်။**

လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ကျွန်ုပ်တို့ ဌာနဆိုင်ရာ ဝန်ထမ်းအချို့ ပေါင်းစည်း၍ ကျေးလက်နယ်ရွာများသို့ စစ်ကြောင်းဆင်းခဲ့ရပါသည်။

ဒဟတ်တန်းရွာသို့ ရောက်သွားရာ ရွာသူကြီး၏နေအိမ် အနောက်ဘက် တစ်အိမ်တွင် ကျေးရွာမှ လူအချို့နှင့် မိန်းမကြီးများ အုန်းအုန်းကျွက်ကျွက် ဖြစ်နေသည်ကို တွေ့မြင်ရပါသည်။

''ဘာဖြစ်နေတာလဲ''ဟု လေ့လာကြည့်ရာ သားဦး ကိုယ်ဝန်ဆောင် အမျိုးသမီး မီးဖွားရ ခက်ခဲနေကြောင်း ပြောပြ၍ သိရှိပါသည်။

ကျေးလက် အရန်သားဖွားဆရာမလေးလည်း ရှိနေပြီး ကိုယ်ဝန်အနေအထား မှန်ကန်ကြောင်း၊ ကလေးထွားနေပြီး အပျိုဗိုက် သားဦးပထမဆုံးမို့ ခက်နေတာဖြစ်ကြောင်း စသဖြင့် သိရပါသည်။ ထိုစဉ် ကြားလိုက်ရသည်မှာ...

'ကဲအေ... အဘဦးစံထွန်းကို သွားပင့်နေပါပြီ။ အဘလုပ်ပေးလို့မှ မဖွားရင် နောက်တစ်နာရီဆို မြို့ဆေးရုံသွားတာပေါ့'

ဟု မိန်းမကြီးတစ်ဦးက ခပ်ကျယ်ကျယ် အော်ပြောလိုက်သဖြင့် အားလုံး ငြိမ်တိတ်သွားပါသည်။

'အဘ ဦးစံထွန်းဆိုတာ ဘာလဲ၊ ဆေးဆရာကြီးလား'

ဟု ကျွန်ုပ်မှ ရွာသားတစ်ဦးကို ကပ်မေးရာ ထိုရွာသားက ကျွန်ုပ်အား တိုးတိုးရှင်းပြသည်မှာ...

'ဆေးဆရာလို့ပဲ ပြောရမလား မသိဘူးဗျာ၊ ဆေးဝါးလဲ မကိုင်ဘူး။ ဘာရောဂါဖြစ်ဖြစ် ရေကို မန်းပေးပြီး သောက်စေ လိမ်းစေ ရှူစေတာပဲ။ ပျောက်ကင်းသူတွေ များတော့ အဘကို သွားပင့်ကြတာပဲ။

ဘာငွေကြေးမှလဲ ယူတာမဟုတ်ဘူး။ သူ လာပင့်ရင် ဆေးလိပ်မသောက်ရဘူးတဲ့ မှာ ဘယ်မှ မဝင်ရဘူး။ တစ်ခေါက်တည်း လျှောက်လာရတယ်။

ရောဂါဝေဒနာ သက်သာပျောက်ကင်းလို့

www.burmeseclassic.com

လူနာက ကန်တော့ချင်ရင် ဂွက်ပျောသီး၊ သရက်သီး စတာလေး ကန်တော့ရင် လက်ခံတယ်။

ဘုရားပူဇော်ဖို့ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ် ကန်တော့ရင် ယူတယ်။ ငွေကြေးလာကန်တော့လို့က ပေါက်လွှတ်၊ ပြောဆိုလွှတ်လိုက်တာပဲ။

အသက်က ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးပါးပဲဗျ။ အသား,ငါး မစားတာ အသက်သုံးဆယ်လောက်ကတည်းကလို့ ကြားဖူးတယ်။ အသီးအရွက်တော့ အစုံစားတယ်၊ တစ်ခါတလေ ထမင်းတောင် မစားဘူး။ မာလကာသီး၊ သရက်သီး၊ ဂွက်ပျောသီး၊ ရွှေဖရုံသီးပြုတ် ဆီ,ဆားနဲ့ တို့စားတာဗျ'

ကျွန်ုပ် လေးစားကြည်ညိုမိရပါသည်။ ကျွန်ုပ်တို့ ပြောဆိုနေစဉ်မှာပင် အဘ ဦးစံထွန်းဆိုသူ ရောက်လာပါသည်။

အရပ်ခြောက်ပေနီးပါးမြင့်ပြီး ခါးဆန့်ပါသည်။ လုံးဝ ကုန်းခြင်း၊ ကိုင်းခြင်း မရှိပါ။ နဖူးရေအူးရေ ကောင်းသည်။ မျက်လုံးစူးရှပြီး အရောင်လက်နေသည်။

အရွယ်တော် အရွယ်ကောင်းများလို ဖျတ်ဖျတ်လတ်လတ် သွားနိုင်လှုပ်ရှားနိုင်သည်။ ရောက်သည်နှင့်ပင်...

'ကိုယ်ဝန်ဆောင်ကလေးမ ဆောင်းတဲ့ ထီးပေးစမ်း'

ဟု တောင်းကာ ဘုရားစင်ရှေ့ သွားပြီး ရှိခိုးဝတ်ပြုကာ ထိုထီးကို ကိုင်ပြီး နှုတ်မှ တရွရွ ရွတ်ဆိုနေသည်။

ဂါထာမန်းမှုတ်နေသည်ဟု ကျွန်ုပ် ယူဆမိပါသည်။ ငါးမိနစ်ခန့်ရှိသောအခါ ဘုရားစင်ရှေ့မှ အသာထလာပြီး ထီးကို ဖွင့်ပါသည်။

'ပေးစမ်းဟေ့ သောက်ရေသုံးခွက်'

ထို့နောက် သောက်ရေကို ဖွင့်ထားသော ထီးပေါ်မှ လောင်းချပြီး အခြားသူ



သုံးယောက်က လက်ပြန်(လက်နောက်ပြန်) ခံယူစေပါသည်။

ထို့နောက် ထီးကို ဖွင့်လျက် ဘုရားစင်ရှေ့တွင် ချထားပါသည်။

'ဒီရေကို ပထမတစ်ခွက်တိုက်လိုက်၊ ခဏစောင့်ကြည့်၊ နောက်တစ်ခွက်တိုက်၊ စောင့်ကြည့်၊ နောက်ဆုံးတစ်ခွက်တိုက်၊ သုံးခွက်ထိတိုက်ရတာ ရှားပါးတယ်၊ တစ်ခွက်၊ နှစ်ခွက်နဲ့ ဖွားပါတယ်။

သုံးခွက်တိုက်လို့မှ မဖွားရင် ဝမ်းထဲက ကလေးဟာ သေနေတာ၊ မီးဖွားပြီးရင် ထီးကို ချက်ချင်းပိတ်ကြ၊ ဘုရားစင်အောက်မှာပဲ ထောင်ထားလိုက်'

ထိုသို့ လိုရင်းပြောပြီး နောက်ပြန်မကြည့်ဘဲ ပြန်သွားပါသည်။ တကယ်ပင်ဖြစ်ပါသည်။

တကယ်ပင် အဘဦးစံထွန်းပြောသော ရေသုံးခွက်မှ နှစ်ခွက်တိုက်ပြီးချိန်တွင် ထိုသားဦး ကိုယ်ဝန်ဆောင်မိန်းကလေးမှာ ချောမောအဆင်ပြေစွာ မွေးဖွားနိုင်ပါလေသည်။

ကျွန်ုပ် လွန်စွာ အံ့သြဘနန်း ဖြစ်ခဲ့ရပါသည်။ အဘဦးစံထွန်းထံ သွားတွေ့မေးရန်လည်း ဆုံးဖြတ်လိုက်မိပါသည်။

နောက်နေ့နံနက်တွင် ကျွန်ုပ်မှ အဘဦးစံထွန်းအိမ်လိုက်ပို့ရန်၊ အဘထံမှ ပညာဗဟုသုတနှင့် မနေ့က မီးဖွားစေသည့် အစီအရင် ပညာရပ်ကို မေးလိုကြောင်း ရွာလူကြီးထံပြောရာ ရွာလူကြီးက အဘဦးစံထွန်း၏ တူတော်သူ ဆယ်အိမ်ခေါင်းဦးစိန်ဝင်းဆိုသူကို ထည့်ပေးပါသည်။

ကျွန်ုပ်နှင့် ဦးစိန်ဝင်းတို့ ရောက်သွားသောအခါ အဘသည် သူ့ဝိုင်းမြေထဲမှ စိုက်ခင်းလေးကို ပေါင်းသင်မြေဆွ လုပ်နေသည်ကို တွေ့မြင်ရပါသည်။

လက်ဆေးပြီးနောက် ကျွန်ုပ်တို့နှင့် အတူ အိမ်ရှေ့ ထန်းလက်ပြား ကွပ်ပျစ်တွင် လာထိုင်ကာ ရေနွေးကြမ်း တစ်ခွက် ငှဲ့သောက်ပါသည်။

'ကဲ... မြို့က ဧည့်သည်ထင်ပါ့၊ သောက်ပါ'

'ဟုတ်ပါတယ် အဘ၊ ကျွန်တော် နတ်မောက်ကပါ။ မနေ့က အဘ ပညာလုပ်ရပ်ကို မြင်တွေ့ပြီး စိတ်ဝင်စားလို့ သိချင်လို့ ပါခင်ဗျာ။

ပြောပြ ပညာပေးစေချင်ပါတယ်။ သက်ကြီးစကား သက်ငယ်ကြား ပညာအမွေ လက်ဆင့်ကမ်းပေးပါ အဘ'

ကျွန်ုပ်မှ ထိုသို့ တောင်းတောင်း ပန်ပန် ပြောရာ အဘမှ အတန်ကြာ ပြုံးနေပါသည်။ ထို့နောက်မှ...

'အင်း...အင်း...အင်း... ဒါက ဒီလို ရှိတယ်ကွယ့်။ ပညာလဲ ပညာပေါ့။ ဒီပညာကို သဒ္ဓါ,သမာဓိ,သီလ, ကိုယ်ကျင့်တရားနဲ့ ပေါင်းစပ်ပြီး သုံးရတာပါ။ လောဘနည်းပါး မြိုးမြိမှ အောင်မြင်တာကွယ့်'

'ဟုတ်ကဲ့ အဘ...ပြောပြပါ'

'ကိလေသာနည်းပါးပြီး သီလ, သမာဓိ ပြည့်ရင် ဘယ်ဂါထာ၊ ဘယ်မန္တန်နဲ့ ဆေးကုကု ပျောက်ပါတယ်။ ရေကလဲ ဆေးဖြစ်တာပဲ၊ ထီးကလဲ ဆေးဖြစ်တာပဲ၊ နှယ်မြက်ကလဲ ဆေး

www.burmeseclassic.com

ဖက်ဝင်တာပဲကွယ့်။

**"ကတီသစွာ၊ တည်သောအခါ ဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"** လို့ ဒါကြောင့် ဆိုတာပဲ။

အဘ အသက် သုံးဆယ်လောက်အထိ လောဘ မယုတ်နိုင်ပါဘူး။ ကိလေသာကြီးခဲ့တယ်။ ဝတ်ချင်တာ၊ စားချင်တာ၊ ကြွားချင်တာတွေ သိပ်များခဲ့တာပေါ့။

နောက်တော့ စားလဲခဏ၊ ဝတ်လဲခဏ၊ ကြွားလဲခဏ... ဒီခဏတွေအတွက် ငါ အကုသိုလ် နေ့စဉ် ပွားနေတာပဲလားလို့ ဆင်ခြင်မိပြီး ဝတ်ချင်၊ စားချင်၊ ကြွားချင်တဲ့ စိတ်တွေကို ငယ်နိုင်သမျှ ငယ်အောင် လျှော့ကျင့်ကြိုးကုတ် အားထုတ်ခဲ့တယ်။

ဒီတော့ သမာဓိအား ကောင်းလာတယ်။ သမာဓိအားကောင်းတော့ သီလ လုံလာတယ်။ သီလစောင့်ထားပေမယ့် သမာဓိအား ခံနိုင်ရည်အား နည်းပါးရင် သီလကျိုးတော့တာပဲကွယ်'

'ဟုတ်ကဲ့ အဘ... ကျွန်တော် သဘောပေါက်ပါတယ်။ ဆက်ပြောပြပါ အဘ'

'အခု မနေ့ကပေါ့လေ... အဘရဲ့ သီလ,သမာဓိကို ပညာနဲ့ပေါင်းပြီး သတ္တဝါ အသက်ကယ် ကူညီလိုက်တာပဲ။ ဒါ...ပါရမီဖြည့်လိုက်ခြင်းလဲ ဖြစ်တယ်။ ကုသိုလ်လဲရ၊ ပါရမီလဲ တိုးသွားတာပေါ့။

မနေ့က မီးမဖွားနိုင်တဲ့ မိန်းကလေးမျိုးအတွက် **သားဖွားမန်း မန္တန်ရှိတယ်။ အစီအရင် ပြုလုပ်ပုံတော့** လူလေး သိပြီး မြင်ပြီးတဲ့ အတိုင်းပေါ့။

'မိန်းမဆောင်း ထီးတစ်လက်တောင်း အထူးသဖြင့် အဲဒီမိန်းကလေး အမြဲသုံးတဲ့ ထီးဆို ပိုကောင်းတယ်။ နောက် အဲဒီမိန်းကလေး ဝတ်ထားတဲ့ လက်ဝတ်လက်စား (နားတောင်း၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး)တွေ ချွတ်ထားရတယ်။ ကျွတ်လွတ်တဲ့သဘော ယူတာ။

မိန်းကလေးသုံးတဲ့ ထီးကိုယူပြီး ဘုရားစင်ရှေ့မှာ သီလ,သမာဓိနဲ့ ရှိခိုးဝတ်ပြုပြီးရင် ဖွင့်တဲ့,ပွင့်တဲ့ တတ်သဘောအရ ထီးကိုဖွင့်ဖွင့်ပြီး ဒီမန္တန်နဲ့ သုံးဆယ့်ခုနစ်ခေါက်မန်း။

"ဥုံ ငါကား ပုဏ္ဏက၊ နင်ကား ထီးချက်စောင့် ငါလဲ ပုဏ္ဏက၊ နင်ထီးချက်စောင့် ဖောက်ထိုးမိုးမျှော်၊ ဆင်းဆရာဆင်း၊ ကျဆရာကျ"

အဲဒီမန္တန်နဲ့ သုံးဆယ့်ခုနစ်အုပ်မန်းပြီးရင် ထီးပေါ်ကနေ သောက်ရေသုံးခွက် လောင်းချပြီး လူသုံးယောက်က ခွက်သုံးခွက်နဲ့ လက်နောက်ပြန်ခံယူပြီး ဆေးအဖြစ်တိုက်လိုက်၊ အမြန်မီးဖွား၊ သားဖွားတာပဲ။

မီးဖွားပြီးရင် ကလေး အပြင်ရောက် ချက်ကြိုးဖြတ်ပြီးရင် ချက်ချင်း ထီးကိုပြန်ပိတ်။ မပိတ်ရင် သားအိမ်ပါ လျှောကျလာတတ်တယ်။ အဲလောက် ထက်မြက်တယ်ကွယ့်'

'တကယ့်ကို လေးစားအားထားရတဲ့ ပညာရပ်ပါပဲ အဘရယ်'

'အေး... ပညာချည်း မဟုတ်ဘူး။ စီရင်ဆောင်ရွက်သူရဲ့ သီလ,သမာဓိလဲ လိုတယ်။ စီရင်ပေးသူက ကိလေသာကြီးနေသူ ပြည့်နေသူဆိုရင် ထက်မြက်သင့်သလောက် မထက်မြက် မအောင်မြင်ဘူး။ ဒီတော့ ပညာက အလကားဖြစ်၊ လူပြောစရာ လက်ညှိုးထိုးစရာဖြစ်ရော...မှတ်ထား'

'ဟုတ်ကဲ့ အဘ၊ ကျွန်တော် တစ်သက်လုံး မှတ်ထားပါ့မယ်။ အဘကို ကျွန်တော် ကန်တော့ပါတယ်'

အဘဦးစံထွန်းကို ရိုသေကြည်ညိုစွာ ကျွန်တော် ကန်တော့လိုက်မိပါတော့သည်။

**နေမဝင်ကြယ်လေး**
***(နတ်မောက်)***

စာ
ပေ
ပို့
လို့
ရ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့
ဖုန်း-
၀၉-၇၇၆၃၄၉၇၈၆
၀၉-၉၆၈၀၀၄၁၉၂

www.burmeseclassic.com

www.burmeseclassic.com

မြင်ဖူးခဲ့သည့်

# ကရင် ဂမ္ဘီရကျား

စောလေပိုးတိုး
(ကျောက်တံခါး)



ထမံသီကျား၊ သမန်းကျားဆိုသည့် ဂမ္ဘီရကျားများကို ကြားဖူးကြသူ များနိုင်သော်လည်း လက်တွေ့ ကြုံဖူးမြင်ဖူးသူ နည်းလိမ့်မည်ဟု ထင်ပါသည်။ စာရေးသူ တွေ့ဖူးသည့် ဂမ္ဘီရကျားအကြောင်းကို တင်ပြလိုပါသည်။

စာရေးသူတို့ရွာတွင် **ဦးဖားတူးလူး** ဆိုသည့် ကရင်တိုင်းရင်းသားအဘိုးအိုတစ်ယောက်ရှိခဲ့ပါသည်။ ထိုအဘိုးအိုမှာ အသက်(ရ၀)ကျော်ခန့်ရှိပြီး ရွာပြင်တွင် လယ်မြေအချို့ကို ပိုင်ဆိုင်ပြီး ရွာတွင်းတွင် အိုးနှင့်အိမ်နှင့်၊ ခြံနှင့်ဝင်းနှင့် သရက်ပင်၊ အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်၊ ကွမ်းပင်များ ရှိပါသည်။

သို့သော် လယ်များကို သံယောဇဉ်ကြီးသဖြင့် သူ့လယ်ကွင်းအတွင်း လယ်စောင့်တဲ ဆောက်နေထိုင်ပါသည်။ စပါးခင်းများကို ကြည့်ရှုစောင့်ရှောက်နိုင်ရန် ဝါးနက်များကို တိုင်လုပ်ပြီး လင့်စင်တစ်ခု ဆောက်ထားပါသည်။ စာရေးသူတို့ သူ့လင့်စင်ပေါ်သို့ တက်ကြည့်ကြည့်ရာ လူ(သုံး)ယောက် ချောင်ချောင်ချိချိ အိပ်နိုင်အောင် ချောင်ပါသည်။

ဦးဖားတူးလူးကို စာရေးသူတို့ ကလေးများက **တီးဖားတူးလူး**ဟု ခေါ်ပြီး ချစ်ခင်ကြပါသည်။ တီးဖားတူးလူးကလည်း ကလေးများကို ချစ်တတ်ပါသည်။ သူ့တဲတွင် ကြက်များ၊ ဘဲများ မွေးမြူထားပါသည်။ စာရေးသူတို့ ရောက်သွားလျှင် ကြက်သား ဘဲသားများဖြင့် ထမင်းချက်ကျွေးတတ်သဖြင့် ကလေးများ သဘောကျကြပါသည်။

www.burmeseclassic.com

တီးဖားတူးလူးက သူ မွေးထားသည့် ကြက်,ဘဲများကို သူ့တဲသို့ လာသူ တိုင်းလိုလိုကို ချက်ကျွေးတတ်သည့် အပြင် လိုချင်၍ တောင်းလျှင်လည်း ပေးကမ်းတတ်ပါသည်။

သို့သော် ခိုးယူ၍ မရပါ။ ခိုးယူသွားလျှင် သူက ပညာဖြင့် ပြုလုပ်တတ်ပါသည်။ သူက ဘယ်သူခိုးသည်ဟု မစွပ်စွဲဘဲ သူ့နည်းသူ့ဟန်နှင့် ဖော်ထုတ်တတ်သည်။

သူ ဖော်ထုတ်နည်းမှာ ခိုးသွားသူများ၊ ခိုးစားသူများသည် လူလယ်ကောင်ရောက်သွားလျှင် **"ဖင်မှ အောက်အီးအီးအွတ်"** ဆိုသည့် ကြက်တွန်သံ ထွက်လာလေ့ရှိပါသည်။

ဘဲခိုးစားလည်း ထို့အတူပင် ဖင်မှ ဘဲအော်သံထွက်နေသဖြင့် သူခိုးများ လူကြားထဲ အရှက်ကွဲကြပါတော့သည်။ တီးဖားတူးလူးကို ဝန်ချတောင်းပန်လျှင်မူ အသံပျောက်သွားတတ်ပါသည်။

စာရေးသူတို့ ကလေးတစ်စုတွင် စာရေးသူနှင့်အတူ အေးလှိုင်၊ မာယား၊ ပေါက်စီဆိုသည့် သူငယ်ချင်းများတွင် တီးဖားတူးလူးက စာရေးသူကို ပိုချစ်ပါသည်။ ပို အလိုလိုက်တတ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ စာရေးသူက တီးဖားတူးလူးကို သိုးမွေးလောင်းကွတ် အင်္ကျီ တစ်ထည် ပေးထား၍လည်း ဖြစ်နိုင်ပါသည်။

စာရေးသူတို့ရွာမှာ ရန်ကုန်–မန္တလေး ကားလမ်းနှင့် (၄)၊(၅)မိုင်ခန့် ဝေးပါသည်။ ထိုကားလမ်းသို့သွားပြီး ဂျပန်အဝင် အင်္ဂလိပ်အပြေးခေတ်ဖြစ်၍ အင်္ဂလိပ်စစ်သားများက ကားကြီး,ကားငယ်များနှင့် ရန်ကုန်ဘက်က ဆုတ်ပြီး မန္တလေးဘက်သို့ ထွက်ပြေးကြရပါသည်။

ထိုစစ်ကားများကို စောင့်ပြီး ရွာအိမ်



မှ ကြက်များကို ဖမ်း၍ ကားလမ်းပေါ်က စောင့်ကာ မြှောက်ပြကြရပါသည်။ ထိုအချိန် စစ်သားများက ကြက်သားစားချင်သဖြင့် သူတို့တွင်ပါသည့် အင်္ကျီများ၊ ဘောင်းဘီများ၊ ချောကလက်ဘူးများ၊ ဝက်သားဘူး၊ အမဲသားဘူး၊ ပဲဘူး၊ နို့ဆီဘူးများနှင့် လဲလှယ်ကြပါသည်။

လဲလှယ်သည့်နေရာမှာ **ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ယခု ဘာဘူကုန်းရွာနှင့် သူဌေးကုန်းရွာ ထိပ်**တွင်ဖြစ်သည်။ တစ်ခါတစ်ရံ လေထီး မိုးကာစများ၊ အနွေးထည်များ ပါ ရတတ်ပါသည်။ ကလေးပီပီ ချောကလက်ဘူးများကို စားရပြီး အဝတ်အစားများမှာ လူငယ်များနှင့် မတော်သဖြင့် လူကြီးများကို ပေးအပ်ကြပါသည်။

အဝတ်အထည် ရှားပါးသည့် ခေတ်အခါဖြစ်၍ စစ်ပြေးအင်္ဂလိပ်များ ပေးခဲ့သည့် အဝတ်များကို အသုံးပြုကြရပါသည်။ ထိုအဝတ်များထဲမှ သိုးမွေးလောင်းကွတ်ကြီး တစ်ထည်ကို တီးဖားတူးလူးကို ပေးခဲ့ရာ တီးဖားတူးလူးက စာရေးသူကို အလွန်ကျေးဇူးတင်ပြီး ပိုခင် ပိုချစ်နေခြင်းဖြစ်ပါသည်။

နောက်ပိုင်းတွင် တီးဖားတူးလူးက သူ့ခြံရှိ ကြက်များကို ပေး၍ လဲနိုင်းခဲ့ရာ ရရှိသည့် အသားဘူးများကို ပေးခဲ့သဖြင့် တီးဖားတူးလူးမှာ ဝက်သားဘူး၊ အမဲသားဘူးများ စားရ၍ ကျေနပ်လျက် ရှိပါသည်။

တစ်နေ့တွင် စာရေးသူတို့ သူငယ်ချင်းတစ်စု သူ့လယ်တဲသို့ ရောက်သွားပြီး စကားစမြည် ပြောဖြစ်ပါသည်။ စာရေးသူက ပိုရင်းနှီးသူဖြစ်၍...

'တီးဖားတူးလူးရာ ကိုယ့်ကြက်ခိုးစားတဲ့လူတွေကို သေအောင် လုပ်ပစ်ပါလား'

'ငါ့မြေးရ... တို့ကရင်တိုင်းရင်းသားက ကိုယ့်ကို မျက်ရည်ပေါက်ကြီးငယ် ကျအောင် လုပ်မှ စိတ်နာတယ်၊ စိတ်နာတာတောင် တစ်ကြိမ် နှစ်ကြိမ်ထိ သည်းခံတယ်၊ သုံးကြိမ်ကျမှ စိတ်နာပြီး တန်ပြန်တတ်တယ်၊ ခုဟာက သူတို့ခိုးတာ ငါ့စီးပွားရေး ဆုတ်ယုတ်သွားတာ မဟုတ်ဘူးလေ၊ အပျော် ခိုးချက်စားကြတာ ဆိုတော့ တီးကလဲ ပျော်စရာ ပြက်စရာ ဖြစ်အောင်သာ လုပ်တာပါ'

'ဟုတ်ပါတယ် ဒီလူတွေ လူကြားထဲ ရောက်မှ သူတို့ဖင်က ကြက်တွန်သံ ထွက်နေတော့ ရယ်စရာကြီးပေါ့၊ တီးကြက် ခိုးစားတဲ့လူဆိုတာ သိသွားတာပေါ့၊ တီးပညာ့ထဲမှာ ဒီထက် ထူးခြားတာတွေ လုပ်စရာရှိသေးရင် လုပ်ပြပါဗျာ'

'အေး...ထူးဆန်းတာ တွေ့ချင်ရင် ငါ့မြေးတို့ နောက်နေ့လာရင် **အုန်းသီး တစ်လုံး၊ ငှက်ပျောနှစ်ဖီး၊ ကွမ်းယာ တစ်ယာ၊ ဆေးမထည့်နဲ့ ယူခဲ့၊ ငှက်ပျောလဲ နှစ်ဖီးပဲ၊** ငါ့မြေးတို့အိမ်က မယူခဲ့ပါနဲ့၊ တီးအိမ်က ယူခဲ့။တီးသား တွေကိုပြော၊ နတ်တင်ဖို့ဆိုရင် သူတို့ လုပ်တတ်တယ်'

'ဟုတ်ကဲ့ တီးတီး'

နောက်တစ်နေ့နံနက်တွင် သူငယ်ချင်းတစ်စု အုန်းသီး ငှက်ပျောသီးကို

www.burmeseclassic.com

ထမ်း၊ ကွမ်းယာပါ သယ်ပြီး တီးဖားတူးလူးတဲသို့ ရောက်သွားသည်။ တီးဖားတူးလူးက ရောက်ရောက်ချင်း ကရင်စကားဖြင့် နှုတ်မှ ရွတ်ပြီး နတ်တင်ပါသည်။ ရွတ်ဆိုပြီး အတန်ကြာမှ…

'ကဲ…ငါ့မြေးတွေ လင့်စင်ပေါ်တက်နေကြ၊ မလှုပ်ကြနဲ့၊ ကြည့်နေ တော်တော်ကြာတော့ လာလိမ့်မယ်'

ဟု ပြောသဖြင့် သူငယ်ချင်းတစ်စု ဆယ်တောင်ခန့်မြင့်သည့် လင့်စင်ပေါ်သို့ တက်နေလိုက်ပါသည်။

အားလုံးငြိမ်နေပြီး ဘာမြင်ရမှာလဲ ဟု ဘာလာမှာလဲ စဉ်းစားရင်း တဲအပြင် လယ်ကွင်းပြင်ကို ကြည့်နေကြပါသည်။ မကြာပါ လယ်ကွင်းပြင်ရှိ ရေမျှား တဖွားဖွားနှင့် သတ္တဝါတစ်ကောင် ပြေးလာသည်ကို မြင်နေရပါသည်။

အဝေးမြင်ကွင်းက မသဲကွဲပါ။ နီးလာသောအခါမှ ကျားတစ်ကောင်မှန်း သိလာရပါသည်။ ကျားသည် ကန်တော့ပွဲရှိရာ တဲဆီသို့ တန်းတန်းမတ်မတ် ဝင်သွားပါသည်။ တီးဖားတူးလူးက လှောင်ထားသည့် ကြက်သုံး, လေးကောင်ကို လွှတ်ကျွေးနေသည်ကို မြင်ရပါသည်။

ကြက် သုံး, လေးကောင်ကုန်မှ တီးဖားတူးလူးက ကရင်စကားဖြင့် မည်သို့ ရွတ်လေသည်မသိ ကျားကြီးက လာလမ်းအတိုင်း ပြန်ပြေးသွားပါသည်။ မပြန်ခင် လင့်စင်ပေါ်သို့ မော့ကြည့်သွားပါသေးသည်။


ကျားပြန်သွားပြီး အတန်ကြာမှ တီးဖားတူးလူးက ငါ့မြေးတွေ ဆင်းခဲ့တော့ ခေါ်၍ ဆင်းလာရသော်လည်း လင့်စင်ကို မော့ကြည့်သွားသည့် ကျားကြီး၏ပါးစပ်ကို ယနေ့တိုင် မြင်ယောင်နေမိပါသေးသည်၊

စာရေးသူနှင့်အတူ ကရင်ဂမ္ဘီရကျားကြီးကို မြင်ရသူများမှာ **အေးလှိုင် (ကျောက်တံခါးမြို့နယ်၊ ပဲခူးယ်ကုန်းမြို့အနီး၊ ခင်ကြီးရွာတွင် ကျောင်းအုပ်ဆရာလုပ်ခဲ့ပြီး ခင်ကြီးစံပြစိုက်ခင်းကြောင့် စစ်အစိုးရလက်ထက်တွင် ဂျပန်နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့ရအောင် ကံကောင်းခဲ့သော်လည်း ကံဆိုးစွာဖြင့်ပင် ခင်ကြီးရွာတွင် ကွယ်လွန်သွားရှာပါသည်။)**

**မာယားမှာ** စာရေးသူတို့ရွာ နွားရေချောင်းတွင် လက်ရှိနေထိုင်ပါသည်။ **ပေါက်စီ(ခ)ကျော်ဦးမှာ** စာရေးသူနှင့်အတူ စစ်တပ်ထဲဝင်ခဲ့ရာမှ **ဗိုလ်မှူးကျော်ဦး(ငြိမ်း)**အဖြစ် **အေးသိဒ္ဓိလမ်း၊ အင်းစိန်ရွာမ အင်းစိန်မြို့**တွင် နေထိုင်လျက်ရှိပါကြောင်း ဖြစ်ရပ်မှန်ကို တင်ပြအပ်ပါသည်။

**စောထေပိုးတိုး**
***(ကျောက်တံခါး)***

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၄၂ |
| **ဇူလိုင်လ** | + ၇ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၃၆၆ = ၁၇ = ၈ |

**အကြိမ်, လ, ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင်ပေါင်းပါက "**၈**" ဂဏန်း ရသည်။ သို့ဖြစ်၍ **၃,၅,၇,၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၃,၅,၇,၈** ဂဏန်းများပင် ထိပ်ဆုံးဂဏန်းများအဖြစ် ရွေးချယ်ပါ။

ဥပမာ

| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
|---|---|---|---|
| ၃…၃ | ၅…၃ | ၇…၃ | ၈…၃ |
| ၃…၅ | ၅…၅ | ၇…၅ | ၈…၅ |
| ၃…၇ | ၅…၇ | ၇…၇ | ၈…၇ |
| ၃…၈ | ၅…၈ | ၇…၈ | ၈…၈ |

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် **၅,၇,၈** ဂဏန်းများများ ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၇ + ၂ + ၀ + ၁ + ၇) = ၁၇ = ၈ ရသည်။ သို့ဖြစ်၍ "**၈**"ဂဏန်းမှာ ပို၍ အားကောင်းပါသည်။ သို့ဖြစ်၍…



| စ… | ဆုံး |
|---|---|
| ၃… | ၃၊ ၅၊ ၇၊ ၈ |
| ၅… | ၅၊ ၇၊ ၈၊ ၃ |
| ၇… | ၇၊ ၈၊ ၃၊ ၅ |
| ၈… | ၈၊ ၃၊ ၅၊ ၇ |

ဤလတွင် **ဗုဒ္ဓဟူးသားသမီးများ** ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိတို့ဒေသရှိ ရှေးဟောင်းရုပ်ပွားတော်ကြီးတစ်ဆူ ရှေ့တွင် သစ်သီး(၃)မျိုး ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မိမိသက်စေ့ ပူဇော်ပြီး အဓိဋ္ဌာန် (၅)ရက် ဝင်ရန် ဖြစ်ပါသည်။

ထိုအဓိဋ္ဌာန် ပြီးပါက နီးစပ်ရာ သက်ကြီးရွယ်အို(၃)ဦးအား ဆေးဝါးအာဟာရ တတ်နိုင်သမျှ လှူဒါန်းပေးရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၃၅၅၈၇၅ ✦၈၃၇၈၇၈ ✦၇၃၅၈၇၈

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက်(သုတေသီ)**

www.burmeseclassic.com





# အင်ကြင်းပင်ဆီမှ အပြန်လမ်း

ဝဇိ
(စက်မှုတက္ကသိုလ်)

[၁]

ထဲနက်ကျယ်ဝန်းသော သမုဒ္ဒရာပြင်မှ လွတ်မြောက်နိုင်ရန် ကြိုးစားကူးခပ်နေရသည်။ ထိုအထဲတွင် လှိုင်းအသွယ်သွယ်တို့၏ ရိုက်ပုတ်မှုကို ခံနေရပြန်သည်။ အချို့လှိုင်းလုံးများ၏ ရိုက်ပုတ်မှုက သမုဒ္ဒရာကြမ်းပြင်အထိ ပြုတ်ကျသွားစေနိုင်လောက်သည်။

သို့သော်...

ထိုလှိုင်းလုံးများကိုယ်၌ပင် ရေအပြင်၌ ငုပ်လျှိုးကွယ်ပျောက်နေရပြန်သည်။

[၂]

'ဘုရားရှင်လက်ထက်က ပုတီးရှိလို့လား'

ပိတ်ဖြူစကို ပွတ်နေခဲ့ရသည့် အဖြစ်တော့ ရှိနေသည်။ ပုတီးစေ့ ပုတီးကုံးဟူ၍တော့ မကြားခဲ့မိ။ ယခု ပုတီးစေ့ ပုတီးကုံး ဖြစ်ပေါ်နေသော်လည်း စက်တော်အောက်မှာ ခိုလှုံသည်ပဲ မဟုတ်ပါလား။

'ပုတီးစိပ်လို့ နိဗ္ဗာန်မရောက်ဘူး'

ပုတီးကုံး အသုံးပြု၍ သမထနယ်မှ လွန်မြောက်ကာ ဝိပဿနာနယ်၌ တည်နေသည့် ဆရာသမားမှ နည်းလမ်းပြလျှင် ဝိပဿနာနယ်သို့ ရောက်နိုင်နေသည်။ သမထနှင့် ဝိပဿနာသည် တစ်ဆံခြည်မျှင်မျှပင် ကွာဟသည်မဟုတ်။

**ရှေးအဆက်ဆက် သီလ,သမာဓိ ပညာ,သိက္ခာ မြင့်မားခဲ့ကြသည့် ဆရာတော်ကြီးများ၊ လက်ထက်တွင် ပုတီးကုံးများ၊ ရှိနေသည်ကို ဓာတ်ပုံများတွင် အထင်အရှား မြင်နေရသည်။**

သည်သို့သော အကြောင်းပေါင်းများစွာဖြင့် မတွေးနိုင် မအန်နိုင် ဖြစ်နေခဲ့ရသည်မှာ အသက်ပင် (၄၀)ကျော်ခဲ့ရပေပြီ။

ပုတီးကို လက်မလွှတ်နိုင်သည့် နည်းတူ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးထံ နည်းခံ၍ ဝိပဿနာတရားစခန်းပတ်များတွင် ဝင်ရောက်အားထုတ်နေဖြစ်သည်။ ရဲဖန်ရံ၍ ဒုလ္လဘရဟန်း အဖြစ်လည်း ဆရာတော်ကြီးအရိပ်မှာ နားခိုအားထုတ်ဖြစ်ခဲ့သည်။

ဆရာတော်ကြီးအရိပ် ခိုမိနေပြီဖြစ်၍ ပုတီးကိစ္စကို တစ်နေ့မဟုတ် တစ်နေ့ လျှောက်တင် အဖြေထုတ်ကြည့်ရန် ကြံစည်နေမိတော့သည်။

[၃]

နွေဦးကာလ...

ရွက်ဟောင်းများ ကြွေကျ မြေချနေရသည်။ ကြည့်လေရာရာ၌ အစိမ်းရောင် ပြိုင်းနှင့် သစ်ပင်သစ်ကိုင်းများက ဘဝင်နှလုံးကို ညှိုးလျော်နေသည်။

သို့သော် အင်ကြင်းပင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

တိုက်အတွင်းရှိ သစ်ပင်များကမူ အချိန်အခါ မဟုတ်ဘဲ ပွင့်နေ ဝေနေသည်။ ထိုသည့် အဓိပ္ပာယ်ကို လူတို့ နားမလည်ခဲ့ကြ။ နားမလည်မှုကြောင့်ပင် လက်လွှတ်ဆုံးရှုံးရမှုဒဏ်ကို ရုတ်ခြည်း ခံစားခဲ့ရတော့သည်။

'ဆရာတော်ကြီး ကြွလာတော့မယ်တဲ့'

နွေဦးကာလ ပူလောင် ျထက် အဆ များစွာ ပူလောင်ပြီး အဖန်ဖန် တလဲလဲ ဖြစ်နေရသည့် အပူမီးကို ငြိမ်းသတ်နိုင်ကြစေရန် တရာရေအေး တိုက်ကျွေးမည့် ဓေဘူဆရာတော်ကြီးက ဇာတိ အင်ကြင်းပင်ရွာကလေးသို့ နေအပူကို အန်တုကာ ကြွရောက်လာပေတော့မည်။

ငယ်ကပင် ကျွမ်းခဲ့ပြီး မတတ်သာ၍ ခပ်ကွာကွာနေရသည့် ငယ်ကျွမ်းအရှင်ကို ခင်ဦးမြို့နယ်၊ အင်ကြင်းပင် ရွာသူရွာသားတို့က အုတ်အော်စည်တီး ကြိုဆိုကြရန် စီမံကြတော့သည်။

သို့သော်...

ဆရာအရှင်၏ ရင်ထဲမှ အကြံကို သူတို့မသိကြ။

ကြွရောက်သီတင်းသုံးသည့် ထိုကာလ မကြာမတင်မှာပင် ဆရာတော်ကြီး ခန္ဓာဝန် ချခဲ့လေသည်တကား။

[ ၄ ]

ပူဆွေးမှု၊ ဂုဏ်ကျေးဇူးကို သတိရမှုများနှင့်အတူ ဆရာတော် ရုပ်ကလာပ်ကို ကျွန်တော် ဦးခိုက်လိုက်မိသည်။ ယောကျ်ားရင့်မာကြီးတန်မဲ့ မျက်ရည် သွယ်သွယ် ကျခဲ့ရသည်။

တစ်ဖန် မျက်ရည်များကြားမှ မကြာသေးသည့် ဆရာတော်ကြီး၏ ရွှေဘိုကာလ ပုံရိပ်များက လှုပ်ရှားခဲ့ပြန်သည်။

အလှည့်ကျအဖြစ် ရွှေဘိုသို့ ဆရာတော်ကြီး လာရောက်သီတင်းသုံးခဲ့သည်။ ပြီးလျှင် အင်ကြင်းပင်ရွာ၌ သီတင်းသုံးမည့်အလှည့် ဖြစ်သည်။

ရွှေဘိုသား တပည့်ကြီးများဖြစ်သည့် ကျွန်တော် (ဦးသောင်း–ဆန်စက် လုပ်ငန်းရှင်များအသင်း၊ ကချင်ပြည်နယ်)၊ ဦးသိန်းဝင်း(နောင်အခါ ဟဲဟိုး–မန္တလေးခရီးစဉ်တွင် ဒါကိုတာလေယာဉ် ပျက်ကျရာ၌ မသေမပျောက် တစ်ဦးတည်းကျန်ရစ်သူ)၊ ဦးကိုကြီး(ပြည်နယ် ဦးစီးမှူး–ငြိမ်း)တို့အဖွဲ့ ဆရာတော့် အနားမှာ တစ်ဖဝါးမခွာ ချဉ်းကပ်နေကြသည်။

ယခုကဲ့သို့ အေးအေးဆေးဆေး သီတင်းသုံးနေသည့် ကာလသည် ကျွန်တော့်အတွက် အချိန်ပေးရာ ရောက်နေသည်။ ကျွန်တော့်ရင်ထဲ မထွေးနိုင် မအန်နိုင် ဖြစ်နေသည့် ပုတီးစိပ်ခြင်းကိစ္စကို လျှောက်တင်ရပေတော့မည်။

တစ်နေ့ ကျွန်တော်တို့အုပ်စု ဆရာတော့်အနီး ရှိနေစဉ်...

'ပေးစမ်း'

ဆရာတော်ကြီး လက်ကမ်းတော်မူသည်။ ကျွန်တော်တို့ ဘာလုပ်ရမည်မှန်းမသိ၊ ဘကြီးဝမ်း(ဦးဘဝမ်း–ဆီစက်)က တိုက်ပုံအကျႌအိတ်ထဲမှ ပုတီးကုံးကို ထုတ်ကပ်သည်။

အားလုံးသည် အလိုအလျောက်သား ဖြစ်နေ၍ ကျိုးကြည့်ကြောင်ကြည့်နှင့် ယောင်တတ ဖြစ်ကုန်ကြသည်။

'ပုတီးဆိုတာ ဒီလိုစိပ်ရတယ်ဗျ'

ဦးဘဝမ်း ဆက်ကပ်လာသည့် ပုတီးကုံးကို ဆရာတော်ကြီး စိပ်နေတော့သည်။ ပရိသတ်များက တုတ်တုတ်မျှ မလှုပ်မိကြ။

'ကဲ...ရော့ ဦးသောင်း စိပ်နော် ဒီအတိုင်းစိပ်'

ကျွန်တော် မှင်တက်မိသွားသည်။ ပြီးမှ ချီးမြှင့်သည်ဟု ပုတီးကုံးကို စွန့်ခံလိုက်ရသည်။

ကျွန်တော် နှစ်ပေါင်းများစွာ မထွေးနိုင် မအန်နိုင် ဖြစ်ရသည့် ပုတီးကိစ္စက ကျွန်တော် မလျှောက်မတင်မီကပင် ပြီးပြတ်သွားခဲ့ရသည်။ ဆရာတော်၏ သိနိုင်စွမ်းအတွက် ဝမ်းသာပီတိဖြစ်ရမှုနှင့်အတူ အကြိမ်ကြိမ် ဦးချလိုက်မိတော့သည်။

[ ၅ ]

အနေနီး တပည့်ဖြစ်၍ ဆရာတော့်ထံမှ ရရှိသည့် ဝမ်းသာပီတိ ဖြစ်ရမှုများက မရေမတွက်နိုင်။ သို့သော် ပုတီးကိစ္စမှာ ကျွန်တော့်ဘဝတစ်လျှောက် ဦးပါလာသည့် ပြဿနာဖြစ်နေ၍ မမေ့နိုင်သောပီတိ ဖြစ်သွားရသည်။

ယခုနှစ် ရွှေဘိုသို့ ကြွရောက်လာခြင်းမှာ ကျွန်တော့်စိတ်ဝေဒနာကို ရှင်းပေးချင်၍ဟုပင် ထင်မှတ်သွားခဲ့ရသည်။

ဒါသည်ပင် ကျွန်တော့်အတွက် ဆရာတော်ကြီးနှင့် ပတ်သက်သည့် နောက်ဆုံးအမှတ်တရ ဖြစ်သွားသည်။ သံသယကို ချေဖျက်ပေးသည့် ဒီဖြစ်ရပ်က ဆရာ့ဂုဏ်ကျေးဇူးကို မှတ်မှတ်ထင်ထင် ဖြစ်နေစေခဲ့သည်။

ခန္ဓာဝန် ချသွားခြင်းက ယခုတစ်ခေါက် ကြွရောက်လာသည့် အကြံကို အင်ကြင်းပင်ရွာသားတို့ အထင်အရှား သိသွားရသကဲ့သို့ ကျွန်တော့်အတွက်လည်း သံသယ ကျေပျက်မှု မှတ်တမ်း ထင်ပေါ်လာခဲ့ရတော့သည်။

အင်ကြင်းပင်၏သခင် ဓေဘူအရှင်ကို လွမ်းဆွတ်လိုက်ပါဘိတော့သည်။

**ဝမ်း(စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ဆုံခဲ့ရ

# ဘုမ္မိရုပ်သူလေးလေး




နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် ကဏ္ဍပေါင်းစုံ ပါဝင်သည့်အတွက် မိမိနှင့် အသုံးဝင်မည့်၊ အသုံးလိုမည့်ကိစ္စကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အလွယ်တကူပင် ထုတ်ယူ အသုံးပြုနိုင်ပါသည်။

အခြားသူများလည်း ထို့အတူပင် လိုအပ်သောကဏ္ဍများနှင့် အသုံးတည့်လှသောကြောင့် **ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်** ဆိုသော ပြန်ကြားလွှာလေးများကို မကြာမကြာ ဖတ်ရပါသည်။

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးကို ဝယ်နိုင်သောလတွင် ဝယ်ယူ၍ သိမ်းဆည်းထားသလို မဝယ်နိုင်သော လများတွင် အငှားဆိုင်မှ ငှားဖတ်ကာ မှတ်သားသင့်သည်များကို မှတ်စုစာအုပ်တွင် ကူးယူထားရပါသည်။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးလှသော **ဘူမိဗေဒလေ့လာရေးတွင် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန ဒုညွှန်ချုပ် (ငြိမ်း)၏ဇနီး အမိုးဆိုလျှင်** သူ့အိမ်တွင် လက်သမားဆရာများအား အိမ်နှင့်ပတ်သက်သော လုပ်စရာများ စေခိုင်းသည့်အခါတွင် လက်သမားဆရာများ၏ အာဘော်အတိုင်း လက်မခံဘဲ...

'နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက ဘယ်လိုဆိုထားတယ်၊ အဲဒီအတိုင်း လုပ်ပါ'

ဟုပင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ကိုးကားမှီငြမ်း(Reference) လုပ်သည်အထိပင် ယုံကြည်ကိုးစားပါသည်။

ထိုကဲ့သို့ စုံလင်လှသော ကဏ္ဍများထဲမှ ''ဖြစ်ရပ်မှန်ရောင်ခြည်'' ကဏ္ဍမှ ကိုယ်တွေ့ ပရလောကသားများ အကြောင်းကို စိတ်ဝင်စားဆုံး ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အတော်များများ တွေ့ဖူး၊ ကြုံဖူးသလို၊ အခြားသူများ ကြုံတွေ့သည်ကိုလည်း သိလို့ဖတ်လိုပါသည်။

ကျွန်တော် ကြုံတွေ့ဖူးရသည်မှာလည်း မြန်မာနိုင်ငံအရပ်ရပ်ရှိ တောတောင်များတွင် လှည့်လည်ကာ သယံဇာတ တွင်းထွက်သတ္တု(Mineral)များကို လေ့လာ ရှာဖွေရသော **သတ္တုတွင်း ဝန်ထမ်း(ယခုငြိမ်း)**တစ်ဦး ဖြစ်ခဲ့သော အကြောင်းလည်း ပါဝင်ပါသည်။

၁၉၆၃ ခုနှစ်ဝန်းကျင်က ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

သည့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနရှိ ဘူမိရူပဗေဒ(Geophysic Section) ဌာနစိတ်တွင် တာဝန်ထမ်းဆောင်ရသူ ဖြစ်ပေရာ အဝီစိ စက်ရေတွင်းများ တူးဖော်နိုင်ရန် လိုအပ်သော "Geophysical Investigation Data"များ ရရှိရန် ရမည်းသင်းမြို့နယ် ‌ေခရှေ့ခြမ်းသို့ အဖွဲ့လိုက် ခရီးထွက်ခဲ့ရပါသည်။

ကျွန်တော်တို့ ဘူမိရူပဗေဒ ကွင်းဆင်းအဖွဲ့တွင် ပါဝင်သောသူများမှာ **ကိုပွင့်လန်း (အမျိုးသား စာပေဆုရ)၊ ကိုစိုးမြင့်၊ ကိုကျော်ဖံနှင့် ကျွန်တော် (ဓာတ်ပုံမောင်မောင်အေး)**တို့ ဖြစ်ပါသည်။

ပထမဦးစွာ ရမည်းသင်းမြို့ အရှေ့မြောက်ဘက်တွင် ရှိသော သိမ်ကုန်းရွာကြီးတွင် စခန်းချကာ ပတ်ဝန်းကျင်ရှိ ကြက်လျှာ၊ ပျဉ်ပြား၊ မာလီကုန်းကျေးရွာ ဝန်းကျင်တစ်ဝိုက်တွင် (Resistivity Meter) ခေါ်သော ဘူမိရူပဗေဒဆိုင်ရာ စက်နှစ်လုံးဖြင့် နှစ်ဖွဲ့ခွဲကာ တိုင်းတာမှုများ ပြုလုပ်ကြရပါသည်။

နောက်တစ်လခန့် ကြာသောအခါ ကိုပွင့်လန်းနှင့် ကျွန်တော်က သိမ်ကုန်းနှင့် (၅)မိုင်ခန့် ကွာဝေးသော **ရေဦးရွာ**သို့ သီးခြားခွဲထွက်ကာ တိုင်းတာမှုများ ဆောင်ရွက်ရပါသည်။

ကျွန်တော်တို့အဖွဲ့သည် ရေဦးရွာမြောက်ဘက်ရှိ ယာခင်းဟောင်းတစ်ခုတွင် ရွက်ထည်တဲဖြူသုံးလုံးဖြင့် စခန်းချထားပါသည်။

ကျွန်တော်တို့ ဘူမိရူပဗေဒအဖွဲ့စခန်းထောင့်ဘက်တွင် တူးမြောင်းတစ်ခု ရှိပါသည်။ အဆိုပါ တူးမြောင်းသည် ရှမ်းရိုးမတွင် ချောင်းဖျားခံကာ ရေဦးရွာ မြောက်ဘက်နားမှ စီးဆင်း၍ **ရမည်းသင်းမြို့ဦးမှ ကျိုးနီကန်ကြီး**အတွင်း စီးဝင်ပါသည်။ တူးမြောင်းပေါင်ပေါ်တွင် ဂျစ်ကားတစ်စီး မောင်းနိုင်သောလမ်း ရှိပါသည်။

ရေတသွင်သွင် စီးဆင်းနေသော အောက်ခြေသဲမြေတွင် ရွှေရောင်တောက်ပနေသော အချပ်အလွှာလေးများပါ မျောပါနေသဖြင့် ကျင်ယူကာ စစ်ဆေးကြည့်ရာ ရွှေမဟုတ်ဘဲ(Pyrite) ခေါ် **ဗဟန်းတွင်းထွက်**များ ဖြစ်နေသည်ကို သိရပါသည်။

**ဗဟန်းအများအပြား ထွက်သော ဆိုဒီယက်ရုရှတွင် သံထုတ်ကြောင်း သိရပါသည်။ ရေဦးရွာမှ ပန်းပဲဆရာ ဦးစာက ဤဗဟန်းများကို အပိုင်ရတ်သရေများ လာယူကြောင်း ပြောမူပါသည်။**

ကျွန်တော်တို့ ဘူမိရူပဗေဒတိုင်းတာရေးလုပ်ငန်းတွင် အလုပ်သမားများအဖြစ် ရေဦးရွာမှပင် ငှားရရာ ဦးစာနှင့် ဦးမှုံတို့ ညီအစ်ကိုနှစ်ယောက် အပါအဝင် ဖြစ်ပါသည်။

နေ့ဘက်တွင် အလုပ်ဆင်းပြီး ညဘက် အနားယူသောအချိန်တွင်လည်း ဦးစာတို့ ညီအစ်ကိုနှစ်ယောက်က ကျွန်တော်တို့တွေ ပျင်းနေမည် စိုး၍ လာရောက် လည်ပတ်ရင်း သူတို့ ကိုယ်တွေ့ဖြစ်ရပ်မှန်များ ပြောပြလေ့ ရှိပါသည်။

ဦးစာက ရေဦးရွာတွင် ပန်းပဲဆရာ ဖြစ်ပါသည်။ တစ်ခါက တူမီးသေနတ်တစ်လက်ဖြင့် တောပစ်ထွက်ရာ တောဝက်တစ်ကောင်နှင့် တွေ့သည်။ အသင့်ယမ်းထောင်းပြီးသော တူမီးဖြင့် အကျအနချိန်၍ ပစ်လိုက်ရာ မောင်းရိုက်သံ "ချောက်"ဟု မြည်ပြီး မီးမကူး၍ ကျည်က မထွက်ဘဲရှိရာ တူမီးမောင်းရိုက်သံကြားသော တောဝက်က တစ်ရှိန်ထိုးပြေးပြီး ဦးစာကို ပက်လိုက်ရာ ဦးစာလည်း ခါးကြားမှ ဓားမြှောင်ကို လျှပ်တစ်ပြက် ဆွဲထုတ်ပြီး လက်တစ်ဖက်မှ ပြေးလာပြီး ပက်လိုက်သော တောဝက်၏ နားရွက်တစ်ဖက် ဆွဲကာ ဓားမြှောင်ဖြင့် ထိုးလိုက်သည်။

တောဝက်လည်းသေ ဦးစာ၏ လက်မောင်းတစ်ဖက်လည်း ဝက်ပက်သည့် ဒဏ်ရာက ငါးလက်မ အရှည်လောက် ဟက်တက်ကွဲသွားသည်။

ဦးစာကလည်း ပြောရင်း သူ့လက်မှ ဝက်ပက်ထားသည့်ဒဏ်ရာ အမာရွတ်ကို ပြသည်။ မာကျော ထွားကျိုင်းသည့် ပန်းပဲဆရာဖြစ်လို့သာပေါ့။ သာမန်လူသာဆိုပါက နေရာတွင် ပွဲချင်းပြီးပေမည်။

* * *

**ဦးစာ၏အစ်ကို ဦးမှုံ၏ ဖြစ်ရပ်ကဆန်းသည်။ "လူလား၊ ပရလောကသားလား"**ဟု ဆိုရမည့် ဖြစ်ရပ်ပါ။

'ကျွန်တော့်အဖြစ်ကတော့ ဒီလိုဆရာတို့ရေ'

ဆိုပြီး ဦးမှုံက ပြောပြပါသည်။

'ကျွန်တော်တို့ရွာနဲ့ လေးမိုင်လောက်ဝေးတဲ့ ညောင်အိုင်ရွာမှာ ဘုန်းကြီးပျံပွဲရှိလို့ သွားကြတယ်။ ဇာတ်ပွဲလဲ ပါတော့ လာကြတဲ့လူတွေလဲ များလိုက်တာ ဆရာရယ်။ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်လဲ အတူတူ ပွဲကြည့်ကြတယ်။

ဒါနဲ့ ရှေ့ပိုင်းပြီးတော့ ကျွန်တော်တို့ တစ်သိုက်လဲ ပွဲဈေးတန်း ထွက်ပြီး ဘူးသီးကြော် စားကြတယ်။ ဘူးသီးကြော်စားပြီးလို့ ပွဲခင်းထဲ ပြန်ဝင်ကြမယ်ဆိုတော့ ကျွန်တော်လဲ အိပ်ချင်နေတာကြောင့်...

'ငါ မကြည့်ချင်တော့ဘူးကွာ၊ ရေပ်မှာ သွားအိပ်မယ်။ မင်းတို့ပဲ သွားကြတော့'

လို့ ပြောပြီး ပွဲအတွက် မီးစက်မောင်းပေးထားတဲ့ ဇရပ်ပေါ် တက်အိပ်နေတယ်။ အိပ်လို့ မပျော်တပျော်



www.burmeseclassic.com

www.burmeseclassic.com

လောက်ရှိတော့ ကျွန်တော့်ရဲ့ ကျောဘက်က တစ်ယောက်ယောက် မှီပြီး အိပ်နေတာကို သိလိုက်ရတယ်။ ပေါင်ဒါနံ့လား၊ သနပ်ခါးနံ့လား မသိတဲ့ အမွှေးနံ့ကလဲ သင်းပျံ့လို့ နေတယ်။

ဒါနဲ့ ကျွန်တော်လဲ ချက်ချင်းပဲ ထ,ထိုင်ပြီး ကျောဘက်ကို ကြည့်လိုက်မိတယ်။ မီးစက်က ထွန်းထားတဲ့ မီးရောင်နဲ့ တွေ့လိုက်ရတာက **ကောင်မလေး တစ်ယောက် ဆရာရေ။**

ကျွန်တော် စောစောကရတဲ့ ပေါင်ဒါရနံ့ဟာ ဒီကောင်မလေးထံကပဲ။ အသက်ကလဲ (၁၈)နှစ်လောက် ချောချောလှလှလေး။ လက်ကောက်၊ ကြယ်သီး၊ ရွှေဆွဲကြိုး၊ နားကပ် အပြည့်အစုံနဲ့။ ကျွန်တော် ထိုင်တော့ သူလဲ ထ,ထိုင်တယ်။ ကျွန်တော်လဲ ကောင်မလေးကိုကြည့်ရင်း စဉ်းစားတယ်။

"ကောင်မလေးက ငယ်ငယ်ချောချော လှလှ၊ ရွှေ လက်ဝတ်လက်စားတွေလဲ အပြည့်။ သူ အိပ်ချင်အိပ်ရင် သူနဲ့ ရွယ်တူ ကောင်လေးအနား အိပ်ရမှာ။ ငါက အသက်လေးဆယ်ကျော်ကြီး။ ငါ့အနား မအိပ်တန်ရာ'

အဲဒီလို စဉ်းစားပြီး ပြောလိုက်တယ်။ ဥစ္စာစောင့်မလေး ထင်လို့...

'ဟဲ့ ကလေးမ၊ နင်က ဘာကြောင့် ငါ့အနား လာအိပ်နေတာလဲ'

ဆိုတော့...

'ကျွန်မက ရှင်ခေါ် လိုက်ဖို့ပေါ့'

ဆိုတဲ့ အဖြေစကားကြောင့် ကျွန်တော် ပိုပြီး စဉ်းစားစရာတွေ ဖြစ်လာပါတယ်။

''ဒီမိန်းကလေးသာ လူသား စစ်စစ်ဆိုရင် သူနဲ့ရွယ်တူ နောက်သာ လိုက်ရမယ်။ ငါ့နောက် ဘယ်နည်းနဲ့မှ မလိုက်တန်ရာ''

[အဲဒီအချိန်က ဦးမှုံက အသက် (၄၅)နှစ်ခန့် ရှိပြီဖြစ်ပါသည်။]



'ဒါနဲ့ ကျွန်တော်လဲ ဥစ္စာစောင့်မလေး များလားလို့ တွေးမိပြီး သူနဲ့ဝေးရာကို ရောက်ထွက်ဖို့ အကြံထုတ်ရင်း...

'ငါက နင့်ထက် အသက်ကြီးနေပြီပဲဟာ' လို့ ပြောတော့လဲ...

'အို အသက်က အကြောင်းမဟုတ်ဘူး လိုပ်ပြာလှဖို့က အဓိကပါ'

တဲ့လေ။ ကောင်မလေးက အဲဒီလို ပြောလေ ကျွန်တော်လဲ သူ့လက်တွင်းက ဘယ်လိုပြေးရင် ရမလဲ ဆိုတာ အကြံထုတ်ရလေပါပဲ ဆရာရယ်။ ဒါနဲ့ ကျွန်တော်လဲ အကြံထုတ်ပြန်ပါတယ်။

'အေး ဟုတ်ပါပြီ၊ ငါက ဆေးလိပ်မသောက်ရ မနေနိုင်တဲ့သူ။ ငါ ပွဲဈေးတန်းမှာ ဆေးလိပ် သွားဝယ်ဦးမယ်'

ဆိုပြန်တော့ ကျွန်တော့်အကြံ မအောင်မြင်ပြန်ပါဘူး။ ကောင်မလေး က...

'ဒါလေးများ ရော့ ဒီမှာယူ'

ဆိုပြီး ရမည်းသင်းမှာ နာမည်ကြီးတဲ့ **ရွှေလမင်းဆေးပေါ့လိပ် (၅၀)စည်း တစ်စည်း** ထုတ်ပေးပါတယ်။ သူ့မှာ လွယ်အိတ်တစ်လုံး လွယ်ထားတယ်။ လွယ်အိတ်ထဲက ထုတ်ပေးတာ။ ကျွန်တော်လဲ အကြံကုန် ဂဠုန်ဆားချက် ဆိုတာလိုပဲ နောက်ဆုံးတစ်ချက် အဖြစ်...

'အေး ဟုတ်ပါပြီ၊ တို့နှစ်ယောက် တစ်နေရာရာကို ထွက်ပြေးကြရင် ငါ့သူငယ်ချင်းတွေက ငါပျောက်လို့ လိုက်ရှာနေမယ်။ ဒါကြောင့်မို့ မင်းနဲ့ငါ သွားကြမယ့်အကြောင်းလေးတော့ သူတို့ကို ပြောခဲ့ပါရစေ'

ဆိုတော့ ကောင်မလေးလဲ စဉ်းစားပြီးမှ...

'သွားပြောပြီးရင် မြန်မြန်ပြန်ခဲ့'

လို့ ဆိုပြီး ခွင့်ပြုလိုက်တယ်။ ကျွန်တော်လဲ သူပေးထားတဲ့ ဆေးလိပ်စည်းကြီး ပိုက်ရင်း ''အေးပါ''လို့ ပြောပြီး သူ့ရှေ့က ခပ်တည်တည် ထွက်ခဲ့ပြီး တော်တော်ဝေးမှ ပွဲအတွင်း အပြေးသွားလို့ သူငယ်ချင်းတွေကို အကျိုးအကြောင်းပြောတယ်။

သူငယ်ချင်းတွေလဲ ''မဟုတ်နိုင်တာကွာ''လို့ ပြောပြီး အားလုံးပဲ ကောင်မလေးစောင့်နေခဲ့တဲ့ ဇရပ်ကို လိုက်ခဲ့ကြတယ်။ ဇရပ်ရောက်တော့ ဘာမှ မတွေ့ဘူး။ ပတ်ဝန်းကျင်အနှံ့ ရှာကြည့်တော့လဲ အရိပ်အယောင်တောင်မှ မတွေ့ရတော့ပါဘူး။ ကျွန်တော့် လက်ထဲမှာတော့ ကောင်မလေး ပေးထားတဲ့ ရွှေလမင်းဆေးလိပ်(၅၀)စည်းကြီးက ရှိလျက်ပါ'

ထိုဖြစ်ရပ်ကတော့ ကျွန်တော် **ရမည်းသင်းမြို့ အရှေ့ခြမ်းမှာ ဘုန်းရှပဗေဒဆိုင်ရာ တိုင်းတာမှုများ ဆောင်ရွက်စဉ်က ရေဦးရွာမှ ဦးမှုံ ကိုယ်တွေ့ ဖြစ်ရပ်မှန် ပြောပြချက်ကို တင်ပြခြင်းဖြစ်ပါသည်။**

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့သော ပရလောကသားများအကြောင်း ဆက်လက် ဖော်ပြပါဦးမည်။

တတ်ပုံ မောင်မောင်အေး

www.burmeseclassic.com

www.burmeseclassic.com





ခင်သီ

# အိမ်တွင်းနတ်

ဒီနေ့ တန်ဆောင်မုန်းလပြည့်ညလေ၊ ကျွန်မတို့အမေက တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဘုရားမီးပူဇော်ရာမှာ အနည်းဆုံး ဖယောင်းတိုင်(၁၀)တိုင် ပူဇော်ပါတယ်။

အိမ်စောင့်နတ်၊ ခြံစောင့်နတ်များကိုလဲ…

'မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး နတ်ပြည်မှ ကြွလာပြီ ဖြစ်တဲ့အတွက် အသင်တို့ မီးပူဇော်ရန် ဖယောင်းတိုင်များ လှူပါတယ်' လို့ပြောပြီး အိမ်ဝရန်တာနဲ့ ခြံဝတွင် ဖယောင်းတိုင်ထွန်းခြင်း၊ မီးပုံးလေးများ ချိတ်ဆွဲခြင်းကို ပြုလုပ်ပါတယ်။

ဒီဓလေ့ကလေးဟာ မြန်မာလူမျိုးတို့ရဲ့ ချစ်စရာဓလေ့တစ်ခုလေး ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မီးပူဇော်ရလို့ ကုသိုလ်လဲရတယ်။ မီးထွန်းရလို့၊ မီးထွန်းပွဲတွေ လျှောက်လည်ရလို့ ပျော်လဲပျော်ပါတယ်။

နှစ်တိုင်း မီးပူဇော်ခြင်းနဲ့ မီးထွန်းတဲ့ အလုပ်ကို အမေနဲ့ မမကသာ လုပ်ပြီး ကျွန်မကတော့ မီးတွေ ထိန်လင်းနေရင် ပျော်တာကလွဲလို့ လုပ်တဲ့သူရှိတော့ မီးထွန်းတဲ့အလုပ်ကို မလုပ်ဖြစ်ခဲ့ဘူး။

အင်း ဒီနေ့ တန်ဆောင်မုန်းလပြည့်ညကတော့ အမေနဲ့မမ ရွာပြန်တာနဲ့ ဆုံနေတော့ ကျွန်မပဲ လုပ်ကိုင်လုပ်ရတာပေါ့။ ပထမဆုံး ဘုရားခန်းမှာ ဖယောင်းတိုင်(၁၀)တိုင် ပူဇော်တယ်။

## တကယ်ရှိလား

သောက်တော်ရေ ကပ်ခြင်း၊ ပန်းကပ်ခြင်းတွေ ပြုလုပ်တယ်။

ပြီးတော့မှ အိမ်တွင်းနတ် အပါအဝင် ရိုးရာနတ်များကို "**ဘုရား ကိုယ်တော်မြတ်ကြီးကို မီးပူဇော်ရန် ကျွန်ုပ်မှ အသင်တို့အား ဖယောင်းတိုင်များ လှူပါတယ်**"ပြောပြီး သူ့နေရာနဲ့သူ ဖယောင်းတိုင်တွေ ထွန်းပါတယ်။

နောက် အိမ်စောင့်နတ်၊ ခြံစောင့်နတ်များကိုလဲ…

'ဘုရားကိုယ်တော်မြတ်ကြီးကို မီးပူဇော်ရန်



www.burmeseclassic.com

www.burmeseclassic.com

'ဖယောင်းတိုင်များ လှူပါတယ်'

လို့ ပြောပြီး အိမ်ရှေ့နဲ့ခြံဝမှာ ဖယောင်းတိုင်ထွန်းခြင်း၊ မီးပုံးကလေးများ ချိတ်ဆွဲခြင်း ပြုလုပ်ပါတယ်။

ဘုရားခန်းနဲ့တကွ တစ်အိမ်လုံး မီးတွေ ထိန်လင်းနေတာ မြင်ရတော့ ကျွန်မ ပျော်လဲပျော် ကြည်နူးမှုလဲ ဖြစ်တယ်။

ကျွန်မ မြတ်စွာဘုရားရှင်အား ဓမ္မစက္ကပဝတ္တနသုတ်ဖြင့် ပူဇော်ခြင်း၊ အနတ္တလက္ခဏာသုတ် ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်တယ်။

ဘုရားပူဇော်ခြင်း အလုပ်များပြီးတော့ ည(၁၁)နာရီထိုးနေပြီ။ စာဖတ်မယ် စိတ်ကူးပြီး မဖတ်ဖြစ်တော့ဘဲ အိပ်ရာဝင်ခဲ့ပါတယ်။

ဒုက္ခက အဲဒီတော့မှ စတာလို့ ပြောရမယ်။ အိပ်မလို့ မျက်စိမှိတ်လိုက်တာနဲ့ သျှောင်တစောင်းနဲ့ အင်္ကျီဖြူလာ လူတစ်ယောက် ခါးလယ်လောက်ထိ မီးညွန့်တွေကြားထဲမှာ ဦးခေါင်းဘယ်ညာငိုက်လိုက်၊ အရှေ့ကျလိုက်နဲ့ ဖြစ်နေတာ မြင်ရတယ်။

ကျွန်မ ဘာမှန်းလဲမသိ၊ ဘယ်လိုလုပ်ရမှန်းလဲမသိ ဖြစ်နေပါတယ်။ ကြာတော့ မျက်စိမမှိတ်ရဲဘူး။ ထထိုင်နေရတဲ့အဖြစ်ရောက်တယ်။ ကျန်တဲ့ အိမ်သားတွေကိုလဲ မနှိုးချင်ဘူး။ ကြောက်စိတ်လဲ နည်းနည်းဝင်လာတယ်။

ဒါနဲ့ မထူးဘူး ဖြစ်ချင်ရာဖြစ်တော့လို့ စိတ်ပိုင်းဖြတ်ပြီး ဘုရားရှိခိုးတယ်။ ပြီးတော့ မျက်စိမှိတ်ပြီး အာရုံမှာ မြင်နေရတဲ့ လူတစ်ယောက် မီးမြှိုက်ခံနေရတဲ့ပုံစံကို စူးစိုက်ပြီး...

'ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ'

လို့ မေတ္တာပို့တယ်။

မေတ္တာပို့တာ နာရီဝက်လောက်ကြာတော့ အာရုံထဲမှာ လူတစ်ယောက် မီးမြှိုက်ခံရတဲ့ပုံစံ ပျောက်ပြီး အရပ်ထောင်ထောင်မောင်းမောင်း သျှောင်တစောင်းနဲ့ ရှေးနန်းတွင်းသားတွေဝတ်ပုံစံနဲ့ လူတစ်ယောက် ရယ်နေတာ တွေ့တယ်။

ကျွန်မစိတ်ထဲမှာ အလိုလို သိလိုက်တယ်။ ဒါ အိမ်တွင်းနတ်ပဲ။ ဒါနဲ့ စိတ်ထဲကနေ တောင်းပန်လိုက်တယ်။

'ကျွန်မ မီးကြောက်မှန်း မသိလို့ ဖယောင်းတိုင်လှူမိပါတယ်'

လို့ ဖျတ်ခနဲ အာရုံမှာပေါ်ပြီး ပျောက်သွားတယ်။ ကျွန်မလဲ အဲဒီတော့မှ စိတ်ချမ်းသာစွာ အိပ်လို့ ရတော့တယ်။

ကျွန်မက အိမ်တွင်းနတ်တို့၊ ရိုးရာနတ်တို့ဆိုတာ မိရိုးဖလာ ပြုလုပ်နေကြတာ အိမ်တိုင်းစေ့တော့ နေမယ်လဲ မထင်ဘူး။ ယုံကြည်မှုလဲ သိပ်မရှိခဲ့ဘူး။ ဒါပေမယ့် အခုတော့ မီးကြောက်တဲ့ အိမ်တွင်းနတ် တကယ်ရှိတယ်လို့ပဲ ပြောရမလို ဖြစ်နေတယ်။

ခင်ညို

စာမျက်နှာ (၂၈၄)မှ အဆက်

အဝတ်စအပိုင်းလေး စလွယ်သိုင်း၍ နှုတ်ကလည်း ဘာတွေ ရွတ်လာ မှန်းမသိ။

ကြေးစည်ကိုလက်တစ်ဖက်ကိုင်၊ ကျန်တစ်ဖက်က နွားလားဥသဘ ဖြူဖြူဖွေးဖွေးကြီး တောင့်လို့လှလို့ ကြိုးနဲ့ဆွဲလာပြီး ဘုရားစေတီကြီးရှေ့ ရောက်ရော့ ပုဆစ်ဒူးတုပ် ဦးသုံးကြိမ်ချ ဘုရားဂုဏ်တော်များ ရွတ်ဖတ် ပူဇော်နေတော့တယ်။

ဖိုးသူတော်နဲ့ ပါလာတဲ့ နွားလားဥသဘလဲ ခြေလေးချောင်း ဝပ်သွားပြီး "ဘွတ်...အွတ်...အဲ" သတ္တ သဘာဝ အသံပြု၍ဘုရားစေတီကို ဦးတိုက်နေချိန် ခွေးအူသံများက အမျှပေးဝေ သာဓုခေါ် ဆိုနေသယောင် ဖြစ်ပေတော့တယ်။

ဘုရားဝတ်ပြုပြီး ဖိုးသူတော်နဲ့ နွားလားဥသဘတို့ ဘုရားဝင်းရဲ့ အနောက်ဘက် စေတီငယ်လေးရှိရာ တန်ခေတင်းပျက်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားပါတော့တယ်။

ဝါဆိုလပြည့်ညရဲ့ လမင်းကြီးကလဲ ရောင်ဝါမပြတ် ထိန်မြဲတိုင်း ထိန်ဝင်းနေပေတော့တယ်။

နံနက် အလင်းရောင် ရောက်ချိန် ဘုရားစေတီ ပုထိုးတော်ရှေ့ **မြေနီလမ်းကလေးပေါ်ဝယ် မြေသားမှမှ ခပ်ဖွဖွလေးပေါ် ထင်ကျန်ရစ်သော ဖိုးသူတော်နဲ့ နွားလားဥသဘတို့ရဲ့ ခြေရာတို့ကား ခပ်ရေးရေးသဏ္ဌာန်** မြင်တွေ့ရတယ်။

ဘုရားသာသနာပြု ဖိုးသူတော်နဲ့ နွားလားဥသဘတို့ရဲ့ ဘုရားစေတီတော်ကြီးကို သာသနာအကျိုး ရှက်တင်ဆောင်၍ ဂုဏ်ရှိဆန်ဆန် စောင့်ရှောက်နေတယ်လို့ ထင်ရပါတော့တယ်။

**မှတ်ချက် ။ ။ အရိုးအိုးကြီး ဘုရားတည်ရှိရာ (၈၁)လမ်း (၈၂)လမ်း×(၃၇)လမ်းပေါ်ဝယ် တည်ထား ကိုးကွယ်ထားပါတယ်။**

**ယခုအခါ ၁၉၉၂ ခုနှစ် နောက်ပိုင်း ဘုရားဂေါပကများနှင့် ရပ်ကွက်ရှင်လူပြည်သူအပေါင်း ဝိုင်းဝန်းပြီး လှူဒါန်း ကုသိုလ်ပြုကြ၍ တည်ဆောက်ပြုပြင် အသစ်မွမ်းမံထားသည်မှာ ကြည်ညိုဖွယ်ရာ အပြည့် ရှိနေပါတယ်။(စာရေးသူ)**

နေမျိုးအောင်(နတ်ဝင်း)






www.burmeseclassic.com

www.burmeseclassic.com





# လပြည့်ညရဲ့ ကြေးစည်သံ

နေမျိုးအောင်
(နတ်ဝင်း)

ငယ်စဉ်တောင်ကျေး ကလေးဘဝ နံနက်ကျင်းချိန် အိပ်ရာမှ အမြန်ထ ဘုရားကျောင်းဝင်းထဲက ခရေပင်ကြီး အောက် အရောက်သွားရတာအမော။

'ဟေ့...ကြက်ခွေး မင်းက ဘယ်နှကုံးလောက် ရပြီလဲ'

'သုံးကုံးစာတော့ ရပြီကွ'

'ဟင်... မိစံ နင်ကလဲ မျက်နှာ မသစ် သွားမတိုက် မျက်ဝတ်ဆန်တွေနဲ့ ရွံစရာကြီး။ ဒါကြောင့်မို့လို့ ကိုယ်စောင့်နတ် မကပ်ဘဲ ခလုတ်တိုက် မှောက်လျက် လဲ,လဲနေတာ။ ပန်းလာကောက်တာကို သန့်သန့်ရှင်းရှင်း လာကောက်မှပေါ့'

'ဟဲ့... ကောင်စုတ် နင်ကလဲ ဘာထူးလဲ၊ နေပိတ်လှောင်... ဘောင်းဘီ အပြဲ သေးနံ့တထောင်းထောင်း နင်က မှ ပိုပြီး ညစ်ပတ်နံစော်နေတာ ကောင်စုတ်ရဲ့'

အရိုးအိုးကြီး ဘုရားကျောင်းဝင်းထဲ မနက်တိုင်း ခရေပင်အောက်က ကလေးငယ်တစ်စု အော်ဟစ်နောက်ပြောင် ပန်းကောက်သံတွေ ဖြစ်ပေတယ်။

'ဝုန်း...ဝုန်း...ဒုန်း...ဂျုန်း...'

'ဟ...ဟ... မိစံ,ကြက်ခွေး, ငလင်ဦး, စိုးဝဲနိုင်တို့ ပြေးဟေ့...ပြေးဟေ့...ဟိုဘက်၊ ဒုန်းဒုန်းကြီး မွှာရုံထဲက မြည်တာကွ။ ဒုန်းဒုန်းကြီးသရဲ သောင်းကျန်းနေတာကွ'

ကောက်လက်စ ခရေပွင့်လေးတွေ လွှတ်ချ ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် အိမ်အရောက် ပြေးခဲ့ရတာ အမောပဲ။

နာမည်ကို ''နေပိတ်လှောင်''လို့ ခေါ်တာက မိဘတွေ ကျွန်တော့်ကို ကျောင်းသွားချိန်မှ လွဲ၍ အိမ်ရဲ့ထွက်ပေါက် ခြံတံခါး မှန်သမျှ အမြဲပိတ်ထားပြီး ဘယ်ကလေးတွေနဲ့မှ ရောရောနှောနှော မကစားခိုင်းခဲ့လို့ နို့စို့ဖော် စို့ဖက် ငယ်ပေါင်းတွေ ပေးထားသော နာမည်ပြောင် ဖြစ်တယ်။

''ကြက်ခွေး''ကြတော့ ကျောင်းက ပြန်လာတိုင်း သူ့အကျင့်က, မွေးထားတဲ့ ကြက်နဲ့ခွေး အိုးမည်းဆီစွတ် မည်းနေအောင်သုတ်၊ ခွေးကို တိုင်မှာကြိုးနဲ့ချည် ကြက်ဖကို ကိုင်ဘိုက်တော့တာပဲ။

တိုက်လို့ အားရပြီးရင် ဘိုးအေရဲ့ ရိုးရာမပျက် ထိန်းသိမ်းလာတဲ့ ယမထာ ကြိမ်လုံးနဲ့ နေ့တိုင်း အဆော်ခံ အရိုက်ခံရ အမြဲ။

မနက်က ဖြစ်ပျက်သမျှ လူကြီးတွေကို ပြောပြတော့...

'ဟဲ့... နင်တို့ မသေကောင်း မပျောက်ကောင်း တစ္ဆေ,သရဲ ကပ်ပါလာမှဖြင့် အမယ်လေး...မတွေးဝံ့စရာ၊

ဘုရားကျောင်းဝင်းထဲ မြောက်ဘက် စိန်ပန်းပင်အိုကြီးရယ်၊ တောင်ဘက် ခရေပင်အောက်က မွှာရုံပျက်ကြီးမှာ

www.burmeseclassic.com



မကျွတ်မလွတ်သေးတဲ့ သရဲ သဘက်တွေ လူးလာခေါက်ပြန် ပုန်းအောင်း မှီခိုနေကြတယ်။ နင်တို့ ကလေးတွေ ကံနိမ့်ရင် မိဘစကား နားမထောင်တဲ့ သူ တစ္ဆေ သရဲ ခြောက်လှန့် ကိုယ်ထင်ပြတာ မြင်ရမယ်မှတ်'

လူကြီးသူမတွေတောင် ညနေ နေဝင်အမှောင်ပျိုးချိန် ဘုရားကျောင်း ဝင်းထဲလမ်းက မသွားရဲ မဖြတ်ရဲ။

'ကလောင် ကလောင် ကလောင်'

ညနေ ကျောင်းဆင်းချိန် ကျောင်း တံခါးပေါက်ကြီးဆီ အလုအယက် တိုးဝှေ့တွန်းတိုက် တစ်ယောက်နဲ့ တစ်ယောက် ကျောက်သင်ပုန်းနဲ့ လှမ်း ခေါက်လို့ခေါက်။

'အား...ဘယ်သူရိုက်တာလဲ'

ပြန်ပြီး လွယ်အိတ်နဲ့ ဖြန်းခနဲ မြည် အောင် တအား လွှဲရိုက်၊ အရိုက်ခံရတဲ့ သူကလဲ ဆရာမ မသိအောင် ယူလာ တဲ့ မြေဖြူ အတိုအစ လက်တစ်ဆုပ် လောက် ရမ်းပြီး မှန်ချင်တဲ့သူမှန် ပစ်ပေါက်...

နင်ပဲငဆပြောဆို ပွက်လောရိုက်သံ ဆူဆူညံ ပျော်စရာကြီး ဖြစ်နေပါတယ်။ အိမ်အရောက်ပြန် အဝတ်စားလဲ၊ ကစားနေကျ ဘုရားကျောင်းဝင်းထဲ ဆုံကြရပြန်တယ်။

"ကြက်ခွေး" မိခင် အမေကြီးဟန် က ညပိုင်း(၇)နာရီလောက်ဆို ရေနံဆီ မီးခွက်နဲ့ ပဲမြစ်ပြုတ် လှည့်ရောင်းတဲ့ အခါ ကြက်ခွေးကို အမြဲ ခေါ်သွားနေ ကျ။

တစ်နေ့ကျတော့ ကျွန်တော်ပါ လိုက်ပြီး ပဲမြစ်ပြုတ် ပူပူလေး သံကုန် အော်ဟစ် ဈေးရောင်း အကူလိုက်ရ တာ အပျော်ဆုံးပဲ။

အချိန်နှစ်ပိဿာလောက် ရောင်းပြီး အပြန် ရေတွင်းကုန်း ညောင်ပင်ကြီး အောက်အဖြတ် ဈေးတောင်းပေါ်က ဟင်းထုပ်ဆွဲတဲ့အသံ ကြားရော တောင်း အောက်ချလိုက်စဉ် အမွေး ကြမ်းဗရပွ လက်ပြတ်မည်းကြီး။ အမေ ကြီးဟန်လဲ ကြောက်လန့်အော် သေး တွေ ပန်းချပါလေရော။

ကျွန်တော်ရယ်၊ ကြက်ခွေးရယ် ဘာလုပ်ရမှန်းလဲမသိ ဖြစ်နေစဉ် ကြက်ခွေးက လက်ထဲ ကိုင်ထားတဲ့ ရေနံဆီမီးခွက်နဲ့ တအားလောင်းချ မီးတောက်ရဲရဲ မီးစာနဲ့ တို့လိုက်တော့မှ "အား..." ရင်ခေါင်းသံကြီးနဲ့အတူ လက်မည်းကြီးကလဲ ဘယ်ပျောက် သွားမှန်း မသိ။

သို့ပေမယ့် ဟင်းထုပ်ထဲက အမဲ သားတုံးကတော့ တစ်ဝက်သာ ကျန် တော့တယ်။

အမေကြီးဟန်လဲ နောက်ရက် ဈေးမထွက်နိုင်။ ကြောက်ဖျား ဖျား အလန့်စွဲနေတာ သုံးရက်လောက် အတော် ကုယူရတယ်။ ကျွန်တော်တို့က ကလေးတွေဆိုတော့ စိတ်က ကြောက်ရ လန့်ရမှန်း မသိ ဘာမှ မဖြစ်ခဲ့။ အမေကြီးဟန် ဈေးရောင်းထွက်နေတာ မြင်တော့ ကျန်းမာသွား ပြီဖြစ်ကြောင်း တွေ့ရ တယ်။

ဈေးရောင်းပြန်လို့ ညတွေမှာ ကျွန်တော်တို့ ကလေးတွေကို ဘုရား ကျောင်းဝင်းထဲက ကိုယ်တိုင် မြင်တွေ့ ရသော နာနာဘာဝ၊ ဥစ္စာစောင့်တွေ အကြောင်း ပြောပြလို့ ကြက်သီးများ တောင် ထမိတယ်။

အမေကြီးဟန် [illegible]ကြ[illegible] သော လပြည့်လ[illegible] ထွက်လာတတ်တဲ့ [illegible] နွားလားညသဘာအကြောင်း အ[illegible] စိတ်ဝင်စားဖွယ် ယနေ့ထက်[illegible] ထင်ဟပ်မြင်အပ်ရှိနေဆဲလို့ ယူ[illegible] တယ်။

ဘုရားကျောင်းဝင်း အရှေ့[illegible] အရပ်ဆီမှ ညသန်းခေါင်ယံ[illegible] ဝါဆိုလပြည့်ညအချိန် အသံ[illegible] ဆွဲ တအူအူနဲ့ ခွေးအူသံ၊ ညဉ့်[illegible] တကီးကီးသံ၊ စိန်ပန်းပင်ပေါ်က [illegible] လန့်ဖျပ်ထအော်သံ အားလုံး[illegible] တွေ ကြားလိုက်ရတော့ ကြက်သီး[illegible] မွေးညင်း အလှိုင်လှိုင် ထမိတ[illegible]

'နောင်...နောင်...နောင်...

အဆက်မပြတ် တီးခတ်[illegible] ဗိုက်ပူပူ မျက်နှာဝိုင်းဝိုင်း[illegible] အဖြူ အပေါ်ပိုင်းတွင် အဖြူ[illegible]





www.burmeseclassic.com

www.burmeseclassic.com




# အချစ်အလှူတ်ပွဲအတွက်

ဖိတ်ကြားနည်း

ပြီးခဲ့သော တစ်ပတ်က ခင်ပွန်းသည်တို့ မောင်နှမတစ်တွေ ရုံးပိတ်ရက်တစ်ရက်တွင် မိသားစု ဆုံတွေ့ရန် ဖုန်းဖြင့် ချိန်းဆိုကြပြီး ကွယ်လွန်ပြီးသော မိဘနှစ်ပါးနဲ့ မောင်နှမများအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ရန် တိုင်ပင်ကြကာ နေ့ကောင်းရက်ကောင်း ရွေးချယ်သတ်မှတ်ကြပါတယ်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်နေ့တွင် မိဘများ နေသွားကြသော နေအိမ်တွင် မောင်နှမတစ်တွေ စုပေါင်းပြီး ဆွမ်းကျွေးကြပါတယ်။ ဆွမ်းကျွေးမှ ပြန်လာသော အချိန်မှစ၍ ဖျက်မရသော အတွေးတစ်ခုက မကြာခဏ ဝင်၍လာပါတယ်။

အဲဒီအတွေးက လွန်ခဲ့သော (၁၅)နှစ်က ကွယ်လွန်သွားသော ယောက်မကလေး အကြောင်းပါ။

ယောက်မလေးက အသက်(၂၅)နှစ်ကျော်ကျော် မူလတန်းပြဆရာမကလေးပေါ့။ သူ့အသက်အရွယ်ကလေးနဲ့ အဖြူအစိမ်း ယူနီဖောင်းကလေးဝတ်ပြီး လှလှပပနဲ့ ကျောင်းသွားရမယ့် အချိန်ကလေးမှာ အသည်းရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။

ဒါ့အပြင် (၁)နှစ်ခွဲကျော် သားကလေးတစ်ယောက်နဲ့ ယောက်ျားကိုပါ ထားခဲ့ရတော့ တရုတ်ကားတွေထဲက ပြောသလို သေတာတောင် မျက်စိ မပိတ်နိုင်တဲ့ အနေအထားပေါ့။

အဲဒီအချိန်မှာ သူ့ရက်လည်ဆွမ်းသွတ်တော့ သူ့ယောက္ခမအိမ်မှာမို့မို့ပေါ်က မောင်နှမတစ်တွေက တရားနာချိန်မီ ကိုယ့်အိမ်က ကိုယ်သွားကြမှာ။ စာရေးသူတို့ ဇနီးမောင်နှံက ပျဉ်းမနားနဲ့ (၁၁)မိုင်ဝေးတဲ့ ရေဆင်းမှာ တာဝန်နဲ့ နေကြတာလေ။

အဲဒီအချိန်မှာ စာရေးသူကိုယ်တိုင်ကလဲ လည်ပင်းကြီးရောဂါ ဖြစ်ပြီး မောကျပ်နေတဲ့အချိန်၊ ကျန်းမာရေးမကောင်းတဲ့အချိန်ဆိုတော့ ပျဉ်းမနားသူများအိမ်မှာ မအိပ်နိုင်ဘူးလေ။

မနက်မှ တရားနာအမီ အစောထသွားကြရမှာ။ မိုးတွင်းကြီးဆိုတော့ ညဦးပိုင်းက သွန်ချသလိုမျိုး မိုးတွေက ရွာနေပါတယ်။ တဖြည်းဖြည်း စဲလာပြီး နောက်ပိုင်း မနက်မလင်းခင်ထိ ဖွဲမိုးက ရွာနေတာပါ။ တဖြည်းဖြည်း မိုးစဲလာပြီး နောက်ပိုင်း မနက်မလင်းခင်ထိ ဖွဲမိုးက ရွာနေတာပါ။

ညကတည်းက ယောက်မနဲ့ အစ်ကို ပျဉ်းမနား ရောက်မလာကြတာကို သူ့ဝိညာဉ်က စိတ်ပူနေတာနဲ့ တူပါတယ်။ ညဦးပိုင်း အိပ်ပျော်ခါစမှာ ခုတင်ခြေရင်းက တရှုပ်ရှုပ်ငိုနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

အသံကို ကြားရပြီး ယောက်မကလေး က အစ်ကိုနဲ့ အစ်မ ဆွမ်းသွတ်ကို ဖိတ်ပါတယ်။

တရားနာပြီး အမျှအတန်းကလေး ဝေပေးပါဦးလို့ ပြောတဲ့အသံကို နားနဲ့ ဆတ်ဆတ်ကြားရပါတယ်။ ပြီးတော့ ဘေးမှာ ကြုံ့ကြုံ့ကလေးထိုင်ပြီး လာကန်တော့နေတာကို မြင်ရပါတယ်။

စာရေးသူလဲ အိပ်မက်က လန့်နိုး လာပါတယ်။ လူက လှုပ်မရပေမယ့် ငိုသံ ဆက်ကြားနေရပါတယ်။ မျက်တောင်ခတ်ကြည့်ပြီး အိပ်မပျော်ဘူး။ မျက်တောင်ခတ်လို့ ရတယ်။ အပြင်မှ တကယ်ကြားနေရတယ်။

ငါ အိပ်မပျော်ဘူး၊ မျက်တောင်ခတ်လို့ရတယ်။ မျက်စိက ခြင်ထောင်အမိုးကို မြင်နေရတယ်။ ဘီလူးစီးသလိုမျိုး လူကတော့ လှုပ်မရပါဘူး။ ငိုသံကြားနေရတယ်။ အိပ်မက် မဟုတ်ဘူးဆိုပြီး စိတ်နဲ့ မှတ်နေမိပါတယ်။ အိပ်မက်နဲ့ နိုးတစ်ဝက်ကြားမှာပေါ့။ ပြီးမှ လှုပ်လို့ရလာမှ ငိုတဲ့အသံ ပျောက်သွားပါတယ်။

ကဗျာဆရာတွေ၊ စာရေးဆရာတွေ ပြောပြောနေကြတဲ့ နိုးတစ်ဝက် အိပ်မက်ဆိုတာ ဒါမျိုးကို ပြောကြတာ နေမှာပါ။ သူ့ဆွမ်းသွတ်ကို ရောက်မလာသေးတဲ့အတွက် သူ့ဝိညာဉ်က စိတ်မအေးနိုင်တာ နေမှာပါ။

သူကိုယ်တိုင် လာဖိတ်တယ်ဆိုတာကိုတော့ အကြွင်းမဲ့ ယုံကြည်ပါတယ်။ အိပ်မက်လို့သာ ပြောရတယ်။ တကယ်ကြီးလိုပါပဲ။

အခုတော့ ယောက်မလေးဆုံးတာ (၁၅)နှစ် ကျော်ပါပြီ။ သူ ထားခဲ့တဲ့ သားလေးက အခု ၂၀၁၃ ခုနှစ် (၁၀)တန်းစာမေးပွဲကို ဖြေတော့မယ့် လေ၊ ခင်ပွန်းသည်ဘက်က မောင်နှမ (၈)ယောက် ရှိတဲ့အထဲက (၄)ယောက် ဆုံးပါးသွားပါပြီ။

ယောက်မလေးအရင် မတ်(၁) ယောက်၊ သူ့နောက်ကို ခဲအို(၂) ယောက်၊ မောင်နှမ(၄)ယောက်နဲ့ မိဘ နှစ်ပါးအတွက် အကျွတ်အလွတ်ပွဲ ဆိုရင် မများပါဘူး။

အခြားပုဂ္ဂိုလ်တွေမှာလဲ အဲဒီလိုပွဲမျိုးတွေကို လူတော်တော်များများက စကားအလှသုံးပြီး ဆွမ်းကျွေးတို့၊ အန္တရာယ်ကင်းဆွမ်းကျွေးတို့နဲ့ စကား လှအောင် ပြောနေကြတာပါ။

**အမှန်ပြောရရင် မိသားစု အကျွတ် အလွတ်ပွဲပေါ့။**

**ဒီပေမယ့် တချို့အကျွတ်အလွတ်ပွဲ တွေကို သူသာနိုင်တွေမှာ ကျွတ်မကြတာ ကို တွေ့ပူရပါတယ်။ အဲဒီကတော့ အများ အတွက် လုပ်ပေးတဲ့ အကျွတ်အလွတ် ပွဲပါ။**

အဲဒီပွဲပြီးတော့ သိပ်မကြာပါဘူး။ ရုံးပိတ်ရက်တစ်ရက်မှာ ရေဆင်းရွာက ဗေဒင်လာကြည့်တဲ့ အမျိုးသမီး(၁) ယောက်က သူ့အမျိုးသားအတွက် မေးတဲ့အခါ တွက်ချက်ကြည့်တော့...

'ဒီပုဂ္ဂိုလ်က သာသနာ့စက်ကျတဲ့နှစ်မို့ အလှူကြီး လှူရလိမ့်ဦးမယ်။ ပြီးတော့ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ် နှောင့်ယှက်ခံရတဲ့ ကိန်းရှိတယ်။ ကုသိုလ်ကောင်းမှု လုပ်ပြီး အမျှဝေလိုက်ပါ'

လို့ ပြောတော့ အဲဒီမကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်က အနီးမှာလား၊ အဝေးမှာလား မေးလာပါတယ်။

စာရေးသူလဲ အင်္ဂဝိဇ္ဇာ အခါတိုင်နဲ့ ကြည့်ပြီး စနေအခါတိုင်ဆိုတော့ အနီးမှာလို့ ပြောလိုက်ပါတယ်။ ဆက်ပြီး သူက ဘာနေ့သားသမီးလဲ မေးပြန်ပါတယ်။

ယောကြာခိုက်နေတော့ သောကြာ သားသမီး မိန်းမလို့လဲ ပြောလိုက်ရော သူ့အဖော်နဲ့သူက...

'ကြက်သီးမွေးညင်းတွေ ထလာပြီ အစ်မ ရယ်၊ အစ်မပြောတာ ဟုတ်ပါတယ်၊ ကျွန်မ ယောက်ျားက ဒီနှစ် သူ့အစ်ကိုရဲ့ မြေတွေကို ရှင်းပြုဖို့ ရက်သတ်မှတ်ထားပြီးသားပါ။ အဲဒီကလဲ ဆုံးသွားတာ ကြာပြီဖြစ်တဲ့ သောကြာသမီးဖြစ်သူ သူ့မရီးက ရှင်မပြုရ သေးတဲ့ မြေးကိုထိုးပြီး ဆုံးသွားတော့ မိသားစု အားလုံးက မကျွတ်ဘူးဆိုတာ သိထားကြ တယ်။ တခြားဗေဒင်ကလဲ အစ်မပြောသလို မကျွတ်ဘူးလို့ ဟောထားပါတယ်'

လို့ ပြောပြပါတယ်။ ''အဓိက,က သူ့ရည်ရွယ်ပြီး လှူတာလဲ ပါတာပေါ့'' လို့ ပြောပြကြပါတယ်။

သူတို့ကို စာရေးသူက ''ဒါဆိုရင် အလှူပွဲနဲ့ အကျွတ်အလွတ်ပွဲပေါ့'' လို့ ပြောလိုက်ရပါတယ်။

**တချို့က ကိုယ် အမှန်အမြတ်လှူတဲ့ အလှူပွဲကို အကျွတ်အလွတ်ပွဲလို့ ပြော ရင် ကြိုက်ချင်မှ ကြိုက်ကြမှာပါ။ တကယ်တော့ အကျွတ်အလွတ်ပွဲဆိုတာ ဘောင်စေ့လောက်လှူပြီး ဘောင်ဖင် ကြီးလောက်ရတဲ့ အလှူပါ။**

ကိုယ်က ကွယ်လွန်သူကို ရည်မှန်း လှူပေမယ့်လဲ၊ 'နည်းလမ်းမမှန်ရင် ဖိတ်တာမသိလို့ လာလို့ မရတာရယ်၊ အလှူခံပုဂ္ဂိုလ်က သီလ,သမာဓိ မရှိ လို့ရယ်နဲ့ အကြောင်းအမျိုးကြောင့် သာဓု မခေါ်ရတဲ့ပုဂ္ဂိုလ် အများကြီးပါ။


လေ့လာ မှတ်သားမိသလောက်က စာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ရတဲ့ သီရိခမ္မာသောကမင်းကြီးနဲ့ တွေ့တဲ့ အရိုးခြောက်ပုံစံနဲ့ ပြိတ္တာ,ဝိညာဉ်တွေ ပြောပြတဲ့ အကြောင်းကလေးကို သွား သတိရမိပါတယ်။

ဆွေတွေ,မျိုးတွေ ကုသိုလ်လုပ်လို့ ဖိတ်တဲ့ပွဲကို သာဓုခေါ်ချင်လို့ သွားတာ ကို အမျိုးတွေက ဒုသီလပုဂ္ဂိုလ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို(သီလမရှိတဲ့ပုဂ္ဂိုလ်)ကို လှူလို့ အမှု မရခဲ့ပါဘူးလို့ အရိုးခြောက် ပြိတ္တာတွေက အာသောကမင်းကြီးကို ပြောတဲ့ အကြောင်းပါ။

ဒါကြောင့် အခုလိုပွဲမျိုးက လုပ်တဲ့အခါမှာ ကွယ်လွန်သူ ကျွတ်လွတ်စေဖို့ ရည်ရွယ်ပြီးလုပ်ရင် သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ရပါတယ်။

နောက်တစ်ခုက တောင်မြို့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ကျောင်းအမကြီး ကွယ်လွန်ပြီးနောက် တရားပွဲ တစ်ပွဲကို ဆရာတော်ကြွတဲ့အခါ "ဆရာတော်ဘုရား" ဆိုပြီး နောက်က ပြေးလိုက်လာတဲ့အသံကို လူမမြင်ရဘဲ အသံပဲ ကြားရတော့...

'ဒါ... ရေချမ်းဒကာမကြီးရဲ့ အသံပါလား။ ဒကာမကြီးရဲ့ သားသမီးတွေက ပြီးခဲ့တဲ့ ရက်ပိုင်းက ဒကာမကြီးအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု လုပ်ပေးတယ်လေ၊ ဒကာမကြီး ကုသိုလ်ကောင်းမှုရဲ့ အမျှကို သာဓုမခေါ်လိုက်ရဘူးလား'

လို့ မေးပါတယ်။ အဲဒီတော့ ဒကာမကြီး...

'အဲဒီနေ့က တပည့်တော်ကို အဖော်တွေက ရေတံခွန်တောင်ကို ခေါ်သွားလို့ တရားမနာလိုက်ရလို့ သာဓုမခေါ်လိုက်ရပါဘူး'

လို့ ပြောတယ်တဲ့။ **(မဟာဂန္ဓာရုံ ဆရာတော်ကြီးက ကျောင်းဒကာမကြီးကို ရေချမ်းဒကာမကြီးလို့ ခေါ်တယ်ဆိုပဲ။)**

အဲလိုအနှောင့်အယှက်တွေ မဝင်အောင်၊ ဖိတ်ရင်လဲ လာလို့ရအောင် စနစ်တကျ ဖိတ်စေချင်ပါတယ်။ စနစ်တကျ ဖိတ်ကြားပုံကလေးကို ဖော်ပြလိုက်ပါတယ်။

အကျွတ်လွှတ်ပွဲ လုပ်တဲ့အခါ ရှင်ပြုပွဲမပါဘဲ သင်္ကန်းကပ်လှူ ဆွမ်းကျွေး အမျှဝေပေးသော တရားပွဲမျိုး ပြုလုပ်လို့လဲ ရပါတယ်။

ထိုသို့ ဖိတ်ကြားရာတွင် လိပ်စာကဲ့သို့ တစ်ဆင့်ချင်း သွားရပါမယ်။ သို့မှသာ ကွယ်လွန်သူရဲ့ ပရလောကသား မည်သည့်နေရာ ရောက်ရောက် ဖိတ်ကြားနိုင်မှာဖြစ်ပြီး တရားနာရာတွင်လဲ အနှောင့်အယှက် ကင်းကင်းနဲ့ သာဓုခေါ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အကျွတ်အလွှတ်ပွဲဖိတ်နည်းကို တင်ပြလိုက်ရပါတယ်။

---

## အကျွတ်အလွှတ်ပွဲ

---

အကျွတ်အလွှတ်ပွဲ မလုပ်ခင် တစ်ည ကြိုဖိတ်ရပါတယ်။ ရှေးဦးစွာ မိမိအိမ်တွင် ဘုရားရှင်အား အမွှေးတိုင်၊ ဖယောင်းတိုင်၊ သောက်တော်ရေတို့ဖြင့် ပူဇော်ပြီး...

**သီးခြား စားပွဲတစ်လုံးဖြင့်...**

သောက်တော်ရေ (၇)ခွက်
အမွှေးတိုင် (၇)တိုင်
အလင်းတိုင် (၇)တိုင်...

တို့ကို အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့နှင့် နယ်တော်ရှင်၊ ပယ်တော်ရှင် အပေါင်းတို့နှင့်တကွ လောကကို စောင့်ရှောက်ကုန်သောနတ်၊ သာသနာတော်စောင့်နတ်မင်းကြီး အပေါင်းတို့အား ဤအမွှေးတိုင်၊ အလင်းတိုင်၊ သောက်တော်ရေတို့ကို ပူဇော်ပါ၏ အရှင်ဘုရား။

ဤသို့ ပူဇော်ရသော အကျိုးအားကြောင့် မနက်ဖြန်မနက် (၆)နာရီ (၈)နာရီအတွင်းတွင် လွန်လေပြီးသောနှစ်က ကွယ်လွန်သွားရှာသော ဦး... (သို့မဟုတ်) ဒေါ်...အား ဤအိမ်ဂေဟာသို့ (သို့မဟုတ်) ဤကျောင်းသို့ တရားနာ ကြွရောက်ပါရန် ဖိတ်ကြားပေးတော်မူပါ အရှင်ဘုရားလို့ ဖိတ်ရပါမယ်။ ပြီးလျှင် တရားနာမယ့်အချိန်တွင် နေရာထိုင်ခင်း ပြုလုပ်ပေးထားရပါမယ်။

ဒါမှလဲ အလှူကို ဆိုင်ရာပိုင်ရာတို့ ခွင့်ပြုချက်နဲ့ စောင့်ရှောက်မှုနဲ့ အဲဒီပုဂ္ဂိုလ် လာလို့ရမှာပါ။ အနှောင့်အယှက် အဟန့်အတား ကင်းကင်းနဲ့ လာပြီး တရားနာလို့ ရမှာပါ။

ခေတ်စကားနဲ့ ပြောရရင် ကုသိုလ်လုပ်တဲ့နေရာကို ဝင်လို့ထွက်လို့ရအောင် ကြိုတင် ဗီဇာယူပေးထားရတာပါ။

စာဖတ်သူ အပေါင်းဟာလဲပဲ မိမိ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း အကူအညီ လိုအပ်သော ပုဂ္ဂိုလ်တို့နဲ့ ကြုံတွေ့ခဲ့ပါက ကူညီလို့ရအောင် အကျွတ်အလွှတ်ပွဲ ဖိတ်နည်းကို ဖော်ပြလိုက်ရပါတယ်။

မိသားစုအတွက်၊ (၇)ရက်သားသမီးတို့အတွက် ကူညီပေးနိုင်သော သူတော်ကောင်းများ ဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**မနှင်းဆီ**
***(ရေဆင်း–နေပြည်တော်)***


www.burmeseclassic.com

ယခုလ ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထီဆုကြီးများနှင့် နီးစပ်နိုင်စေရန် **၅,၃,၂,၈** ဂဏန်းခြေများနှင့် **ည,တ,ဖ,လ** အက္ခရာတို့ကို တွဲဖက်၍ ရွေးချယ်ပါ။

ဂဏန်းတူ အပူးအထပ်များ အလိုရှိပါက **၅,၃,၂,၈** ဂဏန်းများအနက် နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။ မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကို ဇယားတွင် ကြည့်ပါ။

* * *

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



| မွေးလရာသီ | အရောင် | ဂဏန်း | အရပ် | နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၀မှဧပြီ၂၀ | ဝါ | ၅ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချို | ဥဿဖရား | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| ပြိဿရာသီ ဧပြီ၂၀မှမေ၂၀ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| မေထုန်ရာသီ မေ၂၀မှဇွန်၂၀ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ကရကဋ်ရာသီ ဇွန်၂၀မှဇူ၂၀ | မြောက်ကျား | ၈ | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ၂၀ | မြူ | ၂ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| ကန်ရာသီ ဩ၂၂မှစက်၂၀ | နီ | ၁ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| တုရာသီ စက်၂၂မှအောက်၂၂ | စိမ်း | ၄ | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို၂၀ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ဓနုရာသီ နို၂၂မှဒီ၂၀ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| မကာရရာသီ ဒီ၂၀မှဇန်၁၉ | မြူ | ၉ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ၁၈ | နက် | ၇ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| မိန်ရာသီ ဖေ၁၉မှမတ်၂၀ | နက် | ၀ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |

**ဥပမာ ။ ။ မိဿရာသီဖွား(မတ်လ ၂၁ ပြေ ၂၀အတွင်း မွေးဖွားသူ)တို့**သည့် အဝါရောင်၊ (၅)ဂဏန်း၊ အရှေ့မြောက်ထောင့်အရပ်၊ ဗုဒ္ဓဟူးနေ့၊ ချိုသောအရသာ၊ ဥဿဖရားကျောက်တို့က ကံလာဘ်ပွင့်လင်းစေ၍ တနင်္ဂနွေသားသမီးများနှင့် စပ်တူထိုးသင့်သည်။

တနင်္လာသားသမီးများကို ရှောင်ပါ။ ဤလတွင် ကံထူးနိုင်သူတို့မှာ ကြာသပတေးသားသမီးများ ဖြစ်ကြသည်။ သောကြာသားသမီးများလည်း အတန်အသင့် များပြားသော စုငွေများကို မျှော်လင့်နိုင်ကြသည်။

ဆိုင်တည်နေရာအရ ရွေးချယ်လိုပါက သစ်ပင်ကြီးများအောက် လမ်းဆုံလမ်းခွ ဝေဘာဖြူးဖြူး တိုက်ခတ်သောနေရာ လွင်ပြင်ကျယ် ရေကမ်းစပ် ဆိပ်ကမ်း သဲသောင်ပြင် စသည်တို့တွင် ဖွင့်လှစ်သော ထီလက်မှတ် အရောင်းဆိုင်များ၊ စားသောက်ဆိုင်ကြီးများအနီး ဖွင့်လှစ်သော ဆိုင်များတွင် ကံစမ်းသင့်သည်။ ထီကံမြှင့်ယတြာ ပြုလိုပါက အနီကိုနင်းကြမ်း၊ ပန်းရောင်ကို ဆောင်ပန်းပြုပါ။

ဆိုလိုသည်မှာ ဖိနပ်,ပုဆိုး,ထဘီ စသည့် ခါးအောက်ပိုင်း အသုံးအဆောင်များတွင် အနီရောင်ကို အားကောင်းစွာ (ထင်ရှားအောင်) ဝတ်ဆင်ပါ။ ခါးအထက်ပိုင်းတွင် ပန်းရောင်ကို ဆင်မြန်းရန် ဖြစ်သည်။

ထီး,ဦးထုပ်,ခေါင်းစီး,ပဝါ စသည်တို့ကို ပန်းရောင် ရွေးချယ်ရန်ဖြစ်သည်။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



# လူဝင်စားမှ ပြောပြသော

## သူ့ကိုယ်တွေ့ ပေတဘဝ ဇာတ်လမ်းများ

မိုးမိုး (မတ္တရာ)



'ရေဘူးနှင့် ဖိနပ်မပါလျှင်
နွေအခါမှ သိလိမ့်မည်။
ဒါနနှင့် သီလမပါလျှင်
သေခါမှ သိလိမ့်မယ်'
ဆိုသော
ရှေးလူကြီးသူမတို့၏
ဆိုရိုးစကားသည်
မှန်ကန်လှပေ၏။

ရေဘူးနှင့် ဖိနပ်မပါဘဲ နွေရာသီ၌ ခရီးသွားခဲ့သော် ရေငတ်သည့်ဒဏ်၊ ခြေထောက်ပူသည့် ဒဏ်များကို ခံစားရပေမည်။

ဒါနနှင့် သီလမပါဘဲ တမလွန်ခရီးသို့ သွားခဲ့သော အပါယ်ဘုံသို့ ရောက်ရှိရန် သေချာလှပေ၏။

ဒါနနှင့် သီလတွင်လည်း ဒါန တစ်ခုတည်းနှင့် သုဂတိဘုံသို့ ရောက်ရန် မလုံလောက်နိုင်သဖြင့် အနည်းဆုံး (၅)ပါးသီလပါ လုံခြုံမှ သုဂတိဘုံသို့ ရောက်ရန် သေချာလှပေ၏။

"ဘာဝနာ"ပါ ပွားများနိုင်လျှင်တော့ အတိုင်းထက် အလွန် ကောင်းပေပြီဟု ဆိုရပေမည်။

လူ့ဘဝ၌ ဒါနမျိုးစေ့ စိုက်ခဲ့ပြီး သီလဆောက်တည်မှုပါ ပြုလုပ်ခဲ့သော သူတစ်ယောက်သည် သေလွန်ခြင်း၏ အခြားဘဝ၌ နေထိုင်စားသောက်ရမှုများအား **လူဝင်စားဖြစ်ချိန်**တွင် ပြောပြ၍ သိရှိခဲ့ရလေ၏။

အမှန်ဆိုရမူ "ထိုသူ"သည် ဒါန၊ သီလအကျိုးကြောင့် လူ့ဘဝ၊ နတ်ဘဝသို့ ချက်ချင်း ရောက်ရှိနိုင်သော်လည်း ဘဝကူးပြောင်းခါနီးအချိန်တွင် မပြတ်နိုင်သော **သံယောဇဉ်ကြိုးများကြောင့်** ပြိတ္တာဘုံသို့ ရောက်ရှိ သွားခဲ့ရသည်ဟု ယူဆမိပါ၏။

ဝဋ်ကြွေးများ ကုန်ဆုံးသွားချိန်တွင် လူ့ဘဝသို့ ပြန်လည်၍ ရောက်ရှိရသည် ဆိုကလည်း မမှားနိုင်ပါချေ။

ဤသို့ လူ့ဘဝ ပြန်လည်ရောက်ရှိရခြင်းမှာလည်း ဒါန၊ သီလတို့၏ အကျိုးပင်ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်နိုင်ကြပေ၏။

'နေရတဲ့လူ့ဘဝမှာ ဒါန၊ သီလ၊ ဘာဝနာကို တတ်နိုင်သမျှ ပြုလုပ်ကြပါ။ ဘာဝနာကို မပွားများနိုင်ရင်တောင်မှ ဒါနနဲ့ သီလ ရှိကြပါစေ။

ဒါမှသာ အပါယ်တံခါးကို မရောက်ဘဲ လူ့ဘဝ နတ်ဘဝကို ရောက်နိုင်ကြမယ် သတိရှိကြပါ'

ဤသည်မှာ လူ့ဘဝသို့ တစ်ဖန်





www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်၍ ရောက်ရှိလာခဲ့သော (သို့မဟုတ်) လူဝင်စား တစ်ဖန်ပြန်၍ ဖြစ်ခဲ့သော ဦးဖိုးတော၏ ဆုံးမစကားပင် ဖြစ်လေ၏။

ဦးဖိုးတောက သူ၏ ယခင်လူ့ဘဝ အကြောင်းနှင့် သေဆုံးပြီးနောက် ပရလောကသား ဘဝအကြောင်းများကို လည်း ပြန်၍ ပြောပြခဲ့လေသည်။



**လွန်ခဲ့သော နှစ်(၆၀)ခန့်က** ဖြစ်လေ၏။ ဦးဖိုးတော၏ ယခင်ဘဝ နာမည်မှာ ဦးတက်တိုးဖြစ်၏။ ဦးတက်တိုးသည် မတ္တရာမြို့နယ်အတွင်းရှိ ရေဝတီမြစ်ကမ်းဘေးမှ အေးသာယာ ရွာတွင် ဇနီးဒေါ်ဖန်နှင့် သားသမီး(၄) ယောက်တို့ဖြင့် နေထိုင်ခဲ့၏။

တောင်သူအလုပ်ကို လုပ်ကိုင်၍ လယ်ယာမြေအမြောက်အမြား ပိုင်ဆိုင်သည့် တောင်သူကြီးတစ်ဦးဖြစ်၏။ ဦးတက်တိုးသည် ဘာသာတရား ကိုင်းရှိုင်းပြီး ဥပုသ်သီတင်းလည်း ဆောက်တည်၏။

တန်ခူးလနှင့် ဝါတွင်းကာလများတွင် အမြဲမပြတ် ဥပုသ်စောင့်ခဲ့၏။ မိသားစု အပေါ်တွင်လည်း တာဝန်ကျေစွာဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့၏။

အိမ်ကြီးရခိုင်ဖြင့် နေနိုင်ကာ သား(၂)ယောက်၊ သမီး(၂)ယောက်တို့ကို လည်း ရှင်ပြုပေးခြင်း၊ သီလရှင်ဝတ်ပေးခြင်းများ ပြုလုပ်ခဲ့ပြီး သူကိုယ်တိုင် လည်း ဒုလ္လဘရဟန်းဝတ်ခဲ့သေး၏။

ဦးတက်တိုးသည် သူနှင့် သူ့မိသားစုအတွက် ယခုဘဝအဖို့ ကုသိုလ်နှင့် နောက်ဘဝအဖို့ ဒါနမျိုးစေ့ များ စိုက်ပျိုးမှု ပြုလုပ်ခဲ့၏။

မည်သို့ပင် ကုသိုလ်ဒါနများ ပြုလုပ်ခဲ့သော်လည်း ယခင်အတိတ်ဘဝ၏ ဒါန၊ သီလနည်းပါးမှုကြောင့်ဟု ဆိုရမည်လား မသိရ။ ဦးတက်တိုးသည် အသက်(၄၀)ခန့်တွင် နေမကောင်း ဖြစ်ကာ သေဆုံးခဲ့ရ၏။

သူသည် မသေဆုံးမီတွင် ပြုလုပ်စရာရှိသည်များ ကျန်နေသေး၍ နောက်ဆံတင်းခဲ့ရ၏။ ဘုန်းကြီးကျောင်းဆောက်ချင်သည့် စိတ်၊ လယ်များ မရိတ်ရသေးသည့် စိတ်၊ သားသမီးများ၏ သံယောဇဉ်စိတ်များက ဦးတက်တိုးအတွက် တမလွန်သို့ သွားရန် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ခဲ့ရ၏။

ကုသိုလ်ဒါနများ ပြုလုပ်ခဲ့သော်လည်း သေခါနီး သမုဒယမပြတ်နိုင်ခြင်းကြောင့်လား၊ သေနည်းမတတ်ခြင်းကြောင့်လား မသိရ၊ ဦးတက်တိုးမှာ သုဂတိဘုံသို့ မရောက်နိုင်ရှာဘဲ ပြိတ္တာဘုံသို့ ရောက်ရရှာလေ၏။

ပြိတ္တာ(ပရလောကသားတစ္ဆေ) ဘဝတွင် သူ့အတွက် နေစရာ တစ်နေရာကိုပင် မနည်းရှာဖွေရ၏။

လမ်းဘေး၌ ရှိရှိသမျှသော သစ်ပင်ကြီးငယ်တို့တွင် ပရလောကသားများမှာ ပဒေသာပင်သီးသကဲ့သို့ ရှိနေကြ၏။

လူ့ဘဝရှိစဉ်က ဒါန၊ သီလအကျိုးခံကြောင့် ဦးတက်တိုး(ပရလောကသား)မှာ လယ်ကွက်ထဲရှိ ဥနဲ့ပင်နေသောပုဂ္ဂိုလ်(ရုက္ခစိုးလော မသိ)မှ သူ့အပင်တွင် နေခွင့်ပြုသဖြင့် နေရာရခဲ့၏။

ထိုအပင်တွင်လည်း ပရလောကသားများ ရှိလေ၏။ ဥနဲ့ပင်မှာ ရွာ(၂)ရွာကြားတွင် ရှိ၍ သူနေခဲ့သော ရွာနှင့် (၁)မိုင်ကျော်ခန့် ကွာဝေး၏။

နေ့အချိန်တွင် ဥနဲ့ပင်တွင် နေကြ၍ ညနေပိုင်း နေဝင်ရီတရောအချိန် (နွားရိုင်းသွင်းချိန်)များတွင် ရွာအတွင်းသို့ ဝင်ပြီး လမ်းပေါ်၌ ရှာဖွေစားသောက်ကြရ၏။

ကျန်ရစ်သူမိသားစုမှ ကုသိုလ်ဒါန များ ပြုပေး၍ အမျှအတန်းပေးဝေခြင်း များ ရှိသော်လည်း ဦးတက်တိုး ပရလောကသားမှာ အမျှအဖို့ကို မသိလိုက်ရ၍ သာဓု မခေါ်ဆိုနိုင်ခဲ့ချေ။

သာဓု မခေါ်နိုင်ခြင်းကြောင့်လည်း ပြိတ္တာပရလောကသားဘဝမှ အလွယ်တကူ မကျွတ်လွတ်နိုင်ခဲ့ရခြင်း ဖြစ်ပေ၏။

ပရလောကသားဘဝဖြင့် ဆင်းရဲပင်ပန်းစွာ နေရသည့်အထဲတွင် တစ်ရက်၌ ဦးတက်တိုးတို့နေသော ဥနဲ့ပင်အား လယ်ကွက်အတွင်း လင်းရိပ်ကျသည်ဟု ဆိုကာ လယ်ပိုင်ရှင်မှ ခုတ်ပစ်လေ၏။

ဦးတက်တိုးတို့ ပရလောကသားများမှာ နေစရာမရှိတော့သဖြင့် သစ်ငုတ်ဘေးတွင် ထိုင်ကာ ငိုကြွေးနေရတော့၏။

ဦးတက်တိုးတို့အား အုပ်ချုပ်သော ပုဂ္ဂိုလ်မှ လယ်ပိုင်ရှင်အား အိပ်မက်ပေး၍ သစ်ပင်တစ်ပင် ပြန်စိုက်ပေးရန် တောင်းဆိုရာ လယ်ပိုင်ရှင်က သူ့အိမ်မှ သရက်ပင် ခပ်ကြီးကြီးတစ်ပင်အား ရွှေ့၍ စိုက်ပေးသဖြင့် နေရာပြန်ရကြ၏။

ဦးတက်တိုးသည် ပရလောကသား



www.burmeseclassic.com

www.burmeseclassic.com

ဘဝတွင် (၅)နှစ်ခန့် နေခဲ့ရ၏။

တစ်နေ့တွင် သူတို့အား အုပ်ချုပ်သော (ရက္ခစိုးလောမသိ) ပုဂ္ဂိုလ်က ဦးတက်တိုး ပရလောကသားအား...

'မင်း လူ့ဘဝသွားဖို့ အချိန်ကျပြီ မင်းနဲ့ ထိုက်တန်တဲ့ အမေကို တွေ့ရင် သွားပေတော့'

ဟု ပြောသဖြင့် လူ့ဘဝသို့ ကူးပြောင်းရန် အမေရှာရတော့၏။

သူတို့နေထိုင်ရာ ဥနှဲပင်၏ မနီးမဝေးမှ ဖြတ်သွားသည့် သားသည် မိခင်များကိုတွေ့သော်လည်း သူ့အနေနှင့် မိခင်မတော်လိုချေ။

ဤသို့ဖြင့် မိခင်တော်ရမည့် သူကို စောင့်စားလာခဲ့ရာ တစ်နေ့တွင် သူတို့နေသော ဥနှဲပင်နှင့် မနီးမဝေးရှိ လှည်းလမ်းမှ လှည်းတစ်စီးဖြတ်၍ မောင်းသွားသည်ကို တွေ့ရ၏။

လှည်းပေါ်တွင် ဖနီးမောင်နှံ(၂)ယောက်ကို တွေ့ရပြီး အမျိုးသမီးကြီးကို တွေ့ရသည့်အခိုက် ဦးတက်တိုး (ပရလောကသား)မှာ အမေတော်ချင်သည့်စိတ်များ ဖြစ်ပေါ်လာသဖြင့် အုပ်ချုပ်သူပုဂ္ဂိုလ်အား ခွင့်တောင်း၍ ထိုလှည်းပေါ်သို့ တက်လိုက်လာခဲ့၏။

ထိုအမျိုးသမီးကြီးက ရေသောက်ရန် ဘူးခါးသီး ရေဘူးမှ ရေကိုခွက်တွင် ငှဲ့ထည့်၍ သောက်မည်ပြုစဉ် ဦးတက်တိုး(ပရလောကသား)က ရေခွက်တွင်းသို့ အမှိုက်သေးသေးလေးယောင်ဆောင်ပြီး ဝင်နေလိုက်ရာ ဝမ်းတွင်းသို့ ရောက်သွားခဲ့ရတော့၏။ ဤသည်မှာစ၍ ဘာမှ မသိရတော့ချေ။

ဦးတက်တိုးဘဝက နေခဲ့သော အေးသာယာရွာနှင့် လူဝင်စားဖြစ်ခဲ့သော ကျွန်းကလေးရွာတို့မှာ (၅)မိုင်ခန့်ကွာဝေး၏။

လူဝင်စားဦးတက်တိုး၏ ယခုဘဝ



အမည်မှာ "မောင်ဖိုးတော"ဖြစ်၍ မိဘများမှာ ဦးထွန်းလူနှင့် ဒေါ်ချစ်လှတို့ဖြစ်ကြပြီး တောင်သူကြီးများ ဖြစ်ကြ၏။

မောင်ဖိုးတောကလေးသည် အသက်(၄)နှစ်ခန့်မှစကာ ယခင်ဘဝ အကြောင်းများကို အားလုံး ပြန်ပြောလာနိုင်ခဲ့၏။

အထူးသဖြင့် မိုးရာသီ မိုးအုံ့သည့်အချိန်များတွင် အေးသာယာရွာသို့ သွားချင်ကြောင်း၊ မိသားစုကို သတိရကြောင်းများ ပြော၏။

မောင်ဖိုးတော၏ မိဘများမှာလည်း သားလေး၏ ခံစားနေရမှုကို မကြည့်ရက်သဖြင့် နေ့တစ်နေ့၏ နံနက်စောစောတွင် အိမ်မှ လှည်းကို ပြင်ဆင်ကာ လက်ဆောင်အဖြစ် မြေပဲ၊ ဆန်၊ ဆီစသည်များ ယူဆောင်ပြီး မောင်ဖိုးတောနှင့်အတူ အေးသာယာရွာသို့ လာခဲ့ကြ၏။

ရွာသို့ ရောက်လျှင် မောင်ဖိုးတောက ဖခင်အား နွားလှည်းကို သူ့မိသားစု အိမ်ရှိရာသို့ တန်းတန်းမတ်မတ် မောင်းခိုင်းပြီး ဝင်စေ၏။ ပြီးနောက် လှည်းပေါ်မှ အတင်းခုန်ချကာ...

'မဖန်ရေ...သားတို့ သမီးတို့ရေ'

ဟု အော်ခေါ်နေလေ၏။ ခြေတံရှည်အိမ်၏ အိမ်အောက်တွင် ရသေ့လျှောင်း(၂)လုံးနှင့် စားပွဲ(၁)လုံး ချထားပြီး ဒေါ်ဖန်တို့မိသားစုများ ထိုင်နေသည်ကို တွေ့ရ၏။

ဒေါ်ဖန်တို့မိသားစုမှာ ကလေးတစ်ယောက်က အော်ခေါ်နေသည်ကို ကြည့်ကာ မှင်တက်ပြီး ကြည့်နေမိကြ၏။

'မဖန်...ငါ့ကို မမှတ်မိတော့ဘူးလား၊ ငါ တက်တိုးလေ... သားတို့သမီးတို့ အဖေ တက်တိုးပါ မမှတ်မိကြတော့ဘူးလား'

ဟု ပြောနေပြန်၏။ ထိုအခါမှ ဦးထွန်းလူနှင့် ဒေါ်ချစ်လှတို့က ရသေ့လျှောင်းတွင် ဝင်ထိုင်ကာ အကြောင်းစုံကို ပြောပြကြ၏။ အကြောင်းစုံကို သိရပြီးနောက် ဒေါ်ဖန်တို့မိသားစုမှာ ဝမ်းသာဝမ်းနည်းဖြင့် ဦးတက်တိုးတစ်ဖြစ်လဲ မောင်ဖိုးတောကလေးကို ဖက်၍ ငိုကြွေးကြတော့၏။

မောင်ဖိုးတောကလေးက ယခင်ဘဝအကြောင်းများကို အကုန်ပြောပြနိုင်သည်ပြင် ဘုန်းကြီးကျောင်းဆောက်လုပ်လှူဒါန်းရန် တွင်းတူးပြီး ဝှက်ထားခဲ့သော ရွှေအိုးအား ဖော်ထုတ်ပေးခဲ့လေ၏။

ပါလာသော လက်ဆောင်များ ပေးပြီး ညနေပိုင်းတွင် ရွာသို့ပြန်ရန် ပြင်ဆင်ချိန်တွင် ဒေါ်ဖန်နှင့် သားသမီး(၄)ယောက်တို့မှ မောင်ဖိုးတောကလေးအား မခွဲနိုင်သဖြင့် (၂)ရက်မျှ ထားခဲ့ပေးပါရန် တောင်းပန်သဖြင့် ဦးထွန်းလူနှင့်ဒေါ်ချစ်လှတို့မှာ မောင်ဖိုးတောကို ထားခဲ့ပြီး ပြန်သွားခဲ့ကြရ၏။

နောက်(၂)ရက်ကြာမှသာ ပြန်လာ၍ ခေါ်ကြရ၏။ မောင်ဖိုးတောနှင့် ယခင်ဘဝမှ သားသမီးများမှာ အရွယ်ချင်းကွာသော်လည်း သားသမီးများက ချစ်ခင်ရှိသေကြ၏။

မောင်ဖိုးတောကလည်း သားသမီးများရှိရာ အေးသာယာရွာသို့ အလည်

www.burmeseclassic.com

www.burmeseclassic.com

အပတ်ရောက်ချိန်များတွင် အလုပ်ရှိက ဝိုင်းဝန်းလုပ်ဆောင်ပေးပြီး အမြင်မတော်သည်များရှိက ဆိုဆုံးမလေ၏။

ယခင်ဘဝမှ သားသမီးများသည် အချိန်တန်၍ အိမ်ထောင်များ ကျသွားကြသော်လည်း အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်တော့ မောင်ဖိုးတောထံ လာရောက်၍ လက်ဆောင်များ ပို့ကာ ဂါရဝပြုကြ၏။

မောင်ဖိုးတောလေး အရွယ်ရောက် အိမ်ထောင်ပြုပြီးချိန်လည်း ယခင်ဘဝမှ သားသမီးများက လေးစားလျက်ပင် ဖြစ်၏။

အတိတ်ဘဝ၏ ဒါန၊ သီလအကျိုးကြောင့်ပင် ဖြစ်ပေမည်။ မောင်ဖိုးတောဘဝ၌လည်း မိဘ၏ ကြွယ်ဝမှုနှင့်အတူ စာတတ်ပေတတ်လည်း ဖြစ်ခဲ့၏။

မိဘ၏ထောက်ပံ့မှုဖြင့် ဥယျာဉ်ခြံကြီးတစ်ခု ပိုင်ဆိုင်ကာ သရက်၊ ပိန္နဲ၊ ကွမ်း၊ ကွမ်းသီးပင်များ စိုက်ပျိုးရောင်းချပြီး ချောင်ချောင်လည်လည် နေနိုင်ခဲ့၏။

ယခုအချိန်တွင် ဦးဖိုးတောဘဝဖြင့် ဒါန၊ သီလများ ပြုလုပ်ကျင့်ကြံလျက် တမလွန်ဘဝ၏ ကြောက်မက်ဖွယ် ကောင်းပုံများကို မိသားစုအပါအဝင် နီးစပ်ရာများအား ဆုံးမ စကားပြောကြားနေဆဲပင် ဖြစ်၏။

သတ္တဝါအားလုံးတို့သည် သံသရာဝဲဂယက်မှ မလွတ်မြောက်နိုင်သရွေ့ (၃၁)ဘုံတွင် အဖန်ဖန် ကျင်လည်နေရဦးမည်သာ ဖြစ်ပေ၏။

(၃၁)ဘုံတွင် ကျင်လည်ရပြန်လျှင်လည်း လူဖြစ်လျှင် လူ့ဒုက္ခ၊ နတ်ဖြစ်လျှင် နတ်ဒုက္ခ၊ အပါယ်ဘုံဖြစ်လျှင် အပါယ်ဘုံဒုက္ခတို့အား ခံစားနေကြရဦးမည် ဖြစ်လေ၏။

(၃၁)ဘုံမှ လူသားအချို့တို့သည်ကား တံလျှပ်ကို ရေထင်၊ ရွှေသမင်အလိုက်လွဲသည့်ပမာသို့ လည်းကောင်း၊ မီးရောင်ကို ရွှေတောင်အလား ထင်မှား၍ ပိုးဖလံမျိုးမီးကို တိုးသည့်ပမာသို့ လည်းကောင်း "တစ်ဘဝစာ"အတွက်သာ ရှာဖွေစားသောက်၍ ပျော်မွေ့နေကြလေ၏။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်အား မကျင့်ကြံနိုင်သေးပါက သံသရာကောင်းကျိုးအတွက် ဒါနနှင့် သီလအား သက်ရှိထင်ရှား ယခုဘဝ၌ပင် ကြိုးစားပြုလုပ် ဆောက်တည်ကြစေကြောင်း နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပေသတည်း။

**ဝန်ခံချက်။ ။ ဦးမောင်ဦး ပြောပြသော ဇာတ်လမ်းအား ခံစားရေးဖွဲ့ပါသည်။**

**ဦးစိုး(မဏ္ဍလာ)**

စာမျက်နှာ (၂၉၃)မှ အဆက်

က...

'လှည်းဆရာ ကြိုက်ရင် နွားချင်းလဲရအောင်'

လို့ ပြောတယ်။ အဘိုးက သူတို့နွားတွေကို ကြိုက်လဲကြိုက်၊ ကိုယ့်နွားတွေထက်လဲ နည်းနည်းသာတာနဲ့ လဲချင်တယ်။ ဒါပေမယ့် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြစ်တဲ့ သူငယ်ချင်း ဦးတင့်ကို လှမ်းကြည့်ရင်ဘဲ ဦးတင့်က...

'လှိုင်သိန်း ကြည့်လုပ်နော်...သရက်ကုန်းရွာလို့လဲ ဒီအနီးတစ်ဝိုက် မကြားဖူးဘူး။ ဒီဇရပ်အနီးနားမှာ ကျစ်တွေ ရှိတယ်လို့ ကြားဖူးတယ်'

လို့ တိုးတိုးလေး ကပ်ပြောတယ်။

အဘိုးကလဲ သူတို့နွားတွေထက် နည်းနည်းသာတာနဲ့ ဖွတ်နွားချင်းလဲပြီး အိမ်ပြန်မောင်းလာခဲ့တယ်။ အိမ်ရောက်တော့ နွားတွေကို အစာကျွေးတယ်။ မစားတာနဲ့ တင်းကုပ်ထဲ ချည်ပြီး အိမ်ပေါ် တက်အိပ်တော့တယ်။

မနက် ဝေလီဝေလင်း နွားကျွေးဖို့လဲ ထရော နွားချည်တိုင်မှာ ကြိုးတန်းလန်းနဲ့ တက်တူခြောက်နှစ်ကောင် တောင်ပြေးမြောက်ပြေးနဲ့ တွေ့လိုက်ရတယ်။

ဒါနဲ့ အိမ်ပေါ်က သူ့သားတွေကို နှိုးပြီး နွားတွေကို မြို့ပြင်ဘက် လိုက်ရှာရတယ်။

သိပ်မရှာလိုက်ရဘူး၊ မန်ကျည်း ကုန်းဇရပ်(နွားချင်းလဲခဲ့သော နေရာ)နဲ့မနီးမဝေးမှာ နွားနှစ်ကောင်လုံးကို ကြိုးတန်းလန်းနဲ့ ပြန်တွေ့လိုက်ရတယ်။

**ကွယ်လွန်သွားသော အဘိုးကို ဤစာမှုနှင့် ကန်တော့အပ်ပါသည်။**

**သတ္တညီ(နတ်မောက်)**

နက္ခတ္တ
ရောင်ခြည်
မဂ္ဂဇင်း
တိုက်နှင့်
ဆက်သွယ်နိုင်
မေးရန်
ဖုန်းနံပါတ်များ...
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၀၀၄၁၉၂

www.burmeseclassic.com





သုဏ္ဍာသီ (နတ်မောက်)

# ပရလောကသားနဲ့
## နွားချင်းလဲသော အဘိုး

လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ် ကျော်လောက်က ပရလောကသားနဲ့ နွားချင်း လဲခဲ့ဖူးသော ကျွန်ုပ်ရဲ့အဘိုး ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုကို နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ အား ရေးသား တင်ပြလိုပါတယ်။

အဲဒီအချိန်အခါက နတ်မောက်မြို့ ဟာ ယခုလောက်ထိ စည်ကားချင်း မရှိသေးပါဘူး။ ရပ်ကွက်တွေကလဲ ဒီ လောက်ထိ အိမ်ခြေ မများသေးဘူး။

တစ်နေ့မှာ အဘိုးနဲ့ သူငယ်ချင်းဖြစ် သူ ဦးတင့်တို့နှစ်ယောက်သား ယာ အရောင်းအဝယ်ကိစ္စနဲ့ နတ်မောက်မြို့ ရဲ့ အနောက်မြောက်ဘက် နှစ်တိုင်ခွဲ လောက်ဝေးတဲ့ စည်သာကျေးရွာကို နွားလှည်းနဲ့ သွားကြတယ်။

ယာအရောင်းအဝယ်ကိစ္စ စာချုပ် များချုပ်၊ ငွေချေပြီး အညာနေ့က ပူ လွန်းတော့ မပြန်သေးဘဲ အပူခံဆိုပြီး ထန်းရည်သောက်ကြတယ်။

သောက်ရင်း သောက်ရင်းနဲ့ ညနေ အတော်စောင်းမှ ခပ်ထွေထွေနဲ့ နှစ်ယောက်သား လှည်းကောက်ပြီး ပြန်လာခဲ့ကြတယ်။ လကလဲ လမိုက် ရက်ဆိုတော့ မသာဘူး။ သီချင်းလေး တအေးအေးနဲ့ လှည်းမောင်းလာလိုက် တာ နတ်မောက်မြို့ရဲ့ မြောက်ဘက် ဝါးခုတ်ချောင်း အတက်နားက **မန်ကျည်းကုန်းဇရပ်နား** (ယခု နတ်မောက်မြို့မြောက် သုသာန် အနောက်ဘက်က ဇရပ်)လဲ ရောက် ရော လှည်းရှေ့ မလှမ်းမကမ်းမှာ နွား တစ်ယောက် တစ်ကောင်စီ ဆွဲပြီး ခေါင်းတွေ ပေါင်းထားတဲ့သူနှစ်ယောက် ကို တွေ့တယ်။

အဲဒီသူတွေက လမ်းရှောင်ပေးရင်း တစ်ယောက်က...

'ဗျို့...လှည်းဆရာ၊ ‌ မီးတစ်တို့ လောက်ပါဗျ'

လို့ ဆေးလိပ်မီး လှမ်းတောင်းတယ်။ အဘိုးကလဲ ဆေးလိပ်မီး လှမ်းပေးရင်း သူတို့နွားတွေက တော်တော်လေးလှပြီး ကောင်းတာနဲ့...

'ဆရာတို့က ဘယ်ရွာကတုန်းဗျ၊ နွားတွေကလဲ ကောင်းလှချည့်လား'

လို့ လှမ်းမေးလိုက်တယ်။ အဲဒီထဲက တစ်ယောက်ကနေ...

'ကျုပ်တို့က သရက်ကုန်းက နွား ပွဲစားတွေပါ၊ အခု နွားဝယ်ပြီး ပြန်လာ ကြတာ'

လို့ ပြောပြီး ကျန်တဲ့တစ်ယောက်

 (စာမျက်နှာ (၂၉၂) သို့)

www.burmeseclassic.com



# သေလွန်ပြီး အကြောင်းဖွဲ့

မြင့်

ဆင်ဖြူခံဟုဆိုလျှင် ဟိုယခင်က အထင်ကရသင်္ချိုင်း ဖြစ်သည်ကို တော်တော်များများ သိပြီးဖြစ်သည်။ ယခင်က သင်္ချိုင်းမြေကို ထင်ထင်ရှားရှား မြင်တွေ့မိသော်လည်း ယခုမူ သတိပင် မထားမိတော့ဘဲ မေ့လျော့နေပါသည်။

လူသေမြှုပ်နှံရာ သင်္ချိုင်းမြေမှ ကာလ ရွေ့လျော့ပြီး ယခုအခါ လှုပ်ရှားသွားလာရာ ရုံးအဆောက်အဦးဖြင့် ဖြစ်တည်လျက် ရှိနေပေသည်။

ဆင်ဖြူခံ ဖျက်သိမ်းပြီး ပရလောကသားများကို မင်းမိန့်ဖြင့် ကြာနီကန်သို့ ကားဖြင့် ပြောင်းရွှေ့စဉ် နာနာဘာဝတွေ ကားပေါ် တက်သည့်အခါ ကားကြီး လေးသွားကြောင်း၊ သူတို့တစ်တွေ တိုးဝှေ့နေသည်ကို အသံဗလံများ ကြားရကြောင်း ကြားသိရပါသည်။

ကြာနီကန်သို့ရောက်၍ ဆင်းခိုင်းသည့်အခါ ကားကပေါ့သွားကြောင်းကို သိရပါသည်။

ဤသို့ ပြောင်းရွှေ့လိုက်၍ ပရလောကသားတွေသည် မြေမှာမရှိတော့ဟု ထင်ခဲ့သည်။

သို့သော် မိတ်ဆွေ၏အဖြစ်ကို ကြားရသည့်အခါ ရုတ်တရက် ထိန့်လန့် တုန်လှုပ်မိပါသည်။ သူတို့ဘာပဲလား အခြားနာနာဘာဝတွေကျန်သေးသလား မပြောနိုင်ပါ။

သည့်အဖြစ်က မနှစ်က မိတ်ဆွေ ကြုံတွေ့၍ ပြောပြခြင်းပါ။ မနှစ်ကဆိုသော်လည်း ရက်တွေက ခဏလေးနှင့် ကုန်ခဲ့သဖြင့် မနေ့တစ်နေ့ကလို ထင်မြင်နေပါသည်။

ကျွန်မတို့နှင့် ခင်မင်ရင်းနှီးသည့် မိတ်ဆွေ

www.burmeseclassic.com

က ဆင်ဖြူခံရှိ ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ပါသည်။ သူတို့က အလုပ်များကြသူမို့ နောက်ကျမှ အိမ်ကိုကားဖြင့်ပြန်လေ့ရှိသည်။

တစ်နေ့ အိမ်အပြန် ကားမောင်းလာစဉ် လမ်းမှာ ကားမှန်တွင် လက်ရာတွေ ထင်ရှားစွာဖြင့် မြင်တွေ့လိုက်ရသည်။ အမှတ်တမဲ့မို့လန့်သွားကြောင်း ပြောပါသည်။

နောက်မှ ကြောက်လန့်သည့်စိတ်ကိုထိန်းရင်း အိမ်ကို အမြန်လေး ကားမောင်းလိုက်သည်။ အိမ်ရောက်သည့်တိုင် လက်ရာက မပျောက်သေးပါ။

ထိတ်လန့်မှုကြောင့် အချိန်မဆိုင်းတော့ဘဲ အရပ်ထဲမှ တတ်ကျွမ်းသည့်သူရှိသဖြင့် ဆရာကို ခေါ်ယူမေးမြန်းခဲ့ပါသည်။ သူတို့တွေသည် မိသားစုလေးဦးဖြစ်ကြောင်း သိရသည်။ ဒါကြောင့်လည်း လက်ရာလေးခုပြခြင်းဖြစ်ပေမည်။

သူတို့သည် ပလတ်စတစ်ကောက်၍ အသက်မွေးကြသူများဖြစ်၍ ဆင်းရဲကြောင်းနှင့် မီးလောင်၍ သေဆုံးရခြင်းကိုလည်း သနားစဖွယ်ပြောပြသည်။

ဆာလောင်သည့်အတွက် အစာစားလိုသည့်ကြောင့် လိုက်ပါလာရကြောင်း ပြောပြသည်။

'ကြာနီကန်ကို မော်တော်ကားဖြင့် ပြောင်းရွှေ့လိုက်သည် မဟုတ်လား'

ဟု မေးသည့်အခါ သူတို့ကို ခြေထောက်နှင့်ကန်ချခဲ့၍ ကျန်နေခဲ့ရကြောင်း ပြောပါသည်။ ကြီးနိုင်ငယ်ညှင်းကလည်း ဘယ်ဘဝမှာဖြစ်ဖြစ် ရှိနေတာပါလား။

စားရမဲ့၊ သောက်ရမဲ့ ဘဝဖြင့် သနားစရာကောင်းလှသည်။ သည်လိုမျိုးတွေ မည်မျှ ရှိနေမည်လည်း မသိနိုင်ပါ။ အကြောင်းတိုက်ဆိုင်၍ ဝင်ပူးပြောနိုင်သဖြင့် အစာရေဆာစားရခြင်းဖြစ်သည်။ မပြောနိုင်ဘဲ ဆင်းရဲဒုက္ခခံစားနေရသူတွေ ရှိနေသေးလျှင် စိတ်မကောင်းစရာ ဖြစ်ရသည်။

ဒါတွေကိုကြည့်ပြီး သံဝေဂယူသင့်သည်။ မသေခင်မှာ စိတ်ကောင်းစေတနာကောင်းထားပြီး အလှူများများပြုသင့်သည်။ အကုသိုလ် မပြုလုပ်မိရန် တတ်နိုင်သမျှ ရှောင်ရှားရမည်။

မရှိလို့မလှူ၊ မလှူလို့မရှိမဖြစ်အောင် သတိထားသင့်သည်။ ပိုက်ဆံရှိမှ လှူရသည်မဟုတ်ဘဲ လှူတတ်ရင် များစွာရှိကြောင်း၊ ဆရာတော် ဟောပြောသည့် တရားတော်တွေကို နာယူလိုက်နာကျင့်သုံးသင့်သည်။

ဆွမ်းတစ်ဇွန်း၊ ရေတစ်ခွက်၊ ပန်းတစ်ပွင့်လှူနိုင်ကြောင်း၊ စေတနာနှင့်လှူလျှင် အလှူမြောက်ကြောင်း နာကြားရပါသည်။

စာအုပ်တစ်အုပ်ထဲမှ ဖတ်ဖူးသည့် ပန်းတွေမြင်လျှင် အပင်ပေါ်မှာဖြစ်စေ၊ ပန်းခင်းတွင်ဖြစ်စေ၊ ဤပန်းတွေကို မြတ်စွာဘုရားရှင်ကို လှူဒါန်းပါသည်ဟု စိတ်ကမှန်း၍ လှူလျှင် အလှူဒါနမြောက်ကြောင်း သိရပါသည်။

လှူ၍ရနိုင်သည်များကို မြင်သမျှလှူမေတ္တာလည်းပို့လျှင် လူ့လောကကြီးသည် လောဘနည်းပြီး ငြိမ်းချမ်းသာယာနေမှာပါ။

မိတ်ဆွေဇနီးမောင်နှံက သူတို့မိသားစုလေးဦးအတွက် ဘုန်းကြီးပင့်ဆွမ်းကပ်ပြီး အမျှအတန်းပေးဝေလိုက်ပါသည်။

ညနေပိုင်းမှာ အနောက်ဘက်ရှိဘုန်းကြီးကျောင်း မနီးမဝေးမှာ **''ခေါ်စာ''ပစ်သည်**ဆိုမလား။ သူတို့မိသားစုအတွက် ငှက်ပျောဖက်တွင် ထမင်းဟင်းထုပ်ပြီး သွားကျွေးပါသည်။ ခွေးအနက်တွေ လာစားကြောင်း ပြောပါသည်။

နောက်နေ့မှာ သူတို့တွေ ဝလင်စွာစားရကြောင်း ကျွတ်လွတ်သွားပြီဖြစ်ကြောင်း ပြုံးရွှင်စွာ အိပ်မက်ပေးပါသည်ကို သိရပါသည်။ ကြားရသည်နှင့် သူတို့တွေအတွက် စိတ်ချမ်းသာသွားရပါသည်။

ပရလောကသားတွေမှာ ရတနာသုံးပါး မဆည်းကပ်သူတွေ၊ ဒါနမျိုးစေ့ မချခဲ့သူတွေ တော်တော်များများရှိနေကြမှာပါ။ သူတို့တွေ အစာရေဆာ ဝလင်စွာ ရှိကြပါရဲ့လား။

ပရလောကသားတွေအစားအသောက်ပြေလည်အောင် ကျွတ်လွတ်အောင် အကျွတ်အလွတ်ပွဲတွေ များများ ပြုလုပ်စေချင်ပါသည်။ ပြုလုပ်ပေးသည့်သူတွေကိုလည်း အများကြီး ကျေးဇူးတင်မိသည်။

ခရစ်ယာန် ဘာသာဝင်တွေက တစ်နှစ်တစ်ခါ သင်္ချိုင်းမီးထွန်းပွဲ ပြုလုပ်ကြသည်။ ခရစ်ယာန်ဘုန်းကြီးက သေဆုံးသူတွေအတွက် ဂူတွေမှာ မီးထွန်းပြီး ဆုတောင်းမေတ္တာပို့ တရားဟောသည်။

ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေလည်း ဖြစ်နိုင်လျှင် အကျွတ်အလွတ်ပွဲတွေ တစ်နှစ်တစ်ခါ သင်္ချိုင်းမြေမှာ ကျင်းပပေးနိုင်လျှင် ငတ်မွတ်ခေါင်းပါးသည့် နာနာဘာဝတွေ အစာရေဆာ ပေါများပြီး ကျွတ်လွတ်နိုင်မည် ထင်ပါသည်။

လွယ်မည်တော့ မထင်ပါ။ ဆောင်ရွက်ရသည်မှာ ကြီးမားကျယ်ပြန့်၍ ဖြစ်ပါသည်။ ကျွန်မအနေဖြင့် ဦးမဆောင်တတ်သော်လည်း အားမနိုင်သလောက် ပံ့ပိုးနိုင်ပါသည်။

မြင့်



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓရုပ ရှင်ရသေ့

ဝိဇ္ဇာမဟာဂန္ထိ ဆရာဦးသန်းမြင့်
(တိုင်းရင်းဆေး)



ဤစာမူဆောင်းပါးကို ရေးသင့် မရေးသင့် အချိန်ယူပြီး စဉ်းစားဆုံးဖြတ်ပြီးမှ ရေးသားခြင်း ဖြစ်ပါသည်။ အကြောင်းမှာ လူသာမန်ပုဂ္ဂိုလ်များ အနေနှင့် ဖြစ်နိုင်ဖွယ်ရာ အကြောင်းမရှိသော ပုဂ္ဂိုလ်သူတော်စင် တစ်ဦး အကြောင်းခံ နေသောကြောင့်ဖြစ်သည်။

သို့သော် ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်၊ ယုံကြည်မှု၊ မယုံကြည်မှု၊ စသည်တို့သည် စာဖတ်သူတို့၏ တာဝန်ဖြစ်သည်။ အများသူငါ ဗဟုသုတ ရှိစေရန် ဖော်ပြခြင်းသည် စာရေးသူ၏တာဝန် ဟူ၍ ခွဲခြားသိမြင်ပြီး ဤစာမူဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

**(စာရေးသူ)**

ရွှေဂုံတိုင် အလယ်ကျောင်းကြီး ရွှေဂုံတိုင် ပရိယတ္တိစာသင်တိုက်၏ နာယကဆရာတော် ဖြစ်တော်မူသော ဆရာတော်ဦးဝေပုလ္လထံသို့ မရောက်သည်မှာ ကြာပြီဖြစ်၍ စာရေးသူ ရောက်ရှိသွားရာ ဆရာတော်မှာ ခြေဖမိုးနှစ်ဖက် အနည်းငယ် ရောင်နေသဖြင့် စာရေးသူမှ ''အရှင်ဘုရား နေမကောင်းဘူးလား ဘုရား''ဟု မေးလျှောက်ရာ...

'အေး။ ဘယ်လိုပြောရမှန်းတောင် မသိပါဘူးဗျား အသက်ရှူမဝသလို ဖြစ်ပြီး နည်းနည်းလေး လှုပ်ရှားသွားလာတာနဲ့ မော...မောနေတယ်ဗျ။ ကုဋီလေးဘာလေးသွားလဲ မောနေတာပဲဗျ'

'အရှင်ဘုရား ဆီးတို့ ဘာတို့ရော ကောင်းသလားဘုရား'

'ဆီးလဲပဲ ထိုက်သလောက်တော့ သွားသားပဲဗျ။ ကျင်ငယ်စွန့်တာ လောက်တော့ ဟိုအထိမသွားတော့ဘူးဗျာ။ ခွက်နဲ့ပဲ သွားတော့တယ်'

'တပည့်တော်က အရှင်ဘုရား ခြေခုံတွေက နည်းနည်းရောင်နေလို့ ဆီးများမကောင်းလို့လားလို့ မေးကြည့်တာပါဘုရား။ မောတာကတော့ တပည့်တော်လဲ မောနေတာပဲဘုရား။ အရှင်ဘုရား ကျောင်းကုန်းပေါ် တက်လာတာကိုပဲ လှေကားမှာ နှစ်ခါလောက် နားပြီးမှ တက်ခဲ့ရတာဘုရား'

www.burmeseclassic.com

'မတူဘူးဗျ၊ ဆရာမောတာက နှလုံးသွေးကြောကျဉ်းလို့ မောတာဗျ၊ ကျုပ်က ဘာမှန်းကို မသိပါဘူးဗျာ။ ခွမ်းလဲ ထိုက်သလောက်တော့ စားနိုင်တာပဲဗျ။ အိပ်တာကတော့ မပျော်တာကများတယ်။ အိပ်ပျော်လို့လဲ ပျော်မှန်းမသိဘူးဗျ'

'အရှင်ဘုရား ဇီဝိတဒါန သံဃာ့ဆေးရုံနဲ့ နီးနေသားပဲဘုရား၊ သံဃာ့ဆေးရုံမှာ ပြကြည့်ပါလား ဘုရား၊ ဒါမှလဲ ဘာဖြစ်တယ် ဘာရောဂါဆိုတာ သိရမှာပေါ့ဘုရား၊ အနာသိရင် ဆေးရှိရမှာပေါ့ဘုရား။

အခုခေတ်မှာ တိုင်းရင်းဆေးတွေလဲ ခေတ်မီနေပြီး တော်တော်စွမ်းတဲ့ ဆေးတွေလဲ ရှိနေကြပြီး အနောက်တိုင်းဆေးတွေဆိုလဲ အမျိုးစုံ တိုးတက်နေတာပဲဘုရား'

'ဆေးခန်းလဲ သွားပါတယ်။ သံဃာ့ဆေးရုံတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒီအနီးအနားက ဆေးခန်းတွေပဲ ပြကြည့်ပါတယ်၊ ဆေးတွေ ပေးတာကလဲ ဆီးဆေးတွေပဲ ပေးတာ များပါတယ်ဗျာ။ ဆေးခန်းကပေးတဲ့ ဆေးတွေ အခုတောင် ရှိသေးတယ်'

'အရှင်ဘုရား ဆေးပေးထားရင် သောက်မှပေါ့ဘုရား၊ ဆေးမသောက်ဘဲ ဒီအတိုင်းထားတာကို ဘုရား'

'ဟာ... သောက်တာပေါ့ဗျာ၊ ဆေးသောက်လဲ ဆီးသွားတာပါပဲဗျာ၊ မောတာကတော့ မောမြဲ မောနေတာပဲ၊ ခြေခုံက နည်းနည်းကျသွားတာပေါ့ဗျာ။ ဒါနဲ့ ကျုပ်လဲ မထူးခြားတာနဲ့ ဆက်မသောက်ဘဲ ထားတာပါ'

ထိုအချိန် ဆရာတော်၏ညီ ဦးကြည်စိုးမှ ရေနွေးဇန်း လာချပေးပါသည်။ စာရေးသူလည်း ရေနွေးသောက်ရင်း ဆရာတော်ဦးဝေပုလ္လ ရောဂါကို အကဲ



ခတ်ကြည့်နေပါသည်။

ဆရာတော်မှာ ကုလားထိုင်ပေါ် တွင် ထိုင်နေပါသည်။ အသက်ကို ပင့်ပြီး ရှူရှူနေပြီး ပထဝီဓာတ်ပျက် လက္ခဏာ ခြေခုံများလည်း မို့မောက် ရောင်နေပါသည်။

ထို့ကြောင့် ဆရာတော်၏ ခုနှစ်သက္ကရာဇ်ကို မေးပြီး တတ်သလောက် မှတ်သလောက် တွက်ချက်ကြည့်ရာ ဇာတာစန်းလက် ညှံ့နေသည်ကို သိရပါသည်။ ယတြာချေခိုင်းလည်း ချေမည့်ပုံ မရပါ။ ကိုယ်အတိုင်း ပစ်ဖို့ရာလည်း ပစ်မှာ မဟုတ်၊ ကိုယ်အတိုင်းလည်း အတိုင်းခံမှာမဟုတ်။

'ဆရာ ကျုပ်ကို တွက်ကြည့်တော့ ဘယ့်နှယ်လဲ... သေမယ့်ကိန်းတွေ ဘာတွေများ မြင်သလား၊ သေမယ်ဆိုလဲ သေမယ်သာပြော၊ သေမျိုးကြီးပဲဟာ၊ တစ်နေ့ သေကြရမှာပဲ၊ ကြောက်စရာ မဟုတ်ပါဘူး'

'ဒီလောက်ထိအောင်လဲ မညှံ့ပါဘူးဘုရား၊ နည်းနည်းပါးပါးလောက် ညှံ့တာပါ ဘုရား'

စာရေးသူ လျှောက်ထားလိုက်ရသော်လည်း စိုးရိမ်စိတ်လည်း မကင်း၊ စိတ်ထဲမှာလည်း မကောင်း ဖြစ်နေပါသည်။

စာရေးသူမှ ဆရာတော်အတွက် ငါးထပ်ကြီးဘုရားသို့ သွားရောက်ပြီး ကောင်းမှုကုသိုလ် ပြုလုပ်ပေးရန် သွားဖို့အတွက် ဆရာတော့်အား...

'တပည့်တော် ငါးထပ်ကြီးဘုရားဘက် လျှောက်လိုက်ဦးမယ် ဘုရား၊ အရှင်ဘုရားလဲ သက်သာသလိုသာ နေပါဘုရား'

ဟု လျှောက်ထားပြီး ငါးထပ်ကြီးဘုရားသို့ ထွက်ခဲ့တော့သည်။

ဘုရားတွင် ဆရာတော်အတွက် ပန်းများ လှူဒါန်းရာတွင် ဗုဒ္ဓဟူးသားဖြစ်ခြင်းကြောင့် ဗုဒ္ဓဟူး၏ အမြစ်နံ့ အညွှန့်နံ့ဖြစ်သော စံပယ်ပန်းကို ဆရာတော်၏ သက်စေ့ထက် တစ်ပွင့်ပိုပြီး (၆၅)ပွင့်ကို အခြားပန်းများနှင့် ရောပြီး လှူဒါန်းလိုက်ပါသည်။ ဆရာတော်၏ အသက်မှာ (၆၄)နှစ် ဖြစ်ပါသည်။

ငါးထပ်ကြီးဘုရားတွင် ဆရာတော်အတွက် ပန်းများ လှူဒါန်းကာ ဘုရားဂုဏ်တော်ကိုလည်း အဓိဋ္ဌာန်ဖြင့် ပတီးစိပ် မေတ္တာပို့ ဆုတောင်းပြီး ဘုရားတန်ဆောင်းအတွင်း လှည့်လည် လျှောက်ကြည့်ရာ၊ ဘုရားကြီး၏ နောက်ကျောဘက် တစ်နေရာတွင် အသက် (၅၀)ကျော် (၆၀)နှစ်ခန့်ဟု မှတ်ထင်ရသော ရသေ့တစ်ပါးမှ စာရေးသူအား ပြုံးပြ၍ စာရေးသူကပါ ပြန်လည်ပြုံးပြလိုက်ပါသည်။

ရသေ့မှ တစ်ဖန် ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။ စာရေးသူ ရသေ့နားသို့ ရောက်သောအခါ...

'ဒကာလေး ခဏထိုင်ပါဦး'

ဟု ဖိတ်ခေါ်၍ ရသေ့ရှေ့မှောက်တွင် ထိုင်လိုက်ပါသည်။

စာရေးသူမှ ရသေ့ကို ရှိခိုးဦးတိုက်ရမှာ ဘုန်းကြီးရဟန်း မဟုတ်၍ ခပ်ရွံ့ရွံ့ ဖြစ်နေသည်။ ရသေ့ကို ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်မှာလည်း အသက်အရွယ်ချင်း သိပ်ကွာပုံမရ စာရေးသူက အသက်ပိုကြီးလိမ့်မည်ဟု ထင်ရပါသည်။

သို့သော် စာရေးသူနှင့် အဝတ်ချင်းမတူ၍ ဗုဒ္ဓဘာသာတို့၏ ထုံးစံအတိုင်း ဦးတိုက်လိုက်ပါသည်။ ထိုအခါ ရသေ့မှ ဆုပေးပြီး...

'ဒကာလေး အသက်ဘယ်လောက်ရှိပြီလဲ'

ဟု မေး၍ **"တပည့်တော် အသက် (၆၉)နှစ်ကျော် (ရ၀)အတွင်းပါ ဘုရား"**ဟု လျှောက်ထားရာ...

'သြော်... ငယ်သေးတာပဲ။ ဒါပေမယ့် ဘိုးရသေ့အနေနဲ့သာ ငယ်သေးတယ်လို့ ပြောတာပါ။ ဒကာလေးအနေနဲ့ မငယ်တော့ဘူး။ သေမင်းခေါ်ခါနီးပြီ။ သေမင်းမခေါ်ခင် ကုသိုလ်ကောင်းမှု ကြိုကြိုတင်တင် လုပ်ထားပေါ့ ဒကာလေး'

စာရေးသူမှာ ရသေ့ကို စိတ်တွင်းမှ မကျေမနပ် ဖြစ်နေပါသည်။ အကြောင်းမှာ အသက်(ရ၀)နားကပ်ပြီး ခေါင်းမွေးပင် ဖြူနေသော စာရေးသူကို ဒကာလေးဟုခေါ်ပြီး၊ ငယ်သေးတာပဲဟုလည်း ပြောကာ သူ့ကိုယ်သူ ဘိုးရသေ့ဟု "ဘိုး" ထည့်ပြီး ပြောနေသောကြောင့် ရင်တွင်းမှ ကျေနပ်မှု မရှိခြင်းဖြစ်သည်။

'ဒကာလေး ဘိုးရသေ့ရဲ့ အသက် ဘယ်လောက်ရှိမယ် ထင်သလဲ ခန့်မှန်းကြည့်ပေါ့။ ကဲ... ပြောစမ်းပါဦး ဒကာလေး ထင်တာသာပြော'

'ထင်တာ ပြောရရင်တော့ (၅၀) ကျော် (၆၀)တွင်းပေါ့'

'ဟဲ...ဟဲ... ဒီလိုပဲ ထင်မှာပဲ။ ဒကာလေးလက္ခဏာမှာ အာယုလမ်းကြောင်းကို ဒကာလေး သိမှာပေါ့။ ကဲ...ဒါ ဘာလမ်းကြောင်းလဲ'

'အဲဒါ အာယုလမ်းကြောင်းပါ'



'အဲ...ဟုတ်ပြီ၊ ဒကာလေး ဘိုးရသေ့ရဲ့ အာယုလမ်းကြောင်းကို သေသေချာချာကြည့်ပါ။ ကဲ... ကြည့်စမ်းပါဦး'

စာရေးသူမှ ရသေ့၏ လက်ဝါးပြင်မှ အာယုလမ်းကြောင်းကို ကြည့်ရာ အထူးအံ့သြသွားတော့သည်။ ရသေ့၏ အာယုလမ်းကြောင်းမှာ **လက်ဖနောင့်မှ လက်ကောက်ဝတ်ကို** ရစ်ပတ်ပြီး ဆက်သွားသော အပတ်ပေါင်းမှာ စာရေးသူတွင် ပါသွားသော ယမ်းမီးခြစ်ဆန်နှင့် ထောက်ပြီး ရေတွက်ကြည့်ရာ (၃၆)ပတ်ဖြစ်ပြီး တံတောင်ဆစ်အနားထိ ရောက်နေပါတော့သည်။

စာရေးသူမှ ရသေ့၏ လက်ဝါးပြင်မှ အာယုလမ်းကြောင်းကို ကြည့်ရှုပြီး စာရေးသူထက် အသက်အများကြီး ပိုကြီးမှန်း ရိပ်မိသဖြင့် ရသေ့အပေါ် ယုံကြည်ပြီး ရှိသေကိုင်းညွတ်သွားပါတော့သည်။

'ဘိုးရသေ့... ဒါဆို ဘိုးရသေ့ရဲ့ အသက်ဟာ အများကြီး ရှိလောက်ပါပြီ။ ဘိုးရသေ့အသက်ကို တပည့်တော် သိပါရစေဘုရား မိန့်ကြားပါ'

'ဒကာလေးက ဘိုးရသေ့ရဲ့ အသက်ကို ယုံကြည်ရင်တော့ ပြောရမှာပေါ့။ အခု သာသနာတော်သက္ကရာဇ် ဘယ်လောက်ရှိပြီလဲ'

'သာသနာတော်သက္ကရာဇ် ၂၅၅၀ ရှိပါပြီဘုရား'

'အေး...အဲဒါပေါ့ ဒကာလေးရဲ့ သာသနာတော်သက္ကရာဇ် ရှိတဲ့အတိုင်းပဲ။ အဲဒါ ဘိုးရသေ့ရဲ့ အသက်ပဲပေါ့ကွယ်'

'ဘိုးရသေ့ အမိန့်ရှိတာကို တပည့်တော် သဘောမပေါက်ဘူး ဘုရား၊ သဘောပေါက်အောင် အမိန့်ရှိပါဘုရား'

'ဒါကို သဘောမပေါက်ဘူးလားကွယ်၊ ဘိုးရသေ့ကလဲ ရှေ့ဆက်ရမယ့် ကိစ္စက ရှိနေတယ်။ ကဲ... ကဲ... သဘောပေါက်လောက် အောင်တော့ ပြောခဲ့ရမှာပေါ့။

သိပ်တော့ ရှည်ရှည်ဝေးဝေး ပြောဖို့တော့ မလိုပါဘူးကွယ်၊ ဒီတော့ကာ... ဒကာလေး နားထောင်ပါ၊ ဘိုးရသေ့ဟာ ပက္ကုသာတိမင်းကြီးရဲ့ အငယ်ဆုံး မိဖုရားကမွေးတဲ့သားပါ။ အခု ပွင့်တော်မူပြီးသွားတဲ့ ဂေါတမမြတ်ဗုဒ္ဓဟာ ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံဝင်သွားတယ်ဆိုတာ ဒကာလေး သိတယ်နော်'

'မှန်လှပါ သိပါတယ် ဘိုးရသေ့'

'အဲ...ဟုတ်ပြီ၊ အဲဒီလို မြတ်ဗုဒ္ဓဟာ ကုသိနာရုံဥယျာဉ်မှာ ကြွရောက်ပြီး သီတင်းသုံးနေတော့ မလ္လာမင်းညီမင်းသား မောင်းမမိသံ အခြွေအရံများနဲ့တကွ တိုင်းသူပြည်သားများပါ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် မစံခင်မှာ သွားရောက် ဖူးမြော်ကန်တော့ကြတာပေါ့။

အဲဒီလို မြတ်ဗုဒ္ဓကို သွားရောက်ဖူးမြော်တဲ့အခါ ဘိုးရသေ့ရဲ့ မယ်တော်မပါဘူးကွယ့်။ ကိုယ်လေးလက်ဝန် အရင့်အမာနဲ့ဆိုတော့ အစောင့်အရှောက် အခြွေအရံ အနည်းငယ်နဲ့ ကျန်နေခဲ့ရတယ်။

အိုကွယ်... တိုတိုပဲပြောကြပါစို့၊ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်လဲ စံပြီးရော ဘိုး

www.burmeseclassic.com

ရသေ့ကို ဒီအခါမှာပဲ မွေးဖွားတော့တာပဲကွယ့်။ ဒါကြောင့် သာသနာတော်သက္ကရာဇ်ဆိုတာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့ ခုနှစ် သက္ကရာဇ်ကို ခေါ်တာဆိုတော့ ဘိုးရသေ့ရဲ့ အသက်ဟာ (၂၅၅၀)နှစ် ပဲပေါ့ကွယ်။

ဒီလောက်ဆို ဒကာလေး သဘောပေါက်ပါပြီနော်၊ နောက်များမှ အေးအေးဆေးဆေး တွေ့ကြတဲ့အခါ ဘိုးရသေ့ ရှင်းပြမယ်။ ဘာမှ သံသယမရှိနဲ့'

'မှန်လှပါ... ဘိုးရသေ့ရဲ့ ဘွဲ့တော်အမည်နာမကို သိခွင့်ပြုပါဘုရား'

'ဘိုးရသေ့ရဲ့ ဘွဲ့အမည်နာမကတော့ **"ဗုဒ္ဓရူပရှင်ရသေ့"**ပါပဲကွယ်။ အခု ဒကာလေး ဒီဘုရားကို ဘယ်အတွက်ကြောင့် လာတာလဲ'

'မှန်လှပါ၊ ဗုဒ္ဓဟူးသား ရဟန်းတော် မကျန်းမမာ ဖြစ်နေလို့ သူ့အတွက် ကုသိုလ်ကောင်းမှု လာပြုပေးတာပါ ဘုရား။ ဘိုးရသေ့ ကယ်နိုင်ရင် ကယ်ပေးတော်မူပါ ဘုရား'

'ဒကာလေးက ရဟန်းတော်အတွက် တောင်းခံလာတော့လဲ ဘိုးရသေ့ကလဲ ကယ်နိုင်တယ် မကယ်နိုင်ဘူးပဲ ပြောရမှာပဲကွယ့်'

'မှန်လှပါ အမိန့်ရှိတော်မူပါဘုရား'

'ဒကာလေးရဲ့... ဘိုးရသေ့ပြောတာ ကယ်နိုင်တယ်ဆိုတာ ရဟန်းတော် ခံစားနေရတဲ့ ရောဂါဝေဒနာကို တစ်ဝက်တစ်ပျက်တော့ ကယ်နိုင်ပါတယ်။ နေသာထိုင်သာတော့ ရှိသွားမှာပေါ့ကွယ်။

မကယ်နိုင်ဘူး ဆိုတာက ရဟန်းတော်ရဲ့ သက်တမ်းကိုတော့ မကယ်နိုင်ဘူးကွယ်။ ရဟန်းတော်ရဲ့ သက်တမ်းက လူ့ပြည် လူ့လောကမှာ နောက်ထပ် ရက်ပေါင်းနှစ်ဆယ်ပဲ နေရတော့မယ်ကွယ့်'

စာရေးသူမှာ ဘိုးရသေ့ စကားကြားလိုက်ရသောအခါ ရင်ထဲတွင်



ဒိန်းခနဲ ဖြစ်သွားပါတော့သည်။

ဆရာတော်ဦးဝေပုလ္လမှာ ဆရာတော်ဟု ဆိုရသော်လည်း စာရေးသူထက် အသက်ငယ်ပါသည်။ ဦးပဥ္စင်းငယ်ဘဝမှ မျက်စိအောက်တွင် ဆရာတော်ဘဝသို့ ရောက်လာခဲ့ခြင်းဖြစ်၍ သံယောဇဉ်ဖြင့် ခင်မင်ပြီး ဆရာတော်မှလည်း စာရေးသူအား အဘက်ဘက်မှ ကြည့်ရှုပြီး ပံ့ပိုးကူညီခဲ့သော ကျေးဇူးမကင်းခြင်းကြောင့် စိတ်မကောင်းဖြစ်ရပါသည်။

'ကဲ... ဒကာလေး ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့။ သံသရာမှာလည်းကြောင်းပါ။ ဒီလမ်းကိုတော့ တစ်နေ့ ရောက်ရမှာပါ။ သက်တမ်းကံကုန်ရင် သွားရမှာပဲ။

ဘိုးရသေ့တို့ဆို လူ့သက်တမ်းကနေ စတုမဟာရာဇ်နတ်သက်တမ်းမီအောင် ကျင့်ကြံပွားများထားတယ်။ ထုံမွှမ်းရင် ထုံမွှမ်းထိုက်တဲ့ အင်းဆေးကိုလဲ ထုံမွှမ်းထားတယ်။ ဒါကြောင့် သက်တမ်း ရှည်တာပေါ့'

'မှန်လှပါ အမိန့်ရှိပါဘုရား'

'အမိန့်ရှိလို့ မရတော့ဘူး။ နောက်များမှ သိရမှာပေါ့။ ကဲ...ကဲ...ဆေးတော့ ပေးလိုက်မယ်။ ဒီဆေးကို ဒကာလေး အခုရောက်တယ်ဆိုရင်ပဲ ရဟန်းတော်ကို တိုက်လိုက်ပါ။ သူ့မှာ ခံစားနေရတဲ့ ဝေဒနာတွေ ငြိမ်းသင့်သလောက်တော့ ငြိမ်းသွားမှာပါ။ ဆေးမှုန့်ကို ဘာနဲ့ထည့်မလဲ၊' စက္ကူနဲ့လဲ ရပါတယ် ဘိုးရသေ့ ပေးခဲ့မယ်'

ဘိုးရသေ့မှ နက်ပြောင်ချောနေသော အလုံးရော အရှည်ပါ လက်ညှိုးခန့်ရှိသော ပုလင်းသဖွယ် ကျြတ်အတွင်းမှ ဆေးမှုန့် ပေးပါသည်။ ဆေးမှုန့်မှာ ရွှေးလေး တစ်ရွှေးခန့်ရှိပါသည်။

ဆေးပေးပြီးသည်နှင့် ဘိုးရသေ့မှာ ကြွသွား၍ စာရေးသူမှ နောက်က ထိခြင်းငါးပါးဖြင့် ဦးတိုက်လိုက်ပါသည်။

ဘိုးရသေ့ ပေးသော ဆေးမှုန့်ကို စက္ကူဖြင့် အမြန်ထုပ်ပြီး ဘုရားဦးတိုက်ကာ ဘိုးရသေ့နောက်သို့ အမြန်လိုက်ရာ ဘိုးရသေ့အား မတွေ့ရတော့ပါ။

စာရေးသူမှာ ငယ်စဉ်ကပင် ရွှေဂုံတိုင်တွင် နေလာခဲ့သူဖြစ်၍ ငါးထပ်ကြီးနှင့် ခြောက်ထပ်ကြီးတို့မှာ ကျွမ်းသောနယ်မြေ ဖြစ်ပါသည်။ ဘိုရသေ့ကို နေရာအနှံ့ လိုက်ရှာသော်လည်း မတွေ့ရပါ။

ထို့ကြောင့် စာရေးသူမှာ ရွှေဂုံတိုင်သို့ ပြန်လာခဲ့ပါသည်။ စာရေးသူ ရောက်သွားသောအချိန်မှာ ဆရာတော်လည်း ကျိန်းစက်ရာမှ နိုးလာပြီဖြစ်၍ ဘိုးရသေ့ ပေးလိုက်သော ဆေးကို ဆရာတော်အား နားဝင်အောင် လျှောက်ထားပြီး တိုက်လိုက်တော့သည်။

ဆေးတိုက်ပြီး ခဏအကြာတွင် ဆရာတော်အား အခြေအနေ မေးမြန်းကြည့်ရာ အမောသက်သာကြောင်း မိန့်ကြား၍ စာရေးသူမှ ဆရာတော်အား ပြန်ရန် ခွင့်ပန်ပြီး ဆက်ဦးတိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကို ပြုစုသူ ညီတော်သူ ဦးကြည်စိုးအား လိုအပ်တာ မှာကြားခဲ့ပြီး မြောက်ဥက္ကလာပနေအိမ်သို့ ပြန်လာခဲ့တော့သည်။

နောက်ရက်သတ္တပတ်ခန့် အကြာတွင် ရွှေဂုံတိုင်ကျောင်းမှ ဦးပဥ္စင်း ဦးသောဘိတ ကြွရောက်လာပြီး စာရေးသူအား...

'ဆရာလဲ စိတ်ကောင်းကောင်း ထားပါ။ ဦးပဥ္စင်းတို့ ဘုန်းကြီးကတော့ မရတော့ဘူး ဆရာ။ ရွှေဂုံတိုင် အထူးကုဆေးခန်းက ဆရာဝန်ကြီးက ဦးပဥ္စင်းကို ပြောလိုက်တယ်။ ဘုန်းကြီးရောဂါ ကုလို့မရတော့ဘူးတဲ့။ အဆုတ်ကင်ဆာလို့ ပြောတယ်။ တစ်လပဲ ခံတော့မယ်လို့ ပြောလိုက်ပြီ ဘုရား'

ဦးပဥ္စင်း ဦးသောဘိတ၏ စကားကြားရတော့ စာရေးသူ စိတ်မကောင်းပါ။ ဘိုးရသေ့ ပြောလိုက်သည်ကတော့ ရက်ပေါင်းနှစ်ဆယ်ပဲ နေရတော့မယ် ဆိုတော့ ဆရာဝန်နှင့် ဆယ်ရက်မျှပဲ ကွာပါတော့သည်။

နောက်တစ်ရက်တွင် စာရေးသူနှင့် ဇနီး ရွှေဂုံတိုင်ဆရာတော်ထံသို့ ရောက်သွားကြပါသည်။ ဆရာတော်၏ အခြေအနေမှာ ဆွမ်းမစားနိုင်တော့ဘဲ ဆန်ပြုတ်ကိုပင် ရေနွေးကြမ်း ပန်းကန်တစ်လုံးခန့်မျှ သောက်နိုင်တော့သည်။

စာရေးသူကို စကားပြောချင်သည်။ စကားပြောလိုက်လျှင် ချောင်းဆိုးပြီး မောလာခြင်းကြောင့် စကားမပြောရန် လျှောက်ထားရသည်။

စာရေးသူနှင့်ဇနီးတို့လည်း ညနေစောင်းမှ ဆရာတော်ကို ဦးတိုက်နှုတ်ဆက်ပြီး ပြန်ခဲ့တော့သည်။

စာရေးသူတို့ ပြန်လာပြီး ငါးရက်မြောက် ကြာသောအခါ ဦးပဥ္စင်း ဦးသောဘိတ နောက်ထပ် ကြွရောက်လာပြီး ဆရာတော်မှာ **(၇–၁–၂၀၀၇) တနင်္ဂနွေနေ့ ည(၇)နာရီကျော် အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း** သိရပါတော့သည်။

သခင်္ခါရဓမ္မသဘောကား မည်သည့်ပုဂ္ဂိုလ်မှ တားဆီးနိုင်စွမ်း မရှိပါတကား။

**မှတ်ချက်** ။ ။ **(၇–၁–၂၀၀၇)နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ဆရာတော် ဦးဝေပုလ္လအား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏။ ဆရာတော်၏ တပည့်အပေါင်း ကြားသိပါစေ။**

*ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။*

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
*(တိုင်းရင်းဆေး)*

**စာရှုသူတို့ခင်ဗျား...**

ဤဆောင်းပါးမှာ (၈–၂–၂၀၀၇)ခုနှစ်က ရောက်ရှိလာသော ဆောင်းပါးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခုမှ ဖော်ပြရခြင်းကို နားလည်ခွင့်လွှတ်ပေးပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

**စာ မူ ပို့ လို က...**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၀၉ (မြေညီ)**
**၂၉–လမ်း (အထက်)**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း–**
**၀၉–၇၇၆၁၃၄၉၇၈၅**
**၀၉–၄၆၈၀၀၀၄၃၉၂**



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်တင်ဝင်း
(မအူပင်)

# ဝန်ခေါ်ဗောဓ ရွှေကြုံ

အောက်လမ်းပညာသည်နှင့်

ပယောဂဆရာ

သိပ္ပံခေတ်မှာ စုန်း၊ ကဝေ၊ သရဲ ရှာသူ ဒါတွေကို မယုံကြည်လို့လဲ မရဘူး။ ကျွန်မကိုယ်တွေ့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကို တင်ပြချင်ပါတယ်။ ဒီနေ့ သိပ္ပံခေတ်မှာ ဒါမျိုးတွေ ပေါ်များစွာ မတွေ့နိုင်ပေမယ့် အချို့ကျန်ပါသေးတယ်။

ကျွန်မရဲ့ခင်ပွန်း (...)မြို့တွင် တာဝန်ကျသောအချိန်က ဖြစ်ပါတယ်။ ဌာနကတော့ သုံးခုရှိပါတယ်။ လျှပ်စစ်ဌာန၊ လိုင်းရယ်၊ တည်ဆောက်ရေး သုံးဌာနရှိတယ်။

ကျွန်မခင်ပွန်းက လျှပ်စစ်ဌာနကပါ။ လိုင်းပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ပြဿနာပေါင်းစုံပေါ့။ ဒီကြားထဲမှာ အမျိုးသမီးပညာသည်တွေကလဲ ပေါ်မှပေါ့။

ကျွန်မတို့နဲ့ အလွန်ရင်းနှီးတဲ့ အလုပ်သမား အမျိုးသမီးတစ်ယောက်ရဲ့ အစ်မဟာ လူပြုစားခံရတယ်။ တစ်နေ့တော့ သူ့ရဲ့ ညီမက...

'ဆရာနဲ့ အစ်မတို့ကို ကျွန်မတိုင်ပင်စရာရှိလို့ပါ၊ ကျွန်မအစ်မဟာ လူပြုစားခံရတာ နှစ်ချီနေပါပြီ၊ ကုန်းမာရေးလဲ မကောင်းဘူး၊ စီးပွားလဲ ပျက်၊ အိမ်ထောင်နဲ့လဲ ကွဲနေတယ်၊ ဆေးဒင်တွေလဲစုံ၊ နတ်တွေလဲစုံပြီး ခုထိဘာမှမထူးခြားဘူး ဆရာတို့ အစ်မတို့ အကြံဉာဏ်ပေးပါဦး'

လို့ ပြောတယ်။

ကျွန်မရဲ့ခင်ပွန်းကတော့...

'ငါတို့ရဲ့ဆရာ ထီးနီကုန်းမှာရှိတယ်၊ ရွှေရင်ကျော်ဆရာဦးသန်းရွှေပဲ၊ ဆရာနဲ့ တိုင်ပင်ကြည့်ပါလား'

ဆိုတော့...

'ဆရာတို့ပဲ အဲဒီဆရာကို အိမ်ကို ပင့်ပေးပါ'

ဆိုလို့ ပင့်ပေးခဲ့ပါတယ်။

လူနာရဲ့အိမ် ဘုရားစင်ရှေ့တွင် ကန်တော့ပွဲများပြင်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိကာ ဆရာမှ လူနာ မလှကို ခေါ်ပြီး ဆရာရှေ့တွင် ကျုံ့ကျုံ့လေးထိုင်လို့ ဆံပင်ကို ဖားလျားချထားပြီး ဘုရားနဲ့ ဆရာတော်များကို ကန်တော့ခိုင်းပါတယ်။

လူနာရှင်အားလုံးကိုလဲ ဆရာမှ...

'လူနာရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို ကျုပ်ကို အပ်ပါ၊ အိမ်ပိုင်းခြံမြေကိုလဲ ကျုပ်ကို အပ်ပါ'

ဒီလို ပြောတယ်၊ လူနာရှင်များမှလဲ ဆရာကို အပ်ကြောင်း ပြောကြားကြပါတယ်၊

'ဆရာ နောက်တစ်ခု ပြောချင်တာကတော့ လူနာကော၊ အိမ်ပိုင်းခြံမြေကော ကျုပ်ပိုင်သွားပြီ၊ လူနာကို ကုသနေတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်သူကော၊ မသက်ဆိုင်သူကော ဝင်ရောက် ပြောဆိုခြင်း၊ နာမည်မေးခြင်း ကိုယ်ထိလက်ရောက် ဝင်ပြီး ထိုးနှက် ရိုက်နှက်ခြင်း မပြုကြပါနဲ့လို့ မေတ္တာရပ်ခံပါတယ်' ဟု ပြောပြီး ဆရာ ဘုရားစင်ဘက်သို့လှည့်ကာ ဆရာတော်များထံမှ သစ္စာဆိုကာ ရေမန်းများ တောင်းပြီး လူနာကို အမိန့်ပေးလိုက်ပါတယ်။

'ဗုဒ္ဓဟူးသမီး မလှအား နှောင့်ယှက်နေတဲ့ စုန်း,ကဝေ,မိစ္ဆာများ ဝင်ရောက်စေ၊ အဖဆရာများရဲ့ အမိန့်'

ဆရာရဲ့စကားအဆုံးမှာ မလှ တစ်ကိုယ်လုံး တုန်ခါပြီး နှုတ်မှလဲ တဟီးဟီးနဲ့ အသံထွက်လာပါတယ်။

ဆရာမှ...

'သင်ဘယ်သူဆိုတာ ကျုပ်မသိဘူး။ ပြောစရာလဲ မလိုဘူး။ ဘာလို့နှောင့်ယှက်ထားသလဲ။ ဒီလူနာရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို ငါ ပိုင်တယ်။ သင်ပြုစားထားတာတွေ အကုန်ပြန်ထုတ်ပါ'

'ဒီမိန်းမက သူ့မောင်နဲ့ ကျွန်မကို သဘောမတူဘူး။ ကျွန်မကိုလဲ ပြောဆိုထားတာ ရစရာမရှိဘူး။ အဲဒါကြောင့် ကျွန်မ လုပ်ထားတာ ဆရာနဲ့မဆိုင်ပါဘူး၊ ဆရာ ကုစရာမလိုဘူး'

'ဒီလူနာက ငါလူနာ၊ နင်တို့ရဲ့ လူမှုရေးတွေ ငါနားမလည်ဘူး။ နင်တို့ဟာ နင်တို့ ရှင်းကြ။

လူနာရဲ့ အသက်နဲ့ခန္ဓာကိုယ်ကို ငါ့ကို အပ်ထားပြီးပြီ၊ ငါက ပယောဂဆရာပဲ၊ နင်တို့ လူမှုရေးနဲ့ မဆိုင်ဘူး၊ ငါ့လူနာကို ငါ ရအောင် ကုရမှာပဲ'

ဆရာမှ အမျိုးမျိုးတောင်းပန်သော်လဲ ဆရာကို "နင်,ငါ" အသုံးနှုန်းတွေပါ စော်ကားလာတော့ ဆရာက...

'ငါက မေတ္တာနဲ့ကုလို့မှ မရရင် ရတဲ့နည်းနဲ့ပဲ ကုရတော့မှာပေါ့။ ကဲ...ကြိုးပိုင် အဲဒီ ရှာသူကို ကြိုးနဲ့ လက်ပြန်တုပ်ထားလိုက်'

ရှာသူမမှာ လက်နောက်ပြန်ကို ကြိုးနဲ့ တုပ်ထားတဲ့အတိုင်း ရုန်းကန်နေပါတယ်။

ဆရာကနေပြီး နှုတ်မှ ဆင်ပိုင်၊ မြင်းပိုင်၊ လှံပိုင်များနဲ့ အမျိုးမျိုး အကူအညီတောင်းပြီး ပြုလုပ်နေသော်လဲ ရှာသူမမှာ တင်းခံနေပါတယ်။

'ကဲ...နင်က ကြမ်းတော့လဲ ငါက ကြမ်းရတော့မှာပေါ့။ နင့်ပါးကို လက်နဲ့ ဆယ်ချက်ရိုက်၊ ကြိုးပိုင် ကြိုးဖြေပေးလိုက်ပါ'

ရှာသူမမှာ သူ့ပါးကို သူ့လက်နဲ့ ဆယ်ချက်ရိုက်တယ်။ ဆရာက...

'ပြီးရင် ဟောဒီကျောက်ပျဉ်နဲ့ ငါးချက်ပြင်းပြင်းလေးဆောင့်၊ အဲဒီပြီးရင် ဟောဒီတိုင်နဲ့ ငါးချက်ဆောင့်'

လူနာရဲ့မျက်နှာမှာ ရစရာမရှိအောင် ဖူးရောင်နေပါတယ်။

လူနာရှင်တွေကတော့ မျက်စိမျက်နှာပျက်နေကြတယ်။ ဆရာက ဒီလောက် ခေါင်းမာတာ လာခဲ့ဆိုပြီး ဆရာတော်များထံမှ သစ္စာပြုထားသော ဆေးတော်ရေကို လူနာကို ဝင်စီးနေသော ကဝေမရဲ့ မျက်စိထဲ ပါးစပ်ထဲ လောင်းထည့်ပေးလိုက်ပါတယ်။

အဲဒီအခါမှာ...

'အမယ်လေး...ပူလှချည့်ရဲ့ ကြောက်ပါပြီ ဆရာရဲ့ ကျွန်မ အပင်းသွင်းထားတာတွေ ပြန်ထုတ်ပေးပါမယ်'

ဟု ပြောကာ အန်ချလိုက်တာ မှန့်ဟင်းခါးဖတ်တွေ အဖတ်လိုက်ပဲ။ ဆရာက ကုန်အောင် ထုတ်ပစ်ပြောတော့...

'ကုန်ပါပြီ ဆရာရယ်...ကျွန်မကို ပြန်ခွင့်ပြုပါ'

ဆရာက...

'နင် မပြန်ရသေးဘူး ပညာလဲ လျှော့ရမယ်၊ သစ္စာရေလဲ သောက်ရဦးမယ်'

ဆိုတော့...

'ပညာတော့ မလျှော့ပါရစေနဲ့၊ သစ္စာရေတော့ သောက်ပါ့မယ်'

'ဒါဖြင့်ငါ တိုင်ပေးတဲ့အတိုင်း လိုက်ဆို'

ပြီးတော့ သစ္စာရေကို တိုက်လိုက်တယ်။

'နောက်ကိုလဲ မလုပ်ဝံ့တော့ပါဘူး'

လို့ ပြောပြီး ဆရာမှ...

'နင်ခံထားရတဲ့ ဒဏ်ရာတွေ အားလုံး ပြန်ယူသွား။ နင်ပြုသမျှဒဏ် နင်သာခံ လူနာအပေါ် ဘာမှ မရှိစေရ၊ အဖဆရာများရဲ့ အမိန့်'

လို့ ပြောပြီး ပြန်ခွင့်ပြုလိုက်တယ်။

လူနာ သတိရလာတော့ လူနာရှင်တွေ အနားကို ရောက်လာပြီး မလှ မျက်နှာကို ကြည့်တော့ ဘာဒဏ်ရာ ဘာဒဏ်ချက်မှ မရှိဘူး။

အကောင်းအတိုင်းပဲ ရှိနေတဲ့အတွက် လူနာရှင်တွေက ဆရာနားတိုးသွားပြီး လက်အုပ်ချီနေကြတော့ ဆရာက အံ့အားသင့်ပြီး ဘာလုပ်ကြတာလဲ လို့မေးတော့ လူနာရဲ့ မျက်နှာဖူးရောင်နေတော့ ဆရာ့ကို စိတ်ထဲကနေ အမျိုးမျိုး ပြစ်မှားမိတဲ့အတွက် ခွင့်လွှတ်ပေးပါရန် တောင်းပန်တယ်။

'ဆရာကတော့ ခွင့်လွှတ်ပြီးသားပါဗျာ၊ ဒါတွေကတော့ ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝိဇ္ဇာနယ်ပယ်မှာသိပ္ပံပညာနဲ့ တိုင်းတာလို့ မရနိုင်တာတွေ ရှိပါတယ်'

ဤအဖြစ်အပျက်မှ ကာယကံရှင်ရဲ့ အမည်သာ လွှဲပြောင်းထားပါတယ်။ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါတယ်။

**ကွယ်လွန်သူ ဆရာဦးသန်းရွှေအား ရိုသေစွာ ဦးထိပ်ပန်ဆင် လျက်...**

**ဒေါ်တင်အေး(မအူ...)**

www.burmeseclassic.com

www.burmeseclassic.com

# ငွေလာရှင်းမှုမှလာပြီးပေါ်

လက္ခဏာ

ကြည့်ပါ…။

**▲နှလုံးလမ်းကြောင်း သန့်ရှင်းပါတယ်။ (A.A)**


ဒါကတော့ စိတ်ရင်းစေတနာကောင်းခြင်းရဲ့ ပြယုဂ်ပါ။

**▲ဉာဏ်လမ်းကြောင်းသည် အသက်လမ်းအစမှ ထိစပ်ပြီး တိုတောင်းတယ်။ (B.B)**

ဒါကတော့ စိုးရိမ်တတ်ခြင်း၊ သတိကြီးခြင်း၊ ပြတ်သားခြင်းရဲ့ ပြယုဂ်ပါ။

**▲ရတနာဘဏ်တိုက် ပါ,ပါတယ်။ (C.C)**

ဒါကတော့ ငွေကြေးစုဆောင်းခြင်း၊ ငွေမြဲခြင်း၊ ငွေကြေးပြဿနာကင်းခြင်းရဲ့ သင်္ကေတပါ။




**▲လက်သန်း အတွင်းဘက်ယိုင်နေတယ်။ (D.D)**

ဒါကတော့ လိမ္မာပါးနပ်ခြင်းနဲ့ အနေအထိုင် ကျစ်လျစ်ခြင်းရဲ့ ပြယုဂ်ပါ။

**▲ရည်ရွယ်ချက်လမ်း ပါ,ပါတယ်။ (E.E)**

ဒါကတော့ ရည်ရွယ်ချက်ကောင်းရှိခြင်းနဲ့ ဂုဏ်သိက္ခာရှိခြင်းရဲ့ ပြယုဂ်ပါ။

**▲လက်ဖနောင့်တွင် သရဖူ ထွန်းပါတယ်။ (F.F)**

ဒါကတော့ အမွေရခြင်း၊ ငွေအစုလိုက်အပုံလိုက် ရစေခြင်းရဲ့ သင်္ကေတပါ။

**▲အင်္ဂါလမ်း ပါတယ်။ (G.G)**

ဒါကတော့ အန္တရာယ်ကင်းခြင်းနဲ့ သမာဓိရှိခြင်းရဲ့ ပြယုဂ်ပါ။

**▲အောင်မြင်ရေးလမ်း တိုပါတယ်။ (H.H)**

ဒါကတော့ အသက်ကြီးမှ အောင်မြင်မှုရစေတဲ့ သင်္ကေတပါ။

ကဲ အခု လက္ခဏာရှင် ငွေစာရင်း

မှူးရာထူးဖြင့် အငြိမ်းစား ယူပြီးခဲ့ပါပြီ။

**အေးပါစေ အောင်ပါစေ**

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

# ဆွေမျိုးပမာ
# ဆင်အုပ်ကြီးဦးစောမောင်

တင်မြအောင်မိုး(သစ်အုပ်)
ဗန်းမော်သစ်ထုတ်ရေး



စာရေးသူသည် ဗန်းမော်သစ်ထုတ်ရေးတွင် တာဝန်ထမ်းဆောင်နေစဉ် **ဖင်းဘုံသစ်ထုတ်ရေးနယ်၊ ဝဲမ ဆင်စခန်းတွင်ရှိသော** ဆင်ဝိုင်းများအား ကြီးကြပ်စစ်ဆေးရန်အတွက် တာဝန်ပေးချက်အရ အမြဲတမ်းနေရပ်ဖြစ်သော ဗန်းမော်မြို့မှ အမြန်ရေယာဉ်ဖြင့် (၁၀–၁–၂၀၁၇)နေ့တွင် နံနက်(၉း၀၀)နာရီမှ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာရာ နေ့လယ် (၁၁း၃၀)နာရီတွင် ဧရာဝတီမြစ်၏ တောင်ဘက်ကမ်းတွင် တည်ရှိသော ဝဲမဆင်စခန်းသို့ ရောက်ရှိပါသည်။

ဝဲမ ဆင်စခန်းသို့ ရောက်သောအခါ စာရေးသူ၏ ရှေ့တွင် ဆင်ဝိုင်းကြီးကြပ် တာဝန် ထမ်းဆောင်ခဲ့သော ဦးထိန်လင်း(သစ်အုပ်)ထံမှ ဆင်ဝိုင်းနှင့် ပတ်သက်သော တာဝန်ဝတ္တရားများ လွှဲပြောင်းလက်ခံပြီး တာဝန်ကျ ဆင်ဝိုင်း (၂)ဝိုင်းရှိ ဆင်(၁၀)ကောင်၏ ကျန်းမာရေးအထွေထွေ စစ်ဆေးခြင်း၊ တရားမဝင်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှု မရှိစေရေးအတွက် ကြပ်မတ်စစ်ဆေးခြင်းတို့အား နေ့စဉ် ဆောင်ရွက်ရပါသည်။

ဤသို့ ဆောင်ရွက်ရာတွင် တာဝန်ကျဆင်ဝိုင်း(၂)ဝိုင်းရှိ ဆင်ခေါင်း ဆင်ဦးစီးတို့အား ထပ်ဆင့်အုပ်ချုပ်ရသူဖြစ်သော ဆင်အုပ်ကြီး ဦးစောမောင်နှင့်အတူ ပူးတွဲဆောင်ရွက်ရပါသည်။

ဤသို့ဖြင့် ဆင်ဝိုင်းများအား နေ့စဉ် လှည့်လည်စစ်ဆေးပြီး ညနေစာ ထမင်း စားသောက်ပြီးသည့်အခါ မိုးချုပ်သည်နှင့်အတူ ဆင်အုပ်ကြီး ဦးစောမောင်၏ အိမ်ရှေ့ ဧရာဝတီမြစ် ကမ်းဘေးတွင် မီးလှုံ၍ ညစဉ်ညတိုင်း

www.burmeseclassic.com

စကားစမြည် ပြောဖြစ်ကြလေသည်။

တစ်ည… ထိုတစ်ညက မှတ်မှတ်ရရ ပြာသိုလပြည့်သောည။

ကောင်းကင်တွင် ရွှေလက ပြည့်ပြည့်ဝဝ လုလုပပ ဝင်းပစွာ သာ၍ နေသောညပင် ဖြစ်ပါသည်။

မြစ်ရောကမ်းနံ့ဘေးတွင် တည်ရှိသော ရွာလေးဖြစ်၍ ဆောင်းရာသီ ငွေနှင်းမှုံအချို့နှင့် မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေမှာ လွန်စွာ အေးစက်လှပေသည်။

ဦးစောမောင်သည် မီးပုံအတွင်းသို့ ထင်းများထည့်ရင်းဖြင့်…

'ကိုယ့်ဆရာရေ… ကျွန်တော်တို့ ဆရာတို့ ခုလို မကြာခဏ ဆုံတွေ့ရတာဟာ အရင်ဘဝက ရေးရေစက်တွေ ရှိလို့ပဲလို့ ပြောရမှာပေါ့ဗျာ'

ဟု စကားအစ ချီလေ၏။

'မှန်တာပေါ့ ဦးစောမောင်ရယ်၊ တချို့လူတွေဆို ရေးရေစက် နည်းတယ် ဆိုရမှာပေါ့။ ဥပမာ ခရီးသွားလာရင်း တစ်သက်မှာ တစ်ခါ ကြုံတွေ့လိုက်ရပြီး နောက်ထပ် ပြန်မဆုံတွေ့ရတော့တဲ့လူတွေ နည်းမှ မနည်းပဲဗျာ'

ဦးစောမောင်သည် ရေနွေးတစ်ခွက် ငှဲ့သောက်ပြီး တစ်ကျိုက်မျှ မှုတ်၍ သောက်ပြီးလျှင် မီးဖိုမှထွက်သော မီးခိုးများနှင့်အတူ ကောင်းကင်သို့ မော့ကြည့်ကာ လေးနက်တည်ငြိမ်သော လေသံဖြင့်…

'သံသရာလည်တယ်ဆိုတာကို ကျွန်တော် တကယ်ယုံကြည်တယ်၊ လက်ခံတယ် ဆရာရဲ့'

ဟု ပြန်ပြောလေသည်။ စာရေးသူမှ…

'ဟာ… ဒါဆို ဦးစောင်မောင်မှာ အကြောင်းတစ်ခုတော့ ရှိပြီထင်တယ်ဗျ'



ဟု ပြန်မေးလေရာ…

'ရှိပြီလား ဆရာရယ်… ကျွန်တော်က ကိုယ်တွေ့ကြုံခဲ့ရတာမို့ ယုံကြည်တာပါဗျာ'

စာရေးသူမှ…

'ဩော်… ဟုတ်လား၊ ဒါဆို ဒီည တော့ ကျွန်တော့်အတွက် နေရာကျပြီဗျို့။ ဖြစ်ကြောင်းကုန်စင်လေးတော့ မှတ်မိသလောက် ပြောပြပါဦးဗျ'

'ကျွန်တော်က အခုဘဝရော အရင်ဘဝကပါ နှစ်ဘဝလုံး ယောနယ်မှာ လူဖြစ်တာပဲ။ အရင်ဘဝက ယောနယ်ဘက်က ရွာတစ်ရွာမှာ သူကြီးသား ဖြစ်ခဲ့ဖူးတယ်လေ။ ညီအစ်ကိုငါးယောက် ရှိတဲ့အထဲမှာ အကြီးဆုံးသားပေါ့။ အဲခေတ်တုန်းကတော့ သူကြီးဆိုတာ အလွန်သြဇာကြီးတဲ့ အမျိုးကိုဗျ။

အဲဒီတုန်းက အသုံးအဆောင်ပစ္စည်းဆိုတာ ခုခေတ်လို မပေါ်များသေးဘူးဗျ။ ဦးထုပ်ဆိုလဲ သက္ကလပ်ဦးထုပ်အဝိုင်းကြီးတွေပဲ ဆောင်းရတယ်။ အင်္ကျီကတော့ ပင်နီပေါ့ဗျာ။ အောက်က ဘောင်းဘီကတော့ ရှမ်းဘောင်းဘီလိုမျိုး ခပ်ပွပွပဲ'

စာရေးသူမှ…

'ဟုတ်ကဲ့ မျက်စိထဲမှာ မြင်မိပါတယ် ဦးစောမောင်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြည့်ဖူးတဲ့ အဖြူအမည်း ရုပ်ရှင်ကားထဲကလို နေမှာပေါ့ဗျာ။ ဟား…ဟား…'

ဆင်အုပ်ကြီးဦးစောမောင်မှ ဆက်၍…

'ဆရာတို့လဲ ကြားဖူးနားဝ ရှိမှာပေါ့။ အလံဖြူ, အလံနီအဖွဲ့ ဆိုတာလေ'

'ဟုတ်ကဲ့ ကြားဖူးပါတယ်ဗျ'

'မှတ်မိပါသေးတယ်… အလံနီအဖွဲ့ဆိုရင် အိုးစည်ဗုံမောင်းတွေနဲ့ တီးမှုတ်ပြီး တစ်ရွာဝင် တစ်ရွာထွက် အောင်ပွဲခံနေကြတာ။ တိုင်းရေးပြည်ရေးကလဲ မကောင်း။ သူပုန်တွေကလဲ ထကြွ၊ အစာရေစာ ဆန်စပါးကလဲ ရှားပါးလိုက်တာများ… စားစရာ ဆန်မရှိလို့ မျောက်ဥတူးစားရတယ်။

ကြွေးညကို နှင်းပြီး ရေစိမ် စားခဲ့ရတယ်။ ပြောင်းဆန်နဲ့ ရောစားရတယ်။ အဲလို အခြေအနေကြောင့် ဆန်စပါး သိုလှောင်နိုင်တဲ့ ငွေကြေးရှင်တွေကလဲ ရွှေ,ငွေ ဘယ်လောက်ပေးပေး ရောင်းချမပေးတော့ ပြည်သူလူထုရဲ့ သုံးပုံ့ နှစ်ပုံက ထမင်းမစားရရှာဘူးလေ။

ဒါနဲ့… ကျွန်တော်လဲ ဆင်းရဲသားတွေဘက်က စာနာသနားပြီး ကိုယ်နဲ့စိတ်တူကိုယ်တူ လူငယ် လေး,ငါးယောက် စုလိုက်တယ်။ ဆန်စပါး ရောင်းမပေးတဲ့ အိမ်ရှင်တွေကို ဖမ်းဆီးချုပ်နှောင် ကြိုးနဲ့တုပ်ပြီး ဆန်ဂိုဒေါင်တွေ အကုန်ဖွင့်… မစားရတဲ့ လူတွေကို အကုန်ဝေပေး။ ဒီလိုမျိုးပေါ့ သုံး,လေးရွာလဲ လုပ်လိုက်ပြီးတော့ အဲဒီခေတ်က ရဲဘော်တွေက ကျွန်တော်တို့ကို ဆုငွေထုတ်ပြီး လိုက်ဖမ်းတော့တာပဲဗျာ။

ကျွန်တော်တို့အုပ်စုလဲ ကိုယ့်အိမ်ကိုယ့်ရွာ နေလို့မရတော့ အုပ်စုခွဲပြီး

www.burmeseclassic.com

ခြေရာ ဖျောက်နေရတော့တာပေါ့ဗျာ။ အများအားဖြင့် ရွာနဲ့ မနီးမဝေးက လယ်တော ကိုင်းတောတွေမှာပေါ့။ စားရေးသောက်ရေးကတော့ ဘယ်အိမ် ဘယ်ရွာဖြစ်ဖြစ် ကိုယ်က ဝေငှဖူးတဲ့ ကျေးဇူးလဲရှိတာဆိုတော့ အဆင်ပြေပေမယ့် ဝရမ်းပြေးလို ဖြစ်နေတော့ကာ တိုးတိုးတိတ်တိတ်ပေါ့ဗျာ'

စာရေးသူမှ...

'ဒါဆို ဦးစောမောင်က မိဘအိမ် မပြန်ဘူးလား'

ဟု မေးလေရာ...

'ပြန်တာပေါ့ ဆရာရယ်... ရွာတိုင်းမှာလဲ -နေ့ရောညပါ အစောင့်တွေရှိတယ်။ ရွာဝင်ရွာထွက် သူခိုး,ဓားပြ, လူစိမ်းတွေကို စောင့်ကြည့်ကြတာပေါ့။

တစ်ညမှာ ရွာက ကင်းစောင့်သမားကို အကျိုးအကြောင်း ပြောပြပြီး မိဘတွေနဲ့ ခဏတွေ့ချင်လို့ပါ။ ထမင်းလဲ မစားရတာ ကြာနေလို့ပါ။ ဒီညတွင်းချင်း ရွာထဲကနေ ပြန်ထွက်သွားပါ့မယ်ပေါ့။

ရွာသားချင်းဆိုတော့လဲ ကူညီရှာပါတယ်။ အိမ်ကလဲ မိဘတွေဖြစ်တော့ စိုးရိမ်ကြတာပေါ့ဗျာ။ ဒါပေမယ့် အဲဒီတစ်ခေါက်ကတော့ ဘဝရဲ့နောက်ဆုံးတစ်ခေါက်ပါပဲ'

'ဩော်... ဒါဆို ဦးစောမောင်က ဘာဖြစ်လို့လဲ'

ဦးစောမောင်သည် မီးသေနေသော ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ရင်း...

'ဒီလိုဗျ ဆရာရေ... တစ်နေ့ ကျွန်တော် နေသိပ်မကောင်းတာနဲ့ ကိုင်းတောစပ်က အရိပ်ကောင်းတဲ့ အပင်တစ်ပင်အောက်မှာ အိပ်ပျော်နေတုန်း ခြေသံတွေ ကြားတာနဲ့ အသာခေါင်းထောင်ကြည့်လိုက်တော့ ရဲဘော်ငါးယောက် ကျွန်တော်ရှိတဲ့ နေရာ



ဘက်ကို တည့်တည့် လာနေတာနဲ့ ငါထွက်ပြေးမှ ဖြစ်တော့မယ်ဆိုပြီး ထွက်ပြေးလိုက်တာ လူကလဲ နေမကောင်း အများနဲ့တစ်ယောက်ဆိုတော့ တောစပ်မှာ မိသွားလို့ အဖမ်းခံလိုက်ရတယ်ဗျ။

ကျွန်တော့်ကို ရှေ့က သွားစေပြီး နာရီဝက်လောက်ကြာတော့ ချောင်းကမ်းပါးတစ်ခုရှေ့ ရောက်လာတော့ ရိုင်ဖယ်သေနတ် ကိုင်ထားတဲ့ ခေါင်းဆောင်က ပြောတယ်။

အဲဒီခေတ်က ရိုင်ဖယ်သေနတ်ဆိုတာ ရဲဘော်တိုင်းတောင် ကိုင်ရတာ မဟုတ်ဘူး။ အတော်လုပ်သက်ကြီးတဲ့ ရဲဘော်လောက်သာ ကိုင်ခွင့်ရှိတာ။

"ဆက်မသွားနဲ့ ရပ်လိုက်တော့ ရှေ့မှာ မြင်နေရတဲ့ ကမ်းပါးပေါ်တက်စမ်း"

ဆိုပြီး ခိုင်းတယ်။ ကျွန်တော်လဲ ဝါးနှစ်ပြန်လောက်မြင့်တဲ့ ကမ်းပါးကြီးပေါ် ခက်ခက်ခဲခဲ တက်လိုက်ပြီး တစ်ဝက်လောက်အရောက်မှာ...''ရပြီ ရပ်လိုက်တော့ မျက်နှာဒီဘက်လှည့်နေ'' ဆိုတော့ ကျွန်တော်လဲ မတ်တတ်ရပ်ပြီး သူတို့ဘက်ကို မျက်နှာမူလိုက်တယ်။

ငုံ့ကြည့်လိုက်တော့ သေနတ်နဲ့ ပင့်ပြီး ကျွန်တော့်ကို ချိန်ထားပြီးပြီ။ ကျွန်တော်လဲ တွေးမိပါတယ်။ ငါကိုတော့ ဒီအတိုင်းထားမှာ မဟုတ်ဘူး။ ဘယ်အချိန် သတ်မလဲပေါ့။ ခေါင်းဆောင်က မေးတယ်။

''ကိုယ့်အပြစ်ကိုယ် သိပြီးသားမဟုတ်လား''တဲ့။ ''သိပါတယ်''လို့ ကျွန်တော် တစ်ခွန်းပဲ ဖြေလိုက်တော့ ''သိပ်ကောင်းတာပေါ့။ လိုရာဆုကိုသာ တောင်းပေတော့''တဲ့။

ကျွန်တော် သိပြီးဖြစ်လို့ မျက်စိမှိတ်ပြီး ရင်ကော့ပေးလိုက်တာနဲ့ ချက်ချင်းပဲ ဒိုင်းဆိုတဲ့ အသံနဲ့အတူ ဗိုက်နဲ့ နောက်ကျောဆီက ပူခနဲ ခံစားလိုက်ရတဲ့ အသိဟာ နောက်ဆုံးပဲဗျ'

စာရေးသူမှ...

'အင်းဗျာ... ခုလို ကြားရတာ စိတ်မကောင်းလိုက်တာဗျာ၊ ဒါနဲ့ပဲ ဒီဘဝမှာ လူပြန်ဝင်စားတယ် ဆိုပါတော့'

'သိပ်ဟုတ်တာပေါ့ ဆရာရယ်၊ သက်သေအနေနဲ့ပြရရင် ဟောဒီမှာကြည့် ဆရာ'

ဟု ဆိုကာ အနွေးထည် အင်္ကျီစကို လှန်၍ ဝမ်းဗိုက်ညာဘက်ချက်တိုင်အောက်အနီးတွင် တစ်လက်မခန့်ရှိသော အနာရွတ်ကို ပြလေ၏။

'ဟောဒီ ဒဏ်ရာက ကျည်ဆန်ဝင်တဲ့ အပေါက်ပေါ့။ ညာဘက်ကျောကုန်းလက်ပြင်မှာ ကျည်ထွက်သွားတဲ့ နေရာက ကွမ်းသီးလုံးလောက်ရှိတဲ့ အသားပိုတစ်ခုမှဲ့လိုဟာမျိုးပေါ့။ မွေးကတည်းက ပါလာတာ ဆရာရေ။

ကျွန်တော့် မိဘများ ကျွန်တော်ငယ်စဉ်က ဒီဗိုက်က ဒဏ်ရာဆိုရင် ပြည်တစိုစိုနဲ့ဖြစ်နေလို့ ညှစ်ပေးခဲ့ရတာ ခြောက်နှစ်သားအရွယ်လောက်မှ ပျောက်သွားတာလို့ ပြောဖူးတယ်'

စာရေးသူမှ...

'ဒါဆို အရင်ဘဝက မိဘတွေကို သွားမတွေ့ဘူးလား'

ဟု မေးရာ...

'စကား ပြောတတ်စကတည်းက

www.burmeseclassic.com

အရင်ဘဝအကြောင်း ပြောတာကို ခုနစ်နှစ်သားလောက်မှ မိဘဟောင်းတွေက ကြားလို့ထင်ပါတယ် လာခေါ်ကြပါတယ်။

အရင်ဘဝက နေခဲ့တဲ့ရွာနဲ့ အခုဘဝ လူဝင်စားတဲ့ရွာကလဲ သိပ်မဝေးပါဘူး။ ဒီဝမ်ရွာနဲ့ ဟိုးရှေ့က ဖင်းဘုံရွာလောက်ပါပဲ။(ခန့်မှန်းလေးမိုင်ခန့်) မိဘဟောင်းတွေအိမ်ရောက်တော့ မိခင်နဲ့ ညီတော်မောင်တွေပဲ ပြန်တွေ့ရတော့တယ်။ အဖေကတော့ ဆုံးသွားရှာပြီတဲ့။

ဒါနဲ့ သူတို့က အဝတ်အစား အသုံးအဆောင်ပစ္စည်းတွေ အကုန်ချပြပြီး ကျွန်တော် သုံးဆောင်ခဲ့တဲ့ဟာတွေကို ရွေးခိုင်းတော့ အကုန်မှန်အောင် ရွေးပြနိုင်တော့ လူပြန်ဝင်စားတယ် ဆိုတာ ကျေနပ်လက်ခံကြတယ်ပေါ့။

ဒါနဲ့ ကျွန်တော်က သူတို့ကို ပြန်မေးကြည့်လိုက်တယ်။ ကျွန်တော် အရင်ဘဝက တစ်ရွာနဲ့တစ်ရွာ အပို့လှည့်သွားတဲ့အခါမှာ အမြဲတမ်း ယူဆောင်သွားတတ်တဲ့ ငွေလက်ကိုင်ရိုးလေးနဲ့ ပြုလုပ်ထားတဲ့ အရိုးအသွား ခြောက်လက်မလောက်ရှိတဲ့ ဓားမြှောင်လေး ဘယ်နားမှာထားသလဲ တွေ့မိသလားမေးတော့ ဘယ်သူမှ မသိကြဘူးလေ။

ဒါနဲ့ကျွန်တော်လဲ "**ဟောဒီလှေကား အတက်က ကျွန်းတိုင်ဟောင်းကြီးကိုလှဲပြီး ရှာကြည့်ပါ**"လို့ ပြောလိုက်တော့မှ ညီတော်မောင်များက သံဖြတ်လွှလေးနဲ့ ဂရုတစိုက် ပြီးဖြတ်ကြည့်တော့ တွေ့ပါပြီဗျာ။ နှစ်ပေါင်းများစွာကြာတော့ သံနဲ့လုပ်ထားတဲ့ ဓားအသွားဟာ မိုးရေတွေနဲ့အတူ သံချေးစားပြီး ဘာမှမကျန်တော့ဘူး။ ငွေရိုးလက်ကိုင်လေးပဲ မပျက်မစီး ကျန်တော့တာ အကောင်းပကတိပဲ့ပါပဲ'

စာရေးသူမှ...

'အင်း... ကိုယ်တွေ့ကြုံခဲ့တဲ့သူ ပြောပြလို့သာပဲနော်။ လောကကြီးက သိပ်ဆန်းကြယ်တာပဲ။ ဒါကြောင့်လဲ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ သံသရာဆိုတာရှိတယ်။ ဘုံဘဝအမျိုးမျိုးကျင်လည် နေရတယ်လို့ ဘုရားရှင်ဟောခဲ့တာတွေဟာ အမှန်တရားတွေ ပါလားဆိုတဲ့ ယုံကြည်မှုကို သက်သေအနေ နဲ့ ထပ်ပြပေးလိုက်တဲ့ ဦးစောမောင်ကို အထူးကျေးဇူးတင်မိပါတယ်ဗျာ'

ဟု ဆိုလေရာ ဦးစောမောင်မှ...

'သိပ်မှန်တာပေါ့ ဆရာရယ်... ဒါကြောင့် ကျွန်တော်လဲ ဒီလို အသိတရားလေးရှိတဲ့လူ့ဘဝလေး ပြန်ရောက်တုန်း စိတ်ရင်းအကောင်းဆုံး ဖြစ်အောင် ပြုပြင်နေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားတာပါပဲ ဆရာရေ'

လုံ့နေသော မီးဖိုလည်း မီးငြိမ်းစပြုလေပြီ။

အချိန်ကား ည(၁၀း၀၀)နာရီခန့် ရောက်နေပြီဖြစ်ပြီး ကောင်းကင်ယံမှ ငွေလမင်းသည် ပို၍ ကြည်လင်ဝင်းပစွာ သာနေပေတော့၏။ တိတ်ဆိတ်အေးချမ်းစွာ စီးဆင်းနေသော ဧရာဝတီမြစ်ရေနှင့် ဆောင်းရာသီ မြောက်ပြန်လေတို့သည်လည်း ပို၍ သိပ်သည်းစွာ အေးမြလာပြီဖြစ်သောကြောင့် ဆင်အုပ်ကြီး ဦးစောမောင်အား နှုတ်ဆက်ရင်း တစ်ညတာ အိပ်စက်အနားယူရန် မိမိတည်းခိုရာ ဝဲမသစ်ဆိပ်ရှိ ဘိုတဲရိပ်သာသို့ ပြန်ခဲ့လေတော့၏။

***သတ္တဝါမှန်သမျှ သံသရာမြစ်အတွင်း အပြစ်ကင်းစွာ စီးဆင်းနိုင်ကြပါစေကုန်သတည်း...***

*တင်အောင်မိုး(သစ်အုပ်)*
ဗန်းမော်သစ်ထုတ်ရေး

☞ **သားသမီးဆိုးတွေကို ကျိုးနွံလိမ္မာယဉ်ကျေးလာအောင် ပြုပြင်ပေးမလား** ☜

◎ အရက်,ဘီယာ သောက်စားစွဲလမ်းနေသလား၊ ◎ မူးယစ်ဆေးဝါးသုံးစွဲနေသလား၊ ◎ အပေါင်းအဖော် အပျော်အပါးမက်နေသလား၊ ◎ ဖုန်း၊ အင်တာနက်၊ ဖေ့ဘွတ်၊ ဂိမ်း စွဲလမ်းအချိန်ဖြုန်းနေသလား၊ ◎ ပြန်မပြော နားမထောင် ထင်ရာစိုင်းနေသလား၊ ◎ အပြောအဆိုအပြုအမူတွေက မောက်မာရိုင်းစိုင်း၊ တစ်ဖွတ်ထိုးဖြစ်နေသလား၊ ◎ ဆရာ၊ မိဘ၊ လူကြီးတွေရဲ့ ဆုံးမစကားကို နားမထောင်ဘူးလား၊ ◎ ယတြာကျောက်မြတ်စေတီ၊ အဆောင်ကျောက်၊ အင်းပဝါ၊ အင်းပြား၊ အင်းပုတီးတို့ဖြင့် စီရင်ထားသော ယတြာအစီအရင်+အဟောလက်ဆောင်တို့ဖြင့် တာဝန်ယူပါရစေ။

# ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့)

[လက္ခဏာဗေဒင်ပညာသုတေသီ]

အမှတ်(၈၄၁)၊ ဦးဝိစာရလမ်း (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၀၉-၅၀ ၆၂၈၄၁၊ ၀၉-၅၁ ၇၇၆၂၂၊ ၀၉-၃၀၁ ၇၈၀၇၅၊
၀၉-၇၃၀ ၀၅၉၂၄၇ ၀၉-၂၅၂ ၃၀၆၆၇၅။

✌ ယုံကြည်အားကိုးမှုသာ လာခဲ့ပါ ✌

www.burmeseclassic.com

www.burmeseclassic.com

# နဝင်းရွှေပြာသတ္တု ရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

## နဝင်း

နှာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

## ရွှေပြာ

ရုပ်ဓာတ်(၉)ပါးတွင် နှာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

## သတ္တု

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာန ဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်ကာ ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့်ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

## ဥသျှာကိုယ်ငွေ့

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာ အားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(**HIV**)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသျှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

## ဆေးသုံးစွဲရန်

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။
ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။
(ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။
(ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း - သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၈၉၂၊ B.A, C.T.M.P)စစ် တိုင်းရင်းအထူးကုဆေးခန်း**

**၅၂၄(ဂ)၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့၊ ဖုန်း-၀၉ ၅၁၅၆၁၃၆၊ ၀၉ ၉၆၉၉၇၇၇၉**



www.burmeseclassic.com